၁၂၇၂ - ၁၃၇၂

မုံရွာမြို့၊ မဟာလယ်တီ

# စမ္ဗေသကာသီလရှင်စာသင်တိုက် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မဂ္ဂဇင်း



၂၉၄.၃၀
၂-၂
ပတ

မုံရွာမြို့

မဟာလယ်တီဓမ္မသကသီလရှင်စာသင်တိုက်

# နှစ်တစ်ရာပြည့်အထိမ်းအမှတ်

## မဂ္ဂဇင်း



သာသနာတော်နှစ် - ၂၅၅၄ ကောဇာသက္ကရာဇ် - ၁၃၇၂ ခုနှစ် ခရစ်နှစ် - ၂၀၁၁ ခုနှစ်

၁၀၀ နှစ်

မုံရွာမြို့ မဟာလယ်တီ ဓမ္မေသက သီလရှင်စာသင်တိုက်

# နှစ်တစ်ရာပြည့် အထိမ်းအမှတ် မဂ္ဂဇင်း

သာသနာတော်နှစ်-၂၅၅၄ ကောဇာသက္ကရာဇ်-၁၃၇၂ ခုနှစ် ခရစ်နှစ်-၂၀၁၁ ခုနှစ်

## မာတိကာ


- ဓမ္မေသက သီလရှင်စာသင်တိုက် နှစ်တစ်ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်း ဖြစ်မြောက်ရေး ကော်မတီများ
- ဘဒ္ဒန္တကဝိန္ဒသြဝါဒကထာ- ၃
- ဘဒ္ဒန္တကေလာသသြဝါဒကထာ- ၄
- ဂုဏ်တင့်တဲ့လယ်တီ (ကဗျာ)- ၆
- ထပ်တွန့်ရစ်ဆယ်ပေါ်တေးထပ်- ၇
- အမြတ်ဆုံးသောအရိပ်- ၈
- ရှာပုံတော်- ၉
- ရာပြည့်ဥဒါန်း (ကဗျာ)- ၁၀
- သုံးချက်ညီတေးထပ်- ၁၁
- ဓမ္မေသကရွှေအလှ- ၁၂
- မင်္ဂလာအခါတော်- ၁၃
- ဓမ္မေသကသီလရှင် စာသင်တိုက်သမိုင်းအကျဉ်း - - ၁၄
- ဒေါ်နန္ဒစာရီ အတ္ထုပ္ပတ္တိအကျဉ်း- ၂၅
- ဒေါ်သာရီ အတ္ထုပ္ပတ္တိအကျဉ်း- ၂၈
- ဒေါ်နန္ဒမာလာ အတ္ထုပ္ပတ္တိအကျဉ်း- ၃၀
- ဒေါ်သေီရိ အတ္ထုပ္ပတ္တိအကျဉ်း- ၃၁
- ဒေါ်ဓမ္မထေရီ အတ္ထုပ္ပတ္တိအကျဉ်း- ၃၃
- ဒေါ်တိက္ခဝတီ အတ္ထုပ္ပတ္တိအကျဉ်း- ၃၅
- ဒေါ်ဣန္ဒာစာရီ အတ္ထုပ္ပတ္တိအကျဉ်း- ၃၇
- ဒေါ်ထေရီ အတ္ထုပ္ပတ္တိအကျဉ်း- ၃၉
- ဒေါ်စန္ဒစာရီ အတ္ထုပ္ပတ္တိအကျဉ်း- ၄၀
- ဒေါ်ဣန္ဒစာရီ အတ္ထုပ္ပတ္တိအကျဉ်း- ၄၁
- ဒေါ်ဉာဏဝတီ အတ္ထုပ္ပတ္တိအကျဉ်း- ၄၂
- ဒေါ်စောရီ အတ္ထုပ္ပတ္တိအကျဉ်း- ၄၃




## ဆောင်းပါးများ


| | | |
|---|---|---|
| ဆားလင်းကြီးဌေးလွင် | ၄၄ | ဝံသရေပုဂ္ဂိုလ်များထွန်းကားပါစေ |
| ဦးဝိဇ္ဇောဒယ | ၄၇ | သာသနာ့အလယ်တင့်တယ်ပေစွဓမ္မေသက |
| ဦးနန္ဒဝံသ(ရွှေစည်) | ၅၄ | ဓမ္မအမွေကိုခံယူနေကြသူများ |
| ဦးကေသဝ | ၅၈ | ကြိုးစားကုန်လော-နိုးကြားကုန်လော |
| ဦးနန္ဒဝံသ(ဘောဂ) | ၆၀ | သီလရှင်ဆိုသည်မှာ |
| မုံရွာနေဇာ | ၆၆ | အမျိုးသမီးအခွင့်အရေးတောင်းဆိုသူ |
| ရွှေလီငါးတဲဆရာတော် | ၇၁ | ခေတ်သုံးခေတ် |
| အရှင်ဉာနော(ဗာရာဏသီ) | ၇၈ | ပြောင်းပြန်စီးသောမြစ် |
| ဦးဥဇ္ဇောတ | ၈၂ | နတ်တို့ကိုယုံကြည်ကိုးကွယ် |
| အရှင်ဣန္ဒာစရိယာလင်္ကာရ | ၈၆ | ပန်းစကား |
| အရှင်တိလောကာဘိဝံသ(အင်းစိန်) | ၉၀ | အသာဆုံးအလှ။ |
| အံ့မောင် | ၉၄ | အမျိုးသမီးအင်အား |

## ဆောင်းပါးများ


| | | |
|---|---|---|
| ဝဏ္ဏသီရိ | ၉၈ | မြင့်နိုင်သလောက်မြင့်ကြပါစေ |
| ဦးမာကျော် | ၁၀၄ | လယ်တီဓမ္မသက၏ အဘိဓမ္မာရောင်စဉ်တန်းများ |
| ဝင်းမောင်(သမိုင်း) | ၁၀၈ | ပုဂံခေတ်မှာ ဘိက္ခုနီရှိသလား |
| ဦးနီတွတ်(သမိုင်းပါမောက္ခ) | ၁၁၁ | ပုဂံသတင်သည် |
| အောင်နိုင်မောင်(မုံရွာ) | ၁၁၄ | သီလ သီလရှင်ဥပုသ်အမျိုးမျိုး |
| လယ်တီကျောင်းသား | ၁၁၉ | ပရိယတ် ပဋိပတ်စွယ်စုံတတ်မှမြတ်သည် |
| မုံရွာစန်းမောင် | ၁၂၆ | ဓမ္မသကတိုက်အစ ၁၂၇၂ ခုနှစ်က |
| အောင်သာစံ | ၁၂၉ | သစ်တုံးပမာ (၅)ခန္ဓာ |
| လယ်ဇင်ဟိန်းထက် | ၁၃၆ | သူလိုလူစားမိန်းမသား |
| ဟိန်းထက်(မုံရွာ) | ၁၄၀ | ကံလျှင်မူလပဓာန |
| မုံရွာဝင်းထိန် | ၁၄၃ | အထိမ်းအမှတ် |
| မောင်ကြည်သာ(မုံရွာ) | ၁၄၅ | ထူးချွန်ဆုရဓမ္မဒိန္နာ |
| ချင်းတွင်းစံ | ၁၅၂ | တက္ကိကပုစ္ဆာ-၁၀ ခု |
| လယ်တီအရှင်သီရိန္ဒ(မုံရွာ) | ၁၅၅ | ဓမ္မသက နှစ်(၁၀၀)ပြည့် (ရှစ်ဆယ်ပေါ်တေးထပ်) |
| မြင့်ဇော်(B.A) | ၁၅၆ | ထိရောက်သောသာသနာပြုနည်း |
| ခြိမ့်သဲ | ၁၅၉ | လက်နီးစုတ် မှင်ရည်စွန်းတော့ (ဝတ္ထု) |
| ဒေါ်သုမာလာ(စာချဆရာ) | ၁၆၅ | မွေ့လျော်ဖွယ်ရာ ဓမ္မသကတိုက်မဟာ |
| ညွန့်လှိုင်ချစ် | ၁၆၈ | ရွှေကြာမလှုပ် ၄က်အုပ်မပြန်တော့ပါ (ဝတ္ထု) |
| ကိုလွင်-ယောဂီ | ၁၇၂ | အရှင်မထုလ္လနန္ဒာ |
| ဒေါ်ပုဏ္ဏမိ | ၁၇၈ | အမျိုးသမီးများ၏သာသနာ့ကျက်သရေဆောင်ဌာနကြီး |
| ဒေါ်သေ့ဝတီ | ၁၈၄ | ထပ်သာထပ်စေမလပ်စေနဲ့ |
| သမီးကျော်ရင်(ပုပ္ပါး) | ၁၈၆ | သီလရှင်အစ ဓမ္မသက |
| ကိုသိန်းဇော် | ၁၉၀ | ဘိက္ခုနီသာသနာကောက်ကြောင်း |
| ဒေါ်မီရဉာဏီ(ရေစကြို) | ၁၉၃ | ရှင်ဘုရင်ပုဆိုး ပိုးလားချည်လားမေးစရာမလိုသကဲ့သို့ပင် |
| ဒေါ်မြင့်မြင့်သီ | ၁၉၉ | သဒ္ဓါရည်မျှော်ပါရမီတော်ဖြည့် ဝတ်စုံဒါနကုသလ |
| တပည့်အင်းသူ | ၂၀၃ | ကံအလွန်ကောင်းကြသူများ |
| စာစောင်ဖြစ်မြောက်ရေးအဖွဲ့ | ၂၁၀ | ပန်ကြားလွှာ |
| ဆရာနု | ၂၁၁ | အမေနု၏မှာချွေစကား |
| စာချဆရာ-ဓမ္မသက | ၂၁၃ | သံခိပ်သံတည်ညံ့ ဆရာငယ်တွေရဲ့စာကျက်သံ |
| မြဝေရက်မေ | ၂၁၈ | မေ့နိုင်အောင်ကြိုးစားမယ် |
| မသီရိမာလာ | ၂၂၂ | ဓမ္မသက၏တစ်နေ့တာလမ်းစဉ် |
| လယ်တီနွယ်(မအူပင်ရွာ-ရွှေဘို) | ၂၂၄ | အနန္တကျေးဇူးရှင်ကြီးများအားကျေးဇူးဆပ်ပါသည် |
| မောင်ထွန်းထွေး(ချောင်းဦး) | ၂၂၈ | ဓမ္မသကအမှတ်တရ |




၁၀၀ နှစ်

# နှစ်တစ်ရာပြည့် အထိမ်းအမှတ် မဂ္ဂဇင်း

## ဆောင်းပါးအဆက်


| | | |
|---|---|---|
| သေုဝတီ(မြတ်ချိန်ခွင်) | ၂၃၀ | အတုယူစေချင် ဇာတ်လမ်းဆင်(ဝတ္ထု) |
| ဒေါ်သီလစာရီ | ၂၅၁ | ညီညွတ်ဝေဖြာခွန့်ရှည်ကြာ |
| ကိုဦး-မုံရွာ | ၂၅၄ | လယ်တီဆရာတော်ဘုရားကြီး၏မွေးနေ့အထိမ်းအမှတ်ရာပြည့်ပွဲတော်နှင့် ဓမ္မသကသီလရှင်စာသင်တိုက် ရာပြည့်ပွဲတော် |
| | ၂၅၇ | မုံရွာမြို့မဟာလယ်တီဓမ္မသက သီလရှင်စာသင်တိုက် ရာပြည့်ပွဲတော် အထိမ်းအမှတ်မော်ကွန်းကျောက်စာ |


## ဟာသကဏ္ဍ




| | | |
|---|---|---|
| ဗိုလ်မြန်မာစာ | ၂၃၃ | တောအဖိတ်နေ့ |
| ဒေါ်ဉာဏဝတီ | ၂၃၅ | အင်္ကျီချွတ်ပြီးတိုက်ဆိုလို့ |
| ဒေါ်ဉာဏဝတီ | ၂၃၆ | မှိုတွေ့ထားလို့ပါတဲ့ |
| ဘချစ်ညွန့်ရှင် | ၂၃၇ | ဟောက်သံ |


## ကဗျာကဏ္ဍ




| | | |
|---|---|---|
| ရှင်ကုသလ | ၂၃၉ | ရာပြည့်မင်္ဂလာဓမ္မရတုပိုဒ်စုံ |
| လယ်တီဝဏ္ဏကျော်သူ | ၂၄၀ | အများရေးနီတိသံပေါက်ကြီး |
| ကြူရတနာ မောင်ယဉ်နွယ် | ၂၄၁ | နွေရယ်မိုးဆောင်းဘယ်လိုပင်ပြောင်းသော်လည်း |
| ဆောင်းဦးဥဩ(ကသာမြေ) | ၂၄၂ | နှစ်တစ်ရာမှသည် ထောင်သောင်းချီ |
| လူမွန်ပခုက္ကူ | ၂၄၃ | ဘိက္ခုတစ်ညီ ဘိက္ခုနီ |
| မဟူရာစောလွင် | ၂၄၄ | ဓမ္မသက ရာပြည့်သဘင် |
| မောင်ယဉ်ကျေး-မုံရွာ | ၂၄၅ | ခန္ဓာလမ်း |
| လင်းချစ်(တင်းတိမ်ရံ) | ၂၄၆ | ကိလေနယ်အလွန် |
| လယ်တီစပ်စု | ၂၄၇ | ကမ္ဘာ့ရှန်တွေကြေစို့လား |
| မောင်ပီတိ-မုံရွာ | ၂၄၈ | ဥမ္မတ္တကလူသားများ |
| ဒေါ်ယုသိင်္ဂီ | ၂၄၉ | မိခင်ရင်ခွင်ပုံရိပ် |
| အံ့မောင် | ၂၅၀ | ဒါနဆန်များရှင် |



| | |
|---|---|
| ကွန်ပျူတာစာစီ | ဦးနန္ဒိသေန နှင့် လယ်တီရောင်ခြည် ကွန်ပျူတာအဖွဲ့ |
| မျက်နှာဖုံးဒီဇိုင်း | ဒီဇိုင်းအောင်ကြီး၊ ပန်းချီဖေခင်ဦး၊ ဓါတ်ပုံ မျိုးဝင်းထွန်း |
| စာအုပ်အပြင်အဆင် | ဂရပ်ဖစ်နေဝင်းအောင်၊ အေးအေးမြင့်၊ အောင်မျိုးထွန်း |
| ပန်းချီ | ဦးအောင်ဆွေ၊ ဦးကျော်ငွေ၊ ဦးမောင်မောင်စန်း ဦးခင်မောင်ညို၊ ဦးရဲမြင့်၊ ဦးဖေခင်ဦး၊ ဦးအောင်ပလ |
| ဖလင် | စတား |
| ပုံနှိပ်သူ | ကိုတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်၊ ၅၁ လမ်း၊ရန်ကုန် |
| ထုတ်ဝေသည့်ကာလ | ဖေဖော်ဝါရီလ၊ ၂၀၁၁ ခုနှစ် |
| တန်ဖိုး | ဓမ္မဒါန |





ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
(၁၂၀၈-၁၂၈၅)



## အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ

သာသနဓဇ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ

## ဘဒ္ဒန္တ ကောလာသ

နဝမ ပဓာန နာယက ဆရာတော်

မဟာလယ်တီတိုက် ၊ မုံရွာမြို့။



လယ်တီအရှင်ဂမ္ဘီရဗုဒ္ဓိ

ကမ္မဋ္ဌာနာစရိယ



တိုက်တည်ဆရာကြီး ဒေါ်သာရီ နှင့် ဆရာကြီးဒေါ်နန္ဒစာရီ (ခ) ကြီးကြီး



ဒေါ်နန္ဒစာရီ (ခ) ကြီးကြီး
မူလတိုက်တည်ဆရာကြီး



ဒေါ်သာရီ

ပူလတိုက်တည်ဆရာကြီး



ဒေါ်နန္ဒမာလာ

ဒုတိယတိုက်အုပ်ဆရာကြီး



ဒေါ်သေီရိ
တတိယတိုက်အုပ်ဆရာကြီး



ဒေါ်ဓမ္မထေရီ
ယခုလက်ရှိပဓာန နာယကဆရာကြီး



ဒေါ်တိက္ခဝတီ
ယခုလက်ရှိတိုက်အုပ်ဆရာကြီး



မသီရိမှာလာ

အလတ်တန်း(တိုင်းပထမဆုရှင်) ၁၃၆၅ ခု



မသဉ္ဇာရီ

အလတ်တန်း(တိုင်းပထမဆုရှင်) ၁၃၆၇ ခု



ဦးသိုက်
ဇေတဝန ကျောင်းဆရာကြီး



ဒေါ်ကြွေ

ဇောတိက ကျောင်းဒါယိကာမကြီး



ဇောတိကကျောင်း(တစ်ထပ်)



ဇောတိကမိသားစု



မဟာဇောတိက ဘုရားကျောင်း ၁၃၆၉ ခုနှစ်တွင် လှူဒါန်းသည်။



မဟာဇောတိက ဘုရားတိုက်ကျောင်း
ကျောင်းဒါယကာ ဦးမောင်မောင်ဦး + ကျောင်းဒါယိကာမ ဒေါက်တာဒေါ်ကြည်ကြည်မာ



မမွေ့သကစာသင်တိုက် နာယကဆရာကြီးများနှင့် ဆရာလေးများ



ဘုရားဝတ်ပြုနေပုံ







ဝါဆိုပန်းကပ်သွားပုံ



တိုက်တွင်း စာဖြေနေပုံ



ဓမ္မသကစာသင်တိုက် နာယကဆရာကြီး ၂ပါးနှင့် စာချဆရာများ - ဓမ္မာစရိယဆရာလေးများ



ပဋ္ဌာန်းပူဇော်ပွဲနှင့် ဝတ်စုံလှူဒါန်းပွဲ



ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးသာအေး + ဇနီး ဒေါ်ဝေဝေခိုင်
“ အေးရိပ်ဝေ” မိသားစုမှ နှစ်တစ်ရာပြည့်ပွဲအတွက် ဝတ္ထုငွေကျပ် သုံးသိန်းနှင့် လှူဖွယ်များ လှူဒါန်းနေစဉ်



ပရိယတ္တိပူဇာအဖြစ် အလှူငွေ ကျပ်တစ်သိန်းကို ဒေါ်ခင်လှ (ရှမ်းအိုးစည်တိုက်)က လှူဒါန်းနေစဉ်



ဒေါ်ခင်သန်းနှင်း ရုံးကြီးရပ် မုံရွာမြို့ ပရိယတ္တိပူဇာ အလှူငွေ ကျပ်သုံးသိန်းလှူဒါန်းနေစဉ်



ဓမ္မာစရိယ နှစ်ကျမ်းအောင် ဆရာလေးမကောသာစာရီအား ဒေါက်တာကြည်ကြည်မာက စာအောင်ဆုချီးမြှင့်နေစဉ်



ဒေါ်ငွေးကြည် နှင့် ဒေါ်ရွှေမြတို့က ဓမ္မာစရိယတစ်ကျမ်းအောင် ဆရာလေး မကုမ္မာရီအား ဆုချီးမြှင့်နေစဉ်



ခမ္မွသက သီလရှင် စာသင်တိုက်သို့ ပရိယတ္တိပူဇာအဖြစ် အလှူငွေကျပ်လေးသိန်း (၄၀၀၀၀၀)ကို
ဦးမောင်မောင်ဦး + ဒေါက်တာဒေါ်ကြည်ကြည်မာ အေးမြချမ်းသာ ဆေးကုခန်း - မိသားစုတို့ကလှူဒါန်းနေစဉ်



ဒေါက်တာ ဦးအောင်မင်း + ဒေါက်တာခင်စုမာ (မီးယပ်နှင့် သားဖွားအထူးကု)
ပရိယတ္တိပူဇာ အလှူငွေ (၅) သိန်းကျပ် လှူဒါန်းနေစဉ်



မမွေ့သက ရာပြည့်အကြို သံဃာတော်များ
စည်းဝေးနေစဉ်



ရာပြည့်အကြိုစည်းဝေးပွဲ တက်ရောက်သော
ဒါယကာကြီးများ



# မမွေ့သကာသီလရှင်စာသင်တိုက် နှစ်တစ်ရာပြည့် အထိမ်းအမှတ်မဂ္ဂဇင်း

**၁။ ဩဝါဒါစရိယ ဆရာတော်ကြီးများ-**

(၁) နဝမလယ်တီ ဆရာတော်ဘဒ္ဒန္တ ကေလာသ (အဂ္ဂမဟာပဏ္ဍိတ)

(၂) ဘဒ္ဒန္တ လက္ခဏ၊ သာသနဝေပုလ္လကျောင်း၊ မဟာလယ်တီ

(၃) ဘဒ္ဒန္တ သုမန၊ ပိဋကကျောင်း၊ မဟာလယ်တီ

(၄) ဘဒ္ဒန္တ ဣန္ဒဝံသ၊ နိဗ္ဗာနဒီပနီကျောင်း (စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်)

(၅) ဘဒ္ဒန္တ ကေသဝ၊ တက်နေရောင်ကျောင်း (ဗဟိုဝန်ဆောင်ဆရာတော်)၊ မဟာလယ်တီ

(၆) ဘဒ္ဒန္တ နန္ဒဝံသ၊ ရတနာရွှေစည်ကျောင်း (မြို့နယ်သံဃနာယကအဖွဲ့ဝင်)၊ မဟာလယ်တီ

(၇) ဘဒ္ဒန္တ ဂမ္ဘီရဗုဒ္ဓိ

**၂။ စာတည်းနာယက ဆရာတော်ကြီးများ**

(၁) ဘဒ္ဒန္တ ဣန္ဒဝံသ၊ နိဗ္ဗာနဒီပနီကျောင်း

(၂) ဘဒ္ဒန္တ ကေသဝ၊ တက်နေရောင်ကျောင်း၊ မဟာလယ်တီ

(၃) ဘဒ္ဒန္တ နန္ဒဝံသ၊ ရတနာရွှေစည်ကျောင်း၊ မဟာလယ်တီ

(၄) ဘဒ္ဒန္တသုမန၊ ပိဋကကျောင်း၊ မဟာလယ်တီ

(၅) ဘဒ္ဒန္တ ဂမ္ဘီရဗုဒ္ဓိ

**၃။ စာတည်းအဖွဲ့**

(၁) ဦးမာကျော် (မောင်မာကျော်-လယ်တီ)

(၂) ဦးသာဌေး - (အောင်သာစံ)

(၃) ဦးမောင်မောင်ဦး (ကိုဦး - မုံရွာ)

(၄) ဦးဖေသန်း (နေမင်းသန်း)

(၅) ဦးညွှန့်လှိုင်ချစ် (ညွှန့်လှိုင်ချစ်-ဘုတလင်)

**၄။ ပန်းချီဆရာများ**

၁။ ဦးအောင်ဆွေ

၂။ ဦးကျော်ဌေး

၃။ ဦးမောင်မောင်စန်း

၄။ ဦးခင်မောင်ညို

၅။ ဦးရဲမြင့်

၆။ ဦးဖေခင်ဦး

၇။ ဦးအောင်ဗလ

# ဝမ္မေ့သကသီလရှင်စာသင်တိုက် နှစ်တစ်ရာပြည့် အထိမ်းအမှတ်မဂ္ဂဇင်း

## မဂ္ဂဇင်း ဖြစ်မြောက်ရေး ကော်မတီများ

| | | |
|---|---|---|
| (၁) | ဦးမာကျော် | (မောင်မာကျော်-လယ်တီ) |
| (၂) | ဦးသာဌေး | (အောင်သာစံ) |
| (၃) | ဦးထွန်းရှိ | (မနုထွန်း) |
| (၄) | ဦးအေးဖေ | (အေးဖေအေး) |
| (၅) | ဦးမောင်မောင်ဦး | (ကိုဦး-မုံရွာ) |
| (၆) | ဦးဖေသန်း | (နေမင်းသန်း) |
| (၇) | ဦးညွန့်လှိုင်ချစ် | (ညွန့်လှိုင်ချစ်-ဘုတလင်) |
| (၈) | ဦးဝင်းမောင် | (ဝင်းမောင်-သမိုင်း) |
| (၉) | ဦးစန်းမောင် | (မုံရွာ စန်းမောင်) |
| (၁၀) | ဦးဘဆောင် | (လယ်တီ) |
| (၁၁) | ဦးဇော်ဝင်း | (လယ်တီ) |
| (၁၂) | ဦးခင်မောင်ညို | (ဖေသိန်းဦး) |
| (၁၃) | ဦးမောင်မောင်စန်း | (အောင်နိုင်မောင်) |
| (၁၄) | ဦးရဲမြင့် | (ပန်းချီရဲမြင့်) |
| (၁၅) | ဦးမျိုးဝင်းထွန်း | (မျိုးဝင်းထွန်း) |
| (၁၆) | ဦးမျိုးခိုင် | (ရုံးကြီး) |
| (၁၇) | ဦးဟိန်းထက် | (ဟိန်းထက်) |
| (၁၈) | ဒေါ်မြင့်မြင့်သီ | (ပါမောက္ခ-ပထဝီဝင်) |
| (၁၉) | ဒေါ်သောင်းသောင်းဝင်း | (ပြန်/ဆက်-ငြိမ်း) |
| (၂၀) | ဒေါ်ခင်နွဲ့ရီ | (ပညာရေးကောလိပ်၊ မုံရွာ) |

## မုံရွာမြို့ မဟာဇေတိကာရာမတိုက်
## ဦးစီးပဓာန နာယကဆရာတော်ဘုရားကြီး
## ဘဒ္ဒန္တကဝိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ကြီး၏

# ဩဝါဒကထာ

ဘုန်းကြီးတို့ရဲ့ ကိုးကွယ်အားထားရာ ဖြစ်တော်မူတဲ့ ရှင်တော်မြတ်ဘုရားဟာ ဤလောကကြီးထဲမှာ ဗာလရယ်၊ ပဏ္ဍိတ-ရယ်လို့ ပုဂ္ဂိုလ်နှစ်မျိုး နှစ်စားသာရှိကြောင်း ဟောကြားတော်မူထားပါတယ်။ အဲ့ဒီနှစ်မျိုးထဲက ဗာလ ဆိုတဲ့ပုဂ္ဂိုလ်မျိုးဟာ လောကကြီးကို ဘယ်တော့မှ ကောင်းကျိုးမပြုပါဘူး၊ ဆိုးကျိုးပဲပေးနေပါတယ်။

ပဏ္ဍိတ-ဆိုတဲ့ပုဂ္ဂိုလ်မျိုးကသာ လောကကြီးကို ကောင်းကျိုးပြုနိုင်ပါတယ်။ လောကကြီးထဲမှာ ပဏ္ဍိတပုဂ္ဂိုလ်တွေ များလေလေ လောကကြီး ချမ်းသာလေလေ ဖြစ်မှာ သေချာပါတယ်။ ဒီနေရာမှာ ပဏ္ဍိတ-ဆိုတဲ့ စကားလုံးနဲ့ ပတ်သက်ပြီး ဘုန်းကြီးပြောပြပါ့မယ်။ ဘုရားရှင်က ပဏ္ဍိတနှင့် ပတ်သက်ပြီး-

ဒိဋ္ဌေ ဓမ္မေစ ယောအတ္ထော၊ ယော စတ္ထော သမ္ပရာယိကော။ အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ-ဟု ဟောတော်မူထားပါတယ်။ ဒိဋ္ဌေ ဓမ္မေ= ယခုမျက်မှောက်ဘဝ၌။ အနုဘဝိတဗ္ဗော= ခံစားအပ်သော။ ယောအတ္ထောစ=အကြင်အကျိုးသည်လည်းကောင်း။ သမ္ပရာယိကော= နောင်တမလွန်ဘဝ၌။ အနုဘဝိတဗ္ဗော= ခံစားအပ်သော။ ယောအတ္ထောစ= အကြင်အကျိုးတရားသည်လည်းကောင်း၊ အတ္ထိ= ရှိပါပေ၏။ ဥဘော= နှစ်ပါးကုန်သော။ တေအတ္ထေ= ထိုအကျိုးတရားနှစ်ပါးတို့ကို။ အဓိဂစ္ဆာတိ= ပိုင်ပိုင်နိုင်နိုင်ရယူနိုင်၏။ အတ္ထာဘိသမယာ= အကျိုးနှစ်ပါးကို ပိုင်ပိုင်နိုင်နိုင်ရယူနိုင်သောကြောင့်။ ဓီရော= ပညာရှိသောပုဂ္ဂိုလ်ကို။ ပဏ္ဍိတောတိ= ပဏ္ဍိတဟူ၍။ ဝုစ္စတိ= ဆိုအပ်ပါပေ၏။

အဓိပ္ပါယ်က ဒီလောကကြီးထဲမှာ ယခုမျက်မှောက်ဘဝ အကျိုး, နောင်တမလွန်ဘဝအကျိုး ဆိုပြီးကောင်းကျိုး တရားဟာ နှစ်မျိုး နှစ်စားရှိပါတယ်တဲ့၊ အဲ့ဒီတော့ ဒီအကျိုးနှစ်မျိုးစလုံးကို ပိုင်ပိုင်နိုင်နိုင် မလွတ်တမ်း ရယူနိုင်တဲ့ ပုဂ္ဂိုလ်မျိုးဆိုရင် ဒါဟာ" ပဏ္ဍိတ"=ပညာရှိပါပဲတဲ့။

ဒီကောင်းကျိုး နှစ်မျိုးကို ရယူနိုင်တယ်-ဆိုတာကိုလဲသာမည လွယ်လွယ်ကူကူလေးနဲ့တော့ ဘယ်နည်းနဲ့မျှ မရယူနိုင်ပါ။ ကုသိုလ် အကုသိုလ်တရားများကို ခွဲခွဲခြားခြားသိရှိပြီး၊ အကုသိုလ်ဒုစရိုက်တရားများကို ရှောင်ရှားကာ ကုသိုလ်သုစရိုက်တရားများကိုသာ ရွေးချယ်စိစစ်ပြီး ပြုလုပ်နေထိုင်မှသာ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော ကောင်းကျိုးတရားများကို ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။

မုံရွာမြို့ မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက်ကြီးကို စတင်တည်ထောင်သွားတဲ့ သီလရှင်ဆရာကြီးများမှအစ ယခုလက်ရှိ သီလရှင်ဆရာကြီး, ဆရာလေးများအထိ အားလုံးဟာ ဘုရားရှင် ဟောကြားတော်မူတဲ့ ဒိဋ္ဌဓမ္မိကကောင်းကျိုး, သမ္ပရာယိက ကောင်းကျိုးတရားတို့ကို လက်ဝယ်ပိုင်ပိုင် ရရှိခံစားနိုင်ရန်အတွက် သာသနာ့ဘောင်မှာ ဝင်ရောက်ပြီး သာသနာတော်ရဲ့ အခြေခံရေသောက်မြစ်ဖြစ်တဲ့ ပရိယတ္တိသာသနာတော်ကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ကြိုးစားအားထုတ်နေတာကို ဘုန်းကြီးတို့အနေနဲ့ လက်တွေ့ကျကျ မြင်တွေ့နေရသည့်အတွက်ကြောင့် ဝမ်းသာမဆုံးဖြစ်မိပါတယ်။

မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီးကို နှစ်ပေါင်းများစွာ တည်ရှိနိုင်ရန်အတွက် ဆက်လက်၍ ကြိုးစားအားထုတ် ဆောင်ရွက်သွားနိုင်ကြပါစေ-လို့ ဆန္ဒပြုရင်း ဘုန်းကြီးရဲ့ ဩဝါဒကထာကို ဒီမှာတင်ပဲ နိဂုံးချုပ်လိုက်ပါတယ်။

# မုံရွာမြို့ မဟာလယ်တီတိုက်
# နဝမ ပဓာနနာယကဆရာတော်ဘုရားကြီး
# ဘဒ္ဒန္တကေလာသ(အဂ္ဂမဟာပဏ္ဍိတ)မဟာထေရ်မြတ်ကြီး၏
# ဩဝါဒကထာ

## အပ္ပမာဒ - ဩဝါဒကထာ

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ။

ဘိက္ခဝေ = သံသရာဝဋ်ဘေးကျွတ်လွတ်ရေးကို မျှော်တွေးကြပြားအိုချစ်သားချစ်သမီးများတို့၊ တုမှေ = သင်ချစ်သား ချစ်သမီးများတို့သည်၊ အပ္ပမာဒေန = လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာပြား မမေ့ မလျော့သော အပ္ပမာဒတရားနှင့်၊ သမ္ပာဒေထ = နေ့ရောညဉ့်ပါ ဘယ်ခါမလတ် မပြတ်မကွေ ပြီးစေပြည့်စုံစေကြ ကုန်လော့။

## အနှစ်တစ်ရာဆီ ပြည့်စုံညီ

ကျေးဇူးတော်ရှင် ပဌမလယ်တီဆရာတော်ဘုရားကြီးသည် မဟာလယ်တီတိုက်တာ အာရာမ်ကြီးကို တည်ထောင်ခဲ့သည်ကား ၁၂၄၈ - ခုနှစ်ကဖြစ်၍ အနှစ်တစ်ရာပင်ကျော်ခဲ့ပေပြီ။ ဒုတိယလယ်တီဆရာတော် ဘုရားကြီးမှ အမျိုးသမီးသူတော်စင်တို့ ကွန်းခိုရာဌာန ဓမ္မသကသီလရှင်တိုက်တာတည်ထောင်ရန် ခွင့်ပြုခဲ့သည်ကား ၁၂၇၂ - ခုနှစ်ဖြစ်ပေရကား အနှစ်တစ်ရာအတွင်းသို့ ချဉ်းကပ်ရောက်ရှိ လာခဲ့ပေသည်၊ တပည့် သီလရှင် ဆရာလေးတို့သည် မိမိတို့သီတင်းသုံးနေထိုင်ရာ ဓမ္မသကသီလရှင်တိုက်၏ ရာပြည့်ပွဲဆင်နွှဲရန် ရည်ရွယ်ချက်ရှိခဲ့ကြ ဆောင်ရွက်ခဲ့ကြသည်၊ ဆရာတော်အားလည်းဩဝါဒကထာ တစ်စောင်တစ်ဖွဲ့ရေးသားပေးပါရန် လာရောက် တောင်းပန်ကြလေသည်။

## ပစ္ဆိမယံဆီ လေးနာရီ

ညဉ့်၏ပစ္ဆိမယံဖြစ်သော လေးနာရီအချိန်သို့ ကျရောက်လေတိုင်း ဓမ္မသကသီလရှင်တိုက်မှ ကြေးစည်သံကို နေ့စဉ်နေ့တိုင်းဆရာတော်ကြားခဲ့ရပေသည်၊ ခြော် လင်းအရုဏ်ရောက်မည့်အချိန်တိုင်း သီလရှင်များဘုရားဝတ်ပြုကြသည်၊ ရေချမ်းကပ်. ပန်းကပ်. ဆွမ်းတော်ကပ်ခြင်းများ ပြုကြကာ ပရိတ်တော်ရွတ်ပွားပူဇော်ခြင်း၊ ဗုဒ္ဓါနုဿတိ. အာနာပါနဿတိ. ဘာဝနာတရားပွားများ ဆင်ခြင်ခြင်းများကြသည်ကို စိတ်တွင်မျှော်မှန်းကာ သိရှိရပေသည်။ ဤသို့ ကုသိုလ်တရားကို ပွားများမှုသာလျှင် သာသနာ့နွယ်ဝင် သူတော်စင်အမည်နှင့် လိုက်ဖက်လျော်ကန်ကြပေမည်၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ပွားတိုးစည်ပင်ကြပေမည်။

## သူတော်စင်ဓာတ် ဆည်းကပ်ခိုရာ

ဤဓမ္မသကသီလရှင်တိုက်သည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကပင် စတင်၍ ကျေးဇူးရှင် ဒုတိယ လယ်တီဆရာတော်ဘုရားကြီး၏ခြေတော်ရင်းဝပ်စင်းခိုလှုံကာ ဒေါ်နန္ဒစာရီ(ခ)ဒေါ်မမကြီးသည်ပရိယတ်.ပဋိပတ်ဓမ္မတို့ဖြင့် နေထိုင်ခဲ့ပေရာ၊ ဒုတိယ ဒေါ်နန္ဒမာလာ(ခ)ဒေါ်နေသည်လည်းကောင်း၊ တတိယ ဒေါ်ဓမ္မသီရိ(ခ)ဒေါ်ကြည်သည် လည်းကောင်း၊ စတုတ္ထ ဒေါ်ဓမ္မထေရီ၊ ဒေါ်တိက္ခဝတီ တို့ကား ပရိယတ်.ပဋိပတ် နှစ်ရပ်သောလမ်းစဉ်ဖြင့် ပျော်ရွှင်စွာ နေခဲ့ကြပေသည်။ ထို့ကြောင့်ပင် ရှင်တော်ဗုဒ္ဓက - - -

သဗ္ဗိရေဝ သမာသေထ၊
သဗ္ဗိကု ဗ္ဗေထ သန္တ ဝံ။
သတံ သဒ္ဓမ္မ မညာယ၊
သေယျော ဟောတိ န ပါပိယော ။

ဟု သံယုတ္တပါဠိတော်၌ဟောတော်မူခဲ့ပေသည်။

သဗ္ဗိရေဝ = သဗ္ဗိဧဝ = သူတော်စင်ဓာတ်၊ ကိန်းဝပ် ခိုအောင်း သူတော်ကောင်းတို့နှင့်သာလျှင်၊ သမာသေထ = မိတ်ကောင်းဆွေကောင်း သူတော်ကောင်းဟု နှစ်ထောင်းရည်မျှော် ပေါင်းဖော်မှီဝဲရာ၏၊ သဗ္ဗိ = သူတော်စင်ဓာတ် ကိန်းဝပ်ခိုအောင်း သူတော်ကောင်းတို့နှင့်၊ သန္တ ဝံ = မိတ်ကောင်းဆွေကောင်း သူတော်ကောင်းဟု နှစ်ထောင်းရည်မျှော် ပေါင်းဖော် မှီဝဲခြင်းကို၊ ကုဗ္ဗေထ = ကိုယ်နှုတ် စိတ်ပါ သုံးဖြာ ဖြောင့်စင်း ပေါင်းဖော်ခြင်းကို အားတင်းမှန်စွာ ပြုလုပ်ရာ၏၊ သတံ - သန္တာနံ = နလုံးပျော့ပျောင်း သူတော်ကောင်းတို့၏၊ သဒ္ဓမ္မံ = သိက္ခာသုံးပါး သူတော်ကောင်းတရားကို၊ အညာယ = သမ္မာဇဉ်ညို - ဉာဏ်ဖြင့် သိ၍၊ သေယျော = သူတော်စင်ဓာတ် ခိုမှီကပ်၍ မြင့်မြတ်လှပါပေ၏၊ ပါပိယော = ဇမ္ဗူတစ်လွှားလူအများတို့ ရှောင်ရှားဆုတ်ခွါ အထူးသဖြင့်ယုတ်မာသည်၊ န ဟောတိ = လူ့ဗာလစစ် လူအညစ်တို့ မဖြစ်တော့သည်သာတည်း။

သူတော်ကောင်းနှင့်ပေါင်းဖက်မှီဝဲလျှင် သူတော်စင်ဓာတ်ကိန်းဝပ်မှီဝဲပြီး သူတော်ကောင်းပဲဖြစ်ကာ ယုတ်ညံ့ သော လူဗာလစစ် လူနံ့, လူအ မဖြစ်တော့ပြီ၊ လူမြတ်သာလျှင်ဖြစ်ရမည်ဟု ရှင်တော်ဗုဒ္ဓဟောညွှန်ပြခဲ့သောကြောင့် နှစ်တစ်ရာပွဲဆင်နွှဲကြသော တပည့်သီလရှင်တို့လည်း ငယ်ရွယ်သူတို့က မိမိထက် အသက်သိက္ခာကြီးရင့်သူ ပညာရှင်တို့အား လေးလေးစားစား ကြည်ကြည်ညိုညိုနှင့် မှီခိုဆည်းကပ်ကြပါ၊ အသက်သိက္ခာ ကြီးရင့်သော ဆရာကြီးများကလည်း မိမိအောက် ငယ်ရွယ်သူတို့အား သနားချစ်ခင် ကြင်ကြင်နာနာနှင့် စောင့်ရှောက်ကာ နေကြပါလျှင် ဤဓမ္မေသက တိုက်တာကြီးသည် နောက်အနှစ်တစ်ရာမက စည်ပင်သာယာစွာနှင့် တည်နေရပေမည်။

သို့ဖြစ်၍ ကြီးသူရိုသေ ငယ်သူကြင်နာ ချစ်ခင်စွာဖြင့် ကုသိုလ်ဓမ္မ နေ့ညမကွာ နေထိုင်နိုင်ကြစေရန် "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ဟူသော ဗုဒ္ဓဝစနကို အစချီ၍ အပ္ပမာဒဩဝါဒကထာပေးမှုကို နိဂုံးချုပ်လိုက်ပါ သည်။



ဘဒ္ဒန္တကေလာသ
(အဂ္ဂမဟာပဏ္ဍိတ)
နဝမ ပဓာန နာယကဆရာတော်
မဟာလယ်တီတိုက်၊ မုံရွာမြို့။

မုံရွာမြို့ မဟာလယ်တီ ဓမ္မေသကာသီလရှင်စာသင်တိုက် နှစ်ထစ်ရပြည့် အထိမ်းအမှတ်မဂ္ဂဇင်း



# ဂုဏ်တင့်တဲ့ လယ်တီ

လယ်တီပဏ္ဍိတ

ညာသပြေ ဒီပါမြတ်တွင်ဖြင့်
ထေရ်မဟာ ဘုရာ့တိုက်တာ
ဤဌာန ရိုက်ရာကို
မကိုဋ်ပါဆိုခွင့်။
လူနှင့်နတ်ညွတ်ရိုးယှဉ်တယ်
ထွပ်ဆုံးပင် ပြောကြားသင့်။
ပရိယတ် ပန်းကြာရုံ
ကျမ်းစာစုံ ပွင့်။
ဂန္ထာရုံ ဆိုင်တင့်လို့
ဂုဏ်တင့်တဲ့ လယ်တီတော်။

ဇေဝမဏ္ဍိုင် ထာဝရပါပဲ
သာသနာ့ ဖူးညွှန့်ဌာနီ။
ပဋိပတ် ဝတ်လွှာစီတယ်
ထွက်သာကီ သခင်ဖုန်းရယ်လို့
အစဉ်သုံး ကိန်းမွေ့ကာစံ
ငြိမ်းလေ့ရှာကြုံ
လယ်တီတိုက် ဘုန်းကံသန့်ကို
ဟုဖက်ရန် ရှိဘူးဖျာ့လေး။

လယ်တီပဏ္ဍိတ

၁၃၃၅–ခုနှစ်၊ နတ်တော်လဆန်း–၁၃–ရက်၊
ကျေးဇူးရှင် ပထမလယ်တီဆရာတော်ဘုရားကြီး၏
၆၃–ကြိမ်မြောက် မွေးနေ့အထိမ်းအမှတ် ပွဲတော်ကြီးတွင် ချီးကျူးရေးသားအပ်သော

## **ထပ်တူနှံ့ ရှစ်ဆယ်ပေါ် တေးထပ်**

● ဟေမဝါ ဗွေဝနာ တေဇာကြွ၊ ကေသရာတမျှ ကဝိမြတ်မဟာ၊
ဒေသနာဓမ္မ ပိဋကအလာ၊ ဝိပဿနာ ဘာဝနာတရား၊
များအပေါင်း ဒကာ ဒကာမ မမှား မစောင်းစရာပ. တရားကောင်းသဘာဝ၊
ရုပ်နာမ်ဓမ္မာကို၊ ထုတ်ပြန်ခါခါ ဟောမြွက်ပါလို့ကြား။ ။

● ကျမ်းဂန်ပိဋကတ် စွမ်းဉာဏ်ပရိယတ် နန်းဌာန်သိအမှတ် တိုင်းဇမ္ဗူဒီဝယ်၊
နှိုင်းတုမမီ လျှံ့ဂုဏ်ကြွား၊ ရိုင်းမှုတလီ မာန်ဟုန်မထားချင်လို့၊
ရန်သူပုန်များ ကိလေသာ၊ သတ်ဖြတ်ချွေကာ သွေးခွါရှင်းဘို့၊
ဟေမဝါတွင်း ပျော်ခင်းကေစာ။

● မြောင်စမ်းရေမပြတ် ချောင်ဇုမ်းခွေပတ်. တောင်တန်းတွေထပ်၊
ကမ္ဘားတိုက်ဝနာမှာ၊ ကျားကိုက်ခါသာ ပြောင်တွေနင်းစေတော့၊
ရှောင်သွေမကွင်း စိတ်ကသာကြည်၊ နိက္ခမပါရမီ၊
ညှိပွေရှုတ်လှ. ကိလေယုတ်စွ. တိချွေဖြုတ်ချ ဇောစိတ်ကြည်သည်၊
တောရိပ်အလီလီ မြောင်စမ်းခိုခဲ့သလေး။

■ သံသရာတွင်းဝဋ်. မာန်တဏှာကွင်းညွှတ်. ခန္ဓာကင်းလွတ် ဖိုလ်မဂ်ရှာသည်၊
ကိုယ်အသက်မညှာပြီ ချောင်ဝှမ်းခိုခဲ့သလေး ။ ။

■ ရွှယ်ရည်စေတနာ့. နယ်ပြည်ခေမ. လယ်တီထေရ အရှရှာသည်၊
သမဏဇာနည် တောင်တန်းခိုခဲ့သလေး ။ ။

-------*------

ဘဒ္ဒန္တကေလာသ
(အဂ္ဂမဟာပဏ္ဍိတ)
နဝမပဓာန နာယကဆရာတော်
မဟာလယ်တီတိုက်၊ မုံရွာမြို့။



# အမြတ်ဆုံးသော အရိပ်

* ရွက်လည်းစိပ်စိပ်၊ သစ်ပင်ရိပ်တွင်
ချွေးသိပ်ခိုရ၊ တစ်ခဏ၌
အေးမြလွန်းလှ၊ ပန်းဖြေရ။

* မေတ္တာယှိဖိတ်၊ မိဘရိပ်တွင်
မှေးမှိတ်ခိုရ၊ ငယ်ဘဝ၌
အေးမြလွန်းလှ၊ ချမ်းမြေ့ရ။

* ဗုဒ္ဓ, ဓမ္မ၊ သံဃာ့အရိပ်
အေးစိတ်ခိုရ၊ နှစ်ကာလ၌
အေးမြလွန်းလှ၊ ချမ်းသာရ။
မြူမှုံသောက၊ မရှိကြ။
ဒုက္ခဟူမျှ၊ ကင်းစင်ပ။
သီလရှင်ဘဝ၊ ထာဝရ။
လောကအမြတ်ဆုံးပါတကား။ ။

(နှစ်တစ်ရာပြည့် ဓမ္မသာကသီလရှင်စာသင်တိုက်ကြီးသို့ ဂုဏ်ပြုလျက်)

နေမင်းသန့်

# ရှာပုံတော်




ယရာဝါသ၊ လူ့ကိစ္စကို
အနိစ္စသိမြင်၊ ရှောင်ပုန်းကြဉ်၍
အစဉ်အေးရာ၊ လွတ်လမ်းရှာခဲ့။

တဏှာရာဂ၊ စိတ်လိုကျကို
ဒုက္ခသိမြင်၊ ရွံမုန်းကြဉ်၍
ဖြူစင်သန့်ရာ၊ လိုက်ဖွေရှာခဲ့။

အတ္တမာန၊ စိတ်ဆန္ဒကို
အနတ္တသိမြင်၊ စွန့်ပယ်ကြဉ်၍
အစဉ်အေးရာ၊ တွေ့အောင်ရှာခဲ့။

သဒ္ဓါစာဂ၊ ကျင့်သီလဖြင့်
အနိစ္စဒုက္ခ အနတ္တဟုဖြစ်ပျက်ရှု၍
သမုဒယ ခွာ၊ သုခရှာရင်း
ကောသာဆံမြ ရိတ်ပယ်ချလျက်
ဘဝတာစ်ဆစ်၊ ဖြူစင်သစ်ဖို့
မည်းညစ်မှုခြွေ၊ တောက်ပစေသည့်
ဓမ္မေသက၊ ဓမ္မတံခွန်
မြတ်ရိပ်မွန်အောက် ခိုဝင်ရောက်မှ
လွတ်မြောက်လမ်းစ တွေ့တကား။ ။

ဒေါ်သိန်းဦး(မုံရွာ)



# ရာပြည့် ဥဒါန်း

ဦးပြည်းစိမ်းမှောင်
ပန်းနုရောင်လှိုင်း
တံတိုင်းစိတ်ကိုခတ်သူလော။

မဂ္ဂင်အမှန်
ဉာဏ်ရောင်အလင်း
အမှောင်ခွင်းတိုင်း
အဝိဇ္ဇာအပိုင်းပိုင်း
အရိုင်းစိတ်ကို ဖြတ်သူလော။

အို ဓမ္မသက မြေမြတ်မဟာ
နှစ်ပရိစ္ဆေဒ ရာမျှအကြာ
ပရိယတ်အစစ်
ပဋိပတ်အနှစ်နဲ့
မြတ်စွာချစ်သည့်သမီးကောင်းအမွန်
တံခွန်အရှင်မ
မည်မျှမည်ရွေ့
ပါရမီပြည့်ကာ
ရတနာအမွေကို သိုသိုသိမ်းသိမ်း
အငြိမ်းဆောင်သွားကြသည်လော
ဆောင်သူများခဲ့ပါပြီလော
ဆောင်သူများကြပါစေသော(ဝ်)။ ။

မာယာ

## မုံရွာမြို့၊ မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက် တိုက်တည်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုပူဇာ



# သုံးချက်ညီ တေးထပ်

* လောကခံ ကြည်မမွေ့နိုင်ဘု
သည်ယနေ့ ထွက်ခွာ
ဤအတွေ့ ရတက်ဖြာသည်
ရက်မကြာ မြန်းလှချင်ပေါ့။
နိဗ္ဗာန်မြို့ နန်းပြည်တော်ကို
မှန်းရည်မျှော် လှမ်းစို့အသော့။

* သင်္ခါရ ဖြစ်ပျက်တွေမှာ
ရစ်ယှက်ပွေ ပြန်ကာကြော့။
သစ်နက်ရေ ဖန်ဝါပျော့နှင့်
မြန်မကြာပေါ့ ကူးမယ်လို့ရွယ်။
သီလရှင် အသွင်တင့်ပါလို့
ဆံပင်ဖြင့် ပယ်လိုက်တော့မယ်။

* ဆွတ်လှမ်းလို့ ကျွတ်တမ်းကိုရည်တယ်
ဝတ်ပန်းထည် အဆင်သစ်နဲ့
ကြင်ချစ်တဲ့ အဖော်လည်းမပါ
ရိပ်ကြီးခိုတော့မှာ။

* ရှုမှတ်ဖို့ ဝိပဿနာရယ်
သိမှတ်ကာ အမြတ်ဆုံးပါကွဲ့လေး။

* ထေရီမြတ်တို့ ထုံးတန္တိကို
ကုံးပန်သီ ဆင်မြန်းပါစို့လေး။

* အရတော်ခိုက် လူ့ဘဝအခါမီမှာ
ပြုသမျှပါရမီ ဖြည့်စွမ်းနိုင်ဖျော့လေး။

ကျော်သက်ခိုင်(မုံရွာ)

# ဓမ္မသာက ရွှေအလှ

■ ဗုဒ္ဓမြတ်စွာ၊ သာသနာတည့်
ရောင်ဝါမညှိုး၊ ခေါင်ဖြာစိုးလျက်
အကျိုးဆက်လျှင် တိုးတက်လွင်ကာ
မေတ္တာပင်မ၊ သွင်အလှနှင့်
ထွတ်ခေါင်ရွှေဘုန်း နေတစ်နှုန်း။

■ လယ်တီမဟာ၊ ကြွယ်ညီလာတည့်
မြတ်စွာဗုဒ္ဓ အဆုံးအမနှင့်
သာသနာ့ဝန်၊ နှစ်ဆသွန်ကာ
ကောင်ရိမွန်မနွမ်း ကျောပွန်ထမ်း၍
ပန်းငွေ့ပမာ၊ ချမ်းမြေ့သာသည်
ပညာတည့်ဟိုက် မမှိန်။

■ ဓမ္မသာက၊ ရွှေအလှတည့်
နေ့လပမာ၊ ဝေစွ"ကြာ"သို့
ရာကျော်သဘင်၊ ခါတော်ဝင်၍
စုံလင်ဘာဝ၊ ဂုဏ်တင်သလျက်
အလှယှက်ဖြာ၊ မြဲထက်သာသည်
ဆရာထေရ်တည့် ရွှေတပည့်။

■ မြတ်ပန်းရဂုံ၊ တတ်ကျွမ်းစုံသည့်
ဂုဏ်တည့်ဓမ္မ၊ ထုံပြည့်ဝလျက်
ထာဝရရှင်သန်၊ ဉာဏ်မြင်မှန်နှင့်
ဆက်ခံအမွေ၊ ထက်သန်ချေသည့်
ဓမ္မသာက၊ ရွှေအလှမို့
ဘဝမြင့်ကြွယ်၊ မြဆင့်ခြယ်လျက်
ယှက်သွယ်နှစ်ပေါင်း
ရာထောင်သောင်းလျှင်
ကောင်းချီးသခါ၊ မင်္ဂလာနှင့်
စဉ်လာမညှိုး ပညာတိုးအောင်
အကျိုးဆောင်နှင်း
ပျိုးထောင်ခြင်းဖြင့်
သန့်ရှင်းထပ်ခါ အဖြာဖြာ
များမြောင်သော်အလှ ရှည်စေသော်။
မှဲ့သင်းမြတ်စွာသာသနာ
ငါးထောင်ကျော်မကတည်စေသော်။ ။

မောင်သီတာ

# မင်္ဂလာအခါတော်

- နေဦးဆိုလည်း
  ရွှေ့ကိုတိုးမြ
  ဆွဲထားမရ
  အာဂခရီးသည်
  ပန်းတိုင်ဆီသို့
  မျှော်ရည်မှန်းလျက်
  မပျက်လှုပ်ရှား
  မနားမနေ. . . ယခုတိုင်လေ။

- တချက်ချက်နှင့်
  စက္ကန့်မလပ်
  အမှတ်သတိ
  တရားပြည့်ပေ
  "ဓမ္မေသက"
  နာမပွင့်ဆန်း
  သက်တမ်းရာချီ
  မြတ်လယ်တီမှ
  အောင်စည်အောင်မောင်း
  တီးခတ်ညောင်း၍
  သောင်းသောင်းဖြဖြ
  ကျင်းပဝံ့ချီး
  ပွဲကြီးဆင်ယင်
  ကမ္ဗည်းတင်သည်
  မင်္ဂလာကျက်သရေ. . .
  တက်ဖြိုးဝေ. . .။



အောင်နွယ်ဦး(မုံရွာ)

# ဓမ္မေသကသီလရှင်စာသင်တိုက်

## သမိုင်းအကျဉ်း၏ ခြေလှမ်းကဲ့များ

လယ်တီ အရှင်ဂမ္ဘီရဗုဒ္ဓိ





မုံရွာမြို့ မဟာလယ်တီ ဓမ္မေသက သီလရှင် စာသင်တိုက်ကြီး၏ သက်တမ်းမှာ ယနေ့ ၁၃၇၂-ခု၊ တပို့တွဲလတွင် နှစ်-၁၀၀-ပြည့်၍ ရာပြည့်ပွဲသဘင်ကို ဆင်နွဲနိုင်ခဲ့ပေပြီ။ ကျေးဇူးတော်ရှင် ပထမ လယ်တီဆရာတော်ဘုရား ကြီး၏ ဩဝါဒဖြင့် မုံရွာမြို့နယ် သီလရှင်တိုက် အပေါင်းတို့၏ ရှေးဦးအစပထမ အာဒိကမ္မိက တည်ထောင်ခဲ့သော အမျိုးသမီးထု၏ သာသနာ့ နယ်မြေဖြစ်သည်။ သီလရှင်ဆရာကြီး၊ ဆရာလေး ပေါင်း(၁၂၀)ကျော်တို့ စာချ,စာသင် ပရိယတ်, ပဋိပတ် စွယ်စုံကြိုးစား အားထုတ်လျက်ရှိကြသည်။

(၁) မသုံးရာဇဝင်၊ မတင်ကောဇာ၊ ထိုမြို့ရွာ၊ မြို့ဟုမဆိုရ။

(၂) ဖွားသက္ကရာဇ်ချုပ်၊ လုပ်မထားပါ၊ လူတို့မှာလည်း၊ လူရာမသွင်းကြ။

(၃) ဇရပ်တန်ဆောင်း၊ ဂူကျောင်း ဘုရား၊ စသည်များကို၊ တည်ထားကောဇာ၊ ထိုအခါလည်း၊ သေချာမှတ်အပ်စွ။

(၄) ကုသိုလ်ကောင်းမှု၊ အစုစုလည်း၊ တစ်ခုမကျန် မှတ်သင့်စွ။

(၅) သက်ကြီးစကား၊ သက်ငယ်ကြား၊ မှတ်သားမြဲသင့်လှ - ဟူ၍

သုတသန္တိစ္စယကျမ်းဆရာက နောင်လူများအတွက် အထူးမှာတမ်းပြုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းမှတ်တမ်းမရှိ ကင်းမဲ့ချို့တဲ့လေက အဘက်ဘက်မှ ဂုဏ်ညိုးနွမ်း၍ အရာရာ အချည်းနှီးဖြစ်တတ်သော သဘာဝကြောင့်ဟု ဆိုထားသည်။

သုတသန္တိစ္စယကျမ်းဆရာ မည်သို့ပင် အထူးပြု၍ မိန့်ဆိုခဲ့ပါသော်လည်း သူ့ကျွန်ဘဝ ရောက်ပြီး

စစ်ဘေးစန္ဒဒဏ်နှင့် မီးလောင်ခြင်း စသော သဘာဝဘေးဒဏ်တို့ကြား ပြာပုံဘဝမှ တစ်ကြိမ်မက ပြန်လည်ထူထောင်ရေး လုပ်ရင်း ရုန်းကန်ရပ်တည်ခဲ့ရသော မေဓာဝီသီလရှင်စာသင်တိုက်၏ သမိုင်းမှတ်တမ်းများကား ကောက်သင်းကောက်၍ ဘယဆေးစု စုခဲ့ရသည့်တိုင် အတိအကျမရနိုင်တော့ပေ။ အထူးသဖြင့် ဟိုတစ်ခေတ်က သီလရှင်များ၊ အမျိုးသမီးများသည် ရှိသမျှလေးနှင့် ရောင့်ရဲတင်းတိမ် ဖြစ်သလိုလေး မွေးမြူ စားသောက်၊ ကုသိုလ်စိတ် ကဇလေးနှင့် အေးချမ်း သက်သာအောင် နေလာကြသည့် အလေ့အထကြောင့် သမိုင်းလမ်းကြောင်းများ မှေးမှိန်ခဲ့ရသည်။

နှစ်ပေါင်းရာချီကြာခဲ့ပြီဖြစ်၍ တိုက်တည်ထောင်စက သိမီလိုက်သူများမှာလည်း မရှိရှာကြတော့ပြီ။ ရသလောက်၊ သိသလောက် မှတ်တမ်းမှတ်ရာမှတ်စုများကို ရှေးနောက်ဆက်စပ် ချင့်ချိန်၍ တာဝန်ကျေပွန်အောင် ထမ်းဆောင်လိုက် ရပေသည်။ ထို့ကြောင့် ခေါင်းစဉ်ကိုပင် "သမိုင်းအကျဉ်း၏ ခြေလှမ်းကဲ့များ"ဟု တပ်ထားသည်ကို နားလည်ခွင့်လွှတ်နိုင်မည်ဟု ယုံကြည်မိပါသည်။ အထူးသဖြင့် ဤမျှ နိဒါန်းချီနေသည်မှာ နောက်ပိုင်းပုဂ္ဂိုလ်များ သင်ခန်းစာယူပြီး "လောကလည်း မဖျင်း၊ ဓမ္မလည်း မယွင်းစေရန်" သတိပြုစေလို၍ အသိပေးနေခြင်း ဖြစ်ပါသည်။

မည်သို့ဖြစ်စေ ယနေ့ တိုက်အုပ်ဆရာကြီးများ၊ ဝန်ဆောင်နာယကဆရာကြီးများ၏ မလျှော့သော ဇွဲ၊ ခိုင်မြဲသောလုံ့လ၊ ခေတ်မီစူးရှသော ပညာဉာဏ်တို့ကြောင့် ရာပြည့်ပွဲကြီး ဆင်နွှဲချိန် တိုင်အောင် တည်တည်တံ့တံ့ ခံ့ခံ့ထည်ထည် သက်ဝင်လှုပ်ရှား၊ စွမ်းပကား ကြီးမားစွာဖြင့် သာသနာ ပြုလျက် ရှိနေကြပါသည်။ နိုင်ငံကျော် ပထမငယ်တန်း ပထမဆုရ ဆရာလေးများ၊ ဓမ္မာစရိယတန်းတွင် အမှတ်အများဆုံးဖြင့် အောင်မြင်သော အဂ္ဂမဟာကျော်ဘွဲ့၊ သာသနဓဇ ဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူ၊ ဒီဃနိကာယ ဝိဒူဘွဲ့ရ ထူးချွန်သောဆရာလေးများ သီတင်းသုံးနေ ထိုင်လျက်ရှိကြသည်။ တစ်ကျမ်းစွဲ, နှစ်ကျမ်းစွဲ အပါအဝင် ဓမ္မာစရိယတန်း၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုတန်း အသီးသီး ပညာသင်ကြား ဆည်းပူးလျက် ရှိကြပါသည်။

ဤမျှစွမ်းပကား ကြီးမားစွာဖြင့် အောင်အောင်မြင်မြင် သာသနာပြုနေနိုင်ခြင်း၏ အကြောင်းရင်းကို ရှာဖွေကြည့်သော်-

"မုဟုံ မောဒကဝိက္ကေတာ ဝသန္တိ ဧတ္ထာတိ မုံရွာ" ဟူသော ဝိဂ္ဂြိုဟ်အရ -

ဧတ္ထ ဧတသ္မိံ ပဒေသေ=ဤအရပ်၌၊ မုဟုံ နိစ္စံ=အမြဲ၊ မောဒကဝိက္ကေတာ = မုန့်သည်တို့သည်၊ ဝသန္တိ=နေထိုင်ကြကုန်၏၊ က္ကတိတသ္မာ=ထိုသို့ မုန့်သည်တို့နေထိုင်ရာ ဖြစ်သောကြောင့်၊ သောပဒေသော= ထိုရပ်သည်၊ မုံရွာ=မုံရွာ မည်၏ဟု သဒ္ဒါဆရာတို့ မိန့်ဆိုထားသည်က တစ်မျိုး။

မုနယော ရမန္တိ ဧတ္ထာတိ မုံရွာ။ ။ဧတ္ထ နဂရေ= ဤမြို့၌၊ မုနယော= ရဟန်းသူတော်စင်တို့သည်၊ ရမန္တိ= မွေ့လျော်ကြကုန်၏၊ က္ကတိ တသ္မာ=ထိုသို့ ရဟန်းသူတော်စင်တို့ မွေ့လျော်ရာ ဖြစ်သောကြောင့်၊ မုံရွာ=မုံရွာမည်၏-ဟု ဗျုပ္ပတ်နိမိတ် မိန့်ဆိုသည်က တစ်ဖုံ။ ဤသို့သော ဂုဏ်ဟိတ်ယှဉ်သော လှေကူးခေါ် မုံရွာမြို့သည် ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီး (၁၂၀၈-၁၂၈၅)၊ သေကျွတောင် ဦးတိလောက (၁၂၃၃-၁၂၉၉)၊ မိုးညှင်း ဆရာတော် ဦးသုမန (၁၂၃၄-၁၃၂၆)၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး (၁၂၄၀-၁၃၀၁)၊ လယ်တီ ဦးကောဝိဒ (၁၂၆၉-၁၃၀၈)စသော ပုဂ္ဂိုလ်ထူးသူတော်ကောင်းကြီးများ ထွန်းကား ပျော်ပိုက်ရာ ဒေသဖြစ်၍ အလှတွင် အယဉ်ဆင့်သကဲ့သို့ အလွန်ပင် တင့်တယ်အေးချမ်းလှပေသည်။

"သဒ္ဒါမသင်၊ စာမမြင်ဘဲ၊ သုံးအင် ပိဋကတ်၊ သင်တုံလတ်က၊ ပုဒ်ပါဌ်ထွေထွေ၊ ယုံမှားလေ၍၊ တောခြေဆင်ကန်း၊ တရမ်းရမ်း နှင့်၊ လမ်းမှန်မသိ၊ တိုးလေ၏"ဟုဆိုသကဲ့သို့ သဒ္ဒါကျမ်းကိုမပိုင်နိုင်က ပါဠိတော်ကျမ်းဂန်ကို မလှမ်းနိုင်ပါ။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးက သဒ္ဒါကျမ်းကို တစ်ဟုန်ထိုးတတ်ကျွမ်းအောင် နာမ်, အာချာတ်, ဥပသာရ,

နိပါတ် ဟူသော ပုဒ်ကြီး ၄-ပုဒ်ကို ဆင်ချွန်းအုပ်သို့ နိုင်နင်းစေရန် "လယ်တီစာသင်နည်း"ကို တီထွင် ပို့ချ ပေးခဲ့သည်။ အမြော်အမြင်စူးရှမှုဖြင့် ပိုးစား ကျမ်းအိပ် ဖြစ်နေသော ရူပသိဒ္ဓိကျမ်းစာကို စနစ်တကျ သင်ပြ ပေးခဲ့သည်။



ထို့ကြောင့် မုံရွာမြို့သည် သဒ္ဒါကျမ်း ဘက်တွင် အလွန်နာမည်ကျော်ပြီး ပိဋကတ်ကျွမ်း ကျင်သော စာပေပညာရှင်များ အများအပြား ပေါ် ထွန်းခဲ့သည်။ "သဒ္ဒါဘက်မုံရွာ၊ အနက်မှာ ပခုက္ကူ၊ ညဝါမူတောင်မြို့၊ မန်းမြို့ကား နည်းစုံတယ်"ဟု ပရိယတ်နယ်ပယ်တွင် ပြောစမှတ်ပြုခဲ့ကြသည်။ ထို့ကြောင့် သဒ္ဒါဝတ်ရည် ဘာရတီကို ခိုမှီသောက်သုံး လိုသော စာသင်သားများ မုံရွာမြို့သို့တဖွဲဖွဲ ရောက်ရှိ လာကြသည်။

မုံရွာမြို့နယ် နဘဲသာရွာဇာတိ ညီမဖြစ်သူ ဆရာလေး ဒေါ်သာရီနှင့်အတူ ဒေါ်နန္ဒစာရီ (ခ) ဒေါ်မမကြီးသည် လယ်တီဆရာတော် ဘုရားကြီး၏ မေတ္တာရိပ်အောက်၌ စာပေသင်ယူရင်း ဩဝါဒ ခံယူ မှတ်သားလိုသောဆန္ဒ ဖြစ်ပေါ်နေသည်။ ဒေါ်နန္ဒ စာရီ နှင့် ဒေါ်သာရီတို့သည် စစ်ကိုင်းတောင်ရိုး သစ်ဆိမ့်ချောင် ဆရာကြီး မယ်ဝဏ္ဏ၏ တပည့်များ ဖြစ်ကြသည်။ "သီလရှင်အစ မယ်ကင်းက"ဟုပြောရ လောက်အောင် ကုန်းဘောင်နှောင်းခေတ် စစ်ကိုင်း မင်း,သာယာဝတီမင်း, ပုဂံမင်း, မင်းတုန်းမင်း တိုင် အောင် စာပေတတ်ကျွမ်း ကျော်ကြားခဲ့သော သီလရှင် မယ်ကင်း (ခ) မယ်ခေမာ (၁၇၇၆-၁၂၄၄)၊ တွင် စာတတ်ပေတတ် တပည့်များစွာ ကျန်ရစ်သည်။

မယ်ကင်း၏တပည့်များထဲတွင် မြတောင် တိုက်တည်ဆရာတော်ကြီး၏ တူမအရင်းဖြစ်သော စစ်ကိုင်းသစ်ဆိမ့်ချောင်တိုက် ဆရာကြီး မယ်ဝဏ္ဏ (၁၂၁၅-၁၂၇၇)လည်း တစ်ပါး အပါအဝင်ဖြစ်သည်။ ၁၂၄၇-ခု မန္တလေး နန်းတွင်းထဲသို့ ဂေါ်ရခါးတပ်များ လက်နက်ကိုယ်စီ ကိုင်ဆောင်ပြီး စောင့်ကြပ်နေသည့် ကြားမှ မယ်ဝဏ္ဏသည် နန်းစဉ်ရုပ်ပွား တစ်တောင် ထွာခန့်ကို ခေါင်းပေါ်ရွက်၍ ရဲရဲရင့်ရင့် ပင့်ဆောင် ထွက်ခဲ့သည်။ ကုလားတပ်များ လက်နက်ကြီးတွေ ကိုင်ပြီး တုတ်တုတ်မျှမလှုပ်ရဲဘဲ ငေးကြည့်နေခဲ့ရ သည်။ မိမိတို့ဗုဒ္ဓရုပ်ပွားတော်ကို မိစ္ဆာဒိဋ္ဌိတို့ အဖျက် အဆီးမပြုနိုင်အောင် သဒ္ဓါထက်သန်စွာ ပင့်ဆောင် ခဲ့၍ နောင်တွင် "သဒ္ဓါတွင် မယ်ဝဏ္ဏ" ဟု ကင်ပွန်း တပ် ခေါ်ဝေါ်ကြသည်။ ရှေးခေတ်က ဂုဏ်မြင့်သော သီလရှင်ကြီးများကို နာမည်ရှေ့၌ "မယ်"တပ်၍ ခေါ်ဝေါ်ဂုဏ်ပြုကြသည်။

ဒေါ်နန္ဒစာရီနှင့်ဒေါ်သာရီတို့ ညီအစ်မသည် ၁၂၇၂-ခုနှစ်တွင် စာသင်တိုက် တည်ထောင်ရန် မုံရွာမြို့ မဟာလယ်တီတိုက်သို့ ရောက်ရှိလာခဲ့ ကြသည်။ လယ်တီဆရာတော်ကြီး၏ ဩဝါဒဖြင့် ဒုတိယဆရာတော်ဖြစ်မည့် ဦးဉာဏောဘာသမထေရ် မှ မြေနေရာ သတ်မှတ်ခွင့်ပြုခဲ့သည်။ မဟာလယ်တီ တိုက်ကြီး၏ အနောက်မြောက်ဒေါင့်၊ မီးရထား သံလမ်း အရှေ့ဘက်တွင် ဓမ္မသာက သီလရှင် စာသင် တိုက်ဟု နောက်ပါတပည့် အနည်းငယ် နှင့် စတင် တည်ထောင်ခဲ့သည်။

ဆရာလေးဒေါ်သာရီမှာ စာပေထက်မြက်၊ စိတ်ဓာတ်ထက်သန်၊ ရဲရင့် သွက်လက်၍ ဦးဆောင် စီမံပြီး ဓမ္မသာကတိုက်ကို ညီအစ်မနှစ်ပါး စိတ်တူ ကိုယ်တူ အုပ်ချုပ်ကြသည်။ လယ်တီအင်းနှင့် နီးစပ်၍ မြေအလွန်ပေါပြီး ရံခါ ကျားများ, ကျားသစ်များပင် တွေ့ရတတ်သည်။ အန္တရာယ် လုံခြုံရေးအတွက် ဝင်းထရံမကာနိုင်ဘဲ တန်ဆောင်း ပြာသာဒ်၊ ထနောင်းပင်၊ နန်းလုံးကြိုင်၊ ကြက်လျှာချုံ၊ ကင်ပွန်းချုံ၊ နဘူးချုံများကို စည်းရိုးအဖြစ် စိုက်ပျိုး ကာရံထား ရသည်။

တိုက်တွင်းမှာလည်း သာယာလှပ အရိပ်ရ

အောင် စားပင်, ပန်းပင်များ စနစ်တကျ စိုက်ပျိုးပြုစုရသည်။ သုံးရေအတွက် ရေတွင်းကြီး ၂-တွင်းတူးထားပြီး သောက်ရေမှာ ရေစက်ဝင်းသို့ သွားခပ်သည်။ မီးမှာလည်း ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်ကို သာ အသုံးပြုရသည်။ ဆွမ်းဆန် ရပ်သွား ၍ ငွေတစ်မတ် ရလျှင် တစ်နေ့တာစားလောက်သော ခေတ်မျိုးမှာပင် အလွန်ကြိုးစား ထူထောင်ခဲ့ရသည်။

မြေစမ်းခရမ်းပျိုးစအချိန်တွင် အစား ဆင်းရဲ, အနေဆင်းရဲ, အဝတ်ဆင်းရဲ, ရေ, မီးဒုက္ခ, မြွေကင်း အန္တရာယ်စသည်တို့ကို အလုံး အရင်းနှင့် တွေ့ကြုံနေရသော် "တရားမြင်သိ၊ ပညာရှိနှင့်၊ ကြုံဘိကြိုက်တွေ့၊ တစ်နေ့တစ်ရက်၊ တစ်နံနက်မျှ၊ ပေါင်းဖက်ရက၊ ဒေါသမစွန်း၊ ကျေးဇူးထွန်း၏" ဆိုသကဲ့သို့ လယ်တီဆရာ တော်ဘုရားကြီး၏ ဘုန်းရိပ် ကံရိပ် မေတ္တာရိပ်အောက်ဝယ် စာပေသင်ကြားရင်း, သာသနာ့ အရသာကိုခံစားရင်း မွေ့လျော်ပျော်ပိုက် နေကြသည်။

အဝတ်အစားများကို ဆေးဆိုးရန်အတွက် နိုင်ငံခြားဆေးများရှိနေသော်လည်း တပ်မက်မှုတဏှာမဖြစ်စေရန် မသုံးစေဘဲ မြေနီ, မြေဝါခဲများကိုသာ မှုန့်ညက်အောင်ပြုပြင်ရောစပ် ဆေးဆိုးပြီး ညစ်ညစ်ပုတ်ပုတ် အရောင်ကိုသာ ဝတ်ရုံရသည်၊ ကျောင်း, ဇရပ်, အဆောက်အအုံများကိုလည်း ဈေးဟောင်း ဦးလူနီ+ဒေါ်လေးကြီးတို့မှ အုတ်တိုက်လေး တစ်လုံးကို ဆရာလေး ဒေါ်သာရီအတွက် ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။

ဦးသိုက်+ဒေါ်ကြွေ၊ ညီမဒေါ်မေ၊ သားဦးဘထူး+ဒေါ်ခင်အေး၊ သမီးဒေါ်မြတင်၊ ဒေါ်ခင်သန်း(ဇောတိကမိသားစု) ဦးကြီးသဲ+ ဒေါ်ခန့်ကြီး၊ သမီးဒေါ်တင်တင်၊ ဒေါ်တွေးတွေး မိသားစုတို့က အဦးဆုံးကျောင်းများ ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။

ဆရာလေးဒေါ်သာရီနှင့် နှောကူးတို့ ဒေါ်ဒေါ်ဝိတို့က စာပေများကိုနိုင်နိုင်နင်းနင်း ဖိဖိ စီးစီး သင်ကြားပို့ချပေသည်။ ဒေါ်နန္ဒစာရီက စာသင်ပျိုနုသီလရှင်ကလေးများကို အခြေခံစာများ ပို့ချပေးရင်း သာသနာ့စိတ် ရင့်သန်အောင် ဆုံးမထိန်းကျောင်းပေးသည်။ ပန်းသတင်း လေညှင်းဆောင်သကဲ့သို့ ဓမ္မသကတိုက်၏ သတင်းမှာလည်း အမျိုးသမီးပျိုလေးတို့၏ နှလုံးသားဝယ် မွှေးပျံ့သင်းကြိုင်နေကာ သဒ္ဓါထက်သန်သော အမျိုးသမီးငယ်လေးများ တဖွဲဖွဲ သီလရှင်ဝတ်လာကြသည်။ သက်ကြီးရွယ်အိုများ၊ တောထွက်များနှင့် သားသေ, လင်ဆုံး၊ ကုန်ရှုံးကြွေးတင်၊ လိုအင်မရ၍ သီလရှင် ဘဝသို့ ကူးပြောင်းချင်သူများကို လုံးဝလက်မခံပေ။

ဟုမ္မလင်း၊ မောင်းခမ်း၊ ဖောင်းပြင်၊ ကလေးဝ၊ မင်းကင်း၊ ကနီ၊ ရွှေဘို၊ ရေဦး၊ ပုလဲ၊ ယင်းမာပင်၊ ယောနယ်၊ ရေစကြို၊ ချောင်းဦး၊ အရာတော်၊ ပုပ္ပား၊ ကျောက်ပန်းတောင်း၊ တောင် ကြီး၊ မြောင်းမြမြို့မှ ငယ်ဖြူသီလရှင်လေးများကို လက်ခံ သီလရှင် ဝတ်ပေးသည်။ သီလရှင်ဆရာလေးများ ၉၀-၉၀ကျော် အထိများပြားလာသော အခါ "လူမှာစည်းကမ်း၊ ရဟန်းဝိနည်း၊ ရွာကြီး စည်းရိုး၊ မင်းမျိုးဥပဒေ" ဆိုသည့်အတိုင်း စည်းကမ်းတိုးချဲ့ မှတ်တမ်းပေးရသည်။

၁။ သီတင်းသုံးဖော်အချင်းချင်း တစ်ဦးကို တစ်ဦး ဆရာ,တပည့်တော်, ဘုရားစ သည်ဖြင့် ရိုသေစွာပြောဆိုဆက်ဆံရမည်။

၂။ အပြောကြမ်း, အခေါ်ကြမ်း, အသွားကြမ်း, အရယ်ကြမ်း, အစားကြမ်း, နှုတ်ကြမ်း စသည်တို့ကို ပယ်ရှားရမည်။

၃။ သီလရှင်နှင့်မသင့်လျော်သော လူတို့၏ အမူအရာများကို အတုလိုက်၍ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြရမည်။

၄။ အများဝိုင်းဖွဲ့၍ အကျိုးမရှိသော စကားများပြောဆိုခြင်း, ဆေးလိပ်သောက်ခြင်း မှ ရှောင်ကြဉ်ကြရမည်။

၅။ ဈေးသည်များတိုက်ထဲသို့ခေါ်၍ ဝယ်ခြမ်းစားသောက်ခြင်းမှ ရှောင်ကြဉ်ကြရမည်

၆။ တစ်ဦးနှင့်တစ်ဦး လူသိရှင်ကြား ခိုက်ရန်ဒေါသဖြစ်လျှင် နှစ်ဦးလုံး တိုက်တာမှ အပထွက်သွားကြရမည်။

၇။ အသက်ကြီးသူ, ဝါကြီးသူများကို မရိုမသေ မခံ့လေးစားပြုခြင်းမှ ရှောင်ကြဉ်ကြရမည်။

၈။ တစ်နေ့လျှင် ၂-ကြိမ်မှန်မှန် နေ့စဉ် ဘုရားဝတ်တက်လိုက်ကြရမည်။

၉။ ဘုရားကျောင်းသို့ရောက်သောအခါ စကားကျယ်လောင်စွာပြောဆိုခြင်း၊ အချင်းချင်း တိုးဝှေ့၍ ဆင်းခြင်း, တက်ခြင်းမှ ရှောင်ကြဉ် ကြရမည်။

၁၀။ စတုရာရက္ခ ကမ္မဋ္ဌာန်းမှ တစ်ခုခုကို နေ့စဉ် ပွားများကြရမည်။

မုံရွာမြို့ ရှမ်းတောရပ်မှ ဆရာနှင်း (ခ) ဒေါ်ဓမ္မစာရီနှင့် ဈေးဟောင်းရပ်မှ မအေးတင် (ခ) ဒေါ်သီလစာရီတို့ သီလရှင်ဝတ်လာကြသည်။ လူချမ်းသာများဖြစ်၍ ဆရာလေးဒေါ်သာရီကို ကြည်ညိုကာ တစ်လ(၁ဝိ)လှူဒါန်းကြသည်။ ဥစ္စာပေါ, ရုပ်ချော ဉာဏ်ထက်မြက်၍ စာတော်ကြသည်။ နောင်တွင် စာချလာသောအခါ တပည့်များက ဆရာနှင်း, ဆရာတင်ဟု တလေးတစား ခေါ်ကြသည်။ဤသို့ဖြင့် စာချ, စာသင်, ဩဝါဒပေး ဆုံးမတရား ဟောကာ တာဝန်ကိုယ်စီ တက်ညီလက်ညီ ထမ်းဆောင်ခဲ့ကြသည်။ မမျှော်လင့်ဘဲ လေ့လှော်ရင်း တက်ကျိုးသကဲ့သို့ ဦးဆောင်စီမံ တာဝန်ယူ ဆောင်ရွက်နေသော ဆရာလေးဒေါ်သာရီမှာ ၁၂၉၄-ခု သီတင်းကျွတ်လတွင် ပိုးထိ၍ ဘဝဆုံးခဲ့ရသည်။

ဆရာလေး ဒေါ်သာရီ မရှိသည့်နောက် ဆရာကြီး ဒေါ်နန္ဒစာရီသည် တိုက်တာကို တစ်ဦးတည်း ကြပ်မတ်စီမံ အုပ်ချုပ်သည်။ လယ်တီ ပရမတ္ထသံခိပ်, ပဋိစ္စသမုပ္ပာဒ်လင်္ကာ (၁၃)ပုဒ် နွားမေတ္တာစာ, ဓာတ်ကမ္မဋ္ဌာန်း, ခုနစ်နေ့ ဘုရားရှိခိုး၊ သတ္တသတ္တာဟဘုရားရှိခိုးလင်္ကာများကို အလွတ်ကျက်မှတ် ပြန်ဆိုစေသည်။ စာသင်တိုက်နေ သီလရှင်မှန်လျှင် စာချသော်လည်းကောင်း၊ စာသင်သားသော်လည်းကောင်း ဖြစ်ရပေမည်။ ရင့်ကျက်သောအရွယ်သို့ ရောက်လျှင် ပဋိပတ် အကျင့်တရားကို အားထုတ် ရှုပွားခွင့်ပြုသည်။ ဥပုသ်နေ့တိုင်း ဘုရားဝတ်တက်အပြီးတွင် ဩဝါဒပေး၍ သာသနာစိတ်ဓာတ် သွင်းပေးသည်။

ဤသို့ဖြင့် သာသနာကို ဦးဆောင်နိုင်သော တပည့်များ, ပညာပြည့်ဝ နှလုံးလှသော ဆရာကြီးများ ပေါ်ထွန်းခဲ့သည်။ ဆရာနှင်း၊ ဆရာတင်တို့သည် ၁၂၉၈-ခု၊ နယုန်လဆန်း ၇-ရက်နေ့တွင် အရှေ့လယ်တီ ဓမ္မမေဒိနီ သီလရှင် စာသင်တိုက်ကို ပွဲဦးထွက် စွန့်စားကာ ရဲရဲဝံ့ဝံ့ တည်ထောင်နိုင်ခဲ့သည်။ ဥစ္စာပေါ,ရုပ်ချော စာတော်သောဒေါ်စန္ဒာရီ (၁၂၇၃-၁၃၆၅)၊ ရွှေဖို့ (၁၂၇၇-၁၃၂၄)၊ ရွှေမြို့ (ခ) ဒေါ်ပညာဝတီ (၁၂၈၀-၁၃၆၅)၊ ဒေါ်ကုလ (မုံရွေး)၊ ဒေါ်ပါရမီ (ခင်မွန်)၊ ဒေါ်ပုညစသော တပည့် (၃၀) ကျော် လိုက်ပါ သွားကြသည်။ နောင်တွင် ရွှေဖို့, ရွှေမြို့ (နတ်ကြီးကျွန်း) ညီအစ်မတို့မှာ မင်းကွန်း ဣန္ဒာရာမချောင်တွင် ချောင်အုပ်ကြီးများအဖြစ် သာသနာပြုသွားခဲ့ကြသည်။

ဓမ္မသကတိုက်ထွက် ဆရာကြီး ဒေါ် ပုဏ္ဏာမိကလည်း ၁၃၁၄-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး အရှေ့ဣစ္ဆာသယ ဇေယျသိဒ္ဓိချောင်ကို တည်ထောင်ဖန်ဆင်းကာ သာသနာပြုပြီး ယခုအခါ တိုင်းသီလရှင် အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ တာဝန်ကြီးကို ထမ်းဆောင်လျက်ရှိပါသည်။ ဒေါ်စန္ဒာရီလည်း နောင်တွင် ဓမ္မမေဒိနီသီလရှင် စာသင်တိုက်၏ ပဓာန နာယကဆရာကြီးအဖြစ် တာဝန်ထမ်းဆောင် သာသနာပြုသွားခဲ့သည်။ ၁၃၀၃-ခုနှစ်၊ တပို့တွဲလ ရန်ကုန်သို့ ဂျပန်စစ်ဦး ဘီလူးများ ဝင်ရောက်လာပြီကြား၍ သီလရှင်များ လယ်တီတိုက်တွင် မနေရဲကြဘဲ စစ်ဘေးစစ်ဒဏ်လွတ်ရာသို့ ပုန်းရှောင်သွားကြသည်။ ဒေါ်ဒေါ်ဝိ နှင့် ဒေါ်ဒေါ်နုတို့ ဦးဆောင်၍ နှောကူးတို့, သန်လျက်ကိုင်းသို့ ဒေါ်မမကြီး, ဒေါ်ငြိမ်း စသည်တို့ အများအပြား လိုက်ပါသွားကြသည်။ ဆရာလေးဒေါ်သာရီ၏ မိခင်ကြီး ဒေါ်ငြိမ်းမှာ စစ်ဘေး ပုန်းရှောင်ရင်း ဆားထုံးရွာမှာ လူကြီးနာဖြင့် ကွယ်လွန်ခဲ့သည်။ ဒေါ်ခင်ညွန့်, ဒေါ်ခင်ပိုတို့ ခေါင်းဆောင်၍ နတ်လာပို့ရွာသို့ ဒေါ်ချား သမီး မဓမ္မစာရီ, မခင်ညိုနှင့် သီလရှင်အများ လိုက်ပါသွားကြသည်။

ပုပ္ပား, ရွှေဘို, ဟုမ္မလင်းစသော မိမိတို့ရပ်ရွာဒေသသို့ အသီးအသီး စစ်ဘေးလွတ်ရာ ကစဉ့်ကလျား ထွက်ပြေးပုန်းရှောင်ကြ၍ ဓမ္မသကတိုက်သည် ၁၃၀၅-ခုနှစ်အထိ လူသူကင်း

ဆိတ်ပြီး မီးလောင်ပြင်ဖြစ်နေရှာသည်။ လယ်တီကျောက်စာတိုက်မှာ အဓိကပစ်မှတ်အဖြစ် အကြီးအကျယ်ဗုံးကြဲခံရ၍ အသက်ရှူမှားပြီး မျက်ရည်ပေါက်ပေါက်ကျလောက်အောင် မြင်မကောင်းဖြစ်နေပေသည်။ မုံရွာတစ်မြို့လုံးလည်း စစ်ဘေးဆိုးကြီး၏ အနိဋ္ဌာရုံကို ရင်နင့်ဖွယ်ရာ ခါးခါးသီးသီး ခံစားထားရရှာသည်။

၁၃၀၆-ခုနှစ်တွင် ပြာပုံအတိဖြစ်နေသော ဓမ္မသကတိုက်ပျက်ကြီးကို ပြန်လည်ပြုပြင် ရသည်။ ဇောတိကမိသားစုမှ အများနေနိုင်အောင် တဲတန်းရှည်ကြီး တစ်လုံးနှင့် ဒေါ်မမကြီးအတွက် ၃-ခန်း ၄-ခန်း၊ ၂-ထပ်ကပ်မိုးကပ်ကာ ဘုရားကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းကြသည်။အဝေးရောက်တပည့်များကို အကြောင်းကြား ပြန်လည်ခေါ်ဆောင် စုစည်းရသည်။ စစ်အတွင်း၌ အချို့ သေကုန်ပြီ၊ အချို့ လူထွက်ကုန်ကြသည်။ ပြန်လည်ရောက်ရှိလာသော သီလရှင်ဆရာလေးများကို အားပေး ချီးမြှောက်ရသည် ။ စိတ်ဓာတ် ပြုပြင် ဆုံးမပေးရသည်။ မိမိခန္ဓာကိုယ်တွင်း မှာ အမြဲသောင်းကျန်း တိုက်ခိုက် နေသော လောဘစသော ကိလေသာစစ်ပွဲကိုသာ ဂန္ထဓုရ၊ ဝိပဿနာ ဓုရတို့ဖြင့် အနိုင်ရအောင် ကြိုးစားအားထုတ်ခိုင်းရသည်။

ပြန်လည်တည်ဆောက်ရေး, စီမံ ခန့်ခွဲရေး, စာဝါသင်ကြားရေး စသော တာဝန်များကို အသီးသီးခွဲဝေထမ်းဆောင် ကြိုးစား အားထုတ်ကြသည်။ တပည့် သီလရှင်လေးများ အတုခိုး နမူနာယူနိုင်အောင် ဆရာကြီး နာယကကြီးများက နည်းစနစ်ကောင်းများ ပြုမူပြောဆို နေထိုင်ပြပေးသည်။ နှောကူးတို့ ဒေါ်ဒေါ်ဝိ, ဒေါ်ဒေါ်နု, ပုပ္ပါးဒေါ်ဝိစာရီ, ဒေါ်နန္ဒာရီ(ခ) အမေကြီး ဒေါ်နန်တို့က အင်တိုက်အားတိုက် အချိန်မှန် စာချပေးကြသည်၊ စာချရင်းစည်းရုံး၍ စည်းရုံးရင်း စာချသည်၊ မကြာခင်မှာ ဓမ္မသက စာသင်တိုက်ကြီး ဦးမော့လာကာ အဘက်ဘက်မှ တိုးတက် စည်ပင်လာသည်၊ မြို့နေဒကာ, ဒကာမများလည်း သံဝေဂဉာဏ် ရှေ့တန်းတင်၍ စေတနာ သဒ္ဓါ ထက်သန်စွာဖြင့် လှူဒါန်း ထောက်ပံ့လာကြသည်။

၁၃၂၁-ခုနှစ်တွင် ဒေါ်ကုန္ဒာစာရီ (ခ) ဒေါ်ဒေါ်သန်းသည် မြန်မာတစ်နိုင်ငံလုံး ပထမကြီးတန်း စာဖြေသီလရှင်များတွင် အမှတ်အများဆုံးဖြင့် သီလရှင် ပထမကျော်ဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည်။ ၁၃၃၁-ခုနှစ်တွင် ကျမ်းရင်း သုံးကျမ်းလုံး အောင်မြင်၍ သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။ (အတ္ထုပ္ပတ္တိကိုသီးခြားဖော်ပြပါမည်)

၁၃၃၉-ခုနှစ်ပြာသိုလ၌ တိုက်တည် ဆရာကြီး ဒေါ်နန္ဒစာရီ (ခ) ဒေါ်မမကြီးသည် အသက် (၉၀) အရွယ်တွင် အနိစ္စရောက်ခဲ့သည်။ ဒေါ်မမကြီး မရှိသည့်နောက် စာချဆရာကြီး ဒေါ်နန္ဒမာလာ (ခ) ဒေါ်ဒေါ်နုက ဒုတိယတိုက်အုပ် ဆရာကြီးအဖြစ် ဆက်လက်အုပ်ချုပ်ခဲ့သည်။ မုံရွာမြို့ ဘုရားကြီးရပ် ကျောက်ဆူးတံဆိပ် အောင်သုခဆပ်ပြာ ကိုယ်စားလှယ် အစ်မကြီး ဒေါ်အေးခင်နှင့် ဦးဖေသန်း + ဒေါ်အေးတင် သား မောင်တင်ဝင်း မိသားစုတို့က ဒေါ်ဒေါ်နုအတွက် နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ဒေါ်ဒေါ်နုမှာ (၁၃၃၉-ခုမှ ၁၃၅၆-ခုနှစ်)အထိ ၁၆-နှစ်တိုင်တိုင် စီမံအုပ်ချုပ်စာချသွားခဲ့သည်။

ဒေါ်ဒေါ်နုလက်ထက် ၁၃၄၃-ခုနှစ်တွင် ဆရာလေးမတိက္ခဝတီသည် အစိုးရပထမငယ်တန်း၌ တစ်နိုင်ငံလုံးတွင် ပထမဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ဆရာလေးသည် ၁၃၅၁-ခု နှစ်၌လည်း ဓမ္မာစရိယတန်းတွင် “သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာအကျော်” သီလရှင်ဘွဲ့ ထူးကို ထပ်မံရရှိခဲ့ပြန်ပါသည်။(အတ္ထုပ္ပတ္တိကိုသီးခြားဖော်ပြပါမည်)

တတိယတိုက်အုပ်ဆရာကြီး ဒေါ်ဇသီရိ (ခ)ဒေါ်ဒေါ်ကြည်မှာ (၁၃၅၆-ခုနှစ်မှ ၁၃၆၁-ခုနှစ်) အထိ ၅-နှစ်အုပ်ချုပ်သွားသည်၊ ဒေါ်ဒေါ်နု နှင့်ညီမဝမ်းကွဲတော်စပ်သည်၊ ပညာရေးစနစ်ကို အထူးကိုင်တွယ်ကြပ်မတ်အားပေးသွားသည်၊ သီလရှင်များသည် ပါဠိစာပေများကို ဆရာတော် ကြီးများထံမှ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကာ သင်ယူခဲ့ကြသည်၊ အချို့ဆရာတော်ကြီးများက တောထွက်,

ဖိုးသူတော်၊ ကပ္ပိယ၊ မထားရ၊ သီလရှင်ကို စာချ မပေးရဟု စည်းကမ်းသတ်မှတ်ထားသည်။ ရှမ်းကလေး ကျွန်းဆရာတော် ဦးနန္ဒ (၁၁၇၂- ၁၂၂၀)သည် မာတုဂါမများအား စကားပင်မပြော။ ညီမအရင်း သီလရှင်မယ်ကင်းကိုပင် စာချမပေးဟုဆို၏။ စစ်ကိုင်း တောင်ဘီလူး ဆရာတော် ဦးဒေဝိန္ဒသည် သီလရှင်နှင့် ဒကာမများကို ကန့်လန့်ကာချ၍ အတွင်းမှ သီလ ပေး၏။ ထို့ကြောင့် သီလရှင်များ စာတတ်မြောက် ရေးမှာ ရဟန်းတော် များလောက် လွယ်ကူချောမော ခြင်းမရှိပေ။

တစ်ဖက်ကလည်း ဝမ်းရေးအတွက် ကိုယ်တိုင် စီမံချက်ပြုတ်ရ၍ သပ္ပာယဖြစ်အောင် စားသောက်ရင်း ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စများကိုပါ ဆည်းပူး ကုသိုလ်ပြု နေကြရသည်။ တချို့သီလရှင် စာသင်တိုက်များမှာ တစ်အိုးတည်းချက်၍ စုပေါင်းစားစနစ်ကို အသုံးပြုကြသည်၊ အထူးသဖြင့် ကျန်းမာရေးနှင့်မျှတ သပ္ပာယဖြစ်ခြင်း၊ အာဟာရ ပရိယေသနဒုက္ခကို ဆင်ခြင်နိုင်ခြင်း၊ ကိုယ့်လုပ်အားဖြင့် သာဟတ္ထိက ဒါနပြုခွင့်သာခြင်းတို့မှာ ကိုယ့်အိုးနှင့်ကိုယ် စားသူများမှသာ ရရှိနိုင်သည်။

ဓမ္မေသက သီလရှင်များမှာ နီးစပ်ရာ ပေါင်း၍ ကိုယ့်အိုးနှင့်ကိုယ်ချက်စားကြသဖြင့် မဟာလယ်တီ စာချနာယကများကို အရှက်ဆွမ်း အလှည့်ကျ စီမံချက်ပြုတ်လှူဒါန်းမှု အစဉ်အလာကောင်းကြီး စိုက်ထူထားသည်။ ဆွမ်းခံ သံဃာများကိုလည်း စိတ်တိုင်းကျလောင်းလှူ ပူဇော်ခွင့်ရနေကြသည်။ သို့သော်လည်း သီလရှင်များမှာ ရဟန်းတော်များ လောက် လာဘ်လာဘ မလွယ်ကူလှပေ။ သီလရှင် ဆရာလေးများကို ဆွမ်းဆန်မှလွဲ၍ အခြားပစ္စည်း ၄-ပါးမျိုး လှူဒါန်း သူကား နည်းပါးနေချေသေးသည်။

ထို့ကြောင့် သီးနှံထွက်ပေါ်သော ရာသီချိန်မှာ တစ်ရပ်တစ်ကျေးသို့ ၄-၅-ပါးတွဲလျက် နေ့ရက်များစွာ လှည့်လည်အလှူခံ စုဆောင်းပြီး တစ်နှစ်တာရပ်တည်နေကြရသည်။ သို့မှသာ လိုအပ်သော စာပေကျမ်းဂန်များကို စိတ်အေးလက်အေး သင်ယူ ဖြေဆိုနိုင်မည်ဖြစ်သည်။ တစ်ခါ တစ်ရံ ထူးကဲသော သင်တန်းများ၊ နက်နဲသော ကျမ်းစာများကို ရန်ကုန်၊ မန္တလေးသို့ပင် သွားရောက်သင်ယူလေ့လာရသည်။ ဆရာကြီးဒေါ်ဒေါ်ကြည်အတွက် ဦးဖေကြူ+ဒေါ်မေကြည်၊ သမီးမပြုံး၊ မလုံး၊ သား မောင်မျိုးအောင်-ညောင်တပင်လမ်း မိသားစုတို့က ပျဉ်ထောင် ၂-ထပ်ကျောင်းကို ဆောက်လုပ် လှူဒါန်းကြသည်။ ၁၃၆၁ ခုနှစ်မှစ၍ ပဓာနနာယက ဆရာကြီး ဒေါ်ဓမ္မထေရီနှင့် တိုက်အုပ်ဆရာကြီး ဒေါ်တိက္ခဝတီတို့ ၂-ပါးညှိနှိုင်းတိုင်ပင်၍ခေတ်နှင့် လျော်ညီစွာ အကောင်းဆုံး ဖြစ်အောင် စီမံအုပ်ချုပ်လျက်ရှိကြသည်။ ဖမ်းစားဖွယ်သောအာရုံဆန်းများ လှိုင်းတံပိုး မိုးမွှန်နေသော ခေတ်ရေစီးကြောင်းတွင် သူတော်ကောင်း စိတ်ထားများ မျောပါးနစ်မြုပ်မသွားနိုင်အောင် စည်းကမ်းများ တိုးချဲ့သတ်မှတ်၍ ကယ်ဆယ်ရေးပြုလုပ် ပေးရလေသည်။

၁။ ဘုရားဝတ်တက် နေ့စဉ်မှန်မှန် တက်ရမည်။
၂။ မိမိတို့၏စာဝါများကို အချိန်မှန်မှန် တက်၊ အံ၊ ကြဲ ကြရမည်။
၃။ ဘုရားဝတ်တက်ချိန်၊ တရားထိုင်ချိန်၊ ဩဝါဒခံယူချိန်၊ စာသင်ချိန် တို့၌ အစားအသောက် စားခြင်း၊ အချင်းချင်း ရယ်ခြင်း၊ စကားပြောခြင်း၊ နောက်ပြောင်ခြင်း၊ အိပ်ငိုက် ခြင်းနှင့် အိပ်ခြင်း စသော မလေးစားသော အမှုတို့ကို မပြုလုပ်ရ။
၄။ ဆရာလေးများ အချင်းချင်းဖြစ်စေ၊ ဆရာသမားလူကြီးတို့နှင့် ဖြစ်စေ၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆို ဆက်ဆံ၍ ဆရာသမား လူကြီးများ၏ ဆုံးမဩဝါဒများကို ရိုသေစွာ လိုက်နာကြရမည်။
၅။ သံဃာတော်များကို (အရေးကြီးသော အကြောင်းကိစ္စမရှိလျှင်) ညနေ ၆-နာရီကျော်က တိုက်တွင်းသို့ပင်ခြင်း၊ လက်ခံခြင်း မပြုရ။

၆။ ဆရာလေးများ (ဖျားနာခြင်းကိစ္စမှ တစ်ပါး) ညနေ ၆-နာရီကျော်က ကျောင်းတိုက်၏ အပြင်သို့မထွက်ရ။

၇။ မိမိရပ်ရွာဒေသနှင့် အခြားသို့ ခရီးသွားလျှင် တစ်ပါးတည်း မသွားလာရ။

၈။ ပြင်ပ ရုပ်ရှင်, ပွဲလမ်းသဘင်များကို လုံးဝကြည့်ရှုခွင့် မပြုရ။

၉။ တစ်ပါးနှင့်တစ်ပါး ခိုက်ရန်ဒေါသ မဖြစ်ရ။

၁၀။ ကျောင်းသား၊ ကျောင်းသူများကို လုံးဝ နေထိုင်ခွင့်မပြုရ။

၁၁။ ဥပုသ်သည်များမှအပ, ဧည့်သည်များကို (၁၀)ရက်ထက်ပို၍ လက်ခံထားခြင်းမပြုရ။

၁၂။ တိုက်တွင်းရှိသုံးရေ, လျှပ်စစ်မီးများကို စည်းကမ်းမဲ့ မဖွင့် မသုံးရ။

၁၃။ စည်းကမ်းဥပဒေကို လိုက်နာ၍ ဓူရ နှစ်ဖြာကို လိုလားသူမှသာ တာဝန်ယူ လက်ခံရမည်။

၁၄။ ပထမရောက်စတွင် စာသင်လိုသူ ဆရာလေး၏ တာဝန်ကို အပ်နှံသူ ကိုယ်တိုင် တာဝန်ယူကြောင်း ဝန်ခံ ကတိ ပြုရမည်။

၁၅။ ကျောင်းတိုက်တွင် ကျူးလွန်မှု ပြဿနာ များပေါ်ပေါက်ခဲ့လျှင် တာဝန်ယူအပ်နှံသူအား အသိပေး အကြောင်းကြားရမည်။

* အထက်ပါစည်းကမ်းသတ်မှတ် ချက်နှင့် ကျင့်ဝတ်ဥပဒေများကို ဤကျောင်းတိုက်၌ သီတင်းသုံး နေထိုင်သူများသည် တိကျစွာ လိုက်နာ ကျင့်သုံးရမည်။

* ၎င်းစည်းကမ်းချက်များကို တစ်ကြိမ်ကျူးလွန်က ကျောင်းတိုက်မှ သတ်မှတ်ထားသော ဒဏ်များကို အပြစ်အားလျော်စွာ ထမ်းဆောင် ၍ ၃-ကြိမ်တိတိ ကျူးလွန်က ကျောင်းတိုက် အတွင်းမှ နှင်ထုတ်ခြင်း ခံရမည်။

အခါအားလျော်စွာ နဝမလယ်တီ ဆရာတော်၏ ဩဝါဒနှင့် လယ်တီနာယက ဆရာတော်တို့၏ လမ်းညွှန်ချက်အတိုင်း နာယူမှတ်သား ကျင့်ကြံလျက်ရှိကြသည်။ အကြောင်းကိစ္စရှိလျှင် အချက်ပေး သံချောင်းဖြင့် စုဝေးဆောင်ရွက်ကြသည်။ အလှူခံကိစ္စအတွက် သံချောင်း ၃-ချက်၊ တိုက်တာဝေယျာဝစ္စပြု ဖွယ်ရှိက ၇-ချက်၊ နာရေးပို့ဆောင်ရန်အတွက် သံချောင်း ၅-ချက်တီး၍ အချက်ပေးသည်။

တစ်နေ့တာ၏ အရုဏ်ဦး ၄-နာရီအချိန်တွင် အိပ်ရာမှထ၍ ကြေးစည်တီးသောအခါ ဘုရားကျောင်းသို့ ဘုရားဝတ်တက် ကြွရောက်ရသည်။ စာချနာယက ဆရာတော်များ အရုဏ်ဆွမ်း အတွက် လှူဒါန်းရန် ဆွမ်းချက်သူက ချက်သည်။ တာဝန်ရှိသော ဆရာကြီးက ဆွမ်းအလှူခံပြီး၊ ဆွမ်းဟင်းအလှည့်ကျသူက ဆွမ်းဟင်းချက်၍ ဆွမ်းစားကျောင်းသို့ အာစိဏ္ဏကကုသိုလ် အဖြစ်ပို့လှူကြသည်။

အရုဏ်တက်လျှင် နံနက်စာစားပြီး နံနက် ၆-နာရီ ၃၀-မှ ၈-နာရီ ၃၀-အထိ၊ နံနက် ၉-နာရီမှ ၁၀-၀၀-နာရီအထိ စာအံကျောင်းတက်ရသည်။ စာဝါရှိသူက စာဝါတက်၍ အသီးအသီး စာတက် စာချကြရသည်။

တစ်ကိုယ်ရေ သန့်ရှင်းရေးအဖြစ် ရေမိုးချိုးပြီး၊ နေ့ ၁၁-၀၀-နာရီတွင် နေ့စာအာဟာရသုံးဆောင်ကြသည်။ ၁၂-၀၀-နာရီတွင် ခေတ္တအနားယူပြီး၊နေ့ ၁-၀၀-နာရီမှ ၄-၀၀-နာရီအထိ စာအံကျောင်းတက်ရသည်။ စာဝါရှိသူက စာဝါတက်စာချဖြင့် တစ်နေ့တာကုန်ကြသည်။ ည ၆-၀၀-နာရီတွင် ဘုရားဝတ်တက်ပြီး၊ ဥပုသ်နေ့နှင့် အကြောင်းထူးရှိတိုင်း ဆုံးမဩဝါဒပေးသည်။

ညပိုင်းတွင် စာများကို ည ၁၀-၀၀-နာရီအထိ၊ စာမေးပွဲနီးလျှင် ၁၁-၀၀-နာရီအထိ စာပြန်စာတက်ကြသည်။ ဝါတွင်းမှစ၍ တစ်လလျှင် နှစ်ကြိမ် တိုက်တွင်းလေ့ကျင့်ခန်းစာမေးပွဲကို တပေါင်းလအထိ အတန်းစုံ ဖြေဆိုကြရသည်။ တိုက်တွင်း ဖြေဆို

အောင်မြင်သူများကိုလည်းကောင်း၊ ဓမ္မာ စရိယနှင့် အစိုးရ ပထမပြန် အောင်မြင်သူများကို လည်းကောင်း အဆင့်အတန်းအလိုက် စာအောင်ဆုများကို အသီးသီး ချီးမြှင့်ပေးလျက်ရှိပါသည်။

ထိုသို့ စနစ်တကျသင်အံ ကျက်မှတ်ကြ၍ ၁၃၅၄-ခုနှစ်တွင် ဆရာလေး မသုမာလာကဝိနယ ဝိဒူဘွဲ့၊ ၁၃၆၃-ခုနှစ်တွင် သာသနဓဇ ဓမ္မာစရိယဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့နှင့် တခြားကျမ်းစွဲ ဆရာလေးများ ၁၃၆၅-ခုနှစ်တွင် မသီရိမာလာသည် အလတ်တန်း တွင် စစ်ကိုင်းတိုင်း ပထမဆု နှင့် ၁၃၇၁-ခုနှစ်တွင်၊ ဝိနယဝိဒူဘွဲ့၊ တခြား နိကာယ်ကျမ်းစွဲ ဆရာလေးများ ၁၃၆၇-ခုနှစ်တွင် ဆရာလေး မသဥ္စာရီသည် ပထမလတ်တန်းတွင် စစ်ကိုင်းတိုင်း ပထမဆုနှင့် တခြားအတန်းစုံ စာအောင်ဆရာလေးများ စသည် အားဖြင့် အသီးအသီး အောင်မြင်မှုရရှိကြပြီး ဆက်လက်၍လည်း သာသနာ့တာဝန်ကို တက်ညီ လက်ညီဖြင့် ထမ်းလျက်ရှိကြပါသည်။

အမရပူရမြို့ စစ်ကိုင်းတိုင်း သစ်မန်နေဂျာ ဦးလှကျော် + ဒေါ်သောင်းသောင်းရီ သမီး ဦးစက်အောင် + ဒေါက်တာအေးအေးမွန်၊ သား ဦးဝင်းကို+ဒေါ်မာလာလှိုင်၊သမီးဒေါက်တာကျော်နိုင်+ ဒေါက်တာမြမြမွန်၊ မြေး မအေးမြတ်မွန်တို့က ပဓာန နာယကဆရာကြီး ဒေါ်ဓမ္မထေရီအား သာသန သမ္ပတ္တိဒီပနီ နှစ်ထပ်တိုက်ကျောင်း ကို ဆောက်လုပ် လှူဒါန်းခဲ့သည်။ တိုက်အုပ်ဆရာကြီး ဒေါ်တိက္ခဝတီ အား ဟုမ္မလင်းမြို့ ဦးရင်မောင်+ဒေါ်ပုံပုံ ရှမ်းအိုးစည် တိုက် မိသားစုတို့က မ,တည်၍ ပါရမီဒီပနီ နှစ်ထပ်တိုက်ကျောင်းကို ဆောက်လုပ် လှူဒါန်း ခဲ့သည်။

မုံရွာမြို့ ဘုရားကြီးရပ် ဇောတိက ဦးသိုက်+ဒေါ်ကြွေ သားသမီးမြေး တစ်စုစစ်ပြီး ခေတ်က လှူဒါန်းခဲ့သော တဲတန်းရှည်ကြီးကို အသစ်ပြုပြင်တိုက်ဆောက်လှူဒါန်းပြီး ဓမ္မေသက တိုက်၏ အဓိပတိအဆောက်အဦး ဖြစ်သော ဘုရားကျောင်းဆောင် ဇောတိကတိုက်ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ အောင်မင်္ဂလာရပ် ဦးမောင်မောင်ဦး + ဒေါက်တာဒေါ်ကြည် ကြည်မာ, သမီး ဒေါက်တာ စုလှိုင်ဝင်း, မသဲစုဝင်း တို့က ဘုရားစေတီကို ထီးတော်တင်သကဲ့သို့ ဇောတိက ဘုရားကျောင်းကို တိုးချဲ့ပြီးလျှင် အပေါ်တစ်ထပ် ထပ်ဆင့်မြှင့်ဆောက်၍ မဟာဇောတိကဘုရား ကျောင်းဟူ၍ ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။

ယနေ့အချိန်၌ စေတနာရှင်များ စုပေါင်း၍ လျှပ်စစ်ဓာတ်တိုင်များ, ကွန်ကရစ် အလယ်လမ်း မကြီး, အုတ်တံတိုင်း, အများသုံး ရေလောင်း အိမ်သာများ, အုတ်တိုက်ကျောင်းများ, ရေကန်, မီးစက်များဖြင့် အလွန်တိုးတက်နေသည်။ အလယ်ရပ်၊ ဦးလှအောင် + ဒေါ်စန်းသား မောင်ဝင်းအောင်၊ မောင်မြင့်အောင်၊ သမီး မသီတာအောင် တို့က အနောက်သံတံခါးကြီးနှင့် အနောက်ဘက် အုတ်တံ တိုင်းများ နိမ့်နေသည်ကို ထပ်ပိုးမြှင့်တင် လှူဒါန်း ခဲ့သည်။

မဟာလယ်တီ အဋ္ဌမဆရာတော် ဘဒ္ဒန္တ ဣန္ဒကနှင့်တပည့်များက မြောက်ဘက် အုတ်တံတိုင်း များနိမ့်နေသည်ကို ထပ်ဆင့်ချီးမြှင့်ခဲ့သည်။ ညောင်တ ပင်ရပ်၊ စိန်လီအကယ်ဒမီ အလှကုန် ဆိုင် ဒေါ်ဟာနှင့် မောင်ညီမများ က အရှေ့ဘက် မုခ်ဦးတံခါးကြီးနှင့် အုတ်တံတိုင်း အခန်း ၂၀-ကို ကုသိုလ်ပြုသွားသည်။ ဝတ်စုံအလှူပွဲ ပဒေသာပင်၊ ပညာရေး ပဒေသာပင်၊ နဝကမ္မ ပဒေသာပင်များလည်း စိုက်ထူနိုင်ခဲ့သည်။ ဝတ်စုံ အလှူပွဲကြောင့် ဝတ်စုံအတွက် ကြောင့်ကြမှု နည်းပြီး ပညာရေးအတွက် စိတ်အား လူအား ငွေအား တိုးမြှင့်နိုင်ခဲ့သည်။ ဦးမြဇော်(ခ) ဦးတာ+ ပါမောက္ခ ဒေါ်မြင့်မြင့်သီ၊ မုံရွာတက္ကသိုလ်တို့က သဒ္ဓါပေါက်၍ ဦးဆောင် ဦးရွက်ပြုကာ ၂၀၀၂-ခုနှစ်မှစ၍ ဝတ်စုံ လှူဒါန်းပွဲဖြစ်ပေါ်လာခဲ့သည်၊ နှစ်စဉ် ဝါဆိုလဆန်း ၈-ရက်နေ့တွင် ရက်သတ်မှတ်လှူဒါန်းခဲ့ရာ နဝမ အကြိမ်တိုင်ခဲ့လေပြီ၊နဝကမ္မ ပဒေသာပင်မှာ ဦးမောင် မောင်ဦး + ဒေါက်တာ ကြည်ကြည်မာတို့က စတင် စိုက်ထူ လှူဒါန်းခဲ့သော်လည်း ဆောင်ရွက်ချက်များပြီး စရိတ်စကကြီးသောခေတ်ဖြစ်၍ လက်ကျန်မရှိ ဖြစ်နေသည်၊ ပညာရေး ပဒေသာပင်ကို နိုင်ငံကျော်

ဓမ္မကထိက ရန်ကင်းတောင် ခန့်ဝင်းတောရ မြစကြာ ဆရာတော်က ဓမ္မသေနာ ပါရမီဒီပနီ တိုက်ကျောင်း ရေစက်ချဓမ္မ ပူဇာဝွေကို ပရိယတ္တိ ပူဇာအဖြစ် ပြန်လည်လှူဒါန်းခဲ့၍ ၁၉၉၉-ခုနှစ်မှစတင် စိုက်ထူ နိုင်ခဲ့သည်။ထို့နောက် ပဓာန နာယကဆရာကြီး ဒေါ်ဓမ္မထေရီနှင့် တိုက်အုပ် ဆရာကြီး ဒေါ်တိက္ခဝတီ တို့ကလည်ကောင်း၊ ဦးရင်မောင်+ ဒေါ်ဒေါ်ပုံ ရှမ်းအိုးစည်မိသားစု၊ ဦးမောင်မောင်ဦး+ ဒေါက်တာ ကြည်ကြည်မာ၊ ဒေါက်တာ အောင်မင်း+ ဒေါက်တာ ခင်စုမာ၊ သူနာပြုသင်တန်းကျောင်းကျောင်းအုပ် ဆရာမ ကြီးဒေါ်ခင်အေးအားရည်စုး၍ ဦးထွန်းမြင့်နှင့် မိတ်ဆွေများ၊ ဦးသီလ+ ဒေါ်ခင်သန်းနှင်း၊ ဦးစိုင်းသီဟ+ဒေါက်တာဖြူဖြူခိုင်စသော အလှူ ရှင်များကလည်းကောင်း ထပ်မံဖြည့်စွက် လှူဒါန်း နေ၍ နှစ်စဉ်ပရိယတ္တိ ပူဇာသဘင် ကျင်းပနိုင်ခဲ့ပါ သည်။ ဤကဲ့သို့ ကမ္ဘာကျော် လယ်တီဆရာတော် ဘုရားကြီးစသော သူတော်ကောင်း အဆက်ဆက် တို့၏ အဆုံးအမကို နာခံမှတ်သားရခြင်း လေ့ကျူးရွာ၊ မုန်ရွာ၊ မုံရွာ၊ချင်းတွင်းရန်ကုန် သလ္လာဝတီမြို့တော်ဟု သာသနာစည်ပင်ရာ ငါးမည်ရမြို့ရွာဒေသ၌ အခြေ စိုက် ပျော်ပိုက်ရခြင်း၊ ရှေးဘုန်း ရှေးကံထက်သန်သော သူတော်ကောင်းများ စုပေါင်း၍ သာသနာအလုပ်ကို သာသနာပြုရခြင်း၊ သာသနာကြီးပွားကြောင်း စိတ်ထားဖြင့် ဂုဏ်ပကာသနမဖက် ရိုးရိုးသားသား ကြိုးစား အားထုတ်ခြင်းဟူသော အကြောင်းများ ကြောင့် ကာလ, ဒေသ, ပုဂ္ဂလ, ပယောဂ, သမ္ပတ္တိစက် ပြည့်စုံပြီး တိမ်စင်လနှယ် တင့်တယ်ထွန်းပနေခြင်း ဖြစ်ပေသည်။ ငါးမည်ရ မုံရွာရွှေမြို့တော်ကြီးတွင် စိတ်ထားမြင့်မြတ်ကြသော သဒ္ဓါကြည်လင်ပါရမီရှင် ဒကာ, ဒကာမများ၏ ပစ္စည်း လေးပါး အထောက်အပံ့ အားပေးကူညီမှုကို အပြည့်အဝရရှိကြ၍ ဆရာတော်, သံဃာတော်, ရဟန်းသူတော်စင် သီလရှင်အပေါင်း တို့သည် မျှတရွှင်ပြုံး သီတင်းသုံးကာ သာသနာ ပြုလျက် ရှိကြပေသတည်း။

ဓမ္မသေနာတိုက်မှ တိုက်ခွဲထွက်၍ သာသ နာပြုနေကြသော ထင်ရှားသည့် တပည့်ကြီးများမှာ-

(၁) ဆရာကြီးဒေါ်ဓမ္မစာရီ(ခ) ဆရာနှင်း၊ ဆရာကြီးဒေါ်သီလစာရီ(ခ) ဆရာတင်၊ ဓမ္မမေဒိနီ စာသင်တိုက် အရှေ့လယ်တီ၊ မုံရွာမြို့။

(၂) ဆရာကြီးဒေါ်စန္ဒာရီ( ပထမကျော်၊ အဂ္ဂမဟာအကျော်၊ သာသီဓ၊ ပါဠိ ပါရဂူ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ) ဓမ္မမေဒိနီ။

(၃) ဆရာကြီးဒေါ်ပုဏ္ဏမိ (သာသီဓ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ တိုင်းသီလရှင် အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ) ဇေယျာ သိဂီချောင်၊ စစ်ကိုင်းမြို့။

(၄) ဆရာကြီး ဒေါ်ကေတုဝတီ (သာသန ဓဇသိရီပဝရဓမ္မာစရိယ၊ မဟာ ဂန္ထဝါစ ကပဏ္ဍိတ) ဂူနီချောင်၊ စစ်ကိုင်းမြို့။

(၅) ဆရာကြီး ဒေါ်စန္ဒသီရီ (ဓမ္မာစရိယ)၊ ဇမ္ဗူသိဒ္ဓိချောင်၊ စစ်ကိုင်းမြို့။

(၆) ဆရာကြီးဒေါ်အဂ္ဂစာရီ (ဓမ္မာစရိယ)၊ အောင်ဆုပန်ချောင်၊ စစ်ကိုင်းမြို့။

(၇) ဆရာကြီး ဒေါ်သဥ္စာရီ (ဓမ္မာ စရိယ)၊ သုတေသကချောင်၊ စစ်ကိုင်းမြို့။

(၈) ဆရာကြီးဒေါ်စန္ဒာသီရီ(ခ) ဒေါ်ရွှေဖို့၊ ဒေါ်ပညာဝတီ(ခ)ဒေါ်ရွှေမြို့ (သာသန ဓဇ ဓမ္မာစရိယ)၊ ဣန္ဒာရာမချောင်၊ မင်းကွန်း တောင်ရိုး။

(၉) ဆရာကြီးဒေါ်ဓမ္မနန္ဒီ၊ ဆရာကြီး ဒေါ်ရူပဝတီ၊ ရတနာမဥ္ဇူရိပ်သာ၊ မန္တလေးမြို့။

(၁၀) ဆရာကြီး ဒေါ်ကညဝတီ (ဓမ္မာစရိယ) ဂန္ထဝါစကပဏ္ဍိတ၊ ဟားခါးမြို့။

(၁၁) ဆရာကြီးဒေါ်ထေရီမာ (ဓမ္မာစရိယ)၊

ဂန္ဓဝါစကပဏ္ဍိတ၊ သာသနဲ့ရောင်ခြည် မြတ်ပါရမီ စာသင်တိုက်၊ လယ်တီရပ်၊ မုံရွာမြို့။

(၁၂) ဆရာကြီးဒေါ်သုမာလာ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃ နိကာယဝိဒူ)နှင့် တူမများ သူရိယရံသီ မဟာမာလာရုံ သီလရှင် စာသင်တိုက် အင်းရွာသစ်ရပ်ကွက်၊ မုံရွာမြို့။

(၁၃) ဆရာကြီးဒေါ်သီလစာရီ (ဓမ္မာစရိယ) သီလဝတီစာသင်တိုက်၊ စက်မှုဇုံရပ်ကွက်၊ မုံရွာမြို့။

(၁၄) ဆရာကြီးဒေါ်ယုသိဂ္ဂီ (ဓမ္မာစရိယ) နိုင်းဓမ္မဂုဏ်ရည်၊ အမျိုးသမီး သာသနာ့ရိပ်သာ၊ အင်းရွာသစ် ရပ်ကွက်၊ မုံရွာမြို့။

(၁၅) ဆရာကြီးဒေါ်ဓိရဉာဏီ (သဒ္ဓမ္မ ဇောတိကဓဇ) ခေမာသီရိသီလရှင် စာသင်တိုက်၊ ရေစကြိုမြို့။

(၁၆) ဆရာကြီးဒေါ်ပညာဝတီ (ဓမ္မာစရိယ) မဟာစည်ရိပ်သာ၊ မောင်းခမ်း၊ ဟုမ္မလင်းမြို့။

(၁၇) ဆရာကြီး ဒေါ်ပညာသိဂ္ဂီ (ဓမ္မာစရိယ) ရွှေမင်းဝံရိပ်သာ၊ ခြောက်ထပ်ကြီးဘုရား၊ ရန်ကုန်မြို့။

(၁၈) ဆရာကြီး ဒေါ်မာလာရီ (သာသနဓဇဓမ္မာစရိယ) မြမာလာ စာသင်တိုက် ငါးထပ်ကြီးဘုရား၊ ရန်ကုန်မြို့။

(၁၉) ဆရာကြီးဒေါ်နိက္ခမစာရီ (ဓမ္မာစရိယ) သဒ္ဓမ္မဟိတကာရီကျောင်း၊ ပုရွက်ဆိတ်ကုန်း၊ ရန်ကုန်မြို့။

(၂၀) ဆရာကြီး ဒေါ်အဂ္ဂဝတီ (ဓမ္မာစရိယ)နှင့် ညီမများ၊ မဟာမဏိမဥ္ဇူသီလရှင်စာသင်တိုက်၊ ရတနာပုံရပ်၊ မုံရွာမြို့။

စသည်တို့ကို လက်လှမ်းမီသမျှ ရှာဖွေတင်ပြလိုက်ရပါသတည်း။

သာသနာနှောင်းခေတ်၊
လူ့ရှင်ဖြစ်၊
သဒ္ဓါစစ်ဖြင့်၊
အနှစ်ရအောင်၊
ကျင့်ဆောင်နိုင်ကြပါစေ။

**လယ်တီအရှင်ဂန္ဓိရဗုဒ္ဓိ (မုံရွာ)**

> မုံရွာမြို့တွင် သီလရှင် ၁၅၀-ခန့်ရှိသည်ဟု သိရပေသည်၊ သီလရှင်အများဆုံး တိုက်မှာ မဟာလယ်တီတိုက်အနီးရှိ ဓမ္မသာကပြောက်တိုက်ခေါ် သီလရှင်တိုက် ဖြစ်၏။ ယင်းသီလရှင်တိုက်၌ (၆၅)ပါး ရှိလေသည်။
>
> ရဝေထွန်း၏ သီလရှင်သမိုင်း။(၁၉၆၅)ခု
>
> (ဓမ္မသာက သီလရှင်စာသင်တိုက်)
>
> တိုက်တာ၏ သက်တမ်း (၇၆) နှစ်မျှရှိခဲ့ပြီ။ ယခုအခါ ဒေါ်နန်း(ခေါ်) ဒေါ်နန္ဒမာလာက ဦးစီး လျက် သီလရှင် ကျောင်း (၂၇)ကျောင်းအထိ တိုး ပွားအောင်ဆောင်ရွက်တော်မူသည်၊ သီလရှင် ဦးရေမှာလည်း (၉၂)ပါး အထိရှိပါသည်။
>
> မဟာလယ်တီတိုက်ကြီးအကြောင်း သိမှတ်ဖွယ်ရာ အကျဉ်းချုပ်မှ (၁၉၈၆)ခု။

# မဟာလယ်တီဝမ္မသကသီလရှင်စာသင်တိုက်နာယကဆရာကြီးများ၏အတ္ထုပ္ပတ္တိအကျဉ်း



## တိုက်တည်ဆရာကြီး ဒေါ်နန္ဒစာရီ(ခေါ်) ဒေါ်မမကြီး၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆရာကြီး ဒေါ်နန္ဒစာရီ (ခ) ဒေါ်မမကြီးသည် ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်၊ ကုန်းသာရွာဇာတိဖြစ်သည်။ မုံရွာမြို့နယ် နဘဲသာရွာသား ဖခင်နှင့် ကုန်းသာရွာသူ မွန်မျိုးနွယ်မိခင်ဒေါ်သဲဥတို့မှ ၁၂၄၉-ခု၊ တပို့တွဲလဆန်း (၃)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သမီးရတနာဖြစ်သည်။ တစ်နှစ်သမီးအရွယ်အထိ အလွန်အငိုသန်၍ ကုန်းသာဆရာတော်ကိုရောင်းလိုက်မှ အငိုရပ်သွားသည်။ အကြောင်းသိသူများက အငိုတိတ်သောအခါ ငိုတာသည်းမခံနိုင်၍ သတ်ပစ်လိုက်သည်ဟုပင် ထင်ကြသည်။

ဆရာကြီး၏ငယ်နာမည်မှာ မထားဖြစ်ပြီး မွေးချင်း [ ၆ ] ယောက်ရှိသည်။ ဦးဘိုးအုံ၊ ဒေါ်ကြိတ်၊ ဒေါ်ထား၊ ဒေါ်ချား၊ ဒေါ်ခင်ထွားနှင့် ကိုထွေး ( ငယ်စဉ်ကကွယ်လွန် ) တို့ဖြစ်သည်။ အစ်ကိုကြီးဦးဘိုးအုံ မှ မအေးကွန့်(ခ) ဒေါ်ဧလုသီနှင့် မခင်လှ ဟုသမီး ( ၂ ) ယောက်ထွန်းကား၍ လယ်တီမှာ သီလရှင် ဝတ်ကြသေးသည်၊ ယခုစကားမြားအနီး ခတ္တာရွာတွင်နေထိုင်ကြသည်။

အစ်မကြီး ဒေါ်ကြိတ်မှာ ဦးဘိုးညွန့်နှင့် အကြောင်းပါ၍ ဒေါ်စိန်မှီ၊ ဦးစံတင် (သုခဝတီဆရာတော်ဦးဉာဏသီခ)၊ ဦးအောင်ရွှေ ဦးအောင်ဖေ၊ ဦးဂင်တို (နှောကူးတို့ဦးကံဆင့်)၊ ဒေါ်တင်ကြည်(ရွှေဘို) ဟု သားသမီး [ ၆ ] ယောက် မွေးဖွားသည်။ ဒေါ်တင်ကြည်မှာ ငယ်ရွယ်စဉ်ကပင် မုံရွာလယ်တီသို့ရောက်ရှိပြီး သီလရှင်

ဝတ်ခဲ့သေးသည်။ ကိုဘိုနီ၊ မရွှေမြ၊ မရွှေခ (မပညာသိင်္ဂီ)တို့မိခင်ဖြစ်သည်။ ဦးကံဆင့်နှင့် ဒေါ်လှစံတို့မှာ မနီလာဝင်းနှင့် မစန္ဒာဝင်းဟု သမီး ၂နှစ်ယောက်ထွန်းကားခဲ့သည်။ ဒေါ်စိန်မှီမှာ ဦးငွေချစ်နှင့် အကြောင်းပါပြီး မစောနု၊ မစောဥ (ဒေါ်ပညာစာရီ)ဟု သမီး ၂ယောက် ထွန်းကားပြီး အနိစ္စရောက်ကုန်ကြပြီး မစောနုသမီး စိုးစိုးနှင့် မိုးမိုးတို့သာကျန်ရစ်တော့သည်။

တူဖြစ်သူ ဦးအောင်ရွှေမှာ ဒေါ်ညိုဗလုံနှင့် သားသမီး ( ၆ ) ယောက် မွေးဖွားပြီး မတင်နွဲ့၊ ကိုတင်ဌေး၊ ကိုသောင်းကြည်၊ မစန်းငွေ (ပကိတ်ကြီး) တို့ကျန်ရစ်သည်။ ဦးအောင်ဖေနှင့် ဒေါ်လှသန်း မှာ သားသမီး (၄) ယောက် ထွန်းကားပြီး မကံမြင့်နှင့် မစန်းမြင့် ညီအစ်မနှစ်ယောက်သာ ကျန်တော့ သည်။ ကိုဟန်စိန်နှင့် မစန်းမြင့်မှ သားမောင်သန်းနိုင်နှင့် သမီးမခင်စန်းလွင် တို့ထွန်းကားသည်။ ကိုသန်းနိုင်၊ မတင်လှိုင်တို့မှ သား နိုင်လင်းထွန်း သမီးမြင့်မြတ်လှိုင်၊ ယဉ်သူထက် တို့မွေးဖွားသည်။ မခင်စန်းလွင်က ကိုထွန်းမင်းလတ်နှင့် လက်ဆက်၍ သမီး ယဉ်ထက်ထက်လှိုင်ကို မွေးဖွားသည်။ ကြီးကြီး၏ ဆွေစဉ် မျိုးဆက်များ အဆက်အသွယ် ရနိုင်စေရန် လေ့လာရသမျှတင်ပြလိုက်သည်။

ကြီးကြီး ညီမ ဒေါ်ချားမှာ ဦးဘိုးကြည်နှင့် အကြောင်းပါ၍ ကုလားမ(ခ)မဓမ္မစာရီ(ခ)မတင်မြင့် (ဦးဂမ္ဘီရ၏မိခင်) နှင့် မခင်ညို ဟု သမီး ( ၂ ) ယောက်ဖွားမြင်ပြီး သားအမိ ( ၃ ) ယောက်လုံး နတ်လာပို့ရွာတွင် အနိစ္စရောက်ကြသည်။ ကြီးကြီး၏ ညီမအငယ်ဆုံး ဒေါ်ခင်ထွားမှာ တစ်ဦးတည်းသော သမီး ခင်လေးကြီးကို ဖွားမြင်ပြီး ခင်လေးကြီးက မုံရွာလယ်တီမှာ သီလရှင်ဝတ်ဖြင့် စာသင်သွားခဲ့သေး သည်။ ဤကား ဒေါ်မမကြီး (ခ) ကြီးကြီး၏ မြေးမြစ်တီတွတ်များဖြစ်သည်။

၁၂၆၁-ခုနှစ် မထား ၁၂-နှစ်သမီးအရွယ်တွင် ညီမဝမ်းကွဲဖြစ်သူ မပြည့်နှင့်အတူ စစ်ကိုင်းတိုင်း မင်းကွန်းတောင်ရိုး ဂူကလေးချောင် အနောက်တိုက် အဘိဓမ္မာကျွမ်းကျင်နိုင်နင်းသော ဆရာကြီးဒေါ်အိ အထံမှာ သီလရှင်ဝတ်ကြသည်။ အခြေခံစာဝါများကို သင်ယူကြသည်။ မင်းကွန်းတိပိဋကဆရာတော် ကြီး၏ သာသနာ့မယ်တော်ကြီး ဒေါ်ဓမ္မစာရီလည်း အင်းဝဆရာကြီး ဒေါ်အိထံစာလိုက်နေ ၍စာအတူတက်ခဲ့ကြသည်။ ဂူကလေးချောင် အရှေ့တိုက် မယ်ဝဏ္ဏထံမှလည်း သဒ္ဒါကျမ်းစာများကို ညီအစ်မနှစ်ယောက် အတူစာတက်ခဲ့ကြသည်။

ဒေါ်မမကြီးသည် မိမိထက်အသက် ၉-နှစ်ကြီးသော မန္တလေးသူ ဒေါ်ဓမ္မစာရီ (တိပိဋကမယ်တော်ကြီး)ကို အလွန်အားကျကြည်ညိုသည်။ နောင်တစ်ချိန်တိုက်အုပ်ဆရာကြီးဖြစ်၍ ဩဝါဒ ပေးသော အခါ ဒေါ်ဓမ္မစာရီ (ခ)တုတ်တုတ် အကြောင်းကို အတုယူကြိုးစားနိုင်အောင် အသေးစိတ် ပြောပြ ပေးသည်။ ဒေါ်မမကြီးသည် ဥပမိရုပ် သန့်ရှင်း တည်ငြိမ် အေးဆေး၍ ကြည်ညိုဖွယ်ရာရှိသည်။ စိတ်ထားကောင်း၍ မေတ္တာဓာတ်အားကြီးပြီး အလွန်ရိုးသားကာ ကုသိုလ်ဖြစ်အောင် အမြဲနေလေ့ ရှိသည်။

၁၂၆၉-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး သစ်ဆိမ့်ချောင်သို့ ပြောင်းရွှေ့ပြီး ဆရာကင်း၏တပည့်ကြီး ဒေါ်ဝဏ္ဏအထံတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ၁၂၇၂-ခုနှစ်၌ ညီအစ်မနှစ်ယောက် ရှေးကံ အထောက်အပံ့ရ၍ မုံရွာမှဆွေမျိုးများနှင့် နီးစပ်ရာ ကျေးလူရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဘုန်းရိပ် ကံရိပ်ကို ခိုလှုံခွင့်ရရှိခဲ့ကြသည်။ လယ်တီဆရာတော် ဘုရားကြီး၏ခွင့်ပြုချက်ဖြင့် မုံရွာမြို့၏ အဦးဆုံး ဓမ္မသကသီလရှင်တိုက်ကို ဖွင့်လှစ်တည်ထောင်ကာ ၂-ပါးအတူ အုပ်ချုပ်ကြသည်။

ဒုတိယဆရာတော်လောင်းလျာ ဦးဉာဏောဘာသအထံတော်၌ အထက်တန်းစာဝါများကို သင်ယူလေ့လာရင်း တစ်ဖက်မှလည်း တပည့်များကို စာချပေးသည်။ သီလရှင်အငယ်လေးများကို ထိန်းသိမ်းစောင့်ရှောက် အခြေပျိုးပေးရသည်။ ဆရာလေးဒေါ်သာရီက မမကြီးဟုခေါ်ဝေါ်သုံးစွဲသည်ကို အများ ကပါ ဒေါ်မမကြီးဟုခေါ်ရင်း ကြီးကြီးဟုအမည်တွင်လာသည်။ ဆရာကြီးဒေါ်သာရီ မရှိသည့် နောက်ပိုင်းတွင် တစ်ဦးတည်းနိုင်နိုင်နင်းနင်း စည်းကမ်းတကျ အုပ်ချုပ်စီမံလေသည်။ မြောင်းမြမှ တူ၊ တူမများ၊ မြေးများကို ခေါ်ယူပြီး သာသနာ့အမွေအဖြစ် ဘုန်းကြီး,သီလရှင်ဝတ်ပေးသည်။ သို့သော် ဘုန်းစ ကံစနည်းပါးသူများမှာ ကြာရှည်မမြဲဘဲ ကိလေသာနွံထဲသို့ နစ်ကြရှာလေသည်။

၁၂၈၉-ခုနှစ်တွင် ဆရာနှင်း,ဆရာတင်တို့ ဓမ္မမေဒိနီတိုက်သို့ ခွဲထွက်သွားပြီးနောက် နှောကူးတို့ ဒေါ်ဒေါ်ဝိ၊ ဒေါ်ဒေါ်နု၊ ဒေါ်ဝိစာရီ၊ ဒေါ်နန္ဒစာရီတို့ကို စာဝါများခွဲဝေပို့ချစေသည်။ စစ်ကြီးပြီး၍ ဓမ္မသကစာသင်တိုက်ကြီးကို ပြာပုံဘဝမှပြန်လည် ဦးမော့လာအောင် အစွမ်းကုန်ကြိုးစား လုပ်ကိုင် လာသည်။ စိတ်ဓာတ်မကျ၊ မတွေဝေ၊ သူတစ်ပါးအားမကိုးဘဲ အားထုတ်သည်၊ တပည့်တွေကို သာသနာ မျိုးစေ့များ၊ မေတ္တာဓာတ်များ၊ သည်းခံစိတ်များ ရိုက်သွင်းပေးသည်။ ဒေါ်ဇေသီရိ၊ ဒေါ်ဒေါ်သန်းတို့ကို စာဝါများခွဲဝေပေးသည်။ ထို့ကြောင့် ပညာတော်၍ ထူးချွန်ထက်မြက်သော တပည့်များ၊ ဓမ္မာစရိယ အောင်မြင်သူများ ပေါ်ထွက်လာခဲ့သည်။

ကြည်ညိုဖွယ်ရာကုသိုလ်ရေးမှာ သင်္ကြန်ရောက်တိုင်း လယ်တီတိုက်တွင်းဘုန်းတော်ကြီးကျောင်း များနှင့် နီးစပ်ရာ သပြေပင်တောရ, စန်းမြရောင်ခြည်, သုခဝတီ, ရွှေတမာ, ရွှေဂူ, အရှေ့လယ်တီ စသောကျောင်းတိုက်များသို့ သောက်ရေအိုးများ, ရေစစ်များ နှစ်စဉ်သွားရောက်လှူဒါန်းသည်။ ဝါဆို ဦးနှင့် ဝါကျွတ်လျှင်လည်း အမြဲသွားရောက်လှူဒါန်း ကန်တော့၍ ဩဝါဒခံယူသည်။ လယ်တီ ပဝါရဏာပွဲ တွင် နှစ်စဉ် စတုမဓုကျိုချက်ပြီး ကိုယ်တိုင်ဆက်ကပ်လှူဒါန်းသည်။

ဆရာတော်ဦးဉာဏ လယ်တီဓမ္မာနန္ဒကျောင်းသီတင်းသုံးစဉ် အရုဏ်ဆွမ်းနေ့စဉ် ပို့လှူသည်။ မိုးညှင်းဆရာတော်နှင့် စစ်ကိုင်းမဟာဝိဇ္ဇောဒယဆရာတော်တို့ကိုလည်း ကြွတိုင်းသွားရောက် ကန်တော့၍ ဩဝါဒခံယူသည်။ နှစ်စဉ်မွေးနေ့ရောက်တိုင်း သံဃာတော်များ၊ သီလရှင်များ၊ ဧည့်သည်များကို ဆွမ်းကျွေးမဲဖောက်ကုသိုလ်ပြုသည်။ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းသည်။ တစ်နေ့လျှင် ၄-ကြိမ် ၅-ကြိမ်မျှ ဘုရားရှိခိုး ဝတ်တက်ဝတ်ကပ်ပြု၍ ပုတီးစိပ်ပြီး အမြဲမေတ္တာပို့နေသည်။

ကျန်းမာရေးဂရုစိုက်ပြီး သန့်သန့်ရှင်းရှင်း သပ်သပ်ယပ်ယပ်နေတတ်ကာ တပည့်များကိုလည်း သန့်သန့်ရှင်းရှင်းနေမှ ကြိုက်သည်။ ကာလ,ဒေသ,ပုဂ္ဂလအရာဋ္ဌာနနှင့် ဆီလျော်အောင် ဆုံးမဩဝါဒပေး တတ်သည်။ တရားနှင့်အမြဲမွေ့လျော်ပျော်ပိုက်နေသဖြင့် အစားအသောက်မပျက် ရောဂါကြီးကြီးမားမား မဖြစ်ဘဲ အသက် ၉၀-အထိ ချမ်းချမ်းသာသာနေသွားခဲ့သည်။

ဒေါ်မမကြီး၏ ဆွေစဉ်မျိုးဆက်အဖြစ် မြေးမြစ်တီတွတ်များ တွေ့မြင်နိုင်သေးသည်။ ဦးကံဆင့်၊ ဒေါ်လုစံတို့မှ နီလာဝင်းနှင့် စန္ဒာဝင်း၊ သမီးနှစ်ယောက်မှာ မြေးမများဖြစ်သည်၊ ဦးခင်မောင်ဆန်း+ ဒေါ်နီလာဝင်းတို့မှ ဖြိုးဝေလွင်၊ တိုးဝေလွင်၊ ဥက္ကာလွင်၊ စည်သူလွင်နှင့် သမီးဆုထူးလွင်တို့ ပေါ်ပေါက် ခဲ့သည်။

ဦးထွန်းငြိမ်း+ဒေါ်တင်ကြည်မှ ဘိုနီ၊ ရွှေမြ၊ ရွှေခ၊ (မပညာသိဂီ)သားသမီးသုံးယောက် ထွန်းကားပြီး ဒေါ်မမကြီး၏မြေးများဖြစ်သည်။ ဦးလှထွန်း+ဒေါ်ရွှေမြမှ နုနုအေး၊ ရဲနိုင်ထွန်း၊ မရောက် (မကေသာရီ)၊ ဇွဲနိုင်ထွန်း တို့မွေးဖွားခဲ့သည်။ ကိုချစ်မောင်မောင် + မနုနုအေးတို့မှ သရဖီမောင်၊ သိမ့်နဒီမောင်၊ နေခြည် ရွှန်းလဲ့မောင်- ဟု သမီးသုံးယောက် ထွန်းကားပေါ်ပေါက်ခဲ့သည်။ ဆွေမျိုးစပ်က ဒေါ်မမကြီး၏ “တီမ” သုံးယောက်ဟု ပြောရပေမည်။

စာရေးသူ (ဦးဂမ္ဘီရပုဒ္ဓိ)ကား ဒေါ်မမကြီး၏တူမ ကုလားမ(ခ)မတင်မြင့်မှ ဖွားမြင်သောမြေးဖြစ် ၍ လက်ရှိအနေအထားအရ အမျိုးထဲကအကြီးဆုံးဖြစ်သည်။ ၁။ ဦးဂမ္ဘီရ (ဓမ္မာစရိယ)၊ ၂။ ဒေါ်ပညာ သိဂီ (ဓမ္မာစရိယ)၊ ၃။ မကေသာရီ (ဓမ္မာစရိယ- သာသနာ့တက္ကသိုလ်) ၃ပါးသာလျှင် ဒေါ်နန္ဒစာရီ (ခ) ဒေါ်မမကြီး၏သာသနာ့အမွေကို ခံယူထိန်းသိမ်းလျက်ရှိကြသည်။ အနယ်နယ် အရပ်ရပ်မှ သဒ္ဓမ္မအမွေကို ပန်ဆင်ဆက်ခံကြသော သီလရှင် သူတော်စင်များကား ပျားပန်းခတ်မှ ပေါများလှချေ၏တကား။



## ဆရာကြီး ဒေါ်သာရီ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆရာလေးဒေါ်သာရီသည် ၁၂၅၂-ခုနှစ် တပို့တွဲလပြည့်၊ သောကြာနေ့တွင် မုံရွာမြို့နယ် နဘဲသာရွာတွင် ဖွားမြင်သော တစ်ဦးတည်းသော သမီးရတနာဖြစ်သည်။ ဖခင်မှာ နဘဲသာရွာ ဇာတိဖြစ်ပြီး၊ ဒေါ်နန္ဒစာရီ(ခ)ဒေါ်မမကြီး၏ ဖခင်နှင့်ညီအစ်ကိုအရင်း ဖြစ်သည်။ မိခင်မှာ ဒေါ်ငြိမ့်ဖြစ်ပြီး ဆရာလေး၏ငယ်နာမည်မှာ လပြည့်နေ့ ဖွားမြင်သောကြောင့် မပြည့်-ဟုခေါ်သည်။

၁၂၆၁-ခုနှစ် ၉-နှစ်အရွယ်တွင် အစ်မဖြစ်သူ ဒေါ်နန္ဒစာရီ(ခ)ဒေါ်မမကြီးနှင့်အတူ မင်းကွန်း တောင်ရိုးဂူကလေးချောင်၌ ဒေါ်သောရီ(ခ)ဆရာထပ်၏တပည့်အဘိဓမ္မာနိုင်နင်းသော အင်းဝ ဆရာကြီးဒေါ်အိအထံမှာ သီလရှင်ဝတ်ကြသည်။ ဂူကလေးချောင် အနောက်တိုက်၌ အင်းဝဆရာကြီး ဒေါ်အိက အဘိဓမ္မာစာဝါချ၍ ဂူကလေးအရှေ့တိုက်၌ မယ်ဝဏ္ဏကသဒ္ဒါစာဝါချ၍ ထိုဆရာများထံ စာဝါလိုက်သည်။ မင်းကွန်းတိပိဋကဆရာတော်ကြီး၏ သာသနာ့မယ်တော်ကြီးဒေါ်ဓမ္မစာရီလည်း အင်းဝဆရာကြီး ဒေါ်အိထံမှာစာတက်နေ၍ အတူစာသင်ခဲ့ကြသည်။

ဆရာလေးသည် အရပ်မြင့်မြင့် သွက်လက်ချက်ချာပြီး ဉာဏ်ကောင်းသည်၊ စာတော်ပြီး ကြည်ညို ဖွယ်ရှိပေသည်။ ၁၂၆၉-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသစ်ဆိမ့်ချောင်သို့ပြောင်းရွှေ့ပြီး "သဒ္ဒါတွင် မယ်ဝဏ္ဏ"ဟုထင်ရှားသော ဆရာကြီးမယ်ဝဏ္ဏထံ ဆက်လက်ပညာသင်ကြားခဲ့သည်၊ ဆရာကြီး ဒေါ်မာလာရီနှင့်အတူ စာဝါလိုက်ခဲ့ပြီး အတော်အတန်စာချနိုင်သည်အထိတတ်မြောက်ခဲ့သည်။

၁၂၇၂-ခုနှစ် အသက် ၂၀-အရွယ်တွင် အစ်မကြီး ဒေါ်မမကြီးနှင့်အတူ မုံရွာမြို့ မဟာလယ်တီတိုက် တွင် ပထမဆရာတော်ကြီး၏ ဘုန်းရိပ်ကံရိပ်အောက်၌ ဓမ္မသကသီလရှင်စာသင်တိုက်ကို တည်ထောင်ပြီး အုပ်ချုပ်ခဲ့ကြသည်။ တပည့်သီလရှင်များကို စာဝါများချပေးရင်း တစ်ဖက်မှလည်း ဒုတိယဆရာတော်လောင်းလျာ ဦးဉာဏောဘာသထံတွင် အထက်တန်းစာဝါကြီးများကို သင်ယူခဲ့သည်၊ အုပ်ချုပ်ရေးကို အကင်းပါးပါးနိုင်နိုင်နင်းနင်းအုပ်ချုပ်နိုင်သောကြောင့် တပည့်များက ချစ်ကြောက် ရိုသေကြသည်။

ဆရာနှင်း၊ ဆရာတင်တို့က ကြည်ညိုလေးစား၍ လစဉ်တစ်လ(၁ဝိ)လှူဒါန်း ထောက်ပံ့ကြသည်။ တတိယဆရာတော်လောင်းလျာ ဦးကုမာရနှင့်စာဝါအတူတက်၍ မောင်နှမအရင်းပမာ လွန်စွာ ခင်မင်ရင်းနှီးကြသည်။ ဆရာလေးဒေါ်သာရီ မမျှော်လင့်ဘဲသေဆုံးသွားသော အခါ တတိယဆရာတော် ဦးကုမာရက "ဩ ပူလိုက်တာ၊ ဘယ်အပူနဲ့မှ မတူဘူး၊ အဖေဆုံးသွားတုန်းကတောင် ဒီလောက် မပူခဲ့ဘူး၊ တူလေးကံလှိုင်ဖျားသေတော့ အစ်မလေးဆူမှာစိုးလို့ပူလိုက်တာရယ်၊ ဆရာလေးဒေါ်သာရီ အသေစောလို့ သာသနာအတွက်နှမျောပြီး ပူလိုက်တာ"ဟု ဝမ်းနည်းပက်လက်နှင့်မိန့်ရှာသည်။

ဓမ္မသကစာသင်တိုက်ကြီးကို သာသနာ့မျက်စိနှင့်ကြည့်၍ စာချဟောပြောဩဝါဒပေး စီမံအုပ်ချုပ်လျက်အားသွန်ခွန်စိုက်ကြိုးစား အားထုတ်ရင်း ၁၂၉၄-ခုနှစ် သီတင်းကျွတ် လပြည့်ကျော် (၁)ရက်နေ့ညဘုရားရှိခိုးအဆင်းတွင် ပိုးထိခဲ့သည်၊ ဒေါ်စိန်ရှိက မြွေဆိပ်များကို ပါးစပ်နှင့်ကုန်းစုပ်ခဲ့၍ နောင်တွင် အရွယ်မတိုင်ခင် သွားတွေကျွတ်ကုန်သည်။

ထိုခေတ်တုန်းက ဆေးဝါးမပြည့်စုံသည်ကတစ်ကြောင်း၊ ဆရာကောင်းမရှိသည်ကတစ်ကြောင်း၊ ဗဟုသုတနည်းပါးသည်ကတစ်ကြောင်းစသောအကြောင်းတို့ကြောင့် ၄-ရက်တိုင်တိုင် အကုသခံပါ သော်လည်း လက်လွှတ်လိုက်ရသည်။ မုံရွာမြို့၏ ပထမဦးဆုံး သီလရှင်စာသင်တိုက်ကြီးတစ်ခုကို မြေစမ်း ခရမ်းပျိုးအခြေအနေမှ မြို့မျက်နှာဖုံးဖြစ်အောင် ၂၂-နှစ်တိုင်တိုင် မနေမနားကြိုးစားတည်ထောင်ရင်း အသက် ၄၂-နှစ်အရွယ်ခပ်ငယ်ငယ်နှင့်ပင် တစ်ဘဝနိဂုံးချုပ်ခဲ့ရှာလေသည်။

ဆရာလေးဒေါ်သာရီမရှိတော့မှ ဆရာလေး၏အဒေါ် ဦးစံရ+ဒေါ်ဗန်းကြီးတို့သည် နဘဲသာမှ မုံရွာလယ်တီသို့ပြောင်းရွှေ့လာပြီး အစ်မဖြစ်သူဒေါ်ငြိမ်နှင့်အတူနေကြသည်။ ၁၂၉၇-ခုနှစ်တွင် သုခဝတီ ဆရာတော်ဦးဉာဏသီခ (၁၂၇၂-၁၃၄၁)ကို ဦးစံရ+ဒေါ်ဗန်းကြီးတို့က ရဟန်းဒကာအဖြစ်ခံယူ၍ ပစ္စယာနုဂ္ဂဟဖြင့် လှူဒါန်းပူဇော်ခဲ့ကြသည်။

စစ်ကြီးဖြစ်သောအခါ ဒေါ်ကျော်မိကခေါင်းဆောင်၍ ရွှေဘိုဘုန်းပွင့်ရွာသို့ စစ်ဘေးပုန်းရှောင် နေထိုင်ရင်း ဘုန်းပွင့်မှာပင် အနိစ္စရောက်သွားကြသည်။ ဘုန်းပွင့်သို့ ဦးဉာဏသီခနှင့် ညီမဒေါ်တင်ကြည် တို့သည်လည်း စစ်ရှောင်ရန်လိုက်ပါသွားခဲ့ကြသည်။ ဒေါ်တင်ကြည်သီလရှင်ထွက်သောအခါ ဒေါ်ကျော်မိ အစီအမံဖြင့် ဦးထွန်းငြိမ်းနှင့်အကြောင်းပါပြီး မောင်ဘိုနီ+မရွှေမြ+မရွှေခ (မပညာသိဂ္ဂီ)တို့ ထွန်းကားခဲ့သည်။ ၁၃၃၄-ခုနှစ်ဘိုနီသည် ညောင်လေးပင်တွင် တိုက်ပွဲကျပြီး ၁၃၃၅-ခုနှစ်၌ ဒေါ်တင်ကြည် သေဆုံး၍ ၅-လ အကြာတွင် ဦးထွန်းငြိမ်းအနိစ္စရောက်လေသည်။

---



## ဆရာကြီးဒေါ်နန္ဒမာလာ (ခေါ်) အမေနု၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ဆရာကြီးဒေါ်နန္ဒမာလာသည် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ နှောကူးတို့ရွာ၊ ဖခင်ကြီး ဦးဖိုးမင်း (ကျောင်းဆရာ)၊ မိခင်ကြီး ဒေါ်ရွှေခင်တို့မှ ၁၂၆၄-ခု၊ နတ်တော်လပြည့်ကျော် (၁၄)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်၊ ငယ်နာမည်မှာ မစိန်နုဖြစ်ပါသည်။

၁။ ဒေါ်စိန်နု (ခေါ်) ဒေါ်နန္ဒမာလာ

၂။ ဒေါ်စာရဝတီ ဟု မွေးချင်းနှစ်ယောက်ရှိသည်တွင် သမီးဦးရတနာဖြစ်ပါသည်။ ငယ်ရွယ် စဉ်က နှောကူးတို့ရွာကျောင်းတွင် အခြေခံလောကီပညာများကို သင်ယူ၍ ၁၂၈၂-ခုနှစ် အသက် (၁၈)နှစ်သမီးအရွယ်တွင် မုံရွာမြို့ မဟာလယ်တီဓမ္မသကစာသင်တိုက် ဆရာကြီးဒေါ်နန္ဒစာရီ (ကြီးကြီး)၊ ဒေါ်သာရီ (ဆရာလေး)တို့ကို ဥပဇ္ဈာယ်ပြု၍ သီလရှင် အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာကြီးသည် လောကုတ္တရာစာပေများကို မုံရွာမြို့ မဟာလယ်တီတိုက် ဒုတိယလယ်တီ ဆရာတော်စသော ဆရာတော်အထံ၌လည်းကောင်း၊ ဓမ္မသကစာသင်တိုက် ဆရာကြီးဒေါ်သာရီ၊ ဒေါ်ဒေါ်ဝိစသော ဆရာတို့အထံ၌လည်းကောင်း သင်ယူဆည်းပူးခဲ့ပါသည်။

### အများပြည်သူတို့၏ ကြည်ညိုစရာလုပ်ဆောင်ချက်များ

ဆရာကြီးသည် သတိတရား၊ ဝီရိယတရား လွန်စွာအားကောင်းသည်၊ ဂုဏ်တော်ကိုလည်း အချိန်ရသလောက် ပွားလေ့ရှိသည်၊ တပည့်သီလရှင်များတို့အားလည်း မိခင်စိတ်ဓာတ်အပြည့်ဖြင့် ဆုံးမလေ့ရှိသည်၊ ရသမျှရှိသမျှနှင့်သာ ရောင့်ရဲတင်းတိမ်နိုင်ခြင်း၊ သန္တုဋ္ဌိဂုဏ်နှင့်လည်းပြည့်စုံသည်၊ ဒကာ၊ ဒကာမ များကိုလည်း တရားဓမ္မများ ဟောပြလေ့ရှိပါသည်၊ နှစ်စဉ် ဝါဆိုသင်္ကန်း၊ မွေးနေ့ဆွမ်း များကိုလည်း ဆက်ကပ်လေ့ရှိပါသည်၊ ကထိန်အလှူဒါနကိုလည်း ကထိန်မရသောကျောင်းတိုက်ရှာပြီး အသက် ၆၀-ကျော်မှ စ၍ သေသည့်နှစ် ၉၀-တိုင်အောင် လှူဒါန်းသွားခဲ့ပါသည်။

---



## ဆရာကြီး ဒေါ်သေီရိ (ခေါ်) ဒေါ်ဒေါ်ကြည်၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆရာကြီး ဒေါ်သေီရိသည်စစ်ကိုင်းတိုင်း၊ ဆာလင်းကြီးမြို့နယ်၊ နှောကူးတို့ရွာ၊ ဖခင်ကြီး ဦးဖိုးစု (လှေသူကြီးကုန်သည်)နှင့် မိခင်ကြီး ဒေါ်ငွေတိုး (စက်ချုပ်ဆရာမကြီး)တို့မှ ၁၂၈၇-ခု၊ နှောင်းတန်ခူး လဆန်း (၅)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်၊ ငယ်နာမည်မှာ မကြည်ဟုခေါ်ဆိုခဲ့သည်။

၁။ ဦးကြွယ် (ကျောင်းဆရာ)

၂။ ဒေါ်ကြည် (ခ) ဒေါ်သေီရိဟု မွေးချင်းနှစ်ယောက်ရှိသည်တွင် ဒုတိယမြောက်သမီးရတနာ ဖြစ်သည်။ ငယ်စဉ်က နှောကူးတို့ရွာကျောင်းတွင် အခြေခံပညာများကို သင်ယူ၍ ၁၂၈၈-ခုနှစ်တွင် မုံရွာမြို့ မဟာလယ်တီဓမ္မသကစာသင်တိုက် နာယကဆရာကြီး ဒေါ်နန္ဒစာရီ (ကြီးကြီး)၊ ဒေါ်သာရီ (ဆရာလေး)တို့ကို ဥပဇ္ဈာယ်ပြု၍ သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာကြီးသည်လောကုတ္တရာစာပေပညာများကို မုံရွာမြို့ မဟာလယ်တီတိုက်ခိုးသန်းဆရာတော်၊ မုံရွာမြို့ မဟာလယ်တီတိုက် အင်္ဂမလယ်တီဆရာတော် ဦးက္ကန္ဒက (အဂ္ဂမဟာပဏ္ဍိတ)၊ မုံရွာမြို့ မဟာ လယ်တီတိုက် နဝမလယ်တီဆရာတော် ဦးကေလာသ (အဂ္ဂမဟာပဏ္ဍိတ)၊ မုံရွာမြို့ မဟာလယ်တီတိုက် ဦးရေဝတ (သိရီပဝရဓမ္မာစရိယ)၊ ဦးဝိမလ (သိရောမဏိ၊ နိုင်ငံခြားသာသနာပြု) ဆရာတော်တို့ အထံ တော်၌လည်းကောင်း၊ ဓမ္မသကစာသင်တိုက် ဆရာကြီးဒေါ်သာရီ၊ ဒေါ်နန္ဒမာလာ၊ ဒေါ်ဒေါ်ဝိ၊ ဒေါ်စန္ဒာရီ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊ (နောင်တွင် ဓမ္မမေဒိနီ သီလရှင်တိုက်၊ ဒုတိယမြောက် နာယက ဆရာကြီး)၊ အထံ၌လည်းကောင်း ပရိယတ္တိစာပေများကို ပထမကြီးတန်း အောင်မြင်သည်အထိ၊ လေ့လာဆည်းပူးခဲ့ပါသည်။

# အများပြည်သူတို့၏ ကြည်ညိုစရာ လုပ်ဆောင်ချက်များ

ဆရာကြီးသည် မေတ္တာအား, ခန္တီအားကောင်းသူဖြစ်သည်၊ တပည့်သီလရှင်များကိုလည်း ဒေါသ မဖက် မေတ္တာသက်၍ အေးဆေးတည်ငြိမ်စွာ ဆုံးမဩဝါဒပေးလေ့ရှိပါသည်၊ ၁၃၂၅-ခုနှစ်မှစ၍ နှစ်ပေါင်းလေးဆယ်ကျော် တပည့်သီလရှင်တို့အား လက်ဆင့်ကမ်း၍ ပရိယတ္တိစာပေများကို သင်ကြား ပို့ချသွားပါသည်၊ သံဃာတော်များသီတင်းသုံးရန် နှစ်ထပ်ကပ်ကျောင်းတစ်ဆောင်နှင့် ယခုနဝမ ဆရာတော်ဘုရား သီတင်းသုံးရာ ဗောဓိပက္ခိယတိုက်ကျောင်းဆောင် အောက်ထပ်တို့ကို သဒ္ဓါ ထက်သန်စွာဖြင့် လှူဒါန်းသွား ပါသည်။

----------------









# ဆရာကြီး ဒေါ်ဓမ္မထေရီ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

ဆရာကြီးဒေါ်ဓမ္မထေရီသည် မကွေးတိုင်း ရေစကြိုမြို့နယ် နွားထိမ်းကျေးရွာ ခမည်းတော် ဦးငွေထွန်း + မယ်တော် ဒေါ်နန်းရှိန်တို့မှ ၁၃၁၅-ခုနှစ် တပေါင်းလဆန်း (၆)ရက် စနေနေ့တွင် ဖွားမြင်ပါသည်၊ ဆရာကြီး၏ မွေးချင်းများမှာ-

၁။ ဦးရေဝတ၊ ၂။ ဦးဝင်းခင်၊ ၃။ ဦးဝင်းကြင်၊ ၄။ မဝင်းကြည်၊ ၅။ ဒေါ်ဓမ္မထေရီ၊ ၆။ မညိုရင် ဟူ၍ မွေးချင်း (၆)ယောက်ရှိပါသည်။

## သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ရောက်ရှိခြင်း

ဆရာကြီးသည် ၁၃၂၉ ခုနှစ် ပြာသိုလဆန်း (၃) ရက်နေ့တွင် မကွေးတိုင်း ရေစကြိုမြို့ ထန်းကိုးပင် သီလရှင်စာသင်တိုက် တိုက်အုပ်ဆရာကြီး ဒေါ်ပါရမီကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် သီလရှင်အဖြစ်သို့ရောက်ရှိတော်မူပါသည်။

## စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ဆရာကြီးသည် မကွေးတိုင်း ရေစကြိုမြို့နယ် နွားထိမ်းရွာတွင် မူလတန်းပညာများကို သင်ယူဆည်းပူးခဲ့ပြီးနောက် ဆရာကြီး ဒေါ်ပါရမီထံ၌ လောကုတ္တရာအခြေခံ စာများကို သင်ယူဆည်းပူးခဲ့ပါသည်။ ထို့မှတစ်ဆင့် ၁၃၃၅-ခုနှစ်၌ ဆရာကြီးဒေါ်ဓမ္မဝတီက တာဝန်ခံပြီး မုံရွာမြို့ မဟာလယ်တီဓမ္မသက စာသင်တိုက်သို့ ရောက်ရှိခဲ့၍ ဆရာကြီး ဒေါ်ဓမ္မဝတီ၊ ဒေါ်ဣန္ဒာစာရီ၊ ဒေါ်ဇသီရိ၊ ဒေါ်ဣန္ဒာရီ တို့အထံ၌လည်းကောင်း၊ မဟာလယ်တီတိုက် အဋ္ဌမလယ်တီဆရာတော်၊ နဝမလယ်တီဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော်ဦးရေဝတ၊ ဦးဝိမလ (သိရောမဏိ၊ အမေရိကန်သာသနာပြု)၊ အရှေ့လယ်တီတိုက် ဦးသေဋ္ဌိလ(မဟာဂန္ထဝါစကပဏ္ဍိတ) တို့အထံတော်၌လည်းကောင်း ပါဠိတော် အဋ္ဌကထာ ဋီကာများကို သင်ယူဆည်းပူးခဲ့ပါသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ဆရာကြီးသည် လယ်တီတိုက်ကြီး၏ အခြေခံ စာမေးပွဲများကိုလည်းကောင်း၊ ပထမပြန် စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကိုလည်းကောင်း အောင်မြင်တော်မူပါသည်--



## စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာကြီးသည် ဓမ္မသကစာသင်တိုက် သီလရှင်ဆရာလေးများ၏ အခြေခံပါဠိစာပေများနှင့် ပထမလတ်တန်း ယမက ဘာသာရပ်တို့ကို အားသွန်ခွန်စိုက် သင်ကြားပို့ချတော်မူပါသည်။

## သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာကြီးသည် ၁၃၆၁-ခုနှစ်မှစ၍ မဟာလယ်တီ ဓမ္မသကစာသင်တိုက်ကြီး၏ စတုတ္ထ ပဓာန နာယကဆရာကြီး အဖြစ်ဖြင့်ခံယူ၍ တပည့်သီလရှင်ပေါင်း တစ်ရာကျော်တို့အား သာသနာပြု လုပ်ငန်းနှင့်ပတ်သက်၍ ဩဝါဒလမ်းညွှန်ပြလျက် ရှိပါသည်။ ထို့ပြင် ၁၃၅၈-ခုနှစ်မှ စ၍ ယနေ့တိုင်အောင် မြို့နယ်သီလရှင်အမှုဆောင် အဖြစ်ဖြင့်လည်း သာသနာပြုတော်မူပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်ရည်များ

ဆရာကြီးသည် ငယ်စဉ်မှစ၍ ငြိမ်သက်အေးချမ်းမှုကို လိုလားတော်မူသည်။ ခမာဂုဏ်၊ ဇာဂရိယ စသော ဂုဏ် တို့နှင့်လည်း ပြည့်စုံတော်မူ၏။ စားသောက်နေထိုင်မှုများ၌ သန္တုဋ္ဌိ သလ္လေခတရားနှင့် ပြည့်စုံစွာ နေထိုင်တော်မူပါသည်။ ထိုသို့ အေးဆေးငြိမ်သက် စိတ်ဓာတ်ဖြောင့်ဖြူးတော်မူသောကြောင့် ပုဂ္ဂိုလ်မရွေး၊ လူမျိုးမရွေး ကြည်ညိုမှုကို ရရှိတော်မူသည်။ ဆရာကြီးသည် ပစ္စည်းလာဘ်လာဘ၌ တပ်မက်တွယ်တာမှုနည်းပါး တော်မူ၏။ ရသမျှ ပစ္စည်းများ ထိုက်သလိုခွဲခြမ်းစိတ်ဖြာ၍ လှူဒါန်း လေ့ရှိပါသည်။ ဤကဲ့သို့ ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်ရည်များနှင့် ပြည့်စုံသူဖြစ်ပါသည်။

-----------------



# ဒေါ်တိက္ခဝတီ (အဂ္ဂမဟာအကျော်)၏ အတ္ထုပ္ပတ္တိအကျဉ်း

စစ်ကိုင်းတိုင်း၊ အထက်ပိုင်း ဟုမ္မလင်းမြို့နယ်၊ ဟူနောင်ရွာ ကုန်သည်ကြီး အဘဦးရင်မောင်+အမိဒေါ်ဒေါ်ပုံတို့မှ ၁၃၁၉-ခုနှစ် ဝါဆိုလဆန်း(၃)ရက် စနေနေ့တွင် သမီးဦးလေး နန်းခင်မြကို မီးရှူးသန့်စင်ဖွားမြင်ခဲ့သည်။ အဂ္ဂမဟာအကျော်ဘွဲ့ပိုင်ရှင် ဒေါ်တိက္ခဝတီ အလောင်းအလျာ၏ ပွဲဦးထွက်နိဒါန်းအစပင်ဖြစ်သည်။ မွေးချင်း (၉)ယောက်တွင် အကြီးဆုံးဖြစ်သည်။

မွေးချင်းများမှာ (၁) နန်းခင်မြ၊ (၂) နန်းခင်လှ၊ (၃) နန်းစံခမ်း၊ (၄) နန်းပန်းမြင့်၊ (၅) နန်းရွှေမေ၊ (၆) နန်းခမ်းနွယ်၊ (၇) နန်းထွေးစိုး၊ (၈) စိုင်းအောင်ထွန်းကျော်၊ (၉) စိုင်းအောင်နိုင်ထွေးတို့ ဖြစ်ကြပေသည်။

သမီးဦးပီပီ မိသားစုတာဝန်ကို ကူညီသယ်ပိုးဆောင်ရွက်ရင်း ညီမငယ်၊ မောင်ငယ်များ၏ ဘဝ ရှေ့ရေးကို ဦးစားပေး အနစ်နာခံကာ အဋ္ဌမတန်းအရောက်တွင် ကျောင်းထွက်လိုက်သည်။ ၁၄-နှစ် သမီးအရွယ် ၁၃၃၃-ခုနှစ်တွင် ကျောင်းထွက်အပြီး မန္တလေးမြို့သွားကာ စက်ချုပ်ပညာသင်ယူခဲ့သည်။ မောင်ငယ်၊ ညီမငယ်တို့၏ ပညာရေးနှင့်မိသားစု စားဝတ်နေရေးကို ဈေးရောင်း စက်ချုပ်ဖြင့် ကူညီ ထောက်ပံ့ပေးခဲ့သည်။

အတိတ်ကံ ပါရမီစွမ်းအားကြောင့် လောကီအာရုံ၌ အားမကျ၊ ဘာသာရေးကိုသာ စိတ်ပါဝင်စားပြီး ပရိတ်, ပဋ္ဌာန်း, ဆုံးမစာများ, သံဝေဂကဗျာများကိုပဲ လေ့လာကျက်မှတ်နေသည်။ အသက် ၂၀-နှစ်တွင်မဟာစည်နယ်လှည့်ဓမ္မကထိကဆရာတော်များ၏ တရားဓမ္မကိုနာကြားရ၍ အကျိုးပေးချိန် ရောက်လာပြီး မိဘများကိုခွင့်တောင်းကာ မြင့်မြတ်သော သီလရှင်ဘဝသို့ တက်လှမ်းနိုင်ခဲ့သည်။

၁၃၄၀-ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်နေ့တွင် မုံရွာမြို့ မဟာလယ်တီ ဓမ္မသကသီလရှင် စာသင်တိုက်၊ တိုက်အုပ်ဆရာကြီး ဒေါ်နန္ဒမာလာ (ခ) ဒေါ်ဒေါ်နုကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ ကောင်းစွာရောက်ရှိခဲ့သည်။ ထက်မြက်သော စနေသမီးဖြစ်၍ မတိက္ခဝတီဟု ဘွဲ့အမည်ရခဲ့သည်။

သီလရှင်ဖြစ်သည့်နှစ်မှာ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာတွင် ပဋိပတ်လုပ်ငန်းကို စိတ်အားထက်သန်စွာ (၂)လတိတိ ကြိုးစားရှုမှတ်ပွားများအားထုတ်ခဲ့သည်။ ဝိပဿနာဖြင့် စိတ်အညစ်အကြေးကို သုတ်သင်ရှင်းလင်းပြီး စင်ကြယ်အားကောင်းသောအခါ သမာဓိခိုင်ခိုင်ဖြင့် စာပေကို လေ့လာ သင်ယူ ကြိုးစားမှု စနစ်ကောင်းများကြောင့် အဂ္ဂမဟာအကျော်ကို ဆွတ်ခူးနိုင်လေရော့သလားဟု သတိပြုစရာပင်။

ဆရာလေးမတိက္ခဝတီသည် ပရိယတ္တိစာပေသင်ယူရာ၌လည်း ဆရာကောင်းများကို အမှီရခဲ့သည်။ မုံရွာမြို့ မဟာလယ်တီ အဌမဆရာတော် ပဌာန်းဦးကုန္ဒက (သာသနဓဇသိရီပဝရဓမ္မာစရိယ)၊ မဟာ လယ်တီ နဝမဆရာတော် ဘဒ္ဒန္တကေလာသ (ဝိနယပါဠိပါရဂူ-အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တရေဝတ (ဦးညီညီအောင် သာ, သီ, ဓ)၊ ဘဒ္ဒန္တကုမာရ၊ ဘဒ္ဒန္တဝိမလ (သိရောမဏိ၊ ကမ္ဘာ့သာသနာပြု)၊ ဘဒ္ဒန္တလက္ခဏ၊ ဘဒ္ဒန္တသုမနာဘိဝံသ (စ-အ-ဓမ္မာစရိယ)၊ ဘဒ္ဒန္တဥတ္တမသာရ၊ အရှေ့လယ်တီ ဘဒ္ဒန္တ ပညာဝံသ (သာ-သီ-ဓ)၊ ဘဒ္ဒန္တသေဋ္ဌိလ (မဟာဂန္ထဝါစကပဏ္ဍိတ)တို့ထံ စာပေသင်ယူခဲ့သည်။

ဓမ္မသကသီလရှင်စာသင်တိုက် နာယကဆရာကြီး ဒေါ်နန္ဒမာလာ၊ စာချဆရာကြီးများ ဖြစ်ကြသော ဒေါ်ဇသီရိ၊ ဒေါ်ကုန္ဒာရီ၊ ဒေါ်နန္ဒာရီ၊ ဒေါ်ဇောရီ၊ ဒေါ်ဓမ္မဝတီ၊ ဒေါ်ကုန္ဒာစာရီ (ပထမကျော်၊ ဓမ္မာစရိယ)၊ စစ်ကိုင်းမြို့ ဇေယျာသိဒ္ဓိချောင် နာယကဆရာကြီး ဒေါ်ပုဏ္ဏမိ (သာ-သီ-ဓ တိုင်းဥက္ကဋ္ဌ) စသော စာချအကျော်ဆရာကြီးများ၏ စာပေအယူအဆများကိုလည်း လက်ဆုပ်လက်ကိုင် ရရှိခဲ့သည်။

ဆရာလေးမတိက္ခဝတီ အောင်မြင်ခဲ့သော စာမေးပွဲများမှာ ၁၃၄၂-ခုနှစ်တွင် အဘိဓမ္မာစာမေးပွဲ ပထမဆင့် နှင့် ဒုတိယဆင့်၊ ၁၃၄၃-ခုနှစ်တွင် နိဒါနသံယုတ်မြန်မာပြန်ကိုလည်းကောင်း၊ မဟာလယ်တီ ပရမတ္ထသံခိပ်စာမေးပွဲ ပ-ဒု-တ(၃)ဆင့်လုံးကို (ပထမဂုဏ်ထူး)ဖြင့်လည်းကောင်း၊ စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင် သာသနောဒယ သာသနာ့တံခွန် ပရိယတ္တိစာမေးပွဲ ပထမငယ်တန်း (တတိယ ဂုဏ်ထူး)နှင့် အစိုးရပထမငယ်တန်းတွင် (နိုင်ငံကျော်ပထမဂုဏ်ထူး)ဖြင့် အောင်မြင်ခဲ့သည်၊ ဤကား အဝိဒူရေနိဒါန်း၏ ကောင်းခြင်းဟု ဆိုလောက်ပါပေသည်။

၁၃၄၄-ခုနှစ်တွင် ပရမတ္ထသံခိပ်ဂုဏ်ထူးဆောင်တန်းပထမဆင့်၌ (ပထမဂုဏ်ထူး)၊ စစ်ကိုင်းတိုင်း သာသနာ့တံခွန် စာမေးပွဲ ပထမလတ်တန်းကို (ပထမဂုဏ်ထူး) နှင့် အစိုးရပထမလတ်တန်းကို အောင်မြင်ခဲ့သည်။ ၁၃၄၅-ခုနှစ်တွင် ပရမတ္ထသံခိပ်ဂုဏ်ထူးဆောင်တန်းဒုတိယဆင့်၌ (ဒုတိယဂုဏ်ထူး)၊ စစ်ကိုင်းတိုင်း သာသနာ့တံခွန် စာမေးပွဲ ပထမကြီးတန်းကို (ဒုတိယဂုဏ်ထူး)ဖြင့်လည်းကောင်း၊ ၁၃၄၆-ခု ဗုဒ္ဓဘာသာယဉ်ကျေးမှု (၃)ဘာသာတွင် (ပထမဂုဏ်ထူး)နှင့် အစိုးရပထမကြီးတန်းကို လည်းကောင်း အောင်မြင်ခဲ့သည်။

၁၃၄၉-ခုနှစ်တွင် ဓမ္မာစရိယတန်း သီလက္ခန်ကျမ်းကိုအောင်မြင်ပြီး ၁၃၅၁-ခုတွင် ပါရာဇိကဏ်နှင့် ဓမ္မသင်္ဂဏီ ၂-ကျမ်းလုံး အောင်မြင်ကာ ဓမ္မာစရိယကျမ်းပြီး(ပထမဂုဏ်ထူး) ဖြင့် အောင်မြင်ခဲ့သည်။ ဓမ္မာစရိယတန်းတွင် လူပုဂ္ဂိုလ်နှင့် သီလရှင်များအားလုံး၌ ဆရာလေး ဒေါ်တိက္ခဝတီ က အမှတ်အများဆုံး ဂုဏ်ထူးဖြင့်အောင်မြင်၍“ သာသနဓဇဓမ္မာစရိယ-အဂ္ဂမဟာအကျော်” သီလရှင် ဘွဲ့ထူးကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့ပါသည်။

ဆရာလေး ဒေါ်တိက္ခဝတီကား ပထမငယ်တန်းနှင့် ဓမ္မာစရိယတန်းအစအဆုံး ၂-တန်းကို နိုင်ငံကျော်ဘွဲ့ထူး ၂-ခုဖြင့် အောင်မြင်ခဲ့ခြင်းသည် စနေစ စနေပိတ်နှင့် တိက္ခဝတီဟု ဘွဲ့ပေးခဲ့သော စနေနံဆရာကြီး ဒေါ်နန္ဒမာလာ၏ အမြော်အမြင်လားဟုပင် တွေးထင်မိပေသည်။

ယခုအခါဆရာလေး ဒေါ်တိက္ခဝတီသည် ဓမ္မသကသီလရှင်စာသင်တိုက်၌ စာပေ သင်ကြား ပို့ချပေးခြင်း၊ ဩဝါဒပေး ဆုံးမ ညွှန်ကြားခြင်း၊ ပဓာန နာယကဆရာကြီး ဒေါ်ဓမ္မထေရီနှင့် တိုင်ပင်ညီညွတ် လက်တွဲပြီး တိုက်အုပ်အဖြစ် စီမံခန့်ခွဲ အုပ်ချုပ်လျက်ရှိပေသည်။

မိမိဘဝအတွက် အချိန်တိုင်း အကျိုးရှိအောင် အသုံးချနိုင်ခဲ့သည်။ တရားကျင့်ကြံအားထုတ်ခြင်း၊ တပည့်များအားလည်း တရားအားထုတ်စေရန် တရားစခန်းပွဲများ ပြုလုပ်ကျင်းပပေးခြင်း၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း ကပ်လှူဒါနပြုခြင်း၊ မိဘ[illegible]များအား လှူဒါန်းထောက်ပံ့ခြင်း၊ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စများကို ကျိုးကျိုးနွံနွံပြုလုပ်ခြင်းတို့ဖြင့် ဘဝအလှကို အလှဆင်နိုင်ပါပေသည်တကား။

---



# ဒေါ်ကုန္တာစာရီ (ပထမကျော်)၏ အတ္ထုပ္ပတ္တိအကျဉ်း

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့၌ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကိုင်းရှိုင်း၍ သီလ သမာဓိနှင့်ပြည့်စုံသော မြန်မာ့တိုင်းရင်း သမားတော်ကြီး ဆရာပြူးနှင့်ဒေါ်ဒေါ်တင်တို့တွင် သမီးရတနာ (၃)ဦးထွန်းကားခဲ့သည်။ ရှေးအတိတ် ပါရမီဓာတ်ခံအားကောင်းချီးမြှောက်၍ သမီး (၃)ယောက်လုံး သာသနာနွယ်ဝင်သီလရှင်ဘဝသို့ ရောက်ရှိခဲ့ကြသည်။

အကြီးဆုံး ဒေါ်ကဥ္စန၊ အလတ်ဒေါ်ခေမာစာရီ (နတ်လာပို့)နှင့် အငယ်ဆုံး ပထမကျော် လောင်းလျာ ဒေါ်ကုန္တာစာရီ တို့ဖြစ်ကြပါသည်။ မိဘများထက် သဒ္ဓါ သီလ စာဂ ပညာ သာလွန်မြင့်မြတ်သော အတိဇာတသမီးရတနာများ ဖြစ်ကြပါသည်။

ပထမကျော်လောင်းလျာ ဒေါ်ကုန္တာစာရီသည် ၁၂၈၇-ခုနှစ်၊ ဆောင်းရာသီ နတ်တော်လဆန်း ၁၂-ရက် တနင်္ဂနွေနေ့ ကောင်းမြတ်သော ချိန်ခါသမယတွင် ဖွားမြင်ခဲ့သော သမီးရတနာဖြစ်ပါသည်၊ မျက်နှာကြည်လင်ရွှင်ပျ၍ ရူပနိကာယ သန့်ရှင်းတင့်တယ်ပြီး အသံကြားသနား-မျက်နှာမြင်ချစ်ခင် ဆိုသော စာဆိုနှင့်ကိုက်ညီအောင် ပါရမီထူးသူလေးဖြစ်သည်။

သီလရှိ-သမာဓိ ဣန္ဒြေရင့်ကျက်သော မိဘနှစ်ပါးနှင့် အစ်မကြီးတို့၏ အဆုံးအမ မေတ္တာရိပ် အောက်မှာ ကြီးပြင်းလာခဲ့ရ၍ စိတ်ထားနူးညံ့ကာဣန္ဒြေရှိလှပေသည်။ လူ့လောကီဘုံမလေ့ထက် သာသနာ့အရိပ်ကို ပိုမိုခင်တွယ် အားကျမိသည်။ အသက် ၁၂-နှစ်အရွယ် ၁၂၉၉-ခုနှစ် ဝါဆိုလဆန်း ၁-ရက် တနင်္ဂနွေနေ့တွင် မုံရွာမြို့ ငွေခရု အထည်စက်ပိုင်ရှင် ဒေါ်တင်ဦးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့သည်။

ဥပဇ္ဈာယ်သီလရှင်ဆရာကြီးမှာ မုံရွာမြို့ မဟာလယ်တီ ခမ္မေသကသီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယကတိုက်အုပ်ကြီး ဒေါ်မမကြီး (ခ) ဒေါ်နန္ဒစာရီဖြစ်ပြီး သီလရှင်ဘွဲ့အမည် ဒေါ်ကုန္တာစာရီ အဖြစ်သို့ ရောက်ရှိခဲ့သည်၊ အခြေခံစာပေများကို ပျော်ရွှင်ကြည်နူးစွာကျက်မှတ်လေ့လာခဲ့သည်။ ဒေါ်ပညာဝတီ၊

ဒေါ်ကုန္တမာလာ၊ ဒေါ်ဝိလာသီတို့ထံမှ နည်းနာနိဿယကို စနစ်တကျ သင်ယူလေ့လာပြီး ပါဠိပထမပြန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ပထမငယ်တန်းကို ၁၃၀၂-နှစ်တွင် စတင်အောင်ပွဲ ဆင်နိုင်ခဲ့သည်။

ပထမငယ်အောင်မြင်ပြီး နောက်ပိုင်းတွင် ကျန်းမာရေးချို့တဲ့ကာ စာဖြေခါနီးတွင် ရောဂါနှိပ်စက်၍ အကြိမ်ပေါင်းများစွာ စာမဖြေနိုင်ခဲ့ပေ၊ သို့သော် မလျှော့သောဇွဲဖြင့် အထူးကြိုးစားကာ ခိုးသန်း ဆရာတော် ဦးသီဟာဓိပတိ၊ မဟာလယ်တီ ပဌာန်း ဦးကုန္တက၊ အရှေ့လယ်တီဆရာတော် ဦးဉာဏိန္ဒတို့ ထံတွင် စာပေသင်ယူအားထုတ်ခဲ့သည်။ ဝီရိယအကျိုး ကံထက်ဝက်ဆိုသကဲ့သို့ ကြိုးစား အားထုတ်မှုကြောင့် ၁၃၁၆-ခုနှစ်တွင် ပထမလတ်တန်းကို လွယ်လင့်တကူအောင်မြင်ခဲ့သည်။

ဖြစ်သမျှအကြောင်း အကောင်းကြီးမှတ်ပါဟု ဆိုသကဲ့သို့ မကျန်းမာ၍ အလတ်တန်းစာပေကို မလျှော့သောဇွဲဖြင့် အကြိမ်ကြိမ်ကြိုအားထုတ်ခဲ့၍ စာပေကိုအထူးနိုင်နင်းကျွမ်းကျင်ခဲ့သည်။ ဆရာသမား တို့၏ နည်းစနစ်များကို ဇွဲကောင်းကောင်းနှင့် ကြိုးစားနိုင်ခဲ့သဖြင့် ၁၃၂၁-ခုနှစ်တွင် မဟာလယ်တီ သဒ္ဓမ္မပါလ ပထမကြီးတန်းကိုလည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ပထမကြီးတန်း၌ သီလရှင်များ အနက် အမှတ်များဆုံးဖြင့် နိုင်ငံကျော် ပထမကျော်ဘွဲ့ထူးကြီးကိုလည်းကောင်း ထူးထူးကဲကဲ ဝမ်းပန်း တသာရရှိနိုင်ခဲ့ပေသည်။

၁၃၃၀-ပတ်ဝန်းကျင်အချိန်အခါထိ အကျော်အမော်ရလိုမှုစိတ်ထားများ လွန်လွန်ကဲကဲ မရှိကြသေးပေ၊ ဆရာသမားများကလည်း တပည့်ကို အတန်းတိုင်းတွင် အကျော်ရအောင် ပိုးမွေးသကဲ့သို့ ဦးထိပ်တင်ပြုစုစောင့်ရှောက် ပံ့ပိုးပေးသော မတော်လောဘမျိုး မရှိကြသေးပေ ရိုးရိုးသားသား ကြိုးကြိုးစားစားနှင့်ဉာဏ်ဝီရိယ ကံအစွမ်းအစရှိသော ပုဂ္ဂလဝိသေသများသာ ထူးချွန်ရရှိသော တကယ့် အစစ်အမှန် ဘွဲ့ထူးဂုဏ်ထူးများသာဖြစ်သည်။ သူတော်ကောင်းများ စက်ဆုပ်ဖွယ်ကဲ့ရဲ့စရာ အကြံအဖန် များလည်း မထွန်းကားသေးပေ။

ဒေါ်ကုန္တာစာရီသည် နိုင်ငံကျော်ဘွဲ့ထူးကို ပန်ဆင်ရရှိပြီးသည့်နောက် ဆက်လက်ကြိုးစားကာ ဓမ္မာစရိယတန်းကို ဝင်ရောက်ဖြေဆိုခဲ့သည်။ မုံရွာမြို့သာစည်လမ်း နိဂြောဓာရုံတိုက် နာယကဆရာတော် ဦးနိဂြောဓာဘိမဏ္ဍလ၊ ငှင်းတိုက်အုပ်ဆရာတော် ဦးပဏ္ဍဝနှင့် အရှေ့လယ်တီဆရာတော် ဦးဉာဏိန္ဒ တို့ထံ၌ စာချတန်းကျမ်းစာများကို သင်ယူခဲ့သည်။ ယုံကြည်မှု၊ ဇွဲကောင်းမှု၊ ကြိုးစားမှုတို့ကြောင့် အသက် ၄၄-နှစ်ရွယ်၊ ၁၃၃၁-ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲကို မဟာလယ်တီတိုက် ဆဋ္ဌမဆရာတော် ဦးတေဇိန္ဒ အထံတော်မှ ဝင်ရောက်ဖြေဆို အောင်မြင်၍ သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပြန်ပါသည်။ နှောင်းခေတ် အသက် ၄၀-အရွယ်နှင့် စာပေကို မျက်နှာလွှဲ ဇွဲလျှော့ကုန်သော ဆရာလေးများအတွက် လမ်းပြကြယ် သဖွယ်ပင် ဖြစ်နေပါသည်။

စာသင်သားများကို စာပေပို့ချပေးခြင်း၊ အခွင့်အခါသင့်တိုင်း တရားစခန်းဝင် ရှုမှတ် အားထုတ်ခြင်း၊ အလှူဒါနပြုခြင်း၊ ပုတီးစိပ်မှု အချိန်မှန်ခြင်းတို့ဖြင့် သာသနာ့တာဝန်ကို သယ်ပိုးရင်း ဘဝကို တန်ဖိုးရှိအောင် အသုံးပြုသွားနိုင်ခဲ့ပေသည်။

---



## (၁) ဒေါ်ထေရီ (၅/ ၈ရန (သီ) ၀၀၈၇)

မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက် နာယကဆရာကြီး ဒေါ်ထေရီကို ဒီပဲယင်းမြို့ တောင်ပြင်ရပ်ကွက် အဘ ဦးစံဦး၊ အမိ ဒေါ်အုတ်ကြီးတို့မှ ၁၂၉၃-ခုနှစ် တပို့တွဲလဆန်း ၁၄-ရက် စနေနေ့တွင် ဖွားမြင်ခဲ့သည်။

၁၃၁၆-ခုနှစ် ကဆုန်လဆန်း (၇)ရက် စနေနေ့တွင် ဒီပဲယင်းမြို့ ကုန်းသာဦးကျောင်းတိုက်၌ သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ဒီပဲယင်းမြို့ မြသိန်းတန်ကျောင်း ဆရာတော် ဦးဇောတိက၊ မဟာလယ်တီ နဝမပဓာန နာယကဆရာတော် ဦးကေလာသနှင့် ဓမ္မသကတိုက် ဆရာကြီး ဒေါ်ကုန္ဒာရီတို့ထံမှ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

ယခင် နေထိုင်ခဲ့သော ဒီပဲယင်းမြို့ ကုန်းသာဦးကျောင်းတိုက်မှ မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက်သို့ ၁၃၃၀-ခုနှင့်တွင် ရောက်ရှိခဲ့သည်၊ ထိုအချိန်မှစ၍ ဆရာကြီးသည် ထကြွနိုးကြား သနား သည်းခံ ဝေဖန်ထောက်ရှု ဟူသော နာယကဂုဏ် (၆)ပါးကို လက်ကိုင်ထား၍ အစစအရာရာ ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် လယ်တီဆရာ တော်ဘုရားကြီး၏ ဝိပဿနာတရားများကိုလည်း ပွားများ အားထုတ်လျက်ရှိပါသည်။

ဆရာကြီးသည် ဆရာတော်ကြီးနှင့် သက်ကြီး ဝါကြီး သံဃာတော်များ၊ သီလရှင် ဆရာကြီးတို့၏ ဆွမ်းကွမ်း ဝေယျာဝစ္စများကို သဒ္ဓါကြည်ဖြူစွာဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူပါသည်။

------------------



## (၂) ဒေါ်စန္ဒစာရီ (၅/မရန (သီ) ၀၀၈၆ )

မဟာလယ်တီဓမ္မသကသီလရှင်စာသင်တိုက် နာယကဆရာကြီး ဒေါ်စန္ဒစာရီကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ပုံရွာ အဘ ဦးသောကြာ၊ အမိ ဒေါ်ကြွက်တို့မှ ၁၂၉၉-ခု ဝါဆို လဆန်း(၁)ရက်နေ့တွင် ဖွားမြင်ခဲ့သည်၊ ဆရာကြီးသည် (၁၆)နှစ်အရွယ် ၁၃၁၅-ခုနှစ် ဝါဆိုလဆန်း ၁၅-ရက်နေ့တွင် သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပြီး မုံရွာမြို့ မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက် ဒေါ်နန္ဒမာလာ၊ ဒေါ်ဝိစာရီ၊ ဒေါ်စာရဝတီ၊ ဒေါ်ဇသီရိ စသော ဆရာကြီးများထံမှောက်တွင် ပရိယတ္တိစာပေများကို သင်ယူကျက်မှတ်ခဲ့ရသည်။

ဆရာကြီးသည် ဓမ္မသကတိုက်သို့ ၁၃၁၅-ခုနှစ်ကပင် စတင်ရောက်ရှိခဲ့ပါသည်။ ယခုအခါ ဆရာကြီးသည် နေ့စဉ် နံနက် (၃)နာရီတွင် အိပ်ရာမှထ၍ ဝိပဿနာတရား ဘာဝနာများကို ပွားများလျက်ရှိပြီး ညနေ (၆)နာရီခွဲ အချိန်မှစ၍ ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာတရားများကို နာယူကြည်ညိုဖွယ် ရွတ်ဖတ်ပူဇော်လျက်ရှိပါသည်။

ဒေါ်စန္ဒစာရီသည် သာသနာပြုစိတ်ဓာတ်ဖြင့် သံဃာတော်များ အရဏ်ဆွမ်းဘုဉ်းပေးနိုင်ရန် နံနက်တိုင်း (၅)နာရီ အချိန်၌ ဓမ္မသကတိုက်တွင်းရှိ ကျောင်းများသို့လှည့်လည်၍ ဆွမ်း၊ ဆွမ်းဟင်းများ ခူးခတ်စေပြီး အမြဲနိစ္စဘတ် ဆွမ်းစားကျောင်းသို့ ပို့ဆောင်ခြင်းကိစ္စကို သဒ္ဓါကြည်ဖြူ ဆောင်ရွက်တော်မူ လျက်ရှိပါသည်။

---



## (၃) ဒေါ်ဣန္ဒစာရီ (၅/မရန(သီ) ၀၀၃)

မဟာလယ်တီ ဓမ္မသကသီလရှင် စာသင်တိုက် နာယကဆရာကြီး ဒေါ်ဣန္ဒစာရီကို စစ်ကိုင်းတိုင်း မြောင်မြို့နယ် သီရိဇေယျာရွာ အဘ ဦးဘစံ+အမိဒေါ်ထွေးတို့မှ ၁၃၀၀-ပြည့်နှစ် ပြာသိုလဆုတ် (၁၁)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့သည်။ အသက် (၁၀)နှစ်အရွယ်တွင် ဓမ္မသကတိုက် ဆရာကြီး ဒေါ်နန္ဒစာရီကို ဥပဇ္ဈာယ်ပြု၍ သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ သီလရှင် အဖြစ်သို့ ရောက်ရှိသော နေ့ရက်မှာ ၁၃၁၀-ခု တပို့တွဲလဆန်း (၅)ရက် ဖြစ်သည်။

ဆရာကြီးအနေဖြင့် ပရိယတ္တိစာပေများကို မဟာလယ်တီ နဝမ ပဓာန နာယကဆရာတော်နှင့် ဓမ္မသကတိုက် ဒေါ်နန္ဒမာလာ၊ ဒေါ်နန္ဒာရီ-စသော ဆရာကြီးများထံမှ သင်ယူကျက်မှတ်ခဲ့ရပါသည်။

ဆရာကြီးသည် အမျိုး ဘာသာ, သာသနာကို ချစ်မြတ်နိုးသောစိတ်ဓာတ်အပြည့်အဝဖြင့် သာသနာ့အကျိုးသယ်ပိုးဆောင်ရွက်နေပါသည်။ ထို့ပြင် ပရဟိတာဝဟဂုဏ်၊ ခမာဂုဏ်၊ ဇာဂရိယဂုဏ် စသော ရှေ့ဆောင်ပုဂ္ဂိုလ်များတွင် ရှိအပ်သော ဂုဏ်ပုဒ်များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ပြီး သံဃဝေယျာဝစ္စတာဝန်မှန်သမျှကို ခွဲဝေတာဝန်ယူပြီး ဆရာလေးများနှင့်အတူ တက်ညီလက်ညီ ဆောင်ရွက်လျက် ရှိပါသည်။



## (၄) ဒေါ်ဉာဏဝတီ (၅/မရန(သီ) ၀၀၀၉၃)

မဟာလယ်တီ ဓမ္မသကစာသင်တိုက် နာယကဆရာကြီး ဒေါ်ဉာဏဝတီကို မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်နေ အဘ ဦးထူး + အမိဒေါ်တင်ဉတို့မှ ၁၃၀၉-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၈)ရက် နေ့တွင် ဖွားမြင်ခဲ့သော သမီးရတနာတစ်ဦးဖြစ်ပြီး (၁၄)နှစ်အရွယ် ၁၃၂၃-ခု ကဆုန်လဆန်း ၁၅-ရက် စနေနေ့တွင် သီလရှင်အဖြစ် ရောက်ရှိခဲ့သည်။

ဆရာကြီးသည် ငယ်ရွယ်စဉ်ကပင် အလုံမြို့ရွှေကျောင်းဆရာတော် ဦးခေမိန္ဒ၊ မဟာလယ်တီတိုက် စာချဆရာတော်များနှင့် ဓမ္မသကတိုက် ဒေါ်နန္ဒမာလာ၊ ဒေါ်နန္ဒစာရီ စသော ဆရာကြီးများထံမှ ပရိယတ္တိစာပေများကို သင်ယူခဲ့ပါသည်။

ဆရာကြီးသည် သီလရှင်ဘဝသို့ ရောက်ရှိပြီး (၂) နှစ်အကြာ ၁၃၂၅ ခု၊ ကဆုန်လပြည့်နေ့တွင် ဤဓမ္မသက သီလရှင်စာသင်တိုက်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာကြီး၏ ဗုဒ္ဓသာသနာအတွက်ကြည်ညိုဖွယ်ရာ ဆောင်ရွက်ချက်များကို ဖော်ပြရပါလျှင်-

(၁) မုံရွာတက္ကသိုလ်၊ မုံရွာမြို့ပေါ်ရှိ အထကကျောင်းများ၊ မုံရွာရဲဓမ္မာရုံ၊ အမှတ် ၇၅ - သစ်စက်တို့တွင် ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ သင်တန်းများပို့ချခဲ့ခြင်း၊

(၂) ပရိတ်, ဓမ္မစကြာရွတ်ဆိုမှုပြိုင်ပွဲများတွင် အကဲဖြတ်အမှတ်ပေးအဖွဲ့တွင် ပါဝင်ဆောင် ရွက်ခဲ့ခြင်း၊

(၃) မဟာသရဏဂုံတော်ကြီး သင်တန်းများ ပို့ချခြင်းစသည့် သာသနာပြုလုပ်ငန်း ဆောင်တာများကို ဇွဲ၊ လုံ့လဝီရိယကြီးစွာဖြင့် ဆောင်ရွက်ခဲ့ပါသည်၊

ထို့ပြင် မဟာသရဏဂုံကုန်းမြေ၌ ဘာဝနာဒီပနီ ကမ္မဋ္ဌာန်းကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းခြင်း၊ ရဟန်းခံခြင်းစသော ကုသိုလ်ကောင်းမှုများကိုလည်း စေတနာထက်သန်စွာ ပြုလုပ်ခဲ့ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

-----------------



## (၅) ဒေါ်ဇောရီ (၅/မရန(သီ) ၀၀၂၉၇)

မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက် နာယက ဆရာကြီး ဒေါ်ဇောရီကို စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ဆည်ကြီးရွာ အဘ ဦးစိုးမောင် + အမိ ဒေါ်ကြည်တို့မှ ၁၃၁၂ -ခု ဝါဆိုလပြည့်ကျော် (၁၅)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့ပါသည်။ ၁၀-နှစ်အရွယ် သမီးငယ်ဘဝသာရှိသေးသော အချိန် ၁၃၂၂ - ခု တန်ခူးလပြည့်ကျော် (၁၀) ရက်တွင် သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။။

ဒေါ်ဇောရီသည် ကြောင်ပန်းတောရ ဆရာကြီး ဒေါ်ပုညဝတီ၊ မဟာလယ်တီတိုက်စာချ ဆရာတော်များနှင့် ဓမ္မသက သီလရှင်စာသင်တိုက် ဒေါ်နန္ဒမာလာ၊ ဒေါ်ဣန္ဒာရီ၊ ဒေါ်ဣန္ဒစာရီ စသော ဆရာကြီးများထံမှ ပရိယတ္တိ စာပေများကို သင်ယူခဲ့သည်။

ဆရာကြီးအနေဖြင့် ကြောင်ပန်းတောရမှ ၁၃၃၂-ခုနှစ် တပို့တွဲလဆန်း ၅ ရက်နေ့တွင် ဓမ္မသကသီလရှင် စာသင်တိုက်သို့ ပြောင်းရွှေ့လာခဲ့သည့် အချိန်မှစ၍ ရဟန်းခံ ရှင်ပြု ကထိန်ခင်းခြင်း စသော ဒါနအမှုတို့ကိုလည်း အမြဲပြုလုပ်ခဲ့ပါသည်။ ထို့ပြင် သာသနာပြုစိတ်ဓာတ်အပြည့်အဝဖြင့် ကျောင်းတိုက်တာဆိုင်ရာစီမံခန့်ခွဲရေး တာဝန်များ၊ သံဃဝေယျာဝစ္စတာဝန်များ၊ တိုက်တာကြီးပွားတိုးတက်ရေးကိစ္စများကို စွမ်းဆောင်လျက်ရှိပါသည်။

-------------------

**အရှင်ဂမ္ဘီရဗုဒ္ဓိ (မုံရွာ)**



# ဝံသဓရ ပုဂ္ဂိုလ်များ ထွန်းကားပါစေ

## အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး)

မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက်၏ ရာပြည့်စာစောင်ထုတ်ဝေရန် စာမူတောင်းခံသော စာတစ်စောင် ရောက်လာပါသည်၊ အချိန်ဝေးပါသေးသည်ဟု မရေးဖြစ်ဘဲ နေခဲ့ရာ (သိမ်းထားပါလျက်) စာမူတောင်းခံလွှာ ရှာမရဘဲဖြစ်နေသည်။ မုံရွာမှ ဒကာတစ်ဦးက ကျေးဇူးပြု၍ စာမူတောင်းခံလွှာ ထပ်ရောက်လာသည်။ လေးလေးစားစား တောင်းထား၍ မိမိတာဝန် ကျေရန် ရေးသားရပါတော့မည်။

မုံရွာမြို့ကား သာသနာ့သမိုင်း စာပေသမိုင်းများတွင် ထင်ရှားသော မြို့ဖြစ်သည်။ မုံရွာ၏ ဂုဏ်ဝိသေသတို့ကို ဝက်မစွတ်မြို့စား ဝန်ထောက်မင်းက-----

"ရှေးဝေါဟာရ ဗဒုံ၊ ယခုဝေါဟာရ အလုံဟူ၍ သမုတ်အပ်သော အလုံမြို့ စီရင်ရ ကျေးလက်နယ်ပါ ရွာအပေါင်းတို့တွင်လည်း သလ္လာဝတီ ချင်းတွင်းမြစ်၏ ဆိပ်ကြီးကမ်းကြီး ဝေးနီး လူရှင် ခိုဝင်မှီတင်းလျက် ကြည်းဘက်, ရေဘက်, ကုန်သည်ကြီးငယ်အပေါင်းတို့၏ ကူးသန်း ရောင်းဝယ်ရာ ရပ်ရွာကြီး တစ်ခုဖြစ်၍ ရွာတကာ အပေါင်းတို့ထက် အထူးအားဖြင့် ထင်ရှား ကျော်စောစွာသော မုံရွာတွင်" ဟု ရေးသားထားသည်။

မုံရွာမြို့ဟုအမည်မရခင်က မုံရွာသည် ကြီးကျယ်ထင်ရှား စည်ကားသော ရွာဖြစ်ကြောင်း ထင်ရှားလှပေသည်။ မုံရွာမောင်းထောင် မုံရွေးနယ်မြေသည် စာပေလောကတွင် ထင်ရှားလှသောစာပေသမိုင်းဝင်၊ သာသနာ့သမိုင်းဝင် နယ်မြေဖြစ်သည်။ ဣန္ဒဝံသရာဘိလင်္ကာရ သိရီသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အရိယာဝံသ အာဒိစ္စရံသီ ဘွဲ့တံဆိပ်တော်ရ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးထံမှ ဂရုပဒေသ၊ နယပဒေသရရှိသော မုံရွာသီရိမာသည် မုံရွာသား စစ်စစ်ဖြစ်သည်။ လူ့ဘဝ ရောက်လာသောအခါ မဟာဇေယသင်္ခယာ ဘွဲ့တော်ခံ သံတော်ဆင့် အမတ်မင်း လေ့သင်းအတွင်းဝန်မင်း ဦးချိန် ဖြစ်လာသည်။ မုံရွာသီရိမာသည် လေ့သင်းအတွင်းဝန် ဦးချိန်ဖြစ်လာသည်ကို သိရှိသူ နည်းပါးလှသည်။

မုံရွာမြို့သည် စာတတ်အကျော် ဆရာတော်ကြီးများ သီတင်းသုံးရာဌာနဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီး လောင်းလျာသည် မန္တလေးမြို့စံကျောင်းတိုက် ဂဏ္ဍဝါစက ပထမစာတော်ချဘဝမှ ခေတ်ကာလအခြေအနေအရ (၁၂၄၄) ခုနှစ်တွင် မုံရွာမြို့သို့ ပြန်ကြွတော်မူခဲ့သည်။ ထိုအချိန်က မုံရွာမြို့တွင် ထင်ရှားသော ကျောင်းတိုက်ကြီးများမှာ သိမ်တော်တိုက်၊ သာဇံတိုက်၊ ပုဗ္ဗာရုံကျောင်း ၊ ယွန်းကျောင်း၊ စေတီယတိုက်၊ ပေပင်ကျောင်း၊ လောက မှန်ကင်းတိုက်၊ အနောက်လေးထပ်ကျောင်း၊ အရှေ့အုတ်ကျောင်း၊ အနောက်အုတ်ကျောင်း၊ ဇေတဝန်ကျောင်း၊ သရက်တောကျောင်း၊ ဇောင်ကြမ်းပင်တိုက် ၊ ခါးပန်းနီကျောင်း စသည်တို့ဖြစ်သည်။

သာဇံဆရာတော် ဦးပုလဲ၊ မင်းခင်းတိုက် ဒုတိယမင်းခင်းဆရာတော် အရှင်စာရိန္ဒ၊ ဇောင်ကြမ်းပင်တိုက် ဒုတိယဇောင်ကြမ်းပင် ဆရာတော် အရှင်ပြဟ္မသီရိတို့သည် ထိတ်ထိတ်ကြဲ အထိ မခံသော ဆရာတော်များဖြစ်သည်။ မြွေပွေးကြီး သုံးကောင်ဟု ဆိုကြသည်။လယ်တီဆရာတော်သည် ဆုတောင်းပြည့် ကျောက်စာရေးသားသော အခါ "ထေရော ပိဋကတ္တယပါရဂူ"ဟု ပိဋကတ် သုံးပုံ ကမ်းတစ်ဖက်သို့ရောက်သူဟု ရေးသား ထားရာ ဆရာတော် ဦးပုလဲစသော ထိတ်ထိတ်ကြဲ ဆရာတော်များက မခံမရပ်နိုင် ဖြစ်ခဲ့ကြသည်။ သံဃာ့ အစည်းအဝေးတွင် ပြဿနာတက်ခဲ့ ကြသည်။ သက်တော်ကြီးဝါတော်ကြီး မဟာထေရ်ကြီး တစ်ပါး၏ ဩဝါဒကြောင့် ငြိမ်သွားသည်။ ထိုအချိန်မှစ၍ လယ်တီဆရာတော်သည် ထိတ်ထိတ်ကြဲ စာရင်းတွင် ပါဝင်ခဲ့၍ မုံရွာမြို့တွင် မြွေပွေးလေးကောင်ဟု ထင်ရှားခဲ့ လေသည်။

လယ်တီဆရာတော်၏ ပိဋကတ္တယပါရဂူ ဟူသော ဘွဲ့မည်ကိုခံယူခြင်းကား ထိုက်တန်လှပေသည်။ ဆရာတော်ရေးသားပြုစုခဲ့သော ကျမ်းဂန်များက ထင်ရှားစွာ သာဓကထူလျက် ရှိပါသည်။ လယ်တီဆရာတော်ကား မြန်မာပြည်တွင် မကကမ္ဘာကျော်ဆရာတော်ဖြစ်ရာ ပိဋကတ္တယမဟာပါရဂူဟုပင် ဆိုထိုက်လှပေသည်။ ဆရာတော်ကဲ့သို့ ပရိယတ်, ပဋိပတ်စွယ်စုံသော ဆရာတော်ကား မပေါ်သေးဟုဆိုရသော် လွန်အံ့ မထင်ပေ။

မဟာလယ်တီ ဓမ္မသာကသီလရှင် စာသင်တိုက်ကို (၁၂၇၂)ခုနှစ်တွင် တည်ထောင်ခဲ့သည်၊ ထိုသက္ကရာဇ် (၁၂၇၂)ခုနှစ် ဝါတွင်းကာလသို့ ရောက်သောအခါ လယ်တီဆရာတော်ဘုရားကြီးသည် မုံရွာမြို့ လယ်တီတောရအတွင်း အမိန့်တော်ရရှေ့နေ ဦးကြော့၊ ဦးစံလင်း အမှူးပြုသော မုံရွာမြို့သူမြို့သားများ ဆောက်လုပ်သော မနောရမ္မစကြာ ကျောင်းကြီး၌ (၄၅) ကြိမ်မြောက် ပဋ္ဌစတ္တာလီသမဝါကို ဝါကပ်တော်မူသောနှစ် ဖြစ်သည်။ မုံရွာမြို့၌ သီလရှင်တိုက် မရှိသေးရာ လယ်တီဆရာတော်ဘုရားကြီး၏ အမိန့်ဩဝါဒကို နာယူ၍ ဖွင့်လှစ်ခဲ့သောကြောင့် "မဟာလယ်တီ ဓမ္မသာက သီလရှင် စာသင်တိုက်"ဟု ကမ္ပည်းတပ်ခဲ့ခြင်း ဖြစ်သည်။ဓမ္မသာက သီလရှင် စာသင်တိုက်ကို တည်ထောင်ခဲ့သော သီလရှင်ဒေါ်နန္ဒစာရီသည် မြောင်းမြမြို့နယ် ကုန်းသာရွာဇာတိ ဖြစ်သည်။ အသက်အရွယ် နုနယ်လှသော (၁၂)နှစ်သမီး အရွယ်တွင် မိဘများကိုခွဲခွါ၍ စစ်ကိုင်းသို့ ပညာသင်ရန် ရောက်လာခြင်းမှာ ထက်သန် သော သဒ္ဓါတရား၊ ကြီးမားသော ဝီရိယဓာတ်ဖြင့် သံယောဇဉ်ကို ဖြတ်၍ လာခဲ့ခြင်းဖြစ်ရာ မြင့်မားလှသော အာဇာနည် စိတ်ဓာတ်ဖြစ်သည်။ သစ်ဆိမ့်ချောင်ဆရာကြီး ဒေါ်ဝဏ္ဏာ၏ တပည့်ဖြစ်ရာ စာပေကိုသာမက အဆုံးအမဩဝါဒ၊ နေနည်း ထိုင်နည်း တို့ကို ရရှိခဲ့သည်။ လယ်တီဆရာတော်၊ ဒုတိယ လယ်တီဆရာတော်လောင်းလျာ ဦးဉာဏောဘာသ တို့၏ မေတ္တာရိပ်ဩဝါဒကို ခံယူခဲ့ရာ ရင့်ကျက်သော သာသနာပြု စိတ်ဓာတ် ခံယူချက်မှာ ထက်သန်လှပါသည်။ထို့ကြောင့် ဓမ္မသာက သီလရှင် စာသင်တိုက်သည် မုံရွာမြို့၌ အာဒိကမ္မ ပထမဦးစွာ ပေါ်လာခြင်းဖြစ်သည်။

ဒေါ်နန္ဒစာရီသည် (၁၃၃၉)ခုနှစ်အထိ နှစ်ပေါင်း (၆၇)နှစ်တိုင်တိုင် အုပ်ချုပ်သွားရာ သက်တော်ရှည် ဆရာကြီးဟုပင် ဆိုရပါမည်။ ဒုတိယဒေါ်နန္ဒမာလာ၊ တတိယဒေါ်ဇေသီရိ၊ ယခု လက်ရှိ စတုတ္ထဒေါ်ဓမ္မထေရီနှင့် ဒေါ်တိက္ခဝတီ တို့ လက်ဆင့်ကမ်း အုပ်ချုပ် လာခဲ့ရာ ဓမ္မသာက သီလရှင်စာသင်တိုက်သည် နှစ်(၁၀၀)သမိုင်း ခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့ပေပြီ။ ဓမ္မသာက သီလရှင် စာသင်တိုက်၌ ပရိယတ်, ပဋိပတ် ကြိုးစား အားထုတ်နေသော သီလရှင် (၁၂၀)ကျော် ရှိရာ ကြီးပွားတိုးတက် အောင်မြင်သော သမိုင်းခရီးကို လျှောက်လှမ်းခဲ့ခြင်း ဟုဆိုရပါမည်။ ကျောင်းပေါင်း (၃၀)ကျော် ရှိရာ အလုပ်ပိုင်းသာမက ရုပ်ပိုင်းပါ ဘက်စုံတိုး တက်နေသော သီလရှင်တိုက်ဟု ဆိုထိုက်လှပေသည်။ ဓမ္မသာက တိုက်ထွက် ထင်ရှားသော သီလရှင်တိုက်ကြီးများရှိနေရာ သာသနာ့အဆက်အနွယ်ကို မွေးထုတ်ပေးသော သာသနာ့အောင်မြေဟုဆိုရသော် သင့်နိုင်အံ့ဟု ဆိုရပါမည်။

အနှစ်(၁၀၀)ခရီးကို အနွယ်အဆက်မပြတ် စောင့်ရှောက်နိုင်သော ဝံသဓရပုဂ္ဂိုလ်များကား လေးစားဂုဏ်ပြု ထိုက်လှပါသည်။ ဝံသဓရ-အ ဆက်အနွယ်ကိုဆောင်သူကို အလေးအမြတ် ပြုမှုနှင့် စပ်လျဉ်း၍ မိလိန္ဒပဥှာပဏ္ဏာမိတဝဂ်လာ၊ သေဌဓမ္မပဥှာ ဖြင့် ထင်ရှားလှပါသည်။

"လူ့လောကဝယ် တရားတော်သည်သာ မျက်မှောက်၌လည်းကောင်း၊ တမလွန်၌လည်းကောင်း အမြတ်ဆုံးဖြစ်သည်ဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့၏။တစ်ဖန် သောတာပန်လူဒါယကာက ပုထုဇဉ် ရဟန်း သာမဏေတို့ကို ရှိခိုးရ၊ ခရီးဦးကြိုဆိုရသည်ဟု ဆိုပြန်၏။ထိုအဆို (၂)ခုတစ်ခုနှင့်တစ်ခုမကိုက်ညီသကဲ့သို့ ရှိနေသဖြင့် ရှင်းလင်း ဖြေကြားပါရန် အရှင်နာဂသိန် အား မိလိန္ဒမင်းက လျှောက်ထားလေသည်" အရှင် နာဂသိန်က-

"မင်းမြတ်၊ ဥပမာအားဖြင့် မင်းသားတစ်ယောက်သည် ပုရောဟိတ်တစ်ဦး၏အထံ၌ အတတ်ပညာကိုသင်ယူ၏။မင်းကျင့်ဝတ်ကို သင်ယူ၏။ နောင်အခါထိုမင်းသားသည် မင်းအဖြစ်၌ အဘိသိက်သွန်းအပ်ပြီးသော်-----

"ဤပုရောဟိတ်ကား ငါ့ကို အတတ်သင်ပေးသသူတည်း"ဟု အောက်မေ့လျက် ဆရာဖြစ်သောပုရောဟိတ်ကို ရှိခိုး၏။ ခရီးဦးကြိုဆို၏။

"မင်းမြတ်၊ ဤအတူသာလျှင် ပုထုဇဉ်ရဟန်းသည်ကား ရဟန်းအဖြစ်ကိုပြုတတ်သော (၂၀) သော အကျင့်တရားနှင့် နှစ်မျိုးသော အသွင်အပြင်တို့ကို ကျင့်သုံးတတ်သူတည်း၊ အနွယ်ကို ဆောင်ပေးသသူတည်း"ဟု အောက်မေ့လျက် သောတာပန်လူဒါယကာသည် ပုထုဇဉ် ရဟန်းကို ရှိခိုးခြင်းငှာ၊ ခရီးဦး ကြိုဆိုခြင်းငှာ ထိုက်ပေ၏"ဟု အကြောင်းပြလျက် ဖြေကြားတော်မူသည်။

ယင်းအကြောင်းပြချက်၏ ဆိုလိုရင်းမှာ-

ပုထုဇဉ်ရဟန်းသည် ထိုးထွင်း၍ သိအပ်သော တရားတော်ဂုဏ်အနေအားဖြင့် သောတာပန်ကို မမီသော်လည်း ပုထုဇဉ်ရဟန်းသည် ရဟန်းအဖြစ်ကို ပြုတတ်သော ၂၀-သောကျင့် ဝတ်တရားနှင့် နှစ်မျိုးသော အသွင်အပြင်တို့ကို ကိုယ်တိုင်ကျင့်ကြံလိုက်နာသူဖြစ်သည်၊ သူတစ် ပါးကိုလည်း သာသနာတော် ၏ အနွယ်အဆက်ကို မပြတ်ရ လေအောင်ဆောင်ပေးသသူ ဖြစ်သည်။ထို့ကြောင့် လူသောတာပန်က ပုထုဇဉ်ဖြစ်သော ရဟန်းကိုပင် သော်လည်း ရှိခိုးထိုက်၊ ခရီးဦးကြိုဆိုထိုက်ပေသည် ဟူ၍ဖြစ်သည်။ အရှင်နာဂသိန်၏ ဤအကြောင်းပြချက်ကို ကြည့်လျှင် အနွယ်အဆက်ကို စောင့်သူ (ဝံသဓရ ပုဂ္ဂိုလ်)ကား မည်မျှ လေးစား ခံရကြောင်း ထင်ရှားလှပေသည်။

ဓမ္မသကသီလရှင် စာသင်တိုက်သည် ဝံသဓရ ပုဂ္ဂိုလ်များကြောင့် အနှစ် (၁၀၀)ခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင် ခဲ့ခြင်းဖြစ်သည်၊ ဝံသဓရ ပုဂ္ဂိုလ်များ လက်ဆင့်ကမ်း ထမ်းဆောင်ပါက ဓမ္မသကသီလရှင် စာသင်တိုက်သည် နှစ်ပေါင်း (၂၀၀)မက ဆက်လက် ရှင်သန်တိုးတက် နေမည်သာ ဖြစ်ပါသတည်း။ ဆက်လက် စွမ်းဆောင် နိုင်ကြပါစေဟု. . . . .

■ အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)

**လယ်တီဆရာတော်၏**

**ထိမေတ္တာစာမှ**

ထိယန္တိ ဝိနာသံ ဂစ္ဆန္တိ
ဧတေနာတိ ထိ။
ဧတေန-ဤကစားမှုဖြင့်၊
ဝိနာသံ-ဥစ္စာကုန်ဆုံး ပျက်ပြုန်း
နွမ်းပါးခြင်းသို့၊
ထိယန္တိ ဂစ္ဆန္တိ-ရောက်တတ်ကြကုန်၏၊
ဣတိတသ္မာ-ထိုသို့ပြုန်းတီး
ပျက်စီးခြင်းနိမိတ်ကြောင့်၊
ထိ-ထိမည်၏။

"မနောက ကလိမ်ချို
အပြောက ဝတ်ဘုံ
ယုံလောက်အောင်ဖွဲ့နွဲ့
ကုန်မှောက်အောင်ဉာဏ်ချဲ့၍
အရွဲ့နှင့်အကဲဆစ်
အထဲညစ်အပေါ်ပြောင်
မတွေ့မှ အနိုင်ရှောင်
သူတော်ယောင်တစ်ဖက်လှ
ပါးစပ်ပြောက ပျားသကာ
ဓာတ်သဘောက ခါးတမာ
မပြုသာလျှင် ငရဲကြောက်
ပြုသာလျှင် အလဲမှောက်"



# သာသနာ့အာလယ် တင့်တယ်ပေစွ ဓမ္မေသက

ဦးဝိဇ္ဇောဒယ (မဟာဇောတိကာရာမတိုက်)

မုံရွာမြို့ မဟာလယ်တီ ဓမ္မေသကသီလရှင်စာသင်တိုက်ကြီးသည် လောကဉပမာအားဖြင့် နှိုင်းခိုင်း၍ ပြရပါမည်ဆိုပါက စီးပွားရေး၊ ကြီးပွားရေးကအစ အဘက်ဘက်က လိုလေသေးမရှိရအောင် အဆင်ပြေပြီး အင်မတန် ကျန်းမာရေး ကောင်းမွန်လျက် ငယ်ရွယ်သူပမာ အသားအရေ လှပတင့်တယ်နုနယ်ကာ ပြုံးပန်းတွေ တဝေဝေဖြင့် သွက်သွက်လက်လက်ရှိနေသော အဖွားအိုတစ်ယောက်နှင့် အလားတူလှ ပါဘိ၏။

ထိုကဲ့သို့သော အဘွားအိုတစ်ယောက်သည် အသက်အရွယ်ကြီးမားလှတဲ့ အဘွားအိုတစ်ယောက်ပင်ဖြစ်လင့်ကစား ကျန်းမာရေးကောင်းမွန် နေသည့်အတွက်ကြောင့်လည်းကောင်း, စား ရေး သောက်ရေးဘက်ကလည်း လိုလေသေးမရှိ အဆင်ပြေနေသောကြောင့်လည်းကောင်း၊ ဉာဏ်ရည် ဉာဏ်သွေးများကလည်း ငယ်ငယ်တုန်းကလိုပဲ ထက်ထက်မြက်မြက်ရှိနေသေးသော ကြောင့်လည်းကောင်း၊ ဤကဲ့သို့သော အကြောင်းခြင်းရာ အဖြာဖြာတို့ကြောင့် ပြုံးပန်းတွေ တဝေဝေဖြင့် သွက်သွက်လက်လက်ရှိပြီး အသက်အရွယ် နုနယ်ပျိုမြစ်လှသော လူငယ်လေးများထက်ပင် ဒါနအရာမှာပဲဖြစ်ဖြစ်, သီလအရာမှာ ပဲဖြစ်ဖြစ်, ဘာဝနာအရာမှာပဲဖြစ်ဖြစ် အစစအရာရာမှာရှေ့တန်းကချည်း ရောက်နေလျက် ရှိသကဲ့သို့ ထိုနည်းမခြား အလားတူစွာ ဤမုံရွာမြို့ မဟာလယ်တီ ဓမ္မေသကသီလရှင်စာသင်တိုက်ကြီးသည်လည်း အသက် (၁၀၀) ရှိနေစေကာမူ ပရိယတ္တိဘက်ကပဲ ဖြစ်ဖြစ်, ပဋိပတ္တိဘက်ကပဲဖြစ်ဖြစ် (တစ်နည်းပြောရရင်) ဂန္ထဓုရဘက်ကပဲဖြစ်ဖြစ်၊ ဝိပဿနာဓုရဘက်ကပဲဖြစ်ဖြစ် အဘက်ဘက်က ကျဆင်းမှု လုံးဝမရှိပဲ၊ အမြဲပင် နုပျိုလျက်, လန်းဆန်းလျက်, တိုးတက်လျက်, ကြီးပွားလျက်, ယခင်ကဲ့သို့ပင် ရှေ့တန်းကရောက် နေဆဲရောက်နေလျက်ပင်။ ဩ. . . ဝမ်းမြောက်ဖွယ် ,ကြည်နူးဖွယ်

ပါပေတည်း။

ဤလောကကြီးထဲမှာ သက်ရှိဝတ္ထု, သက်မဲ့ဝတ္ထုဆိုပြီး အရာဝတ္ထုဟာ နှစ်မျိုးနှစ်စားသာရှိပါသည်။ သက်ရှိ ဝတ္ထုပဲဖြစ်ဖြစ်၊ သက်မဲ့ ဝတ္ထုပဲဖြစ်ဖြစ် အရှည်တည်တံ့ ခိုင်ခံ့ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါ။ သက်ရှိဝတ္ထု(ပုဂ္ဂိုလ်)များ အနေနှင့်ဆိုရင် ဟိုအတိတ် အတိတ် ဘဝများစွာက ဆည်းပူးခဲ့တဲ့ ဒါန, သီလ,ဘာဝနာဆိုတဲ့ ကုသိုလ်တရားများ အားကောင်းပါမှသာ ဒီဘဝမှာ အရှည်တည်တံ့ ခိုင်ခံ့နိုင်ပါသည်။

(တစ်နည်းဆိုရသော်) ကုသိုလ်တရားအားကောင်းပါမှသာ အများတကာတို့ထက် ပိုမိုလွန်ကဲစွာ-

၁။ အာယု-အသက်ရှည်ရခြင်း၊ (သက်တမ်းပြည့်အောင် နေထိုင်ရခြင်း)၊
(အရှည်ခံ့၍ တည်တံ့စွာ နေထိုင်ရခြင်း)

၂။ ဝဏ္ဏ-ရုပ်ရေအဆင်း လှပတင့်တယ်ရခြင်း၊ (ကျက်သရေရှိခြင်း)၊

၃။ သုခ-ကိုယ်၏ကျန်းမာခြင်း, စိတ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံရခြင်း၊

၄။ ယသ-ကောင်းသော အခြွေအရံများနှင့် ပျော်ပျော်ပါးပါး နေထိုင်ရခြင်း၊

၅။ ကိတ္တိ-ကောင်းသော ဂုဏ်ရှိန်သတင်းများ ကျော်ကြားရခြင်း၊

၆။ သဂ္ဂ-သက်တမ်းပြည့်အောင် နေထိုင်ပြီး နောက် ဘဝကူးပြောင်း သောအခါ၌လည်း မွေ့လျော်ဖွယ်ရာ နတ်ပြည်၌သာဖြစ်ရခြင်း၊

၇။ ဥစ္စာကုလီနတာ-နတ်ပြည်သို့မရောက်ဘဲ လူ့ပြည်သို့ ပြန်ရောက်ခဲ့သော် မြင့်မြတ်သော အမျိုးတို့၌သာဖြစ်ရခြင်း ဤသို့ ဤသို့သောထူးကဲ လွန်မြတ်သော ကောင်းကျိုးသုခ ဣဋ္ဌမင်္ဂလာအဖြာဖြာ တို့ကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်လုကြီး ရှိနိုင်မှာ ဖြစ်ပါသည်။

(အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ်၊ မုဏ္ဍရာဇဝဂ္ဂ၊ ဣဋ္ဌသုတ်လာ စုဏ္ဏိယပါဠိတော်နှင့် ၎င်းသုတ်လာဂါထာတို့ကို မှီး၍ ရေးသားထားခြင်း ဖြစ်ပါသည်။ စုဏ္ဏိယ၌ ကိတ္တိနှင့် ဥစ္စာကုလီနတာ-မပါ။ ကြွင်း ၅-ပါးသာ ပါ၏။ ဂါထာ၌ သုခမပါ။ ကြွင်း ၆-ပါးသာပါ၏။ စုဏ္ဏိယနှင့်ဂါထာတို့ကို ညှိ၍ရေးသားထားခြင်းကြောင့် ပဉ္စကနိပါတ်ဖြစ်ငြား သော်လည်း ၅-ပါး မဟုတ်တော့ဘဲ၊ ၇-ပါးဖြစ်နေရခြင်း ဖြစ်ပါသည်။)

အရာရာမှာ သက်ရှိဝတ္ထု (ပုဂ္ဂိုလ်)များသည်သာလျှင် ပဓာနအကျဆုံးဖြစ်ပါသည်။ သက်မဲ့ဝတ္ထုများကတော့ သက်ရှိပုဂ္ဂိုလ်တို့ရဲ့ ဖန်တီးမှုအောက်မှာသာ အပဓာနအဖြစ်ရပ်တည် နေခြင်းသဘောပါ။ ဤလောကကြီးထဲမှာ သက်ရှိပုဂ္ဂိုလ်များ၏ ဂုဏ်သတ္တိကြောင့်သာလျှင် သက်မဲ့အရာဝတ္ထုများ ဂုဏ်မြောက်နေရခြင်းဖြစ်ပါသည်။ သက်ရှိပုဂ္ဂိုလ်များက ဂုဏ်မြောက်အောင် နေထိုင်နိုင်ပါမှ ၎င်းတို့နှင့် ဆက်နွှယ်လျက်ရှိသော သက်မဲ့အရာဝတ္ထုများလည်း ဂုဏ်မြောက်နိုင်မှာဖြစ်ပါသည်။

မုံရွာမြို့၊ မဟာလယ်တီ ဓမ္မသကသီလရှင်စာသင်တိုက်ကြီးသည် ဌာနဖြစ်သော သက်မဲ့အရာဝတ္ထု ဖြစ်ပါသည်။ ထိုစာသင်တိုက်ကြီးထဲ ဂန္ထဓုရခေါ် စာပေပရိယတ်ပို့ချ, သင်ကြားမှု, သင်ယူမှု၊ ဝိပဿနာဓုရခေါ် တရားအားထုတ်မှုဆိုတဲ့ လုပ်ငန်းနှစ်မျိုးကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ပြီး အကျင့်သိက္ခာကောင်းမွန်စွာဖြင့် သီတင်းသုံးနေ ထိုင်ကြကုန်သော သီလရှင်ဆရာကြီး, ဆရာလေးများကား ဌာနီဖြစ်သော သက်ရှိအရာဝတ္ထု (သက်ရှိပုဂ္ဂိုလ်)များဖြစ်ကြပါသည်။

ဌာနီဖြစ်တဲ့ သက်ရှိပုဂ္ဂိုလ်များက ဂုဏ်နှင့် ဒြပ်နှင့်လိုက်လျောညီထွေ ဖြစ်အောင် နေထိုင်ပါမှ (တစ်နည်းပြောရရင်) အနေအထိုင် (စာရိတ္တ) ကောင်းမွန်ပါမှ ဌာနဖြစ်တဲ့ သက်မဲ့အရပ်ဒေသ ဟာ လည်းကျော်ကြားမှု, တင့်တယ်မှု, ဂုဏ်မြောက် မှုရနိုင်မှာဖြစ်ပါတယ်။ ဒီထက်ပေါ်လွင်အောင် ပြောရရင်တော့ "နာမည်ကြီး"နိုင်မှာ ဖြစ်ပါတယ်။

စဉ်းစားကြည့်ပါ၊ စာရေးသူအနေနှင့်ကတော့ သရုပ်သဘောပေါ်လွင်အောင် အောက်ပါအတိုင်းပင် သက်မဲ့အရာဝတ္ထုဌာနများကို လေးမျိုးလေးစား ခွဲခြားပြီး ထားလိုက်ချင်ပါ၏။ ဘယ်လိုလဲဆိုတော့-



(၁) အရှည်တည်တံ့မှုသာရှိပြီး၊ တိုးတက်မှုကား မရှိသော သက်မဲ့အရာဝတ္ထုဌာန၊

(၂) တိုးတက်မှုသာရှိပြီး၊ အရှည်တည် တံ့မှုကားမရှိသော သက်မဲ့အရာဝတ္ထုဌာန၊

(၃) အရှည်တည်တံ့မှုလည်းရှိ၊ တိုးတက်မှုလည်းရှိသော သက်မဲ့အရာဝတ္ထုဌာန၊

(၄) အရှည်တည်တံ့မှုလည်းမရှိ တိုးတက်မှုလည်းမရှိသော သက်မဲ့အရာဝတ္ထုဌာန- ဤကဲ့သို့ပင် ခွဲခြားထားလိုက်ချင် ပါတော့သည်။

အထက်ပါ ဌာနသဘာဝလေးမျိုးထဲမှာ စာရှုသူများအနေနဲ့ ဘယ်အရာဌာနက "ကောင်း၏, မကောင်း၏" ခွဲခြား၍ သိရှိနိုင်လောက်ပါပြီ။

ဒီလောကကြီးထဲမှာ အရှည်တည် တံ့ရုံမျှလောက်နဲ့တော့ အံ့ဩဖွယ် မဖြစ်နိုင်သေးပါ။ အရှည်တည်တံ့သလောက် နောက်ကနေပြီး အရိပ်ပမာ တိုးတက်မှုကလည်း အမြဲတစေ လိုက်ပါနေပါမှ အံ့ဩဖွယ်, ဂုဏ်ယူဖွယ် ဖြစ်နိုင်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် "သာသနာ့ အလယ်မှာ ထည်ထည်ဝါဝါ တင့်တယ်နိုင်ပါမည်" ဖြစ်ပါသည်။

ဤမုံရွာမြို့၊ မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီးသည် သက်တမ်းရှည်သလောက်လဲ ကြီးပွားတိုးတက်မှုများက နောက်ကနေ အရိပ်ပမာ တကောက်ကောက် မျက်ခြည်မပြတ် ခြေရာထပ်၍ လိုက်နေပါလျက်ပင်။ ဒါကြောင့်လဲ "သာသနာ့အလယ်, တင့်တယ်" ပေတာပေါ့။

ဤမုံရွာမြို့၊ မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်လို့ခေါ်တဲ့ နေရာဌာန သက်မဲ့ဝတ္ထုဟာ နောင်နှစ်ပေါင်းဘယ်ရွေ့ ဘယ်မျှလောက် ဆက်လက်ရှည်ဦးမလဲ၊ ဆက်လက်တည်ဦး မည်နည်း? ဟု မေးခွန်းထုတ်ခဲ့ပါလျှင် ဤမုံရွာမြို့ မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက်ကြီး ရဲ့အသက်ဟာ ဤမုံရွာမြို့၊ မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက်ကြီးထဲမှာ ရှိကြတဲ့ သီလရှင်ဆရာကြီး, ဆရာလေးများရဲ့ လက်ထဲမှာပဲ ရှိနေသောကြောင့် "သီလရှင်ဆရာကြီး, ဆရာလေးများ အနေနဲ့ ကြီးပွားရာ ကြီးပွါးကြောင်း, တိုးတက်ရာ တိုးတက်ကြောင်း တရားများနှင့်အညီ နေထိုင်ကြမည်ဆိုပါက ဤမုံရွာမြို့၊ မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီးဟာ နောင်အနာဂတ်မှာ အသက်ရာ, ထောင်မက နှစ်ပေါင်းပရိစ္ဆေဒ မရေ မတွက်နိုင်လောက်အောင်ပင် အသက်ရှည်ဦးမည်, တည်ဦးမည်ဖြစ်ပါကြောင်း" မလွဲမသွေ အဖြေပေးရမည် ဖြစ်ပါတယ်။

**"ကြီးပွားရာ ကြီးပွားကြောင်း, တိုးတက်ရာ တိုးတက်ကြောင်းတရားများ နှင့်အညီ နေထိုင်ကြရမည်"** ဆိုတော့ ဘယ်လိုနေထိုင်ရမှာလဲ-လို့ မေးစရာ ရှိလာပြန်ပါတယ်။

ဒါကတော့ ရှင်းပါသည်။ စာရေးသူတို့ရဲ့ ကိုးကွယ်အားထားရာ ဖြစ်တော်မူတဲ့ ရှင်တော်မြတ်ဘုရားက သုတ္တန္တပိဋက၊ အင်္ဂုတ္တရ နိကာယ၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဆက္ကနိပါတ်၊ ဒုတိယ ပဏ္ဏာသက၊ အရဟတ္တဝဂ္ဂ၊ ရတ္တိဒိဝသသုတ်မှာ အောက်ပါအတိုင်း အင်္ဂါရပ် (၆)မျိုးကို အတိအလင်း ဟောကြားမြွက်ဖော် မိန့်ဟတော်မူ ထားပါတယ်။

နံပါတ် (၁) အင်္ဂါက ဘာလဲ-လို့ဆိုရင် ဘုရားရှင်က "န မဟိစ္ဆော ဟောတိ" လို့ မိန့်ဆိုတော်မူထားပါတယ်။ မြန်မာလို ရှင်းရှင်း ပြောရရင်တော့ "လောဘ မကြီးရဘူး"တဲ့၊ စဉ်းစားကြည့်ကြပေါ့၊ လောဘကြီးရင် ကြီးပွားသလား, မကြီးပွားဘူးလား၊ တိုးတက်သလား, မတိုးတက်ဘူးလား ဆိုတာဟုတ်၊ မဟုတ်၊

လူ့လောကမှာ စဉ်းစားကြည့်ပါ။ ဥပမာ- တစ်နေ့တစ်နေ့ ပုံမှန်လုပ်အားခ (၁၀၀ဝိ) ရတဲ့သူ ဆိုကြပါစို့။ ဒီတစ်ထောင်ကျပ်ကို ရောင့်ရဲတင်းတိမ်မှု မရှိဘဲ ဒီထက်ပိုပြီး လိုချင်လာရင်, မိမိရသင့် ရထိုက်တဲ့ အခွင့်အရေးထက် အခွင့်အရေးတွေ ပိုပြီးလိုချင်လာရင်, (တစ်နည်း ပြောရရင်) လောဘကြီးတွေ အဆမတန်ကြီးထွားလာရင် ဒီလူဟာ တရားတာတွေ၊ မတရားတာတွေ ထည့်မတွက်တော့ဘဲ ရ,ပြီးရော ဆိုပြီး ထင်ရာလုပ်မှာ သေချာပါတယ်။ လုရမှာလဲ မကြောက်တော့၊ ခိုးရမှာလဲ မကြောက်တော့၊ သတ်ရမှာလဲ မကြောက်တော့၊ ဖြတ်ရမှာလဲ မကြောက်တော့၊ မိဘထံက ပိုက်ဆံကို မိဘမသိအောင် ခိုးယူတော့မှာ သေချာပါသည်။ ဒါမှမဟုတ်အိမ်က ပစ္စည်းတစ်ခုခုကို မိဘမသိ အောင်ယူလာပြီး မတန်ခြေ, တန်ခြေနှင့် ရောင်းပြီးသုံးမှာကတော့ သေချာပါသည်။ ဒါမှမဟုတ် သူများတွေဆီက ပိုက်ဆံဖြစ်ဖြစ်, ပစ္စည်းတစ်ခု ခု ဖြစ်ဖြစ် ခိုးတော့မှာ သေချာပါတယ်။ ခိုးစရှိတော့ ခိုးချင်ချင်,လစ်စရှိတော့ လစ်ချင်ချင်ဆိုတာလို နောက်တော့ သူခိုးလေးကနေ သူခိုးကြီးဖြစ်ပြီး ဒုက္ခတွေ အကြီးအကျယ်ရောက်မှာ သေချာပါတယ်။ ဒါဘာ့ကြောင့်လဲ၊ မကြီးသင့်, မကြီးထိုက်တဲ့ လောဘတွေ ကြီးလာလို့သာ ဒုက္ခတွေ အကြီးအကျယ် ရောက်နေ



ကိုင်း - အဲဒီလိုလုပ်တော့ ကောင်းကြသေးလား၊ မိမိရော သူတစ်ပါးပါ ဒုက္ခရောက်မှာကတော့ ကိန်းသေဖြစ်နေပြီလေ။ လောဘတွေ အဆမတန် ကြီးလာပြီဆိုရင် မည်သူမဆို အကုသိုလ် ဒုစရိုက်တရားများကို လုပ်ရမှာ လုံးဝကြောက်တော့မည် မဟုတ်ပါ။

နောက်ဆုံး ကုန်ကုန်ပြောရရင် မိဘက တစ်နေ့တစ်နေ့ မုန့်ဖိုး (၁၀ဝိ)ပဲ ပေးနိုင်တဲ့ ကျောင်းသားတစ်ယောက်ဟာ တစ်ရာကျပ်နှင့် အားမရသေးဘဲ(၂၀ဝိ)(၃၀ဝိ)စသည် တိုးတိုးပြီး (ပိုပိုပြီး) လိုချင်လာရင် (လောဘတွေ အဆမတန် ကြီးလာရင်) ခြင်း မဟုတ်ပါလော?၊ လောဘတရားဟာ ဘယ်တုန်းကများ ကောင်းကျိုး ပေးဖူးလို့လဲ၊ ဒါ့ကြောင့် ဘုရားရှင်က "နဲ မဟိစ္ဆော ဟောတိ"လို့ ဟောတော်မူထားတာပေါ့။

သာသနာ့ဝန်ထမ်းလောကမှာလဲ ဒီအတိုင်းပဲပေါ့။ ဘာထူးမှာလဲ။ ဘုန်းကြီးပဲ ဖြစ်ဖြစ်၊ သီလရှင်ပဲဖြစ်ဖြစ် လောဘတရားများ အဆမတန် ကြီးထွားလာပြီဆိုရင် မဟုတ်မတရားတာတွေကို လုပ်မိမှာ သေချာပါသည်။ အဲဒီလို မဟုတ်မတရားတာတွေကို လုပ်မိမှတော့ ဘယ်ဒကာ, ဒကာမမှ ကြည်ညိုမှာ

မဟုတ်တော့ဘူး။ ဒကာ၊ ဒကာမ မကြည်ညိုရင် သာသနာကို ဘယ်လို လုပ်ပြီး ပြုလို့ရမှာလဲ၊ အနှစ်တစ်ရာ မပြောနဲ့၊ တစ်ရက်တောင် ပြုလို့ရမှာ မဟုတ်ဘူး။ အခု ဤမုံရွာမြို့၊ မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက်ကြီးဟာ ဤမျှလောက် နှစ်ပေါင်း တစ်ရာတိုင်တိုင်ရောက်သည် အထိပင် လုံးဝ ကျဆင်းမှုမရှိဘဲ ကြီးပွားတိုးတက်နေခြင်းသည် ဤကျောင်းတိုက်ကြီးအတွင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ သီလရှင်ဆရာကြီး၊ ဆရာလေးများ ဟာ ဘုရားရှင်ဟောကြားတော်မူထားတဲ့ "န မဟိစ္ဆော ဟောတိ" ဆိုတဲ့ အင်္ဂါရပ်နှင့်အညီ လောဘမကြီးဘဲ ရသမျှနှင့်ပင် ရောင့်ရဲတင်း တိမ်နိုင်တဲ့အတွက်ကြောင့် ဖြစ်တယ်ဆိုတာ အလွန့်အလွန်ပင် ထင်ရှားပါဘိ၏။

နောက်ပြီးတော့ ဘုရားရှင်က နံပါတ်(၂) အင်္ဂါရပ်ကို ဆက်ပြီးဟောတော်မူပါတယ်။ ဘယ်လို ဟောကြားတော်မူပါသလဲလို့ဆိုရင် "သဒ္ဓေါ"တဲ့၊ ရတနာသုံးပါး နှင့်တကွ ကံ၊ ကံ၏ အကျိုးတရားကို ယုံကြည်ရမယ်တဲ့။

မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီး အတွင်းမှာရှိကြတဲ့ သီလရှင်ဆရာကြီး၊ ဆရာလေးများအားလုံးဟာ ယုံကြည်မှု သဒ္ဓါတရားကြီးမားလို့သာလျှင် လောကီလူသားတို့ နယ်ပယ်ကို စွန့်ခွါပြီး သာသနာ့ဘောင်သို့ ဝင်ရောက်လာနိုင်ကြတာပေါ့၊ ယုံကြည်မှု သဒ္ဓါတရား ပြင်းထန်တဲ့ အတွက်ကြောင့်သာ လူ့ရဲ့အာရုံငါးပါး ကာမဂုဏ်တရားတွေကို အထင်မကြီးတော့ဘဲ မိမိတို့ရဲ့ စိတ်ကို တုံးတုံးချကာ သဒ္ဓါပြဋ္ဌာန်းသောစိတ်ဖြင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်မြတ်ကြီးထဲမှာ သာသနာ့နွယ်ဝင် သီလရှင်အဖြစ် ဝင်ရောက်ပြီး၊ သာသနာ့တာဝန်တွေကို စွမ်းစွမ်းတမံ ထမ်းဆောင် နေနိုင်ကြတာပေါ့၊ ပြည်ထောင်စု မြန်မာနိုင်ငံမှာ အမျိုးသမီးပေါင်း မြောက်များစွာ ရှိပါ၏၊ သို့သော် သာသနာ့နွယ်ဝင် သီလရှင်ဝတ်နိုင်တဲ့ အမျိုးသမီး များကားရှားမှရှား၊ ဒါဘာ့ကြောင့်လဲ ရှင်းရှင်းကတော့ သဒ္ဓါတရား အားနည်းသောကြောင့်၊ သဒ္ဓါတရား ပျော့ညံ့သောကြောင့်၊ သဒ္ဓါတရား ရှားပါးသော ကြောင့်ပဲ ဖြစ်ပါသည်။



နံပါတ် (၃) အနေနဲ့ကတော့ ဘုရားရှင်က "သီလဝါ" လို့ ဟောကြားတော်မူထားပါတယ်။ အဓိပ္ပာယ်က ကိုယ်ကျင့် တရားကောင်းမွန်ရမယ်တဲ့။

သဒ္ဓါတရားရှိလို့ သာသနာ့နွယ်ဝင် သီလရှင် ဘဝ ရောက်လာပြန်တော့လဲ ခေါင်းတုံးတုံးပြီး သီလရှင် အဝတ်အစားလေး ဝတ်ထားရုံမျှနဲ့လဲ မပြီးသေးဘူးတဲ့၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံအောင် နေထိုင်ရမယ်၊ နောက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ- ဆိုတဲ့ ဗြဟ္မစိုရ်တရားများကိုလဲ အမြဲတစေ လက်ကိုင် ပြုနိုင်ရမယ်တဲ့။ "သီလရှင်" ဆိုတဲ့ အမည်နာမဟာ အဝတ်အစားကြောင့်ရရှိတဲ့ အမည်နာမ လုံးဝမဟုတ်ပါ။ မိမိရဲ့ ခန္ဓာကိုယ်သန္တာန်မှာ ကိုယ်ကျင့်တရားတွေ ကောင်းမွန်စွာ တည်ရှိနေလို့သာ ရရှိတဲ့ အမည်နာမ ဖြစ်ပါတယ်။ သီလရှင် အဝတ်အစားတွေ ဘယ် လောက်ပင် ဝင်းပြောင် တောက်ပနေအောင် ဝတ် ထားစေကာမူ ကိုယ်ကျင့်သီလ မရှိတော့ဘူး ဆိုရင် "သီလရှင်" ဆိုတဲ့ အမည်နာမကို လုံးဝမရထိုက် တော့ပါ။ မဟာလယ်တီ ဓမ္မသက သီလရှင်စာ သင်တိုက်ကြီးကို စတင်တည်ထောင် တော်မူသွားတဲ့ သီလရှင်ဆရာကြီးမှစ၍ ယခုလက်ရှိ သီလရှင် ဆရာကြီး၊ ဆရာလေးများအထိ "သီလရှင်"ဆိုတဲ့ အမည်နာမနှင့် လိုက်လျောညီထွေ ဖြစ်အောင်

သီလကိုယ်စီ ရှိကြ၍သာ ယခုလို နှစ်(၁၀၀) တိုင်တိုင်ပင် မယိုင်မလဲ ခိုင်မြဲစွာတည် ရှိနေသည် မဟုတ်ပါလော?။

နံပါတ် (၄)အနေနဲ့ ဆက်လက်ပြီး ဟောကြားတော်မူပြန်ပါသေးတယ်။ ဘာလဲဆိုတော့ "အာရဒ္ဓဝီရိယော"တဲ့။ ဆိုလိုရင်းကတော့ ကောင်းတဲ့ လုပ်ငန်းမှန်သမျှ နောက်မဆုတ်တမ်း ဇွဲရှိရှိနဲ့ ကြိုးစားရမယ်-လို့ ဆိုလိုပါတယ်။

မဟာလယ်တီ ဓမ္မသာက သီလရှင် စာသင်တိုက်ကြီးအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ သီလရှင်ဆရာကြီး, ဆရာလေးများဟာ ကြိုးစားမှု ဝီရိယရှိ,မရှိ စိစစ်ကြည့်မည်ဆိုပါက၊ စာရှုသူတို့ သိကြသည့်အတိုင်းပင် အစိုးရ ဓမ္မာစရိယတန်းနှင့် ပထမပြန်စာမေးပွဲ ပထမကြီးတန်း, ပထမလတ်တန်း, ပထမငယ်တန်းတို့မှာ တစ်နိုင်ငံလုံး နိုင်ငံကျော် (ပထမ)ဂုဏ်ထူးပန်း များကို ဆွတ်လှမ်း နိုင်ခဲ့ကြတာတွေက မားမားမတ်မတ် ရပ်တည်ကာ (ယုတ္တိဒဋ္ဌိကရဏဝါကျအနေဖြင့်) သက်သေပြ နေပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ဝီရိယရဲ့ အကျိုးတရားကို (ဖလဝါကျအနေဖြင့်) ညွှန်ပြနေပါသည်။ နံပါတ်တစ်ချိတ်တယ်, ပထမအောင်ပန်း ဆွတ်လှမ်းနိုင်တယ်-ဆိုတာ နည်းနည်းနောနော တော်စွလျော်စွ ပေါ့ပေါ့ဆဆ ဝီရိယမျိုးနှင့် မရနိုင်ပါ၊ အလွန့်အလွန်ပင် ကြိုးစား အားထုတ်ခြင်းကြောင့်သာ ရရှိနိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ ယခုဆိုရင် မဟာလယ်တီ ဓမ္မသာက သီလရှင် စာသင်တိုက်ကြီးအတွင်းမှာ ဓမ္မာစရိယ (စာချတန်း) ကျမ်းပြီးသီလရှင် ဆရာလေးတွေ, ကျမ်းစွဲ သီလရှင် ဆရာလေးတွေ, နိကာယ်ကျမ်းပြီး သီလရှင် ဆရာလေးတွေ, ကျမ်းစွဲ သီလရှင်ဆရာလေးတွေနှင့် ပရိယတ္တိစာပေနယ်မှာ အဆင့်မြင့်အတန်း လို့ခေါ်တဲ့ ဓမ္မာစရိယ(စာချတန်း)မှာ ပညာသင်ကြားနေဆဲ သီလရှင်ဆရာလေးတွေဆိုလဲ အများအပြားပင် ရှိနေပေပြီ။

ထို့နောက် နံပါတ်(၅)အနေနဲ့ ရှင်တော် မြတ်ဘုရားက "သတိမာ"လို့ ဟောကြားတော်မူ ထားပါသည်။ အမိပ္ပါယ်က ကောင်းတဲ့လုပ်ငန်းများကို လုပ်ဖို့ မမေ့ရဘူးတဲ့။

မဟာလယ်တီ ဓမ္မသာက သီလရှင်ဆရာကြီး, ဆရာလေးများဟာ ရှေးသီလရှင် ဆရာကြီးများ ခင်းပေးထားခဲ့တဲ့ စည်းကမ်းတည်းဟူသော လမ်းကြောင်း, နည်းလမ်းတည်း ဟူသော လမ်းကြောင်းပေါ်၌ မမေ့မလျော့သော သတိတရားကို လက်ကိုင်ထားကာ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းခဲ့ကြလို့သာ ယခုကဲ့သို့ နှစ် (၁၀၀) ရောက်သည်အထိ မကွယ်ပျောက်သေးဘဲ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား တည်ရှိနေသည်မှာ စာရှုသူတို့ မျက်မြင်ပင်။

နောက်ဆုံး နံပါတ်(၆) အလှည့်ကျတော့ ဘုရားရှင်က ဘယ်လိုဟောကြားတော်မူထား သလဲဆိုရင် "ပညဝါ"တဲ့။ အလုပ်လုပ်တဲ့နေရာမှာ မတွေး



တော မဆင်ခြင်ဘဲနဲ့ ပြီးပြီးရောဆိုပြီး မလုပ်ရဘူးတဲ့၊ စဉ်းစားနိုင်သမျှစဉ်းစား,တွေးခေါ် နိုင်သမျှတွေးခေါ်,မြော်မြင်နိုင်သမျှမြော်မြင်, ဆင်ခြင်နိုင်သမျှဆင်ခြင်,သုံးသပ်နိုင်သမျှသုံးသပ်, ဆုံးဖြတ်နိုင်သမျှဆုံးဖြတ်ပြီး ဉာဏသမ္ပယုတ်ခေါ် အသိဉာဏ်နှင့်ယှဉ်ပြီး အလုပ်လုပ်ပါတဲ့။

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီးအတွင်း၌ ယခင်အတိတ်က နေထိုင်ခဲ့ကြဖူးကုန်သော သီလရှင်ဆရာကြီး, ဆရာလေးများနှင့် ယခု ပစ္စုပ္ပန်၌နေထိုင်ဆဲဖြစ်ကြကုန်သော သီလရှင်ဆရာကြီး, ဆရာလေးများသည် အမြော်အမြင်ပညာမျက်စိ စူးရှထက်မြက်သည့်အတွက်ကြောင့်သာလျှင် အရာရာမှာ အောက်တန်း နောက်တန်းမကျဘဲ အစဉ်ထာဝရ တိုးတက်မြဲတိုးတက်လျက်, ကြီးပွားမြဲ ကြီးပွားလျက် ရှိနေဆဲပင်။ ဤမဟာ လယ်တီဓမ္မသက သီလရှင် စာသင်တိုက်ကြီးမှ ပညာရင်နို့သောက်စို့ကာ ပညာမျက်စိများ ပွင့်လင်းပြီး ပြည်ထောင်စုမြန် မာနိုင်ငံတော် တစ်ဝန်းလုံး၌ သာသနာ့မျိုးနွယ်များ အဆက်ပြတ် မသွားစေရန် သာသနာပြုနေကြသော သီလရှင်ဆရာကြီး များလည်းအများအပြားပင် ရှိနေပါပြီ။

အဲ ဒီတော့ ဤမုံ ရွာမြို့မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီးအတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး, ဆရာလေးများဟာ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူထားသည့်အတိုင်း- "န မဟိစ္ဆော ဟောတိ"အစ "ပညဝါ" အဆုံးရှိတဲ့ ကြီးပွားတိုးတက်ကြောင်းဖြစ်သော အင်္ဂါ (၆)ပါးနှင့် အညီ နေထိုင်ကြခြင်းကြောင့်သာ ဤမုံရွာမြို့ မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက်ကြီး အနေနဲ့ ယခုလို နှစ်(၁၀၀) တိုင်တိုင် မယိုင်မလဲ ခိုင်မြဲစွာ အဘက်ဘက်က တိုးတက်လျက်,ကြီးပွားလျက် "သာသနာ့အလယ်မှာ တင့်တင့် တယ်တယ် ထည်ထည်ဝါဝါ" တည်ရှိ နေခြင်းကို စာရေးသူတို့ စာရှုသူတို့ မျက်ဝါး ထင်ထင် တွေ့မြင်နေရပြီ မဟုတ်ပါလော?။

မမေ့အပ်, မမေ့သင့်, မမေ့ထိုက်တဲ့ အင်္ဂါ (၆)ဖြာကို မေ့ပျောက်မသွားစေဘို့ ရည်သန်ကာ လင်္ကာလေးတစ်ပိုဒ် အဖြစ်စီကုံး ပေးလိုက်ပါရစေ၊ လင်္ကာပိုဒ်လေးကတော့-

**"န မဟိစ္ဆော၊**<br>
**သဒ္ဓေါ, သီလ၊ ဝီရိယနှင့်၊**<br>
**သတိ, ပညာ၊ ဤခြောက်ဖြာ၊**<br>
**မှတ်ပါ ကြီးပွါး ကြောင်း"**တဲ့။

ဤလောကကြီးထဲမှာ ကြီးပွားလိုသူတိုင်း, တိုးတက်လိုသူတိုင်း ဒီလင်္ကာ စာပိုဒ်လေးကို ရင်ထဲအသည်းထဲ သံမှိုနဲ့ရိုက်နှက် ထားဘိသကဲ့သို့ အမြဲတမ်း စွဲစွဲမြဲမြဲ မှတ်သားလျက် ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူထားခဲ့တဲ့ ဤအင်္ဂါခြောက်ဖြာနှင့် ပြည့်စုံအောင် နေထိုင်နိုင်ကြပါသော်-ဟု ဖြူစင်သန့်ရှင်းသော စိတ်စေတနာဖြင့် ဆန္ဒပြုရင်း-

"သာသနာ့အလယ်, တင့်တယ်ပေစွ, ဓမ္မသက" လို့အမည်ရတဲ့ ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုစာလွှာလေးကို ဒီမှာတင်ပဲနိဂုံးကမ္ပတ် အဆုံးသတ် လိုက်ပါတော့သတည်း။

ဦးဝိဇ္ဇောဒယ<br>
(ဇောတိကရာမတိုက်)

--------- * ---------



# ဓမ္မအမွေကိုခံယူနေကြသူ သာသနာ့နွယ်ဝင် သီလရှင်ပုဂ္ဂိုလ်များ

ဘဒ္ဒန္တ နန္ဒဝံသ (စာချ)

တွေ့ကြုံဖို့ရာအလွန်ခဲယဉ်းကြီး ခဲယဉ်းလှသော ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးနှင့် တွေ့ကြုံခိုက် အခါသမယကြီး၌ လူ့ဘဝအရင်း မရှုံးစေဘဲ အကျိုးအမြတ်ရရှိစေရန် ရည်သန်၍ ကျေးဇူးတော်ရှင် ပထမလယ်တီ ဆရာတော်ကြီး၏ သာသနဒါယဒ္ဒ ဒီပနီလာ ဓမ္မအမွေခံယူပုံများ ကို အစိပ္ပာယ်မပျက် လိုရင်း ခြုံငုံ၍ တင်ပြပါဦးအံ့--

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ။ အတ္ထိ မေ တုမှေသု အနုကမ္ပာ "ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသ ဒါယာဒါ။( မူလပဏ္ဏာသ၊ ဓမ္မဒါယာဒသုတ်) အစိပ္ပာယ်။ ။မြတ်စွာဘုရား၏ အမွေသည် အာမိသအမွေ၊ ဓမ္မအမွေဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် သီလ သမာဓိ ပညာဟူသော သိက္ခာ သုံးပါးသည် ဓမ္မအမွေ မည်၏၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ထောပတ်၊ ဆီ၊ ပျား တင်လဲ အစရှိသော ဆေးတည်းဟူသော ပစ္စည်းလေးပါးသည် အာမိသ အမွေ မည်၏။ ပစ္စည်းလေးပါးသည်လည်း မြတ်စွာဘုရား၏ ဘုန်းတော်၊ တန်ခိုးတော်ကြောင့် သာသနာတော်၌ ဖြစ်ပေါ်လာ၏၊ ထို့ကြောင့် လူတို့ လှူဒါန်း၍ ရသော်လည်း မြတ်စွာဘုရား၏ အမွေတော်ပင် ဖြစ်သတည်း။

ထိုအမွေတော်နှစ်ပါးတို့တွင် အာမိသ အမွေတော်သည် ခံယူသူ မလိမ္မာလျှင် သံသရာ၌

နစ်မွန်းကြောင်းဖြစ်၏။ အမွေဆိုး အမွေယုတ် မည်၏။ ဓမ္မအမွေတော်သည်ကား သံသရာမှ ထွက်မြောက်ကြောင်းဖြစ်၍ အမွေကောင်း အမွေမြတ်မည်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "ဓမ္မ ဒါယာဒါ မေ ဘိက္ခဝေ ဘဝထ"စသည်ဖြင့် ရဟန်း တော်တို့အား ဓမ္မအမွေခံယူမှုကို တိုက်တွန်းတော်မူ၏။ "မာ အာမိသ ဒါယာဒါ"စသည်ဖြင့် အာမိသအမွေခံယူမှုကိုကား တားမြစ်တော်မူခဲ့ပေသည်။

ထိုသို့ဖြစ်ခဲ့သော်လည်း ဤပစ္စည်းလေးပါးကို အဘယ်ကြောင့် ခွင့်ပြုတော်မူသနည်းဟူမူ ဂဟဋ္ဌ ဖြစ်သူ လူအပေါင်းတို့အား ကုသိုလ်တရားပွားစေရန် အခွင့်ကိုမျှော်၍ ခွင့်ပြုတော်မူပြန်သည်၊ ထိုသို့ဖြစ်ခဲ့သော် နောင်လာ နောက်သား ရဟန်းတို့ကို သံသရာ၌ နစ်မွန်းမျောပါးစေရာ မရောက် ပါလောဟူမူ ရဟန်းများအား ပစ္စည်းလေးပါး အတွက်နှင့် သံသရာ၌ မနစ်မွန်းစေခြင်းငှာ ဤဓမ္မဒါယာဒသုတ္တန်၊ ပါသရာသိသုတ္တန်၊ အရိယာဝံသ သုတ္တန်၊ ပစ္စဝေက္ခဏာသုတ္တန်၊ လာဘသက္ကာရ သံယုတ်သုတ္တန် အစရှိသော သုတ္တန်ဒေသနာတော်မြတ်တို့ကို ဟောကြားတော်မူပေသည်။ ဤသုတ္တန် ဒေသနာတော်တို့ကို မကြားဖူး၊ မတွေ့ဖူးကြ၊ ဝိနည်းကျမ်းဂန်များကိုသာ ကြားဖူး တွေ့ဖူးကြကုန်သော သူတို့သည် ပစ္စည်းလေးပါး အတွက်နှင့် သံသရာ၌ နစ်မွန်းဖွယ်သာ ဖြစ်၍ နေကြကုန်၏။

ဤ ဓမ္မဒါယာဒသုတ္တန်ဒေသနာတော်အရ ဓမ္မဟူသည်ပရိယတ္တိဓမ္မ၊ ပဋိပတ္တိဓမ္မ၊ ပဋိဝေဓဓမ္မဟူ၍ သုံးပါးရှိ၏၊ ထိုတွင် ဝိနည်းငါးကျမ်း၊ သုတ္တန် သုံးဆယ်ခုနစ်ကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်းဟူ၍ အဋ္ဌကထာနှင့် တကွသော ပိဋကတ်သုံးပုံသည် ပရိယတ္တိဓမ္မ ( သင်ကြားအပ်သောတရား ) အမွေတော်မည်၏။ လောကီဖြစ်သော သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးသည် ပဋိပတ္တိဓမ္မ (ကျင့်ကြံပွားများအပ်သောတရား) အမွေတော်မည်၏။ လောကုတ္တရာတရား ကိုးပါးသည် ပဋိဝေဓ ဓမ္မ ( ထိုးထွင်း၍ သိအပ်သောတရား ) အမွေတော်မည်၏။ အမွေခံပုဂ္ဂိုလ်တို့သည် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပသကာ၊ ဥပါသိကာမ ဟူ၍ လေးမျိုးရှိ၏။

ယခု ကာလ၌မူကား လူယောကျ်ား လူမိန်းမတို့သည် မြတ်စွာဘုရား၏အမွေခံ (ဗုဒ္ဓ ဘာသာ) သားတော် သမီးတော်များ ဖြစ်ကြပါကုန်လျက် ကျမ်းဂန်စာပေ ပရိယတ္တိအမွေတော်ကိုပင် ခံယူကြသူ အလွန် နည်းပါးကြကုန်၏၊ ပဋိပတ္တိအမွေတော်ကို ခံယူကြသူတို့ကား ထိုထက် နည်းပါးကြကုန်၏၊ ပဋိဝေဓ အမွေတော်ကိုမူကား ယခုသာသနာ၌ ရထိုက်သည် ဟူ၍ပင် မထင်ကြချေ။

တစ်နည်းအားဖြင့် လောကအမွေ၊ ဓမ္မ အမွေနှစ်ပါးရှိရာတွင် လောကအမွေဆိုသည်ကား လောကီမိဘတို့မှ ရရှိကြသော လယ်ယာ မိုးမြေ ရွှေငွေရတနာ စသည်တို့တည်း။ ဓမ္မအမွေဆိုသည်ကား ဗုဒ္ဓဘာသာလူမျိုးတို့၏ အဘိုးကြီး အဘကြီးဖြစ်တော်မူသော မြတ်စွာဘုရားကြီးမှ ရရှိကြသော ဓမ္မအမွေတော်ကြီး သုံးပါးပေတည်း။ ဘာသာတစ်ပါးတို့၌ လောကအမွေသာရှိကြ၏၊ ဓမ္မအမွေဟူ၍ မရှိကြပေ၊ ဗုဒ္ဓဘာသာ လူမျိုးတို့၌မူကား အမွေနှစ်ပါးလုံးရှိကြ၏။

ထိုနှစ်ပါးတို့တွင် လောကအမွေသည် အထိန်းအသိမ်းလိမ္မာလှပါမှ ယခုတစ်ဘဝ၌သာ ခံစားရ၏၊ ရန်သူမျိုးငါးပါးနှင့်တွေ့ခဲ့လျှင် နေ့ချင်း ညချင်း ပျက်ဆုံး၏၊ ဓမ္မအမွေတော်သည် မူကား ယခုဘဝမှ နိဗ္ဗာန်ရသည်ဘဝတိုင်အောင် ချမ်းသာသုံးပါးကို ရွက်ဆောင်နိုင်၏၊ ပရိယတ္တိအမွေတော်သည် ဘဝအဆက်ဆက်တို့၌အမျိုး ကြီး မြတ်ခြင်း၊ တန်ခိုးကြီးမြတ်ခြင်း၊ စည်းစိမ် ကြီးမြတ်ခြင်းကို ရွက်ဆောင်နိုင်၏၊ ပဋိပတ္တိနှင့် ပဋိဝေဓ အမွေတော်သည် အပါယဒုက္ခ၊ ဝဋ်ဒုက္ခတို့မှ အစဉ်ထာဝရလွတ်ငြိမ်းခြင်းကို ရွက်ဆောင်နိုင်၏။ ရန်သူမျိုးငါးပါးတို့နှင့် ဆက်ဆံခြင်း မရှိချေ။

ဤအမွေခံမှုနှင့် ပတ်သက်၍ လောက ဥပမာကိုပြဆိုရချေသော် လောက၌ သူဌေးကြီး တစ်ဦးသည်-

လယ်ကောင်းယာကောင်း ရှစ်သောင်း လေးထောင်ရှိ၏၊ မြေ၌ငါးတောင်နက်အောင် မြှုပ်နှံ၍ ထားအပ်သော ငွေအိုးပေါင်း များစွာရှိ၏၊ မြေ၌ဆယ်တောင်နက်အောင် မြှုပ်နှံ၍ ထားအပ်သော ရွှေအိုးပေါင်များစွာရှိ၏၊ မြေ၌ တစ်ဆယ့်ငါးတောင်နက်အောင်မြှုပ်နှံ၍ ထားအပ်သော စိန်ကျောက်ပတ္တမြားလည်း များစွာရှိ၏၊ အမွေခံ

သားသမီးတို့လည်း များစွာရှိ၏။ ထိုတွင် အချို့ သားသမီးစုသည် အလွန်ပျင်းရိ၏၊ ပေါ့ပြက်၏။ သောက်မှု စားမှုနှင့်သာ အချိန်ကုန်၏၊ အမွေရ လယ်ယာတို့ကိုလည်း မလုပ်မကိုင် ပစ်ထား၏၊ ငွေတွင်း ရွှေတွင်း ရတနာတွင်းတို့ကိုလည်း မတူး မဖော်ပစ်ထား၏၊ မိမိအမွေရ လယ်ယာ၊ ငွေတွင်း ရွှေတွင်း၊ ရတနာတွင်းတို့ကိုပင် ဘယ်မှာရှိသည် ဟူ၍ မသိပြီ၊ တစ်သက်လုံးမွဲ၍ ဆင်းရဲ၍ မဆုံး ရှိနေ၏။ (ဤကား ပထမ သားသမီးစုတည်း။)

အချို့သားသမီးစုသည် မိမိအမွေရ လယ်ယာစုတွင် အချို့မျှကိုသာ လုပ်ကိုင်၏၊ မလုပ်မကိုင် ပစ်ထားသော လယ်ယာစသည်မှာ တောအတိဖြစ်သွား၏၊ ငွေတွင်း ရွှေတွင်း ရတနာတွင်းတို့မှာလည်း သုံးစားရရုံမျှတူးဖော်၏၊ ကျန်ရှိသော ရတနာတွင်းတို့သည် အမှတ်သညာ ပျောက်ကုန်၍ တစ်သက်လုံး စားရဝတ်ရရုံမျှသာရှိ၏။ (ဤကား ဒုတိယ သားသမီးစုတည်း။)

အချို့ သား၊ သမီးစုသည် မိမိအမွေရ လယ်ယာတို့ကို အကုန်လုပ်ကိုင်၏၊ ရွှေတွင်း ငွေတွင်း ရတနာတွင်းတို့ကို အကုန်တူးဖော်၍ ယူ၏၊ သူဌေးကြီးဖြစ်၍ တစ်သက်လုံး ကြွယ်ဝ ချမ်းသာ၍ မဆုံး ရှိပေ၏။ (ဤကား တတိယ သားသမီး စုတည်း)

ဤလောကဥပမာ၌ မြတ်စွာဘုရားကြီးသည် ကုဋေများစွာကြွယ်ဝသော သူဌေးကြီးနှင့် တူ၏၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော ယောက်ျား မိန်းမဟူသမျှတို့သည် သူဌေးကြီး၏ အမွေခံသား သမီးစုနှင့်တူ၏၊ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်း လေးထောင်ဟူသော ပရိယတ္တိ ဓမ္မအမွေတော်သည် သူဌေးကြီး၏ လယ်ကောင်း ယာကောင်းစု နှင့်တူ၏၊ လောကီဖြစ်သော သီလ သမာဓိ ပညာ ဟူသော ပဋိပတ္တိ ဓမ္မအမွေတော်သည် ငွေတွင်းစုနှင့် တူ၏၊ မဂ်လေးတန် ဖိုလ်လေးတန်နိဗ္ဗာန် တည်းဟူသော ပဋိဝေဓ ဓမ္မအမွေတော်သည် ရွှေတွင်း၊ ရတနာတွင်းစုနှင့်တူ၏။

အထူးအားဖြင့် စာပေကျမ်းဂန် တို့ကို လည်း မလေ့ကျင့်၊ သီလသမာဓိပညာ ဟူသော ပဋိပတ် အမှုကိုလည်း ကျင့်ကြံ ပွားများအားထုတ် မှုမရှိ၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုလည်း အလေးမပြု၊ စားမှု ဝတ်မှုနှင့်ကြီးရင့်ပြီး သေဆုံးသွားကြသော ဗုဒ္ဓ ဘာသာ အမည်ခံယောက်ျား မိန်းမဟူသမျှ တို့သည် သူဌေးကြီး၏ ပထမ သားသမီးစုနှင့် တူ၏၊ သံသရာ၌ ပညာမွဲ၍ မဆုံး၊ တန်ခိုးကျက်သရေမွဲ၍မဆုံး၊ အပါယ်လေးပါး၌ ကျ၍မဆုံးရှိ ပေရာ၏။

စာပေကျမ်းဂန်တို့ကိုလည်း အနည်းငယ်မျှသာ၊ သီလသမာဓိကိုလည်း အတုအပမျှသာ၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုလည်း ဆိုမြည် ယောင်ယမ်းကာမျှ သာ ဖြစ်သော ယောက်ျား မိန်းမစုတို့သည် သူဌေးကြီး၏ ဒုတိယသား သမီးစုနှင့်တူ၏၊ ဖြစ်လေရာရာ သံသရာ၌ လူစဉ်မီကာမျှသာရှိရာ၏၊ အပါယ်ငရဲမှ လွတ်ခဲရာ၏။

စာပေ ကျမ်းဂန်ကိုလည်း အားထုတ်၏။ သီလ သမာဓိပညာဟူသော ပဋိပတ်ကိုလည်း အားထုတ်၏။ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ပဋိဝေဓ ဓမ္မကိုလည်း အလွန် လိုလားတောင်းတ၏။ ထိုယောက်ျား မိန်းမစုသည်



သူဌေးကြီး၏ တတိယ သားသမီးစုနှင့်တူ၏။ဖြစ်လေရာရာ သံသရာ၌ အသိအလိမ္မာဉာဏ် ပညာနှင့်လည်း ပြည့်စုံလတ္တံ့၊ ဘုန်းတန်ခိုး ကျက်သရေလည်း ကြီးမြတ်လတ္တံ့၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့်လည်း နီးလွယ်လတ္တံ့။

ဓမ္မအမွေသုံးပါတို့အနက် ပရိယတ္တိ ဓမ္မ အမွေတော်ကို ခံယူကြရာ၌လည်း တစ်ဦးနှင့် တစ်ဦး၊ တစ်ယောက်နှင့် တစ်ယောက် မတူမျှကြပုံ ကို အမြွက်မျှ တင်ပြပါဦးမည်-

တစ်ပုဒ်တစ်ဂါထာမျှ တတ်သောသူထက် နှစ်ပုဒ်နှစ်ဂါထာတတ်သောသူက နောက်နောက် ဘဝတို့၌ အသိအလိမ္မာ ဉာဏ်ပညာ နှစ်ဆ သာလတ္တံ့၊ နှစ်ပုဒ်နှစ်ဂါထာ တတ်သောသူထက် လေးပုဒ် လေးဂါထာ တတ်သောသူက နောက်နောက် ဘဝတို့၌ အသိအလိမ္မာ ဉာဏ်ပညာ နှစ်ဆ သာလတ္တံ့၊ ဤသို့ လျှင် ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော ယခုဘဝ၌



Sunday, November 28, 2010 03:53:5



ဓမ္မအမွေတော်ကို အလိုဆန္ဒ နည်းပါးကြသော ယောကျ်ား-မိန်းမစုတို့နှင့်ဓမ္မအမွေတော် ကိုအလိုဆန္ဒကြီးမားကြပေသော ယောကျ်ား မိန်းမစုတို့၏ နောက်နောက်ဘဝတို့၌ အကျိုးသွား အယုတ်အမြတ်အားဖြင့် ထူးခြားသွားကြပုံကို အကုန် မျှော်မိကြကုန်ရာ၏။

ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ကြီး၏ သာသနဒါယဇ္ဇဒီပနီလာ လိုရင်းအဓိပ္ပာယ်များကို မျှော်ထောက်ရှု၍- မဟာ လယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီး အတွင်း၌ အစဉ်အဆက် သီတင်းသုံးနေထိုင်ခဲ့ကြသော အမျိုးသမီးစံပြခေါင်းဆောင် သာသနာ့ဝန်ဆောင်များ ဖြစ်ကြသော ဆရာကြီး, ဆရာလေးတို့၏ ဓမ္မအမွေ ခံယူကြပုံကိုလေ့လာကြည့်ပါက အလွန်ပင် ကြည်ညိုလေးစား ဂုဏ်ပြုလောက်သော အချက်အလက်များကို တွေ့ရှိရပါသည်။ "ဆရာကောင်း တပည့်-ပန်းကောင်းပန်" ဟူသော လောက ဆိုရိုးစကားနှင့်အညီ ကမ္ဘာကျော် ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ပထမ လယ်တီဆရာတော်ကြီးနှင့် နောက်နောက် ဆရာတော် စဉ်ဆက်တို့၏ နည်းကောင်း လမ်းကောင်း၊ ဩဝါဒကောင်းများကို ဦးထိပ်ပန်ဆင်၍ လိုက်နာကျင့်သုံးကာ နေထိုင်လာကြသော ဓမ္မသကသီလရှင်စာသင်တိုက် ဆရာကြီး ဆရာလေးတို့သည် ဆရာကောင်းတို့၏ တပည့်များ ပီသစွာ, မြင့်မြတ်၍ အထက်တန်းကျသော ပရိယတ္တိ လုပ်ငန်းကြီးကို အားနွဲ့သူမိန်းကလေးများ ဖြစ်ကြသော်လည်း အားကောင်း မောင်းသန် ယောကျ်ားများ ဖြစ်ကြသော ရဟန်းသာမဏေများနှင့် ရင်ပေါင်တန်းပြီး ဆောင်ရွက်နိုင်ကြပုံကို လေ့လာကြည့်ပါလျှင် အထူးကြည်ညို လေးစား အံ့ဩစရာ ဂုဏ်ပုဒ်များသာ ဖြစ်ကြပေသည်။

တစ်နေ့တာအတွက် ပရိယတ္တိသာသနာတာဝန်ဆောင်ရွက်ချက်မှာ- နံနက် ၄ နာရီမှစ၍ ည ၁၀-နာရီတိုင်အောင် ဝတ်တက် ဝတ်ကပ် အပါအဝင် နေ့ဝါ ညဝါများနှင့် စာကျက် စာအံ ကျောင်းတက်ရောက်ခြင်း၊ စာပြန်ကျောင်း တက်ရောက်ခြင်း အစရှိသော ပရိယတ္တိလုပ်ငန်းများနှင့် အချိန်ကုန်လွန်ခဲ့ကြပါသည်။ ဤနည်းအားဖြင့် တစ်နှစ်တာ၏ စာမေးပွဲကာလ ပြီးဆုံးသည် အထိ အားသွန်ခွန်စိုက်ကြိုးစားကြရပါသည်။စာဝါနားရာ ဥပုသ်နေ့များမှာလည်း တိုက်တွင်း လေ့ကျင့်ခန်း စာမေးပွဲများ ကျင်းပလျက် စာချဆရာကြီးတို့သည် ကန့်သတ်အမှတ်အနည်း အများကိုကြည့်၍ တပည့်များအပေါ် ဆုပေး ဒဏ်ပေးစနစ်ဖြင့် အရေးယူဆောင်ရွက်ကြပါသည်။

စာမေးပွဲပြီးသောအချိန်ကာလများလည်း စာဝါခေတ္တနားရာ၌ မိမိတို့နှစ်သက်ရာ ဝိပဿနာတရားစခန်းကြီးများသို့ ဝင်ရောက်ပြီး တရား နည်းယူအားထုတ်ပြီးလျှင် မိမိနေရာဌာနသို့ ပြန်လာကြ၍ နေ့ပရိယတ် ညပဋိပတ်ဟူသော ရှေးဆရာတော်ကြီးတို့၏ အဆိုအမိန့်အတိုင်း ကျင့်ကြသူ ဆရာကြီး ဆရာလေးများစွာ ရှိကြပါသည်။ ဤမျှလောက် သာသနာ့ဆောင်ရွက် ချက်များကို ဖော်ပြကာမျှဖြင့်- မုံရွာမြို့ မဟာ လယ်တီဓမ္မသက သီလရှင် စာသင်တိုက်သူများ ဖြစ်ကြသော အမျိုးသမီး သာသနာ့နွယ်ဝင် သီလရှင်တို့သည် သာသနဒါယဇ္ဇဒီပနီလာ ဗုဒ္ဓမြတ်စွာ၏ ဓမ္မအမွေတော်များကိုခံယူနေကြသူ ဘုရား သမီးတော်အစစ် သာသနာ့နွယ်ဝင် သီလရှင်ပုဂ္ဂိုလ်ထူးများသာဖြစ်ကြောင်းနှင့် စာဖတ်သူ ပရိသတ်အပေါင်းသည်လည်း မိမိတို့သည် ဘုရားမြတ်စွာ သာသနာနှင့် ကြုံခိုက် မြတ်စွာဘုရားကဲ့ သို့ သူဌေးကြီးဥပမာ၌ အမွေခံသားသမီးစုများ အနက် ဘယ်သားသမီးစု အဆင့်၌ ပါဝင် နေကြသည်ကို နဖူးပေါ်လက်တင်စဉ်းစားဆင်ခြင် သုံးသပ်တော်မူကြပါရန် နှိုးဆော်ရင်း "မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီး၏ ရာပြည့် အထိမ်းအမှတ် စာတမ်းအဖြစ်ဖြင့် ဂုဏ်ပြုတင်ပြ မှတ်တမ်းတင်လိုက်ရပါသတည်း။

သူတော်ကောင်းဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာ တည်စေသော်။

ဘဒ္ဒန္တနန္ဒဝံသ(စာချ)



# ကြိုးစားကုန်လော့ နိုးကြားကုန်လော့

ဘဒ္ဒန္တကောသလ

၁၂၇၂ ခုနှစ် အခါက မုံရွာမြို့တွင် ဦးစွာ ပထမတည်ထောင်ခဲ့သော သီလရှင်စာသင်တိုက် (အမျိုးသမီး ပရိယတ္တိစာသင်တိုက်) ကြီးသည် ယခုအခါ နှစ်ပေါင်းတစ်ရာတိုင်တိုင် ရပ်တည်နိုင်ခဲ့သော စံပြ စာသင်တိုက်ကြီး တစ်တိုက်ဖြစ်၍နေပေပြီ။

ဤမျှကြာရှည်လှပြီးဖြစ်သော ခရီးတာကြီးကို ပြန်လည်မျှော်ခေါ်ကြည့်ပါလျှင် လမ်းခရီးတွင် တွေ့ကြုံခဲ့ရသည် လောကဓံတရားများကား နည်းလှသည် မဟုတ်ပေ။

ကောင်းသော လောကဓံတရားလေးပါးနှင့် ကြုံတွေ့ရသည့်အခါ ပြုံးခဲ့ကြရ၊ ပျော်ခဲ့ကြရပါသည်။ သို့သော် မကောင်းသော လောကဓံတရား လေးပါးနှင့်ရင် ဆိုင် တိုက်ပွဲ ဝင် နေ ခဲ့ရသည့် အခါ များ မှာ ကား ကြံ့ကြံ့ခံနိုင်ရန် မ တည် ရင်းနှီးခဲ့ရသည့် အရင်းအနှီးကား မနည်းလှပါ။ သာမန် အဆင့်သာရှိသော ခန္တီ၊ ဝီရိယ၊ မေတ္တာနှင့် စည်းလုံး ညီညွတ်မှုအင်အားများကိုသုံး ရုံမျှဖြင့်ဆိုလျှင် ဤနှစ်တစ်ရာ ခရီးရှည် သို့တိုင် တည်တံ့နိုင်ခဲ့ကြမည်မဟုတ်ပေ။

ခေတ်အဆက်ဆက် ဆရာစဉ်ဆက်၊ ဒကာ စဉ်ဆက်၊ အနစ်နာခံ၊ အပင်ပန်းခံ၊ အဆင်းရဲခံ၍ တည်ဆောက်ခဲ့ရသည်များကို စာရေးသူတို့ အသိ ပင်ဖြစ်ပါသည်။ များသောအားဖြင့် ကျောင်းတိုက်တာ (သို့) အဖွဲ့အစည်းတစ်ခု တည်ထောင် ဖွဲ့စည်းကြ ပြီ ဆိုလျှင် ပထမတာထွက်မှာ ဆရာ စဉ်ဆက်နှစ်ဆက် သုံးဆက်သာလျှင် ကြီးပွားတိုးတက်လာပြီး နောက်ပိုင်း တွင် လျော့နည်းကျဆုံးသွားတတ်ကြသည်မှာ ဓမ္မတာ တရားသဖွယ် ဖြစ်နေကြပါသည်။ ဓမ္မေသက စာသင် တိုက်ကြီးသည်ကား ဤကဲ့သို့မဟုတ်၊ နှစ်တစ်ရာတိုင်၊ မယိုင်မလဲ၊ ခိုင်မြဲတည်တံ့လျက် ရှိပါသည်။ ပရိယတ်၊ ပဋိပတ် လမ်းစဉ်နှစ်ရပ်တွင် အောင်လံတလူလူဖြင့် ရှေ့သို့ ရှေ့သို့သာ ချီတက်လျက်ရှိသည်ကို စာတွေ့ မဟုတ်၊ ငါတွေ့ပင်ဖြစ်ပါသည်။

ယခုအခါမြတ်ဗုဒ္ဓ၏ သာသနာတော် အတွင်းသို့ ဖြူ၊ နီ၊ ပြာ ရောင်စုံဝါဒသမားများ ဝင်ရောက်နေရာ ယူ၍နေသော ခေတ်အခါကြီးတွင် 'ဓမ္မေသက'ကဲ့ သို့သော အမျိုးသမီးသာသနာ့တပ်ပေါင်းတပ်စုကြီးများ လိုအပ်နေပါသည်။ မြို့တိုင်းနယ်တိုင်းတွင် ဤစာသင် တိုက်ကြီးများကဲ့သို့ စာသင်တိုက်များ အမှန်တကယ် ရှိနေသင့်လှပါသည်။

အိမ်တိုင်းအိမ်တိုင်း၌ ယောကျ်ားသားများသည် အိမ်ထောင်ဦးစီး အမည်ခံကြသည်ကားမှန်၏၊ သို့သော် အိမ်ထောင်စုတစ်စုကို အမှန်တကယ် အုပ်စိုးခြယ်လှယ်နေသူများမှာ အိမ်ရှင်မများပင် ဖြစ်သည်။ သို့ဖြစ်၍ အိမ်ထောင်စုတိုင်းသို့ အစမ္ပဝါဒီများ၊ ပစ္စုပ္ပန္နကမ္မဝါဒီများ မဝင်ရောက်၊ မနှောင့်ယှက်နိုင်ရေးအတွက် အမျိုးသမီး သာသနာ့နွယ်ဝင် သီလရှင်များက အိမ်ရှင်မကြီးများအား လက်လှမ်းမီသမျှ သတိတရား ကြီးစွာထား၍ စည်းရုံးသိမ်းသွင်းကြကုန်လော့-

"ကြိုးစားကုန်လော့၊ နိုးကြားကုန်လော့"

အသပ္ပုရိသာနံ ဒုစိန္တံ၊ စိန္တံ စိန္တံ ဝိနဿတု။
သပ္ပုရိသာနံ သုစိန္တံ၊ စိန္တံ စိန္တံ သမိဇ္ဈတု။

အသပ္ပုရိသာနံ၊ သူတော်မဟုတ်၊ သူယုတ်တို့၏။ ဒုစိန္တံ၊ မကောင်းသော အကြံအစည် မှန်သမျှတို့သည်။ စိန္တံ စိန္တံကြံတိုင်း ကြံတိုင်း၊ ဝိနဿတု၊ ပျောက်ပျက်ပါစေသတည်း။

: သပ္ပုရိသာနံ၊ သူတော်ကောင်းတို့၏။ သုစိန္တံ၊ ကောင်းသောအကြံအစည် မှန်သမျှတို့သည်။ စိန္တံ စိန္တံ၊ (ကြံတိုင်းကြံတိုင်း) ကြံတိုင်းစည်တိုင်း။ သမိဇ္ဈတု၊ ပြီးပြည့်စုံပါစေသတည်း၊ အောင်မြင်ပြီးမြောက်ပါစေသတည်း။

* မသူတော်တို့၏ မကောင်းသော အကြံအစည်မှန်သမျှ ကြံစည်တိုင်း ကြံစည်တိုင်း ဆုံးရှုံးပျက်စီးပါစေသတည်း။
* သူတော်ကောင်းတို့၏ ကောင်းသော အကြံအစည်မှန်သမျှ ကြံစည်တိုင်း၊ ကြံစည်တိုင်း အောင်မြင်ပြီးမြောက် ခရီးရောက်ပါစေသတည်း။

ဘဒ္ဒန္တကောသလ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

## လယ်တီဆရာတော်ဘုရားကြီး တပည့် မောင်ဩဇာကို ဆိုဆုံးမသော သံဝေဂ တေးထပ်

➤ ငါးအာရုံ ဘင်အစု၊
ခင်မှုနှင့်နေ့ကုန်၊
နင်ယခု မေ့ပုံလို၊
တွေ့မကြုံ စခန်း။
ပါယ်လေးဝ သောကဘုံမှာ၊
မျောရရုံ ရှိတော့ ခမန်း။

➤ အောက်ဝီစိ သောင်းအင်္ဂုမှာ၊
ခေါင်းမပြူ စတမ်း။
နှစ်အရှည် နှစ်မည်လမ်းကိုလ၊
နင်မျှော်စမ်း နင့်ကိုယ်။
ဒေသနာ ထင်အလင်းရယ်နှင့်၊
နင်အဖျင်း ပိုထက်သာပို။

➤ သည်လောဘ စရိုက်အိုကို၊
မလိုက်လို ရှောင်ပစ်လို့၊
နောင်အသစ် တကယ်ပြင်လျှင်၊
ကောင်းဖို့အစဉ်။
* ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်။
အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။
* ခွင့်သာဆဲကမှ မခဲချင်လျှင်၊
အလွဲနှင့်ပြင် ရှိသေးလေလိမ့်လား။
* ခွင့်သာတုန်းကမှ မရုန်းချင်လျှင်၊
အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား။



# သီလရှင်ဆိုသည်မှာ

## လယ်တီအရှင်နန္ဒဝံသ(ဘောဂ)



"ဘုန်းဘုန်း နေကောင်းလား ဘုရား?"

မိမိသည် လယ်တီအာနာပါနဒီပနီ ဖတ်နေရာမှ အသံလာရာသို့ မော့ကြည့်လိုက်၏။

"ဩ ငုဝါ ပါလား၊ တန့်ဆည်က လာတာလား? မဟာတန်းကော ပြီးသွားပြီလား?"

"ဘုန်းဘုန်း ကျေးဇူးနဲ့ မဟာတန်း ပြီးသွားပါပြီဘုရား၊ အခု 'အမ်အေ' ဘွဲ့ယူဖို့ တန့်ဆည်က လာတာပါဘုရား"

"ဩ အင်းအင်း ဝမ်းသာတယ် ဝမ်းသာတယ်။"

တစ်ချိန်က ဘွဲ့ယူစာတန်းတင်ဖို့ လယ်တီဒါနာဒိဒီပနီကျမ်းမှ ပါဠိအထောက်အထား ကျမ်းကိုးများကို ရှာဖွေပေးရင်း နိဒါန်းပါ ရေးပေးလိုက်ရသည်ကို သတိရမိသည်။

### သီလရှင်ဆိုသည်မှာ

"ဘုန်းဘုန်းကို သမီးတစ်ခု မေးချင်ပါတယ်ဘုရား၊ သီလရှင်ဆိုတာ ဘယ်လိုဟာလဲရှင်း ပြပေးပါဘုရား။"

အင်း အင်း မေးထိုက်ပါတယ်၊ အများစုကတော့ 'ခေါင်းရိတ်၊ သီလရှင်ဝတ်စုံဝတ်၊ သီလယူ' ဒါဆို သီလရှင် ဖြစ်ပြီလို့ထင်နေကြတာ၊အဲ့ဒီလောက်ဆိုရင် ခဏလေး ရက်ပိုင်းလောက်ဝတ်တဲ့ ဒုလ္လဘအတွက်တော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ အမြဲဝတ်သီလရှင်ဆိုရင်တော့ ဒါလောက်နဲ့ မပြည့်စုံသေးဘူး၊ တကယ်တမ်း အရည်အသွေး ပြည့်ဝတဲ့ သီလရှင်တစ်ပါး ဖြစ်ဖို့ဆိုရင် အင်မတန် လေးနက် ကျယ်ဝန်းပါတယ်။

"သမီး နားလည်အောင် ပြည့်ပြည့်စုံစုံလေး ပြောပြပါဦးဘုရား?"

သီလရှင်ဆိုတာ ဆံပင်ကိုပယ်၍ နီဝါကြန့်ကြန့် အဝတ်ကို ဝတ်ရုံလျက် သီလစောင့်ထိန်းသူဖြစ်တယ်။ သီတင်းသည်၊ သီလသည်၊ မယ်သူ တော်၊ မယ်သီလ၊ ဖွားသီလ၊ ဆရာလေး၊ သီလရင်၊ သီလရှင်' စသည်ဖြင့် အမျိုးမျိုးခေါ်ကြပါတယ်။

(မြန်မာအဘိဓာန်)

### သီလရှင်လောင်း

သီလရှင်လောင်းက ဆရာကြီးထံမှာဖြစ်စေ ခွင့်ပြုချက်ယူရတယ်။ မိမိနေထိုင်မယ့် သီလရှင်ကျောင်းတိုက် စည်းကမ်းများကို သိရှိပြီး လိုက်နာကျင့်သုံးမယ့် အကြောင်း ဝန်ခံရတယ်။

အသက်(၁၄)နှစ်အောက်နဲ့ အသက်(၄၀)ကျော်ဆိုရင် သင့်သလောက် ဥပုသ်စောင့်ခိုင်း၍ဖြစ်စေ၊ ဥပုသ် မစောင့်ဘဲဖြစ်စေ သီလရှင်ဝတ်ပေးလို့ ရတယ်။

အသက်(၁၄)နှစ်နဲ့ အသက် (၄၀)ကြားဆိုရင်တော့ မဖြစ်မနေ အနည်းဆုံး တစ်လဥပုသ်စောင့်ခိုင်းပြီးမှ ဝတ်ပေးကြရတယ်။

ဘာဖြစ်လို့လဲဆိုတော့ အရွယ်ရောက်ပြီး အမျိုးသမီးများမှာ "ကိုယ်ဝန်သားငယ်" ပါလာတတ်လို့ စောင့်ကြည့်ဖို့ လိုအပ်တယ်။ နောက်ပြီး စိတ်တည်ငြိမ်မှု ရှိမရှိနဲ့ နေနိုင်,မနေနိုင် အကဲ ခတ်ဖို့ လိုအပ်တယ်လေ။

### အစိက လိုအပ်သော ပစ္စည်းများကတော့

၁။ ခါးဝတ်လုံချည် ၄-တောင်
၂။ ချွေးခံအကျီ ၁-တောင့်ထွာ
၃။ အပေါ်အကျီလက်ရှည်၂-တောင့် ထွာ
၄။ ကိုက်ရှည် ၂-တောင့်ထွာ
၅။ ကိုယ်ရုံ ၃-တောင်
၆။ ပခုံးတင် ၅-တောင်
၇။ ခေါင်းရိတ်ဓား(ဂျုတ်)
၈။ ထီး
၉။ သီလရှင်စီးဖိနပ် ဖြစ်ပါတယ်။



သီလရှင် ပရိက္ခရာ (၉)ပါးလို့ ဆိုချင်ဆိုပေါ့။ ဒါ့အပြင် မရှိမဖြစ် လိုအပ်တာတွေကတော့ ဆွမ်းခံဗျပ်၊ ပုတီး၊ ဖျာ၊ ခေါင်းအုံး၊ အိပ်ရာခင်း၊ ခြင်ထောင်၊ စောင်၊ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ဓာတ်ဘူး၊ ဆန်ကော၊ ဆန်ခါ၊ တောင်း စတဲ့ ပစ္စည်းများ ဖြစ်ပါတယ်။

"ဘုန်းဘုန်း ဗျပ်ဆိုတာ ဘာလဲဘုရား?"

ဗျပ်ဆိုတာ အနားစောက်ပါတဲ့ သစ်သား (သို့မဟုတ်) သရိုးကိုင်နှီးသား ဗန်းတစ်မျိုးလို့ မြန်မာအဘိဓာန်က ဆိုတယ်၊ ဆွမ်းဆန်တော်

အလှူခံရာမှာ သုံးတာပေါ့။

"သီလရှင်တွေမှာ 'ဆွမ်းဆန်'လို့ သုံးသလားဘုရား?"

အေး-သုံးတယ်၊ ဒါ သာသနာတော်ရဲ့ အသုံးအနှုန်းလို့ခေါ်တယ်။

သူတော်ကောင်း အဝတ်ဝတ်ထားတဲ့ သာသနာ့နွယ်ဝင် သီလရှင်က လူအသုံးအနှုန်းတွေ သုံးနေရင် မကောင်းဘူး။ ဥပမာ-လူတွေက ထမင်း၊ ဟင်းလို့ သုံးတယ်၊ သီလရှင်တွေက ဆွမ်း ဆွမ်းဟင်းလို့ သုံးသင့်တယ်။ သီလရှင်တွေ နယ်ဘက်က ဆန်အလှူခံတဲ့အခါ ကြားဖူးမှာပေါ့၊

"သီလဆန်များ ရပ်ပါတယ်ရှင်"၊ ဒါက မိမိစောင့်ထိန်းထားတဲ့ သီလအတွက် အလှူခံနည်းလို့ခေါ်တယ်။

"ဒါနဆန်များ ရပ်ပါတယ်ရှင်"တဲ့၊ ဒါက အလှူပေးပုဂ္ဂိုလ် ဒါနမြောက်အောင် အလှူခံနည်းလို့ခေါ်တယ်။



"ဆွမ်းဆန်တော်များ ရပ်ပါတယ်ရှင်"တဲ့၊ ဒါက မိမိအလုပ်ကို ဖော်ပြ အလှူခံနည်းလို့ ခေါ်တယ်။ သီလရှင်များဟာ အလှူခံပြီးရင် မိမိချည်း စားသုံးလေ့မရှိကြဘူး၊ ဘုရားဆွမ်းတော် ကပ်၊ သံဃာတော်များကို အရုဏ်ဆွမ်း၊ နေ့ဆွမ်း တတ်စွမ်းသမျှ လောင်းလှူလေ့ရှိကြတယ်၊ ဒါသူတို့ အလေ့အကျင့်ပဲ။

ရှေးတုန်းက "သဒ္ဓါဒေယျ-မေတ္တာရပ်ပါတယ်ရှင်"လို့ ဆိုတာတွေ၊ အခုခေတ် လမ်းလျှောက်မေတ္တာပို့ ဆိုသွားတာတွေ ရှိသေးတယ်၊ ကျယ်နေမှာစိုးလို့ ထားပါတော့။

"ဗျပ်နဲ့ ဆွမ်းဆန်တော့ နားလည်ပါပြီ၊ သီလရှင်ဝတ်ပုံ အစီအစဉ်လေး ဆက်ပါဦး ဘုန်းဘုန်း"

**သီလရှင်ဝတ်ပုံ အစီအစဉ်ကတော့**

(၁) ဆံချခြင်း၊

(၂) ဝတ်စုံပြည့်ဝတ်ရုံခြင်း၊

(၃) သရဏဂုံ သီလဆောက်တည်ခြင်း ဖြစ်တယ်။

**ဆံချခြင်း**

ဆံချတယ်ဆိုတာ ခေါင်းရိတ်တာပေါ့၊ ခေါင်းရိတ်တဲ့အခါ သာမန်လူတွေလို မရိတ်ရဘူး၊ ပါဠိလို "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော" ရွတ်ဆိုဆင်ခြင်ရတယ်။

မြန်မာလို "ခြေဖဝါးအပြင်မှစ၍ ဦးထိပ်သို့ ကျအောင် တစ်လံမျှလောက်ရှိသော ဤကိုယ်ကောင်ကြီးသည် ဆံပင်၊ မွေးညင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေထူ-အရေပါး အစရှိ သော စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အသုဘ တရား အစုမျှပါတကား" လို့ ရွတ်ဆို ဆင်ခြင်ရတယ်၊ "စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ဤ ဆံပင်သည် ငါပိုင်ဥစ္စာမဟုတ်၊ ငါ မဟုတ်၊ ငါ၏ အသက်လိပ်ပြာ အတ္တမဟုတ်" လို့ ရွတ်ဆို ဆင်ခြင်ရတယ်။

သီလရှင်တစ်ပါးက ရှေ့ကတိုင်ပြီး သီလရှင်လောင်းက လိုက်ဆိုဆင်ခြင်ရတယ်။

ဒါကို "တစပဉ္စက ကမ္မဋ္ဌာန်း" လို့ ခေါ်တယ်။ မြန်မာလို "အရေထူ-အရေပါးလျှင် ငါးခုမြောက်ရှိသော ကမ္မဋ္ဌာန်း" လို့ ဆိုလိုတယ်။

ဘုရားရှင်လက်ထက်တော်က ဒီကမ္မဋ္ဌာန်းဆင်ခြင်ရင်း ခေါင်းရိတ်ပြီးတာနဲ့ ရဟန္တာဖြစ်သွားကြတာတွေရှိတယ်။ ပုံစံအားဖြင့် သုမနသာမဏေ၊ သံကိစ္စသာမဏေ တို့ပေါ့။

အဲ့ဒီလောက် လေးနက်ပြီး တန်ဖိုးရှိတယ်။

### ဝတ်စုံပြည့် ဝတ်ရုံခြင်း

ခေါင်းရိတ်ရေချိုးပြီးရင် မြန်မာ့ယဉ်ကျေးမှု ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနဲ့အညီ သီလရှင် ဝတ်စုံ (၆)မျိုးကို အစဉ်အတိုင်း သေသပ်ညီညာ လုံခြုံစွာ ဝတ်ရုံရတယ်။ ဒါဆို သီလရှင်ဝတ်စုံပြည့် (ယူနီဖောင်းအပြည့်) ဝတ်ရုံပြီးပြီ။

### သရဏဂုံသီလ ဆောက်တည်ခြင်း

ဝတ်စုံပြည့် ဝတ်ရုံပြီးရင် သရဏဂုံသီလ ခံယူဆောက်တည်ဖို့ ဆရာတော် သံဃာတော်ထံ သွားရတယ်။ သွားတဲ့အခါ လူသွားမသွားရဘူး။

"ဘုန်းဘုန်း လူသွား မသွားရဘူးဆိုတာ ဘာကိုပြောတာလဲ ဘုရား?"

ဩ- သာမန်လူတွေလို အမှတ်တမဲ့ မသွားရဘူးလို့ပြောတာ၊ ဣန္ဒြေရရ မျက်လွှာချ လက်အုပ်ချီပြီး သွားရတယ်၊ ဆရာသမားထံ ဒီလိုချဉ်းကပ်ရတယ်။

ဆရာတော်ထံမှာ ဩကာသ ကန်တော့ချိုးနဲ့ ကန်တော့ပြီး သရဏဂုံသုံးပါးနဲ့ ရှစ်ပါးသီလ ခံယူဆောက်တည်ရတယ်။

"ဒီလိုဆိုရင် သီလရှင်ဆောက်တည်တဲ့ သီလနဲ့ လူတွေဥပုသ်စောင့်တဲ့သီလ အတူတူလားဘုရား?"

အင်း- အရေအတွက်အားဖြင့် တူသော်လဲ အရည်အချင်းကတော့ ကွဲပြားတယ်။

ဒီလိုကွဲ့ လူတို့ဆောက်တည်တဲ့ ရှစ်ပါးသီလကို ဥပုသ်နေ့များမှာ ရံဖန်ရံခါဆောက်တည်တာမို့ အနိစ္စသီလလို့ ခေါ်တယ်။

သီလရှင် သီလကိုတော့ သီလရှင်ဝတ်နဲ့ မြဲသမျှကာလပတ်လုံး အမြဲဆောက်တည်ပြီး ထိန်းသိမ်းတာမို့ နိစ္စသီလ လို့ခေါ်တယ်။

အနိစ္စသီလထက် နိစ္စသီလက အရည်အချင်းပိုမို မြင့်မြတ်တာပေါ့။

### သီလရှင် ဝတ်စုံရောင်

"အဝတ်ကြောင်ကိုစွန့်၍ ဆံပင်ကိုပယ်၍ ဝတ်ဖြူစင်ကြယ်ကိုဝတ်၍ သီလရင်အဖြစ်၌ တည်၍ (၈) ပါးသီလကိုနိစ္စသီလအဖြစ်ဖြင့် ကျင့်သုံးကြကုန်၏" လို့ လယ်တီကမ္မဋ္ဌာန်း ကျမ်းကြီးက ဆိုတယ်။

"ဘုန်းဘုန်း သီလရှင်ဝတ်စုံအရောင်ဟာ လူဝတ်အရောင်ခေါ်မလား?၊ ရသေ့ ရဟန်းဝတ်အရောင်ခေါ်မလား သိပါရစေဘုရား?"

အင်း-- အခုခေတ် သီလရှင်ဝတ်စုံ ရောင်ဟာ ပန်းနုရောင် (သို့မဟုတ်) ဝါကြန့်ကြန့် အရောင်ပဲ၊ အနည်းစုကတော့ အညိုရောင် ဝတ်ကြသေးတယ်။

ရတနာပုံခေတ်နဲ့ ရှေးခေတ် သီလရှင်တွေကတော့ အဖြူရောင်ဝတ်ကြတယ်။ ထေရဝါဒ ထိုင်းနိုင်ငံက သီလရှင်တွေလဲ ယခုအထိ အဖြူရောင်ဝတ်ကြတယ်။ "အဝတ်ဖြူ ဆိုတာ လူတို့အဝတ်ဖြစ်တယ်၊ အရဟတ္တဓဇမျိုး မဟုတ်ဘူး၊ အဝတ်ဖြူကို အိန္ဒိယ မဇ္ဈိမတိုင်းသားတို့ ဝတ်လေ့ရှိကြတယ်။ ဒါကြောင့် ပကတိလူတို့ အဝတ်လို့ဆိုထိုက်တယ်။ သို့သော် အဝတ်ကြောင်ကို ဝတ်ရိုး

ရှိသော ငါတို့မြန်မာ လူမျိုးတို့ကား အဝတ်ဖြူကို အရဟတ္တဓဇ အဝတ်မျိုးတွင် သက်ဝင်တယ်” လို့ လယ်တီကမ္မဋ္ဌာန်း ကျမ်းကြီးက ဆိုတယ်။

ဝတ်ကြောင်ဝတ်သော လူတို့အဝတ်နှင့် လုံးဝကွဲပြားခြားနားသောကြောင့် သီလရှင် ဝတ်စုံရောင်ဟာ ရသေ့ ရဟန်းတို့ရဲ့အရောင်လို့ မှတ်ယူသင့်တယ်။

“ဘုန်းဘုန်း ဦးဇင်း ကိုရင်တွေမှာ ဝိနည်း ရှိသလို သီလရှင်တွေမှာလဲ ရှိပါသလားဘုရား?”

အင်း-- ရှိတာပေါ့၊ ဂိဟိဝိနယ- လူ့ဝိနည်း တောင် ရှိသေးတာ၊ သီလရှင်ဝိနည်း ရှိတာပေါ့၊ ဘုရားရှင် ပညတ်ခဲ့တာတော့ မဟုတ်ဘူး၊ သီလရှင်မြို့တော်လို့ ကမ္ဘာကျော်ခဲ့တဲ့ စစ်ကိုင်းတောင်က ဆရာတော်ကြီးတစ်ပါး စည်းကမ်းသတ်မှတ် ရေးသားခဲ့တာ။

အမျိုးသမီးရေးရာ သီလရှင်ထုကြီး ခံ့ခံ့ ထည်ထည်နဲ့ သာသနာ့နွယ်ဝင်အဖြစ် တည်တံ့စေချင်တဲ့ စေတနာ၊ သီလ သမာဓိ ပညာ သိက္ခာ သုံးပါး ကျင့်ပွားစေချင်တဲ့ စေတနာ၊ ဗုဒ္ဓဘာသာ နယ်ပယ်အတွင်း၌ အမျိုးသမီးများရဲ့ အခန်းကဏ္ဍကိုလဲ နေရာပေးချင်တဲ့ စေတနာနဲ့ ရေးသားခဲ့တာ၊ အနားမှာ မှတ်စုစာအုပ်ရှိတာနဲ့ အတော်ပဲ ဖတ်ပြမယ်နော် သေချာနားထောင်-။

## စစ်ကိုင်းတောင်ရိုး
## မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသားတော်မူသော
## သီလရှင်ကျင့်ဝတ် (၃၀)

၁။ ရှေ့နောက် ညှိနှိုင်း စဉ်းစား၍ သတိနှင့် ယှဉ်ကြည့်ရခြင်း။ မိတ်ဆွေကောင်းနှင့် တိုင်ပင်ရခြင်း။

၂။ “ပညာရှိ သတိဖြစ်ခဲ” မကြုံရအောင် အများနှင့် ညှိနှိုင်းတိုင်ပင်၍ လုပ်ဆောင်ရခြင်း။

၃။ ဆရာများကို အပြစ်မပြောရ၊ ပြန်လှန်မပြောရ၊ ဆရာများ၏ ဆုံးမ ဩဝါဒကို နာခံရခြင်း။

၄။ ပရိယတ် ပဋိပတ် ကျင့်ကြံအားထုတ်ရခြင်း။

၅။ တောထဲတောင်ထဲ တစ်ယောက်တည်း မသွားရခြင်း။

၆။ ပြေးလွှား, ဟစ်အော်, ရယ်မော၍ မနေရခြင်း။

၇။ ရေချိုး ရေခပ်ရာ၌ သတိတရားဖြင့် သွားရခြင်း။

၈။ ခြေလှမ်းသောအခါ တရားသဘောဖြင့် ဆင်ခြင်ရခြင်း။



၉။ သံဃာတော်များအား ဆွမ်းလောင်းလျှင် သီလရှင်ငယ်များကို မခိုင်းရခြင်း။

၁၀။ ဆွမ်းကပ်ရာ၌ အနားမှ တဖွဖွ ပြောမနေရခြင်း။

၁၁။ ချောင်(ကျောင်း)အတွင်းသို့ ရဟန်းသံဃာများကို အဖော်မပါဘဲ မပင့်ရခြင်း။

၁၂။ ဆွေမျိုးသံဃာတော်များ ကြွလာလျှင် ဘုရားကျောင်း၌ဧည့်ခံရခြင်း။ ညအိပ်ကြွလာပါက ဘုန်းကြီးကျောင်းသို့ ညွှန်ပြရခြင်း။

၁၃။ ရဟန်းတော်များ အနီးအပါးတွင် ရှိသေလေးစားစွာ နေထိုင်ရခြင်း။

၁၄။ တရားနာသောအခါ သတိနှင့် ယှဉ် ၍ နာကြားရခြင်း။

၁၅။ တရားတော်ကို ကြည်ညိုသော်လည်း ပုဂ္ဂိုလ်ကို မချစ်ခင်ရခြင်း။

၁၆။ စကားပြောသောအခါ, ရယ်သော အခါ, ခေါ်သောအခါ, နှာချေသော အခါ, သမ်းသောအခါ ကျယ်ကျယ် မပြုရခြင်း။

၁၇။ စကားများခြင်း, အရယ်များခြင်း, အအိပ်များခြင်း, အစားများခြင်း, အမှုကိစ္စများခြင်း, ပစ္စည်းစုများခြင်း, လူငယ်တို့နှင့် အရောအနှောများခြင်း, အလည်အပတ်များခြင်းတို့ကို ရှောင်ကြဉ်ရခြင်း။

၁၈။ အစားကြမ်း, အသွားကြမ်း, အအိပ်ကြမ်း, အထိုင်ကြမ်း, အရယ်ကြမ်း, ကိုယ်နှုတ်စိတ်ကြမ်း, အဆုံးအမကြမ်းခြင်းတို့ကို မပြုရခြင်း။

၁၉။ ဆန်ပိုး, ထင်းပိုး, ဟင်းရွက်ပိုး, ရေပိုးတို့ကို ရှောင်ရခြင်း။

၂၀။ စားစရာများကို ခိုးမစားရခြင်း။

၂၁။ ခိုက်ရန်ငြင်းပွားမှု မပြုရခြင်း။

၂၂။ ပျော်ပွဲ ရွှင်ပွဲများသို့ မသွားရခြင်း။

၂၃။ ရဟန်းသံဃာများနှင့် ရင်းရင်းနှီးနှီး မနေရခြင်း။

၂၄။ ဘုန်းကြီးများထံ အဖော်မပါဘဲ စာမတက်ရခြင်း။

၂၅။ ဆွေမျိုးမတော်သော ယောကျ်ားများကို အဝေးမှ ရှောင်ကြဉ်ရခြင်း။

၂၆။ ဘုရားဝတ်တက်, ဆွမ်း ရေချမ်း ပန်းဆီမီးကပ်လှူမှု နေ့စဉ် ဝတ်မပျက်ရခြင်း။

၂၇။ အရာရာတွင် သည်းခံစိတ် ထားရခြင်း။

၂၈။ ဆေးလိပ်, ကွမ်းဝါး ရှောင်ကြဉ်ရခြင်း။

၂၉။ ဝါတွင်းဝါပ တစ်လလေးသီတင်း ဧကသနိက်, ပတ္တပိုဏ် စားရခြင်း။

၃၀။ ဝါတွင်းဝါပ တစ်လလေးသီတင်း ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်း။

ဒီကျင့်ဝတ် (၃၀)အပြင် ကျောင်းတိုက်က အခါအားလျော်စွာ သတ်မှတ်ထားတဲ့ စည်းကမ်းများကိုလဲ လိုက်နာကြရတယ်။

"သီလရှင်ဘဝကလည်း မလွယ်ပါလားဘုရား၊ ဘုန်းဘုန်းပြောပြလို့ သီလရှင်တွေကို ပို၍ပို၍ ကြည်ညို လေးစားမိပါတယ်ဘုရား။ သမီးလည်း တော်တော်ကြာသွားပြီ ပြန်ခွင့်ပြုပါဦး ဘုရား"

"အေး-အေး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ"

သမီးငယ် ၄ဝါ ဦးချပြန်သွားသောအခါ ဖတ်လက်စ လယ်တီအာနာပါနဒီပနီ ကို ဆက်လက်ဖတ်ရှုရပါတော့သည်။

■ လယ်တီအရှင်နန္ဒဝံသ(ဘောဂ)




# အမျိုးသမီးအခွင့်အရေးကို တောင်းဆိုသူ

မုံရွာနေဇာ

(က)

မိမိတို့နိုင်ငံတွင် နိုင်ငံသား နိုင်ငံသူ အများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မဟာယာန ဗုဒ္ဓဘာသာဟူ၍ နှစ်မျိုးရှိရာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်၊ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဟူ၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသော နိုင်ငံငါးခု ရှိသည်။ မိမိတို့ နိုင်ငံသည် ဗုဒ္ဓဘာသာ နိုင်ငံတော်ဖြစ်သည်။

ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး၊ အစုံအလင်ရှိသည်၊ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဟူသော သာသနာတော်သုံးရပ် အပြည့်အစုံ ရှိသည်၊ "ပရိယတ္တိမေဝ ဗုဒ္ဓသာသနဿ မူလံ" ဟုဆိုသည့်အတိုင်း ပရိယတ္တိစာပေများသည် ဗုဒ္ဓ သာသနာတော် အရင်းမူလဖြစ်သည်၊ ပရိယတ္တိ တည်မှလည်း ထေရဝါဒ ဗုဒ္ဓသာသနာ တော်အရှည်ခံ၍ တည်တံ့နိုင်မည်ဖြစ်သည်။

သိကြပြီးသည့်အတိုင်း ဗုဒ္ဓပါဝစန ဗုဒ္ဓမုခ ပါဌ်ခေါ် သာသနာတော်များသည် ပရိယတ္တိ သာသနာဖြစ်သည်။ ပရိယတ္တိတွင် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ပါဝင်သည်။ ပိဋကသုံးပုံသည် ဝိနယပိဋက၊ သုတ္တန္တပိဋကနှင့် အဘိဓမ္မပိဋက တို့ဖြစ်သည်။ နိကာယ်ငါးရပ်က ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ ခုဒ္ဒက နိကာယ်၊ အင်္ဂုတ္တရ နိကာယ် နှင့် သံယုတ္တ နိကာယ် တို့ဖြစ်သည်။ ဝိနယပိဋကတွင် ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါဟူ၍ ငါးကျမ်းရှိသည်။ သုတ္တန္တပိဋကတွင် သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထေယျ (ပါထိကဝဂ္ဂ) ဟူ၍ သုံးကျမ်းရှိသည်။ အဘိဓမ္မပိဋကတွင် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာ ဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းဟူ၍ ခုနစ်ကျမ်းရှိ၏။

နိကာယ်ငါးရပ်ဟူရာ၌ ဒီဃနိကာယ်သည် သုတ်သုံးကျမ်းဖြစ်သည်။ မဇ္ဈိမနိကာယ်၌ မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသဟူ၍ သုံးကျမ်းပါဝင်သည်။ ခုဒ္ဒကနိကာယ်၌-ခုဒ္ဒက၊ ဓမ္မပဒ၊ ဥဒါန ဣတိဝုတ္တက၊ သုတ္တနိပါတ၊ ဝိမာန ဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတက၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ အပဒါန၊ ဗုဒ္ဓဝံသ၊ စရိယာပိဋကဟူ၍ ၁၅ ကျမ်းပါဝင်သည်။ အင်္ဂုတ္တရ နိကာယ်၌ ဧကနိပါတ်၊ ဒုကၢ၊တိက၊ စတုက္က၊ပဉ္စက၊ဆက္က၊ သတ္တက၊ အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသ နိပါတ်အားဖြင့် ၁၁ ကျမ်းပါဝင်သည်။ သံယုတ္တ နိကာယ်၌---သဂါထာဝဂ္ဂ သံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ် ဟူ၍ ငါးကျမ်း ပါဝင်လေသည်။

ပရိယတ္တိသာသနာခေါ် ပိဋကစာပေသည် အလွန်ကျယ်ပြန့်၏၊ နက်ရှိုင်း၏။ သို့ကြောင့်ပင် အဋ္ဌကထာကျမ်းပေါင်းများစွာကို ပြုစုစီရင်တော် မူခဲ့သော အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ကြီးကပင် ပိဋကစာပေများကို မဟာသမုဒ္ဒရာနှင့်နှိုင်းယှဉ်ခဲ့သည်။ သမုဒ္ဒရာရေပြင်ကို ယုန်သူငယ်မီထောက်ကူးခတ်သလို-ဟု ဥပမာ တင်စား မိန့်တော်မူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပရိယတ္တိသာသနာဖြစ်သော ပရိယတ္တိများအားဖြင့် ခွဲခြမ်းစိတ်ဖြာရာတွင် အင်္ဂါအားဖြင့် ကိုးတန်၊ဓမ္မက္ခန္ဓာပေါင်းအားဖြင့် ရှစ်သောင်းလေးထောင် ရှိလေသည်။ အင်္ဂါကိုးတန်မှာ သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိ ဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မနှင့် ဝေဒလ္လတို့ဖြစ်သည်၊ ဒေသနက္ကမ၊ ဒေသနာ နယ အားဖြင့် မည်မျှများပြားစေကာမူ ဝိမုတ္တိရသ (သံသရာမှ လွတ်မြောက်ငြိမ်းချမ်းမှု) အနေဖြင့် ဧကောဓမ္မော-တစ်ခုသော သဘောတရားသာ ဆောင်ပေသည်။

## (ခ)

ပဋိပတ္တိသာသနာသည် ကျင့်စဉ် စရဏများဖြစ်ရာ သီလ၊ သမာဓိ၊ ပညာတို့ကို အခြေခံရပေသည်။ မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့် ပွားများ အားထုတ်ရလေသည်။

ပဋိဝေဓသာသနာဟူသည်ကား ပရိယတ္တိ အခြေခံသော ပဋိပတ္တိကျင့်စဉ်မှန်ဖြင့်ရရှိခံစားအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် သာသနာသုံးရပ် အပြည့်အစုံရှိသည်၊ ရတနာသုံးပါး အပြည့်အစုံရှိသည်။ စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာကို လက်ခံကျင့်သုံးကြသည်။ ဗုဒ္ဓသာသနာတော်ကြီး အရှည် ခံ၍ တည်တံ့စေရေးတွင် ပရိယတ္တိသည် အရင်း မူလ



အခြေခံဖြစ်ကြောင်းဆိုခဲ့ပြီး။ ပရိယတ္တိ သာသနာ ဖြစ်သော ပိဋကသုံးပုံတွင် ဝိနည်းသည် စည်းကမ်း ဥပဒေဖြစ်သည်။ သုတ္တန်သည် လုပ် ထုံးလုပ်နည်းများ ဖြစ်ပြီး အဘိဓမ္မာသည်ကား ရုပ်ဓမ္မ နာမ်ဓမ္မတို့၏ သဘောတရားများဖြစ်သည်။

ပရိယတ္တိသည် စာတွေ့၊ ပဋိပတ္တိသည် လက်တွေ့ဖြစ်ပေရာ မိမိတို့ထေရဝါဒ ဗုဒ္ဓဘာသာ သည် စာတွေ့ရော လက်တွေ့ပါ၊ သီအိုရီရော ပရက် တိကယ် ပါ ပြည့်ဝစုံလင်သော ဘာသာ တရား ဖြစ်ကြောင်း အငြင်းပွားစရာ၊ လျှဉ်းပါးဖွယ် ရာမလိုချေ။

(ဂ)

ဤတွင် ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ အခြေခံဖြစ်သော ပရိယတ္တိစာပေများကို ရဟန်း သံဃာများသာမက သီလရှင်ဆရာကြီး ဆရာလေး များကလည်း ဦးလည်မသုန် အစွမ်းကုန် ထမ်းဆောင် လျက်ရှိကြကြောင်း တွေ့မြင်ကြရ မည်ဖြစ်သည်။ ဤ စခန်း ကဏ္ဍ၌ စစ်ကိုင်းတိုင်း မုံရွာမြို့ လယ်တီရပ်ရှိ မဟာလယ်တီ ခမ္မသက သီလရှင် စာသင်တိုက်ကြီးကို ချန်လှပ်ထား၍ မဖြစ်ပေ။

ခမ္မသကသီလရှင်စာသင်တိုက်ကြီး သည် ၁၃၇၂ ခုနှင့် တပို့တွဲလတွင် တိုက်တည်သက် အနှစ် တရာပြည့်ပြီးဖြစ်၍ ရာပြည့်ပွဲတော်ကြီး ကျင်းပ မည်ဖြစ်သည်။ ပထမလယ်တီဆရာတော်ကြီး သက်တော် ထင်ရှားရှိစဉ် ၁၂၇၂ ခုနှစ်ကပင် စတင်တည်ထောင်ခဲ့သည်။ မုံရွာမြို့တွင် အာဒိ ကမ္မက ရှေ့ဦးစွာ ပေါ်ပေါက်လာသော သီလရှင်စာသင် တိုက်ကြီးလည်းဖြစ်သည်။ စတင်တည်ထောင်ဖွင့်လှစ် ခဲ့သော ဆရာကြီးမှာ ဒေါ်နန္ဒစာရီ ဖြစ်သည်။ ဒေါ်နန္ဒစာရီကို ဒေါ်မမကြီးဟု လည်းကောင်း၊ ကြီးကြီး ဟု လည်းကောင်း၊ ချစ်စနိုး ဖြင့် မြတ်နိုးရိုသေစွာ ခေါ် ကြသည်၊ ဒေါ်နန္ဒစာရီ သည် တိပိဋက မင်းကွန်း ဆရာတော်ကြီး ၏သာသနာ့ မယ်တော်ကြီး ဒေါ်ဓမ္မစာရီ နှင့်အတူတကွ စာသင်ဖက်ဖြစ်သည်၊ ဆရာကြီးသည် ဧရာဝတီတိုင်း မြောင်းမြမြို့ ကုန်းသာရွာတက် ဖြစ်သည်၊ ဆရာကြီးသည် အသက်(၉၀)အထိ သာသနာ့တာဝန် ထမ်းဆောင်သွားခဲ့၏။

မဟာလယ်တီခမ္မသကသီလရှင်စာသင် တိုက်ကြီးကို ယခုလက်ရှိ အနေအထားတွင် ဒေါ်ဓမ္မထေရီ နှင့် ဒေါ်တိက္ခဝတီ ဆရာကြီးနှစ်ပါး တို့က ခေတ်စနစ်နှင့်အညီ စီမံကွပ်ကဲ အုပ်ချုပ်လျက် ရှိပေသည်၊ စာသင်သား သီလရှင် ဆရာ လေးအပါး (၁၂၀)ကျော်အထိရှိလေသည်၊ ပါဠိ ပထမပြန် အစိုးရ ပထမငယ် ပထမကြီးနှင့် ဓမ္မာစရိယတန်းတို့တွင် တစ်နိုင်ငံလုံး သီလရှင် ပထမဆုရ ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ပြီးဖြစ်သည်၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး၊ ဟားခါး၊ ရေစကြို၊ ဟုမ္မလင်း၊ ရန်ကုန် စသော မြို့ကြီးများတွင် ထင်ရှားသော စာသင်တိုက်ခွဲများ၊ သာသနာ့ ရိပ်သာများ၊ တည်ထောင် ဖွင့်လှစ်လျက်ရှိကြ သည်။ ဗုဒ္ဓသာသနာတော်ကြီးအတွက် အားရ ကျေနပ်ဖွယ် ကောင်းပေစွ။

(ဃ)

ယခုအခါ အမျိုးသမီးများအနေဖြင့် ဗုဒ္ဓ မြတ်စွာ သာသနာတော်အကျိုးကို ထဲထဲဝင်ဝင် ပါဝင် ဆောင်ရွက်လိုက်လျှင် သာသနာ့နွယ်ဝင် သီလရှင် ဘဝသည် အဆင့်အမြင့် ဆုံးဖြစ်ပါသည်။ သီလရှင် တစ်နည်း သိက္ခာရှင် ခေါ်ဆရာကြီး ဆရာလေးတို့သည် အမျိုးသမီးဘဝဖြင့် သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်လျက် ရှိကြသည်။ ဘုရားရှင် လက်ထက် တော် ဟိုယခင် အခါကမူ ဘိက္ခု ခေါ် ရဟန်းများကဲ့သို့ ဘိက္ခုနီ ခေါ် ရဟန်းမဘဝဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့် ရရှိခဲ့ကြ၏။

ယနေ့ကာလတွင်မူ ဘိက္ခုနီ သာသနာ ကွယ်ပ ခဲ့ပြီးဖြစ်၍ ဘိက္ခုနီ အဖြစ်ကိုမူ မရရှိနိုင် ကြတော့ပေ။

အမှန်စင်စစ် သဗ္ဗညုမြတ်ဗုဒ္ဓသည် အမျိုး သမီး မာတုဂါမများကို ဘိက္ခုနီသာသနာ ရဟန်းမ ပြုခွင့်ပေးလိုဟန် ရှိတော်မမူပေ၊ အမျိုးသမီးများ အတွက် အခွင့်အရေးမပေးလို၍ အခွင့်အရေးဆုံး ရှုံးစေလိုတော်မူ၍ ခွင့်ပြုတော် မမူခြင်းကား မဟုတ်ပေ၊ နက်နဲရှုပ်ထွေးလှသော မာတုဂါမများ ၏ အာဝေဏိက ဒုက္ခ၊ ရဟန်းများနှင့် ဆက်စပ် အမှီပြုနေထိုင်ကြရာ၌

ပုထုဇဉ် သဘာဝ အရှုပ် အထွေးများ ဖြစ်ပေါ်မည်ကို လိုလားတော်မူဟန် မရှိပေ။

မိထွေးတော်ဂေါတမီ၏ ကျေးဇူးတရားကို ထောက်ထား၍ အရှင်အာနန္ဒာမထေရ်မြတ်၏ ကြိမ်ကြိမ်လျှောက်ထားချက်ကို ငဲ့ညှာသနား၍ ဘိက္ခုနီပြုခွင့်ပေးတော်မူခဲ့ခြင်းဖြစ်သည်။

## (၄)

အမှန်အားဖြင့် မိထွေးတော်ဂေါတမီသည် ဟိုရှေးယခင်ပွင့်ထွန်းတော်မူခဲ့သော ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်ကပင် ဘိက္ခုနီရတ္တညူ ဧတဒဂ် ( ဘိက္ခုနီတို့တွင်ညဥ့်အပိုင်းအခြားကို သိ ရာ၌ အမြတ်ဆုံး) ဆုကို ပန်ဆင်ခဲ့သူဖြစ်သည်။

မိမိတို့ဗုဒ္ဓဂေါတမ လက်ထက်တော်တွင် ဒေဝဒဟမြို့ မဟာသုပ္ပဗုဒ္ဓအမျိုးအနွယ် ဂေါတမီဖြစ်လာသည်။ ဂေါတမီသည် မဟာမာယာ၏ ညီမဖြစ်သည်။ ကပိလဝတ်မှ သုဒ္ဓေါဒနမင်းကြီး သည် ညီအမနှစ်ယောက်လုံးကို လက်ထပ်သည်၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို မဟာမာယာမှ ဖွားမြင်သည်၊ မဟာမာယာနတ်ရွာ စံပြီးနောက် မဟာပဇာပတိ ဂေါတမီ က နို့ချိုတိုက်ကျွေး မွေးမြူခဲ့ရသည်။

ဂေါတမီသည် သားအရင်းနန္ဒကို နို့ထိန်းများနှင့်ထားပြီး သိဒ္ဓတ္ထကို ဦးစားပေးမွေးမြူခဲ့သည်။ ဤကျေးဇူးတရားကား ဗုဒ္ဓဘုရားအတွက် မမေ့နိုင်စရာများဖြစ်ခဲ့သည်။ သိဒ္ဓတ္ထမင်းသားဘဝမှ ဂေါတမ ဗုဒ္ဓအဖြစ်သို့ရောက်တော်မူသောအခါ ကပိလဝတ်ပြည်သို့ ကြွ၍ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးအား တရားဟောသည်။ မင်းကြီး သောတာပန်တည်သည်။ ဒုတိယနေ့တွင် ညီတော် နန္ဒမင်းသားအား ရဟန်းပြုပေးသည်၊ သတ္တမနေ့တွင် တစ်ဦးတည်းသော သား ရာဟုလာကိုရှင်ပြုပေးတော်မူ၏၊ ထို့နောက် မြတ်ဗုဒ္ဓသည် ဝေသာလီသို့ ကြွတော်မူ၏၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ထီးဖြူရိပ် အောက်၌ပင် ရှင်ဘုရင်လုပ်ရင်း ရဟန္တာအဖြစ်သို့ ရောက်ကာ ပရိနိဗ္ဗာန် စံဝင်သွားလေသည်။

ထိုအခါ---ဗုဒ္ဓမြတ်စွာသည် ကပိလဝတ်သို့ပြန်ကြွလာတော်မူစဉ်---မိထွေးတော် ဂေါတမီ ၏ ဘိက္ခုနီပြုနိုင်ရေး တောင်းဆိုချက်ကို ကြုံတွေ့တော်မူရလေသည်။ မဟာပဇာပတိ ဂေါတမီ သည် လင်ယောကျ်ားများ ရဟန်းပြုသွားကြသဖြင့် ကျန်ရစ်သော သာကီဝင်မင်းသမီးငါးရာတို့ကို ခေါ်ဆောင်ကာ ဗုဒ္ဓဘုရားရှင်ထံ ချဉ်းကပ်လျှက်ရဟန်းပြုခွင့် (ဘိက္ခုနီဝတ်ခွင့်) တောင်းပန် လျှောက်ထားတော့သည်။

“မြတ်စွာဘုရား---တပည့်တော်မများအား ဗုဒ္ဓသာသနာတော်၌ ရဟန်းပြုခွင့်ပေးတော်မူပါ ဘုရား”။

“ဂေါတမီ---ဗုဒ္ဓသာသနာတော်၌ မာတုဂါမတို့ ရဟန်းပြုရန်မသင့်လျော်။ ရဟန်းပြုသော်လည်း ကြာမြင့်စွာ မစင်ကြယ်ရာသောကြောင့် ဘိက္ခုနီဘဝကို သင် မနှစ်သက်လင့်။”



ဗုဒ္ဓသာသနာတော်၌ အမျိုးသမီးများ လည်း ဘိက္ခုနီအဖြစ်ဖြင့် ဝင်ရောက်ခွင့်ကို ဂေါတမီက သုံးကြိမ်တိုင်တိုင် စိတ်အားထက်သန်စွာ တောင်းဆိုခဲ့၏။ မြတ်စွာဘုရားကလည်း သုံးကြိမ်စလုံး ပယ်မြစ် တော်မူခဲ့လေသည်၊ ထို့နောက် ဘုရားရှင်သည် ဝေသာလီပြည်သို့ ပြန်ကြွသွားတော်မူ၏။

မဟာပဇာပတိ ဂေါတမီနှင့် သာကီဝင် မင်းသမီးငါးရာတို့မှာ လိုရာဆန္ဒ မပြည့်ဝကြသဖြင့် ပူဆာလှိုက်လှဲ ဆင်းရဲနွမ်းနယ်သောနှလုံးဖြင့် ယူကျုံးမရဖြစ်ကာ ငိုယို၍ ကျန်ရစ်ကြရလေသည်။ သို့သော်-

ဘိက္ခုနီဝတ်ရန် အလွန်တရာ စိတ်အားထက်သန်နေကြသော ဂေါတမီတို့အဖွဲ့သည် မိမိတို့ဘာသာ ဘိက္ခုနီဝတ်ပြီး ဗုဒ္ဓဘုရားရှိရာ ဝေသာလီသို့ လိုက်သွားကြလေသည်။ မြတ်စွာဘုရား ရှိရာ ဝေသာလီ မဟာဝုန်တောရှိ ကူဋာဂါရသို့ ရောက်သောအခါ ကျောင်းတံခါးဝတွင် ထိုင်ကာ ခရီးကပင်ပန်း ကိုယ်စိတ်နှစ်ပါးလည်း နွမ်းနယ်မှုဖြင့် ငိုယိုကြပြန်လေသည်။ မာတု ဂါမများ သာသနာတော်၌ ဘိက္ခုနီဝတ်ခွင့်ရရေး မလွယ်ကူလှပေတကား။ သူတို့ငိုယိုသံကြားသော် အရှင်အာနန္ဒာရောက်လာပြီး- "ဂေါတမီ---သင်တို့ အဘယ့်ကြောင့်ငိုယိုနေကြသနည်း၊ ဝေးလံကြမ်းတမ်းသောခရီးကို ဖြတ်သန်းကာ အဘယ်ကြောင့် လာကြသနည်း" ဟု မေးတော်မူသည်။

"အရှင်အာနန္ဒာ ကျွန်ုပ်တို့သည် ဗုဒ္ဓသာသနာ၌ ရဟန်းပြုလိုသောကြောင့် လာကြခြင်းဖြစ်ပါသည်။"

"သို့ဖြစ်လျှင် သင်တို့ ဤနေရာမှာနေကြလင့်ဦး ကျွန်ုပ်ဘုရားထံသွားရောက်၍ လျှောက်ထားပါမည်"

အရှင်အာနန္ဒာသည်မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ဂေါတမီနှင့် သာကီဝင် မင်းသမီးများ သူတို့ဘာသာရဟန်းပြုပြီး ရောက်ရှိနေကြောင်း လျှောက်ထားပြီးနောက်

"မြတ်စွာဘုရား မာတုဂါမများကို ရဟန်းပြုခွင့်ပေးတော်မူပါ"ဟု လျှောက်ထား၏။

"အာနန္ဒာ မသင့်လျော်၊ သာသနာတော်၌ မာတုဂါမများ ရဟန်းပြုခွင့်ကို သင် မနှစ်သက်လင့်"

အရှင်အာနန္ဒာက သုံးကြိမ်တိုင်တိုင် လျှောက်ထားတောင်းပန်၏။ မြတ်စွာ ဘုရားကလည်း သုံးကြိမ်စလုံးငြင်းပယ်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာက ဆက်လက်၍ "မြတ်စွာဘုရား မာတုဂါမများလည်း ဗုဒ္ဓသာသနာ၌ ရဟန်း ပြု၍ မဂ်ဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်တန်ပါ သလော"ဟု လျှောက်ထားပြန်၏။

ထိုအခါ ဗုဒ္ဓမြတ်စွာက "အာနန္ဒာ--သူတို့သည်လည်း မဂ်ဖိုလ် ကိုမျက်မှောက်ပြုနိုင်၏"ဟု ဖြေတော်မူ၏။ "သို့ဖြစ်ပါလျှင် ဂေါတမီသည် အရှင်ဘုရားအား ကျေးဇူးများလှပါ၏၊ အရှင်ဘုရား၏ မိထွေးတော်ဖြစ်ပါသည်။ ခြေဖြင့် သွားနိုင်သည်အထိ ယုယပိုက်ထွေးကာ နို့ချိုတိုက်ကျွေးခဲ့ပါ၏၊ ထိုကျေးဇူးတရားများကို ထောက်ထား ညှာတာလျက် ရဟန်းပြုခွင့်ပေးရန် တောင်းပန် လျှောက်ထားအပ်ပါသည်ဘုရား"။

"အာနန္ဒာ. . ထိုသို့တပြီးကား ဂေါတမီသည် ဂရုဓမ္မတရား ရှစ်ပါးကို အသက်ထက်ဆုံး လေးစားမြတ်နိုးစွာလိုက်နာပါသည်ဟု ဝန်ခံလျှင် ရဟန်းခံခွင့်ပြုတော်မူမည်"။

(ဆောင်းပါးရှည်မည်စိုး၍ ဂရုဓမ္မတရား ရှစ်ပါးကို မဖော်ပြတော့ပါ)

အချုပ်ဆိုရသော်. . မိထွေးတော် ဂေါတမီနှင့် သာကီဝင် မင်းသမီးများ ဘိက္ခုနီဝတ်ခွင့် ရရှိသွားကြသည်။ ဂေါတမီ ဘိက္ခုနီသည် မြတ်စွာ ဘုရားထံမှ တရားနာယူပြီး အားထုတ်ရာ ရဟန္တာ ဖြစ်၏။ အခြား သာကီဝင် ဘိက္ခုနီများကား နန္ဒကောဝါဒသုတ်နာကြားကာ ရဟန္တာများ ဖြစ်ခဲ့ကြသည်။ ဘိက္ခုနီတို့တွင် ဂေါတမီသည် ရှေ့ဦးစွာ ရဟန်းဖြစ်သူဖြစ်ပြီး ရတ္တညူဧတဒဂ်ရရှိ တော်မူခဲ့ပါသည်။

မိထွေးတော်ကား ဗုဒ္ဓသာသနာတော်၌ အမျိုးသမီး အခွင့်အရေးကို ရှေးဦးစွာ တောင်းဆိုခဲ့သူတည်း။

သီလရှင်ဆရာကြီးများကိုဂုဏ်ပြုလျက် .

မုံရွာ-နေဇာ




# ခေတ်သုံးခေတ်

## ရွှေလီင်းတဲဆရာတော်

မမွေသက သီလရှင်စာသင်တိုက် မုံရွာမြို့၏ နှစ်(၁၀၀)ပြည့် စာစောင်ထုတ်ရန်အတွက် စာမူတောင်းခံလွှာ ဝိုင်းမော်မြို့ ချမ်းမြေ့သီလရှင် သင်ပညာရေးကျောင်း ကချင်ပြည်နယ် ဒေါ်ပဏ္ဍိတ မဥ္စရီထံမှ စာမူချီးမြှင့်ရန် လျှောက်ထားလွှာအပြင် မဟာလယ်တီမမွေသက သီလရှင် စာသင်တိုက်၏ သမိုင်းအကျဉ်း ကလေးကိုပါ တွေ့ရပြီး စာမူတောင်းခံလွှာ အဆုံးတွင်-

“အချို့ဂုဏ်ပြုစာစောင်များတွင် ဂုဏ်ပြုခံ ပုဂ္ဂိုလ်၏အကြောင်းအရာများကိုသာ ဝိုင်းဝန်း မြှောက်ကော် ပူဇော်ရေးသားကြသဖြင့် သာသနာ အတွက်အကျိုးမပြုပါဘဲ တစ်ခါသုံး တစ်ပွဲတိုး ပုံစံများဖြစ်သွားကြသည်။”

ယခု စာစောင်တွင် တစ်ပွဲတိုး တစ်ခါသုံး မဖြစ်စေလိုပါ၊ သုတေသီများ, ပညာရှင်များ, နောင်လာနောင်သားများအတွက် လည်းကောင်း၊ အမျိုး ဘာသာသာသနာ အတွက်လည်းကောင်း၊ အကြောင်း အရာစုံ, ကဏ္ဍမျိုးစုံ, ရသမျိုးစုံဖြင့် သာသနာ့ ကျက်သရေကိုဆောင်၍ ရေရှည်အကျိုး ပြုနိုင်သည့် အရည်အသွေးပြည့်ဝသော စာစောင်မျိုး ဖြစ်စေ ချင်ပါသည်-ဟု အထူးတောင်းခံချက် ပါရှိသည်ကို တွေ့ရသည်။

စာရေးသူအနေဖြင့် ဝမ်းမြောက်မိပါသည်၊ ကောင်းကြောင်း,တော်ကြောင်း,ချီးမွမ်းရပုံများ ရေးရဖန်များ၍ ငြီးငွေ့လှသည်။

ယခု မမွေသက နှစ်(၁၀၀)ပြည့် စာစောင်ကတော့ သင့်တင့်ရုံဟင်းခတ်မျှ ဖော်ကြကြူးကြပြီး သာသနာတော်အတွက်, စာသင်တိုက်အတွက် အမြဲတမ်းသတိရ အမှတ်တရအစဉ်သုံးနိုင်မည့် စာမျိုးကို အလိုရှိကြောင်း သိသိသာသာ တောင်းခံထားပေသည်။

ပြတ်ပြတ်သားသား အားမနာတမ်း ဝေဖန်ရလျှင် မည်သူမျှမတော်ကြပါ။ အဘယ့်ကြောင့် ဆိုသော် မတော်၍ နမော်နမဲ့နေခဲ့ကြ၍ ချော်ခဲ့ကြ၍ ဘုရားအဆူဆူနှင့် အလွဲကြီး လွဲခဲ့ကြပြီ၊ ဘုရားကိုသော်မှ မဖူးတွေ့ တရားမနာခဲ့ကြ၍ အနိမ့်ဆုံးသောတာပန်အဆင့် မဖြစ်ခဲ့ကြ၊ အယုတ်ဆုံး အားဖြင့် စေတနာသဒ္ဓါဓာတ်ဖြင့် ဘုရားကိုယ်တော် တိုင်ကို ဖူးတွေ့ရခြင်းမရှိ၊ ဘုရားနှင့်သံဃာတော် တို့ကို လှူဒါန်းမှုမပြုခဲ့ကြရ၍သာ ယခုဘဝရောက် ရှိနေကြရခြင်းဖြစ်သည်၊ လှူခဲ့ရသော် တရားမရ သည့်တိုင် နတ်ပြည်ခြောက်ထပ်လောက်တော့ တောက်လျှောက် ပြေးသွားပြီး ယခုအချိန် နတ်ပြည် တွင် နေကြရမည်မှာ မလွဲချေ၏၊ ထို့ကြောင့် တော်၍ လား၊ ချော်၍လား၊ မိုက်၍လား၊ လိမ္မာခဲ့ကြ၍လား စဉ်းစားက သိနိုင်သည်။

သို့သော်လည်း ဘုရားကိုယ်တော်တိုင်နှင့် မတွေ့လိုက်ကြရသော်လည်း ယနေ့ဘုရားမြတ်



(03) 2C-Neg-MK- 30 31 71 213 (2C).tif; Plate 1

ဘဝကလေးအတွင်း ဘုရားအဆုံး အမတော်ကို ဦးထိပ် ရွက်ပန်ဆင်ပြီး အဆုံးအမအတိုင်း နေနိုင်ဖို့ အလွန် လိုအပ်သည်၊ ပေါ့တော့တော့ မမှတ်ပါလေနှင့်။

ဘုရားအဆုံးအမပါဠိတော်စာပေများကို ယရာဝါသဗဟုကိစ္စများသော လူသားဘဝနှင့် သင်ကြားဖို့မှတ်သားဖို့ရာ အလွန်ကွာဝေးကြသည်။ ထို့ကြောင့် ဘုရားအဆုံးအမ စကားတော် ဖြစ်သော ပါဠိတော်စာပေများကို သင်ကြားနိုင်ဖို့ အတွက် ရဟန်းဝတ်ကြရသည်၊ ဘုရားလက်ထက်တော် အခါကတော့ သင်ကြားသည်ထက် လက်တွေ့တရားအားထုတ်၍ မဂ်ဖိုလ်ယူသွားကြသည်က များသည်၊ သာသနာတစ်ဝက်ကျော် သောအခါတွင် တော့ စာပေသင်ကြားပြီး တတ်မြောက်ရုံမျှနှင့် အားရကျေနပ်နေကြရသည်။

ဘုရားလက်ထက်တော်အခါက အမျိုးသမီးများ ရဟန်းတော်များနည်းတူ သာသနာတော်အတွင်း ရောက်အောင် မိထွေးတော်ဂေါတမီက ဦးဆောင်ခဲ့သည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီး သက်တော် ၉၇-နှစ်တွင် ရဟန္တာဖြစ်၍ လူဘဝနှင့် ပရိနိဗ္ဗာန်ပြုသွားသောအခါ မိထွေးတော်ဂေါတမီလည်း သံဝေဂရ၍ ရဟန်းဝတ်လိုကြောင်း သားဘုရားတော်ထံတွင် ခွင့်တောင်းခဲ့သည်၊ အကြိမ်ကြိမ်ခွင့်တောင်းရသည်၊ နောက်ဆုံး ဆံကေသာပယ်ဖြတ် ခေါင်းတုံးရိတ်၍ သာကီဝင်မင်းသမီးပေါင်း ၄၉၉ ဦး မိထွေးတော်ပါငါးရာ ဘုရားကိုယ်တော်မြတ် ရှိတော်မူရာ ဝေသာလီပြည်မဟာဝုန်တော ကူဋာကာရကျောင်း ပေါက်ဝဇရပ်အထိ သွားကြပြီး ရဟန်းဝတ်ခွင့် တောင်းကြပြန်ရာ ဘုရားထံ မဝင်ဝံ့ပဲ ရှိနေစဉ် အရှင်အာနန္ဒာ ကူညီလျှောက်ထား သဖြင့် မိထွေးတော်ဂေါတမီကို ချန်လှပ်၍ သာကီဝင် အမျိုးသမီးပေါင်း ၄၉၉-ယောက် ရဟန်းခံခွင့်ရရှိသွားကြသည်။ မိထွေးတော်ဂေါတမီကား ဂရုဓမ္မ ရှစ်ပါးခေါ် ဝန်ခံချက်ရှစ်ခုကို တာဝန်ယူဝန်ခံလိုက်ရုံမျှဖြင့် မိန်းမရဟန်းအဖြစ်ကို ရရှိသွားပေတော့သည်၊ ဤသည်မှာ ဘိက္ခုနီ (မိန်းမရဟန်းဝတ်) သာသနာအစဖြစ်တော့သည်။

ဤအကြောင်းအရာတို့ကို စဉ်းစားကြလျှင် ဘိက္ခုနီသာသနာ စတင်ဖြစ်ပေါ်အောင်ဦးဆောင်ခဲ့သူသည် သာကီဝင်မင်းသမီးကြီး ဂေါတမီဖြစ်သည်၊ နောက်ပါ ၄၉၉- ယောက်သည်လည်း ယသောဓရာစသော သာကီဝင် မင်းသမီးများသာ ဖြစ်ကြသည်။

ရဟန်းယောကျ်ားသာသနာ ဦးဆောင် သာသနာပိုင်ရှင်ကြီးသည်လည်း သာကီဝင်မင်း မျိုးဇကန်စင်စစ်မှစတင်၍ မြင့်မြတ်သော မင်းမျိုးသာသနာဖြစ်သည်၊ ဘိက္ခုနီထေရီသာသနာတွင်လည်း သာကီဝင်မင်း အမျိုးသမီးများက အမျိုးသမီးသာသနာ့ဝန်ထမ်း စတင်ဖြစ်ပေါ် ထမ်းဆောင်ခဲ့ကြသည်၊ ပေါ့ပေါ့တန်တန် သူဆင်းရဲမ,ကုန်သည်မ, သူဌေးသမီးတွေက စတင်ခဲ့သည် မဟုတ် အမျိုးမြင့်မြတ်သော အမျိုးသမီးများက အမျိုးသမီး ရဟန်းဝတ်သာသနာကို စတင်ခဲ့ ကြောင်း သမိုင်းဖြစ်ပေသည်၊ ကျော်စောခဲ့သော အမျိုးသမီး ရဟန်းများလည်း များစွာရှိခဲ့သည်၊ ထိုခေတ်ကား ပထမအမျိုးသမီးသာသနာခေတ် ဖြစ်သည်။

ထို့နောက် ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ပြုပြီးသောအချိန်တွင် ဒုတိယအမျိုးသမီး သာသနာခေတ်ဟု ဆိုရမည့်ကာလကား ဘုရားပရိနိဗ္ဗာန် ပြုပြီး သာသနာ ၂၃၅-နှစ်လောက်တွင် သားတစ်ယောက်ရတောထွက် တစ်ခုလပ်မ သီရိဓမ္မာသောကမင်းကြီး၏သမီးတော် သင်္ဃမိတ္တာထေရီမ ဦးဆောင်သော ခေတ်ဖြစ်လာသည်၊ သမီးတော် သင်္ဃမိတ္တာ ထေရီမဦးဆောင်၍ ဘိက္ခုနီသာသနာစည်ပင်ပြန့်ပွါးအောင် အကျိုးဆောင် ဦးဆောင်၍ ဘိက္ခုနီသာသနာပြုခဲ့ပြန်သည်။

သင်္ဃမိတ္တာထေရီမကား သီရိဓမ္မာသောကမင်းကြီး၏တူတော် အဂ္ဂိဗြဟ္မာအိမ်ရှေ့မင်းသား

ရဟန်းပြု သွားသောအခါ သင်္ဃမိတ္တာ မင်းသမီးလည်းရဟန်းပြု၍ ရဟန္တာဖြစ်ခဲ့သည်၊ သားတော်သုမနသာမဏေလည်း ရဟန္တာဖြစ်ခဲ့ပါသည်။

သင်္ဃမိတ္တာထေရီမခေတ်တွင်လည်း သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံအထိ သာသနာပြု၍ မင်းမိဖုရားကြီးများသော်မှ ရဟန်းပြုခဲ့ကြသည်၊ ဘိက္ခုနီသာသနာသမိုင်းတွင် သင်္ဃမိတ္တာထေရီမသည်လည်း သာသနာပြုထေရီမအဖြစ်သမိုင်းတစ်ခေတ်ကျော်ကြားခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်၊ ထိုခေတ်ကား ဒုတိယဘိက္ခုနီသာသနာထွန်းလင်းခဲ့သော ခေတ်ဖြစ်သည်။

ထိုသင်္ဃမိတ္တာထေရီမ အမှူးရှိသော ထေရီမများ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ကူး၍ ဘိက္ခုနီသာသနာပြုခဲ့ပြီးနောက် ထိုဘိက္ခုနီသာသနာ သည်မြန်မာပြည်ပုဂံမြို့သာသနာအထိ ဘိက္ခုနီမများရှိနေသေးကြောင်း ပုဂံကျောက်စာများကိုလေ့လာလျှင် သိရှိနိုင်သေးသည်၊ ထို့နောက်တစ်စတစ်စနှင့်ဘိက္ခုနီဝိနည်းသိက္ခာပုဒ်များကိုမထိန်းသိမ်းနိုင်ကြတော့၍ ဘိက္ခုနီသာသနာများပျက်စီးပြီးကမ္ဘာပေါ်တွင် ရဟန်းမိန်းမ (မိန်းမရဟန်း)တစ်ပါးတလေမျှ မရှိတော့သည်အထိမျိုးစပြတ်ကွယ်ပျောက်သွားခဲ့တော့သည်။ သီဟိုဠ်(သီရိလင်္ကာ)တွင် အစကဘိက္ခုနီမသာသနာမရှိ၊ သင်္ဃမိတ္တာထေရီမနှင့်ရောက်ရှိသွားမှ အမျိုးသမီးများရဟန်းခံကြရသည်။ ယခုမူ ဘိက္ခုနီရဟန်းမိန်းမမျိုး ဆက်ပြတ်သွားပြီးဖြစ်၍ ဘိက္ခုနီသာသနာထပ်ပြု၍ မရနိုင်တော့ချေ။

ဘိက္ခုနီသာသနာသည် ကြံ့ကြံ့ခံနိုင်သမျှတော့ခံနိုင်ခဲ့သေးသည်။ စတုတ္ထသံဂါယနာ နောက်ပိုင်းတွင် ကွယ်ပျောက် သွားခဲ့ခြင်းဖြစ်ကြောင်းပညာရှင်တို့ယူဆခဲ့ကြသည် ဘုရား ရှေ့လက်ထက်တော်အခါက ဝင်းဝင်းဝါဝါ ထွန်းလင်း တောက်ပခဲ့သော ဘိက္ခုနီအမျိုးသမီး သက်န်းဝတ် ရဟန်းမများသည် ကွယ်ပျောက်ချိန်တန်တော့ လည်းမည်သည့် နည်းနှင့် မည်သို့ကွယ်ပျောက် သွားခဲ့သည်မသိ မည်သူ့မျှအထွက် မခိုင်းပဲ အလိုလိုကွယ်ပျောက် သွားခဲ့ပေတော့သည်။

ပထမဘုရားရှိစဉ် ထင်ရှားသော ဘိက္ခုနီခေတ်, ဒုတိယ သီရိဓမ္မာသောကမင်းကြီး၏ သမီးတော်သင်္ဃမိတ္တာထေရီမ တို့ခေတ်ဟူ၍ ဘိက္ခုနီသာသနာ ထွန်းလင်းခဲ့သော ခေတ်နှစ်ခေတ်ဖြစ်ခဲ့ပေတော့သည်။

တတိယခေတ်မှာ ရဟန်းမိန်းမများထက်အဆင့်နိမ့်သီလရှင်မယ်နတ်ပေး, မယ်ကင်းတို့ဖြစ်လာခဲ့ပေတော့သည်။ မည်သည့်ဆရာ တော်ကမည်သည့်အမျိုးသမီးကို မည်သည့်နှစ် မည်သည့်အချိန်တွင် သီလရှင်ဟုပညတ်သမုတ်၍ ဝတ်ပေးလိုက်သည်ဟူသောတိကျသော သမိုင်းကို မတွေ့ရပေ၊ သို့ရာတွင် ဤသီလရှင်ခေတ်ကို တီထွင်ကြံဆပေးလိုက်သော ဆရာတော်ကား အလွန့်အလွန်ခေတ်မီပါပေစွာ့-ဟု ချီးကျူးရပေတော့ မည်၊ သာသနာအနွယ် ဘိက္ခုနီမအနွယ်ဝင်မျှ ဖြစ်အောင်တီထွင်ပေးခဲ့ခြင်းဖြစ်သည်။



သီလရှင်ခေတ်တွင် ထင်ရှားသောသူမှာ ဗန်းမော်ဆရာတော်တို့နှင့်ခေတ်ပြိုင်သီလရှင် မယ်ကင်းကား အတော်ထင်ရှားသော ပညာတတ် သီလရှင်တစ် ပါးဖြစ်ခဲ့သည်၊ မယ်ကင်းကို မယ်ခေမာဟုလည်း ယူဆကြသည်၊ ရန်ကင်းသော အရပ်ကိုတင်စား၍ မယ်ကင်း-ဟုခေါ်လေ သလား၊ သူမ၏လူအမည် ပေလား-ဟု အမျိုးမျိုး တွေးတော ယူဆဖွယ်ရာ ရှိသည်။

မည်သို့ဆိုစေ မယ်ကင်းကား မယ်ကင်းဟု ထင်ရှားခဲ့သည်ကားအမှန်ပင်၊ သီလရှင်ဟူသော အမည်သည်လည်း မယ်ကင်းတို့ခေတ် ဗန်းမော်ဆရာတော်၏ စာချိုးများတွင် သီလရှင်ဟူသော အသုံးဖြင့် တွင်ကျယ်ခဲ့ရာ ယနေ့တိုင်အောင် သီလရှင်ဝတ် သီလရှင်သာသနာ့နွယ်ဝင်အသုံးမှာ တွင်ကျယ်စွာအသိအမှတ်ပြုထားပြီးဖြစ်သည်။

ပထမဘိက္ခုနီမသာသနာမှာပင် မင်းသမီးများ, သူဌေးသမီးများက စတင်ဦးဆောင်ခဲ့ကြပြီး၊



ဒုတိယခေတ်အထိ မင်းသမီး မိဖုရားများက ဦးဆောင်ခဲ့ကြသည်။

ယနေ့သီလရှင်ခေတ်တွင် မင်းသမီးသူဌေးသမီးများခေတ်မရှိတော့၍ အလွှာစုံမှ အမျိုးသမီးများ သီလရှင်ဝတ်၍ ရဟန်းတော်များကဲ့သို့ စာပေပရိယတ္တိများသင်ကြားလာကြပြီ၊ ရဟန်းတော်များကဲ့သို့စာမေးပွဲများ ဖြေဆိုအောင်မြင်ခဲ့ကြ၍ ရဟန်းတော်များနည်းတူ နိုင်ငံတော် အစိုးရမှ စာချတွဲ့များကပ်လှူပေးခဲ့ခြင်းကြောင့် စာချတွဲ့ရ ဓမ္မာစရိယ သီလရှင်များ ပေါ်ထွန်းလာ သည်အထိ တိုးတက်ထွန်းကား ပြန့်ပွါးနေဆဲအရှိန် အဟုန်မြင့်မား နေဆဲကာလဖြစ်သည်။

အချိန်တန်လျှင် ဗုဒ္ဓသာသနာတော်မှာလည်း ကွယ်ချိန်တန်ကွယ်ရဦးမည်ဖြစ်၍ သီလရှင်သာသနာလည်း ကွယ်သင့်သောအခါ အလိုလိုပျောက်ကွယ်သွားဦးမည်ဖြစ်သည်။

ထို့ကြောင့် သာသနာ့နွယ်ဝင် သီလရှင်သာသနာ, ဘိက္ခုနီသာသနာ့နွယ်ဝင် သာသနာ ကို မပျက်စီးအောင် မည်သည့်တန်ခိုးရှင်မျှ တားဆီးစောင့်ကြပ်ထား၍မရနိုင်၊ သောတာပန် သိကြားလည်းမတတ်နိုင်၊ မည်သူတွေကသာ တတ်နိုင်သနည်းဆိုသော် မိမိတို့သီလရှင် အများစုညီညွတ်ပေါင်းစည်း၍ အမျိုးသမီးသီလရှင် သာသနာမကွယ်ပျောက်ရေးကို ညီညွတ်သော အမျိုးသမီးသီလရှင်အဖွဲ့အစည်းမှာ အများဆုံး တာဝန်ရှိသည်။

ရုက္ခဓမ္မဇာတ်တော်၌

သာဓူ သမ္ဗဟုလာ ဉာတိ အပိရုက္ခာ အရညဇာ။ ဝါတော ဝဟတိ ဧကဋ္ဌံ ဗြဟန္တမ္ပိ ဝနပ္ပတိံ။ ဟုဟောတော်မူ၏။

ဉာတိ-အဆွေအမျိုးတို့သည်၊ သမ္ဗဟုလာ-ညီညာဖျဖျများပါကုန်မူကား သာဓူ-ကောင်း၏၊ အရညာ-တော၌ဖြစ်ကုန်သော၊ ရုက္ခာပိ-သစ်ပင်တို့သည်လည်း သမ္ဗဟုလာ-ညီညာဖျဖျများပါကုန်မူကား သာဓူ-ကောင်း၏ ဧကဋ္ဌံ-တစ်ပင် တည်း

ာီးထီးရှိသော၊ ပြဟန္တ = ကြီးစွာသော၊ ၁နပ္ပတိ=တောစိုးသစ်ပင်ကြီးကို၊ ဝါတော=လေ သည်၊ ၁ဟတိ=တိုက်လှဲနိုင်၏ ဟူ၍ ဖြစ်သည်။

လောကတွင် အဆွေအမျိုးအချင်းချင်း ာိုင်ပင် ညီညွတ်စွာဝမ်းမြောက်ဝမ်းသာရှိကြလျှင် ာဘားရန်သူတို့ မဖျက်ဆီးနိုင်၊ လူကို မဆိုထားနှင့် ာတာသစ်ပင်များသော်မှ ညီညာစုရုံးနေက ရန်သူ ာလပြင်းကကျိုးပဲ့အောင် အမြစ်ပြုတ်ထွက်အောင် ာတတ်နိုင်၊ တစ်ပင်တည်း ထီးထီးရှိပြီး နေသော ာတာစိုးသစ်ပင်ကြီးသည် မည်မျှပင် ကြီးမား ာသော်လည်း တစ်ပင်တည်းမို့ လေတိုက်က ကျိုးပဲ့ ပျက်စီးရသကဲ့သို့ ဖြစ်ချေသည်။

သီလရှင်တိုင်းသည် သူ့တိုက်သား ငါ့တိုက် သား မခွဲခြားပဲညီညွတ်စွာပေါင်းစည်း၍ သီလရှင် ဆရာကြီးများ၏ အဆုံးအမဩဝါဒကို ခံယူခြင်း, ဩဝါဒပေးခြင်းများဖြင့် ညီညွတ်စွာနေထိုင်က ပိုမို၍ပေါင်းစည်းညီညွတ် တည်တံ့နိုင်ပါလိမ့်မည်။

အမျိုးသမီးများတွင် ညီညွတ်မှုတစ်ခုရှိပါ သည်၊ ထိုအချက်ကား အမျိုးသမီးတစ်ဦးတစ် ယောက် အကြောင်း တစ်ခုခုကြောင့် မလုံမလဲ ဝတ်စားကင်းမဲ့ဖြစ်ခဲ့သော် အမျိုးသမီးတိုင်း သိသိ မသိသိ ဝိုင်းဝန်း၍အရှက်ကို ကာကွယ်ပေးကြ သည်၊ ဖုံးကွယ်ပေးကြသည်၊ ထိုကဲ့သို့ပင် သီလ ရှင်မှန်လျှင် သိသိမသိသိ အားပေးရမည်၊ ကူညီရ မည်၊ မလျှော် သည်ကို အချင်းချင်းဆုံးမပြီး၊ အချင်းချင်းအဆုံးအမ ခံယူနိုင်ရမည်၊ ငါတို့တိုက်က နာမည်ရပြီးသား၊ ဟိုကောင်မတွေတိုက်က ဘယ်သို့ဟူ၍ ပြူစူခြင်း, စောင်းမြောင်းခြင်း, ဝန်တို ခြင်း, မနာလိုခြင်း များကင်းရှင်းအောင် တိုက်အုပ်, တိုက်ကြပ်ဆရာကြီး တို့က အမြဲတန်းသွေးစည်း ညီညွတ်ရန် ဩဝါဒ ပေးခြင်း ခံယူခြင်းရှိက သီလရှင်သာသနာ ရုတ် တရက် မကွယ်နိုင်ပါချေ ထို အချက်ကို အလေး ဂရုပြုသင့်ကြပေသည်။

မည်သို့ဆိုစေ သီလရှင်များသည် အမျိုး သမီးများဖြစ်ကြသည်၊ သီလရှင်တို့၏ ထိန်းသိမ်း စောင့်ရှောက်ရမည့် သိက္ခာပုဒ်သည် ရှစ်ပါးသီလ မျှသာဖြစ်၏၊ ပါရာဇိကမရှိ၊ အခုချွတ် အခုပြန် ဝတ်၍ရသည်၊ သီလရှင်ဘဝ ယောကျ်ားတစ်ပါး နှင့် ရောယှက်ပြီးလူထွက် လူလိုလုပ်စား အသက် အရွယ်ကြီးမှ ပြန်ဝတ်သော်လည်း သီလရှင် ပြန် ဖြစ်သည်၊ သီလရှင်မဖြစ်-ဟုမရှိ။

သီလရှင်တို့သည် မိမိတို့၏လှပဖွံ့ဖြိုးသော ရုပ်ခန္ဓာအပေါင်းအစုကြီးကို ကိလေသာကာမ ဂုဏ်အစာမကျွေးလို, အသုံးမချလို, မဆင်လို၍ အပုပ်အစပ်အသိုးအပြစ်အမျိုးမျိုးအောင်းရာ ခန္ဓာကြီးမှန်းညာဏ်နှင့်မှန်းဆမိကြ၍ သာသနာ တော်အတွက် အကျိုးရှိရှိ၊ ဘဝတစ်သက်တာတို တောင်းသော သက်တမ်းကလေးအတွင်း အပြစ် ကင်းစင်သော ဗြဟ္မစရိယာအကျင့်နှင့် သာသနာ တော်အတွက် တတပ်တအားပါဝင် သာသနာပြု နေကြခြင်းဖြစ်သည်။

အမျိုးသမီးထုအတွင်း သီလရှင်များသာ ဝင်ဆန့်၍ သာသနာပြုနိုင်သည်၊ အမျိုးသမီး အများစုထည်းတွင် သီလရှင်ဝတ်အမျိုးသမီး များသာ အယဉ်ကျေးဆုံး,အသိမ်မွေ့ဆုံး-ဟုဆို ရပါလိမ့်မည်၊ အဝတ်၏ လော်လည်ခြင်း, အစား၏ လော်လည်ခြင်း, ကာမလော်လည်ခြင်းစသော လော်လည်ခြင်း အမျိုးမျိုးမှ ကင်းဝေးကြသည်၊ အဘယ့်ကြောင်း ဆိုသော သီလရှင်များသည် လင်ယူ သားမွေး လောကအရေးကို စွန့်လွှတ်၍ အမျိုးသမီး သာသနာပြု ပုဂ္ဂိုလ်များဖြစ်ခြင်း ကြောင့်-ဟု ဆိုရပါလိမ့်မည်၊ ထပ်၍ဆိုရသော် သီလရှင် များသည် သာသနာ့နွယ်ဝင်များဖြစ်ကြပြီး ယဉ်ကျေး သိမ်မွေ့သူအမျိုးသမီးတကာတို့ထက် အထက် တန်းစား ယဉ်ကျေးသိမ်မွေ့သူများ ဟု ခေါ်က မမှားနိုင်ပါ။

ယနေ့ အချို့သော လူရှင်တော်များသည် သီလရှင်များ,ရဟန်းတော်များကို ပြက်လုံးအဖြစ် သုံး၍ ပြက်လုံးထုတ်နေကြခြင်းသည် လုံးဝ



မလျော်ကန် မလျောက်ပတ်ပါ၊ ဗုဒ္ဓဘာသာဝင်ဖြစ်ပါလျှက် ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်အား ပြက်လုံးထုတ်ခြင်း၊ သီလနှင့်အမြဲနေသော ရဟန်းတော်များအားလည်းကောင်း၊ သာသနာ့နွယ်ဝင်သီလရှင်များအားလည်းကောင်း၊ ပြက်လုံးထုတ်နေသူ လူရွှင်တော်(လူပြက်) တိုင်းသည်ရိုင်းပျလွန်းသည်၊ လုံးဝပြက်လုံးမထုတ်သင့်၊ ထိုအချက် ကို သက်ဆိုင်ရာ သဘင်ကောင်စီများမှ သော်လည်းကောင်း၊ သာသနာရေး ဝန်ကြီးဌာနမှ သော်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ သော်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့မှ သော်လည်း ကောင်း တားမြစ်သင့်သည်၊ ဒဏ်ထား၍ ကြပ်ကြပ်တားမြစ်သင့်ပေသည်၊ မိမိတို့အမျိုးဘာသာသာသနာကို မိမိတို့က စောင့်ရှောက်အမွှမ်းတင်မှ ဂုဏ်တင့်မည်၊ အတွင်းလူ ရိုသေမှ အပြင်လူခန့်ငြားမည်ဖြစ်သည်။

မဟာလယ်တီ ဓမ္မသကသီလရှင်စာသင်တိုက်ကို စတင်တည်ထောင်သူ ဒေါ်နန္ဒစာရီ သည် ဒေါ်ပဏ္ဍိတာ၏တပည့်ဖြစ်သည် ဒေါ်ဝဏ္ဏ ကား မင်းတုန်းမင်း ခေတ်က ပန်းမော်ဆရာတော် နှင့် အပြန်အလှန်စာချိုး၍ သီလရှင်တကာတို့ ထက်နာမည်ကြီးခဲ့သော သီလရှင်မယ်ကင်း၏ တပည့်ဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်သည် သီလရှင်ဆရာကြီး မယ်ကင်း၏ အနွယ်ဝင်များ၊ မယ်ကင်း၏ တပည့်အဆက်အနွယ်များ၊ မယ်ကင်း၏ မြေးမြစ်များဖြစ်ကြတော့သည်။

သီလရှင်မယ်ကင်းကား စာပေတတ်မြောက်၏၊ စာပေတတ်မြောက်၍ အရွယ်တူ ဆရာတော် ရင့်မကြီးတစ်ပါး ပန်းမော်ဆရာတော်ကို အပြန်အလှန်စာချိုးခဲ့သည်၊ သမိုင်းအရရယ်စရာရွှင်မောစရာအဖြစ်ဖတ်ကောင်းသော်လည်း ဓမ္မစစ်ဓမ္မဓိဋ္ဌာန်ကျကျဝေဖန်စိစစ်သော် ဘိက္ခုနီ မထက်အဆင့်နိမ့်သာသနာနှင့် အနွယ်ဝင်ရုံမျှ သီလရှင်တစ်ပါးက ဘုရားလက်ထက်တော်အခါက ရဟန်းတော်များနှင့်တန်းတူ ရဟန်းတစ်ပါးကို နှုတ်လှန်ထိုး(ရန်တွေ့)ဖြစ်သည်။

အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်း ဆိုသော် ပရိယတ္တိစာပေတတ်မြောက်ခြင်းကြောင့် သူတတ်သလို ငါတတ်သည်၊ သူစာချိုးသလို ငါလည်း စာချိုးနိုင်သည်ဟူသော မာနတရားက မြောက်ကော်ပေးခြင်းကြောင့်ဖြစ်သည်။

စာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ၊ မာနတရားကို ပုထုဇဉ်ပုဂ္ဂိုလ်များဖြစ်ကြ၍ မပယ်နိုင်သေးသော်လည်း မိမိတို့သန္တာန်၌ မာနတရား ငုပ်လျှိုးနေအောင် ပုန်းကွယ်နေအောင် မာနကိလေသာမြူကို အမြဲတန်းခါတွက်နေကြရမည်သာဖြစ်သည်၊ စာတတ်လျှင် မာနကိုပြင်ပါ။

ဥစ္စာရှိသူများ မာနတက်သည်မှာ ပညာဉာဏ်မရှိ၍သာဖြစ်သည်၊ အဆင်းလှသူ, ကျန်းမာသူ, သန်မာသူစသူတို့ မာနတက်ခြင်းမှာ မသိရာကြ၍ဟုဖြေသိမ့်စရာရှိသည်၊ စာပေပညာတတ်ကျွမ်းပြီး စာပေကြောင့်သော်လည်းကောင်း, ဂုဏ်ထူးဘွဲ့ထူးကြောင့်သော်လည်းကောင်း မာနတက်ခြင်းကား စာပေကိုမသိ ကျိုးကျွံပြု၍သာ စာတတ် လူမိုက်ဖြစ်သည်ဟု ဆိုရပေတော့မည်၊

စာတတ်လူမိုက်မဖြစ်သင့်၊ စာတတ်လျှင် လိမ္မာရမည်၊ စာတတ်သူပီသရမည်၊ စာတတ်ပုဂ္ဂိုလ်ကြီးဆို၍ ကြည့်လိုက်လျှင် နဖူးကြောတင်း မျက်မှောင်ကုတ်နေပါက စာသာတတ်ပြီး စာသဘောမသိသူဟူ၍ ဝေဖန်ထိုက်ပါတော့သည်။

ပုထုဇဉ်ပုဂ္ဂိုလ်မှန်သမျှ စာတတ်သူလည်း ဂတိမမြဲနိုင်၊ စာမတတ်သူလည်း ဂတိမမြဲနိုင်၊ ဘွဲ့တံဆိပ်ရှိသူ မရှိသူများလည်း ဂတိမမြဲနိုင်၊ ထိုအချက်ကို သတိပြုသင့်၏၊ ဘွဲ့ဂုဏ်ကြောင့် ဘာမျှထူးခြားမှုမရှိပါ၊ အပါယ်ဘေးမှ မလွတ်နိုင်သည်ကို သတိပြု ဆင်ခြင်ရာသည်။

သာကီဝင် အမျိုးသမီးများသည် ပထမရဟန္တာခေတ်, ဒုတိယရဟန္တာခေတ်တွင် ထေရီအကျော်အမော်များအဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုသွားကြချေပြီ၊ ယနေ့တတိယခေတ်တွင် ထေရီအမည်မခံနိုင်သော ထေရီမအဖြစ်နှင့် မည်သည့်အမျိုးသမီးမျှ ပရိနိဗ္ဗာန်မယူနိုင်တော့ပြီ ၊ သီလရှင်သာသနာ့နွယ်ဝင်ခေတ်တွင် မိမိတို့နှင့်ထိုက် တန်ရာဘုရားဟောစာပေကျမ်းဂန်များ သင်ကြားခြင်း၊ တတ်မြောက်ပြီးသောအခါ စာသင်တိုက်ထောင်၍ သီလရှင်များ ပရိယတ္တိစာပေ တတ်မြောက်ရေး (အမျိုးသမီးများပရိယတ္တိစာပေ တတ်မြောက်ရေး) ပဋိပတ္တိအား ထုတ်နိုင်ရေးကို သင်ကြားခြင်းအားထုတ်ခြင်းဖြစ်၍ အမျိုးသမီး ပိုင်းဆိုင်ရာသာသနာပြုများဖြစ်ကြ၍ ယခု ဂေါတ မဘုရားပထမဘိက္ခုနီခေတ်၊ ဒုတိယဘိက္ခုနီ ခေတ်ကိုမည်သည့်နည်းနှင့်မျှ မရောက် နိုင်တော့ သော်လည်းယခုဆည်းပူး အားထုတ်ကြကုန် သော သီလပါရမီ, ပညာပါရမီ များသည်ကား အဂ်တိမင်းကြီး၏သမီးတော် အပျိုကြီး ရုစာဒေဝီ (အရှင်အာနန္ဒာအလောင်း)ကဲ့သို့ ယောကျ်ား ဘဝကို သော်လည်းကောင်း၊ နောင်ဘုရား သာသ နာတော်အတွက်အကျော်အမော် ရဟန္တာ ဘိက္ခုနီ ထေရီမကြီးများဖြစ်ဖို့ သော်လည်းကောင်း ပါရမီဖြည့်နေကြသောပါရမီရှင်များသာဖြစ်ကြောင်း ခေတ်သုံးခေတ်ကိုနှိုင်းယှဉ်ဖော်ကြူး အပ်ပါသည်။

အကျွန်ုပ်တို့သည် သူရောင်ါပါ ယောကျ်ားရောမိန်းမပါ ဤကမ္ဘာတွင် ဘုရားလေးဆူပွင့်ခဲ့ပြီးလေပြီ၊ တစ်ဆူနှင့်မျှ မကြုံကြိုက် လိုက်ကြရခြင်းသည် မတော်၍ချော်ခဲ့ကြ၍ မည်သူမျှမတော်ခဲ့ကြသောကြောင့် ယနေ့ သတ္တဝါတစ်ဦးတစ်ယောက်ဖြစ်နေကြရသည်ကို သတိသံဝေဂယူနိုင်ကြပါစေ။



ရွှေလီငါးတဲဆရာတော်

# ပြောင်းပြန်စီးသောမြစ်

အရှင်ဉာဏနော(ဗာရာဏသီ)



## ပါဠိတော်၊ အဋ္ဌကထာနှင့် ကွက်လပ်တစ်ခု

၄၅-ဝါအတွင်း ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည့် တရားတော်များကို လည်းကောင်း၊ ထို ၄၅-ဝါ အတွင်း၌ဖြစ်စေ၊ ထိုနောက်မှဖြစ်စေ ဗုဒ္ဓရှင်တော်ဘုရား၏ တပည့်သားတို့က ဗုဒ္ဓရှင်တော်ဘုရား၏ နည်းနာနိဿယကိုယူ၍ ဟောကြားတော်မူခဲ့ကြသည့် တရားစကားတော်များကိုလည်းကောင်း ပါဠိတော် (စကားတော်အစဉ်)ဟု ခေါ်ဝေါ်ကြလေသည်။

ထိုပါဠိတော်များကို သင်္ဂါယနာတင်မူ ပြုတော်မူကြသည့် အရှင်မြတ်တို့က-

၁။ ဝိမုတ္တိရသအားဖြင့် ၁-ပါး။
၂။ ဓမ္မဝိနယအားဖြင့် ၂-ပါး။
၃။ ဝစနအားဖြင့် ၃-ပါး။
၄။ ပိဋကအားဖြင့် ၃-ပါး။
၅။ နိကာယ်အားဖြင့် ၅-ပါး။
၆။ ဓမ္မက္ခန္ဓာအားဖြင့်

၈၄၀၀၀-ဟု ပိုင်းခြားခွဲဝေ သတ်မှတ်တော်မူခဲ့ကြသည်။

ထိုပါဠိတော်များသည် ကျမ်းအားဖြင့် ၅၂-ကျမ်းဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာမှု၌ အချို့ကျမ်းများကို စုပေါင်း ရိုက်နှိပ်ထားသဖြင့် စာအုပ်အရေအတွက်မှာ ၄၀-သာ ဖြစ်နေရချေသည်။ ဤသည်ကို ပါဠိတော်အုပ်ရေ ၄၀-ဟု သတ်မှတ်ကြသည်။

ကျမ်းပေါင်း ၅၂-ကျမ်း ဟူသည်မှာ-

(၁) ဒီဃနိကာယ်၃-ကျမ်း(၃-အုပ်)

(၂) မဇ္ဈိမနိကာယ်၃-ကျမ်း(၃-အုပ်)

(၃) သံယုတ္တနိကာယ်၅-ကျမ်း(၃-အုပ်)

(၄) အင်္ဂုတ္တရနိကာယ်၁၁-ကျမ်း(၃-အုပ်)

(၅)ခုဒ္ဒကနိကာယ်၃၀-ကျမ်း(၂၈-အုပ်)

ပေါင်း ၅၂-ကျမ်း၊ စာအုပ်ရေ ၄၀-ဖြစ်သည်။

ထိုပါဠိတော်များ၏ အနက်အဓိပ္ပါယ် ခက်ခဲနက်နဲသော အဆုံးအဖြတ်များကို အဋ္ဌကထာကျမ်းများက တာဝန်ယူ ဖွင့်ပြကြရလေသည်။ ထိုအဋ္ဌကထာ ကျမ်းများကို အရှင်မဟာဗုဒ္ဓဃောသမထေရ်ကအများဆုံးပြုစုခဲ့ပြီး ကျန်ရှိနေသော ပါဠိတော်များကို အရှင်ဗုဒ္ဓဒတ္တ၊ အရှင်ဓမ္မပါလ၊ အရှင်ဥပသေန၊ အရှင်မဟာနာမ တိပိဋကစရမထေရ်၊ အရှင်နာရဒတို့က အသီးသီးဖြည့်စွက် ဖွင့်ဆိုတော်မူကြသည်။ သို့သော်လည်း အဋ္ဌကထာကျမ်းများ၌ ကွက်လပ်တစ်ခု ရှိနေဆဲဖြစ်သည်။ ထိုကွက်လပ်ကားထေရီ အပဒါန အဋ္ဌကထာ မရှိခြင်းပင်ဖြစ်သည်။ ထေရီ အပါဒါနပါဠိတော်ကို ဖွင့်ပြရန် အဘယ့်ကြောင့် အဋ္ဌကထာဆရာများ လက်ရှောင်ခဲ့ကြလေသနည်း။

## အမျိုးသမီးသီးသန့်ကျမ်း(၂) ဆူ

ပါဠိတော် ၅၂ -ကျမ်းတွင် ဘိက္ခုနီရဟန္တာထေရီများ၏ ဘဝဖြစ်စဉ်ကို သီးသန့်ပြဆိုသော ကျမ်း(၂)ကျမ်း ပါရှိသည်။ ဘိက္ခုနီရဟန္တာ ထေရီများ၏ ပစ္စုပ္ပန်ဘဝဖြစ်စဉ်ကိုပြဆိုသော ထေရီဂါထာကျမ်းနှင့် အတိတ်ဘဝများစွာက ပါရမီဖြည့် ကျင့်ခဲ့ကြပုံများကိုပြဆိုသော ထေရီအပဒါန် ကျမ်းများဖြစ်သည်။ သီလရှင်နှင့် အမျိုးကောင်းသမီးများ အထူးလေ့လာ အားကျအတုယူ ကျင့်သုံးဖွယ်ရာကျမ်းများ ပေတည်း။

## ရာစုသစ် အဋ္ဌကထာဆရာ

ပါဠိတော် (၅၁)ကျမ်း၌ အဋ္ဌကထာအသီးသီးရှိပြီးဖြစ်သော်လည်း ထေရီအပဒါန် ကျမ်း၌မူ ဆဋ္ဌသင်္ဂါယနာ ကာလအထိ အဋ္ဌကထာမရှိဘဲ လစ်ဟာလျက်ရှိနေပေသည်။

ထိုကွက်လပ်ကိုဖြည့်ပေးမည့် ထူးခြားသော အဋ္ဌကထာဆရာတစ်ဦး ပေါ်ပေါက်လာခဲ့သည်။ ထို အဋ္ဌကထာဆရာမှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်ကြီး၏ ဒုတိယ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဗန်းမော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသမထေရ်ဖြစ်သည်။ ဘဒ္ဒန္တကုမာရာဘိဝံသသည် နောက်ဆုံး အဋ္ဌကထာဆရာနှင့် ၂၁-ရာစု၏ တစ်ပါးတည်းသော သက်တော်ထင်ရှား အဋ္ဌကထာဆရာ ဖြစ်တော်မူပေသည်။

## ထေရီအပဒါနအဋ္ဌကထာ၏ လာရာနှင့်လားရာ

အပဒါန်ပါဠိတော်သည် ခုဒ္ဒကနိကာယ်၌ ပါဝင်သည်။ ခုဒ္ဒကနိကာယ်ဝင် ကျမ်းများဖြစ်သော ခုဒ္ဒကပါဌ၌ ခုဒ္ဒကပါဌအဋ္ဌကထာ၊ ဓမ္မပဒ၌ ဓမ္မပဒအဋ္ဌကထာ စသည်ဖြင့် အဋ္ဌကထာ အပြည့်အစုံရှိကြသည်။ အပဒါန် ပါဠိတော်၌ကား ထေရာပဒါန်၌သာ အဋ္ဌကထာနှစ်တွဲရှိပြီး ထေရီအပဒါန်၌ အဋ္ဌကထာ မရှိသေးပေ။ ထေရီ အပဒါန်၌လည်း အခြား ပါဠိတော်များနည်းတူ အဋ္ဌကထာ ရှိသင့်သည်ဟု ယုံကြည်သော ဘဒ္ဒန္တ ကုမာရာဘိဝံသသည် ထေရီအပဒါန် ပါဠိတော် နှင့် ဆက်စပ်သမျှသော

ထေရီဂါထာ အဋ္ဌကထာ၊ ထေရဂါထာ အဋ္ဌကထာ၊ အင်္ဂုတ္တရ အဋ္ဌကထာ၊ ဓမ္မပဒ အဋ္ဌကထာ စသည်တို့၌ပါရှိသော ထေရီများ၏ အတ္တုပ္ပတ္တိနှင့် မှတ်သားဖွယ်ရာများကို ရှာမှီးထုတ်နုတ်၍ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယာဘိဝံသအား ပြသလေသည်။ မစိုးရိမ် ဆရာတော်ကြီးက အလွန် အားရဝမ်းသာဖြင့် "ဦးကုမာရ အရှင်ဘုရား ကိုယ်တိုင်ပင် ထေရီအပဒါန်ကို ဖွင့်ဆိုပါ၊ တပည့်တော် တိုက်တွန်းတယ်လို့လည်း နိဒါန်းမှာ ထည့်ရေးပါ" ဟု မိန့်တော်မူလိုက်သည်။ ထိုအချိန်မှစ၍ ဘဒ္ဒန္တ ကုမာရာဘိဝံသသည် ဆက်စပ်သမျှသော အဋ္ဌ ကထာများကို အထပ်ထပ် ကြည့်ရှု၍ မှတ်သား ဖွယ်ရာများကို ထုတ်နုတ်၍ အမရပူရ ဆရာတော် နှင့် နယားဆရာတော်တို့ကို မေးမြန်း၍ ထေရီ အပဒါန်ပါဠိတော်၏အဖွင့် အဋ္ဌကထာကို ပြုစီရင်တော်မူသည်။ ရှေးအဋ္ဌကထာ ဋီကာများ၌ ရှိပြီး သောအဖွင့်များကို ထိုအတိုင်းပင် ဖွင့်ဆို၍ အဋ္ဌကထာအသီးသီး၌ ပြန့်ကျဲနေ သောအဖွင့်များကို တပေါင်းတည်းပြဆိုတော်မူသည်။ ရှေးအဋ္ဌကထာ ဋီကာများ၌ မရှိသေးသော ပါဠိတော် အဖွင့်များကို သဒ္ဒနီတိ၊ ရူပသိဒ္ဓိစသော မာဂဓ သဒ္ဒါကျမ်းများ၊ ပါဏိနီ ဆန်းကျမ်းစသော သက္ကတ သဒ္ဒါကျမ်းများ၊ ပါကတ အဒ္ဓမာဂဓီစသော အဘိဓာန်များ အကူအညီဖြင့် ဖွင့်ပြတော်မူသည်။ ယသော်ဓရာ ထေရီ အပဒါန်၏အဖွင့်ကိုကား သောတတ္ထကီ အဋ္ဌကထာမှ နည်းယူ၍ဖွင့်ပြပါသည်။ သောတတ္ထကီ အဋ္ဌကထာသည် ယသော်ဓရာထေရီ အပဒါန်၏ အဋ္ဌကထာဖြစ်၏ ဟု ဆရာအစဉ် အဆက်လက်ခံထားသောကြောင့်တည်း။

အသက်တော် (၃၀)ကျော်မျှသာ ရှိသေးသော ဘဒ္ဒန္တကုမာရာဘိဝံသသည် (၂)နှစ်ကျော် မျှကြိုးစားအားထုတ်၍ ထေရီအပဒါန် အဋ္ဌကထာကို ပြုစုတော်မူသည်။ ယသော်ဓရာထေရီ အပဒါန် အဖွင့်သည် ပညာရှိလောကကို ကိုင်လှုပ် နိုင်ဆုံးဖြစ်သည်။ ယသော်ဓရာ ထေရီအပဒါန်အဖွင့် မျှဖြင့်ပင် ပညာရှိများ ကျေနပ်အားရတော်မူကြလေသည်။ ဆန်းထွန်း (မန်းတက္ကသိုလ်) ကဲ့သို့သော ပုဂ္ဂိုလ်များပင် ဦးတိုက်ခဲ့ကြရသည်။

အဋ္ဌကထာအလုံးစုံပြီးစီးသဖြင့် မစိုးရိမ် ဆရာတော်ကြီးအား ပြသောအခါ "ဦးကုမာရ အရှင်ဘုရားရဲ့ အဋ္ဌကထာက အလွန်ကောင်းပြီး အရှင်ဘုရားက ငယ်ရွယ်လွန်းနေသေးတယ်၊ ဝါတော်ကြီးမှ ပုံနှိပ်ပါ" ဟု မိန့်ကြားတော်မူသည်။

ဘဒ္ဒန္တကုမာရာဘိဝံသသည် ထေရီ အပဒါန် အဋ္ဌကထာကို ရေးသားပြုစုပြီးနှစ်ပေါင်း (၃၀) ခန့်ကြာပြီးမှ တိပိဋကနိကာယ ဥပဋ္ဌာကအဖွဲ့ကို ပုံနှိပ်စေတော်မူသည်။ ထေရီအပဒါန် ပါဠိတော်၏အဖွင့် သံဝဏ္ဏနာဖြစ်၍ ထေရီအပဒါန် အဋ္ဌကထာအမည်ရသော်လည်း နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ကြီး၏ အလိုဆန္ဒအတိုင်း "ထေရီအပဒါနဒီပနီ "ဟု အမည်မှည့်လိုက်သည်။ ထေရီအပဒါနဒီပနီမည်သော ထေရီအပဒါန အဋ္ဌကထာကို တိပိဋက နိကာယဥပဋ္ဌာကအဖွဲ့က ၁၉၉၂-ခုနှစ်၌ ပထမအကြိမ် အုပ်ရေ ၂၀၀၀- ထုတ်ဝေလိုက်သည်။ ထေရီအပဒါန အဋ္ဌကထာသည် လစ်လပ်နေသော အဋ္ဌကထာကွက်လပ်ကို ဖြည့်စွက်လျက် သာသနာ့အကျိုးကို ထမ်းဆောင်နေသော်လည်း ဗမာအက္ခရာဖြင့်သာ တည်ရှိနေသဖြင့် မြန်မာပြည်နယ်နိမိတ်ကို မကျော်လွန်နိုင်ခဲ့ပေ။ သို့ဖြစ်၍ ကမ္ဘာသို့တိုင် အကျိုးပြုစေလိုသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်၏ Reseach Centre မှ ၂၀၀၉ ခုနှစ်၌ ရောမ



အက္ခရာဖြင့် ပထမအကြိမ် အုပ်ရေ ၁၀၀၀- ရိုက်နှိပ်၍ ဓမ္မဒါနပြုလိုက်ပေပြီ။

ထိုမျှမက အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ သမ္ပူဏ္ဏာနန္ဒ ဆန်ဆကရစ်တက္ကသိုလ်ကြီး၌ An editing and analytical study of THERI APADANADIPANI အမည်ဖြင့် ထေရီအပဒါနဒီပနီကို တင်သွင်း၍ Ph.D ဘွဲ့ယူရန် ကြိုးစားနေသော ဤစာရေးသူက ဝေဒနာဂရီအက္ခရာဖြင့် စတင်ပြန်ဆိုနေပေပြီ။ မြန်မာပြည်ဖြစ် အဋ္ဌကထာကို အိန္ဒိယသို့ တင်ပို့ရန် ကြိုးပမ်းနေပေပြီ။ အိန္ဒိယဖြစ် အဋ္ဌကထာများကို မြန်မာပြည်သို့ ဆောင်ယူခဲ့ရသော အစဉ်အလာရှိခဲ့သည်၊ ယခုတော့ဖြင့် --- မြစ်ကား ဆန်လေပြီ။

ဤနေရာ၌ ထေရီအပဒါနအဋ္ဌကထာနှင့် အဋ္ဌကထာဆရာ၏ဂုဏ်ရည်ကို ထုတ်ဖော် ချီးကျူးရန် ကြံရွယ်မိသော်လည်း ယောမင်းကြီးဦးဖိုးလှိုင်၏ အလင်္ကာနိဿယကို ချီးကျူးမိသောကျေးတောသားကို အမှတ်ရသဖြင့် လက်ရှောင်လိုက်ရပေသည်။

■ အရှင်ဉာနေသာ (ဗာရာဏသီ)

......................................................

## ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး

## ရေးစပ်တော်မူသော

## နိဗ္ဗိန္ဒတေးထပ်

♠ နှစ်မပါ ဗလာသုံး၊
အကာဖြုန်း စင်စင်၊
မသာတုံး ပြင်ပြင်၊
ထင်မြင်ဖွယ် မှန်စွ။
အနတ္တ ဤရုပ်ကောင်ငယ်၊
ညှီပုပ်ဟောင် ဆိုးညစ်တန်လှ။ ။

♠ ခြောက်ဝတ္ထု အသားဆိုင်မှာ၊
အများပိုင်ခိုကြ။
နာမ်ဝိညာဏ် ထိုမျှက၊
အိုဇရာဖြစ်ပုံ။
ထောင့်ငါးရာ ညစ်အကြေးတွေက၊
ရစ်အမြေး လွှမ်းအုပ်လို့ခြုံ။ ။

♠ စိုးမရ တရားစုံကို၊
ဖယားပုံ တင်ဖွဲ့လို့၊
မြင်တဲ့အောင် မတွယ်တာ၊
ခဲသင့်လှပါ။
ရှင်သေမင်းက အတင်းလာလျှင်၊
မငြင်းသာ ပါရချေလိမ့်လေး။ ။



# နတ်တို့ကို ယုံကြည်ကိုးကွယ်ပူဇော်ခြင်း

ဦးဥဇ္ဇောတ



**ဘာ**သာရေး အယူဝါဒကို လက်ခံကြ သူတိုင်းသည် မိမိတို့ဆိုင်ရာ ဘာသာအယူဝါဒ အပေါ်၌ ယုံကြည်မှုရှိ၍ ကိုးကွယ်ကြသည်။ မိမိတို့ဘာသာ ဓလေ့အတိုင်း ပူဇော်ကြသည်။ ရှိခိုး(အရိုအသေပြု) ကြသည်။ ဘာသာအယူဝါဒ တစ်ခု ကို ယုံကြည်မှုသည် တစ်စုံတစ်ယောက်က "ယုံကြည်ပါ" ဟုတိုက်တွန်း၍ မဖြစ်။မိမိကိုယ်ပိုင် အသိဖြင့် ဖြစ်ပေါ်လာသော သဘောမျှသာဖြစ်သည်။ ဘာသာအယူဝါဒ တစ်ခုခုကို လက်ခံယုံကြည်မှု ရှိလာလျှင် ယင်းဘာသာ အယူဝါဒကို ကိုးကွယ်မှုပြုလာကြသည်။ ယုံကြည်မှုနှင့် ကိုးကွယ်မှု နှစ်မျိုးတို့တွင် ယုံကြည်မှုသည် အခြေခံ ဖြစ်သည်။ ယုံကြည်မှု အခြေခံမရှိသော ကိုးကွယ်ခြင်းသည် လေးနက်မှုမရှိ၊ မခိုင်မြဲနိုင်ပေ။

လူသားအစဉ်အဆက်တို့သည် အချိန်ကာလကို မတွက်ဆနိုင်သော ရှေးအခါကပင် နေကိုကိုးကွယ်မှု၊ လကိုကိုးကွယ်မှု၊ သစ်ပင်ကို ကိုးကွယ်မှု၊ မြစ်ကိုကိုးကွယ်မှု စသည်ဖြင့် ကိုးကွယ်မှု အမျိုးမျိုး ရှိခဲ့ကြသည်။ ကမ္ဘာဦးအခါက လူသားများ၏ ခန္ဓာကိုယ်

သည် အရောင်အဆင်း ထွန်းလင်း တောက်ပကြသော် လည်း လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ် များ အားကြီးလာသောအခါ ခန္ဓာကိုယ်မှ အရောင် အလင်းများ ကွယ်ပျောက်ကုန်ကြသည်။ အမောင်ထု အထိဖြစ်သွား၍ ကြောက်ရွံ့ ထိတ်လန့်မှုများ ဖြစ်ကုန် ၏။ ထိုအချိန်၌ အရှေ့ဥဒိတောင်စွန်းမှ နေဝန်းကြီး ထွက်ပေါ်လာ၍ အလင်းရောင်များ ရရှိလာသဖြင့် ကြောက်စိတ်များ ပြေပျောက်ကာ ရဲရင့်သောစိတ်များ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် နေ'ကို' သူရိယ" ဟု အမည်ပေးခဲ့ကြသည်။ သူရိယခေါ် နေမင်းကြီးသည် လူတို့၏ ကြောက်စိတ်ကို ဖယ်ရှားနိုင်သည်ဟု ယုံကြည် ကြသည်။အမှောင်ကိုကြောက်သည့် အတွက် သူရိယ ခေါ်နေမင်းကြီးကို အားကိုးအားထား ပြုကြသည် အမှောင်ထု အန္တရာယ်မှ ကင်းဝေးစေရန် နေမင်းကို ပူဇော်ခြင်းဖြင့် အကွယ်အကာပြုကြသည်။ နေကို ကိုးကွယ်လာကြသည်။ ဤသို့ဖြင့် လူသားတို့သည် အန္တရာယ် တစ်စုံတစ်ခု ကြုံတိုင်း ကိုးကွယ်ရာတစ်ခုကို ကိုးကွယ်ခြင်းဖြင့် ကိုးကွယ်ရာများစွာ ဖြစ်ပေါ်လာ တော့သည်။

လူသားတို့အတွက် ကိုကွယ်ရာ များစွာရှိ လာကြသည့် အထဲတွင် နတ်တို့ကို ကိုးကွယ်မှု လည်း တစ်ခုအပါဝင် ဖြစ်သည်။ လောက၌ နတ်တို့မယုံကြည် သူ များစွာရှိလေသည်။နတ်ကို မယုံကြည်သူများသည် မိရိုးဖလာ ကိုးကွယ်ခဲ့ကြသော နတ်များကိုပင် ကိုးကွယ် ပူဇော်ခြင်း မပြုကြပေ။ မိမိတို့ကုသိုလ်ကံနိမ့်၍ ဘေး ဒုက္ခကြုံလာမှ ကိုယ်တွေ့ယုံကြည်လာသော လူအများ လည်း များစွာရှိသည်။ ထိုနတ်တို့သည် (၃၁)ဘုံ သားအပါအဝင် သတ္တဝါတစ်မျိုးဖြစ်၍ ရှေးကုသိုလ် ကံကြောင့် ဖြစ်သောတန်ခိုး အစွမ်းသတ္တိ(ကမ္မဇိဒ္ဓိ) ရှိကြ သူများဖြစ်သည်။

နတ်တို့သည်မိမိတို့ကို ကိုးကွယ်ပူဇော်သူများ ကို ချစ်ခင်မြတ်နိုး၍ ပစ်ပယ်စော်ကားသူများကို အန္တရာယ်ပြုတတ်ကြသည်။ ထို့ကြောင့် လူသားတို့ သည် ကျန်းမာရေး စီးပွားရေးစသည် အဆင်ပြေ အောင်မြင်စေရန် နတ်အမျိုးမျိုးကို အားကိုးအား ထားပြုကြသည်။ မိမိအပေါ် အန္တရာယ်အမျိုးမျိုး မကျ ရောက်အောင် နတ်တို့ကို ပူဇော်ခြင်းဖြင့် အကွယ် အကာပြုကြသည်။ နတ်တို့ကိုပူဇော်ခြင်းနှင့် ပတ်သက် ၍ ဘုရားရှင်သည် အင်္ဂုတ္တရနိကာယ်ပဉ္စကနိပါတ်၌ ဗလိ ငါးမျိုးကို ဟောတော်မူရာဒေဝတာဗလိ-နတ်တို့ အတွက် ပြုရမည့် ပူဇော်ပေးကမ်းဖွယ်ကိုထည့်၍ ဟော တော်မူခဲ့သည်။

ဝိနည်း-မဟာဝါ၊ အင်္ဂုတ္တိုရ်၊ မဟာပရိ နိဗ္ဗာနသုတ်, ရတနသုတ် စသည်တို့၌နတ် ပူဇော်ခြင်း သည်လူသားတို့အတွက် စီးပွါးဥစ္စာ တိုးတက်ခြင်း အကြောင်းဖြစ်သည်ဟု ဟောတော်မူခဲ့သည်။ သံဃာ တော်များ ပရိတ် ပဋ္ဌာန်းစသော တရားဒေသနာများ ရွတ်ပွားတော်မူကြရာ၌လည်း တရားနာယူရန် နတ်များ ကို ဖိတ်ကြသည်၊သာသနာတော်မြတ်နှင့် လူအပေါင်း တို့အား စောင့်ရှောက်ရန် တိုက်တွန်းထားပုံကို ရတန သုတ် စသည်တို့၌ တွေ့ရသည်။

နတ်များကို ကိုးကွယ်ပူဇော်ခြင်းဖြင့် နတ်တို့၏ ကူညီစောင့်ရှောက်မှုကြောင့် စီးပွားဥစ္စာ တိုးတက်ခြင်း စသော အကျိုးတရားများ ရကောင်းရနိုင်ပါသည်။ ကိုးကွယ်ပူဇော်မှု မပြုကာမျှဖြင့် ဆုတ်ယုတ်မှုမရ။ နတ်တို့ကို စော်ကား၍ မရိုမသေ ပြုမှုကြောင့် စီးပွား ကျန်းမာရေးစသည် ဆုတ်ယုတ်ပျက်ပြားမှု ကြုံတွေ့ ကြရသည်မှာ များစွာရှိပေသည်။ ဤအဖြစ်မျိုး စာရေး သူနှင့်ရင်းနှီး ကျွမ်းဝင်သူများထဲမှ နှစ်ဦးကို သိသာ ထင်ရှားစွာ မြင်တွေ့ခဲ့ရဖူးလေသည်။

## ဘုရားရှင်အလိုကျ နတ်ပူဇော်နည်း

နတ်တို့ကို ကိုးကွယ်ပူဇော်ခြင်းကြောင့် စီးပွါး ဥစ္စာ တိုးတက်ခြင်းစသော ကောင်းကျိုး ရရှိနိုင်သည် ဆိုသော်လည်း "ဤနတ်တို့သည်သာလျှင် ငါတို့၏ ကိုးကွယ်ရာ အစစ်အမှန်ဖြစ်သည်"ဟု စွဲလမ်းစွာ ကိုးကွယ် ဆည်းကပ် ရှိခိုးကန်တော့ ရမည်ဟု မဆိုလိုပေ။ ကုသိုလ်ကောင်းမှုတစ်ခုခု ပြုလုပ်ပြီးတိုင်း မိမိတို့ပြုလုပ်သော ကုသိုလ် ကောင်းမှုကို နတ်တို့အား အမျှပေးဝေရမည်။ နတ်တို့အတွက် အစားအစာ

အာဟာရ (ဗလိနတ်စာ)ကိုနတ်ကွန်းစသည်၌ ရိုသေစွာ ပေးကမ်းခြင်းဖြင့် နတ်တို့ကိုပူဇော်ရမည်။ ယင်းကဲ့သို့ ဗလိနတ်စာ ကောင်းမွန်ရိုသေစွာ ပေးကမ်းပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှု အမျှပေးဝေခြင်း ပြုသည့်အတွက် နတ်တို့ကလည်း လူတို့ကို ရင်နှစ်သည်းချာ သားပမာ ကဲ့သို့ ပြန်လည်၍ မေတ္တာသက်ဝင်ချစ်ခင်ကြကာ စောင့်ရှောက်ခြင်းဖြင့် လူသားတို့ လုပ်ဆောင်သည့် အရာဌာနတို့၌ ကောင်းမြတ် မှန်ကန်သော အကြား အမြင် အကြံအစည်များ ဖြစ်ပေါ်စေနိုင်သည်ဟု ဝိနည်း မဟာဝါဘေသဇ္ဇက္ခန္ဓက၌ ဘုရားရှင်ဟောတော် မူခဲ့လေသည်။

## နတ်တို့ကို ရှိခိုးရန် သင့်-မသင့်

ရှိခိုးဟူသောဝေါဟာရကို မြန်မာ အဘိဓာန် ကျမ်း၌ "လက်အုပ်ချီ၍ ဦးချသည်"ဟု ဖွင့်ဆို ထားသည်။ တစ်ဖက်သား၏ရှေ့၌ မိမိကိုယ်ကို နှိမ့်ချအရိုအသေပေးခြင်း (နိဝါတ မင်္ဂလာ) သဘော ဖြစ်သည်။ ယင်းကဲ့သော ရှိခိုးဦးချ ကန်တော့ခြင်းကို ဗုဒ္ဓဘာသာဝင်များသည် အသက်ငယ်ရွယ်သူတို့က အသက်ကြီးသူတို့အား ဝယဝုဒ္ဓိ အနေအားဖြင့် လည်းကောင်း၊ သီလစသည် ဂုဏ်သိက္ခာငယ်သူက သီလစသည် ဂုဏ်သိက္ခာကြီးသူတို့အား ဂုဏဝုဒ္ဓိ အနေ ဖြင့်လည်းကောင်း ပြုလေ့ ရှိကြသည်။

ဘုရားအလောင်းတော်သည် သဗ္ဗညုတ ဘုရား စင်စစ်ဖြစ်ဖို့ရန် လူ၏အဖြစ်၊လူ့ဘဝကို ရွေးဦး စွာရယူခဲ့ရသည်၊ လူသားဖြစ်မှသာ ဘုရားရှင်စင်စစ် ဖြစ်နိုင်သည်။ ဒုလ္လဘတရား ငါးပါးတွင် အပါအဝင် ဖြစ်သော လူသားအဖြစ်ကို ရရှိထားသူများအနေဖြင့် နတ်ကိုကို ရှိခိုးဦးချခြင်း ပြုသင့် မပြုသင့် စဉ်းစား ချိန်ဆ သင့်ပေသည်။ သိကြားမင်းသည် ဝေဇယန္တာ ပြာသာဒ်မှထွက်၍ အရပ်ရှစ်မျက်နှာ လှည့်လည်ရှိခိုး နေသည်ကို မာတလိနတ်သား တွေမြင်၍ "ဗေဒင်တတ် ကျွမ်းသော ပုဏ္ဏားမင်း နှင့်တကွမြေ၌တည် နေသူများ သည်လည်းကောင်း၊ နက်မင်းကြီးလေးပါး အခြံအရံ နှင့်ကကွသော တာဝတိံသာ နတ်တို့ သည်လည်း ကောင်း သင်သိကြားမင်းကို ရှိခိုးကြပါကုန်လျက် အရှင်သိကြားမင်းသည်၊ အဘယ်သူကို ရှိခိုးနေပါသ နည်း" ဟုမေးလျှောက်လေသည်။ ထိုအခါ သိကြားမင်းက "ငါသိကြားမင်းသည် သီလ သမာဓိ နှင့် ပြည့်စုံတော်မူကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန် သော ရဟန်းတို့ကို ကောင်းစွာရှိခိုး၏။ မာတလိ- အိမ်ရာတည်ထောင် လူ့ဘောင်၌ နေ၍ ကုသိုလ် ကောင်းမှုကို ပြုသောသူ၊ ငါးပါးသီလ၊ ဆယ်ပါးသီလ စောင့်ထိန်းသူ ရတနာသုံးပါးကို ကိုးကွယ်ဆည်း ကပ်သောသူ၊ ကုန်သွယ် လယ်လုပ်စသည် တရား သဖြင့် သားမယားကို ကျွေးမွေးစောင့်ရှောက် သူတို့ကို ငါးသိကြားမင်း ရှိခိုး၏"ဟု ဖြေခဲ့လေသည်။ သိကြားမင်း ၏အဖြေကို ထောက်၍



၁။ ဒါနစသော ကုသိုလ်ကောင်းမှုပြုသူ။
၂။ ငါးပါးသီလ၊ ရှစ်ပါး, ဆယ်ပါးသီလ စောင့် ထိန်းသူ။
၃။ သရဏဂုံ တည်ရှိသူ။
၄။ တရားတော်နှင့်အညီ အသက်မွေး ဝမ်း ကျောင်းသူ။

ဤပုဂ္ဂိုလ်လေးမျိုးတို့ကို (နတ်လူ အပေါင်းတို့က ဦးညွှတ်ရှိခိုးရသော) သိကြားမင်းက ရှိခိုး သည်ဟု သိရသည်။ လူတို့ ကိုးကွယ် နေကြသော နတ်များသည် စတုမဟာရာဇ် အောက်တန်းဆင့် နတ်များဖြစ်ကြသည်။ထိုကြောင့် သိကြားမင်း၏ အလုပ်အကျွေး ဖြစ်သော မာတလိစသော အထက်တန်းစားနတ်တို့၏ အဆင့်မျှမရှိ နတ်များကို ကိုးကွယ်ပူဇော်မှု ပြုကြသော သူတို့သည် မိမိတို့၌ သရဏဂုံနှင့် ငါးပါး သီလ ရှစ်ပါးသီလ တည်မြဲမှုရှိမရှိကို ဦးစွာဆင်ခြင် သုံးသပ်သင့် ပေသည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဘဝတစ်ခု၌ သရဏဂုံ တစ်ကြိမ် ဆောက်တည်ထားပြီး ပါက--

၁။ အယူဝါဒ တစ်ပါးသို့ကူးပြောင်းခြင်း၊

၂။ လက်ရှိဘဝမှ စုတေသေလွန်ခြင်း-မရှိသေးပါက သရဏဂုံသည် ပျက်ပြယ်သည်မရှိ၊ တည်မြဲ တည်နေသည်သာဖြစ်သည်။ ငါးပါး ရှစ်ပါး



စသော သီလများကား တစ်ကြိမ်ခံယူ ဆောက်တည်ထားကာမျှဖြင့် အစဉ်တည်ရှိနေသည် မဟုတ်၊ ခံယူဆောက်တည်ပြီးသော ခဏ၌ပင် လွန်ကျူးမှုရှိခဲ့ပါက သီလပျက်စီးတော့သည်။ ထိုသို့ ပျက်စီးရာ၌ သိက္ခာပုဒ် တစ်ခုချင်း ရွတ်ဆို ဆောက်တည်ထားပါက အပြစ်တစ်ခုကို လွန်ကျူးလျှင် ထိုအပြစ်ဆိုင်ရာ သီလ သိက္ခာပုဒ် တစ်ခုသာ ပျက်စီးသည်။ ကျန်သော သီလ သိက္ခာများသည် တည်မြဲတည်နေသည်။ ငါးပါး ရှစ်ပါး စသော သိက္ခာပုဒ်များကို တစ်ခုတည်းပေါင်း၍ "ပဉ္စသီလံ သမာဒိယာမိ၊ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ သမာဒိယာမိ" စသည်ရွတ်ဆို ဆောက်တည်ထား လျှင် သိက္ခာပုဒ်တစ်ခု လွန်ကျူးကာမျှဖြင့် ကျန်သောသီလ သိက္ခာများပါ ပျက်စီးတော့သည်။

သရဏဂုံနှင့် ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ စသည်ကို ဆောက်တည်ခံယူ၍ လုံခြုံစွာ စောင့်ထိန်းနေသော လူဝတ်ကြောင်များ, သီတင်းသည်များနှင့် သီလရှင်ဆရာလေးများသည် နတ်တို့ကို ရှိခိုးကန်တော့ရန် မသင့်ပါ။ မိမိ၏သရဏဂုံ သုံးပါးနှင့် ငါးပါးသီလမျှမမြဲလျှင် နတ်တို့ကို ရှိခိုးကန်တော့ ပူဇော်သင့်ပေသည်။ မိမိ သရဏဂုံသုံးပါးနှင့် ငါးပါးသီလများ မမြဲပါဘဲလျှင် မြဲ၏ဟုအထင်ကြီး၍ နတ်တို့ကို ကိုးကွယ်ခြင်း၊ ရှိခိုးပူဇော်ခြင်းများ မပြုကြသူများလည်းရှိကြသည်။ ထိုသို့ မပြုကာမျှဖြင့် အပြစ်မရှိ၊ တစ်စုံတစ်ခု ပြစ်မှားစော်ကားမှုပါလာလျှင် ထိုပုဂ္ဂိုလ် ကုသိုလ်ကံ နိမ့်လာသောအခါ အဆင့်နိမ့်သော နတ်တို့၏ အမျက်ဒေါသဖြင့် မကောင်းကျိုးများခံရတတ်လေသည်။

လောက၌ ကိုးကွယ်ရာ အမျိုးမျိုးရှိကြသည်တွင် နတ်တို့ကို ယုံကြည်ကိုးကွယ် ပူဇော်ရှိခိုးသော သူတို့သည် မိမိ၏ အဆင့်အတန်း (သီလရှင် ဆရာလေးများကို ရည်ရွယ်သည်)မိမိ တို့၏ သရဏဂုံ သီလစသော ဂုဏ်သိက္ခာ အခြေအနေတို့ကို ဆင်ခြင် သုံးသပ်လျှင် ပစ္စုပ္ပန်ဘဝ တစ်ခုကောင်းစားရေးအတွက် နတ်တို့ကို မည်သို့ မည်ပုံကိုးကွယ်ပူဇော်ရမည်ကို အမှန်ဆုံးဖြတ်တတ်ရန် ကောင်းစွာလိုအပ်လှပေသည်။ ။

**မှတ်ချက်** ဤဆောင်းပါးဖြင့် နတ် တို့ကို ကိုးကွယ်ရန်တိုက်တွန်းခြင်းမဟုတ်၊ သီလ ရှင်ဆရာလေးအချို့ ရုက္ခစိုးနတ်အား ရှိခိုးကြ သည်ကို ရံခါတွေ့မြင်နေရ၍ ဓမ္မသကသီလရှင် စာသင်တိုက် နှစ်တစ်ရာပြည့် မဂ္ဂဇင်းအတွက် ဤဆောင်းပါးကို ရေးသားလိုက်ပါသည်။

ဦးဥဇ္ဇောတ
မဟာလယ်တီ

# ပန်းစကား

## အရှင်ဣန္ဒာစရိယာလင်္ကာရ
## (သရဏဂုံ)




**ဖူးငုံပွင့်နွမ်း ပန်းစကားတဲ့**

ထိန်ထိန်သာသော ညအလှကို လျှပ်စစ်မီး ပန်းများက ဖန်ဆင်းသည်မဟုတ်ဘဲ အေးမြကြည်လင်သော ဝင်းထိန်သာသည့် လပြည့်ဝန်းကသာ ဖန်ဆင်းတည်ဆောက်ထားပေသည်။ ထိုညက လပြည့်ညဖြစ်သဖြင့် လမင်းကြီးသည် ဝင်းထိန်ရုံတင်မက နှင်းဆီပန်းရနံ့သည်လည်း ရင်ထဲသို့ တိုးဝင်ဝင်ရောက်လာကြသည်။

ရှူရှိုက်လိုက်ရသောလေပြည် မွှေးကြိုင်နေသောနှင်းဆီပန်းရနံ့များကို ခံစားလိုက်ရသည်နှင့်ထပ်တူ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဂူထဘာဏီသုတ်တော်ကို အမှတ်ရမိပါသည်။

ထိုသုတ်တော်တွင် မြတ်စွာဘုရားရှင်က အောက်ပါပုဂ္ဂိုလ်သုံးမျိုးကို ဟောကြားတော်မူသည်။

၁။ မစင်ကဲ့သို့ အနံ့ဆိုးသော စကားကို ဆိုသောသူ။

၂။ ပန်းကဲ့သို့ မွှေးကြိုင်သော စကားကို ဆိုသောသူ။

၃။ ပျားရည်ကဲ့သို့ ချိုသာသော စကားကို ဆိုသောသူဟူ၍ ဖြစ်သည်။

* မစင်ကဲ့သို့ စကားကို ဆိုသောသူဟူသည် အစည်းအဝေး ပရိသတ် အလယ်သို့ ရောက်သောအခါတွင် မသိသောအရာကို သိသည်ဟုလည်းကောင်း, သိသောအရာကို မသိဟူ၍လည်းကောင်း, မမြင်သောအရာကို မြင်သည်ဟုလည်းကောင်း, မြင်သောအရာကို မမြင်ဘူးဟူ၍လည်းကောင်း မိမိအတွက်ဖြစ်စေ သူတစ်ပါးအတွက်ဖြစ်စေ အာမိသလာဘ်ကြောင့်ဖြစ်စေ လိမ်ညာစကား မုသားပြောဆိုသူဖြစ်သည်။

* ပန်းကဲ့သို့သောစကားကို ဆိုသောသူဟူသည် ပရိသတ်အလယ်သို့ ရောက်သောအခါတွင် အမှန်ကို အမှန်အတိုင်း, အမှားကို အမှားအတိုင်း ပြောဆိုသောသူဖြစ်သည်။

* ပျားရည်ကဲ့သို့သောစကားကို ဆိုသောသူဟူသည် ကြမ်းတမ်းခက်ထန်သည့် စကားများကို ရှောင်ကြဉ်လျက် နားဝင်ချိုသာ အေးမြသောစကားကို ဆိုသောသူဖြစ်သည်။

စာရေးသူတို့ နေထိုင် ကျက်စားနေသော လောကကြီးသည် လူအမျိုးမျိုး စရိုက်အဖုံဖုံတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်သဖြင့် အဘယ်ကဲ့သို့သော စကားမျိုးကို စာရေးသူတို့ ပြောဆိုနေကြပါသနည်း မစင်ကဲ့သို့လော, ပန်းကဲ့သို့လော, ပျားရည်ကဲ့သို့လော မိမိကိုယ်တိုင် စစ်ဆေးဆုံးဖြတ်တိုင်းတာရမည်သာ ဖြစ်ပါသည်။

စာရေးသူတို့နေထိုင်ကျက်စားနေသော ပတ်ဝန်းကျင်တွင်လည်း အဘယ်ကဲ့သို့သောစကားများကို ပြောဆိုနေသူတို့ ပေါများနေပါသနည်းစဉ်းစား အဖြေရှာကြစေချင်ပါသည်။

မစင်ကဲ့သို့ အနံ့ဆိုးသောစကားကို ဆိုမိပြောမိလျှင်တော့ဖြင့် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ မစင်ရနံ့များသာ ပေကျံနေပေလိမ့်မည်၊ မစင်ရနံ့များပေကျံနေသော မိမိတို့ခန္ဓာကိုယ်တွင်လည်း မစင်ကြိုက်သော ယင်ကောင်လို ပုဂ္ဂိုလ်များသာ ဝိုင်းရံနေမည်မှာ သေချာပါ၏။

ပန်းကဲ့သို့သော မွှေးကြိုင်သည့် စကားများကို ပြောဆိုသူသည်သာလျှင် လောကကြီးတွင် တင့်တယ်လန်းဆန်း မွှေးရနံ့များ သင်းပျံ့နေပေလိမ့်မည်၊ မွှေးရနံ့များဖြင့် ထုံကြိုင်နေသော သူသို့သာ ပန်းဝတ်ရည်စုတ်သည့် ပျားပိတုံးများ ဝိုင်းရံမည်သာဖြစ်၏။

အဖွဲ့အစည်းများသည်-----

၁။ ယင်ကောင်နှင့်တူသော အဖွဲ့အစည်း။

၂။ ပျားကောင်နှင့်တူသော အဖွဲ့အစည်းဟူ၍ နှစ်မျိုးရှိပါသည်၊

ယင်ကောင်များသည် အတ္တကြီးမား၍ မိမိအတွက်သာ ကြည့်တတ်သည် အများကောင်းစားရေးကို မရှေ့ရှု ဦးတည်ချက်ပန်းတိုင်မရှိ စည်းစနစ်မရှိဘဲ အပုပ် ရနံ့ရှိရာကိုသာ ရှာမှီးလေ့ရှိ၏၊ ပျားကောင်များကား ထိုသို့မဟုတ်၊ မိမိတစ်ကောင်တည်းအတွက်မကြည့်ဘဲ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို ရှာဖွေတည်ဆောက်သည် ဆေးဖက်ဝင်၍ ချိုမြိန်သော ပျားရည်ကို ဆောင်ကြဉ်းပေးသည်။ ပန်းတကာတို့၏ ပန်းဝတ်ရည်များကိုသာ စုတ်ယူလေ့ရှိကြသည်။

ထိုကြောင့် အဖွဲ့အစည်း တည်ဆောက်ရာတွင် ပျားကောင်သဖွယ် အချင်းချင်းကူညီရိုင်းပင်းကာ ညီညီညွတ်ညွတ်ဖြင့် မေတ္တာတရားရှေ့ထားလျက် ဖွဲ့စည်းတည်ဆောက်မှသာလျှင် အမွှန်ရှည်တည်တံ့ခိုင်မြဲနိုင်ကြပါသည်။

မြတ်စွာဘုရားရှင်တော်မြတ်သည် သာသနာတော်သုံးရပ်ကို တည်ဆောက်ဖွဲ့စည်းခဲ့ပါ၏။

ထိုသို့ ဖွဲ့စည်းတည်ဆောက်ခဲ့ရာတွင် အသက်သွေးပေး ဆပ်ခြင်းဖြင့်လည်းကောင်း, သား မယား စွန့်ခြင်းဖြင့်လည်းကောင်း နှစ်အသခေျ် များစွာ ပေးဆပ်လျက် တည်ဆောက် ခဲ့ရပါသည်။

ရေကန်တည်ဆောက်ကြရာ၌ ကန်ဘောင် ခိုင်ခံ့ဖို့လိုသည်၊ ဒါကိုပင်လျှင် ပရိယတ္တိဟု ဆိုရ၏၊ ကန်ဘောင် ခိုင်ခံ့ပြီးမှ ရေတည်နိုင်သည်။ ဒါသည်ပင် ပဋိပတ္တိဟုဆိုရ၏။ ထို့နောက်တွင် ကြာပန်းများသည် ဆုတောင်းနေစရာမလိုဘဲ အလိုလို ပေါက်ရောက်လာကြမည်သာဖြစ်သည်။ ဒါသည်ပင် ပဋိဝေဓ ဖြစ်ပါသည်။

ရေကန်ထဲတွင် ရေတည်နိုင်ခြင်းသည် ကန်ဘောင် ခိုင်ခံ့ခြင်းကြောင့်ဖြစ်သည်။ သို့သော် ကန်ဘောင် ခိုင်ခံ့နေသော်လည်း ရေမရှိပြန်လျှင် ကြာပန်းများ ပွင့်လန်းနိုင်မည် မဟုတ်သဖြင့် ကန်ဘောင်ခိုင်ခံ့ရေးနှင့် ရေတည်တံ့ရေးတို့သည် ကြာပန်းများပွင့်ရန်အတွက် အချင်းချင်း မှီခိုနေရသည်မဟုတ်လော? ထိုကြောင့် ပဋိပတ္တိသည် ပရိယတ္တိရှိမှ တင့်တယ်ထည်ဝါမည် ဖြစ်သကဲ့သို့ ပဋိပတ္တိမပါသော ပရိယတ္တိသည်လည်း အဖုံးမရှိသည့် ရေအိုးကဲ့သို့ မစင်အမှိုက်များ ကျရောက်မည်သာဖြစ်ပါသည်။

ယခုခေတ်ပရိယတ္တိပညာရေး တစ်ရပ်တွင် ရဟန်းသာမဏေများသာမက သီလရှင်များပါ တာဝန်ထမ်းဆောင်နေကြသဖြင့် သာသနာတော်အတွက် အားတက်ဖွယ်ရာဖြစ်ပါသည်။ မင်းကွန်းတိပိဋကဆရာတော်ဘုရာကြီး၏ ရဟန်းမယ်တော်ကြီးသည် သစ္စဝါဒီဋီကာကျမ်းကြီးကို ပြုစုခြင်းဖြင့် သီလရှင်သမိုင်း၌ မှတ်တိုင်တစ်ခု တည်ဆောက်သွားခဲ့ပါသည်။

မြန်မာနိုင်ငံတွင်သာမက နီပေါသူ ဆရာလေး ဂဏေသကုမာရီသည်လည်း နီပေါနိုင်ငံမှ စွံန့်စွန့်စားစားထွက်ခွါခဲ့၍ မော်လမြိုင် သီလရှင်စာသင်တိုက်၌ ပရိယတ္တိစာပေသင်ကြားကာ ဓမ္မာစရိယဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့ပါသည်။ အားတက်အတုယူဖွယ်ပါပေ။

ပရိယတ္တိပညာရေးတွင်သာမကဘဲ သာသနာ့ရိပ်သာကြီးများ တည်ထောင်လျက် ဝိပဿနာတရားတော်များ ပြသဟောကြား နေသည့် သီလရှင်ဆရာလေးများလည်းရှိပါသည်။ သာသနာတော်အတွက် အားတက်ဖွယ်ရာဖြစ်ပါသည်။

သို့သော် ဒီနေရာတွင် သီလရှင်ဆရာလေးများအား တိုက်တွန်းဖွယ်တစ်ခု ပြုချင်ပါသေးသည်၊ ထိုသို့ ပရိယတ္တိ၊ ပဋိပတ္တိတွင်ထွန်းပေါက် အောင်မြင်နေကြသော်လည်း ကျောင်းသား ကျောင်းသူများအား အတန်းကျောင်းပညာသင်ပေးသည့် သီလရှင်များမှာ အင်မတန်ရှားပါးနေသည်ဟု ထင်မြင်ယူဆမိပါသည်။

ထို့ကြောင့် သီလရှင်ဆရာလေးတို့သည် ခေတ်နှင့်လျော်ညီစွာ ပညာရေးဘွဲ့ရသူများ ဖြစ်ကြသဖြင့် ကျောင်းသား ကျောင်းသူများအား အတတ်ပညာ သင်ပေးခြင်းဖြင့်လည်းကောင်း၊ "မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း"ကဲ့သို့ လူသားများ၏ ကျန်းမာရေးကို ဆေးကုသပေးခြင်းဖြင့်လည်းကောင်း ကြာပန်းအလှသည် ရေကန်ထဲတွင် အလှဆင်ရန် ဖြစ်သကဲ့သို့ ဘဝအလှ သာသနာအလှကို တန်ဆာဆင်ပေးကြရန် တိုက်တွန်းချင်ပါ၏။

"ပန်းသတင်း လေညှင်းဆောင်"ဟု ဆိုကြသကဲ့သို့ လေပြည်လေညှင်းများမှ သယ်ယူလာသော နှင်းဆီပန်း ရနံ့များကို ရှူရှိုက်ရင်း လပြည့်ဝန်းဖြင့် ညအလှကို ခံစားရခြင်းသည် သာယာလှပသော ညချမ်း ဖြစ်ပါသည်။

သာနေသောလပြည့်ည ရှူရှိုက်လိုက်ရ

သော လေပြည်ညင်း မွှေးကြိုင်သင်းပျံ့နေသော နှင်းဆီပန်းရနံ့များသည် တစ်ညတာ၏ အလှများကို တဒင်္ဂခဏသာ ဖန်တီးနေသည်လားမသိပါပေ။

ရှူရှိုက်လိုက်ရသော လေပြေညှင်းနဲ့ထပ်တူ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ပန်းစကားများကို စာရေးသူတို့ ပြောဆိုကြမှသာလျှင် စာရေးသူတို့သည် မွှေးကြိုင်လန်းဆန်းကြမည်မှာ သေချာပါသည်ဟုလည်း တွေးဆနေမိသေး သည်။

ခမွေသကသီလရှင်စာသင်တိုက်သည်လည်း ပန်းစကားများပြောဆိုကြလျက် ပန်းအလှများ ပွင့်လမ်းနေဆဲဖြစ်ပြီး ပန်းရနံ့များ မွှေးကြိုင်ပျံ့သင်းနေဆဲဖြစ်ပါသည်။ ထိုကဲ့သို့သော ပန်းရနံ့များကို ဆက်လက်၍ ပန်းစကားများ ပြောဆိုကြခြင်းဖြင့်သာ မွှေးကြိုင်လန်းဆန်း သင်းပျံ့နိုင်ပါစေဟု ညအလှနဲ့ထပ်တူ တောင်းဆုချွေလိုက်ရပါသည်။

အရှင်ကုဏ္ဍလာစရိယာလင်္ကာရ
(သရဏာဂုံ)

-----------------------

**ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး**
**ရေးစပ်တော်မူသော**
**နိဗ္ဗာန်ဒွေတေးထပ်**

➢ ကိုယ်ခန္ဓာ ကောင်ရုပ်က၊
ဟောင်ပုပ်ပုပ် နံညှီ၊
ကိုးဒွါရ ပြွန်နဒီမှာ၊
ရွံစလီပါပဲ။
ဤကာယ ရုပ်အရှင်ကို၊
အဟုတ်ပင် မှတ်ကြမစဲ။

➢ သုသာန်နှင့် တစပြင်မှာ၊
သူသေသွင် မလွဲ။
ချွေး မျက်ရည် နှပ်ချွဲက၊
ပြတ်မစဲ စီးယို၊
အိုင်းအနာ နူအရွဲငယ်နှင့်၊
တူတူပဲ မှတ်ကြကိုယ့်ကိုယ်။

➢ များတစ်စု လူဗိုလ်မှာ၊
အဟုတ်လို ထင်စွဲလို့၊
စက်ဝဲသံသရာ၊
မွန်းနစ်ကြရှာ။
ကမ်းတစ်ဖက် ခေမာကို၊
ရောက်နိုင်ပါပြီဘူးကွဲ့လေး။

# အသာဆုံးအလှူ



## အရှင်တိလောကာဘိဝံသ (အင်းစိန်)

**အသာဆုံး အလှူ**

ဓမ္မဒါနသည်-ဒါနအားလုံးကို အောင်နိုင်၏။

တရားအရသာသည်--အရသာအားလုံးကို အောင်နိုင်၏။

တရားဖြင့်မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။

တဏှာကုန်ခြင်းသည် ဒုက္ခအားလုံးကို အောင်နိုင်၏။ (ဓမ္မပဒဂါထာ-၃၅၄)

ဤဖော်ပြပါဒေသနာ၌

**ဓမ္မဒါနသည် ဒါနအားလုံးကို အောင်နိုင်၏** ဟူသောစကားကို စာရေးသူ ဆွေးနွေးတင်ပြလိုပါသည်။

**ဒါနသည် လိုရင်းချုပ်အားဖြင့်**

အာမိသဒါန, ဓမ္မဒါန-ဟု နှစ်မျိုးရှိသည်။

ခန္ဓာရရှိထားသော သတ္တဝါတိုင်း စားရေး, ဝတ်ရေး, နေရေး, ကျန်းမာရေးနှင့် မကင်းနိုင်ကြ၊ စားဝတ် နေရေး ကျန်းမာရေးအတွက် လိုအပ်နေကြသည်။ ရှာကြံနေကြသည်။ဤအရေး ၄-ခုကိုပင် ဆွမ်း သင်္ကန်း ကျောင်း ဆေး-ဟူသော ပစ္စည်း ၄-ပါးအဖြစ် သာသနာ့ဝန်ထမ်းများ အတွက် မြတ်စွာဘုရား ခွင့်ပြုခဲ့သည်။ (ဝိ-၂-၁၃၃)

ထိုတွင်—

၁။ ဆွမ်းပစ္စည်းဖြင့် မျိုသုံးစားသောက်စရာအားလုံးကို ညွှန်ပြသည်။

၂။ သင်္ကန်းပစ္စည်းဖြင့် ဝတ်ရုံဖုံးကာစသည်နှင့်ဆိုင်ရာအားလုံးကို ညွှန်ပြသည်။

၃။ ကျောင်းပစ္စည်းဖြင့် လျောင်း ထိုင် သွား ခိုနာမှုဆိုင်ရာအားလုံးကို ညွှန်ပြသည်။

၄။ ဆေးပစ္စည်းဖြင့် လိမ်းဆေးသောက်ဆေး ရှူဆေးထိုးဆေးစသော ဆေးအားလုံးကို ညွှန်ပြသည်။

ထို့ကြောင့်—

၁။ ဆွမ်းအလှူ, သင်္ကန်းအလှူ, ကျောင်းအလှူ, ဆေးအလှူ-ဟူသော အာမိသအလှူဒါန၊

၂။ တရားဓမ္မကို ဟောပြောခြင်း၊ ပို့ချခြင်း ရေးသားခြင်း စသည်ဖြင့် တရားဆိုင်ရာ ပေးလှူသော ဓမ္မဒါန-ဟူ၍ ၂-မျိုးရှိသည်ဟု ဆိုခဲ့သည်။

**ဓမ္မ**

**ဓမ္မ-ဟူသည်မှာလည်း-**

သတ္တဝါတို့ကို ဒုက္ခမှလွတ်မြောက်အောင် ရွက်ဆောင်ပေးသော မဂ် ၄-ပါး။

မဂ်၏လုပ်ဆောင်ချက်ကို ထပ်မံရွက်ဆောင်ပေးသော မဂ်၏အကျိုး ဖိုလ် ၄-ပါး။

မဂ်ဖိုလ်တို့၏ ဦးတည်ချက် နိဗ္ဗာန် ၁-ပါး။

မဂ် ဖိုလ်လမ်းပြ ပရိယတ် ၁-ပါး။

ဤ ၁၀-ပါးသော တရားတို့ကို ဤ၌ ဓမ္မဟု ယူရမည်။ (ဒီ၊ ဋ၊ ၁၊ ၂၀၅၊ ဋီကာကျော် ၇၂-စသည်။)

**ဓမ္မဒါန**

ဓမ္မကို ပေးလှူဟူရာ၌ ဓမ္မကို ကျင့်သုံးလိုက်နာရန် ဟောပြပေးခြင်း , ညွှန်ပြခြင်း , သင်ပြပေးခြင်း, ပို့ချပေးခြင်း, တိုက်တွန်းပေးခြင်း, အားပေးကူညီခြင်း, သရဏဂုံသီလ ဆောက်တည် စေခြင်း စသည်သည်လည်းကောင်း၊ စာပေရေးသားခြင်း, စာအုပ်စာတမ်း ဖြန့်ဝေခြင်း,လှူဒါန်းခြင်း,အသိပညာပေးခြင်း,သံဝေဂရစေခြင်း စသည် သည်လည်းကောင်း ဓမ္မဒါနများပင်ဖြစ်သည်။

**အာမိသဒါနသည်ပင် မလွယ်ကူ**

မိမိပိုင်ဆိုင်သည့် ပစ္စည်းကို သူတစ်ပါးအား ပေးစွန့်နိုင်ဖို့သည် လွယ်ကူသော အရာမဟုတ်၊ အလွန်ခဲယဉ်းသောအရာ ဖြစ်သည်၊ သူတစ်ပါး ပေးလိုက်လျှင် မိမိမှာ ကုန်ဆုံးသွားတော့သည်၊ ဆုံးရှုံးမှုကို မလိုလားသူကများသည်၊ ထို့ကြောင့် **စွန့်ခြင်းကြီး ၅-ပါး**ကို အလွန်ပြုနိုင်ခဲသော အရာအဖြစ် မှတ်တမ်းတင်ထားခဲ့ကြသည်။

**ဓမ္မဒါနက သာလွန်ကြောင်း**

ပါဠိတော်တို့၌ ဓမ္မဒါနက ဒါနအားလုံးကို သာလွန်၏ဟုသာ ဆိုထားသည်၊ သာလွန်ခြင်း၏ အကြောင်းကို ဖွင့်ဆိုထားချက် သိပ်မတွေ့ရ၊ ဓမ္မပဒ အဋ္ဌကထာ ဒုတိယအုပ်စသည် ဓမ္မဒါနက သာလွန်ကြောင်း အနည်းငယ် တွေ့ရသည်။

ဓမ္မဒါနကသာလွန်ကြောင်းကို စာရေးသူ စဉ်းစားရသလောက် တင်ပြရမည်ဆိုလျှင်--

**ပစ္စည်းအာမိသနှင့် ဓမ္မ ၂-မျိုးတွင် ဓမ္မကသာလွန်ခြင်းမှာ--**

၁။ ပစ္စည်းအာမိသသည် ဥပါဒါန်စက်ကွင်း မလွတ်သည့် ရုပ်ဝတ္ထု လောကီတရားဖြစ်သည်။

၂။ ဓမ္မသည် ဖော်ပြခဲ့ပြီးသည့်အတိုင်း မဂ် ဖိုလ် နိဗ္ဗာန်ဟူသော လောကုတ္တရာတရားနှင့် လောကုတ္တရာလမ်းပြ ပရိယတ်တရားများသာဖြစ်သည်။ ဥပါဒါန် လက်လှမ်းမမီသော အရာ ဖြစ်သည်။ ထို့ကြောင့် ဓမ္မက သာလွန်သည်။

တစ်ဖန် ပစ္စည်းအာမိသဒါနကို မည်သူ မဆို ပေးလှူနိုင်သည်၊ ဓမ္မဒါနကိုကား သာမန် ပုဂ္ဂိုလ်ကို မပေးနိုင်၊ အရည်အချင်းရှိသူသာ ဓမ္မ ကို ပေးလှူနိုင်သည်၊ အလှူပေးပုဂ္ဂိုလ်က သာလွန်သောကြောင့် လည်း ဓမ္မဒါနက သာလွန်မြင့်မြတ်သည်။

ထို့အတူ ပစ္စည်းအာမိသဒါနကို မည်သူ မဆို ခံယူနိုင်သည်၊ ဓမ္မဒါနကိုကား သာမန်ပုဂ္ဂိုလ် မခံယူနိုင်၊ အရည်အချင်း ရှိသူသာ ခံယူနိုင်သည်၊ ကေသရာဇာ ခြင်္သေ့မင်းတို့၏ အဆီအသွေးသည် သိင်္ဂီရွှေခွက်နှင့်သာ

ထိုက်တန်သကဲ့သို့တည်း။ ထိုသို့ အလှူခံပုဂ္ဂိုလ် သာလွန်သောကြောင့်လည်း ဓမ္မဒါနက သာလွန် မြင့်မြတ်သည်။

ကုသိုလ်အဆင့်သည် ဒါန သီလ ဘာဝနာ-ဟု သုံးဆင့်ရှိသည်၊ ဒါနထက် သီလက အဆပေါင်းများစွာ သာလွန်သည်၊ သီလထက် ဘာဝနာက အဆပေါင်းများစွာ သာလွန်သည်၊ ပစ္စည်း အာမိသဒါနသည် ဒါနအဆင့်သာဖြစ်သည်၊ ဓမ္မ ဒါနသည်ကား အမြင့်မြတ်ဆုံး ဘာဝနာ အဆင့်၌ ဝင်သည်၊ ဘာဝနာ၌ အကျုံးဝင်သော ဓမ္မဒေသနာ ပုညကြိယာဝတ္ထုသည် ဓမ္မဒါနပင်ဖြစ်သည်။

မှန်ပါသည်၊ ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ-ဟူသော ပုည ကြိယာဝတ္ထု ၁၀-မျိုးရှိရာတွင်---

၁။ **ဒါန**-ပတ္တိဒါန ပတ္တာနုမောဒန အားဖြင့် ဒါနအုပ်စု ပုညကြိယာ ၃-ပါး၊

၂။ **သီလ**-အပစာယန ဝေယျာဝစ္စ အားဖြင့် သီလအုပ်စု ပုညကြိယာ ၃-ပါး၊

၃။ **ဘာဝနာ**-ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ အားဖြင့် ဘာဝနာအုပ်စု ပုညကြိယာ ၄-ပါး-ဟု အဆင့် ၃-ဆင့် ခွဲခြားလေ့ ရှိကြသည်။

ထို့ကြောင့် ရှေးဆရာများက---

**ဒါန သီလာ ဘာဝနာ၊ သုံးဖြာ စီ၍ခင်း။**

**စ-နှစ် လယ်မှာ၊ လယ် စ မှာ၊ နောက် မှာ နောက်သို့သွင်း။**

(ပရမတ္ထသရူပဘေဒနီ) ဟု မိန့်ဆိုကြသည်။

**အကျိုးလည်း သာလွန်သည်**

ပစ္စည်းအာမိသကြောင့် အလှူခံပုဂ္ဂိုလ်မှာ သုံးစွဲရုံမျှ အကျိုးရသည်၊ သတိသမ္ပဇဉ်ဖြင့် သုံးစွဲတတ်လျှင် အထိုက်အလျောက် အကျိုးအမြတ် ရှိနိုင်သော်လည်း သတိသမ္ပဇဉ်ဖြင့် မသုံးစွဲတတ် လျှင် ဘေးပင်ဖြစ်နိုင်သည်။

**သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ဘေး**-ဟု ဆိုရိုးရှိခဲ့သည်။

တဏှာဥပါဒါန်ဖြင့် သုံးစွဲမိလျှင် သို့မဟုတ် ကာမဂုဏ်လိုက်စားဖို့၊ ဒုစရိုက်ပြုဖို့စသည့် အကုသိုလ်အတွက် သုံးမိလျှင် ဘေးအမျိုးမျိုးနှင့် တွေ့ကြုံနိုင်သည် အရှုံးပေါ်နိုင်သည်။

ဓမ္မဒါနကို လက်ခံကျင့်သုံးလျှင်ကား ဘေး မဖြစ်ရုံမက ဘေးအမျိုးမျိုးမှပင် လွတ်မြောက်နိုင်သည်၊ ဒုက္ခဘေး ဒုဂ္ဂတိဘေး ပစ္စုပ္ပန်ဘေး သံသရာဘေး မည်သည့်ဘေးမဆို လွန်မြောက် နိုင်သည် နိဗ္ဗာနသုခသို့ပင် ပို့ဆောင်ပေးနိုင် သည်။

ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၌--

**တရားဓမ္မ ဟောပြောညွှန်းပြ ဆုံးမ ခြင်းဟူသော ဓမ္မဒါနသည်မသေရာ အမြိုက် နိဗ္ဗာန်ကို ပေးလှူသည် မည်သည်**-ဟု ဟောထားသည်။ (သံ၊ ၁၊ ၂၉)။

နိဗ္ဗာန်မရောက်မီ လောကီချမ်းသာကိုလည်း ပြောင်ပြောင်မြောက်မြောက် ပေးစွမ်းနိုင်သည်။

အလှူခံပုဂ္ဂိုလ်အကျိုးရမှု ကြီးကျယ် မြင့်မြတ်လျှင် ကြီးကျယ်မြင့်မြတ်သည့် အကျိုးကိုရစေနိုင်သည့် ဓမ္မဒါနကို ပေးလှူသူမှာလည်း ကြီးကျယ် မြင့်မြတ်သော အကျိုး ရနိုင်မည်မှာ ဧကန် မလွဲပင်။

လောက၌ မိဘများသည် သားသမီးများ အပေါ်ဝယ် အလွန်မတန် ကျေးဇူးများသည်။ မိဘများ၏ ကျေးဇူးများပုံကို **မြင်းမိုရ်တောင်ဦး မက ကျူးသည့်၊ ကျေးဇူးကြီးလှ မိနှင့်ဘ**-ဟု ဆိုရိုးပြုခဲ့ကြသည်။

ကျေးဇူးများလှသည့်မိဘတို့ကို ပစ္စည်း အာမိသ ဖြင့် ကျေးဇူးဆပ်လျှင် မည်သည့်နည်းနှင့်မျှ ဆပ်၍မကျေနိုင်၊ တစ်သက်လုံး ပခုံးထက်ပေါ်ထမ်း ၍ လုပ်ကျွေးသော်လည်း ကျေးဇူးမကျေနိုင် ဟုဟောကြားခဲ့သည်။ (အံ၊ ၁၊ ၆၃)။

**လူ့ဘုံဌာန၊ ဤလောက၌၊ ဖ-ကိုလက် ယာ၊ မိ-မှာ လက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက် တွင်၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူး ဂုဏ်စိုင်၊ မကုန်နိုင်ဘူး။** (မယဒေဝ၊ ပိဒ်ရေ ၂၄၄)။



တစ်သက်လုံး ပခုံးထက်ပေါ်ထမ်း၍လုပ်ကျွေး စေကာမူ ကျေးဇူးမကျေ နိုင်ဟု ဆိုသော်လည်း

၁။ သဒ္ဓါတရားမရှိသောမိဘများကို သဒ္ဓါတရားရှိအောင်၊

၂။ သီလမရှိသောမိဘများကို သီလ ရှိအောင်။

၃။ နှမြောသူမိဘများကို စွန့်ကြဲပေးကမ်းအောင်၊

၄။ ပညာမရှိသူမိဘများကို ပညာရှိအောင်၊ ကျေးဇူးဆပ်လျှင် ကျေးဇူးကျေနိုင်သည်၊ (အံ၊ ၁၊ ၆၃၊)။

ယင်းသို့ သဒ္ဓါ, သီလ , စာဂ, ပညာတို့ဖြင့် ချီးမြှောက်ခြင်းသည် ဓမ္မဒါနပင်ဖြစ်သည်၊ ဓမ္မဒါနသည် ကျေးဇူးဆပ်၍ မကုန်နိုင်သည့် မိဘများကိုပင် ကျေးဇူးကျေစေနိုင်သော သတ္တိထူးရှိသည်။

ဤကဲ့သို့ ကြီးကြယ်မြင့်မြတ်သော အကျိုးကို ရစေနိုင်ခြင်းကြောင့်လည်း ဓမ္မဒါနက အာမိသဒါနထက် သာလွန်မြင့်မြတ်ခြင်းဖြစ်သည်၊ ဤသို့လျှင် အလှူခံပုဂ္ဂိုလ်အတွက်ရော အလှူပေး ပုဂ္ဂိုလ်အတွက်ပါ နှစ်ဦးလုံး အကျိုးများသည်ဟု ဆိုလိုသည်။

ဖော်ပြချက်များကို ချုပ်လိုက်လျှင်

၁။ ဒါနဝတ္ထုဖြစ်သည့် အာမိသနှင့် ဓမ္မ နှိုင်းယှဉ်လျှင် ဓမ္မက သာလွန်သည်။

၂။ အလှူပေးပုဂ္ဂိုလ်ဖြစ်သည့် အာမိသ နှင့် ဓမ္မပေးနိုင်သူ နှိုင်းယှဉ်လျှင် ဓမ္မကို ပေးနိုင်သူက သာလွန်မြင့်မြတ်သည်။

၃။ အလှူခံပုဂ္ဂိုလ်ဖြစ်သည့် အာမိသ နှင့် ဓမ္မခံယူနိုင်သူ နှိုင်းယှဉ်လျှင်လည်း ဓမ္မကို ခံယူနိုင်သူက သာလွန်မြင့်မြတ်သည်။

၄။ အလှူခံ, အလှူပေး နှစ်ဦးလုံးအတွက် အကျိုးများခြင်းကြောင့်လည်း ဓမ္မဒါန သည် သာလွန်မြင့်မြတ်သည်။

ဤအချက် ၄-ချက်ကို အောက်ပါ ဆောင်ပုဒ်ဖြင့် ဆောင်မှတ်ထားရမည်--

**လှူဖွယ် ပေးသူ၊ ယူသူ အကျိုး၊ လေးမျိုး သာလွန်၊ အကြောင်းဖန်၊ ကဲချွန် ဓမ္မ ဒါနမြတ်။**

ဤမျှဖြင့် ဓမ္မဒါနက ဒါနအားလုံးထက် သာလွန်မြင့်မြတ်ပုံကို အကျဉ်းချုပ်တင်ပြခဲ့ပါသည်၊ ဤဆောင်းပါးဖြင့် သတ္တဝါဝေနေယျတို့အား နိဗ္ဗာန် အမြိုက်ဆေး တိုက်ကျွေးပေးနေသော ဓမ္မဒါန (တရားအလှူ)ရှင် ဖြစ်သည့် လယ်တီဆရာတော်ဘုရားကြီးကို ဂုဏ်ပြုပူဇော်အပ်ပါသတည်း။ ။

အရှင်တိလောကာဘိဝံသ
(အင်းစိန်)

# အမျိုးသမီး အင်အား

**အံ့မောင်**



သတ္တလောကကြီးမှာ အတော်ကို ထူးဆန်းပါသည်။ သတ္တဝါများ ဖြစ်ပေါ်လာကြရာတွင် ဖိုသတ္တဝါချည်းလည်း မဟုတ်။ မသတ္တဝါ ချည်းလည်း မဟုတ်။ ဖိုရောမရော နှစ်မျိုးတွဲ ဖြစ်ပေါ်လာကြသည်။ လူသည်လည်း ထိုနည်းတူပင် ဖြစ်သည်။ ဖိုနှင့်မ နှစ်မျိုးလုံး ဖြစ်ပေါ်လာရာတွင်ပင် ယင်းနှစ်မျိုး ဦးရေမှာ ဆတူစီနီးနီး ဖြစ်နေပြန်သည်။ သဘာဝ လောက သတ္တ လောက၏ ကံရိုပ်ပေါ်မှာ အံ့ဩဖွယ် ဖြစ်ပါသည်။

အထက်ပါအကြောင်းကြောင့် ဤမြေ ဂြိုဟ်ခေါ် ကမ္ဘာပေါ်တွင် လူဦးရေ၏ ထက်ဝက် လောက်မှာ မိန်းမများ ဖြစ်နေပြန်သည်။ လက်တွေ့တွင် မိန်းမ ဦးရေက ယောကျ်ားဦးရေထက် အနည်းငယ်ပိုသည်။

အကြမ်းဖျင်းဆိုလျှင် ကမ္ဘာပေါ်တွင် ယောကျ်ား ထက်ဝက်၊ မိန်းမထက်ဝက် နေကြသည်ဟု ပြောရမည်။

မိန်းမအင်အား (ဝါ) အမျိုးသမီးအင်အား ဘယ်လောက်ကြီးမားရသနည်း။

သို့သော် ကမ္ဘာသမိုင်းစဉ် တစ်လျှောက်တွင် အနိုင်နိုင်ငံ၌ အမျိုးသမီးတို့မှာ ယောကျ်ားတို့ထက် နိမ့်သော နေရာတွင်သာ နေကြရ၏။ ထိုသို့ ဖြစ်ရသည်မှာ အမျိုးသမီးများက ယောကျ်ားများထက်

ကာယအင်အားအရာတွင် နိမ့်သည်ကစခဲ့သည် ထင်ပါသည်။ ကာယအင်အားသာသော ယောကျ်ားများက အမျိုးသမီးများကို အနိုင်ယူထားခြင်း ဖြစ်နိုင်ပါသည်။ ထို့ပြင် အမျိုးသမီးများသည် အများအားဖြင့် ယောကျ်ားများထက် ပညာအရာတွင် နိမ့်ခြင်း၊ စီးပွားရှာနိုင်အား နိမ့်ခြင်း၊ အလုပ်အမျိုးမျိုးတွင်နိမ့်ခြင်း၊ စစ်တိုက်နိုင်အား နိမ့်ခြင်းစသော အကြောင်းအမျိုးမျိုးတို့ကြောင့် သမိုင်းစဉ်တစ်လျှောက်လုံး ယောကျ်ားများ၏ လောင်းရိပ်အောက်တွင် ရောက်နေခဲ့ရလေသည်။

သို့သော် သမိုင်းဘီးကြီး ရှေ့သို့တိုး၍တိုး၍ ရွေ့ရှားလာခဲ့သဖြင့် အမျိုးသမီးတို့သည် ယောကျ်ားများကို ကာယအင်အားအရာတွင် မယှဉ်နိုင်ကြသော်လည်း ပညာဘက်မှာမူ ယှဉ်နိုင်လာကြသည်။ စီးပွားရှာအားတွင်လည်း ယှဉ်နိုင်လာကြသည်။ လူမှုရေးကိစ္စအဘက်ဘက်မှာလည်း အတော်ကြီးပင် ယှဉ်နိုင်လာကြသည်။

ထို့ကြောင့် ယနေ့အမျိုးသမီးများသည် ယောကျ်ားလောင်းရိပ်အောက်မှ အတော်များစွာ လွတ်မြောက်လာကြပြီး ကမ္ဘာကြီးတစ်ခုလုံး အင်နှင့်အားနှင့် ဖြစ်လာကြပြီ။

ကမ္ဘာ့သမိုင်းကိစ္စကိုပင် ပြန်ကောက်ရဦးမည်ဆိုပါက ကမ္ဘာမြေပေါ်တွင် လူပေါ်လာပြီး နောက်ထိုလူသားတို့သည် မိခင်နှင့်သာ ခိုမှီနေခဲ့ကြရသဖြင့် မိခင်အုပ်စီး ကြီးစိုးသော ခေတ်ကြီး အလွန်ကြာမြင့်စွာ ရပ်တည် တည်ရှိလာခဲ့သည်ဟု သိရသည်။ ထို့ကြောင့် လူသားအားလုံးသည် အမျိုးသမီးဩဇာနှင့် လူ့ဘောင်ကို ထူထောင်ခဲ့ရသည်ပင် ဖြစ်လိမ့်မည်။ ထို့ကြောင့် လူသားအပေါ်၌ မိခင်၏ လွှမ်းမိုးမှု တစ်လျှောက်လုံး ရှိနေခဲ့သည်သာဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများသည် လူ့ဘောင်ကိုတည်ဆောက်ရာ၌ မည်မျှ တန်ခိုးအင်အားကြီးသည်၊ အရေးပါသည်ကို သိမြင်နိုင်လိမ့်မည်။

ယခင်က ယောကျ်ားများနောက်က ယို့ယို့ ကုပ်ကုပ်ကလေးသာ "မှီခို"အဖြစ် နေခဲ့ရသော



အမျိုးသမီးများသည် ယနေ့ နိုင်ငံတို့၏ အကြီးအကဲများ၊ သမ္မတများ၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ လုပ်ငန်းခေါင်းဆောင်များ၊ ပါမောက္ခများ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ကျောင်းအုပ် ဆရာမကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ သရုပ်ဆောင်မင်းသမီးများ၊ ဒါရိုက်တာများ၊ စာရေးဆရာများ၊ စာဆိုတော်များ၊ ကဗျာဆရာများ၊ သတင်းစာဆရာများ၊ ရေဒီယိုရုပ်မြင်သံကြား စီစဉ်ညွှန်ကြားသူများ၊ အဆိုတော်များ၊ လေယာဉ်ပျံမောင်းသူများ၊ စစ်ဗိုလ်များ၊ သိပ္ပံပညာရှင်များ၊ ကုန်ထုတ်ထုးချွန်သူများ၊ သီလရှင်ဆရာကြီးများ စသဖြင့် အရေးပါ အရာရောက်သူများ ဖြစ်လာကြလေပြီ။

မြတ်စွာဘုရားသည် မယ်တော်၏ ကျေးဇူးကို ဆပ်ရန်အတွက် နတ်ပြည်သို့တက်၍ တရားဟောပြောခဲ့သည်။ ဘုရားရှင် လက်ထက်တော်က မိထွေးတော်ဂေါတမီ၊ ခေမာ၊ ဥပ္ပလဝဏ်စသော ဧတဒဂ်ရ ရဟန္တာ မထေရ်မကြီးများ ကြည်ညိုဖွယ်ရာ ပေါ်ထွက်လာခဲ့သည်။ အလွန်စေတနာ ကောင်းလှသော ဝိသာခါကျောင်းအမကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုရှေးအခါကပင် အမျိုးသမီးများသည်

ကြံရည်ဖန်ရည် လုပ်ရည်ကိုင်ရည် ကောင်းလှလေပြီ။ ကာကဝလ္လိယ၏မယား မယ် ကာကဆိုလျှင် ဦးနှောက်ကောင်းကောင်း၊ သတ္တိ ကောင်းဖြင့် ဘီလူးကိုရင်ဆိုင်၍ အားလုံးအဆင်ပြေမှု၊ သာယာမှုများ ရအောင် ဆောင်ရွက်ခဲ့သည်။

ခရစ်ယာန်ဘာသာဝင်များကလည်း သူတို့ ကိုးကွယ်သူ ယေရှုခရစ်ကို မွေးဖွားပေးသည့် မယ်တော် မာလိကို အလွန်ရိုသေကိုင်းရှိုင်း ဆည်းကပ်ကြသည်။

ဟိန္ဒူတို့ကလည်း သူရဿတီမယ်တော်ကို လေးစားကိုးကွယ်ကြသည်။

မြန်မာလူမျိုးတို့တွင်ပင် နတ်များကိုးကွယ်ရာ၌ အမေရေယာဉ်၊ ရွှေနပေ၊ မြတ်လှ၊ ဒွေးဖြူ၊ မနဲ့လေး၊ ပုပ္ပားမယ်တော် မယ်ဝဏ္ဏ၊ တောင်တော်သခင်မယ်ဥ၊ အမေဂျမ်း၊ နံ့ကရိုင်းမယ်တော်၊ ပုန်းမကြည်နတ်စသော အမျိုးသမီးနတ်များကို ကိုးကွယ်ကြသည်။ ၃၇-မင်းနတ်များတွင် အမျိုးသမီးနတ်ဦးရေမှာ ထက်ဝက်ထက် မနည်းပါသည်။

နတ်ပြည်ခြောက်ထပ်တွင် နတ်သား နတ်သမီးများရှိကြသည်အနက် နတ်သမီး ဦးရေက အဆများစွာ ပိုသည်ဟု ဆိုကြသည်။ တရားစောင့်ထိန်းရာတွင် အမျိုးသမီးများက ယောကျ်ားများထက်သာကြသည်ဟူသော သဘောမျိုးဖြစ်သည်။

ယနေ့ကမ္ဘာတွင် အမျိုးသမီး ခေါင်းဆောင်များ အလွန်ထွန်းကားနေကြပြီ။ လောလောဆယ်အားဖြင့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီကလင်တန်၊ ဖိလစ်ပိုင်သမ္မတ အာရိုယို၊ ဂျာမန်အဓိပတိ အန်ဂဲလာမာကဲ၊ တောင်အမေရိကနိုင်ငံတစ်နိုင်ငံ၏ သမ္မတ စသူများမှာ အမျိုးသမီးများဖြစ်ကြသည်။ သူတို့သည် တစ်နိုင်ငံလုံးကို ခေါင်းဆောင်တာဝန်ကြီးသော လုပ်ငန်းများကို ဦးစီးလုပ်ကိုင်နေကြသည်။ ယခင်က အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၊ ပါကစ္စတန် ဝန်ကြီးချုပ် ဘီနာဇီယာဘူတို၊ ဘင်္ဂလားဒက် ဝန်ကြီးချုပ် ခါလီဒါဇီယာနှင့် ရှိတ်ဟာစီနာ၊ အစ္စရေး နိုင်ငံ ဝန်ကြီးချုပ် ဂိုလဒါ မေယာ၊ သီဟိုဠ် (သီရိလင်္ကာ) ဝန်ကြီးချုပ် မစ္စက်ဘန္ဒရာနိုက်ကား၊ အင်ဒိုနီးရှား သမ္မတ မေဃာဝတီ ဆူကာနို၊ ဖိလစ်ပိုင်သမ္မတ အကွီနို၊ အင်္ဂလန်ဝန်ကြီးချုပ် မာဂရက်သက်ချာ၊ အင်္ဂလန်ဘုရင်မ အယ်လစ်ဇဘက်၊ မွန်နိုင်ငံ ဘုရင်မ ရှင်စောပု၊ အီဂျစ်ဘုရင်မ ကလီယိုပါထရာ၊ ပြင်သစ်မျိုးချစ်သူရဲကောင်း ဂျုန်းအောဖ်အတ် စသူစသူတို့သည် အမျိုးသမီး အောင်လံ တံခွန်ကို လွှင့်ထူခဲ့ကြပြီ။

မြန်မာနိုင်ငံတွင်လည်း သမိုင်းခေတ် အသီးသီး၌ အမျိုးသမီးတို့၏ ဂုဏ်ရည်ကို တွေ့မြင်ခဲ့ကြရပြီ။ ပုဂံခေတ်၌ ဉာဏ်ပညာ အမြော်အမြင်ကြီးလှသော မိဖုရားကြီး ဖွားစောမှာ တိုင်းရေးပြည်ရေးတို့တွင်ပင် ခေါင်းဆောင်နိုင်သော သူဖြစ်၏။ ပုဂံခေတ်မှ သိယ်သူ သမီး ဆိုလျှင်လည်း မြင့်မြတ်သော စိတ်ဓာတ် စာဖွဲ့ကုံးပုံ အရည်အချင်း မြင့်လှပေသည်။ ပုဂံခေတ်မှ သံဗျင်မင်းသမီးမှာလည်း ပိဋကတ်ကျမ်းစာတို့ကို ထုတ် ချောက် နှံ့စပ်မွှေနှောက် နိုင်သူဖြစ်၍ ရဟန်းတော်များကိုပင် စာချခဲ့ရသူဟု ထင်ရှား၏။





Monday, October 25, 2010 01:53:1

အင်းဝခေတ်တွင်လည်း မိဖြူ၊ မိညို အမည်တွင်သော အမျိုးသမီးစာဆိုတော်တို့ ထင်ရှားခဲ့၏။ အင်းဝနှောင်းပိုင်း ညောင်ရမ်း ခေတ်လောက်တွင် လူ့သဘာဝ လူ့အကြောင်းကို အရှိအရိုးကလေးအတိုင်း စာဖွဲ့ဆိုသော အိုင်ချင်း ရှင်ငြိမ်းမယ်မှာ ရှားရှားပါးပါး အရည်အချင်း ပြည့်ဝသော စာဆိုဖြစ်၏။ ကုန်းဘောင်ခေတ်တွင် အဲချင်းများနှင့် စာအလှတံခွန်လွှင့်ခဲ့သူ မယ်ခွေ၊ စာတိုနှင့်နာမည်ကြီးသည် ခင်ဆုံ၊ အချစ်ကို အလှဆုံးရေးဖွဲ့သူ မမြကလေး၊ မြန်မာစကား အနွဲ့အလှ အထေ့အထက်တို့ကို ဖော်ပြခဲ့သော လှိုင်ထိပ်ခေါင်တင်တို့မှာ စံပြုလောက်သည့် အမျိုးသမီး စာဆိုများဖြစ်၏။

ထိုခေတ်က ရှမ်းအမျိုးသမီးတို့မှာလည်း စစ်မြေပြင်တွင် သတ္တိတံခွန်လွှင့်ထူ၍ တိုင်းတစ်ပါး နယ်ချဲ့ ကျူးကျော် စစ်ကို အသက် ပေး၍ ခုခံတိုက်ခိုက်သူများအဖြစ် အလေးပြုကြရ၏။

ထိုခေတ်က သီလရှင်ကြီးမယ်ကင်းမှာလည်း ကျမ်းဂန်စာပေ ပိုင်နိုင်ကျွမ်းကျင်သူ အဖြစ် ကျော်ကြားခဲ့ပါ၏။ မျက်မှောက်ခေတ်တွင် စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၊ ဂျာနယ်ကျော်မမလေး၊ လူထု ဒေါ်အမာ၊ ခင်နှင်းယု၊ ခင်မျိုးချစ် တို့မှစ၍ ယခု အချိန် ကြည်အေး၊ ဂျူး၊ ခင်ခင်ထူးစသော အမျိုးသမီးစာရေးဆရာမများအထိ တိုင်းပြည်ကို ဂုဏ် ဆောင်ခဲ့ကြပါပြီ။ မုံရွာမြို့တွင်လည်း ဆရာမကြီးဒေါ်ငွတ်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းရီ၊ နိုင်ငံရေးဘက်မှ ဆရာမ ဒေါ်အမာ စသူတို့မှာ မြို့ဂုဏ် နယ်ဂုဏ်ဆောင်ခဲ့ပါပြီ။ ဆက်လက်၍လည်း သီလရှင်ဆရာကြီး ဒေါ်ဧသုဝတီ၊ ဆရာကြီး ဒေါ်ဓမ္မ ထေရီ၊ ဆရာကြီး ဒေါ်ကုမာရီ၊ ယင်းမာမြိုင်တိုက် ဆရာကြီးတို့မှာလည်း မိမိတို့၏ မြင့်မြတ်သော လုံ့လဝီရိယ ကမ္ဘတို့ဖြင့် သာသနာ့ရောင်ဝါကို နေရောင်လရောင်ကဲ့သို့ ထွန်းလင်းအောင် ဆောင်ရွက်တော်မူခဲ့ကြပါပြီ။

■ အုံ့မောင်

**လယ်တီအရှင်ကေလာသ-၏**
**နီတိမှတ်တမ်းလွှာ-မှ**

**၂။ အပျင်းစာတတ်ခံ ရှိသူမှန်လျှင်**

အလသဿ ကုတော သိပ္ပံ၊
အသိပ္ပဿ ကုတော ဓနံ။
အဓနဿ ကုတော မိတ္တံ၊
အမိတ္တဿ ကုတော သုခံ။

**အဓိပ္ပါယ် အနှစ်ချုပ်**

* ပျင်းရိသူမှာ၊ တတ်ပညာ၊
ဘယ်မှာ တတ်အံ့နည်း။

* အတတ်ကင်းကွာ၊ ထိုသူမှာ၊
ဥစ္စာဘယ်မှာ ရှိအံ့နည်း။

* ဥစ္စာ ရွှေ ငွေ၊ မရှိချေ၊
မိတ်ဆွေဘယ်မှာ ရှိအံ့နည်း။

* မိတ်ဆွေကင်းကွာ၊ ထိုသူမှာ၊
ချမ်းသာဘယ်မှာ ရှိအံ့နည်း။

* ချမ်းသာကင်းမူ၊ လူတစ်စု၊
ကောင်းမှုဘယ်မှာ ရှိအံ့နည်း။

* ကောင်းမှုပုည်၊ ကင်းဆိတ်ပြန်၊
နိဗ္ဗာန်ဘယ်မှာ ရအံ့နည်း။

---------



# မြင့်နိုင်သလောက်မြင့်ကြပါစေ မြတ်နိုင်သလောက် မြတ်ကြပါစေ

ဝဏ္ဏသီရိ

**ကောင်း**သောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ တပည့်တော်မသည် အရှင်ဘုရား၏ မယ်တော်ဖြစ်ပါသည်။ အရှင်ဘုရားသည်ကား တပည့်တော်မ၏ ခမည်းတော်ဖြစ်ပါသည်။ သူတော်ကောင်းတရားကို ပေးသနားတော်မူသောမြတ်စွာဘုရား၊ တပည့်တော်မသည် အရှင်ဘုရား၏ အဆုံးအမ ဩဝါဒမှ ပေါက်ဖွားသောသူဖြစ်ပါသည်ဘုရား။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ အရှင်ဘုရား၏ ကြည်ညို့ဖွယ်ရာ သပ္ပာယ်လှစွာသော ရူပကာယကို တပည့်တော်မက ဖွံ့ဖွံ့ထွားထွား ခံ့ညားလာအောင် ကျွေးမွေးပြုစုခဲ့ပါသည်။ တပည့်တော်မ၏ မြင့်မြတ်လှသော ဓမ္မကာယကို အရှင်ဘုရားက ဖွံ့ဖွံ့ထွားထွား ခံ့ညားလာအောင် ဟောကြားပြသခြင်းဖြင့် ကျွေးမွေးပြုစုခဲ့ပါသည်ဘုရား။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။ တပည့်တော်မက အရှင်ဘုရား အား တိုက်ကျွေးခဲ့သော နို့ချိုသည် တစ်ခဏသာ အဆာပြေနိုင်ပါသည်။ အရှင်ဘုရား တိုက်ကျွေးသော နို့ချိုသည်ကား အဆုံးစွန်သော ကာလတိုင်အောင် ဆာလောင်မွတ်သိပ်ခြင်းကို ပြေပျောက်စေနိုင်ပါသည်ဘုရား။

လူအပေါင်းတို့၏ နေမင်းတစ်ဆူဖြစ်တော်မူသောမြတ်စွာဘုရား၊ နေမျိုးတို့၏ တံခွန်သဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားကို တပည့်တော်မ၏နောက်ဆုံးအချိန်၌ ရှိသေစွာရှိခိုးပါ၏။ ဖူးမြင်၍ မဝနိုင်သော အရှင်ဘုရားကို တပည့်တော်မ နောက်ထပ် တစ်ဖန် ဖူးမြင်ခွင့် မရှိတော့ပါဘုရား။

လောကထွတ်ထား ရှင်တော်မြတ်ဘုရား၊ မိန်းမများသည်အပြစ်အားလုံးတို့၏ စုပုံရာဖြစ်သည် ဟူ၍ လူတွေက သတ်မှတ်ထားကြပါသည်။ သို့ဖြစ်ပါ၍ မိန်းမသားတစ်ဦးဖြစ်သော တပည့်တော်မတွင် အပြစ်တစ်စုံတစ်ရာ ရှိနေပါလျှင် သနားခြင်းကရုဏာဖြင့် ခွင့်လွှတ်တော်မူပါဘုရား။

သနားခြင်း ကရုဏာ၏တည်ရာ ဖြစ်တော်မူသောမြတ်စွာဘုရား၊ မြတ်စွာဘုရား အထံတော် ၌



Monday, October 25, 2010 01:53:3

မိန်းမများ ရဟန်းပြုခွင့်ကို တပည့်တော်မ တောင်းခံပါသည်၊ ဤသို့တောင်းခံခဲ့သည့် အတွက် အပြစ်တစ်စုံတစ်ရာရှိပါလျှင် သနားခြင်းကရုဏာဖြင့် ခွင့်လွှတ်တော်မူပါဘုရား။

အထက်ပါစကားများမှာ ထေရီ အပဒါန်ပါဠိတော်၊ မဟာပဇာပတိ ဂေါတမီထေရီ အပဒါန်လာ ဂါထာပေါင်း ၁၉၀-ကျော်ထဲက ဂါထာ ခြောက်ပုဒ်ကို ရွေးထုတ်၍ ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ ဂါထာတစ်ပုဒ်လျှင် စာပိုဒ်တစ်ပိုဒ်ဖြင့် ပြန်ဆိုထားပါသည်။

မဟာပဇာပတိ ဂေါတမီထေရီ အရှင်မကြီးသည် ဘိက္ခုနီဟူသမျှ၏ အကြီးအမှူးဖြစ်၏။ ဤသာသနာတော်၌ သိက္ခာအကြီးဆုံး ဘိက္ခုနီ ဖြစ်၍ ရတ္တညူဧတဒဂ် ဂုဏ်ထူးကို ဆွတ်ခူးနိုင်ခဲ့ပေသည်။

ဤအရှင်မကြီးကို အများက မိထွေးတော် ဂေါတမီဟု ခေါ်လေ့ရှိကြ၏၊ မှန်ပါသည်၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် အမတော် မဟာမာယာဒေဝီ၏ သားတော်ဖြစ်၍ မိထွေးတော်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် မိထွေးတော်အဖြစ်က ဘာမျှမကြာလိုက်ပါ၊ သက်တော် (၁၂၀)အထိ ထူးထူးခြားခြားနေခဲ့ရသော အရှင်မကြီး၏ ဘဝတစ်သက်တာတွင် မိထွေးတော် အဖြစ်နှင့် ခုနစ်ရက်မျှသာ ကြာခဲ့ပါသည်။ ဘုရားအလောင်းမယ်တော်တို့၏ ဓမ္မတာအရ အလောင်းတော်မင်းသားဖွားမြင်၍ ခုနစ်ရက် အရတွင် မဟာမာယာဒေဝီ နတ်ရွာစံသဖြင့် ညီမတော် မဟာပဇာပတိ ဂေါတမီက လက်ရှိသားတော် နန္ဒနှင့်အတူ သိဒ္ဓတ္ထမင်းသားလေးကို နို့ချိုတိုက်ကျွေးမွေးမြူခဲ့ရ၏။ ထို့ကြောင့် အရှင်မကြီးက မိမိကိုယ်ကို ဘုရားရှင်၏ မယ်တော်ဟု လျှောက်တင်ခဲ့ပေသည်။

မယ်တော်ကြီးဂေါတမီ၏ နို့ချိုကို သောက်စို့၍လူလားမြောက်လာခဲ့သော သားတော် မြတ်စွာဘုရားသည် မယ်တော်ကြီး ဂေါတမီအား ဂရုခံတရား(၈)ပါးကို ခံယူစေခြင်းဖြင့် ရဟန်းပြုပေးတော်မူ၏။ သားတော်မြတ်စွာဘုရား၏ အမိန့် တော်မြတ်ဖြင့် ဘိက္ခုနီတစ်ပါးအဖြစ် ဖွားမြင်ခွင့်ရလာ၏။ ထို့ကြောင့် သားတော်မြတ်သည် ဂေါတမီထေရီနှင့် သားတော်သမီးတော်အဖြစ်ဖြင့် အပြန်အလှန် တော်စပ်လျက် ရှိနေကြပါသည်။

သာသနာတော်တွင် ဘိက္ခုနီသံဃာ မရှိစဉ်တုန်းက ဧကတောသံဃာသာ ရှိခဲ့၏။ ဘိက္ခုနီ သံဃာပေါ်လာတော့မှ သံဃာနှစ်မျိုးစုံလာ၍ ဥဘတောသံဃာဖြစ်လာသည်။ ပထမဆုံး သိမ်ဝင်ခွင့်ရသော ရဟန်းမငါးရာတို့သည် ဧကတောသံဃာဖြင့်ရဟန်းခံလာကြရ၍ သူတို့နောက်မှာတော့ သာသနာ့ဘောင်ဝင်ရောက်လာသည့် အမျိုးသမီးတိုင်း ဥဘတောသံဃာဖြင့် ရဟန်းခံကြရပေသည်၊ ပထမဦးစွာ ဘိက္ခုသံဃာကသိမ်ထဲမှာ ရဟန်းခံပေးပြီးမှ ဘိက္ခုနီသံဃာကလည်း ထိုနည်းတူပင် ရဟန်းခံ ပေးလာခဲ့ကြပေသည်။

ဘုရားရှင်၏ အမိန့်တော်အရ ဘိက္ခုနီသာသနာ့ မိခင်ကြီးဖြစ်သော မဟာပဇာပတိ ဂေါတမီကပင် မိမိနှင့်အတူ လိုက်ပါလာသည့် ဘိက္ခုနီ ငါးရာတို့ကို အဆုံးအမပေးခဲ့ရ၏၊ သူတို့ နောက်မှာ ဝင်ရောက်လာလေသမျှ ဘိက္ခုနီ ဟူသမျှကိုလည်း ရင်အုပ်မကွာ စောင့်ရှောက်၍ လာခဲ့ရပေသည်။





ဤသို့ဖြင့် သားတော်ဘုရား၏ အရိပ်တော်အောက်၌ သာသနာ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လာခဲ့၍ သက်တော်(၁၂၀)ပြည့်၍ သက်တမ်း ကုန်ဆုံးလာသည်တွင် သားတော် ဘုရား၏ ခြေတော်အစုံ၌ ဦးခိုက်ပြီးလျှင် အထက်ပါစကားများဖြင့် ပန်ကြားလျှောက်ထားဖြစ်၏။ ဤလျှောက်ထားချက်ထဲတွင် ထူးထူးခြားခြား စဉ်းစားဖွယ်အချက်ကလေးများ တွေ့လာရ၍ ဤဆောင်းပါးကို ရေးဖြစ်ပါသည်။

မယ်တော်ကြီးဂေါတမီသည် ဘုရားရှင်ကပိလဝတ္ထုမြို့တော်သို့ ကြွရောက်တော်မူလာသည့် ခရီးတစ်ထောက်တွင် အမျိုးသမီးငါးရာတို့နှင့် တကွ နိဂြောဓာရုံ ကျောင်းတော်သို့ သွားရောက်၍ အမျိုးသမီးများ သာသနာတော် ဝင်ရောက်ခွင့်ကို တောင်းပန်လျှောက်ထား၏။ မယ်တော်ကြီးက သုံးကြိမ်အထိ ဆက်လက်၍ လျှောက်ထားရာတွင် ဘုရားရှင်ကလည်း သုံးကြိမ်လုံးပင် ပယ်ချတော်မူခဲ့ပေသည်။

ဤအကြောင်းအရာကို အင်္ဂုတ္တရပါဠိတော် အဋ္ဌကနိပါတ်၊ ဒုတိယပဏ္ဏာသက ဂေါတမီဝဂ်၊ ဂေါတမီသုတ္တန်၌ ပြဆိုထားရာ ထိုသို့သုံးကြိမ် တိုင်တိုင် ဘုရားရှင်က ပယ်ချတော်မူခြင်း၏ အကြောင်းကို အဋ္ဌကထာက ဖွင့်ပြရာတွင် ဘုရားရှင်အားလုံးတို့၏ သာသနာတော်ဝယ် ပရိသတ် လေးပါးလုံးရှိသည် မဟုတ်ပါလော၊ ရှိသည်မှန်ပါ၏၊ သို့ရာတွင် သူတို့ကို ပင်ပန်းအောင် ပြုထားပြီးလျှင် အကြိမ်ပေါင်းများစွာ လျှောက်ထားပါမှ ရရှိလာသော ရဟန်းပြုခွင့်ကို "ဤအခွင့်ကို ငါတို့ ဆင်းရဲကြီးစွာ ခံစားပြီးမှ ရခဲ့ကြသည်"ဟု သဘောထား၍ ကောင်းစွာစောင့်ရှောက်ကြလတ္တံ့ဟု ရည်ရွယ်၍ အလေးတမူပြု၍ ခွင့်ပြုတော်မူလိုသဖြင့် ပယ်ချတော်မူ၏။

အဋ္ဌကထာစကားဖြစ်၍ ဤဖွင့်ဆိုချက်ကို လေးလေးစားစားလက်ခံရပါမည်။ သို့ရာတွင်မယ်တော်ကြီး ဂေါတမီ၏ နောက်ဆုံး ပန်ကြားလွှာထဲက အချက်အချို့က ထိုအကြောင်းပြချက်ထဲတွင် ထပ်မံ၍ ဖြည့်စွက်စရာဖြစ် နေပါသည်၊ ဘိက္ခုနီတို့ လေးလေးစားစား လိုက်နာကျင့်သုံးကြစေချင်သောကြောင့် သုံးကြိမ်သုံးခါ ပယ်လှန်တော်မူခဲ့ရသည်၊ ဟူသောအကြောင်းပြချက် နောက်တွင် ဆက်လက်၍ စဉ်းစားဖွယ်ရာများ ရှိလာပါသည်။

မယ်တော်ကြီးဂေါတမီက(လူ့ဘောင်လောကကြီးတစ်ခုလုံးက မိန်းမများကို အပြစ် ဒေါသအားလုံး၏ စုပုံရာဟူ၍ သိမှတ်ထား ကြပါသည်)ဟု လျှောက်ထားခဲ့၏၊ မယ်တော်ကြီး ဂေါတမီ၏ လက်ထက်က ပတ်ဝန်းကျင်တစ်ခွင်လုံး၏ ရှုံးရာ အယူအစွဲ ဖြစ်ပါလိမ့်မည်၊ မယ်တော်ကြီးတို့ခေတ်ထက်ပင် စောနိုင်ပါသေးသည်၊ ဟိုဟိုရှေးပဝေသဏီ ကတည်းကဤအယူအစွဲတို့ကို အစဉ်မပျက် လက်ဆင့်ကမ်း လာခဲ့ကြပါလိမ့်မည်၊ ကျွန်တော်တို့မြန်မာနိုင်ငံက ဘုန်းကြီးကျောင်းသင်ရိုးထဲက လောကနီတိကျမ်းထဲမှာပင် ဤ အယူအစွဲများ အထင်အရှား ပါဝင်နေသည်ကို တွေ့နိုင်ကြပါသည်။

ဤကဲ့သို့ အယူအစွဲ တွေကြီးစိုး နေသော လူ့ဘောင်လောကကြီးနှင့် မဆန့်ကျင်လို၍လည်း ဘုရားရှင်က အလွယ်တကူ လက်မခံခဲ့ခြင်း ဖြစ်နိုင်ပါသည်။

ဤကမ္ဘာပေါ်ရှိ မနုဿလူသားတို့တွင် မိန်းမက အရေအတွက်များ၏၊ ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ကျော်ကျော် ရှိနေသည့် မိန်းမများတွင် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်မိခင်ကြီးများနှင့်တကွ အဘွားများသည် ထိပ်ဆုံးကပါနေ၏၊ ထို့နောက် လူငယ်လူရွယ်များကို မိဘများနှင့်အတူ ဆို ဆုံးမကာ

လိုအပ်ရာရာ ထောက်ပံ့ပေးကမ်းလာခဲ့ကြသည့် မိကြီး မိထွေးများ၊ ဒေါ်ကြီး ဒေါ်လေးများ ရှိနေကြ၏၊ ငယ်သူကလေးများကို မိဘများကိုယ်စား ထိန်းသိမ်း ချီပိုးခဲ့ရသော အစ်မများလည်း ရှိနေကြ၏၊ အစ်ကိုကြီး မောင်ကြီးများက ထိန်းသိမ်း ချီပိုးခဲ့ရသည့် နှမကလေး များလည်း ရှိနေကြ၏၊ ထို့ပြင် ဝါးဖတ်တော် ကစီနှစ်နှင့် လူဖြစ်အောင် မွေးမြူလာခဲ့ရသည့် သမီးငယ်လေး ပုလုကွေးတို့လည်း ရှိနေကြသည်သာ။

ဤသို့အားဖြင့် ကာမဂုဏ်အာရုံမဖက် မိသားစု သံယောဇဉ်သက်သက်ဖြင့် ဆက်ဆံလာ ခဲ့ကြရသော မိန်းမများသည် လောကလူ့ရွာတွင် အထင်အရှား ရှိနေကြပါ၏။ သို့ပါလျက် လူ့ဘောင် လောကကြီးက ခက်လှစွာ၏။ မိန်းမဟူသော အသံကို ကြားရသည်နှင့် တစ်ပြိုင်နက် သန့်စင်မွန်မြတ်သော စေတနာရှင်၊ မေတ္တာရှင်တို့ကို ကျော်လွှား၍ ထားခဲ့ကြ ပြီးလျှင် ကာမဂုဏ်အာရုံ အဖြစ်ဖြင့်သာ ရှုမြင်တတ် ကြကုန်၏။

ထားပါတော့--လူ့မျိုးဆက်ပေါင်း များစွာ မှစ၍ ထားရာမှာနေ၍ စေရာသို့ သွားနေ ကြရသော မိန်းမသားတို့အပေါ်မှာ အခွင့်ထူးခံ မင်းယောကျ်ား များက အထင်သေး၊ အမြင်သေး ဖြစ်နေသည်မှာ ရှိပါစေတော့၊ လူ့မျိုးဆက်ပေါင်း မြောက်မြားစွာက အရိုးစွဲလာခဲ့သည့် ထုံးစံကြီး တစ်ခုကို တွန်းလှန်ဖြို ဖျက်နိုင်ဖို့က မလွယ်ကူပါ။ သို့ရာတွင် အထင်သေးခံ အနှိမ်ခံဘဝချင်း တူနေကြပါလျက် မိန်းမသားများ၊ ကိုယ်တိုင်က မိန်းမသားများကို အထင်မကြီးတတ် အလေးဂရုမပြုတတ်ခြင်းကတော့ အခက်တကာ့ အခက်ဆုံးပင် ဖြစ်ပါလိမ့်မည်။

ဤအချက်ကို အခြေပြု၍ ကျွန်တော်က ကြံကြံဖန်ဖန် စဉ်းစားကြည့်မိပါသည်၊ ယခု လောလော ဆယ်တွင် နိုင်ငံကျော် ဓမ္မကထိက ကိုယ်တော်ကြီး၊ ကိုယ်တော်လေးများ၏ တရားပွဲများ၌ ဓမ္မာရုံပြည့် ကွင်းလုံးပြည့် တက်ရောက်ခဲ့ကြသော အမျိုးသမီး ပရိသတ်ကြီးသည် သီလရှင်ဓမ္မကထိကများ ပေါ် ပေါက်လာပါက ထိုနည်းတူ အားပေးအားမြှောက် ပြုကြပါဦးမလား၊ ကြောင်ရေချိုး အတွေးမျိုးဟုသာ ဆိုကြပါစို့။

ဤသို့အားဖြင့် မိန်းမသားများကို တန်း တူရည်တူ သဘောမထားနိုင်ခဲ့ကြသော လူ့ဘောင် လောကသည် ယောကျ်ားသားများကို အန်တု၍ သာသနာ့ဘောင်ဝင်ရောက်လိုသည့် မိန်းမ သားများ ကို ချောချောမောမော လက်ခံကြမည် မဟုတ်ပါ၊ သက်တော်ရှည် မယ်တော်ကြီး၏ ဘဝ တစ်လျှောက် တွင် ထိုကဲ့သို့သော အယူစွဲတို့က တစ်ဆင့်ရိုက်လာသည့် အသံဖလံတို့ ထွက်ပေါ် လာကြပါလိမ့်မည်။ ဤသို့ ထွက်ပေါ်လာသည့် အသံမှာ ရွာထဲရပ်ထဲကလည်း ဖြစ်ပါလိမ့်မည်။ ကျောင်းတိုက်တာတွေထဲကလည်း ဖြစ်ပါလိမ့် မည်။ ထိုအသံနှစ်မျိုးထဲက ပိုမို၍ပြင်းထန် တာကတော့ ဒုတိယအမျိုးအစား ဖြစ်ပါလိမ့်မည်။

မယ်တော်ကြီးဂေါတမီသည် တစ်နေ့သော အခါတွင် ထိုဒုတိယအသံက အပြင်းထန်ဆုံး ဖြစ် လာမည့် အရေးကို တွေးမြင် ထားသလား မဆို နိုင်ပါ၊ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော် မူပြီးနောက် အရှင် မဟာကဿပဦးဆောင်မှုဖြင့် သင်္ဂါယနာ ကိစ္စများ ပြီးစီးခါနီးတွင် ဤအသံပေါ်ထွက်လာ၏။ သင်္ဂါ ယနာတင် အရှင်မြတ်ကြီးများဟာ ဤ ကိစ္စနှင့် ပတ်သက်၍ အရှင်အာနန္ဒာကို ဝိုင်း၍ အရေးဆိုကြ၏၊ ဘုရားရှင်ကိုယ်တော်တိုင်က အကြိမ်ကြိမ် ပယ်ချတော် မူသည့်ကြားက အမျိုးသမီးများ သာသနာတော်တွင်း ဝင်ရောက်ခွင့်ရအောင် လျှောက်ထားပေးခဲ့သဖြင့် အပြစ်တင်ခဲ့ ကြ၏၊ ဤသို့သောအရေးကို တွေးမြင်ထား သဖြင့် မယ်တော်ကြီးဂေါတမီက ကြိုကြိုတင်တင် လျှောက်ထားခဲ့လေသလား၊ မိမိတို့တစ်တွေအားအကျိုး ဆောင်ပေးခဲ့သည့် အရှင်အာနန္ဒာအပေါ် အပြစ်တင် သက်သာရလေအောင် မိမိကိုယ်တိုင်က ဒဏ်ခံထား လိုက်သည့်သဘောပေလား။

မည်သို့ပင်ဖြစ်စေ ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာ လောက် အချိုးမြောက်မခံရတာကတော့

ထင်ရှားပါသည်၊ သာသနာဝင်အချင်းချင်း၏ ချီးမြှောက်မှုကိုလည်း ထပ်တူထပ်မျှ မရခဲ့ပါ။ ဒကာ ဒကာမများကလည်း ရဟန်းများလောက် အားပေးချီးမြှောက်ခြင်း မပြုခဲ့ကြပါ။

ဘုရားရှင်သက်တော် ထင်ရှား ရှိတော်မူစဉ် ဓမ္မသဘင်ကြီးများ ဆင်ယင်ကျင်းပရာ၌ ဘုရား ရှင်၏ ရှေ့မှောက်တော်တွင် ဘိက္ခုနီသံဃာ ပရိသတ်သည် ဘိက္ခုသံဃာ ပရိသတ်နှင့်အတူ ဝင်ရောက်ခွင့်ရခဲ့ကြ၏။ ဘိက္ခုသံဃာက လက်ယာဘက်က…၊ ဘိက္ခုသံဃာက လက်ဝဲဘက်က၊ ဘုရားရှင် အားမာရ်နတ်က စောစောစီးစီး ပရိနိဗ္ဗာန်ပြုဖို့ တိုက်တွန်းရာတွင် ဘုရားရှင်က ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ပရိသတ်လေးပါးလုံး အရည်အချင်း ပြည့်စုံမှသာ ပရိနိဗ္ဗာန်ပြုမည့် အကြောင်း ပြန်လည်ကာ မိန့်ကြားတော်မူခဲ့၏၊ ဘုရားရှင်တိုင်း၏ သာသနာတော်ဝယ် ပရိသတ် လေးပါးလုံး အစုံအညီ ရှိလာခဲ့ကြသည်သာဖြစ်၏။ သို့ပါလျက် ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသွားပြီးသည့် နောက်တွင်ကား ဘိက္ခုနီတို့နှင့် ပတ်သက်သည့် ကျမ်းဂန်အထောက်အထား ရှားပါးသွားခဲ့ပါတော့သည်။

မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူရာတွင် ရာဇဂြိုဟ်မြို့တော် ဝန်းကျင်ရှိ ကျောင်းပေါင်း (၁၈)ကျောင်းက ရဟန်းများသည် ကျောင်းအဆောက်အအုံများနှင့် ပစ္စည်းအသုံးအဆောင်တို့ကို သည်အတိုင်း ပစ်ထားခဲ့ကြ၍ ကုသိနာရုံသို့ လာခဲ့ကြ၏၊ ထိုမျှလောက် မဇ္ဈိမဒေသ တစ်ခွင်လုံးက နယ်ပယ်စုံမှ ရဟန်းများ အစုံအညီ လာရောက်ကြသည့် ပွဲတော်ကြီးတွင် ဘိက္ခုနီများ ပါသည်ဟု အဆိုအမိန့်မတွေ့ရပါ၊ ဘိက္ခုနီများ လုံးဝ မပါဟု မဆိုရဲသော်ငြားလည်း ဆိုလောက်စရာကျမ်းဂန် အထောက် အထားကိုတော့ သင်္ဂါယနာကိစ္စမှာ ဖြစ်၏၊ ကျွန်တော်တို့မြန်မာနိုင်ငံ အပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများ၌ ဗုဒ္ဓသာသနာတော်ကြီး အရှိန်မပျက် တိုးတက်ထွန်းကားနေခြင်းမှာ သင်္ဂါယနာတင် အရှင်မြတ်ကြီးများ၏ ကျေးဇူးကြောင့်ဖြစ်၏၊ အရှင်မြတ်ကြီးများက အချိန်မီ အခါမီ တာဝန်သိသိ ထိထိရောက်ရောက်ထိန်းသိမ်း ပေးတော်မူ ခဲ့၍သာ ပိဋကတ်ကျမ်းစာများ မူရင်းအတိုင်း တည်ရှိလာခဲ့ကြခြင်းဖြစ်၏။

သို့ရာတွင် ပထမဦးစွာ ကျင်းပခဲ့သော သင်္ဂါယနာပွဲတော်ကြီးတွင် ဘိက္ခုနီသံဃာဘက်က လုံးဝပါဝင်ခွင့် မရသည့်အပြင် ဘိက္ခုနီသံဃာ ပေါ်ပေါက်လာအောင် အကျိုးဆောင်ပေးခဲ့သည့် အရှင်အာနန္ဒာကိုပင် ဝိုင်း၍ အပြစ်တင်ခဲ့ကြပါသေးသည်။

ထို့ပြင် ဒုတိယသင်္ဂါယနာအတွက် နိုင်ငံခြားမှ ကြွလာကြသည့် ဓမ္မဝါဒီ သံဃာတော်များကို ကာလာသောကမင်းက အဓမ္မဝါဒီ ရဟန်းများ ၏ တိုက်တွန်းချက်ဖြင့် လမ်းမှဆီးကြို၍ သတ်ဖြတ်ရန် စစ်သည်ဗိုလ်ပါများ စေလွှတ်ခဲ့၏၊ ဤတွင် ကာလာသောကမင်း၏ နှမတော် ရဟန္တာ နန္ဒာထေရီက အချိန်မီ တားဆီးခဲ့ရ၏၊ သို့ရာတွင် နန္ဒာထေရီသည် ဘိက္ခုသံဃာ၏ ဒုတိယသင်္ဂါယနာ၌ ပါဝင်ခွင့်မရခဲ့ပါ။



တတိယ သင်္ဂါယနာနှင့် ဆက်စပ်၍ သယ် မိတ္တာထေရီ၏ အကြောင်းကို တစ်စိတ်တစ်ပိုင်း သိခွင့်ရသော်ငြားလည်း တတိယသင်္ဂါယနာမှာတော့ ပါဝင်ခွင့်မရခဲ့ပါ။

ဤသို့အားဖြင့် ဘိက္ခုနီသံဃာ ပေါ်ပေါက်လာချိန်မှစ၍ ခြံငုံသုံးသပ်ကြည့်သော် မယ်တော်ကြီး ဂေါတမီတို့အစုလိုက် အပြုံလိုက် ပရိနိဗ္ဗာန် ပြုတော်မူပြီးသည့်နောက်တွင် ဘိက္ခုနီသံဃာသည် အရေအတွက်ရော အရှိန်အဝါပါ နည်းပါးသွားဟန်တူပါသည်၊ ထိုအနေတွင် ဘိက္ခုသံဃာ နှင့် ဒကာ ဒကာမ နှစ်ဌာနလုံးက လုံလောက်သည့် ထောက်ခံ အားပေးမှု မရရှိသဖြင့် တစ်စထက် တစ်စ အားနည်းလာကာ သာသနာနှစ် ငါးရာခန့်တွင် ဘိက္ခုနီသံဃာကွယ်ပျောက်ခဲ့ရသည်ဟု မှန်းဆရပါသည်။



ယခုလက်ရှိ သာသနာနွယ်ဝင် သီလရှင်များသည် ဘိက္ခုနီသံဃာများထံမှ တိုက်ရိုက် အားဖြင့် ဆင်းသက်လာသည်ဟု မဆိုနိုင်ပါ။ ဘိက္ခုနီ သံဃာက သိမ်ထဲမှာဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းခံပေးခြင်းကို မခံယူခဲ့ကြရပါ၊ သို့ရာတွင် သီလရှင်များသည် ဘုရားရှင်လက်ထက်က အထင်ကရရှိလာခဲ့သောဘိက္ခုနီသံဃာ၏ သာသနာ ပြု လုပ်ငန်းတို့ကိုတော့ ဆက်ခံနိုင်ကြပါပေသည်၊ ဘိက္ခုနီ ပါတိမောက်လာ သိက္ခာပုဒ်အားလုံးကို ကျင်းသုံးမရနိုင်ကြသော်ငြားလည်း ရနိုင်သမျှကိုတော့ ကျင့်သုံးနိုင်ကြပါသည်။

ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရာကြီး လက်ထက် ခပ်စောစောပိုင်းတုန်းက ရဟန်းဘောင်မတက်နိုင်သည့် ယောကျ်ားများကို ရသေ့ ဝတ်ပေးခဲ့သဖြင့် ဝေဖန်တိုက်ခိုက်မှုများ ပေါ်ထွက်ခဲ့ရ၏။ ဤတွင် မိုးညှင်းဆရာတော်ဘုရားကြီးက သိမ်ထဲမှာ ကမ္မဝါဖတ်၍ ရဟန်းမခံနိုင်သူများအတွက် မြတ်နိုင်သလောက် မြတ်ကြပါစေ၊ မြင့်နိုင်သလောက် မြင့်ကြပါစေ ဤသို့သော သဘောထားဖြင့် ရသေ့ဝတ်ပေးရပါကြောင်း ဖြေရှင်းတော်မူခဲ့ရပေသည်။

ထို့အတူပင် မြန်မာနိုင်ငံ တစ်ဝန်းလုံးက သီလရှင်ဆရာကြီး၊ ဆရာလေးများသည်လည်း ဘုရားသာသနာတော်ကြီးနှင့် ကြုံကြိုက်ဆဲတွင် ဘိက္ခုနီတို့၏ အသွင်အပြင်ရနိုင်သလောက် ရအောင် ယူထားကြပါသည်၊ သိမ်ဝင်ခွင့်၊ ကမ္မဝါဖတ်ခွင့် မရကြသော်လည်း သာသနာတော်ကြီး အတွင်းပိုင်းသို့ ဝင်နိုင်ခွင့်ရှိသလောက် ဝင်နေကြပါသည်၊ မြင့်နိုင်သလောက် မြင့်အောင် မြတ်နိုင်သလောက် မြတ်အောင် ကြိုးစားလျက် ရှိနေကြပါသည်။

ထို့ပြင် ဘုရားလက်ထက်တော်တုန်းက ဘိက္ခုနီများကဲ့သို့ပင်သီလရှင်များမှာလည်း ရဟန်းသာမဏေများနှင့် နှိုင်းစာကြည့်ပါက အားပေးမှု၊ ချီးမြှောက်မှု နည်းနေပါသည်၊ ပါရမီရှင် တိုက်တည်၊ ချောင်တည် ဆရာကြီးအချို့မှလွဲ၍ အများစုသော သီလရှင်များမှာ ရနိုင်သလောက် အထောက်အပံ့ကလေးများကို အမှီပြုကာ ပရိယတ် ပဋိပတ်တာဝန်များကို ထမ်းဆောင်လျက် ရှိကြပါပေသည်၊ သီလရှင်ဆရာကြီးများ၊ ဆရာလေးများ၏ ထက်သန်လှစွာသော သဒ္ဓါတရား နှင့် အားကောင်းလှစွာသော သာသနာပြုစိတ်ဓာတ်ကို ဤဆောင်းပါးဖြင့် အလေးအမြတ် ပြုပါ၏။ ဂုဏ်ပြုပါ၏။ သာဓု ခေါ်ပါ၏။

ဝဏ္ဏသိရိ

----------

# လယ်တီဓမ္မသာက ၏ အဘိဓမ္မာရောင်စဉ်တန်းများ

## ဦးမာကျော်(လယ်တီ)



### (၁) ပရမတ္ထသံခိပ်ကျမ်းကြီး စတင်ပေါ်ပေါက်လာခြင်း

အချိန်အခါက ၁၂၆၅-ခု၊ သကြံန်ရက်တွင်း အခါသမယ။ ရောက်ရှိနေကြသည်က လယ်တီတောရ၊ ရောက်ရှိနေသူများက မုံရွာမြို့ထဲက ဥပုသ်သည်သာဝကများ။ ထိုသာဝကကြီးများ ထဲမှာ ဆရာတော်ကြီး ဟောပြောပြသသောအဘိဓမ္မာ တရားတော်များကို လွယ်လွယ်ကူကူနှင့် နားလည်သဘောပေါက်နိုင်ရန် အခြေခံအဘိဓမ္မာ စာပေများကို လေ့လာသင်ကြားလိုသူ ဒါယကာတစ်ဦး လည်းပါလာသည်။

ထိုဒါယကာတစ်စုက ဆရာတော်ကြီးအား ဖူးတွေ့ရလျှင်ဖူးတွေ့ခြင်း "ဆရာတော်ကြီးဘုရား၊ တပည့်တော်တို့ကြားနာကြရတဲ့ အဘိဓမ္မာတရားများကို ယခုထက်ပို၍ လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ရန် အခြေခံအဘိဓမ္မာစာပေများကို သင်ယူလိုပါသည်ဘုရား"လို့ လျှောက်ထားကြသည်။

ထိုအခါ ဆရာတော်ကြီးက ဟောသမျှ၊ ပြောသမျှအဘိဓမ္မာတရားများကို ရေရေလည်လည် သဘောပေါက်လိုကြလျှင် အရင်အနုရုဒ္ဓါ

မထေရ်မြတ်ရေးသားအပ်သော သဒ္ဒါပြုဟ်ကျမ်းကိုဦးစွာလေ့လာသင်ယူကြရမည်၊ ထိုကျမ်းကို ကျေပွန်မှသာ အဘိဓမ္မာတရားတော်များကို ရေလည်စွာကြားနာ သင်ယူနိုင်ကြမည်ဟု အမိန့်ရှိခဲ့ပါ သည်။

"ဆရာတော်ကြီးဘုရား၊ ထိုကျမ်းမှာ ပါဠိဘာသာဖြင့်ရေးသားထား၍ ပါဠိဘာသာ မတတ်ကျွမ်းသူ တပည့်တော်များအတွက် သိနားလည် ရန်ခဲယဉ်းနေပါသည်ဘုရား"လို့ သွက်လက်ချက်ချာပုံရသော ဒကာကြီးတစ်ဦးက လျှောက်ထားပြန်သည်။

"ဒီလိုဆိုလျှင် ငါကတို့သဒ္ဒါပြုဟ်ကျမ်းကိုအကျဉ်းအားဖြင့် နှုတ်ငုံဆောင်ထားနိုင်စေရန် သံပေါက်လင်္ကာအသွင်ဖြင့် ရေးဖွဲ့ပေးမည် ဒကာတို့က နှုတ်တက်အာဂုံရအောင် ကြိုးစား ကျက်မှတ်ကြ၊ မရှင်းမလင်းသောအချက်များ နှင့်အကျယ်သိရန်လိုသည့် သဘောအဓိပ္ပာယ်တို့ကို ဦးပဏ္ဍိတနှင့် ဦးကိတ္တိတို့က ရှင်းပြ သင်ပြလိမ့်မည် မှတ်သားနာယူကြ"လို့ ဆရာတော်ကြီးက မိန့်မှာပါသည်။

ဆရာတော်ကြီးသည် ထိုအချိန်မှစပြီး သံပေါက်လင်္ကာ (၆၆၀)ပါဝင်သော ပရမတ္ထသံခိပ်ကျမ်းကို ရေးသားခဲ့ရာ ၁၂၆၅-ခု၊ ကဆုန်လတွင် ရေးသားပြီးစီးခဲ့ပါသည်။ ကျမ်းဦးအစတွင် ဆရာတော်ကြီးက "သဒ္ဒါပြုဟ်ဉာဏ်လောက်၊ အမြန်ရောက်၊ သံပေါက်ဆိုပိမ့်သိ"ဟု ဆိုထားသည့် အတိုင်း သံပေါက်လင်္ကာတို့ကို သင်ကြားလေ့လာကျက်မှတ်ထား ရုံမျှဖြင့် သဒ္ဒါပြုဟ်ကိုးပိုင်းနှင့် ဆက်စပ်သော အသိဉာဏ်များ ရရှိနိုင်မည်မှာ သေချာပါသည်။

## (၂) ပရမတ္ထသံခိပ်အသင်းများဖွဲ့စည်း၍ သံခိပ်စာမေးပွဲများကျင်းပကြခြင်း

၁၂၆၇-ခုနှစ်သို့ရောက်သော် ပရမတ္ထသံခိပ်ကျမ်းကို ရိုက်နှိပ်၍မြန်မာပြည်အနှံ့ ဖြန့်ချိလိုက်သောအခါ သံခိပ်ရွတ်ဆိုသံ၊ ကျက်မှတ်သံများသောသောသည်သွားသည်။ စာအုပ်၏မျက်နှာဖုံးမှာလည်း "သဒ္ဒါပြုဟ်ပါဠိကိုမလေ့လာပဲ အကျဉ်းသံပေါက်လင်္ကာမျှဖြင့် ကျနတတ်မြောက် ပေါက်ရောက်လွယ်ကူ၊ ငယ်ရွယ်နုသူတို့ပင် ၊ သင်ယူရမိ ကျေပွန်မှုရှိက အဘိဓမ္မာအရေး၊ ဉာဏ်ကြွယ်ဒွေးနိုင်သည်"ဟု ဖော်ပြထားသဖြင့် ရဟန်းရှင်လူအပေါင်းတို့က စိတ်ဝင်စားစွာ ရှာဖွေ ဖတ်ရှုလေ့လာကြသည်။

အင်္ဂလိပ်အစိုးရလက်ထက် ၁၂၆၉-ခု၊ ဇန်နဝါရီလမှစ၍ သံခိပ်သင်းများ မြန်မာပြည်အနှံ့ဖွဲ့စည်းပေါ်ပေါက်လာကြသည်။ အဖွဲ့အသင်းတိုင်းမှာလည်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ငွေထိန်း၊ စာရင်းစစ်များအပြင် သင်တန်းဆရာများလည်းပါဝင်လာရသည်။ အသင်းဝင်များကို သင်တန်းပို့ချပေးခြင်း၊ စာမေးပွဲများအဆင့်ခွဲ၍ နှစ်စဉ်ကျင်းပပေးခြင်းကိစ္စများကို ဖော်ပြပါအသင်းများ ကဆောင်ရွက်ပေးကြသည်။ ထိုအချိန်က အသင်းဝင်ပေါင်း (၃)သိန်းခန့်ရှိသည်ဟု မှတ်သားရပါသည်။ သို့သော် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းချိန်ကာလနှင့် လွတ်လပ်ရေးရပြီးခေတ်ကာလများတွင် မြန်မာပြည်အနှံ့ သံခိပ်ကျက်မှတ်သံများ မှေးမှိန်လာခဲ့သည်။

## (၃) မုံရွာမြို့တွင် သံခိပ်စာမေးပွဲ ပြန်လည်သက်ဝင်လှုပ်ရှားလာခြင်း

၁၃၄၁-ခု၊ (၁၉၇၉)ခုနှစ်ရောက်ခါမှ သံခိပ်သမိုင်းစတင်ရာ မုံရွာမြို့မှာ သံခိပ်စာမေးပွဲကြီးပြန်လည်ပေါ်ပေါက်လာရန် အကြောင်းဖန်လာသည်။ တစ်နေ့တွင် ရန်ကုန်မှရောက်ရှိလာ သောလယ်တီသာဝကကြီးများနှင့် မဟာလယ်တီ အဋ္ဌမပဓာနနာယကဆရာတော် ဦးဣန္ဒက၊ ယခု နဝမပဓာနနာယကဆရာတော် ဦးကေလာသတို့သည် သီတဂူတိုက်ကျောင်းမှာ ဆုံမိကြသည် စကားဝိုင်းတွင် ကြီးမားကျယ်ပြန့်လှသော လယ်တီစာပေနယ်ကြီး ဆက်လက်ရှင်သန်၍




တည်တံ့ ပြန့်ပွားရန် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ဆွေးနွေးချက်များထဲတွင် ပရမတ္ထသံခိပ်စာမေးပွဲနှင့် စာမေးပွဲများ ပြန်လည်ရှင်သန် ပေါ်ပေါက်လာရေးလည်းပါဝင်သည်။

ထိုဆွေးနွေးချက်များ၏ ရလဒ်အဖြစ် ၁၃၄၂-ခုနှစ်တွင် လယ်တီနိကာယ ဆရာတော်ကြီးများက ဦးဆောင် ဦးရွက်ပြုပြီး မုံရွာမြို့မှ မြို့မိမြို့ဖကြီးများပါဝင်သော သံခိပ်စာမေးပွဲ ဖြစ်မြောက်ရေးအဖွဲ့ကြီးကို ဖွဲ့နိုင်ခဲ့ကြပါသည်။ စာမေးပွဲစတင်ကျင်းပသောနှစ်တွင် ဂုဏ်ထူးတန်းဖြေဆိုသူများ မရှိသော်လည်း ရိုးရိုးတန်း ပထမဆင့်တွင် (၄၇၅)ဦး၊ ဒုတိယဆင့်တွင် (၂၀၀)ဦး၊ တတိယဆင့်တွင် (၁၀၃)ဦး ဝင်ရောက် ဖြေဆိုကြကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

ယင်းပထမအကြိမ်စာမေးပွဲမှစ၍ သတ္တမအကြိမ် (၁၃၄၈)-ခုအထိ စဉ်တိုက်ဆက်တိုက် ကျင်းပနိုင်ပါသည်။ ၁၃၄၉-၅၀-တွင် ကျင်းပမည့်စာမေးပွဲကိုမူ ပေါ်ပေါက်လာသော အရေးအခင်းကြောင့် မကျင်းပနိုင်ခဲ့ပါ၊ ၁၃၅၁-ခုနှစ်ရောက်မှ အဋ္ဌမအကြိမ်စာမေးပွဲကို ဆက်လက်ကျင်းပလာခဲ့ရာ လွန်ခဲ့သော ၁၃၇၀-ခု (၂၈)ကြိမ်မြောက် စာမေးပွဲသို့တိုင်ခဲ့လေပြီ။

ထို (၂၈)ကြိမ်စာမေးပွဲအထိ (က)ဂုဏ်ထူးတန်းအဆင့်တွင် အောင်မြင်သူပေါင်း (၂၀၂)ဦး၊ (ခ)ရိုးရိုးတန်း အဆင့်တွင် အောင်မြင်သူ (၈၂၂၉)ဦး ရှိခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များကို နှစ်စဉ် စာအောင်လက်မှတ်နှင့် စာအောင် ဆုငွေများကိုထိုက်ထိုက်တန်တန် ချီးမြှင့်နိုင်ခဲ့ပါသည်။

### (၄) ထူးချွန်ထင်ရှား မေဓာသက၏ သမီး ငယ်များ

အထက်ပါရိုးရိုးတန်း အောင်မြင်ခဲ့ကြသူ (၈၂၂၉)ဦးတွင် မေဓာသကသီလရှင် စာသင်တိုက်မှလည်း နှစ်စဉ်အောင်မြင်သူများ ပါရှိခဲ့ပါသည်။ သို့သော် မေဓာသက၏ရာပြည့်အချိန်အခါတွင် ထူးချွန်ထင်ရှား အောင်မြင်ခဲ့ကြသူများကို မှတ်တမ်းတင်နိုင်ရန် စာရင်းပြုစုသောအခါ ၁၃၅၃-ခု (၁၀)ကြိမ်မြောက် စာမေးပွဲမှ (၂၈)ကြိမ်မြောက် စာမေးပွဲအထိ (၁၉)နှစ်တာ ကာလအတွင်း စာရင်းများကိုသာ ရှာဖွေရရှိနိုင်ခဲ့ပါသည်။ သို့ပါ၍ (၁၉)နှစ်တာကာလအတွင်း မေဓာသကစာသင်တိုက်မှ ထူးချွန်ထင်ရှား တပည့်ငယ် (၂၃)ဦး၏ စာရင်းကိုသာ ဂုဏ်ပြုမှတ်တမ်း တင်လိုက်ပါသည်။

၁။ မပုညာဝရီ-၁၃၅၃-ခု၊ ရိုးရိုးတန်း ပထမအဆင့်အောင်မြင်သူ (၁၂၁)ဦးတွင် **<u>တတိယ</u>** အမှတ်အများဆုံးဆုကို ရရှိခဲ့ပါသည်။

၂။ မစရဝတီ-၁၃၅၄-ခု၊ ပထမအဆင့်အောင်မြင်သူ (၁၃၃)ဦးထဲတွင် **<u>တတိယ</u>** အမှတ် အများဆုံးဆုကို ရရှိခဲ့ပါသည်။

၃။ မမေလာ-၁၃၅၅-ခု၊ ပထမ အဆင့်အောင်မြင်သူ (၁၁၃)ဦးတွင် **<u>ဒုတိယ</u>** အမှတ်အများဆုံးဆုနှင့် နှစ်ချင်း(ပ-ဒု-တ) သုံးဆင့်အောင်သူများထဲတွင် အမှတ်အများဆုံး **<u>တတိယ</u>** ဆုကို ရရှိခဲ့ပါသည်။

၄။ မအဋ္ဌန-၁၃၅၅-ခု၊ ပထမအဆင့်အောင်မြင်သူ (၁၁၃)ဦးထဲမှာ အမှတ်အများဆုံး **<u>တတိယ</u>** ဆုကို ရရှိခဲ့ပါသည်။

၅။ မဓမ္မသီ-၁၃၅၇-ခု၊ နှစ်ချင်း (ပ-ဒု-တ)သုံးဆင့်အောင်သူများထဲမှာ အမှတ်အများ ဆုံး **ဒုတိယ** ဆုကို ရရှိခဲ့ပါသည်။

၆။ မက္ကန္ဒာသီရိ-၁၃၅၇-ခု၊ ဒုတိယဆင့် အောင် (၆၄)ဦးတွင် **ပထမ** အမှတ်အများဆုံးဆုရရှိခဲ့ပါသည်။

၇။ မဟေမာသီရိ-၁၃၅၈-ခု၊ (တ)ဆင့် အောင် (၄၄)ဦးတွင် အမှတ်အများဆုံး **ပထမ** ဆုရရှိခဲ့ပါသည်။

၈။ မဝိဇ္ဇေသီ-၁၃၅၉-ခု၊ နှစ်ချင်း သုံးဆင့် အောင်သူများတွင် **ပထမ**ဆုနှင့် (တ) ဆင့် အောင်သူ (၄၂)ဦးတွင် **ပထမ** အမှတ်အများဆုံး ဆုကို ရရှိခဲ့ပါသည်။

၉။ မရူပစန္ဒီ-၁၃၅၉-ခု၊ နှစ်ချင်း သုံးဆင့် အောင် **ဒုတိယ** အမှတ်အများဆုံးဆုကို ရရှိခဲ့ပါသည်။

၁၀။ မဥမ္မာသီ-၁၃၆၀-ခု၊ နှစ်ချင်းသုံးဆင့် အောင်**ပထမ**အမှတ်အများဆုံးဆုနှင့် ရိုးရိုး တန်း (တ)ဆင့် (၆၈)ဦးတွင် **ပထမ** ဆုများကို ရရှိခဲ့ပါသည်။

၁၁။ မဇစန္ဒာ-၁၃၆၀-ခု၊ ရိုးရိုး (ဒု)ဆင့် အောင် (၇၂)ဦးတွင် အမှတ်အများဆုံး **ပထမ** ဆုကို ရရှိခဲ့သည်။

၁၂။ မဝရဉာဏီ-၁၃၆၀-ခု၊ ရိုးရိုးတန်း (ဒု) ဆင့်တွင် အမှတ်အများဆုံး **ဒုတိယ** ဆုကို ရရှိခဲ့သည်။

၁၃။ မပိယဝတီ-၁၃၆၀-ခု၊ ရိုးရိုးတန်း (ဒု) ဆင့်တွင် အမှတ်အများဆုံး **တတိယ** ဆု ရရှိခဲ့သည်။

၁၄။ မသီရိမာလာ-၁၃၆၂-ခု၊ ရိုးရိုး တန်း (ပ) ဆင့်အောင်သူ (၁၂၉)ဦးတွင် **ဒုတိယ** အမှတ်အများဆုံး ဆုကို ရရှိခဲ့ပါသည်။

၁၅။ မဉာဏထေရီ-၁၃၆၇-ခု၊ ရိုးရိုးတန်း (ပ)ဆင့်အောင်သူ (၁၅၇)ဦးတွင် အမှတ်အများဆုံး **ဒုတိယ** ဆုကို ရရှိခဲ့ပါသည်။

၁၆။ မဩသမ-၁၃၆၇-ခု၊ ရိုးရိုးတန်း (ဒု)ဆင့် အောင်သူ (၄၁)ဦးတွင် အမှတ်အများ ဆုံး **ပထမ** ဆုကို ရရှိခဲ့ပါသည်။

၁၇။ မစန္ဒာသီရိ-၁၃၆၇-ခု၊ ရိုးရိုးတန်း (ဒု) ဆင့်အောင်သူ (၄၁)ဦးတွင် အမှတ်အများဆုံး **တတိယ** ဆုကို ရရှိခဲ့ပါသည်။

၁၈။ မပညာနန္ဒီ-၁၃၆၇-ခု၊ (တ)ဆင့် အောင် သူများတွင် **တတိယ** အမှတ်အများဆုံး ဆုကို ရရှိခဲ့ပါသည်။

၁၉။ မဩသဓဉာဏီ-၁၃၆၈-ခု၊ (တ)ဆင့် အောင် (၄၁)ဦးတွင် **ပထမ** အမှတ် အများ ဆုံးဆုကို ရရှိခဲ့ပါသည်။

၂၀။ မဉာဏထေရီ-၁၃၆၈-ခု၊ (တ)ဆင့် အောင်သူများတွင် **ဒုတိယ** အမှတ် အများဆုံး ဆုကို ရရှိခဲ့ပါသည်။

၂၁။ မရူပစာရီ-၁၃၇၀-ခု၊ (ပ)ဆင့် အောင်သူ (၁၄၆)ဦးတွင် **ဒုတိယ** အမှတ်အများ ဆုံးဆုကို ရရှိခဲ့သည်။

၂၂။ မဒေဝီစန္ဒာ-၁၃၇၁-ခု၊ (ပ)ဆင့် အောင် သူ (၁၀၃)ဦးတွင် **ဒုတိယ** အမှတ် အများဆုံးဆုကို ရရှိခဲ့ပါသည်။

၂၃။ မဝိထေရီ-၁၃၇၁-ခု၊ (တ)ဆင့် အောင် သူ (၅၁)ဦးတွင် **ပထမ** အမှတ်အများ ဆုံးဆုကို ရရှိခဲ့ပါသည်။

ဓမ္မသကမှ အဘိဓမ္မာရောင်စဉ်တန်း များ ဆက်၍ဆက်၍ လင်းလက်နိုင်ကြပါစေ။

ဦးမာကျော် (လယ်တီ)



# ပုဂံခေတ်မှာ ဘိက္ခုနီ ရှိသလား

## ဝင်းမောင် (သမိုင်း)



သာသနာနှစ် ၅၀၀၀ ရှိတယ်လို့ ယုံကြည်ကြတယ်။ ဗုဒ္ဓသာသနာဟာ အနှစ် ၅၀၀၀ တည်တံ့မယ်လို့ဆိုကြတယ်။ တချို့က ဒီအဆိုအမိန့်ကို လက်မခံကြပါဘူး၊ သာသနာဆိုတာ ဗုဒ္ဓရဲ့ဆိုဆုံးမခြင်းကိုခေါ်တာပါ။ ဗုဒ္ဓရဲ့ဆိုဆုံးမခြင်းကို နာယူသူတို့မှာ သာသနာရှိပြီး၊ မနာယူသူတွေမှာ သာသနာ မရှိနိုင်ပါ၊ ယခု မနာယူရင် ယခု သာသနာကွယ်ပျောက်မှာပါပဲ။

အဲဒီလိုပါပဲ။ ဘိက္ခုနီဟာ သာသနာနှစ် ၁၀၀၀ (အေဒီ ၄၅၆)မှာ စတင်ပြီး ကွယ်ပျောက်သွားမယ်လို့ဆိုကြပြန်ပါတယ်။ ဆရာရဝေထွန်းကတော့ သီရိလင်္ကာမှာ ကျန်ခဲ့တဲ့အနှစ် ၅၀၀ က

တည်းက ဘိက္ခုနီကွယ်ပျောက်သွားပြီလို့ ဆိုပါတယ်။

**သာသနာနှစ် ၁၆၀၀ ကျော်**

ဒါပေမဲ့ (ပုဂံခေတ်က ဘိက္ခုနီလို့ ယူဆ ရတဲ့ သာသနာ့ဝန်ထမ်း အမျိုးသမီးတွေရဲ့ ဘွဲ့ အမည်တွေ တွေ့ ရှိရပါတယ်။ ပုဂံခေတ်က ရဟန်းတွေကို ခေါ်ဝေါ်ကြပုံက ယခုခေတ်နဲ့ မတူ ပါဘူး။

ဥပမာ--

| <u>ယခု</u> | <u>ပုဂံခေတ်</u> |
|---|---|
| သင်္ဃာ | သင် |
| မဟာထေရ | သင်ကြီ |
| ထေရ | သင်လျင် |
| သံဃာအများ | သင်အဂျာ |
| တောနေရဟန်း | သင်အရည် |
| သာမဏေ | သမန္နိယ် |

ပြီးတော့ ထေရ်ကြီး၊ ဝါကြီး ရဟန်းတွေကို ခေါ်ဝေါ်တဲ့သီးခြား အခေါ်ဝေါ်တွေလည်း ရှိပါတယ်။

ဥပမာ-

| | |
|---|---|
| ထေရ | ဖုန် မ္လတ်သော၊ မ္လတ်သော |
| သံဃာထေရ | မ္လတ်ကြီးစွာ၊ ဖုန်မ္လတ်ကြီးစွာ |
| ရဟန်းကြီး | ဆြာ |

လူဝတ်ကြောင်တွေကို ခေါ်တဲ့ အခါ ယောကျ်ားဆိုရင် င၊ ငါလို့ ရှေ့ကတပ်ခေါ်ပြီး မိန်းမဆိုရင်၊ 'အိုဝ်၊ အိုက်၊အိဝ်၊ အိန်'လို့ ရှေ့က တပ်ပြီးခေါ်ကြတယ်။

ဒီတော့ ရဟန်းအခေါ်ဝေါ်တွေကို မိန်းမ အမည်တွေရဲ့ ရှေ့မှာ တပ်ပြီး ခေါ်ဝေါ်တဲ့ အမည်တွေ ကျောက်စာထဲမှာတွေ့မြင်ရတယ်။

ဥပမာ-ဖုန်မ္လတ်သော အိဝ်ဆိတဝ်သို့င် အိဝ်ကြဲသင်-စတာတွေပါပဲ။

ပုဂံကျောက်စာတွေထဲက ရဟန်းအခေါ်နဲ့ မိန်းမအမည်တွေ တွဲစပ်ထားတဲ့ ဘွဲ့အမည်တွေ လက်လှမ်းမီသလောက် စာရင်းကောက်ကြည့်မိပါတယ်၊ ခရစ်နှစ်စဉ်ပြီး တွေ့ရှိရာဒေသနဲ့ တွဲဖက်





ဖော်ပြချင်ပါတယ်။

| ခရစ်နှစ် | ဘွဲ့အမည် | နေရာဒေသ |
|---|---|---|
| ၁၁၆၈ | သင်ကြီးအိမ်ချမ်သင် | ယင်းတော် |
| ၁၁၉၈ | သို့င်ပိမ်ယာသင် | စလေ |
| | သို့င်ယင်တာဝ် | ပုဂံ |
| | ဖုန်မ္လတ်သောအိဝ်ဆိတာဝ် | ပုဂံ |
| ၁၂၀၈ | အိဝင်ရသီ | စလေ |
| ၁၂၁၅ | သင်္ကာဓိအိမ်ကြဲသင် | ရေနံချောင်း |
| ၁၂၁၇ | သင်ကြီးအိဆုံသင် | စလေ |
| | သင်အိတောင်မုယ်သင် | စလေ |
| ၁၂၁၈ | သင်ကြီးအိုဝ်မျက်သင် | ရွှေဘို |
| ၁၂၂၄ | သင်ကြီးအိုသိသင် | မလှိုင် |
| ၁၂၄၄ | သင်ကြီးအိုဝ်လှောက်သင် | မသိ |
| ၁၂၃၂ | တစ်ကြီမင်အိုန်ဆိဉပ်နီ | ကျောက်ဆည် |
| ၁၂၆၆ | သို့င်လုံဖနိ | ပုဂံ |
| | သို့င်ပြဟ္မစရိ | ပုဂံ |
| | ဖုန်မ္လတ်သောအိုဝ်တည်သင် | မြိုင် |

ဒီစာရင်းကို ကြည့်ရင်ခရစ်နှစ် ၁၂ ရာစု ဒုတိယနှစ်ဝက်ကစပြီး ခရစ်နှစ် ၁၃ ရာစုနှစ် ကုန်ဆုံးခါနီး ပုဂံပျက်တဲ့အထိ ဘိက္ခုနီတွေကိုတွေ့နေရတာပါပဲ။ ဒီစာရင်းထဲမှာ ဖုန်မ္လတ်သော အိဝ်ဆိတာဝ်' ခရစ်နှစ်ကို ၁၁၉၈ ကစပြီး ၁၂၀၆၊ ၁၂၆၁၊ ၁၂၇၀၊ ၁၂၇၇၊ ၁၂၇၉၊ ၁၂၈၁ အထိ ကျောက်စာတွေထဲမှာ တွေ့ရပါတယ်။ 'ဖုန်မ္လတ်သော' လို့ဆိုတဲ့အတွက် ထေရ ဖြစ်ပါလိမ့်မယ်။ ဘိက္ခုနီတွေရဲ့ အကြီးအကဲဖြစ်နိုင်ပါတယ် ဖုန်မ္လတ်သောအိဝ်ဆိတာဝ်ရဲကျောင်းတိုက်က ပုဂံမှာရှိပါလိမ့်မယ်။ စလေ ဝန်းကျင် မြန်မာနိုင်ငံ အလယ်ပိုင်းမှာ ထွန်းကားတယ်။ တောကျောင်းတွေနဲ့ဆက်စပ်နေတယ်။ သိပ်ကြီးကြီး ကျယ်ကျယ်မဟုတ်နိုင်ပါ၊ ဆရာရဝေထွန်းကတော့ ဘိက္ခုနီဟာ သီဟိုဠ် (သီရိလင်္ကာ) မှာ လွန်ခဲ့တဲ့ အနှစ် ၅၀၀ ကတည်းက ကွယ်ပျောက်သွားပြီ။

ပုဂံခေတ်မှာ ဘိက္ခုနီ မရှိနိုင်ဘူး၊ တွေ့ရတဲ့ သာသနာ့ဝန်ထမ်း အမျိုးသမီးတွေဟာ ပရိဗိုဇ်မများသာဖြစ်တယ်လို့ ဆိုပါတယ်။ တရုတ် နိုင်ငံမှာ ဘိက္ခုနီတွေ တွေ့ရလို့ မဟာယာနဂိုဏ်းမှာ ဘိက္ခုနီရှိနိုင်တယ်လို့ ဆိုပေမယ့် ပုဂံခေတ်မှာ ထေရဝါဒ ထွန်းကားလို့ ဘိက္ခုနီမရှိနိုင်ဘူးလို့လဲ ဆိုပါတယ်။ ဒါပေမဲ့ မြန်မာပိုင်း ပုဂံခေတ်ရဲ့ ဗုဒ္ဓသာသနာမှာ မဟာယာန အလေ့အလာ တွေ ရောထွေးလျက်ရှိတယ်လို့ သမိုင်းပညာရှင်တွေက ဆိုကြပါတယ်။

သမိုင်းပညာရှင် ဒေါက်တာ သန်းထွန်းကတော့ ဒီဇင်ဘာ၂၀၀၀ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဟိန္ဒူတက္ကသိုလ်မှာ ဖတ်ကြားတဲ့ မြန်မာနိုင်ငံကို ဗုဒ္ဓသာသနာ ရောက်ရှိ ပြန့်ပွားလာပုံ သုတေသန စာတမ်းမှာ ဒီလို ကောက်ချက်ဆွဲထားပါတယ်။

"အရင်က ဘိက္ခုရှိသလို ဘိက္ခုနီ ရှိတယ်။ သာသနာနှစ် ၁၀၀၀-မှာ ဘိက္ခုနီမရှိတော့ဘူး ဆိုပေမယ့် မဟာယာနဝါဒီတွေမှာ ဘိက္ခုနီတွေ ရှိနေဦးမယ်။ ကျန်စစ်သား လက်ထက်မှာ သာမကေ ပုဂံပျက်စီးတဲ့အထိ ရှိနေမယ်လို့ ကျောက်စာတွေကပြနေပါတယ်။"

ဝင်းမောင် (သမိုင်း)




# ပုဂံသတင်သည်

**ဦးနီတွတ်** (သမိုင်းပါမောက္ခ)

ပုဂံခေတ်က ဘိက္ခု၊ ဘိက္ခုနီ သတင်းသည် ဆိုတဲ့ သာသနာဝန်ထမ်းတွေရဲ့အမည်တွေ့ရတဲ့ ကျောက်စာတစ်ချပ် ရှိတယ်၊ ပုဂံ၊ ဓမ္မရာဇကဘုရား ရဲ့ အနောက်မြောက်ကိုက် ၁၀၀ အကွာ ပိန္နဲဘုရား နားမှာရှိတဲ့ ငါ မ္လိုက်သင်ကျောင်းကို ၂၇-ဖေဖော်ဝါရီ ၁၂၅၄(သက္ကရာဇ် ၆၁၅၊ တပေါင်း လဆန်း(၁၀)မှာ အလုပ်အကျွေးပြုဖို့ ကျွန်အိမ်ကုံ ထံကို လှူတဲ့ ကျောက်စာပါ။ တစ်ဆယ့်သုံးနှစ် အကြာ ၇ ဧပြီ ၁၂၆၆(သက္ကရာဇ် ၆၂၈ ကဆုန် ဆန်း ၃)မှာ အိမ်ကောင်းသင်နဲ့ ငါမြိုက်သင် လင်မယားက သူတို့ဆောက်လှူတဲ့ အဲဒီကျောင်းမှာ ကျွန် ငါးယောက် ထပ်လှူပါတယ်။ ပြီးတော့ သူတို့နေတဲ့ "အိမ် ရာနဲ့အုတ်တိုက်" ကိုလည်း လှူ လိုက်ပါတယ်။ အိမ်ဝိုင်းကတောင်မြောက် ၂၆ တောင်၊ အရှေ့ အနောက် ၂၅ တောင်ရှိပါတယ်။ "ကျွန်၊ အိမ်ဝိုင်း၊ အုတ်တိုက်" ကို သူတို့ဆောက်လှူတဲ့ ကျောင်းရှိ ရတနာသုံးပါးကိုလှူတာပါတဲ့။ အဲဒီလှူဒါန်းပွဲမှာ အသိသက်သေတွေရဲ့အမည်ကို ကျောက်စာမှာ ရေးထိုးဖော်ပြခဲ့ပါတယ်။ သက်သေတွေကတော့

သွိင်လုံဖနိ--------- ၁ ယောက်
သွိင်ဖြဟ္မစာရိ------ ၁ ယောက်
သတင်သည်---- သူမိုန်သမိလင်မယာ
သတင်သည်------- အိမ်ညိုဝ်မိ
သတင်သည်--------ယန်သည်မိယာ

ခင်လတ်မိယာ------အိုမ်ကြံချင်သင်
ငါတောင်ဝယ်သင် လင်မိယာ
ဖုန်သည်ဝုတ္တုပိစည်
သိင်ကပိစည် တို့ဖြစ်ပါတယ်။

သွိုင်လုံဖနိက ဘိက္ခု၊ သွိုင်ပြဟ္မစရိက ဘိက္ခုနီ၊ ပြီးတော့မှ သတင်းသည်တွေ ဖော်ပြထားတယ်။ အဲဒီသတင်းသည်တွေကို သီလရှင်လို့ သတ်မှတ်မလား၊ စဉ်းစားကြည့်ရအောင်။

ဒီကျောက်စာထဲမှာပဲ သတင်းသည်၊ ယန်သည်၊ ဖုန်သည်၊ ကွ္လောင်သည် ဆိုပြီးတွေ့ရတယ်။ ကျွန်ငါးယောက်လှူတဲ့အထဲမှာ အိုမ်ဖုန်ဆုံသမိကွ္လောင်သည်ဆိုတဲ့ အမည်တွေ့ရတာပါ။ သတင်သည်ကိုပဲ ပြောပါမယ်။ သတင်သည် သုမိုန်သမီးလင်မယားဆိုတော့ လင်မယားနှစ် ယောက်လုံး သတင်းသည်ပါ။ သတင်သည် ယန်သည် မယားဆိုတော့ ရက်ကန်းသမားရဲ့မယားကလည်းသတင်းသည်ပါ။ ဒါဆိုရင်သတင်းသည်ရဲ့ အဆင့်အတန်း သတ်မှတ်ချက်က ဘာလဲ။သတင်းသည် (သီတင်းသည်) ဆိုတာ သီတင်းနေ့တိုင်း ဥပုသ် လာစောင့်တဲ့သူလား။ အလှူအတန်း လုပ်တဲ့ရက်က ကဆုန်လဆန်း ၃ ရက် ဆိုတော့ ဥပုသ်နေ့နဲ့ မတိုက်ပြန်ဘူး။ ဒါဆိုရင် ငမြိုက်သင် လင်မယားက ကဆုန်လဆန်း ၃ ရက်နေ့မှာ ကျွန်ငါးယောက် အိမ်ဝိုင်း၊ အိမ်(အုတ်တိုက်) ကို သူဆောက်လှူတဲ့ကျောင်းကို လှူတဲ့အခါ ဥပုသ် လာစောင့်တဲ့ ဥပုသ်သည်တွေကို သက်သေထည့် တာလို့ သတ်မှတ်လို့မရတော့ဘူး။ သတင်းသည် ဆိုတာ သီတင်းသည်၊ ဥပုသ်သီတင်းနေ့တိုင်း ဥပုသ်စောင့်သူ အဆင့်ထက်မြင့်တယ်။ ဒါဆိုရင် ဒီကျောက်စာထဲက သတင်းသည်ရဲ့ အဆင့်အတန်းကို ဘယ်လိုသတ်မှတ်မလဲ။

(၁) သတင်းသည်လို့ သတ်မှတ်ခံ ရတာ ဘုန်းကြီးကျောင်းမှာ အမြဲနေပုဂ္ဂိုလ်တွေဖြစ်လို့

(၂)သတင်းသည် လင်မယားဆိုပေမယ့် အတူမနေ၊ သတင်းသည်အမျိုးသမီးက သွိုင်ပြဟ္မစာရိနဲ့နေမယ်၊ သတင်းသည် အမျိုးသားက သွိုင်လုံဖနိနဲ့နေမယ်။

(၃)သတင်းသည်တွေဟာ ကျောင်းနေပုဂ္ဂိုလ်တွေဖြစ်လို့ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ တစ်မျိုးမျိုးကို စောင့်ထိန်းသူတွေဖြစ်မယ်။

(၄)သတင်းသည်အမျိုးသားကို ဖိုးသူတော်လို့သတ်မှတ်ရင် သတင်းသည် အမျိုးသမီးကို သီလရှင် လို့သတ်မှတ်မလား၊ ဘိက္ခုနီဝတ်မယ့် သာမဏေမလို့သတ်မှတ်မလား။ ဖိုးသူတော်ဟာ ကိုရင်(သာမဏေ) မဟုတ်ဘူး၊ ဒီလိုဆိုရင် သီလရှင် (သတင်သည်) ဟာ သာမဏေ မဖြစ်နိုင်ဘူး။

ဒါကြောင့် ပုဂံ ဓမ္မရာဇကဘုရားအနီးက ငမြိုက်သင်ကျောင်းမှာ - သတင်သည်တွေ နေထိုင်မယ်။ သူတို့ကိုအုပ်ချုပ်မယ့် သွိုင်လုံဖနိ (ဘိက္ခု)နဲ့သွိုင်ပြဟ္မစာရိ(ဘိက္ခုနီ)ရှိမယ်။ သတင်သည် အမျိုးသားတစ်ယောက်၊ အမျိုးသမီး သုံးယောက်ရှိမယ်။ ကျောင်းမှာ အမြဲနေထိုင်ကြလို့ "ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး သီလ" အနက် တစ်ခုခုကို ဆောက်တည်ကြမယ်။ သတင်းသည်ဆိုတာ မျက်မှောက်ခေတ် သီလရှင်ရဲ့ အဦးအစပုံစံလို့ သတ်မှတ်ချင်တယ်။ ဒေါက်တာသန်းထွန်း(၆ဧပြီ ၁၉၂၃-၇၀နိုဝင်ဘာ၂၀၀၅)က ၁၉၆၄မှာ သတင်သည်နဲ့ ပတ်သက်ပြီး ဒီလိုပြောပါတယ်။

လူဝတ်ကြောင်ဖြစ်သော်လည်း သီတင်းသီလမပြတ်စောင့်သူများ ရဟန်းကျောင်း၌ ရှိတတ်၏။ ထိုသူတို့ကို ဥပါသက(ပုံ၂၉၇/၂၀) သို့မဟုတ် သတင်သည် (ပုံ၉၄. က/၅၇)ဟူ၍ ခေါ်ပါသည်။ စနေသတင်သည် ကွ္လောင(ပုံ၂၉၇/ ၂၀) သို့မဟုတ်(ပုံ၉၄၊က/၄ )ဟုတွေ့ရဖူးသည်။ မည်သည့်ဂိုဏ်းဝင်များဖြစ်မည်ဟု မသိချေ။ ထိုသူမျိုးမှာ ကျောင်းဝေယျာဝစ္စကို ဆောင်ရွက်တတ်၏။ --ထေရကိုပြုစုသူကား ကပ္ပိယ(ပုံ၁၀၊ က/၁၀)ပင် ဖြစ်သည်။ ကွ္လောင်သည် (ပုံ၂၅၉/ ၃)ဟူ၍

လည်းခေါ်ပေမည်။

(သန်းထွန်း၊ ၁၉၆၄၊၁၉၆၉ ။၂၀၀)

* ဒီနေရာမှာ“စနေသတင်းသည်ကျောင်း” ဆိုတာကျောက်စာထဲမှာ -

သက်ရဇ် ၅၈၁-ခု စနေသတင်းသည် ကျောင်း ၉ ရတ္တနာ ၃ပါအာ လှူတ်မူ၏။

(ပုံ၉၄၊ က-၄၇။ ငြိမ်းမောင်၊ ၁၉၇၂၊ ပ၊၂၉၄)လို့တွေ့ရတယ်။ အဓိပ္ပါယ်က ၁၂၁၉ (၅၈၁)စနေနေ့(လရက်မသိ)မှာ သတင်းသည် ကျောင်းကို ရတနာသုံးပါအား လှူပါသတဲ့။ ဒီစာကြောင်းက နောက်မှဖြည့်ရေးထားတာ၊ အဓိပ္ပါယ်က မပြည့်စုံဘူး။ ရတနာသုံးပါးကို ရည်ရွယ်ပြီးတော့ သတင်းသည် ဝေယျာဝစ္စလုပ်ဖို့ ကျောင်းကို လှူလိုက်တာလား။ ဒါမှမဟုတ် သတင်းသည်တွေ နေတဲ့ကျောင်းကိုပဲ တစ်ခုခု လှူတာလား မသိပါ။ဒီကျောက်စာထဲမှာပါတဲ့ ရက်စွဲတွေပိုင်းကြည်တော့ ၁၁၆၅- ၁၁၉၇ (၃၂နှစ်)။ ၁၂၁၉-၁၂၃၂(၁၃နှစ်) စုစုပေါင်း ၄၅ နှစ်အတွင်းက အဖြစ်အပျက်တွေကို ရက်စွဲ ဆယ် ခုတပ်ပြီး မှတ်မိသမျှ ပြန်ရေးထိုးထားတာ။ ဒါတောင် ကြားထဲက ၁၁၉၇-၁၂၁၉(၂၂နှစ်)။ ကာလ ကွက်လပ်သဖွယ် ဖြစ်နေသေးတယ်။ ဒါကြောင့် “သတင်း သည်ကျောင်း” ဆိုတာ ဘာကို ရည်ရွယ်မှန်း မသိပါ။

ပြန်ချုပ်ပြောရရင် ပုဂံခေတ်မှာ သတင်း သည်ဆိုတဲ့ အခေါ်အဝေါ်ကို ကျောက်စာနှစ် ချုပ်(၁၂၁၉။၁၂၆၆)မှာပဲ တွေ့ရတယ်။ ဓမ္မရာဇက ဘုရားအနောက်မြောက်ရှိ ငမြိုက်သင် ကျောက ရတနာသုံးပါးကို ကျွန်အိမ်၊ အိမ်ဝိုင်း တွေ ငမြိုက်သင်လင်မယားက လှူဒါန်းတာ ၁၂၆၆ပါ။ အဲဒီလိုလှူတာကို သိကြပါတယ် ဆိုတဲ့ သက်သေ တွေမှာ ဘိက္ခု၊ ဘိက္ခုနီ၊ သတင်းသည် တွေပါတယ်။ အဲဒီ သတင်းသည်ရဲ့ အဆင့် အတန်းဟာ သာမန် ဥပုသ်သည် အဆင့်မဟုတ် ခုခေတ် သီလရှင်တွေရဲ့ အဦးအစပုံစံလို ထင်တယ်။ ပုဂံခေတ်မှာ သတင်းသည်၊ အင်းဝ ခေတ်မှ ကုန်းဘောင်ခေတ် လယ်ထိ သီတင်းသုံး၊ (ရဝေထွန်း၊ ၁၉၇၈၊ ၁၆၃-၁၆၅)၊ ၁၈၅၃၊ ၁၉၁၅ ကာလသီလသည်၊ ၁၉၁၅ နောက်ပိုင်း သီလရှင် လို့အဆင့်ဆင့်ပြောင်းလဲခေါ် ဝေါ်လာပုံကို ဆရာတော် ရွှေကိုင်းသားနဲ့ ရဝေထွန်းတို့ ၁၉၆၅ထည်းကရှင်းပြခဲ့ပြီးပါပြီ။ မယ်သီလ၊ သွပ္ပယိုလို့ ရေးဖွဲ့ ခေါ်ဝေါ်တာ လဲရှိပါသတဲ့။ ဘာပဲပြောပြော ပုဂံခေတ်က သတင်း သည်(၁၂၆၆)ဟာ သီလရှင်ရဲ့ အစောဆုံး အမည် သတ်မှတ်ချက်လို့ပြောရင် ရမလား။

နီတွတ်

သမိုင်း ပါမောက္ခ

ဆက်လက် လေ့လာလိုသူများအတွက် ကျမ်းညွှန်း-


၁။ ငြိမ်းမောင်၊ ၁၉၇၂ ရှေးဟောင်း မြန်မာကျောက်စာများ၊ ပထမတွဲ၊ ရန်ကုန်၊ ရှေးဟောင်း သုတေသန ဦးစီးဌာန၊ ၁၉၄၊ တိုင်း ရင်းမှတ်ပုံ၊ ၉၄- ၄၇

၂။ ငြိမ်းမောင်၊ ၁၉၈၃ ရှေးဟောင်း မြန်မာကျောက်စာများ၊ တတိယတွဲ ရန်ကုန်၊ ရှေးဟောင်း သုတေသန ဦးစီးဌာန၊ ၂၅ တိုင်းရင်းမှတ်ပုံ၊ ၂၁၄/ခ

၃။ သန်းထွန်း ၁၉၆၄၊ 'ခေတ်ဟောင်း မြန်မာရာဇဝင်၊ ရန်ကုန်၊ မဟာဒဂုံ၊ ၁၈၈- ၁၈၉။ ၂၀၀။

၄။ ရဝေထွန်း၊ ၁၉၆၅၊ ၁၉၇၈၊ ဘိက္ခုနီ သာသနာနှင့် သီလရှင်သမိုင်း၊ ရန်ကုန်၊ ရွှေတည်း စာပေတိုက်။



# သီလ သီလရှင် ဥစ္စာအမျိုးမျိုး

အောင်နိုင်မောင်(မုံရွာ)

မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီး၏ "တိုက်တည်သက် ရာပြည့်ပွဲတော်ကြီး"ကို အမှီပြု ထုတ်ဝေမည့် ရာပြည့် စာစောင်အတွက် စာမူတောင်းခံသည့် လက်ကမ်းကြော်ငြာကို တွေ့ရှိသောအခါ ကျွန်တော်သည် လယ်တီဆိုသည့် အသိကြောင့် ပထမဦးစွာ အဖေ့စာအုပ်စင်မှ ကျေးဇူးတော်ရှင် မဟာလယ်တီဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ ဒီပနီကို အမှတ်ရဖြစ်ပါသည်။

ထို ဒီပနီကျမ်းမှာ ပထမ လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသည့်၊ ကျမ်းပေါင်းများစွာအနက်မှ ကျွန်တော် ပထမဆုံး ထိတွေ့ခဲ့သော ဒီပနီဖြစ်ပါသည်။ ထိုဒီပနီကြောင့်ပင် ကျွန်တော်သည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ပိဋကတ်သုံးပုံထဲမှာ အဘိဓမ္မာသည် အသိဉာဏ်ကို နှိုးဆွပေးသောကြောင့် ပို၍နှစ်သက် စွဲလမ်းခဲ့ရပါသည်။

တစ်ဖန် ကျွန်တော် တောင်ကြီး ကောလိပ်သို့ သိပ္ပံဘာသာတွဲ ကျောင်းသားအဖြစ် သွားရောက်ပြီး အောင်မြတ်ဆောင်(၉)တွင် အခြား ဝိဇ္ဇာဘာသာတွဲကျောင်းသားတို့နှင့် အတူတွဲ၍ အဆောင်ကျောင်းသားအဖြစ်နေရပါသည်၊ သူတို့ ယူသောဘာသာတွဲတွင် logic ခေါ် ယုတ္တိဗေဒ ပါပါသည်။ ကျီးကန်းတိုင်းသည် မည်းသည်ဆိုသော အဆို၊ ပန်းတိုင်းသည် မွှေးသည်ဆိုသော အဆိုတို့ကို ယုတ္တိဗေဒနည်းဖြင့် ချဉ်းကပ်ထားသော သင်ခန်းစာတို့မှာ ထူးဆန်း၍ စိတ်ဝင်စားစရာ ကောင်းပါသည်။ အခြားသော ယုတ္တိဗေဒနည်းဖြင့် ချဉ်းကပ်ထားသော အဆိုတို့မှာ စိတ်ဝင် စားစရာကောင်းသော်လည်း စာလေးမည်စိုး၍ ချန်ခဲ့ပါမည်။ ဤ(၂) ချက်ဖြင့် ကျွန်တော်သည် မိမိ သင်ယူနေသော လက်တွေ့ကျသည့် သိပ္ပံဘာသာထက် အသိဉာဏ်ကို ဖွင့်ဖြိုးအားပေးသော ဝိဇ္ဇာပညာရပ်ကို စိတ်ဝင်စားခဲ့ပါသည်။

ဤနည်းဖြင့် ဝိဇ္ဇာကို စိတ်ဝင်စားရာမှ ဆရာဦးဆန်းလွင်ပြုစုသည့် ဆိုကရေးတီး၊ ပလေတို၊ အရစ္စတိုတယ်၊ ဟေဂယ်၊ ကားလမတ်၊ ယန်ပေါ ဆက်၊ ဘာထရန်ရပ်ဆဲလ်စသော အနောက်တိုင်းတွေးခေါ် ပညာရှင်ကြီးများ၊ မိခေလ်ဘာကူနင်၊ ဘယ်လင်စကီး စသည့် ရုရှားတွေးခေါ် ပညာရှင်များ၊ ကွန်ဖြူးရှပ်၊ မိုင်စီးယပ်၊ လောင်ဇူး၊ ချောင်ဇူး၊ မင်ဇူး စသည့် တရုတ်တွေးခေါ် ပညာရှင်ကြီး များကို စိတ်ဝင်စားကာ ၎င်းစာအုပ်များ ဝယ်ယူ သိမ်းဆည်းခဲ့ပါသည်။ဆိုရလျှင် လယ်တီဆရာတော်ဘုရားကြီး ပြုစုခဲ့သည့် ပဋိစ္စသမုပ္ပါဒ ဒီပနီကို စိတ်ဝင်စားခဲ့ရာမှ အစပြုပါသည်။

ကျွန်တော့်အနေဖြင့် ယခု သီလ၊ သီလရှင်၊ ဥပုသ် အမျိုးမျိုး ဆောင်းပါးအတွက် နိဒါန်းပျိုးနေခြင်းမှာ သိမှုဝိဇ္ဇာကို ပြောလို၍ ဖြစ်ပါသည်။ ဓမ္မသက သီလရှင်စာသင်တိုက်ကြီး၏ လက်ကမ်းစာစောင်တွင် "အချို့ဂုဏ်ပြုစာစောင်တွင် ဂုဏ်ပြုခံပုဂ္ဂိုလ်၏ အကြောင်းအရာကိုသာ ဝိုင်းဝန်းမြှောက်ကော် ပူဇော်ရေးသားကြသဖြင့် သာသနာအတွက် အကျိုးမပြုဘဲ တစ်ခါသုံး တစ် ပွဲတိုးပုံမျိုးဖြစ်သွားကြသည်။ယခုစာစောင်ကို တစ်ပွဲတိုး တစ်ခါသုံး စာစောင် မဖြစ်စေလိုပါ၊ သုတေသီများ၊ ပညာရှင်များ၊ နောင်လာ နောင်သားများအတွက်လည်းကောင်း၊ အမျိုးဘာသာ သာသနာ အတွက်လည်းကောင်း၊ အကြောင်းအရာစုံ၊ ကဏ္ဍမျိုးစုံ၊ ရသမျိုးစုံဖြင့် သာသနာ့ ကျက်သရေကို ဆောင်၍ ရေရှည်အကျိုးပြုနိုင်သည့် အရည်အသွေး ပြည့်ဝသော စာစောင်မျိုး ဖြစ်စေချင်ပါသည်။ အထူးသဖြင့် ပညာရှိသူတော်ကောင်းတို့ အကဲ့ရဲ့လွတ်သော တစ်သက်တာ စိတ်ဓာတ် အာဟာရဖြစ်စေနိုင်သည့် သာသနာ့ အကျိုးပြု စာစောင်မျိုးဖြင့် တပည့်သာဝက ဒါယကာ ဒါယိကာမများကို ပံ့ပိုး ကျေးဇူးဆပ်လိုပါသည်၊ လက်ဆင့်ကမ်း တာဝန် ကျေသွားလိုပါသည်"ဟု ဥဒါန်း စကား ဆိုထားပါသည်။

အမှန်ကိုဝန်ခံရလျှင် ထုတ်ဝေမည့် စာစောင်၏ ရည်ရွယ်ချက် ကောင်းမွန်မှုကြောင့် ဤသီလ,သီလရှင်,ဥပုသ်အမျိုးမျိုး ဆောင်းပါးကို ရေးဖြစ်ပါသည်၊ ကျွန်တော့်အနေဖြင့် ဝိဇ္ဇာပညာရပ်နှင့် ပတ်သက်၍၊ တစ်နည်းအားဖြင့် တွေးခေါ်မြော်မြင်မှုနှင့် ပတ်သက်၍ မိမိ၏စိတ်ဝင်စားမှုကို ပထမ ပြောခဲ့ပါသည်၊ ဒုတိယအနေဖြင့်မူ နာမပညတ်(သို့) ဝေါဟာရ၏နှီးနွယ်မှုကို ပြောလိုပါ သည်။ ဓမ္မသက သီလရှင်စာသင်တိုက်တွင် "သီလရှင်" ဆိုသည့် နာမပညတ်ချက်ကို သီလစောင့် ထိန်းသူအဖြစ်မြင်ပါသည်။ တစ်နည်း ပြောရလျှင် စောင့်ထိန်းရမည့်သီလကို ရှင်သန်အောင် ပြုသူ-ဟု ဆိုသော်ရနိုင်ကောင်းပါသည်၊ ဗုဒ္ဓဘာသာဝင်တိုင်း ဥပုသ်ဆောက်တည်ကြရာတွင် ပါဝင်သော ငါးပါး, ရှစ်ပါး, ကိုးပါး သီလများမှာ အများသူငါ တို့နှင့် မစိမ်းသဖြင့် သီလဟူသော ဝေါဟာရသည် အကျွမ်းတဝင်ဖြစ်ပြီးသား ဖြစ်ပါသည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်တို့မှာ လပြည့်, လကွယ်, ဆန်း(၈)၊ ဆုတ်(၈) ရက် များတွင် ဥပုသ်သီလ ဆောက်တည်လေ့ ရှိကြ ပါသည်။ ယခုဆောင်းပါးတွင် ဆရာဆန်းလွင် ရေးသားသည့် "ထေရဝါဒ အုတ်မြစ်များ အဖွင့်" ကျမ်းတွင်ပါသည့် ဥပုသ်အမျိုးမျိုးကို သာမန် ဗုဒ္ဓဘာသာဝင် များပင် မသိသေးသည့် အချက်များပါရှိနေသောကြောင့် သိလာစေရန် ရည်သန်၍ ဤဆောင်းပါးကို ရေးဖြစ်ပါသည်။တစ်နည်းအားဖြင့် ကျွန်တော့် ဆောင်းပါးကို ဆရာကြီး ဆရာလေးတို့၏ အာသီသဖြစ်သော တစ်ပွဲတိုး တစ်ခါသုံး စာမူမဖြစ်စေရန် ရည်သန်ထားပါသည်။

မိမိအကိုးအကားပြုသော ဆရာဆန်းလွင်၏ ဥပုသ်အမျိုးမျိုးတွင် ဆရာဆန်းလွင်က ကျမ်းကိုးစာရင်း မဖော်ပြ၍ မည်သည့်ကျမ်းတွင် ပါဝင် သည်ကို သေချာ ဂဃနဏ မပြောနိုင်သော်လည်း အခြားဘာသာအယူဝါဒမှ ဗုဒ္ဓဘာသာ အယူဝါဒကို စေ့ငုသေချာစွာ လေ့လာလိုက်စားပြီး ကြည်ညိုသဒ္ဓါပွားခဲ့သူ ဆရာဆန်းလွင်အနေဖြင့် ကျမ်းဂန်မှလွတ်သော စကားကိုဆိုမည် မဟုတ်ပါ။ တစ်ချက်စဉ်းစားလျှင်လည်း နောင်တွင် မိုးကုတ် ဆရာတော်ဘုရားကြီး၏ နည်းနာခံယူ၍ တရားကျင့်ကြံ အားထုတ်နေသော ကမ္မဋ္ဌာနာစရိယ ရဟန်းတစ်ဦးဖြစ်သည့် ဆရာဦးဆန်းလွင်၏ အသိဉာဏ်တွင်



အကိုးအထောက်များ ရှိနေနိုင်ပါသည်။

ဆရာကြီး ဦးဆန်းလွင်နှင့် သူ့သမီး စောမြတ်ကလျာဆန်းတို့သည် ဥပုသ်အမျိုးမျိုးကို အဖြောင့်ဖွင့်ဆိုနည်းထက် အပြန်အလှန် ဆွေးနွေးသုံးသပ်နည်းဖြစ်သော Dialogue-နည်းဖြင့် တရားဆွေးနွေးခဲ့ကြပါသည်။ ကျွန်တော်တစ်ဆင့် ဖောက်သည်ချချင်သော ဥပုသ် အမျိုးမျိုးနှင့် ပတ်သက်သော အချက် အလက်များမှာ-

- ဥပုသ်စောင့်ခြင်းသည် ကုသိုလ်ရချင်၍ ဖြစ်သည်။

- ဥပုသ်ကို ဗုဒ္ဓဘာသာဝင်များက လပြည့်, လကွယ်, ဆန်း(၈)ရက်, ဆုတ်(၈)ရက်ဟု သတ်မှတ်၍ လူတို့က ဥပုသ်စောင့်ကြ၊ သံဃ ဥပုသ်က ၁၅-ရက်ပြုဥပုသ်၊ ၁၄-ရက်ပြုဥပုသ်-ဟု ရှိသည်။

- လူကသံဃာတစ်ပါးပါးထံ ကိုးပါးသီလ ခံယူပြီး ဥပုသ်ပြုကြရသည်။

ရဟန်းဥပုသ်က ပါတိမောက်ကို ရွတ်ပြီး သိမ်သွားဥပုသ်ပြုကြရသည်။

- ဥပုသ်သည် ဘာသာတိုင်းမှာရှိသည်၊ ဥပုသ်စောင့်တိုင်းမမြတ်၊ တိတ္ထိတက္ကတွန်းများ စောင့်သော (နိဂဏ္ဌဥပုသ်) ဆိုလျှင် မမြတ်၊ နွားကျောင်းသားဥပုသ်၊ (ဂေါပါလ ဥပုသ်) ကလည်း တောင်တွေးမြောက်တွေး စဉ်းစားနေသည် ဖြစ်၍ မမြတ်။

- အရိယဥပုသ်ကမှမြတ်သည်၊ မြတ်သော ဥပုသ်ဆိုသည်မှာ စားချင်သောစိတ် - လောဘ တဏှာကိလေသာစိတ်များကို လျော့နည်းအောင်၊ စင်ကြယ်အောင် ကြိုးစားအားထုတ်တဲ့ ကျင့်စဉ် ဖြစ်သည်၊ ၎င်းသည် အရိယဥပုသ်ဖြစ်သည်။

- အရိယဥပုသ်တွင် (၆)မျိုးရှိသည်-

**ဗြဟ္မဥပုသ်**- ဗြဟ္မာသည် ဘုရားကို ညွှန်းသည်၊ ဘုရားဂုဏ်တော်များကို ပွားနေခြင်း ဖြစ်၍ စိတ်ဈာန်စဉ်အကြေးများ ကင်းစင်နေသည်။



**ဓမ္မဥပုသ်**- မြတ်စွာဘုရား ဟောကြားသည့် တရားတော်သွာက္ခာတ ဂုဏ် အစရှိသည့် ဂုဏ်တော်များ ပွားများနေ၍ စိတ် အညစ်အကြေးများ ကင်းစင်နေသည်။

**သံဃဥပုသ်**-သံဃာ့ဂုဏ် သုပ္ပဋိပန္နော အစရှိသည့် ဂုဏ်တော်များကို ပွားနေ၍ စိတ် အညစ်အကြေးများကင်းစင်နေသည်။

**သီလဥပုသ်**- သီလကို ဆောက်တည်တာ ဖြစ်သည်၊ မိမိသည် မပြောက်မကျား မစွန်း မထင်းဘဲ စင်ကြယ်သော သီလကို ဆောက်တည်နေသည် -ဟု နှလုံးသွင်းနေခြင်းဖြစ်သည်။

**နတ်ဥပုသ်**- **(ဒေဝဥပုသ်)** နတ်များက သဒ္ဓါ,သီလ,သုတ,စာဂ,ဟိရီ,ဩတ္တပ္ပ,ပညာ-ဆိုသော သူတော်ကောင်း တရားများကြောင့် နတ်ပြည် ရောက်ကြရ၊ မိမိမှာလည်း ဤလို သဒ္ဓါ,သီလ, သုတ,စာဂ,ဟိရီ, ဩတ္တပ္ပ-တရားများ ရှိသည်ကို ဆင်ခြင် နှလုံးသွင်းနေခြင်းဖြစ်သည်။

**အဋ္ဌင်္ဂိကဥပုသ်**- လောကမှာ ရဟန္တာ အရှင်မြတ်များသည် အသက်ထက်ဆုံး သတ္တဝါ များ၏ အသက်ကို မသတ်ကြသကဲ့သို့ မိမိလည်း မသတ်ဟု အရှင်မြတ်များ၏ အတုကို ယူပြီး သိက္ခာ ရှစ်ပါးကို စောင့်ထိန်းခြင်းဖြစ်သည်။

-ဥပုသ်စသည် နှလုံးသွင်းမှန်ဖို့ အဓိကဖြစ်၊ နှလုံးသွင်းမမှန်ပါက အစာငတ်ခံကျင့်စေကာမူ ကုသိုလ်မရနိုင်။

- ငါးပါးသီလ- ပါဏာတိပါတ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ ကာမေသုမိစ္ဆာစာရ၊ သုရာမေရယ- အခြေခံအကျဆုံး သီလငါးခု၊ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ-ထပ် ထည့်ရင် ဧကဘတ္တိကဆက္ကသီလဖြစ်။

- **ရှစ်ပါးသီလတွင်**- (၁) ပါဏာတိပါတာ ဝေရမဏီ= သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၂) အဒိန္နာဒါနာ=သူ့ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၃) အဗြဟ္မစရိယာ= မေထုန်မှီဝဲခြင်း ဟုဆိုအပ်သော မမြတ်သော အကျင့်မှ ရှောင်ခြင်း၊ (၄) မုသာဝါဒါ= မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ= ယစ်မျိုးတို့ကို ရှောင်ကြဉ်ခြင်း၊ (၆) ဝိကာလ ဘောဇနာ ဝေရမဏီ=နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၇) နစ္စ, ဂီတ, ဝါဒိတ, ဝိသုက, ဒဿန၊ မာလာဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသနဋ္ဌာနာ=ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ၎င်းတို့ကို ကြည့်ရှု နားထောင် ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျောင်း ရှုခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ (၈) ဥစ္စာသယန မဟာသယနာ။ မြင့်သောနေ ရာ (တစ်မတောင့်ထွာ) မြတ်သော နေရာတို့၌ အိပ် ခြင်း၊ လျောင်းခြင်း၊ ထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ (၉) မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရဏံ= ခပ်သိမ်းသော သတ္တဝါတို့၌ မေတ္တာ စိတ်ဓာတ် ပျံ့နှံ့နေခြင်း ထပ်ပေါင်းလျှင် ကိုးပါး သီလ ဖြစ်လာသည်။






**"သီလ"** သီလနှင့်ပတ်သက်၍ တင်ပြရလျှင် ပညာရေးဝန်ကြီးဌာန မြန်မာစာ အဖွဲ့မှ ထုတ်ဝေသော မြန်မာအဘိဓာန် (စာမျက်နှာ-၃၇၀- ၃၇၁)တွင်-

- သီလ/ န - ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး-စသော စောင့်ထိန်းအပ်သောကျင့်ဝတ်။ (ပါ၊ သီလ)

- သီလကြောင်/ သီလကျောင်/ န - အကျင့်သိက္ခာမရှိဘဲ ရှိဟန်ဆောင်သူ။

- သီလခံ/ သီလာ့ခန်/ ကြိ - သီလကို စောင့်ထိန်းပါမည်-ဟု ဆောက်တည်သည်။

- သီလတောင်း/ သီလာ့တောင်း/ ကြိ - ငါးပါးသီလ၊ ရှစ်ပါးသီလစသည် ဆောက်တည်လို၍ ဘုရားရဟန်းထံ တောင်းခံသည်။

- သီလပေး/ သီလာ့ပေး/ ကြိ - သီလသိက္ခာပုဒ်များကို လိုက်ဆိုရန်ချပေးသည်။

- သီလယူ/ သီလာ့ယူ/ ကြိ - သီလခံသည်။

- သီလရှင်/ သီလာ့ယှင်/ န - ဝတ်ကြောင်ကိုပယ်၍ ခေါင်းတုံးရိတ်ကာ မြေနီဆိုးသော အဝတ်ကိုဝတ်လျက် သီလစောင့်သူ အမျိုးသမီး။

ဤနေရာတွင် သီလရှင်၏ အနက်အဓိပ္ပာယ် အဖွင့်မှာ ဝတ်ကြောင်ပယ်ခြင်း၊ ခေါင်းတုံး ရိတ်ခြင်း၊ မြေနီဆိုး အဝတ်ဝတ်ခြင်းတို့ကြောင့် ရဟန်းတို့ပုံစံနှင့် သွားညီနေပါသည်။ မြန်မာ အဘိဓာန် (စာမျက်နှာ-၂၅၉)တွင်-

- ဘိက္ခု/ ဗိတ်ခု/ န - ရဟန်း (ပါ၊ ဘိက္ခု)

- ဘိက္ခုနီ/ ဗိတ်ခုနီ/ န - ရဟန်းမ (ပါ၊ ဘိက္ခုနီ)ဟုဆိုထားသဖြင့် သီလရှင်ကို မိန်းမ ရဟန်းဟု ခေါ်ထိုက်ပါသည်။

မြတ်စွာဘုရား၏ ဗုဒ္ဓသာသနာတော်တွင် လူသား(ယောကျာ်း၊ မိန်းမ) စည်းကမ်းကိုက်ညီပါက ရဟန်းပြုခွင့်ပေးထားခဲ့ရာ ဘိက္ခုနီသာသနာ (သို့မဟုတ်) သီလရှင်တို့၏သာသနာ ဖွံ့ဖြိုးတိုးတက်ရန်လည်း အကြောင်းတစ်ချက် ဖြစ်ပါသည်။

ဤဆောင်းပါးနှင့် စပ်လျဉ်း၍ တင်ပြရလျှင် ဆရာမကြီးလူထုဒေါ်အမာက မန္တလေး၊ စစ်ကိုင်း ဗဟိုပြု၍ အထက်မြန်မာပြည်ရှိ သီလရှင်တို့ ဆွမ်းဆန်တစ်ပြည်ရရန် ခြေတိုမတတ်ရပ်ကာ၊ ရွာတကာ လှည့်သွားကြရရှာသော သီလရှင် တို့၏ အဖြစ်ကို မြင်ရင်း စိတ်မကောင်း ဖြစ်ခဲ့ရသော်လည်း တနင်္သာရီတိုင်း ဘက်တွင် ဆရာကြီး၊ ဆရာလေးတို့ အနေဖြင့် ယောကျာ်းရဟန်းတော်များနှင့် အတူ တန်ခိုးသြဇာကြီးမားပုံကို ကြည့်ပြီး အထက်မြန်မာ ပြည်မှ သီလရှင်များကို ကမ်းရိုးတန်းဒေသ တနင်္သာရီသို့လွှတ်လိုကြောင်း ရေးသားထားသည်ကို ဆရာမကြီး၏ 'ချင်းတွင်းမှ ပင်လယ်သို့' ခရီးသွား ဆောင်းပါးစာအုပ်တွင် ဖတ်ရှုရပါသည်။

မည်သို့ပင်ဖြစ်စေ စစ်မှန်သော သီလရှင် သာသနာ မြန်မာပြည်တစ်နံတစ်လျား မည်သည့် အရပ်တွင် ထွန်းကားထွန်းကား ကျွန်တော်တို့ အနေဖြင့် မုဒိတာပွားရမည်ဖြစ်ကြောင်း ရေးသား လိုက်ရပါသည်။

အောင်နိုင်မောင် (မုံရွာ)

------------ooo----------

# ဗရိယတ်ပဋိပတ် စွယ်စုံတတ်မှဖြတ်သည်

လယ်တီကျောင်းသား



နံနက် (၄) နာရီထိုးလျှင် ဓမ္မသေက သီလရှင်စာသင်တိုက်မှ ကြေးစည်ကြီးများ တီးသံကို ကျောင်းတိုက်နှင့် မနီးမဝေးတွင် နေသော ကျွန်တော်တို့ ကြားရစမြဲဖြစ်သည်။ ကြေးစည်သံသည် ရတနာသုံးပါးနှင့်စပ်သော အသံဖြစ်၍ နံနက်စောစော ကြားရသည်မှာ ကြည်နူးဖွယ် ကောင်းလှပါသည်။

ကြေးစည်သံများကြားပြီး မကြာမီတွင် သီလရှင်ဆရာလေးများ၏ စုပေါင်း ဘုရားဝတ်ပြုသံများကြားရ၏။ တရားရှာမှီးနေသော သူတော်ကောင်းတို့၏အသံသည် တည်ငြိမ်၏ အေးချမ်း၏ သာယာ၏၊ နှစ်လိုဖွယ်ကောင်း၏။ကြည်နူးဖွယ်လည်း ကောင်းလှပေသည်။

ထိုအသံများကို သေချာစွာ နားထောင် ကြည့်သောအခါ ဘုရား၊ တရား၊ သံဃာတော် တို့၏ဂုဏ်ကိုလည်း ကြည်ညိုလိုက်ရ၏။ ခန္ဓာ ငါးပါး၏ မမြဲဖြစ်ပျက်ပုံကိုလည်း ဆင်ခြင်မိ၏။မေတ္တာဓာတ်ကိုလည်း ခိုလှုံလိုက်ရ၏။ဆုံးမသံများ ကိုလည်း ကြားလိုက်ရသဖြင့် အသိပညာလည်း တိုးပွားမှတ်သား လိုက်ရပါသည်။ ပေးဝေ သောအမျှကိုလည်း ကြည်ကြည်နူးနူး သာဓုခေါ်မိပါသည်။

သီလရှင်ဆရာကြီးများသည် နံနက် (၃) နာရီတွင် ဝိပဿနာဘာဝနာ ပွားများကြ၏။ ဗုဒ္ဓဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စကို အလှည့်ကျပြု လုပ်ရသော ဆရာလေးများသည် ဘုရားကျောင်းတွင် ဗုဒ္ဓဝေယျာဝစ္စ ဆောင်ရွက်ခြင်း၊ မဟာလယ် တီတိုက် စာချဆရာတော်များအတွက် အရုဏ်ဆွမ်းများ ချက်ခြင်း၊ တိုက်တာ ဝေယျာဝစ္စများ ဆောင်ရွက်ကြရသည်။

သီလရှင်စာသင်တိုက်ဖြစ်၍ သီလရှင် ဆရာလေးများသည် နံနက် (၆)နာရီခွဲမှ (၈)နာ ရီခွဲထိ (၁)ကြိမ် စာကျက်ရသည်၊ နံနက် (၉)နာရီမှ (၁၀)နာရီထိ (၁)ကြိမ် စာကျက်ရ၏။ နေ့ (၁)နာ ရီမှ (၄)နာရီထိ (၁)ကြိမ် စာကျက်၊ စာတက်ရ၏၊ ည(၇)နာရီမှ (၁၀)နာရီထိ (၁)ကြိမ် စာပြန်၊ စာကျက်ကြရသည်။

သီလရှင်ဆရာကြီးများ ဝိပဿနာတရားပွားများကြပြီး သီလရှင်ဆရာလေးများက စာတက်၊ စာကျက်၊ စာပြန်၊ နေ့စဉ် ဆောင်ရွက်ကြရသည်။ ဝိပဿနာဓူရ၊ ဂန္ထဓူရဓူရနှစ်ဖြာ ကျင့်သိက္ခာကို ရှာမှီးနေကြသော သူတော်ကောင်းတို့ ဖြစ်ကြပါသည်။

မေမွှေသကသီလရှင်စာသင်တိုက်ကြီးကို ၁၂၇၂-ခုတွင် စစ်ကိုင်းမြို့ သစ်ဆိမ့်ချောင်ထွက် ဒေါ်နန္ဒစာရီနှင့် ကြိုးကြာကန် ဇာတိ ညီမ ဒေါ်သာရီတို့က နောက်ပါတပည့် အနည်းငယ်ဖြင့် စတင်တည်ထောင်ခဲ့သည်။ ကျောင်းတိုက် တည် ထောင်သူ ဒေါ်နန္ဒစာရီသည် သစ်ဆိမ့်ချောင် ဆရာကြီး ဒေါ်ဝဏ္ဏ၏တပည့် ဖြစ်သည်။ ဒေါ်ဝဏ္ဏသည် မင်းတုန်းမင်းကိုးကွယ်သော သီလရှင်ဆရာကင်း၏ တပည့် ဖြစ်သည်။

၁၂၇၂-ခုတွင် စတင်တည်ထောင်ခဲ့သော မေမွှေသက သီလရှင်စာသင်တိုက်သည် ၁၃၇၂-ခုတွင် နှစ်ပေါင်း (၁၀၀)တင်းတင်း ပြည့်ခဲ့ပေပြီ။

နှစ်ပေါင်း(၁၀၀)အတွင်းတွင် မေမွှေသက သီလရှင်စာသင်တိုက်မှ ထင်ရှားသော သာသနာ့နွယ်ဝင် အာဇာနည်ပုဂ္ဂိုလ် အကျော်များ ထွက်ပေါ်ခဲ့သည်။ မေမွှေသကတိုက်ထွက် ထင်ရှားသော တပည့်ကြီးများသည် တိုက်ခွဲများ တည်ထောင်ကာ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာကို ဆက်လက်လက်ဆင့်ကမ်း သာသနာပြုလျက် ရှိကြပါသည်။ ထူးခြားသော သာသနာအကျိုးပြု ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဘွဲ့တံဆိပ်တော်များကိုလည်း ဆက်ကပ်ခြင်းခံရသည်။

မေမွှေသကတိုက်ခွဲ သီလရှင်စာသင်တိုက် (၁၂)တိုက်၊ ရိပ်သာတိုက် (၃)တိုက် ရှိကြောင်း သိရှိရပါသည်။

ယခုအခါ မေမွှေသက သီလရှင် စာသင်တိုက်ကြီးကို ဒေါ်ဓမ္မထေရီ (ဂန္ထဝါစကပဏ္ဍိတ) နှင့် ဒေါ်တိက္ခဝတီ (မဟာဂန္ထဝါစက ပဏ္ဍိတ) တို့ နှစ်ပါးပူးတွဲညှိနှိုင်း၍ ခေတ်စနစ်နှင့်အညီ စီမံအုပ်ချုပ်လျက် ရှိပါသည်။ မေမွှေသက သီလရှင်တိုက်တွင် ဆရာလေး (၁၂၀)တို့ပရိယတ်၊ ပဋိပတ် ကြိုးစား အားထုတ်လျက် ရှိပါသည်။

[redacted]

ကွယ်လွန်တော်လက်လှမ်းမီသမျှ သိမီလိုက်သော မေမွှေသက သီလရှင်စာသင်တိုက်မှ သာသနာ့နွယ်ဝင် အာဇာနည် ဆရာကြီးမှာ ဒေါ်ကုန္ဒစာရီ (ခ) ဒေါ်ဒေါ်သန်း ဖြစ်သည်။ ဒေါ်ကုန္ဒစာရီသည် ၁၃၂၁-ခု ပထမကြီးတန်း၌ (သီလရှင် ပထမကျော်ဘွဲ့) ရရှိခဲ့ပြီး ၁၃၃၁-ခုနှစ်တွင် သာသနဓဇဓမ္မာစရိယ ရရှိကြောင်း သိမှတ်လိုက်ရပါသည်။

ယခုလက်ရှိ တိုက်အုပ်ဆရာကြီး ဒေါ်တိက္ခဝတီသည် (၁၃၄၃)ခုနှစ်၊ ပထမငယ် တန်းတွင် မြန်မာတစ်နိုင်ငံလုံး သီလရှင်ပထမဆုကို လည်းကောင်း၊ (၁၃၅၁)ခုတွင် ဓမ္မာစရိယတန်း၌ တစ်နိုင်ငံလုံး သီလရှင် ပထမဆုကို လည်းကောင်း ရရှိခဲ့ပါသည်။

မေမွှေသကသီလရှင် စာသင်တိုက်မှ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယတန်း အောင်ပုဂ္ဂိုလ်များ မွေးထုတ်ပေးလျက် ရှိပါသည်။ နှစ်စဉ် ထူးချွန် ပုဂ္ဂိုလ်များ ပေါ်ထွန်းစေရန် ၁၃၆၁-မှစ၍ ပရိယတ္တိပူဇာ ပဒေသာပင် စိုက်ထူကာ စာအောင်ပုဂ္ဂိုလ်များအား ဆုချီးမြှင့်နိုင်ခဲ့ပါပြီ။ နှစ်စဉ် ဝါဆိုလဆန်း (၁၂)ရက် ပဌာန်းသိမ်း အောင်ပွဲနေ့တွင် အလှူရှင်များ ကိုယ်တိုင်ကြွရောက်၍ စာအောင်ဆုငွေများ ချီးမြှင့်ပူဇော်နိုင်ကြောင်း လည်း သိရပါသည်။

သီလရှင်ဆရာကြီး၊ ဆရာလေးများသည် တစ်နေ့တာအချိန်ကို ပရိယတ္တိ၊ ပဋိပတ္တိ၊ ဗုဒ္ဓဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စ တို့နှင့်သာ အချိန်များများယူပြီး လုံ့လထုတ်ဆောင်ရွက်ကြသည်။

သီလရှင်ဆရာလေးများ အားလုံးသည် ည(၁၀)နာရီ မှ နံနက်(၃)နာရီ(၄)နာရီထိသာ အနားယူခဲ့ကြသည်။ နေ့တစ်နေ့၏ လေးပုံတစ်ပုံသာ အနားယူပြီး လေးပုံသုံးပုံကို သာသနာတော်ကြီးအတွက် လုံ့လကြိုးကုတ် အားထုတ်ကြ၏။

ဆရာကြီး၊ ဆရာလေးတို့၏ ကြီးမားသော လုံ့လစိုက်ထုတ်ပြီး သာသနာပြုကြပုံကို ဝမ်း မြောက် ဝမ်းသာ သာခုခေါ်မိပါသည်။ တစ်ဆက်တည်း မှာပင် ဘုရားရှင်လက်ထက် လုံ့လကြီးမားခြင်း ဂုဏ်ထူးဖြင့် အာရဒ္ဓဝီရိယ ဧတဒဂ်ဘွဲ့ရ သောဏာထေရိမကြီး၏ ဂုဏ်ကို သတိရ ကြည်ညို မိပါသည်။ အတုယူဖွယ် ကြည်ညိုဖွယ်ကောင်းသော ထိုထေရီမကြီး အ ကြောင်းကို တင်ပြလိုစိတ် ဖြစ်ပေါ်မိပါသည်။

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရား ပွင့်ထွန်းတော်မူခဲ့သည်။ထိုစဉ်ယခု သောဏာထေရီမသည် သူဌေးမျိုး၌ သူဌေး သမီးတစ်ယောက်ဖြစ်ခဲ့သည်။ သူဌေးသမီး ဘဝ ကာယစိတ္တသုခနှင့် ပြည့်ပြည့်စုံစုံဖြစ်ခဲ့သဖြင့် အားလုံး၏ ချစ်ခင်ရိုသေ ကော်ရော်ပူဇော် မြတ်နိုးမှုခံရသည်။

ပဒုမုတ္တရမြတ်စွာဘုရားသည် တစ်ခုသော မြို့တွင် တရားပွဲသဘင်ကြီး ဆင်ယင်ကျင်းပ ဟော်စဉ် သူဌေးသမီးသည် ထိုတရားပွဲ သို့သွားရောက်ပြီး အလွန်ချိုမြိန်ကောင်းမြတ်သည့် တရားစကားကို နာကြားခဲ့သည်။

သူဌေးသမီးတရားနာနေစဉ် ပဒုမုတ္တရ ဘုရားရှင်သည် ထေရီမကြီးတစ်ပါးကို "အာရဒ္ဓ ဝီရိယလို့ခေါ်ယူရအောင် လုံ့လကြိုးကုတ် သမ္မပ္ပဓာန်ဝီရိယနှင့် အားထုတ်ကြတဲ့ ငါဘုရား တပည့်မ သာဝိကာဘိက္ခုနီများတွင် အသာဆုံး" ဟု နှုတ်တော်မြွက်ပြီး ဧတဒဂ်ဘွဲ့ထူးချီးကျူးသည်ကို မြင်တွေ့ကြားသိခဲ့သည်။

ဧတဒဂ်ပွဲကြီးသဘင်ဆင်ယင်သည်ကို ဝမ်းမြောက်ဝမ်းသာရှိသဖြင့် သူဌေးသမီးသည် ပဒုမုတ္တရ ဘုရားရှင်နှင့်တကွ တစ်သိန်းသော သံဃာတော် တို့အား ကြီးစွာသောအလှူဒါနကြီး ခုနစ်ရက် လှူခဲ့သည်။ "ထိုသို့လှူဒါန်းရသော အလှူဒါနကြောင့် လွန်ခဲ့သောခုနစ်ရက်က အာရဒ္ဓဝီရိယ အရာ ဧတဒဂ်ရသော ဘိက္ခုနီမနှင့် အလားတူ တစ်ဆူဆူသော ဘုရားရှင်၏ သာသနာတွင် သမ္မပ္ပဓာန်လုံ့လဝီရိယနှင့် ရဟန်းတရားပွားများ ကြိုးကုတ် အားထုတ်တဲ့နေရာမှာ အသာဆုံး အမြတ်ဆုံးဆိုတဲ့ အာရဒ္ဓဝီရိယ ဧတဒဂ်ရ ဘိက္ခုနီ ထေရီရဟန္တာမ ဖြစ်ရပါလို၏"ဟု ဆုတောင်းသည်။

ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ဗျာဒိတ်စကား မိန့်ကြားတော်မူသည်မှာ "ကမ္ဘာ တစ်သိန်းလွန်မြောက်လျှင် ဂေါတမ အမည်ရှိသော မြတ်စွာဘုရားသည် လူသုံးပါးတွင် ထင်ရှားပွင့်တော်မူမည်။ ထိုဘုရားရှင် လက်ထက်တွင် သင်သူဌေးသမီးသည် အာရဒ္ဓ ဝီရိယအရာ ဧတဒဂ်ဘွဲ့ထူး အပ်နှင်းခံရမည်" ဟု မိန့်ကြား၏။ ထို အခါသူဌေးသမီးသည် ပစ္စည်းလေးပါးဖြင့် ပဒု- မုတ္တရဘုရားအား အသက်ထက်ဆုံး ကော်ရော်ပူဇော်ခဲ့သည်။

သူဌေးသမီးသည် ပစ္စည်းလေးဖြာ သဒ္ဓါ ကော်ရော်ပူဇော်ရသောကောင်းမှုကြောင့် သေလွန်သော် တာဝတိံသာနတ်ပြည် ရောက်ခဲ့ပါသည်။ တာဝတိံသာနတ်ပြည်တွင် ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်မလားဘဲ ခံစားရ၏။



ထိုသူဌေးသမီး နတ်ပြည်မှစုတေခဲ့သော် သာဝတ္ထိပြည်တွင် အလွန်ကြွယ်ဝချမ်းသာသော သူဌေးမျိုးမှာ သူဌေးသမီးဖြစ်ပါသည်။ အမည်အားဖြင့် သောဏာ ဟုခေါ်တွင်သည်။ သူဌေးသမီး အရွယ်ရောက်လတ်သော် အရှင်သခင် လင်ယောကျ်ား သူဌေးသား၏အိမ်သို့ လိုက်ပါခဲ့ရ၍ ရုပ်ရည်အဆင်းလှပခြင်းရှိကြကုန်သော တစ်ကျိပ်သော သားသမီးတို့ကို ဖွားမြောက်ခဲ့သည်။သားသမီးတို့သည် မြင်ရသူ၏ စိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်လောက်အောင် လှပကြသည်။

မိသားစုပျော်ပျော်ပါးပါး နေလာရာက နောက်တစ်ချိန်ကျတော့ လင်ယောကျ်ားနှင့် သားသမီးတစ်ကျိပ်တို့သည် ဝိသုဒ္ဓိနတ် ဘုရားမြတ်၏ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်၌ ရဟန်းပြုသွား သည်။

အရှင်သခင်လင်ယောကျ်ားနှင့်တကွ သားသမီးတို့က စွန့်ပယ်အပ်သော အသက် အရွယ် ကြီးနှင့် အထီးကျန် တစ်ယောက်တည်း သာလျှင် ဖြစ်သော ငါ့အဖို့ရာလူ့ဘောင်လောက အသက် ရှင်နေရခြင်းဖြင့် အကျိုးမရှိ ဖြစ်ချေပါတကား၊ ငါလည်း ငါ့သားသမီး ငါ့အရှင်သခင် သူဌေးသား သွားရာ ဘုရားသာသနာသို့ လိုက်ပါပြီးဘိက္ခုနီမ တစ်ယောက် ပြုလုပ်ပါတော့မည် ဟုကြံစည်၏။ ထိုသို့ ကြံစည်ပြီး ဘိက္ခုနီမပြုလုပ်လိုက်၏။

သောဏာဘိက္ခုနီမကြီးသည် ငါသည် အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အဖွားကြီးဖြစ်မှ ဘိက္ခုနီမ ပြုရသည်။ ညနေစောင်းမှ စပါးလှမ်းရသည်နှင့် အလွန်တူပေသည်။ နေစောင်းမှ စပါးလှမ်းတဲ့ပုဂ္ဂိုလ်သည် ကြိုးစားပြီး မွှေရသည်။ငါလည်း အဘွားကြီးဖြစ်မှ ဘိက္ခုနီမ ပြုလုပ်ရသဖြင့် ကြိုးစားမှပဲလို့ တွေးတောကာ အားထုတ်သည်။

သီတင်းသုံးဖော်ဘိက္ခုနီမများ၏ ဝတ်ကြီးဝတ်ငယ်များ၊ကျောင်းတိုက် အာရာမ်ပြုစုရာ ရှိသော ဝတ်ကြီးဝတ်ငယ်များ ပြုပြီးနောက် ရဟန်းတရားကြိုးစား အားထုတ်သည်။ ဒွတ္တိံသာကာယ (၃၂-ကောဋ္ဌာသ)ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများပါသည်။

ထိုကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော ညများတွင် မအိပ်မနေအားထုတ်ကြိုးပမ်းသည်။ အသက်ကြီး၍ ဟိုဟိုသည်သည် သွားလျှင် ခလုတ်တိုက်မည်စိုးသဖြင့် ကျောင်းတိုင်ကြီးကို လက်ကကိုင်၍ ပတ်ချာပတ်ချာလှည့်ပြီး တရားအားထုတ်သည်။ အချိန်ကြာသောအခါ ကျောင်းအပြင်ဘက်မြေပြင်ထွက်ပြီး နှစ်ခေါက် သုံးခေါက် လမ်းလျှောက်သည်။ ထို့နောက် ညအခါတွင် ဟိုသွားဒီသွား သွားလျှင် ချော်လဲမည်စိုးသဖြင့် သစ်ပင်ကို ပတ်ချာလှည့်ပြီး တရားအားထုတ်၏။

ထိုသောဏာ ဘိက္ခုနီမကြီးအကြောင်းကို ဘိက္ခုနီမများက မြတ်စွာဘုရားအား လျှောက် ထားရာ သောဏာအမည်ရှိသော ဘိက္ခုနီမကြီးတွင် သားသမီးရှိ၍ "ဗဟုပုတ္တိကသောဏာ"ဟု ခေါ်ကြောင်း၊ အလွန်ကြိုးစား အားထုတ်ကြောင်း "အာရဒ္ဓဝီရိယ"အားသစ်အပ်သော လုံ့လဝီရိယ ရှိသော ဘိက္ခုနီမကြီးဖြစ်ကြောင်း ဘုရားရှင်နား တော်ကြားသိတော်မူ၏။

သောဏာဘိက္ခုနီမကြီးသည် ဝတ္တသီသ ဖြစ်သော ကမ္မဋ္ဌာန်း၊ သမ္မပ္ပဓာန် လုံ့လဝီရိယ လေးပါးအားကုန်ထားပြီး နေ့စဉ်ရက်ဆက် ကြိုးစားအားထုတ်သည်။

တစ်နေ့သ၌ သီတင်းသုံးဖော်များစွာသော ဘိက္ခုနီမများသည် မြတ်စွာဘုရား၏ အဆုံးအမခံယူရန် ဘုရားသခင်သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်သို့သွားရန်ပြင်ကြသည်။ သီတင်းသုံးဖော်ဘိက္ခုနီမများသည် ဇေတဝန်ကျောင်း မသွားမီ သောဏာထေရီ ဘိက္ခုနီမကြီးအား "အဘွားကြီး၊ ကျောင်းတိုက်စောင့်နေနော်၊ ကျုပ်တို့ပြန်လာလို့ရှိလျှင် ရေနွေးလေး ဘာလေး အသင့်ရအောင် ရေနွေးအိုးလည်း တည်ထားလိုက်နော်၊ ကျုပ်တို့ အားလုံး ဇေတဝန် ကျောင်းတော်သွားပြီး အဆုံးအမဩဝါဒတရား သွားနာချေဦးမယ်" ဟု မှာကြား၏။

ဘိက္ခုနီမကြီးသည် အသက်ကြီးမှ ရဟန်းပြုသောကြောင့် မျက်နှာငယ်ပြီး ဘိက္ခုနီမငယ်တွေခိုင်းတာကို "ကောင်းပါပြီ၊ ကောင်းပါပြီ"ဟု သဘောကောင်း စိတ်ရင်းကောင်းသည်နှင့်အညီ ဝန်ခံလိုက်သည်။

ဘိက္ခုနီမများ သွားကြသောအခါ သောဏာထေရီမကြီးသည် ရေသွားခပ်ပြီး ရေနွေးအိုးထဲ ရေထည့်၏။ ထို့နောက် ဖိုခနောက်ပေါ် ရေနွေးအိုးကြီး တည်ပြီးနောက် သမာဓိ ဘာဝနာ အလုပ်ကို အားထုတ်နေသည်။ အားထုတ်ရင်း သမာဓိ အားကောင်းလာပြီး ခန္ဓာကမ္မဋ္ဌာန်း စီးဖြန်းသည်။ ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ရှုနေ သည်။

ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ
ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ
သညာ အနိစ္စာ ဒုက္ခာ အနတ္တာ
သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ
ဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ

ဟု ခန္ဓာကမ္မဋ္ဌာန်း စီးဖြန်းနေ၏။ ခန္ဓာငါးပါး၏ အဖြစ်အပျက်များကို နက်နက်နဲနဲမြင်လို့ တရားဝင်ပြီးနေသောအချိန်၌ ကျောင်းတော်ထဲတွင် ဘိက္ခုနီမများက ဩဝါဒခံနေကြ၏။ ဆိုင်ရာဘိက္ခုနီမများက တရားနာနေကြသည်။

ဘုရားကိုယ်တော်မြတ်ကြီးက ကျောင်းတော်ကနေ ဗဟုပုတ္တိက သောဏာထေရီ ဘိက္ခုနီမကြီးအခြေအနေကို ကြည့်တော်မူ၏။ ဘိက္ခုနီမကြီးသည် ကျောင်းတိုက်အတွင်း တစ်ပါးတည်း ကျန်ရစ်ပါလား၊ ဘိက္ခုနီမများ မှာကြားသည့်အတိုင်း ဖိုခနောက်ပေါ် ရေနွေးအိုးတင်ပြီး မီးတော့ မထိုးခဲ့ဘူး၊ သူ့နေရာသူပြန်ပြီး သမာဓိ ဘာဝနာအလုပ်တရားအားထုတ်ရာက ယခုအခါ ဝိပဿနာတရားအလုပ် အားထုတ်လျက် ခန္ဓာငါးပါး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပုံကို သုံးကြည့်နေပါတကား။

ရုပ်ဟုတွင်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက် ၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာ စက္ခု၊ မျှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စ သည်၊ ဒုက္ခ အနတ္တပါတကား။

ခန္ဓာငါးပါး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ခန္ဓာပေါ်တွင် ဉာဏ်ဖြင့်တင်၍ ရင့်သန်နေချိန်၌ ငါဘုရား ဩဝါဒဂါထာများဟောဖို့ အချိန်တန် ပြီဟု စဉ်းစားမိပြီး ဩဘာသရောင်ခြည်တော် လွှတ်တော်မူ၏။ ဘိက္ခုနီမကြီးသည် ရထားမီး ဆလိုက် ထိုးထားသကဲ့သို့ အလင်းရောင်တန်းကြီး မြင်လာပြီး၊ ဇေတဝန်ကျောင်းတော်က ဘုရား ကိုယ်တော်မြတ်ကြီး တစ်ခါတည်း သူ့ရှေ့မှာ လာပြီး ထိုင်၍ဟောဘိ သကဲ့သို့ ထင်ရ၏။

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဓမ္မ မုတ္တမံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဓမ္မ မုတ္တမံ။

ချစ်သမီး သောဏာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အချက်တို့ကို ကွက်ကွက်ကွင်းကွင်း မမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်ရသော်လည်း ထိုသူ၏ အသက်ရှင် ရခြင်းသည် မမြတ်ပေ၊ ချစ်သမီးတို့လို ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အချက်တို့ကို ကွက်ကွက်ကွင်းကွင်း လင်းလင်းထင်ထင် သိမြင်ပြီး တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်ပါပေသည် ဟု ဟောတော်မူ၏။ ဘုရားရှင်၏ ချီးမွမ်းခြင်းကို ခံရသောအခါ တရားကလည်း အားထုတ်ဆဲ အလွန်ဝမ်းသာပြီး ဆက်လက်၍ ပြင်းပြင်းထန်ထန် ကြိုးကုတ်အားထုတ်တော့သည်။

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ အားဖြင့် လေးပါးဥသုံ အလုံးစုံကုန်သော အာသဝေါတရားတို့ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ကုန်စေခန်းစေ ကွမ်းစေ၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

သောဏာထေရီမကြီးသည် အဆင့်ဆင့် ပရမ္မရ ပစ္စဝေက္ခဏာ ဉာဏ်များနှင့် မိမိရဟန္တာဖြစ်သည်ကို သိပြီး ဝမ်းမြောက်ဝမ်းသာ ပစ္စဝေက္ခဏာဇောများ ကျလာသည်။ မိမိရောက်ရှိသော အရဟတ္တဖိုလ် သမာပတ်ဝင်စား၍ ချမ်းချမ်းသာသာ နေပြီး အဖော်ဘိက္ခုနီမတွေ မလာမချင်း တစ်ပါးတည်း ဖလသမာပတ် ချမ်းသာနှင့် နေသည်။

ဘိက္ခုနီမတွေ ကျောင်းတော်က တရားနာပြီး ပြန်လာ၍ ကျောင်းတိုက်ထဲ ရောက်သော အခါ "သောဏာထေရီ ဘိက္ခုနီမကြီး ရေနွေးအိုး တည်ထားပါဆို မပွက်သေးဘူးလား၊ ကြည့်ပါလား အခုထိ မီးတောင်မမွေးရသေးဘူး၊ မီးဖိုပေါ် ရေနွေးကို တည်ရုံ တည်ထားတယ်" ဟု ရန်တွေ့တော့မလို ပြောဆိုကြသည်။

ထိုအခါ ထေရီမကြီးက-

"ရှင်မတို့ ရေနွေးလိုချင်လို့လား"

"ဟုတ်တယ် ဘယ်မလဲ"

"အို သွားကြည့်ကြပါ" ဟု ပြောပြီး တေဇောကသိုဏ်းကို အာရုံပြုပြီး ရူပါဝစရပါဒက စတုတ္ထဈာန်ကို ဝင်စား၏။ ထိုဈာန်ကထ သောအခါ "ကာမာဝစရကိရိယာ အဓိဋ္ဌာန်ဇောဖြင့် ခုံလောက်ပေါ်မှာ ငါတည်ထားသော ရေနွေးအိုး အတွင်းက ရေတွေ ကျိုက်ကျိုက်ဆူ ပွက်ပါစေသား၊ အောက် က မီးမရှိဘဲ ကျိုက်ကျိုက်ဆူပွက်ပါစေသား" ဟု အဓိဋ္ဌာန်လိုက်သောအခါ ပြောသည်က ကြာသေးသည်၊ မီးမရှိဘဲ ရေနွေးအိုးကြီး တပွက်ပွက်နှင့် ပွက်နေသည်။

"ရှင်မတို့ သွားပြီး ခပ်ကြ" ဟု ပြောဆိုသည်။ ဘိက္ခုနီမများ အံ့သြပြီး ချီးမွမ်းကြသည်။ ဘိက္ခုနီမတို့သည် ဘုရားထံမှောက်သို့ ရောက်သောအခါ ထိုအကြောင်းကို အကြောင်းစုံ လျှောက်ထားကြ၏။

မြတ်စွာဘုရားသည် အလွန်ဝမ်းမြောက်သော စိတ်နှလုံးရှိတော်မူသည်ဖြစ်၍ သောဏာဘိက္ခုနီမကြီးအတွက် အောက်ပါဂါထာဖြင့် ချီးမွမ်းစကား မိန့်ကြားတော်မူသည်။



ယော စ ဝဿသတံ ဇီဝေ၊
ကုသိတော ဟီန ဝီရိယော။
ဧကာဟံ ဇီဝိတံ သေယျော၊
ဝီရိယ မာရ ဘတော ဒဠှံ။

လုံ့လဝီရိယ မရှိ ပျင်းပျင်းရိရိနှင့် အနှစ်တစ်ရာ အသက်ရှည်သော်လည်း ထိုသူ၏ အသက်ရှည်ခြင်းသည် ချီးမွမ်းအပ်မြတ်သော အသက်ရှည်ခြင်း မဟုတ်ပါပေ။ ဝီရိယကို (ဝါ) သမ္မပ္ပဓာန် လုံ့လ ဝီရိယ လေးပါးကို မြဲမြံစွာ လုံ့လကြိုးကုတ် အားထုတ်သောသူ၏ တစ်ရက်တာ အသက်ရှည် ရခြင်းက ချီးမွမ်းအပ် မြတ်လှပါပေ၏။

ထိုသို့ ချီးမွမ်းဂါထာစကားကို ဟောကြားပြီးနောက် တစ်နေ့မှာ ဘိက္ခုနီမများ ဧတဒဂ်ဘွဲ့ ထူးသဘင် ဆင်ယင်သောပွဲတွင် မြတ်စွာဘုရား သခင်သည် အစဉ်အတိုင်း ခေမာထေရီ ဘိက္ခုနီမ ကို ပညာရှိသောအရာ, ဥပ္ပလဏ်ထေရီဘိက္ခုနီမကို တန်ခိုးကြီးတဲ့အရာ, ယသောဓရာထေရီ ဘိက္ခုနီမ ကို အဘိညာဉ်အရာ အသီးသီး ဧတဒဂ်ပေးပြီး ဗဟုပုတ္တိကသောဏာ ထေရီမ ကြီးကို-

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏာ ဗဟု ပုတ္တိကာ" ဟူ၍ ဧတဒဂ်ဘွဲ့ထူးစကား မိန့်ကြားတော် မူခဲ့သည်။

သောဏာထေရီမကြီးသည် လုံ့လဝီရိယ ထားပြီး ကြိုးစားအားထုတ်မှုကြောင့် အာရဒ္ဓဝီရိယ ဧတဒဂ်ဘွဲ့ထူး ရရှိပြီး နိဗ္ဗာန်စံဝင်သကဲ့သို့ ဘုရားသာသနာနှင့်ကြုံတွေ့စဉ် ရဟန်းရှင်လူတို့သည် လုံ့လဝီရိယထားပြီး ဝိပဿနာတရားတို့ကို ကြိုးစားအားထုတ်မှသာလျှင် သံသရာဝဋ်ဒုက္ခက လွတ်နိုင်ပေမည်။

စာသင်တိုက်ကြီးများမှ မွေးထုတ်ပေးသော ပရိယတ္တိဝန်ဆောင် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်တို့၏ ဂုဏ်ကျေးဇူးကြောင့် ဘုရားရှင် ဒွေလက်ထက်ကဲ့သို့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တရားတော်တို့ကို နာကြား နိုင်ကြသည်။

မဂ်ဖိုလ်အသီးအပွင့်တို့ကို ခံစားနိုင်ကြသည်။ ပရိယတ္တိဝန်ဆောင် သုတဗုဒ္ဓ အရှင်မြတ် တို့၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပါပေသည်။ သာသနာတော်တွင် ပရိယတ္တိစာသင်တိုက်ကြီးတို့၏ အခန်းကဏ္ဍ အလွန်ကြီးမား မြင့်မြတ်လှပေသည်။

ဘုရားရှင်၏သာသနာသည် မဂ်ဖိုလ်လျှင် အဆုံးရှိသည်ဟူသော စကားအတိုင်း မဂ်ဖိုလ် နိဗ္ဗာန်ရောက်အောင် ကြိုးစား၊ အားထုတ်နိုင်မှသာ လျှင် သာသနာ၏ အထွတ်အထိပ်ရောက်ပြီး ဘုရားအရိယာတို့ ပျော်စံရာ နိဗ္ဗာန်ကို ရရှိခံစားနိုင်မည်။ သို့ဖြစ်၍ အသိနှင့် အကျင့် တစ်ထပ်တည်းကျအောင် ဝိဇ္ဇာနှင့်စရဏ စွယ်စုံရအောင် ကြိုးစား အားထုတ်ကြရပေမည်။

စာသင်တိုက်ကြီးများသည် ဂန္ထဓူရသာမက ဝိပဿနာဓူရမျိုးစေ့ကိုပါ ချမှတ်ပေးမှသာလျှင် မြင့်မြတ်သော သာသနာ့ အာဇာနည်များ ပေါ်ထွန်းရုံသာမက သာသနာနှင့် တွေ့ကြုံရကျိုးနပ်ပေမည်။

ပရိယတ် ပဋိပတ် စွယ်စုံတတ်မှ မြတ်သည်

ဘုရားရှင်၏သာသနာသည် အနှစ် (၅၀၀၀)မက ရှည်ကြာတည်တံ့ပါစေသတည်း။ ဓမ္မသကသီလရှင် စာသင်တိုက်ကြီး သည်လည်း နှစ်(၁၀၀)မှသည် နှစ်(၅၀၀၀)မက ရှည်ကြာတည်တံ့ပြီး ပရိယတ် ပဋိပတ် စွယ်စုံတတ်သည့် မြင့်မြတ်သော သာသနာ့နွယ်ဝင် အာဇာနည်များ မွေးထုတ်ရာ နေရာကြီးဖြစ်ပါစေသတည်း ဟု အဓိဋ္ဌာန်ပြု ဆုတောင်းအပ်ပါသည်။

လယ်တီကျောင်းသား

**လယ်တီအရှင်ကေလာသ-၏**
**နီတိမှတ်တမ်းလွှာ-မှ**

**၄။ မကောင်းသော တရားလေးပါး**

အလသော ဂိဟီ ကာမဘောဂီ န သာဓု၊
အသညတော ပဗ္ဗဇိတော န သာဓု။
ရာဇာ န သာဓု အနိသမ္မကာရီ၊
ယောပဏ္ဍိတော ကောဓနော တံ န သာဓု။

**အဓိပ္ပာယ် အနှစ်ချုပ်**

* ကာမဘောဂီ၊
လူဖြစ်ဘိ၊
ပျင်းရိ မကောင်းစွ။

* ကိုယ်နှုတ်နှလုံး၊
မစောင့်သုံး၊
ထေရ်ဘုန်း မကောင်းစွ။

* ဆင်ခြင်မှုကင်း၊
ပြုတတ်လျှင်း၊
ထိုမင်း မကောင်းစွ။

* အမျက်ထွက်ဘိ၊
ပညာရှိ၊
မှတ်သိ မကောင်းစွ။



# မဟာလယ်တီမမွေသက
## သီလရှင်စာသင်တိုက်အစ ၁၂၇၂ ခုနှစ်က

**မုံရွာစန်းမောင်**

မမွေသက သီလရှင်စာသင်တိုက်ကြီးသည် ၁၃၇၂-ခုနှစ်သို့ရောက်လျှင် နှစ်(၁၀၀)တင်းတင်း ပြည့်ခဲ့လေပြီ။

၁၂၇၂-ခုနှစ်က ဒေါ်နန္ဒစာရီသီလရှင်ဆရာကြီးသည် ညီမလေး ဒေါ်သာရီနှင့်ပူးတွဲ၍ မမွေသကသီလရှင် စာသင်တိုက်ကို ထူထောင်ခဲ့သည်။

သီလရှင် သာသနာ တိုးတက်စည်ပင်ပြန့်ပွားရန်အထူးကြိုးစား အားထုတ် ထူထောင်ခဲ့သဖြင့် ဤနေ့ဤကာလအထိ တိုးတက်နေသည်ကို တွေ့ရသည်။ ထိုအချိန်က သီလရှင် ဆရာလေး အနည်းငယ်ပါဝင်ခဲ့သော်လည်း မမွေသက သီလရှင်စာသင်တိုက်နှစ်(၁၀၀)ပြည့်ချိန်၌ သီလရှင်ဆရာလေးပေါင်း (၁၂၀) ကျော်ထိ တိုးပွားစည်ပင်လျက်ရှိ၏။ ဒေါ်နန္ဒစာရီသည် သက်တော်(၉၀)အထိ မနားမနေ မမွေသကသီလ ရှင်စာသင်တိုက်ကြီးကို အားသွန်ခွန်စိုက် ကြိုးစားခဲ့သဖြင့် တိုးပွားခဲ့၏။ မမွေသက သီလရှင်တိုက်တော်ကြီးအား ပထမလယ်တီ ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်အရ တိုက်အုပ်ဆရာတော် ဦးဉာဏောဘာသမှ မဟာလယ်တီတိုက်ကြီး၏ အနောက် မြောက်ဒေါင့်အရပ်၌ နေရာချထား စီမံပေးခဲ့သည်။ ပထမလယ်တီ ဆရာတော်ဘုရားကြီး၏ ဘုန်းရိပ်ကိုခိုလှုံ လယ်တီ ဆရာတော်ဘုရားကြီး၏ (၁၃) နှစ်ကာလတိုင်တိုင် အဆုံးအမကို ခံယူခဲ့ရသဖြင့် ပရိယတ္တိ,ပဋိပတ္တိ အခြေခံများ၊လေ့ကျင့်ကောင်းများ ယနေ့ထိ တိုးပွားစည်ပင်ခဲ့ရသည်။

ဆရာတော် ဦးဉာဏောဘာသမှလည်း မှတ်စွာဘုရားရှင်၏ ညွှန်ကြားချက်အတိုင်း တစ်ခေသွမတိမ်းလိုက်နာသောအားဖြင့် ရဟန်းတော်များနှင့် မနီးလွန်း မဝေးလွန်းသောအရပ်၌ ဓမ္မသကသီလရှင် စာသင်တိုက် တည်ထောင်ရန် နေရာချထားခဲ့၏။ ရန်သူမျိုး (၅)ပါးတို့ နှိပ်စက်လျှင် အချိန်မရွေး မြင်နိုင်ကြားနိုင်သိနိုင်ရန်၊ ရဟန်းများတို့က ကူညီနိုင်ရန် မနီးမဝေးသော အရပ်တွင် နေထိုင်ခွင့် ဘိက္ခုနီမများအား နေရာ သတ်မှတ်ပေးအပ်သကဲ့သို့ ယခု ဓမ္မသက သီလရှင် စာသင်တိုက်ကိုလည်း ရဟန်းများနှင့် မနီးမဝေး အရပ်တွင် ဒေါ်နန္ဒစာရီအား ကျောင်းတိုက် တည်ထောင်ခွင့်ပြုခဲ့သည်။ ဒေါ်နန္ဒစာရီသည် သက်တော် (၉၀)တွင် ကွယ်လွန်၏။

ဒုတိယ ဆရာကြီး ဒေါ်နန္ဒမာလာက (၁၆)နှစ်၊ တတိယဆရာကြီး ဒေါ်ဇေသီရိက (၅)နှစ်၊ ယခုလက်ရှိ ဒေါ်ဓမ္မထေရီနှင့် ဒေါ်တိက္ခဝတီ တို့(၂)ပါးက ပူးတွဲ၍ ယနေ့ထိ အုပ်ချုပ်နေပါ သည်။ ဓမ္မသက သီလရှင်စာသင်တိုက်မှ ပညာရည်နို့ သောက်စို့ခဲ့ကြပြီး နယ်အရပ်ရပ်၊ မြို့အသီးသီး ခိုမှီး အောင်လံလွှင်ကာ ကျောင်းတိုက်များ တည်ထောင် လူတို့ဘောင်ငြိုးငွေ့၍ လာရောက် သီလရှင်ဝတ်သူ ကလေးများအား-

(၁) ဒေါ်ဓမ္မစာရီ၊ ဒေါ်သီလစာရီ၊ မုံရွာမြို့ အရှေ့လယ်တီတိုက်။

(၂) ဆရာကြီးဒေါ်ပုဏ္ဏမိ၊ ဇေယျသိင်္ဂီချောင်၊ စစ်ကိုင်း။

(၃) ဒေါ်ကေတုဝတီ၊ ဂူနီချောင်၊ စစ် ကိုင်း။

(၄) ဒေါ်စန္ဒသိင်္ဂီ၊ ဇမ္ဗူသိဒ္ဓိချောင်၊ စစ်ကိုင်း။

(၅) ဒေါ်အဂ္ဂစာရီ၊ အောင်ဆုပန်ချောင်၊ စစ်ကိုင်း။

(၆) ဒေါ်သဥ္ဇာရီ၊ သုတေသကချောင်၊ စစ်ကိုင်း။

(၇) ဒေါ်ဓမ္မနန္ဒီ၊ ဒေါ်ရူပဝတီ၊ ရတနာမဥ္ဇူရိပ်သာ၊ မန္တလေးမြို့။

(၈) ဒေါ်ကညဝတီ၊ဟားခါး။(ကွယ်လွန်)

(၉) ဒေါ်ထေရီမာ၊ သာသနာ့ရောင်ခြည် မြတ်ပါရမီစာသင်တိုက်၊ မုံရွာမြို့။

(၁၀) ဒေါ်သီလစာရီ၊ သီလဝတီစာသင်တိုက်၊ စက်မှုဇုန်ရပ်ကွက်၊ မုံရွာမြို့။

(၁၁) ဒေါ်ယုသိင်္ဂီ၊ -နိုင်း-ဓမ္မဂုဏ်ရည် အမျိုးသမီးသာသနာ့ရိပ်သာ၊ မုံရွာမြို့။

(၁၂) ဒေါ်ဓိရဉာဏီ၊ ခေမာသီရိသီလရှင် စာသင်တိုက်၊ ရေစကြိုမြို့။

(၁၃) ဒေါ်ပညာဝတီ၊ မဟာစည်ရိပ်သာ၊ မောင်းခမ်း၊ ဟုမ္မလင်းမြို့။

(၁၄) ဒေါ်ပညာသိင်္ဂီ၊ ရွှေမင်းဝံ ခြောက်ထပ်ကြီးဘုရား၊ ရန်ကုန်မြို့။

(၁၅) ဒေါ်မာလာရီ၊ ငါးထပ်ကြီးဘုရား၊ ရန်ကုန်မြို့ - အစရှိသည့် (၁၅)ပါးသော ဓမ္မသက သီလရှင် ပညာတတ်ဆရာကြီးတို့က သာသနာပြုလျက်ရှိကြပါသည်။

နှစ်(၁၀၀)ပြည့်ခဲ့ပြီဖြစ်သော မဟာလယ် တီ ဓမ္မသကသီလရှင်တိုက်သည် မုံရွာမြို့တွင် ပထမဆုံးပေါ်ထွန်းထွက် ပေါ်လာခဲ့သော သီလရှင်စာသင်တိုက်ကြီးဖြစ်သည်။ စာသင်တိုက် ပထမ ဦးစွာတည်ထောင်ခဲ့သော ဆရာကြီးသည် သက်တော် (၉၀)မှ ကွယ်လွန်သည်။ သက်တော်ရှည် ဒေါ်နန္ဒစာရီသည် သစ်ဆိမ့်ချောင်ဆရာကြီး ဒေါ်ဝဏ္ဏာ၏ တပည့်ကြီးဖြစ်သည်။ ဆရာကြီး ဒေါ်ဝဏ္ဏာသည် မင်းတုန်းမင်းကြီး ကိုးကွယ်သော ဆရာကြီး မယ်ကင်း၏ တပည့်လည်းဖြစ်သည်။ မယ်ကင်းသည် မင်းတုန်းမင်းကြီးလက်ထက် ဆရာတော်ကြီးများအား ခဲရာခဲစစ် စာပေများ မေးမြန်းထူလှသကဲ့သို့ မေးလာသမျှကိုလည်း သဘောကျအောင် ဖြေကြားနိုင်သည်။ မင်းတုန်းမင်းကြီးနှင့် ဆွေရိပ်မျိုးရိပ်မကင်းသော စာတတ်အကျော် သီလရှင် မယ်ကင်းဖြစ်သည်။ တိုက်တည် ထောင်သူ ဒေါ်နန္ဒစာရီသည် မင်းကွန်း ဆရာတော်ကြီး မယ်တော်ဘွားဘွားနှင့် စာသင်ဖက် ဖြစ်သည်။

"မျိုးစေ့မမှန်၊
ပင်မသန်၊
ဖူးတံ ငုံကင်း
အသီးဖျင်း"

ဒေါ်နန္ဒစာရီသည် မျိုးစေ့လည်းမှန်၊ သီလရှင်မယ်ကင်း၏ အဆက်အနွယ်နှင့် မကင်း၊ မင်းကွန်းမယ်တော်ကြီးနှင့် စာသင်ဖက် မျိုးစေ့ကောင်းလှသည်။ မျိုးစေ့မှန်၍ အပင်သန်သည် ဆိုရမည်။

လယ်တီဆရာတော်ကြီး၏ အနီးကပ်တပည့်ရင်း ပရိယတ္တိစာပေ အဖူးအပွင့်တို့ကြောင့် နှစ်(၁၀၀)အတွင်း၌ ထူးချွန်သော သီလရှင် ဆရာကြီး ဆရာလေးများ ပေါ်ထွန်းခဲ့သည်။ လယ်တီဆရာတော်၏ ဩဝါဒခံယူကြသူများ သည် ခေသူမရှိ။ (မယ်ကင်း) (မင်းကွန်း မယ် တော်) (လယ်တီ)တို့၏ အရိပ်သည် လွန်စွာကြီး၏။ ယခုလက်ရှိ မဟာလယ်တီ ဓမ္မသက သီလ ရှင်ဆရာကြီး ဒေါ်ဓမ္မထေရီနှင့် ဒေါ်တိက္ခဝတီ တို့သည် အစဉ်အဆက် စည်ပင်ပြန့်ပွားနိုင်ရန် မော်ကွန်း ထိုးလောက်အောင် ကြိုးစားနေ ပေ သည်။ မြန်မာနိုင်ငံ တစ်နံ တစ်လျား စာသင်တိုက် အသီးသီးဖွင့် လှစ်၍ ပဋိပတ္တိ ကျင့်စဉ်ဌာနများ လယ်တီစာပေ များပြားစွာ ပေါ်ထွန်းအောင် ဆောင်ရွက်နေပါသည်။

ဓမ္မာစရိယအမွန်အစ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးများ အဆုံး ဆွတ်ခူး ရရှိနေကြပါပြီ။ ယခုလက်ရှိ သီလရှင် (၁၂၀)ပါး အထိ စာပေသင်ကြားလျက် ရှိနေသဖြင့် နှစ် ပေါင်း ထောင်ကြာ ဓမ္မသက သီလရှင် သာသနာ ပွင့်လင်း ပေါ်ထွန်းနေမည်သာ ဖြစ်ပါတော့ သတည်း။

မုံရွာစန်းမောင်

**လယ်တီအရှင်ကေလာသ-၏**
**နီတိစကားပုံများ-မှ**

- ပညာရှိသောသူသည်
  ပညာရှိသူကိုလည်း သိ၏။
  ပညာမရှိသူကိုလည်း သိ၏။
- ပညာမရှိသောသူသည်
  ပညာရှိသူကိုလည်း မသိ။
  ပညာမရှိသူကိုလည်း မသိ။






# သစ်တုံးပမာ (၅)ခန္ဓာ

အောင်သာစံ

အခါတစ်ပါး ဗုဒ္ဓရှင်တော်မြတ်သည် ကောသမ္ဗီမြို့ကြီးအနီး ဂင်္ဂါမြစ်သို့ကြွလှမ်းတော်မူသည်။ ရဟန်းငါးရာတို့ လိုက်ပါလာကြသည်။ အကျိုးမဲ့ပြုလုပ်လေ့မရှိသော ဘုရားရှင်၏ အစဉ်အလာကို သိထားကြသော ရဟန်းရှင်ငါးရာသည် တရားတစ်ပုဒ် နာယူရတော့မည်ဟု မျှော်လင့်မိကြသည်။

ကမ်းနဖူးရှိ နေပြောက်မထိုး အရိပ်ကောင်း ညောင်ပင်ကြီးအောက် နေရာယူလိုက်၍ တဝေါဝေါ ရေစီးဆင်းနေသောမြစ်ဘက်မျက်နှာမူလိုက် ကြသည်။

ဝသန်ကာလ မိုးဦးတွင်းအခါသမယပေမို့ မုတ်သုံလေ တဟူးဟူးတွင် တိမ်တောင် တိမ်လိပ်များ မြစ်ညာသို့ လွင့်ပါးနေကြသည်။ ဟိမဝန္တာ တောင်တန်းကြီးဆီးခံ၍ အားကောင်း မောင်းသန် မိုးကြီး မည်းမည်းသည်းသည်း ရွာချလေ့ရှိသည်။ မြစ်, ချောင်း, အင်း, အိုင်များမှာ ရေများ ပြည့်လျှံမိုမောက်နေကြသည်။

ဂင်္ဂါမြစ်တွင်း ဗေဒါပင်များ၊ အမှိုက်သရိုက်ဒိုက်များ၊သစ်ပင်ဝါးပင်၊ သစ်တုံးသစ်စများ မျော

ပါနေကြသည်။ နှစ်စဉ်မြင်တွေ့နေကျမို့ မြင်ကွင်း က မဆန်း။ သို့သော် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ကမူ ရေတဖွားဖွားနှင့် တလိမ့်လိမ့် မျောနေသော သစ်တုံးကြီးတစ်တုံးကို သင်္ကန်း အတွင်းမှ လက်ယာလက်ကို ထုတ်ကာ လက်ညိုး ညွှန်လျက်--

"ရဟန်းတို့၊ ထိုသစ်တုံးကြီးကို မြင်ကြသလော" ဟု မေးလေသည်။ ရဟန်းအားလုံးက မျှော်လင့်ခဲ့သော တရားတစ်ပုဒ် နာကြားရတော့အံ့ဟု တွေးမိကြလျက် "မြင်ရပါသည်ဘုရား"ဟု ပြိုင်တူလျှောက်ထားကြသည်။

* ထိုသစ်တုံးသည် သည်မှာဘက်ကမ်း မကပ်လျှင် သမုဒ္ဒရာတိုင် ရောက် နိုင်ရာ သည်။
* ထိုသစ်တုံးသည် ဟိုမှာ ဘက်ကမ်း မကပ်လျှင် သမုဒ္ဒရာတိုင် ရောက်နိုင်ရာသည်။
* ထိုသစ်တုံးသည် ရေတွင် မနစ်မြုပ်လျှင် သမုဒ္ဒရာတိုင် ရောက်နိုင်ရာသည်။
* ထိုသစ်တုံးသည် သောင်မတင်လျှင် သမုဒ္ဒရာတိုင် ရောက်နိုင်ရာသည်။
* ထိုသစ်တုံးသည် လူဆယ်မခံရလျှင် သမုဒ္ဒရာတိုင် ရောက်နိုင်ရာသည်။
* ထိုသစ်တုံးသည် နတ်ဆယ် မခံရလျှင် သမုဒ္ဒရာတိုင် ရောက်နိုင်ရာသည်။
* ထိုသစ်တုံးသည် ဝဲစုပ်မခံရလျှင် သမုဒ္ဒရာတိုင် ရောက်နိုင်ရာသည်
* ထိုသစ်တုံးသည် အတွင်းလှိုက်စား ဆွေးမြည့်မသွားလျှင် သမုဒ္ဒရာတိုင် ရောက်နိုင်ရာသည်။

ဤပြစ်ချက် (၈)မျိုးမှ တစ်ခုတလေမျှ ရှိလျှင်ပင် သမုဒ္ဒရာသို့ ရောက်နိုင်တော့မည် မဟုတ်ချေ။ ပြစ်ချက် (၈)မျိုး အားလုံးကင်းစင် မှသာ သမုဒ္ဒရာသို့ မုချရောက်ပါလေမည်။ အဘယ်ကြောင့်ဆိုသော် မြစ်လယ် ရေစီးကြောင်းသည် သမုဒ္ဒရာသို့ ဦးတည်နေသောကြောင့် ဖြစ်သည်။

ထိုအတူပင် အပြစ်(၈)ပါးကင်းသော မည်သည့်ပုဂ္ဂိုလ်မဆို သမ္မာဒိဋ္ဌိ (မှန်ကန်သော အမြင်သဘော) က နိဗ္ဗာန်အရောက် ပို့ဆောင် ပေးမည် မုချဖြစ်သည်။ သံသာရာမှ ထွက်မြောက်လိုသူတို့အတွက် ထိုရေမျော သစ်တုံးသည် ဥပမာ ပြယုဂ်မျှသာ ဖြစ်ကြောင်း ဘုရားရှင်က မိန့်ကြားတော်မူသည်။

ထိုအခါ ရဟန်းတစ်ပါးက ဥပမာကို ရှင်းပြပါရန် လျှောက်ထားသဖြင့် ဘုရားရှင်က ဆက်လက် ရှင်းပြတော်မူသည်။

* **သည်မှာဘက်ကမ်း ဆိုသည်မှာ ဒွါရ(၆) ပေါက်၊ (တစ်နည်း) အတွင်း အာယတန (၆)ပါးဟု ဆိုအပ်သော မျက်စိ, နား,နှာ, လျှာ, ကိုယ်,စိတ်တို့ကို ဆိုလိုသည်။**
* **ဟိုမှာဘက်ကမ်း ဆိုသည်မှာ အာရုံဝတ္ထု (၆)မျိုး (တစ်နည်း) အပြင်အာယတန (၆)ပါးဟု ဆိုအပ်သော၊ အဆင်း, အသံ, အနံ့, အရသာ, ထိတွေ့စရာ, ကြံတွေးစရာတို့ကို ဆိုလိုသည်။**
* **ရေတွင်နစ်မြုပ်ခြင်း ဆိုသည် မှာ သက်ရှိသက်မဲ့တစ်ခုခုကို စွဲလမ်း တပ်မက်မိခြင်း။**
* **သောင်တင်ခြင်း ဆိုသည်မှာ မာန်မာန တက်ကြွခြင်း။**
* **လူဆယ်ခံရခြင်း ဆိုသည်မှာ ရဟန်းသည် ပုထုဇဉ် လောကီ လူသားတို့နှင့် ရောနှော ပေါင်းသင်းခြင်း။**
* **နတ်ဆယ်ခံရခြင်း ဆိုသည်မှာ နတ်ဘုံ, ဗြဟ္မာဘုံရောက်ရန် တောင့်တ ရည်စူး၍ ကောင်းမှုကုသိုလ် ပြုခြင်း။**
* **ဝဲစုပ်ခံရခြင်းဆိုသည်မှာ ငါးပြားအာရုံ၊ ကာမဂုဏ်တို့ကို ခံစား၊ ကျူးလွန် လိုက်စားခြင်း။**
* **အတွင်းပုပ် ဆွေးမြည့်ခြင်းဆို သည်မှာ သူတော်မဟုတ်၊ သူယုတ်မာ ဖြစ်လျက် သူတော်ကောင်း ယောင်ဆောင်ခြင်းတို့ကို ဆိုလိုကြောင်း ဘုရားရှင်က နှိုင်းယှဉ် ပြသည်။**

ဤပြစ်ချက်(၈)မျိုး အားလုံးလွတ်ကင်းမည်ဆိုလျှင် ရဟန်း၊ လူပုဂ္ဂိုလ်တို့သည် ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ မုချရောက်မည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် သမ္မာ

ဒိဋ္ဌိဦးစီးသော မရှိမအလယ်အလတ် လမ်းစဉ် မဂ္ဂင် ရှစ်ပါးက ပို့ဆောင်ပေးမည် ဖြစ်သောကြောင့်ဟု ဟော ကြားလေသည်။

## အကျယ်ဖွင့်ဟောပြခြင်း

ဘုရားရှင်ကဆက်၍ ဟောပြော ရှင်းပြသည်မှာ–

* မျက်စိကြောင့် အဆင်းရှင်ကို၊ နားကြောင့် အသံရှင်ကို၊ နှာခေါင်းကြောင့် အနံ့ရှင်ကို၊ လျှာကြောင့် အစာကို၊ ကိုယ်ကြောင့် ထိစရာကို၊ စိတ်ကြောင့် သဘောတရားတို့အပေါ် ခံစားမှု (ဝေဒနာ)၊ နှစ်သက်မှု (တဏှာ)၊ စွဲလမ်းမှု (ဥပါဒါန်)တို့ ဖြစ်ပေါ်ရသည်။ အကျိုးဆက်အဖြစ် လောဘ၊ ဒေါသ၊ သောက၊ ဗျာပါဒများ ကပ်ပါလာကြသည်။ အတွင်း ဒွါရ(၆)ပေါက်ကြောင့် ထိုသူဖြစ်ရခြင်းကို သစ်တုံးသည် မှာဘက်ကမ်း ကပ်မိခြင်းနှင့် ခိုင်းနှိုင်းခြင်း ဖြစ်သည်။
* အပြင်အာယတနခေါ် အဆင်း၊ အသံ၊ အနံ့၊အရသာ၊ထိစရာ၊တွေးစရာ စသည့် အာရုံဝတ္ထုတို့ကြောင့်လည်း တဏှာ၊ ဥပါဒါန်၊ လောဘ၊ ဒေါသ၊ ဗျာပါဒ၊ စသည့် ကိလေသာများ ဖြစ်ရခြင်းကို သစ်တုံး ဟိုမှာဘက်ကမ်း ကပ်မိခြင်းဟု ဆိုလိုသည်။
* အတွင်းအာယတနများနှင့် အပြင်ဝတ္ထုတို့ တိုက်မိရာမှ ဖြစ်လာသော အာရုံငါးပါး အကြောင်းပြု၍ သက်ရှိ သက်မဲ့တို့အပေါ် နှစ်သက်စွဲလမ်းမှု တဏှာ၊ သံယောဇဉ် ဖြစ်ရခြင်းကို သစ်တုံး ရေတွင်မြုပ်ခြင်းဟု ခေါ်ဆိုသည်။
* ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ရာထူး ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ ပညာ ရုပ်အဆင်းတို့ ကြောင့် မာန်မာနတက်ခြင်း၊ အထင်ကြီးခြင်း၊ ဘဝင်မြင့်ခြင်း ဖြစ်တတ်သည်။ ထိုအခါ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ သဘာဝ အတိုင်း ဖြစ်စဉ်အမှန်ကို မမြင်နိုင်တော့ချေ။

“ ငါလိုလူ ဇမ္ဗူမှာ ရှိသေးလား” ဟူ၍ “ငါ စွဲ”၊ “အတ္တစွဲ” ကိန်းအောင်းကာ လောဘ၊ ဒေါသ၊ မောဟ၊ ရာဂ ကိလေသာလေးများ ထူပြောလျက် တဏှာ၊ မာန၊ ဒိဋ္ဌိ အယူမှားများ စွဲကပ်လာသည်။ ထိုသူသည် သစ်တုံးရေလယ် သောင်တင်သကဲ့သို့ နိဗ္ဗာန်သို့ ရောက်မည်မဟုတ်ချေ။

* မသင့်မလျော်ရောနှော ဆက်ဆံခြင်း ဆိုသည်မှာ ပုထုဇဉ်ရဟန်းတို့ ရည်ရွယ်ခြင်းဖြစ်သည်။ ရဟန်းသည် ပရိယတ္တိ (စာပေ ကျမ်းဂန် လေ့လာခြင်း)၊ ပဋိပတ္တိ (တရားကျင့်ခြင်း) ၊ ပဋိဝေဓ (နိဗ္ဗာန်မျက်မှောက်ပြုခြင်း) ဆိုသည့် သာသနာ ကျင့်ဝတ်တစ်ခုခုကိုမျှ မထမ်းဆောင်ဘဲ ပုထုဇဉ် လူသားများနှင့် ရောနှော ပေါင်းသင်းလျက် လူတို့၏ အိမ်ထောင် သားမွေး၊ လူမှုရေး၊ စီးပွားရေး၊ လောကီရေးတို့တွင် ပါဝင် ပတ်သက်နေပြီး သံယောဇဉ်တွယ်နေသည်။ သီလ, သမာဓိ, ပညာ, ရဟန်း သိက္ခာ (၃)ပါးနှင့် အနိစ္စ,ဒုက္ခ, အနတ္တလက္ခဏာရေး တို့ကို မပွားများ မဆင်ခြင်နိုင်တော့သဖြင့် နိဗ္ဗာန်ဆိုသည် ဝေလာဝေး၊ နိဗ္ဗာန်ရောက်လို စိတ်ပင် ဖြစ်ပေါ်မည် မဟုတ်။ ထိုရဟန်းသည် လူဆယ်ခံရခြင်း ဖြစ်သည်။

* လူပုဂ္ဂိုလ်များသည် နတ်စည်းစိမ်၊ ဗြဟ္မာ စည်းစိမ်တို့ကို တောင့်တလျက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများ ပြုကြသည်။ သေလွန်သော် နတ်ဘုံ၊ ဗြဟ္မာဘုံတို့ကို ရောက်လည်း ရောက်ကြပါ၏။ နတ်၊ ဗြဟ္မာ၊ စည်းစိမ်မှာ လူ့စည်းစိမ်ထက် အဆပေါင်းများစွာ ပို၍မြင့်မြတ်ကြီးမားသော်လည်း ကံ အကျိုးပေးကုန်၍ စုတေသောအခါ လူ့ဘဝအောက် နိမ့်ကျသော တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ်ဘုံတို့ ကိုပင် ကျရောက် ကျင်လည်ရတတ်သည်။

နိဗ္ဗာန်သည် ဝေးသည်ထက် ဝေးသွားသည်။ ဤသည်မှာ သစ်တုံးနတ်ဆယ် ခံခြင်းပင် ဖြစ်သည်။

* ငါးဖြာအာရုံ ကာမဂုဏ်တို့ကြောင့် နှစ်သက်မှု (တဏှာ)၊ စွဲလမ်းမှု(ဥပါဒါန်)တို့ အပြင်းအထန် ဖြစ်လာသည်။

အာရုံဖြစ်ရုံနှင့် လူတို့သည် မတင်းတိမ်နိုင်။ လက်တွေ့ခံစားနိုင်အောင် ကြိုးပမ်း အားထုတ်လိုက်စား ကျူးလွန်ကြသည်။ သစ်တုံးရေဝဲတွင် နစ်မြုပ်

သကဲ့သို့ ထိုသူသည် ကာမဂုဏ် ဝဲစလုတ်တွင် စုံးစုံး မြုပ်သွားခြင်းဖြစ်သည်။

* သစ်တုံးသည် အတွင်း၌ ဆွေးမြည့်ပုပ်ပွ၊ ကြေမွပျက်စီးလျှင် သမုဒ္ဒရာအထိ မရောက်နိုင် သကဲ့သို့ လူပုဂ္ဂိုလ်တစ်ဦးသည် စာရိတ္တရိုးဖြောင့်မှုမရှိ၊ ကျင့်ကြံအားထုတ် ထားသော သူတော်ကောင်းတရား လည်း မရှိပါဘဲလျက် သူတော်ကောင်းယောင်ဟန် ဆောင်သည်။ သူတော်စင်ဘိုးဘိုး၊ ရသေ့၊ ရဟန်း, ရဟန္တာယောင်ဆောင်၍ မိမိကို ကြည်ညို ကိုးကွယ် ရန်၊ လာဘ်လာဘ ပေါ်များရန် ပြုမူဟောပြောသည်။ မုသာဝါဒ လိမ်လည်မှု ကျူးလွန်ခြင်းဖြစ်သည်။ ထိုသူ သည် သစ္စာ၏ ဆန့်ကျင်ဘက် မုသာဝါဒီ ဖြစ်သော ကြောင့် နိဗ္ဗာန်သို့ မုချမရောက်နိုင်ပေ။

## မဇ္ဈိမပဋိပဒါ အလယ်လမ်းစဉ်

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် (၂၉)နှစ်တိုင် လောကီ၊ ကာမဂုဏ် စည်းစိမ် ခံစား ခဲ့သည်၊ ချမ်းသာမှု မရခဲ့၊ (၆)နှစ်တိုင် မိမိကိုယ်ကိုယ် ညှဉ်းဆဲသော ဒုက္ကရစရိယာ ကျင့်တရားရှာသည်၊ ချမ်းသာမှုမရခဲ့။ ထိုလက်ယာနှင့် လက်ဝဲအစွန်း နှစ်ဖက်ကို ပယ်လျက် အလယ်လမ်းစဉ် ဖြစ်သော မဂ္ဂင်ရှစ်ပါး ကျင့်သုံးပါမှ အရိယာသစ္စာလေးပါး သိမြင် သဗ္ဗညုတဉာဏ် ရှင်ဘုရားစင်စစ် ဖြစ်တော်မူလာ ရသည်။

## မဂ္ဂင်ရှစ်ပါး

အရဟတ္တမဂ် (နိဗ္ဗာန်)ရနိုင်သော တစ်ခု တည်းသောလမ်းစဉ်မှာ မဂ္ဂင်ရှစ်ပါးဖြစ်သည်။ သာသ နာပနှင့် အခြား ဘယ်ဘာသာတွင်မျှ ဤ ကျင့်စဉ် မျိုးမရှိ၊ မဂ္ဂင်ရှစ်ပါးကို သုံးစုခွဲနိုင်သည်။



ဤအပြစ် (၈)ပါးကင်းသူတို့သည် သစ်တုံးကို မြစ်လယ်ရေစီးကြောင်းက သမုဒ္ဒရာတိုင် တွန်းပို့သကဲ့ သို့ သမ္မာဒိဋ္ဌိ ဦးစီးသော မဂ္ဂင်ရှစ်ပါး လမ်းစဉ်က နိဗ္ဗာန်သို့ အရောက်ပို့ဆောင်မည် ဖြစ်ကြောင်း ဘုရား ရှင်က ရှင်းလင်းပြသည်။

လူပုဂ္ဂိုလ် (ဝါ) ခန္ဓာငါးပါးကို သစ်တုံးနှင့် ဥပမာပြု ဟောကြားထားသော ဤ (ဒါရုက္ခန္ဓော ပမသုတ္တန်)ကို သံယုတ္တနိကာယ်တွင် ဖော်ပြထား၍ ပညာရှင် ရဟန်းရှင် လူပုဂ္ဂိုလ်တို့က အမျိုးမျိုး ချဲ့ထွင် ရေးသား ဟောပြောကြပေသည်။

* သမ္မာကမ္မန္တ (ကောင်းစွာ ပြုမူခြင်း)
သမ္မာဝါစာ (ကောင်းစွာ ပြောခြင်း)
သမ္မာ အာဇီဝ (ကောင်းစွာအသက်မွေး ခြင်း)တို့ကို သီလမဂ္ဂင်များဟု ခေါ်သည်။

* သမ္မာဝါယာမ (ကောင်းစွာ အားထုတ်ခြင်း)
သမ္မာသတိ (ကောင်းစွာ အမှတ်ရခြင်း)
သမ္မာသမာဓိ (ကောင်းစွာ တည်ကြည် ခြင်း)တို့ကို သမာဓိမဂ္ဂင်များဟု ခေါ်သည်။

* သမ္မာသင်္ကပ္ပ (ကောင်းစွာ ကြံစည်ခြင်း)
သမ္မာဒိဋ္ဌိ (ကောင်းစွာအယူသဘော ရှိ ခြင်း)တို့ကို ပညာမဂ္ဂင်များဟုခေါ်သည်။

## သီလမဂ္ဂင်များဖြည့်ဆည်းခြင်း

သက်ရှိအားလုံးအပေါ် မေတ္တာ,ကရုဏာ, မုဒိတာ,ဥပေက္ခာ တရားများ ပွားလျှက် အကုသိုလ် ဒုစရိုက်ဆယ်ပါး ရှောင်ရန်နှင့် ကုသိုလ် သုစရိုက် ဆယ်ပါးဆောင်ရန် ဥပုသ်သီလများ ဆောက်တည်၍ ဣန္ဒြေစောင့်ထိန်းရသည်။ အလှူဒါနများ ပြုရသည်။ ကြောင့်ကြမဲ့ သေလွန်ရသောကြောင့် နတ်ရွာ သုဂတိ ရောက်ရသည်။

## သမာဓိမဂ္ဂင် ဖြည့်ဆည်းခြင်း

သတိနှင့်လုံ့လ ကြီးစွာဦးစီးလျက် ကမ္မဋ္ဌာန်း (၄၀)တို့မှ တစ်နည်းနည်းကိုပွားရသည်။

အာနာပါနကို အများစုက ကျင့်သုံး ကြသည်။ ထွက်သက်လေ ဝင်သက်လေကို နှာသီး ဖျား၌ ထိဝင်တိုင်း၊ ထိထွက်တိုင်း၊ မလွတ်တမ်း သိအောင် အချိန်ကြာကြာ ရှုမှတ်ခြင်းဖြင့် အသက် ရှူရှိုက်ခြင်းသည် (ဩဠာရိက) ကြမ်းတမ်းရာမှ (သုခုမ) နူးညံ့ခြင်းသို့ ပြောင်းလာသည်၊ ပရိကမ္မ၊ ပရိဂ္ဂဟ၊ ပဋိဘာဂ စသည့်အလင်းမှုန်၊ အလင်းတန်း၊ အလင်း ကွက်၊တလက်လက်အရောင်၊ ပညတ်နိမိတ်များ ရလာ သည်ဆို၏၊ စိတ်အလွန် ကြည်လင်၍ သမာဓိအား ကောင်းခြင်း ဖြစ်သည်။ နှာသီးဖျား၌ အာရုံကပ်မထား တော့ဘဲ ယင်းပဋိဘာဂနိမိတ်ကို ဆက်ရှုမည် ဆိုလျှင် လောကီဈာန်(၄)ပါးနှင့် တန်ခိုးဣဒ္ဓိပါဒ်များ ရနိုင် သည်။ ဈာန်စိတ်နှင့် သေလွန်လျှင် ဗြဟ္မာ့ဘုံရောက် မည်ဟု ဆိုသည်။

သီလနှင့် သမာဓိကျင့်စဉ်များသည် သာသနာ ပကာလနှင့် အခြားဘာသာများတွင်လည်း ရှိကြသ ဖြင့်မဆန်း။ နတ်ဆယ်ခံရခြင်းကို ပြစ်ချက်အဖြစ်မြင် လျှင် သံသရာဘေးဆိုးနှင့် အိုနာသေ ဝဋ်ဒုက္ခ မဆုံး ကြောင်း သတိချပ်ရမည်။

## ပညာမဂ္ဂင် ဖြည့်ဆည်းခြင်း

သံသရာဘေးဆိုးမှ လွတ်မြောက်ရန် သီလ၊ သမာဓိနှင့်မပြီး၊စိတ်ဓာတ်ဖြူစင် ဉာဏ်ပညာ အလင်း ရောင်လိုအပ်သည်။ ထိုအခါ ယုံကြည်မှု သဒ္ဓါတရား (သမ္မာဒိဋ္ဌိ) ဦးစီးလျက် ဝိပဿနာရှုရန် မလွဲမသွေ လို အပ်ပါလေတော့သည်။

## သမ္မာဒိဋ္ဌိ

ဦးစွာ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံး ပါးကိုယုံကြည်ကိုးကွယ်ခြင်း သရဏဂုံတည်ရမည်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်၊ မကောင်းတာ လုပ်ရင် မကောင်းတာဖြစ်ဟူသော ကံနှင့်ကံ၏ အကျိုး တရားများကို ယုံရမည်။

လူပုဂ္ဂိုလ်၊ သတ္တဝါတို့တွင် အတ္တ (ဝိညာဉ် ကောင်) မရှိ၊ ဘယ်ဘုရား၊ နတ်၊ ဗြဟ္မာတို့မှ ဖန်ဆင်းထားသည်မဟုတ်။ ယင်းဝိညာဉ် သည် ခန္ဓာ အိမ် အသစ်အသစ် ပြောင်းလဲ ဝင်ရောက်ကာ သံသ ရာမှာ ပြေးလွှားနေသည် မဟုတ်။ဤအနတ္တဝါဒသည် ဗုဒ္ဓဘာသာတွင်သာရှိသော အယူမှန်ဖြစ်သည်။

အမှန်မှာလူတွင် ခန္ဓာ(၅)ပါး၊ (သို့) ရုပ် နာမ် နှစ်ပါးသာရှိသည်။ အတွင်းအာယတန (ဒွါရ ခြောက် ပေါက်)နှင့် အပြင်အာယတန (အာရုံ ၆-ခု)တို့ အသီး သီး တိုက်ဆိုင်မှုဟူသော ရုပ်တရားကြောင့် မြင်သိ စိတ်၊ ကြားသိစိတ်စသော သိစိတ် (နာမ်တရား) များ ဖြစ်လာရသည်။

ထို့ကြောင့် လူပုဂ္ဂိုလ်သတ္တဝါတိုင်းကို ရုပ် အစု(ရူပက္ခန္ဓာ)နှင့် ကြားသိစိတ်၊ နံသိစိတ်၊ ရသာ သိစိတ်၊ ထိသိစိတ်အစု (နာမက္ခန္ဓာ)တို့ဖြင့် ဖွဲ့စည်း ထားသည်။ ရုပ်အစုတွင် ပထဝီ၊ တေဇော၊ အာ- ပေါ၊ ဝါယော အခြေခံ(၃၂)ကောဋ္ဌာသ ကလာပ်စည်းများ ပါရှိသည်။

နာမ်အစုတွင် ခံစားမှု(ဝေဒနာက္ခန္ဓာ)၊ မှတ် သားမှု(သညာက္ခန္ဓာ)၊ ပြုပြင်ပြောင်းလဲမှု (သင်္ခါ ရက္ခန္ဓာ)၊ တွေးတောကြံစည်မှု (ဝိညာဏက္ခန္ဓာ) စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာထားသည်။ ထို့ကြောင့် လူပုဂ္ဂိုလ်၊ သတ္တဝါတိုင်းတွင် ခန္ဓာ ၅-ပါး၊ (တစ်နည်း) ရုပ် နာမ် နှစ်ပါးသာရှိ၍ ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးဆက် သဘောအရ မိမိပြု သောကံ စိတ်၊ ဥတု၊ အာဟာရအကြောင်းများကြောင့် ဇာတိ၊ အို၊ နာ၊ သေ, ဒုက္ခများမကင်းဘဲ၊ ရုပ် နာမ်အဟောင်းမှ ရုပ်နာမ် အသစ်သို့ အဆက်မပြတ် ပြောင်းလဲနေသည်။



## ဝိပဿနာရှုခြင်း

အထူးရှုခြင်းဟု အဓိပ္ပာယ်ရသည်။

ဘာကိုရှုသနည်း ဟု မေးလျှင် . . . လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါသက်ရှိ သက်မဲ့တို့၏ ဖြစ်, တည်, ပျက်အစဉ် ရုပ်ဓမ္မနှင့် နာမ်ဓမ္မတို့ကို အရှိအတိုင်း၊ သဘာဝအတိုင်း သိအောင် ရှုမှတ်ခြင်းဖြစ်သည်။

## သတိပဋ္ဌာန်ရှုပွားနည်းများ

သတိပြဋ္ဌာန်းလျက်(ဝါ) သတိဦးစီးလျက် ဝိပဿနာပွားများနည်း (၄)မျိုးကို ဗုဒ္ဓဘုရားရှင်က "မဟာသတိပဋ္ဌာန်သုတ်တော်ကြီး"တွင် ဟောပြထားသည်။

၁။ ရုပ်ခန္ဓာအပေါင်း၏ ဖြစ်ပျက်ရှုခြင်း (ကာယာနုပဿနာ)

၂။ ဝေဒနာအပေါင်း၏ ဖြစ်ပျက်ရှုခြင်း (ဝေဒနာနုပဿနာ)

၃။ စိတ်အပေါင်း၏ ဖြစ်ပျက်ရှုခြင်း (စိတ္တာနုပဿနာ)

၄။ သဘောတရားအပေါင်း၏ ဖြစ်ပျက် ရှုခြင်း (ဓမ္မာနုပဿနာ) တို့ ဖြစ်ကြ သည်။

## အာနာပါန ဝိပဿနာ

ဗုဒ္ဓဘုရားရှင်တိုင်းသည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် အာနာပါနဝိပဿနာရှုပွား၍ သဗ္ဗညုတရွှေဉာဏ်တော်ရရှိကာ ဘုရားစင်စစ် ဖြစ်လာကြရသည်ဟုဆိုသည်။ အာနာပါနဖြင့် ဝိပဿနာရှု ခြင်းဖြင့် ဗောဓိပက္ခိယ(၃၇)ပါး ကျင့်စဉ်အားလုံး ပြည့်စုံသည်ဟု ဆိုသည်။

ပထမဦးစွာ ဝင်လေထွက်လေရှု၍ နိမိတ်ရသည်အထိသမာဓိထူထောင်ရသည်။ ယင်းနောက် ဝင်လေတိုင်းကို ဝင်လေမှန်းသိလျက်၊ ထွက်လေ တိုင်းကို ထွက်လေမှန်းသိလျက် မလွတ်တမ်းသိ အောင်ရှုပါ။ ဝင်လေထွက်လေတို့သည်ရုပ် သိတာသည် နာမ်ဟူ၍၊ အခြားသော အာရုံများ ဝင်လာလျှင်လည်း မြင်တာရုပ် သိတာနာမ်၊ ကြားတာရုပ် သိတာနာမ် ယားတာရုပ် သိတာနာမ်ဟူ၍ ရှုမှတ်ခြင်းဖြင့် ရုပ်နှင့်နာမ်တို့ကို ကွဲပြားသိရှိ လာသည်။ ယင်းကို "နာမရူပပရိစ္ဆေဒဉာဏ်"ရ သည်ဟု ဆို၍ "ဒိဋ္ဌိဝိသုဒ္ဓိ" အယူစင်ကြယ်ခြင်းဟု ခေါ်ဆိုသည်။ ရုပ်နှင့်နာမ် မကွဲလျှင် ဝိပဿနာဉာဏ် စဉ်မရနိုင်ပေ။ ဝိပဿနာရှုရာတွင် ပေါက်မြောက်ဖို့ ဆရာကောင်းနှင့် သုတမယဉာဏ် (စာဖတ်ခြင်း၊ တရားနာခြင်း)တို့ အထူး လိုအပ်ပေသည်။

ရှုရင်းဖြင့် အဝိဇ္ဇာ၊တဏှာ၊သင်္ခါရ တို့ကြောင့်ဝင်လေ၊ ထွက်လေ ဝင်စိတ် ထွက်စိတ် စသည့် ရုပ်နာမ်တွေဖြစ်လာကြသည်ဟု သိလာသည်။ ယင်းနောက် ဝင်လေ အဆုံး၌ပျက်သည် ထွက်လေ အဆုံး၌ ပျက်သည်ဟု မလွတ်တမ်း ရှုမှတ်ရမည်။ ယင်းကို ဘင်္ဂဉာဏ်ရသည်ဟုဆိုသည်။ ရုပ်နာမ် နှစ်ပါးသည် ပျက်ကြလေသောကြောင့် မမြဲပါလား၊ ဒုက္ခပါလား၊ ကိုယ်မပိုင်ပါလားဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါး အယူအမှန်ကို ပိုင်ပိုင်ကြီး သိလာရသည်။

ရုပ်ဓမ္မ နာမ်ဓမ္မနှင့် သင်္ခါရတို့အပေါ်ကြောက်မက်ဖွယ်ဘေးကြီး အပြစ်ကြီးငြီး ငွေ့စရာ ကြီးဟူသော ဝိပဿနာ ဉာဏ်စဉ်များ၊ ယင်းတို့မှ လွတ် မြောက်လိုမှု တွန်း အားကြီး ကိုလည်း ရရှိ လာသည်။ ဆက်၍ရှုမှတ်ခြင်းဖြင့် နီဝရဏ (အပိတ်အဆို့)များ ကင်းရှင်းလာကာ စိတ်အလွန် ကြည်လင်လျက်နှင့်ပင် အရှုခံဝင်လေ ထွက်လေ (ရုပ်ဟောင်း)နှင့် ဝင်စိတ် ထွက်စိတ် (နာမ် ဟောင်း) တို့ ချုပ်ပျောက်သွားသည်။ ရှုနေဆဲစိတ် (နာမ်သစ်)လည်း ချုပ်ပျောက်သွားသည်ဟု ဆိုပါသည်။ ယင်းသို့ ရုပ်နာမ် ဓမ္မ သင်္ခါရတို့ ချုပ်ပျောက်သွားသဖြင့် ကိလေသာကင်းစင်၊ အမြင့်ဆုံး သမ္မာ ဒိဋ္ဌိဟုဆိုအပ်သော အရိယသစ္စာ (၄)ပါး သိမြင်လျက် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပါတော့သည်။

**သုတ္တန်နိဂုံး**

ဂင်္ဂါမြစ်ကမ်း၌ ဟောကြားသော ဤ "ဒါရုက္ခန္ဓောပမ"သုတ္တန်အဆုံးတွင် ပါလာသော ရဟန်း (၅၀၀)တို့ သစ္စာသိမြင် ကျွတ်တမ်းဝင်ကြသည်။ ယင်းတရားသဘင်တွင် ဘုရားရှင်သည် ဤသုတ္တန်ကို ရဟန်းများ အတွက်သာမဟုတ်၊ လူပုဂ္ဂိုလ်များအတွက်ပါ ရည်ညွှန်းဟောကြားခြင်းဖြစ်သည်။

တရားနာပရိသတ်တွင် လူတွေလည်း မပါပဲနဲ့ ဟောကြားလေခြင်းဟု တွေးထင်စရာပါ။ သည်လိုထင်လျှင် မှားပေမည်။ လူပရိသတ်ပါ ပါသည်။ပါသမှ တစ်ယောက်တည်းရယ်ပါ။

သဗ္ဗညုဘုရားရှင်၏ ဉာဏ်တော် ကွန်ရက်တွင် သူ့ကိုမြင့်တွေ့ရသဖြင့် သူ့ကိုကယ်ချွတ်ဖို့ ဘုရားရှင်သည် ယခုလို ဂင်္ဂါမြစ်ကမ်းကြွလှမ်း လာခဲ့ရခြင်း ဖြစ်ပေသည်။

သူကား. . ဆယ်ကျော်သက် ဆင်းရဲသူနွားကျောင်းသားလေး မောင်နန္ဒဖြစ်သည်။

နွားကျောင်းနေစဉ် လှမ်း၍ဖူးမျှော် လိုက်ရသော ဘုရားရှင်နှင့် သံဃာတော်တို့၏ အသရေတော်တို့ကြောင့် လွန်စွာမှ ကြည်ညိုသဒ္ဓါပွားမိသည်။ နွားများကို ဘေးမဲ့လွှတ်ထားလျက် မဝံ့မရဲ မျက်ကွယ်ရာမှဖူးမြော်၍ တရားဆုံးအောင် နာကြားလျက်ရှိခဲ့သည်။ ဘုရားရှင်သည်သာလျှင် သူ့ကိုမြင်လျက် ဟောကြားနေခြင်း ဖြစ်သည်။

ဘဝအခြေနိမ့်ကျပေမယ့် ပါရမီကရင့် ကျက်နေပြီမို့ အထက်ဟောကြားပါ အပြစ်ရှစ်ပါး ကင်းစင်လျက် သမုဒ္ဒရာ (နိဗ္ဗာန်)တိုင် ရောက်နိုင်ရေး မဂ္ဂင်(၈)ပါး ကျင့်ပွားနိုင်ရန် ရဟန်းပြုပေးဖို့ ဘုရားရှင်ထံ ခွင့်ပန်ပါလေသည်။ ဘုရားရှင်သည် နန္ဒအား ချက်ချင်း ရဟန်း မပြုပေးပေ။ သူကား သူဌေး၏ ကျွန်အမှုထမ်း ဖြစ်သည်။ နွားများကို ပြန်အပ်၍ သူဌေးထံမှ ရဟန်းပြုခွင့် တောင်းဆိုပါ။ ရလျှင်ကျောင်းတော်သို့လိုက်ခဲ့ရန် မှာကြားပြီး ဘုရားရှင်နှင့် ရဟန်းတို့ ကြွသွားကြသည်။

ကျွတ်တမ်းဝင်မည့်ဘဝမို့ထင်သည် သူဌေးက ရဟန်းပြုနိုင်ရန် ကျွန်အမှုထမ်းအဖြစ်မှ ရက်ရက်ရောရော ခွင့်လွှတ်လိုက်သည်။ ဘုရားရှင် ထံမှောက် ရဟန်းပြု၊ မဂ္ဂင်(၈)ပါးတရားနာယူ၊ တောကျောင်းမှီ၍ နန္ဒရဟန်းသည် အထက်ပါ အ ပြစ်(၈)ပါး ကင်းစင်ရန် အပြင်းအထန်ကျင့်ပွားရာ-

- ရုပ်ပျက်နာမ်ပျက်က ဒုက္ခသစ္စာ
- အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရတွေက သမုဒယသစ္စာ
- သိအောင်ကျင့်တာက မဂ္ဂသစ္စာ
- ကိလေသာချုပ်ငြိမ်းတာက နိရောဓသစ္စာ ဟူ၍

လေးပါးသစ္စာ ပွင့်လင်းကာ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ သန္တိသုခ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ရဟန္တာစင်စစ် ဖြစ်ပါလေတော့သည် ဟူ၍။

အမိကကိုးကား-၁၉၈၃ လန်ဒန်ဝိဟာရ၌ ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသ ၏ အင်္ဂလိပ်ဘာသာဖြင့် ဟောကြားချက် parable of the log " (1991 ပုံနှိပ်)

ညှိနှိုင်းကိုးကား -

(၁) အာနာပါနဒီပနီ(လယ်တီဆရာတော်)
(၂) ဓမ္မဂုဏ်ရည် (မိုးကောင်းတောရ ဆရာတော် ဦးကောဝိဒ)
(၃) 'ဒါရုက္ခန္ဓောပမ'သုတ္တန် (သီတဂူ ဆရာတော် အရှင်ဉာဏိဿရ)
(၄) ဗုဒ္ဓဘာသာကောင်း တစ်ယောက် (သာထွန်းပြန့် ဦးစိုးဌာန)
(၅) "သစ်တုံးပမာ တို့ခန္ဓာ"မုံရွာမြို့၊ ဇောင်ကြမ်းပင်တိုက်၊ စာချဓမ္မကထိက အရှင်အာစာရ၊ ဝိနယဝိဓူ ဟောကြားချက်။

**အောင်သာစံ**

# လယ်ဇင်ဟိန်းထက်

# သူလိုလူစား မိန်းမသား



ယနေ့ကမ္ဘာကြီးရဲ့ နိုင်ငံအသီးသီးကို ကြည့်လိုက်မယ်ဆိုရင် နေရာဌာနအလိုက် အမျိုးသမီးတွေဟာ ယောကျ်ားများနှင့် ရင်ဘောင် တန်းပြီး အရာအားလုံးကို ရင်ဆိုင် ဖြေရှင်းနိုင်ကြတာ ကို တွေ့ရပြီး နေရာယူလာကြတာကိုလည်း တွေ့ရပါတယ်၊ တကယ်တော့လည်း လူသားမှန်လျှင် တူညီစွာ အကြောင်းအကျိုး အမှားအမှန်ကို ဝေဖန်နိုင်သောသူများသာ ဖြစ်ကြပေသည်။(အတ္ထံ နတ္ထံ မနတိ ဇာနာတီတိ မနုဿော) မဟုတ်ပါလော။

သာဓကတစ်ခုကို ထုတ်ဆိုရေးသားရသော် မြတ်စွာဘုရားရှင်ရှိတော်မူစဉ် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးလက်ထက် အမိတဘောဂ သူဌေးကြီးများထဲတွင် ကာကဝလ္လိယဟူသော ဇနီး မောင်နှံရှိသည့်အနက် ဇနီးဖြစ်သူ အမျိုးသမီးသည် ခင်ပွန်းသည် ဖြစ်သော ယောကျ်ားထက် သတ္တိရှိမှု၊ ပရိယာယ်ကြွယ်ဝမှု၊ ပညာအမြော်အမြင် ကြီးမားမှုတို့သည် ထင်ရှားလှပေ၏။ တစ်နေ့သောအခါ မင်းကြီးသည် တိုင်းခန်းလှည့် လည်ကြည့်ရှုစစ်ဆေးစဉ် သူသတ်ကုန်းကို ဖြတ်သန်းလာစဉ် ကားစင်တင် သတ်ခံရအံ့သော ယောကျ်ားသည် အစာ ရေစာ စားလိုကြောင်း တောင်းဆိုသောအခါ သနားသဖြင့် ညနေပွဲတော်စာကို ပို့လွှတ်လိုက်မည်ဟု ရာဇဝတ်သားအား ကတိပြုခဲ့၏။

ရွှေနန်းတော်ရောက်သော် မေ့လျော့နေ၍ ညအမှောင်ချိန်မှ သတိရတော့၏။ ထိုအခါ မင်းကြီးသည် ကတိကိုမပျက်စေလို၍ စားမြိန်စာထုပ်ကို ပို့နိုင်သူအား တာဝန်ကျ မဟာဝန်တို့ဖြင့် စည်လည် ရှာဖွေစေသော်လည်း တစ်ကြိမ် နှစ်ကြိမ် မတွေ့ခဲ့။ သုံးကြိမ်လှည့်လည် လာကာမှ ကာကဝလ္လိယ မိန်းကလေးက သူပို့နိုင်ကြောင်း မင်းကြီးထံသို့ သူမအား ခေါ်သွားစေလို ကြောင်း ပြောပြ၏။ အဘယ့်ကြောင့် ရုတ်တရက် သုသာန်မြေမှာ ထမင်းထုပ် မပို့ဝံ့ကြသနည်းဟူမူ-ထိုအချိန်က ရာဇဂြိုဟ်၏ အနောက်တံခါးရှိ ထန်းနှစ်ပင်၌နေသော ဒီဃတာလအမည်ရှိ ဘီလူးတစ်ကောင်အား မင်းကြီးမှ ညအခါထွက်လာသူကို တွေ့ရှိက အသင်စားစေနိုင်သည်ဟု ဆုလာဘ်အဖြစ် မိန့်တော်မူထား၍ ညအချိန် တွေ့သမျှလူကို ဘီလူးဒီဃတာလက စားသောက်နေ၍ ဖြစ်ပေသည်။

ယခုမိန်းကလေးကမူ သူသွားပို့နိုင်သည်ဟု ဆိုလာချေပြီ။ သူမသည် ပရိယာယ်ကို သုံးကာ သွားလျှင် ရနိုင်၏ဟု အတွေးများက ထက်မြက်စွာတွေးတောထားခြင်းကြောင့် ယုံကြည်မှုအပြည့်ဖြင့် လက်ခံလိုက်ခြင်း ဖြစ်ပေသည်။ မင်းကြီးရှေ့မှောက် ရောက်စဉ်တွင် မင်းကြီး ကျွန်တော်မျိုးမ သွားနိုင်၏။ သို့သော် ကျွန်တော်မျိုးမအား ယောကျ်ားတစ်ယောက်လို ဝတ်စား၊ လက်နက်ငါးပါးကိုချိတ်၊ ဦးထိပ်ထက်တင် မနောလင်ပန်းနှင့် အစာကိုရွက်၍ မင်းကြီး သုံးဆောင်သော ရေတကောင်းအတွင်း ရေထည့်၍ ပို့ရသော် သွားနိုင်ပါ၏ ဟုလျှောက်တင်လေ၏။ (ဤ အချက်များသည် အများမမြင်နိုင်သော ဖြတ်ထိုးဉာဏ်များ ဖြစ်ပေ၏။) မင်းကြီးလည်း မယ်ကာက တောင်းဆိုသမျှ ခွင့်ပေး၍ လွှတ်လိုက်လေ၏။

မြို့အထွက်ရောက်သော် ဒီဃတာလ ဘီလူးသည် အသင်လူသား ရပ်လော့၊ သင်သည် ယနေ့ည ငါ၏အစာဖြစ်ချေပြီ ဟုပြော၏။ ထိုအခါ မိန်းကလေးသည် ဒီဃတာလ၊ သင်သည် ငါ့အား စား၍မဖြစ်၊ ငါသည်မင်းကြီး၏ တမန်တော်အဖြစ် ထွက်လာခဲ့ခြင်းဖြစ်၏။ မယုံလျှင်ဒီမှာကြည့်၊ မင်းကြီးသုံးဆောင်သော မနောလင်ပန်းနှင့် သောက်တော်ရေတကောင်းတို့ကိုပြသောအခါ ဒီဃတာလ ဘီလူးလည်း ယုံကြည်ရလေ၏။ ဤအချက်ကို သုံးသပ်ရသော် သူမ၏ အသက်ဘေးမှ လွတ်မြောက်ရခြင်းသည် ဉာဏ်ပညာက ကာကွယ်ပေးလိုက်ခြင်း ဖြစ်၏။



ဤနေရာတွင် ဉာဏ်ပညာ၏ အစွမ်းသတ္တိကို စာရှုသူများ သိရှိနိုင်ပါသည်။

ထိုအချိန် ဒီဃတာလဘီလူး စဉ်းစားနေ၏။ ဤမိန်းကလေးသည် တမန်အဖြစ် လာသော် တမန်တော်ပညာ ရှိရာ၏။ ငါ၏ အမှာစကားကို သူမသည် ပြောကြားနိုင် ရာ၏ဟု တွေး၍ အိုတမန်တော် မိန်းကလေး၊ သင့်အား ငါသည် အမှာစကား ပါးပါရစေ၊ သင်သွားသော သုသာန်မြေ၏အနီး တွင် မန်ကျည်းပင်အုပ်အုပ်၌နေသော ငါ၏ ယောက္ခမ သုမနဘီလူးကြီးအား အိုသုမန ဘီလူးကြီး၊ သင်၏သားမက်ဖြစ်သော ဒီဃတာလနှင့် သင့်သမီးဖြစ်သော ကာဠီဘီလူးမတို့မှ ယနေ့ သားဦးလေး ဖွားမြင်ကြောင်း သတင်းကောင်းကို ပါးလိုက်ပါ၏ဟု မှာလိုက်လေ၏။

မယ်ကာကလည်း သုသာန်မြေ အသွား တစ်လမ်းလုံး၌ သုမနဘီလူးကြီး ကြားသိစေရန် အော်ဟစ်၍ သွားလေရာ သုမနဘီလူး ကြားသိခဲ့ရသော် ဤတမန်တော်သည် မင်္ဂလာ သတင်းကို ပြောကြားလာသူဖြစ်ပေ၏၊ ငါ့အတွက် မြေးဦးရတနာ ရချေပြီ၊ ကျေးဇူး ကြီးမားလှ၏၊ ကျေးဇူးရှင်ကို ကျေးဇူးဆပ်မှ တော်ချေမည်၊ အချည်းအနှီး မပြန်သင့်ပေရာဟုတွေး၍ အို-တမန်တော် မိန်းကလေး၊ သင်သည်မင်္ဂလာ သတင်းကို ဆောင်လာသူဖြစ်ပေသည်။ ဤ ငါနေထိုင်သော မန်ကျည်းပင်ခြေ အရိပ်ကျရာ အရပ်ကို တူး၍ ရွှေအိုးများကို ယူဆောင်ပါလော့ဟု ချီးမြှောက်ခံရလေ၏။ မယ်ကာကလည်း သုသာန် မြေသို့ သွားရောက်ကာ ရာဇဝတ်သားအား ထမင်းခွံ့ ကျွေးလေ၏။ ရေပါတိုက်ပြီး နှုတ်ခမ်းများကို ပဝါဖြင့် ပွတ်သပ်သုတ်ပေးစဉ် မိန်းမ၏ အတွေ့မှန်းသိ၍ ရာဇဝတ်သားသည် ဆံထုံးကို ဆွဲထားရာ သူမ ယူလာသော သန်လျက်ဖြင့် ဆံထုံး ကိုဖြတ်ချထားခဲ့၍ပြန်ခဲ့လေ၏။

အပြန်ခရီး မြို့တံခါးနားအရောက် ဒီဃတာလ ဘီလူးက စောင့်ကြို၍ သတင်းစကား မေးမြန်းရာ သတင်းစကား ပါးခဲ့ကြောင်း၊ သုမနဘီလူးကြီးမှ ကျေးဇူးတင်၍ မန်ကျည်းပင် အောက်မှ ရွှေအိုးများလာရောက် တူးဖော်ယူပါရန် ပြောလိုက်ကြောင်းများကို ဒီဃတာလအား ပြောကြားရာ ဒီဃတာလသည် ငါ၏ အမှာစကားကိုကြားရသူပင် ဤမျှချီးမြှောက်သည်ရှိသော် သတင်းပါးလိုက် သောငါမှု ကျေးဇူးကိုပို၍ သိတတ်ရာ၏။ ကတညုတ-သူ့ကျေးဇူးကိုသိခြင်း၊ ကတဝေဒီ-ကျေးဇူးကို တစ်ဖန် တတ်နိုင်သလောက်ဆပ်ခြင်း တရားများကိုလည်း ဘီလူးမင်းတို့သိထားသည့်အလျောက် မယ်ကာက ငါ၏ ထန်းပင်ခြေပတ်လည်ကိုလည်း တူးလှည့်ပါ၊ ရွှေအိုးများ မြောက်မြားစွာကို သင်ယူပါလော့ဟု ကျေးဇူးဆပ်မှုများကို လက်ခံရရှိခဲ့ပြန်၏၊ ရွှေနန်းတော်ရောက်ရာ မင်းကြီးက ရာဇဝတ်သားအား ထမင်းကျွေးခဲ့ပါ၏လောဟု မေးမြန်းရာ ခေါင်း ထက်မှ ဆံထုံး မပါတာကိုကြည့်ပါလော့ဟု ဖြစ်ကြောင်းကုန်စင်ကို လျှောက်တင်လေ၏။



နောက်တစ်နေ့တွင် မင်းကြီး၏ တပ်တော်ဖြင့် ထန်းပင်ခြေနှင့် မန်ကျည်းပင် ခြေပတ်လည်တို့၌ တူးဖော်ရရှိသော ရွှေအိုးတို့အား နန်းရင်ပြင်၌ စုပုံသော် အလွန်တရာ မြင့်မားလှပေ၏။ မင်းကြီးမှ ဤမျှများပြားသော ရွှေအိုးတို့အား ဘယ်သူပိုင်သလဲမေးရာ အမတ်တို့မှ အခြားမည်သူမျှ မပိုင်ဆိုင်နိုင်ကြောင်း လျှောက်တင်ရာ မင်းကြီးက ကာကဝလိယ မောင်နှံအား သူဌေးအမှတ်လက္ခဏာ ထီးဖြူဆောင်း၍ သူဌေး ဘွဲ့ကို ပေးခဲ့လေ၏။ ထို့နောက် အိမ်ဆောက်မြေ နေရာကို ယခင်သူဌေးတစ်ဦးနေခဲ့သော မြေနေရာကို ပေး၍ ရှင်းလင်းရာတွင် ရွှေအိုးများ ထပ်မံ တွေ့ရှိပြန်၏၊ ဤမယ်ကာက၏ ဇာတ်ကို ခြုံငုံ သုံးသပ်ရသော် သူမ၏သတ္တိ၊





သူမ၏ ဉာဏ်ပညာ ပရိယာယ်တို့သည် အံ့ဖွယ် ဖြစ်ရ၏။ ဤမျှမက ဒီယတာလ၏ အကူအညီ တောင်းမှုကို ဆောင်ရွက်သော လူ့ဘောင် မြင့်မြတ် စိတ်ဓာတ်တို့သည်လည်း မချီးကျူးဘဲ မရတော့ပေ။ မင်းကြီးမှ အသပြာတစ်ထောင်ကို ဆင်ထက်တင်ကာ မောင်းကြေးနင်းခတ်စဉ် ဇနီးမောင်နှံအပြန် အလှန် ပြောဆိုသော စကားစုတို့သည် မိန်းမ သားတို့၏ ပင်ကို ဇာတိကို မြင်မိပြန်ပါ၏။

ပြောဆိုကြသည်မှာ အမောင်-ငါသည် အသပြာတစ်ထောင်ကိုယူပြီး သုသာန်ကို ထမင်း သွားပို့ပေးမယ် ကျွန်ုပ်တစ်စုံတစ်ရာ ဖြစ်သော်လည်း အမောင် ချမ်းချမ်းသာသာ နေရစ်ရတာပေါ့၊ "ကြောက် လာဘ်လွဲ ရဲမင်းဖြစ်တဲ့" မသေလို့ ပြန် လာတော့လည်း အမောင်နဲ့ ကျွန်ုပ်ဆင်းရဲတွင်းက လွတ်ပြီး သာယာစွာနေကြတာပေါ့ဟု ပြောသော အခါ ခင်ပွန်းသည်၏ ဆင်းရဲတွင်းက လွတ် မြောက်နိုင်ရန် သူမက အနစ်နာခံ၍ မိန်းမ သားတို့၏ အချစ်နှင့် အနစ်နာခံမှုကို တွေ့ပေ၏။ ထိုအခါ မောင်ကာကမှ မယ်မင်း မသွားပါနဲ့၊ မင်းသွားရင် ဒီယတာလဘီလူး စားပေမည်၊ ယခုချိန်ခါမှာ ဆင်းရဲခြင်းသည် ကာယိကဒုက္ခသာရှိပြီး စေတသိက သုခ ရှိကြပါသေးသည်။ မယ်ကာက မင်းသာ သေသွားရင် ငါ့မှာ ကာယိကဒုက္ခရော၊ စေတသိက ဒုက္ခပါ နှစ်ခုစလုံးက နှိပ်စက်ပါလိမ့် မည်၊ မသွားပါနဲ့ဟု တားခဲ့ရာတွင် မယ်ကာက အမောင်မပူနှင့် "ငါတို့ မိန်းမတွေမှာ သင်တို့ ယောကျ်ားများ မမီနိုင်သော မာယာနှင့်ပညာတို့ ရှိပါ၏"၊ ဤအတတ်ပညာတို့နှင့် အသုံးပြုကာ သင့်ထံသို့ပြန် လာခဲ့ပါမည် ဆိုခဲ့ကြသော စကားစု တို့သည် မိန်းမ၏ ပင်ကို သဘာဝသတ္တိကို ဖော်ညွှန်း၍နေ၏။ သူယုံကြည်ချက် အတိုင်းလည်း ဖြစ်လာခဲ့ပါ၏။ တကယ်ပင်စွမ်းဆောင်နိုင် ခဲ့ပေ၏။

ကျွန်ုပ်ဤစာကိုရေးနေစဉ် ထေရီအပဒါန် ဝတ္ထုထဲမှ ဂါထာတစ်ပုဒ်ကို အမှတ်ရမိပါတော့၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သူ၏ သာသနာအတွင်း ရဟန္တာထေရီမများ တဖွားဖွား ပေါ်ထွန်းလာကြခြင်းကို ချီးကျူးသော ဂါထာ ဖြစ်ဟန် တူပါ၏။

န ခေါ သဗ္ဗေသု ဌာနေသု၊
ပုရိသောယေဝ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊
တတ္ထ တတ္ထ ဝိစက္ခဏာ။

သဗ္ဗေသုဌာနေသု-အရပ်တိုင်း အရပ်တိုင်း ဌာနတိုင်းဌာနတိုင်း၌၊ ပုရိသောယေဝ-ယောကျ်ား သည်သာလျှင်၊ ပဏ္ဍိတော-ပညာရှိသည်၊ န ဟောတိ-မဟုတ်၊ တတ္ထ တတ္ထ-ထိုထိုအရပ်တိုင်း အရပ်တိုင်း ဌာနတိုင်း ဌာနတိုင်း၌၊ ဣတ္ထီပိ-မိန်းမသည် လည်း၊ ဝိစက္ခဏာ-စူးစမ်း ဆင်ခြင်တတ်သော သဘော ကြောင့်၊ ပဏ္ဍိတာ-ပညာရှိသည်၊ ဟောတိ-ဖြစ်၏။

ဤဂါထာကို ဖတ်ရှုရသောအခါ အမျိုး သမီးတို့သည် ရဟန္တာထေရီများ မဟုတ်ကြသော် လည်း ပညာရှိသော မိန်းမများသည် လောက၌ ထင်ရှားစွာရှိနေကြောင်း သိရှိရပါတော့သည်။

လယ်ဇင်ဟိန်းထက်



# ကံလျှင် မူလမဟုတ်

ဟိန်းထက်(မုံရွာ)

လောကကြီးမှာ လူ အချို့ဟာ စိတ်ထား သဘောထား မြင့်မြတ်တယ်၊ သူတစ်ပါး အများ အကျိုးကိုလည်း ဆောင်ရွက်တယ်၊ အင်မတန် တော်တဲ့၊ ကောင်းတဲ့ ဒီလိုပုဂ္ဂိုလ်မျိုး ကျတော့ အသက်တိုတယ်၊ ဒုက္ခမျိုးစုံနှင့် တွေ့ကြုံရင်ဆိုင် ရတယ်။

လူအချို့ကျတော့ စိတ်ထား သဘောထား နိမ့်ကျတယ်၊ သူတစ်ပါး ကောင်းကျိုးကို မဆောင်ရွက် တဲ့အပြင် ပျက်စီးရာပျက်စီးကြောင်းကိုပင် ပြုကြတယ်၊ အင်မတန် ယုတ်ညံ့တဲ့ ဒီလိုပုဂ္ဂိုလ်မျိုးကျတော့၊ အသက်လည်း ရှည်တယ် ဒုက္ခဆိုတာ ဝေလာဝေးပဲ၊ ချမ်းသာသုခနဲ့ ပြည့်စုံစွာ နေရတယ်။

လောကကြီးက တရားမမျှတဘူး၊ မတရား ဘူး၊ လူတော်လူကောင်းတွေကို ဒုက္ခတွေ့စေတယ်။ လူယုတ်မာတွေကိုတော့ ချမ်းသာသုခ ပေးတယ်၊ မျှတမှု မရှိဘူးဆိုပြီး လောကကြီးကို အပြစ်တင် ပြောဆိုကြတာ တွေ့ဖူးကြားဖူးကြမှာပါ။

တကယ်တမ်းတော့ လောကကြီးနဲ့ ဘာမှ မသက်ဆိုင်ပါဘူး(သဗ္ဗေသတ္တာ ကမ္မဿကာ ကမ္မံ သတ္တေ ဝိဘဇတိ) ဆိုတဲ့စကားကို ကြည့်ခြင်းဖြင့် လောကကြီးထဲက သတ္တဝါတွေဟာ မိမိတို့ပြုလုပ်ခဲ့တဲ့ ကောင်းကျိုးကံ၊ မကောင်းကျိုးကံ အတိုင်း ပစ္စက္ခဘဝ ကို ရရှိခံစားစံစားကြရတာပါ။ လောကကြီးကသူ့ဟာ သူနေတာ။ဘယ်သူမပြု မိမိမှုပါပဲ အတိတ်ဘဝက ဒါန သီလ ဘာဝနာ၊ ကာယကံ ဝစီကံ မနောကံ ကောင်း တွေပြုခဲ့လို့ ပစ္စုပ္ပန် ယခုဘဝမှာ ရုပ်ဆင်းအင်္ဂါ လှပ တင့်တယ်၊ အသုံးအဆောင် အခြံအရံ ပြည့်စုံ သက် ရှည်ကျန်းမာလိုတရ၊ အရွယ်သုံးပါးလုံး ပြီးပြည့်စုံစွာ နေကြရတယ်။ သို့သော် ရရှိတဲ့ချမ်းသာကို တန်ဖိုး ရှိစွာ အသုံးမချတတ်၊ မနေတတ်ပါက အနာဂတ် ဘဝ အတွက် ပြီးပြည့်စုံသော ဘဝသမ္ပတ္တိမျိုးနှင့် လွဲမှာ ကတော့ သေချာပါတယ်။ အတိတ်ဘဝက ဒါန သီလ ဘာဝနာ ကောင်းမှုလည်းမရှိ၊ ကာယကံ၊ ဝစီကံ၊ မနောကံလည်း ညံ့ခဲ့သူတွေ ပစ္စုပ္ပန် ဘဝမှာ ရုပ်ဆင်း အင်္ဂါညံ့ စည်းစိမ်ဥစ္စာမပြည့်စုံ အနာရောဂါပေါ၊ အသက်တို ကြရတယ်။ ဒီလိုဖြစ်ရခြင်း အကြောင်း တရားဟာ ဘယ်သူနဲ့မှ မသက်ဆိုင်ပါဘူး။ ကာယကံ ရှင်နဲ့သာ သက်ဆိုင်ကြောင်း ဣသိဒါသီ ရဟန္တာမကြီး တစ်ပါးရဲ့ အတိတ်ဘဝ ဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့်

သိနိုင်ပါတယ်။

ဣသိဒါသီဘဝကို မရမီ လွန်ခဲ့တဲ့ ခုနစ်ဘဝ လောက်တုန်းက ပန်းထိမ်သည် တစ်ယောက် ဖြစ်ခဲ့တယ်။ ပန်းထိမ်သည်ဆိုတော့ ပစ္စည်းဥစ္စာကလည်း ပေါ။ ရုပ်ရည်ကျပြန်တော့ ချောချောလှလှ၊ အရွယ်ကလည်း ငယ်ငယ်ဆိုတော့ ပျိုတိုင်း ကြိုက်တဲ့ နှင်းဆီခိုင်ပေါ့။ သူ့ခေတ် သူ့ခါအရ အပျော်အပါး လိုက်စားရာမှာ ကာမပိုင် လင်ရှိမယားနှင့် ဖြစ်မှားခဲ့တယ်။

အဲဒီဘဝကနေ ကာမေသုမိစ္ဆာစာရကံနဲ့ သေပြီး အဝီစိငရဲသို့ကျခံရတယ်။ ငရဲကလွတ်တော့ မျောက်ထီးလေး ဘဝရတယ်။ အဲဒီဘဝမှာ မျောက်ထီးကြီးက သူရဲ့ဝှေးစေ့ ကိုက်ဖောက်ခံရတယ်။ အဲဒီနောက် ဆိတ်ထီးကြီးဘဝ၊ နွားထီးကြီး ဘဝရပြန်တယ်။ သင်းကွပ်ခံရလို့ ဘဝအဆင့် မမီဖြစ်ရတယ်။ တိရစ္ဆာန်ဘဝမှာတင်လားဆိုတော့ မဟုတ်သေးဘူး။ လူဘဝရပြန်တော့လည်း ယောကျာ်းမဟုတ် မိန်းမမဟုတ် နပုံးပဏ္ဍုက်ဘဝ၊ အဲဒီကနေ လှည်းသမား ဆင်းရဲသားရဲ့သမီးဘဝကို ရပြန်တယ်။ သူရဲ့ဖခင်က လှည်းကုန်သည်ထံ အကြွေးမဆပ်နိုင်တာနဲ့ လှည်းကုန်သည်ကြီး၏ မယားငယ်အဖြစ် သိမ်းပိုက်ခြင်း ခံရတယ်။ သူဆင်းရဲဘဝကနေချမ်းသာတဲ့ သူဌေးကတော်ဖြစ်တော့ ချမ်းသာဒဏ် မခံနိုင်၍လေလား၊ မတရားစိတ်က လွှမ်းမိုးလာပြီး သူဌေးကြီးနှင့် သူဌေးကတော် မယားကြီး စိတ်ဝမ်းကွဲအောင် ကြံစည်အားထုတ်ပါတော့တယ်။

သူဌေးကြီးလည်း မယားငယ်စကား နားယောင်ပြီး မယားကြီးကို အိမ်ပေါ်က နှင်ချလိုက်တယ်၊ ပိုင်လိုက်ပုံ မုံ့သိုင်းခြုံ၊ သူဌေးရဲ့ စည်းစိမ်အရိုက်အရာအားလုံး သူ့ခြေသူလက်ဖြစ် သွားတာကို ပီတိဖြစ်နေတယ်။ သူဟာလူဘဝကို ရပြီး အကျိုးပေးအလှည့် အပြောင်းကောင်းနဲ့ ကြုံပေမယ့်လည်း မကောင်းတဲ့ ပိသုဏာဝါစာကံ(ချောပစ် ကုန်းတိုက်စကား) ထပ်ကျူးလွန်ပြီး သေခဲ့တယ်။

အဲဒီလို ကာမေသုမိစ္ဆာစာရကံနှင့် ပိသုဏာဝါစာကံနှစ်ခု ကျူးလွန်ခဲ့ပြီးတဲ့နောက် အဝန္တိတိုင်း ဥဇ္ဇေနီပြည်က သူဌေးကြီးရဲ့သမီး ဣသိဒါသီဘဝဖြစ်ရတယ်။ အဲဒီဘဝမှာ ရုပ်ဆင်းအင်္ဂါကလည်း လှလှပပ၊ အကျင့်သီလ သိက္ခာကျတော့ ပြောစရာမရှိအောင် ကောင်းပါတယ်၊ ဥစ္စာပေါ ရုပ်ချော အမျိုးမြတ်မှာဆိုတော့ အင်မတန်ကံကောင်း သူလို့ဆိုရမှာပေါ့။ သို့သော် သူဟာအတိတ်ဘဝတုန်းက လှည်းကုန်သည်ကြီး လင်မယားကွဲပြားအောင် ချောပစ်ကုန်းတိုက်ခဲ့တဲ့ အကျိုးဆက်က ဣသိဒါသီဘဝမှာ အိမ်ထောင်သုံးဆက်ကျခဲ့ရပြီ။

အိမ်ထောင်သုံးဆက်စလုံးက သူ့ကိုစွန့်ပစ်သွားလို့ တစ်ခုလပ်ဘဝနဲ့နေခဲ့ရတယ်။ သူ့ ခေတ် သူ့အခါမှာ အရွယ်ကလည်းကောင်း၊ ဥစ္စာကလည်း ရှိ၊ အကျင့်သီလ အနေထိုင်ကျပြန်တော့လည်း ပြောစရာမရှိ။ ဒီလောက်တော် ဒီလောက် လိမ္မာတဲ့ သမီးလေး ဣသိဒါသီကို ဘာကြောင့် လင်ကစွန့်ပစ် ရပါလိမ့်ဆိုပြီး သူရဲ့ဖခင်ရော၊ ဆွေမျိုး အသိုင်းဝန်းတွေကပါ အံ့အား သင့်ကြရတယ်။



တံခွန်မရှိတဲ့ဘုရား, အလံမရှိတဲ့ရထား, လင်မရှိတဲ့မိန်းမ မတင့်တယ်ဘူးဆိုတဲ့အတိုင်း ဣသိဒါသီဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သုံးလင်ခွါ ဘဝနဲ့ဆွေမျိုးမိဘတွေအကြားမှာ မျက်နှာပန်းမလှ ဖြစ်ရပြီ။ ကိုယ့်ကိုယ်ကိုယ် တွေးတောစဉ်းစား မရအောင် ကြေကွဲ ဝမ်းနည်းစွာ ငိုကြွေးမြည်တမ်းနေစဉ် မှာဇိနဒတ္တာဘိက္ခုနီ ရဟန်းမက သူတို့အိမ်ကို ကြွလာပါတယ်။ သူ့ရဲ့သွင်ပြင်က အေးချမ်းတယ်၊ တည်ငြိမ်တယ်၊ ဣန္ဒြေရတယ်၊ ပါသာဒိကဂုဏ်နဲ့ လျော်ညီတဲ့အသွင်အပြင်ကြောင့် ပရိဒေဝ မီးလောင်မြိုက်နေတဲ့ ဣသိဒါသီဟာ အရှင်မရဲ့ ခြေတော်ရင်း ဝပ်စင်းပါတယ်။

မိဘဆွေမျိုးတို့အလယ် ဂုဏ်သိက္ခာ ညှိုးငယ်စွာနေတဲ့ က္ကသိဒါသီဟာ လောကကြီးမှာပင် အသက်ဆက်၍ ရှင်သန်လိုစိတ် မရှိတော့သဖြင့် ဇိနဒတ္တာ ဘိက္ခုနီအထံမှာ ရဟန်းမဘဝသို့ ကူးပြောင်းခဲ့တယ်။

အနှောင်အဖွဲ့ကင်းတဲ့ က္ကသိဒါသီ ဘိက္ခုနီ ရဟန်းမဟာ ရဟန်းတရားကို ဖိဖိစီးစီးအားထုတ်လိုက်တော့ ခုနစ်ရက်အတွင်း ကိလေသာ အာသဝေါ ကုန်ခန်းပြီး ရဟန္တာမကြီး ဖြစ်သွားပါတယ်။

ရဟန္တာမကြီး က္ကသိဒါသီဟာ အဘိညာဏ်ရတဲ့ ထေရီမဖြစ်လာချိန်မှာ သီတင်းသုံးဖော်များက သူ့ရဲ့ ဘဝ အတိတ်ကြောင်းကို လျှောက်ထားမေးမြန်းတဲ့အခါ သတိသံဝေဂ ရယူနိုင်ကြဖို့ အတိတ်ဘဝဇာတ်ကြောင်းကို ပြန်ပြောမိန့်တော်မူပါတယ်။

## စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ

ဆိုသည့်စကားအတိုင်း စိတ်ထား စေတနာ ဆိုးယုတ်က ၎င်းစေတနာအတိုင်း ဖြစ်လေရာဘဝတိုင်း အကျိုးပေးမည်ဖြစ်ပြီး စိတ်ထားစေတနာ မွန်မြတ်စွာထားပါက ဖြစ်လေရာဘဝတိုင်း-၎င်းစေတနာအတိုင်း ကောင်းကျိုးများ ခံစားစံစားရမည်။ ဘယ်သူမပြု မိမိမှုပင် ဖြစ်သဖြင့် က္ကသိဒါသီ၏ ဘဝဖြစ်စဉ်ကိုကြည့်၍ ကာယကံ၊ ဝစီကံ၊ မနောကံ ကောင်းများကို သတိတရားထားကာ အားထုတ်မွေးမြူကျင့်ကြံနိုင် ကြပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း။

ဟိန်းထက် (မုံရွာ)

## သတိပဋ္ဌာန်တေးထပ် (လယ်တီဆရာ...

- သတိပဋ္ဌာန် သုတ်ဓမ္မ
  ထုတ်ပြလို့ မိန့်မှာ၊
  ကာယတဲ့ နုပဿနာ
  ရှုမှတ်စရာ ထင်ရှား၊
  ပေါ်သမျှ ပစ္စုပ္ပန်ကို
  ဖြစ်ချုပ်ဟန် သိကြမှတ်သား။

- လေးပထ က္ကရိယာ
  သတိမှာ ရှေ့သွား၊
  ထွက်-ဝင်လေ ချည်တိုင်ထားလို့
  မှတ်သားလော့ ယောဂီ၊
  ခန္ဓာကို ဉာဏ်စိုက်
  အလိုက်သင့် ရှုမှတ်ရမည်။

- သမ္ပဇည အလီလီ
  ကြွချီကာ စက်မနှင့်၊
  ခြောက်ဒွါရ အာရုံမှာ
  မှတ်စိတ်နဲ့သာ၊
  ဗိုလ်ငါးဝ ချီလျက်ပါလျှင်
  ပြည်မင်္ဂအမတာ တက်လှမ်းနိုင်လိမ့်လေး။ ။

### လယ်တီအရှင်ကေလာသ-၏ နီတိစကားပုံများ-မှ

- ရဟန်းဖြစ်လင့်
  လူလိုမကျင့်နှင့်။
  လူဖြစ်တုံလင့်
  ရဟန်းလိုမကျင့်နှင့်။

* လူဖြစ်တုံလင့်၊
  လူလိုကျင့်လော့။

* ရဟန်းဖြစ်လင့်၊
  ရဟန်းလိုကျင့်လော့။



# အထိမ်းအမှတ်

မုံရွာဝင်းထိန်

တစ်ရက်က မုံရွာမီဒီယာ (ဦးပဠင်းကြီး) နှင့် ဆုံမိကြသည်၊ ဦးပဠင်းကြီးထံမှ ဓမ္မသက တိုက်ရဲ့ အထိမ်းအမှတ် မဂ္ဂဇင်းစာအုပ် ထုတ်မည် ဖြစ်ကြောင်းနှင့် ယင်းမဂ္ဂဇင်းတွင် ဆောင်းပါးရေးရန် ဦးပဠင်းကြီးက တိုက်တွန်းသွား ခဲ့ပါသေးသည်၊ ဦးပဠင်းကြီးနှင့် လမ်းခွဲခဲ့ပြီး နောက်တွင် ကျွန်တော် အတွေးထဲတွင် ဆောင်း ပါးရေး ရန်စိတ်စော နေမိသည်၊ “မဂ္ဂဇင်းသည် အထိမ်းအမှတ် မဂ္ဂဇင်းတဲ့”၊ ထို့ကြောင့် ကျွန်တော် အတွေးတို့ သည်လည်း အထိမ်းအမှတ်ဆိုသော ဝေါဟာရ နောက်သို့ လိုက်ပါသွားခဲ့သည်။

အထိမ်းအမှတ်ဆိုသည်မှာ ဖြစ်ရပ်တစ်ခု ခုကို အကြောင်းအရာတစ်ခုခုတို့ကို အကြောင်း ပြု၍ ပြုလုပ်အပ်သော အမှတ်အသားပင် ဖြစ်ပါ သည်။ ယင်းသို့မှတ်သား ထားအပ်သော အမှတ်အသားကိုတွေ့ရ၊ မြင်ရစပ်ဆိုင်မိသောအခါတိုင်းတွင်ယင်းအမှတ် အသားမှတစ်ဆင့် မှတ်သားခံထားရသောအကြောင်း အရာတို့ကို ပြန်လည်သတိတရ ဖြစ်ကြရပါသည်။ ယခုပြု လုပ်သည့် ဓမ္မသက စာသင်တိုက်၏ နှစ် တစ်ရာပြည့် အထိမ်းအမှတ် မဂ္ဂဇင်းစာအုပ်သည် ဓမ္မသက တိုက်ကြီး၏ နှစ်ပေါင်းတစ်ရာ အတွင်း ဖြတ်သန်းခဲ့သော ပုံရိပ်လွှာများ (သမိုင်းများ)ကို ကိုယ်စားပြုထားအပ်သော အမှတ်အသားပင် ဖြစ်ပါသည်။

နှစ်ပေါင်းတစ်ရာဟူသော ရှည်လျားသော ကာလတစ်ခု၏ ဖြတ်သန်းလာခဲ့သော ဓမ္မသက ၏ အတွေ့အကြုံများကို မိမိအနေဖြင့် ဆောင်းပါး တစ်ပုဒ် စာတစ်အုပ်ဖြင့် ရေးသားခြင်းမှာ မစွမ်း သာချေ။ နောက်တစ်ချက်တွေး လိုက်မိပါသေး သည်၊ ဓမ္မသကစာသင်တိုက်ဆိုသည် သီလရှင် ဆရာကြီး ဆရာလေးများ သီတင်းသုံးရာနယ်မြေ တစ်နည်းအားဖြင့်လည်း စာသံပေသံနှင့် ဓမ္မအရိပ်တို့ ဖြန့်ကျက်လျက် အေးချမ်း ပျော်မွေ့ဖွယ် နယ်မြေတစ်ခု ဖြစ်သည်။ ဒီနေရာတွင် ဓမ္မသက တိုက်သည် စာသံပေသံဖြင့် ပျော်မွေ့ဖွယ် စာသင် တိုက်ဟု ဆိုခဲ့ပါသည်၊ စာသင်တိုက်ဟူ၍လည်း အများသိပြီး နားလည်ပြီး ဖြစ်ပေမည့် ထပ်ပြော လိုသည်မှာ စာသင်တိုက် ဆိုသည် မြတ်ဗုဒ္ဓ၏ အဆုံးအမတည်းဟူသော သာသနာတော်မြတ်ကြီး၏ ဓမ္မအမွေတော် များဖြစ်သည့် သုတ်, ဝိနည်း, အဘိဓမ္မာ ဆိုသည့်

သင်ကြား၊ လက်ဆင့်ကမ်းရာ သာသနာ၏ဝန်ကို တဖက်တလမ်း မြှူတစ်ခြမ်းမျှ ရွက်ထမ်းဝန်တာ ကြေစိမ့်ငှာ ဟူသည်နှင့်အညီ ပို့ချသင်ကြားရာ တိုက် ဖြစ်ပါသည်။

ပရိယတ္တိဟူသည် သာသနာတော်ကြီး၏ ပင်မဘူတ အသက်သွေးကြောဖြစ်ပါသည်။ ယင်း ပရိယတ္တိဓမ္မတို့ကား သံဃာအရှင်မြတ်များစွာ တို့သည် ခေတ်အဆက်ဆက်မှ အခက်အခဲပေါင်း များစွာတို့ အား ကြံ့ကြံ့ခိုင်၍ မယိုင်မလဲ မပွန်းမပဲ့ ကြရအောင် သယ်ဆောင်လာခဲ့တော်မူ ခဲ့ကြ ရပါသည်။

ဤနေရာဝယ် သံဃာအရှင်မြတ် တို့၏ ပရိယတ္တိဓမ္မတို့ကို သယ်ဆောင်တော်မူခဲ့ရသော ဖော်ပြခြင်းငှာ မစွမ်းနိုင်သာတဲ့ အခက်အခဲ ကျေးဇူး တော်တို့နှင့် စပ်လျဉ်းသော သီဟိုဠ်ကျွန်းမှ စဏ္ဍာလ တိဿဘေးဖြစ်ခဲ့ပုံကို သတိရရှိလိုက် မိသည်။ သတိရ မိသော အကြောင်းအရာမှာ စဏ္ဍာလတိဿ ဘေး ဖြစ်လတ်သော အချိန်တွင် သိကြားမင်းသည် ဖောင် ကြီးတစ်ခုဖွဲ့လို့ ရဟန်း တို့အား “အရှင်ဘုရားတို့ ဘေး ကြီးဖြစ်လိမ့်မည်။ အရှင်ဘုရားတို့ ပစ္စည်းလေးပါး ဖြင့် ဆင်းရဲ ပင်ပန်းကြ၍ ပရိယတ်ကို ဆောင်နိုင်ကြမည် မဟုတ်ပါ။ သမုဒ္ဒရာတဖက်ကမ်းကို သွား၍ အသက်ကို စောင့်ရှောက်ကြပါကုန်။ ဤဖောင်ကြီး၌ ဆန့်သမျှ သီတင်းသုံး၍ မဆန့်သော အရှင်တို့မှာ သစ်သားပိုင်း၌ ရင်ကိုထား၍ သွားကြပါကုန်”ဟု လျှောက်ထားသည်ဟု ဆို၏။

ထိုအခါ သမုဒ္ဒရာကမ်းသို့ရောက်ကြ၍ ရဟန်း(၆၀)တို့သည် ‘ငါတို့ မသွားကြတော့ဘူး။ ဤအ ရပ်၌သာ ပိဋကတ်(၃)ပုံကို စောင့်ရှောက် ကြမည်’ဟု ကတိကဝတ်ပြု၍ နေခဲ့ကြကုန်သည်။ ထိုရဟန်း (၆၀)တို့သည် မလယဇနပုဒ်သို့သွား၍ သစ်သီး၊ သစ်ဖု၊ သစ်မြစ်၊ သစ်ရွက်တို့ဖြင့်သာ အသက်မွေးလျက် ပိဋကတ် (၃)ပုံတို့ကို သရဇ္ဈာယ်ကြကုန်၍ ဤသို့ မရွက်ဆောင်နိုင် သည်အဆုံး၌ ရေစိုသော သဲများ ကို အပုံပြု၍ပတ်ပတ်လည်ဦးခေါင်းတို့ကို တစ်နေရာ တည်း၌ သာထားလျက် ၁၂-နှစ်တို့ပတ်လုံး ပိဋကတ် (၃) ပုံတို့ကို ပြည့်ပြည့်စုံစုံ ဆောင်ထား ကြကုန်သည်၊ ဘေးကြီးပြီးလတ်သော် သမုဒ္ဒရာ တစ်ဖက်ကမ်းမှ ပြန် ကြွလာသော ရဟန်းတော်(၇၀၀) တို့နှင့် ကျန်ရစ် ခဲ့သော ရဟန်း(၆၀)တို့တိုက်ဆိုင် သုတ်သင်ကြရာ တွင် အက္ခရာတစ်လုံး ဗျည်းတစ်လုံးမျှ မညီညွတ်သည်မရှိ။ ညီညီညွတ်ညွတ်တွေ့ရှိကြ လေသည်။ ယင်းမှစ၍ ပရိယတ်သည် သာသနာ၏ မူလ၊ပရိယတ်ထင်ရှား ရှိသော် သာသနာမကွယ် ဟူသောစကား ထင်ရှား ဖြစ်ပေါ်ကြောင်း ဆိုကုန်၏။ ယင်းသာသနာတော် မြတ်ကြီးကို သံဃာအရှင်မြတ်တို့မှ အညီအညွတ် သင်္ဂါ ယနာ အကြိမ်ကြိမ် (၆-ကြိမ်မြောက်အထိ)တင်၍ စောင့်ရှောက်ထိမ်း သိမ်းတော် မူခဲ့ကြပါသည်။



မြတ်ဗုဒ္ဓ၏ ဓမ္မအမွေတော်ဖြစ်သော သာသ နာဓမ္မဖြစ်ကုန်သော ပရိယတ်၊ပဋိပတ် တို့ကို စွမ်းနိုင် သမျှသောဘက်မှ စာချ,စာသင် ကျင့်ကြံ အားထုတ် ကုန်လျက်ရှိသော ဓမ္မသကစာသင်တိုက်၏ နှစ်တစ် ရာ ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းမှသည် နောင် အနာဂတ်ကာလတွင် ဓမ္မသကတိုက်၏ ဖြတ်သန်း ခဲ့သော မှတ်တိုင် တစ်ခုအဖြစ် သတိတရ ရှိနေကြမည် ဖြစ်သည် အကြောင်းမှာ ‘ပြီးခဲ့ကုန်သော ဓမ္မသက၏ အတိတ်နှစ်တစ်ရာသမိုင်းများသည် ယခုပစ္စုပ္ပန်၏ အတိတ်ဖြစ်သလို ယခုနှစ်တစ်ရာပြည့် မဂ္ဂဇင်း၏ အထိမ်းအမှတ် မှတ်တိုင်သည်လည်း နောင်အနာဂတ် သမိုင်းတစ်ခုအဖြစ် အထိမ်းအမှတ် အနေဖြင့် အမှတ် တရ ရပ်တည်နေမည်မှာ သေချာပါသည်။’

မုံရွာဝင်းထိန်
၂၁ - ၂ - ၁၀

* * * * * *



### ထူးချွန်ဆုရဓမ္မကထိကဧတဒဂ်ရမယ်

# ဓမ္မဒိန္နာ

## မောင်ကြည်သာ (မုံရွာ)

ဓမ္မဒိန္နာအမျိုးသမီးသည် ရာဇဂြိုဟ်ပြည့် ရှင်ဘုရင်ဗိမ္ဗိသာရ မင်း၏သူငယ်ချင်း ဖြစ်သော ဝိသာခသူကြွယ်၏ ဇနီးချောဖြစ်သည်၊ ပျိုမျစ် နုနယ်ဆယ်ကျော်သက် အရွယ်ကတည်းက လက်ထပ်ထိမ်းမြားခဲ့ကြသည်၊ တစ်ဦးနှင့်တစ်ဦး ကြင်နာယုယချစ်မဝဖြစ်ခဲ့ကြသည်၊ စိတ်တူ ကိုယ်မျှ အလိုလိုက်၍ အကြိုက်ချင်း တူသော သဘောအယူအဆရှိကြသည်။

ခြောက်ပါးအပြစ်၊ မရစ်ဆံလွှာ၊ ငါး ကလျာနှင့်၊ ရုပ်ဝါဆင်းပြင်၊ နတ်အသွင်သို့၊ လင် ကိုမြင်က၊ အလျင်ထလျက်၊ နောက်မှအိပ်မူ၊ ဖေးပြုလိုလိုက်၊ စရိုက်ချစ်ဖွယ်၊ သူငယ်မဆံ၊ နှုတ်သံချိုမွေ့ ၊ ပြောဆိုလေ့ဖြင့်၊စုံစေ့ခြောက်လီ၊ ကျင့်ရေးညီသည်၊ မဒ္ဒီမိဖုရားလို အိမ်သူသက်ထား မယားအလိမ္မာ တစ်ဦးဖြစ်ပေသည်။

နှစ်ဖက်မိဘများထံမှ ကုဋေလေးဆယ်စီ ကို စိုးပိုင်နေရသူဖြစ်ပေသည်။ အိမ်မှုအလုပ် အခြွေအရံ အစေခံကျေးကျွန်တို့မှာလည်း ရာနှင့် ချီ၍ရှိနေသည်။

ရာဇဝလ္လဘမင်းဇကရာဇ်နှင့် ရင်းနှီးကျွမ်း ဝင်သော ဂုဏ်ကလည်းအရေးတယူ ခင်မင် လေး စားကြရသည်။ လောကအလယ် တင့်တယ် ကြွယ် ဝသော ဇနီးမောင်နှံ အဖြစ် ထင်ရှားကျော်ကြား ပါဘိသည်။

သက္ကရာဇ်၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူး နေ့တွင် မြတ်စွာဘုရားသခင်ပွင့်တော် မူခဲ့ပြီး သတ္တ သတ္တာဟ လေးဆယ့်ကိုးရက် စံတော်မူပြီး သည့် နောက် မိဂဒါဝုန်တောသို့ကြွကာ ပဉ္စဝဂ္ဂီ ငါးဦး အား ဓမ္မစကြာတရား ဟောတော်မူသည်။ ထို့နောက် ယသသေဋ္ဌေးသား ငါးကျိပ် တို့ကိုသော် လည်း ကောင်း၊ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ကို လည်း ကောင်း၊ ဥရုဝေလတောနေ ရသေ့ တစ်ထောင် တို့အား လည်းကောင်း ဧဟိဘိက္ခု ရဟန်း ပြုသော် ပြီးလျှင် ရဟန္တာတစ်ထောင် ဝန်းရံ၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေသည်။

ဗိမ္ဗိသာရမင်းသည် ဗုဒ္ဓလောင်းလျာ တောထွက်တော်မူခါစက တွေ့ကြုံခဲ့ရသည်။ ထိုစဉ် ကတည်းက ကြည်ညိုလေးစား မေတ္တာ ပွား၍ ဘုရားဖြစ်တော်မူလျှင် မိမိထံသို့ရှေးဦးစွာ ကြွရောက်၍ ချီးမြောက်တော်မူရန် တောင်းပန် ပင့်ဖိတ်ထား သူဖြစ် သည်။ ထို့ကြောင့် ဘုရားရှင် သည် ဗိမ္ဗိသာရမင်း၏ သဒ္ဓါပသန္နကို ငဲ့ညှာသနား၍ ကြွတော်မူခဲ့ခြင်း ဖြစ်သည်၊

ဗိမ္ဗိသာရမင်းသည် တစ်သိန်းနှစ်သောင်းမျှ သောပရိသတ်တို့နှင့် မြတ်စွာဘုရားထံတော်သို့ လာ၍တရားနာယူသည့်အခါ ငယ်ရွယ်သူ ဖြစ်သော် လည်း ဝိသာခသူကြွယ်ပါလာသည် ဖြစ်ရ ကား အားလုံးပင် သောတာပတ္တိမဂ်တရားကို ရကြလေ သည်။

မြတ်စွာဘုရားထံမှောက်သို့ ဒုတိယ အခေါက် သွားရောက်တရားနာရသည့်အခါ ဝိသာခသူကြွယ်မှာ သကဒါဂါမိဖိုလ်၌ တည်လေသည်။ တတိယ အကြိမ် တွင် အနာဂါမ်တည် လေပြီ။

ဓမ္မဒိန္နာအမျိုးသမီးသည် မိမိလင်သား တစ်နေ့ထက်တစ်နေ့ ဣန္ဒြေကြီးမားလာသည်ကို မတွေးတတ်အောင်ဖြစ်နေသည်။ လှေကားဦးသို့ ဆင်း၍ခရီးဦးကြိုဆိုလျှက် ပြုံးမြဲဝတ်အတိုင်း လက်ကိုဆွဲသည့်အခါ ဝိသာခသူကြွယ်က လက် ကို ရုပ်သိမ်းထားသည်။ နံနက်ထမင်း စားသည့် အခါ ခါတိုင်းကဲ့သို့ ကြည်သာရွှင်ပျ စကား ဟခြင်းမရှိ၊ ညရောက်၍ အိပ်ခန်းသို့ဝင်သော အခါ ဓမ္မဒိန္နာ မမျှော်လင့်သောစကားကို ပထမဦးစွာ ကြားလိုက် ရပေတော့သည်။

"နှမရယ်. . . ကျေးဇူးပြု၍ မင့်အစ်ကိုကြီး တစ်ဦးတည်း အိပ်ပရစေလား၊ ငါ့နှမ သည်းခံပြီး အိပ်ခန်းအရာမ်တစ်ခုခုမှာ အိပ်ချေတော့" "အို. . ." ဟု ဓမ္မဒိန္နာ၏ နှုတ်မှအထိတ်တလန့် အံ့သြ မြည်တမ်းလိုက်မိသည်။



"မောင်တော်ဘုရား. . ဘယ်လိုသဘော လဲ မောင်တော်ရယ်၊ ပြောပုံ ဆိုပုံ ဆက်ဆံပုံမှအစ အရင်ကနှင့် လုံးဝမတူတော့ပါကလား မောင်တော် ရယ်၊ ကျွန်မမှာက တစုံတစ်အပြစ်များ ရှိနေရော့ သလား၊ အပြစ်မြင်ရင် ဆင်ခြင်ရ အောင် ထုတ်ဖော်ပြောပါ မောင်တော်ရယ်"ဟု ဝမ်းနည်း ပက်လက်ရှိုက်သံပါ ထွက်လာရသည်။

"နှမမှာ ဘယ်တုံး အခါမှ အပြစ်မရှိပါဘူး၊ အမိကဲ့သို့ ကြင်နာ၍ နှမကဲ့သို့ရိုသေပြီး၊ အစေခံ တမျှ ကျိုးနွံခယနေတာ အမြဲပါ နှမရယ်"။

"သို့လျက်နဲ့ အချစ်ပျက်သလို ဆက်ဆံနေတာက ကျွန်မရဲ့ နှလုံးကို ကြိမ်မီးအုံးသလို ရှိလှပါတယ်။ အငယ်အနှောင်း အဆွယ်အပွားနဲ့ ဝဲယာထားပြီး စံစားလိုတာဖြစ်လဲ၊ ယောကျ်ားတို့ ဓမ္မတာမို့ ကြည်ကြည်သာသာ ခွင့်ပြုပါ့မယ် မောင်တော်ရယ်"။

ဝိသာခသူကြွယ်သည် သနားစဖွယ် မယားသည်အား ကြင်နာဆပွား ပြဟ္မစိုရ်မေတ္တာနဲ့ ကရုဏာထားမိလေသည်။ မြတ်စွာဘုရား၏ တရားတော်ကြောင့် မိမိမှာကာမစ္ဆန္ဒနီဝရဏ နည်းပါးနေပြီကို ဓမ္မဒိန္နာမသိရှာ အထင်အမြင်မှား ၍ မိမိကြောင့် အကုသိုလ် ပွားမည်ကို စဉ်းစားမိ သဖြင့် "အဘယ် ဓမ္မဒိန္နာ သင်အထင်မှားနေပြီ နုနယ်ပျိုမျစ် ငယ်စဉ်ကချစ်ခဲ့သော မယား အလိမ္မာမှလွဲ၍ တစ်ရံတစ်ဆစ်မျှ အခြားမိန်းမ တစ်ယောက်တစ်ဦးကိုမှ မပြစ်မှားခဲ့ပါတကား။ ငါသည်မြတ်စွာဘုရား၏အထံ၌ မိတ်ဆွေဖြစ် သော ဗိမ္ဗိသာရမင်းနှင့်တကွ တရားတော်ကိုနာရ၍ လောကုတ္တရာတရားထူးကို ရခဲ့ပါပြီ။ ထိုတရားထူးကို ရသည့်အချိန်မှစ၍ လောကီအာရုံကာမဂုဏ်တို့ကို ခုံမင်တပ်စွမ်းခြင်း မရှိ တော့ပါ။ ထို့ကြောင့် သားမယားနှင့်တကွဖြစ် သောကာမချမ်းသာကို စွန့်ပယ်လိုက်ခြင်း ဖြစ်ပါသည်။ အကယ်၍ သင်အလိုရှိမူနှစ်ဖက် မိဘများထံမှ ရရှိသော ကုဋေရှစ်ဆယ်ကို အစိုး အပိုင်ပြု၍ ငါ၏ အမိအရာ၌သော်လည်းကောင်း၊ နှမအရာ၌ သော်လည်းကောင်း၊ တည်နေပါတော့ သင်ကကျွေးသော ထမင်း တစ်ဆုပ် တစ်လုတ်ဖြင့် သာမျှတ၍ ငါနေပါမယ်။ ထိုသို့မှ မနေလိုလျှင်လည်း ပစ္စည်း ဉစ္စာ တို့ကို ယူ၍ သင်၏အမိထံ ပြန်လိုကပြန်ပါ၊ အကယ်၍ အခြားယောကျ်ားကို လင်သားအရာ ထားလိုကလည်း ထားပါ၊ သို့မှ မဟုတ် အကျွန်ုပ်နှင့်အတူ နေလိုပါကလည်း မောင်နှမအဖြစ်တည်ကြပါစို့"

ဝိသာခသူကြွယ်၏မျက်နှာမှာ လောဘဒေါသအငွေ့မသမ်းဘဲ ရွှင်လန်းနေသည်ကို ဓမ္မဒိန္နာ သတိပြုမိရှာသည်။ စကားအသံမှာလည်း အေးဆေးတည်ငြိမ် ဆိစိမ်သောဂွမ်းနုကဲ့သို့ နူးညံ့လှပေသည်။

မိန်းမတို့မည်သည် မိမိမှဖောက်ပြား၍ နောက်မယားယူသည်ကို ပစ်တောင်းဆန်ကာ ဥပေက္ခာပြုသည့်အခါသာ နာလိုခံခက် အမျက်ထွက်တတ်သည်။ ယခုသော်ကား မိမိ၏လင်သား ကာယသံသဂ္ဂဖြင့် ထိပါးဆက်ဆံခြင်း မရှိသည်က နှမအနေနှင့် ချစ်ကြင်နာလျက်ရှိကြောင်း ကောင်းစွာယုံကြည်လက်ခံနိုင်စရာဖြစ်နေသည်။

သူ၏အပြောအဆိုအမူအရာ သာယာညှင်းပျောင်းရှိသည်နှင့်အမျှတရားဓမ္မကို သက်ဝင်ယုံကြည်လာခြင်း စိတ်နာဖွယ်မရှိ မိမိအထင်မှားသည်ကိုသာ အားနာစရာနောင်တရမိလေသည်။ သူကား ကာမဘောဂီ လောကီချမ်းသာကို ရှောင်ခွါနိုင်ပါလျက် မိမိကအာသာမပြတ် နွားငတ် ရေချဖြစ်နေရမှာကို ရှက်စနိုးဖြစ်မိသည်။ မိမိလင်၏ အလိုကိုလိုက်၍ အကြိုက်ကို ဆောင်ခဲ့ သည်မှာ အိမ်ထောင်ကျစကတည်းက ဖြစ်သည်။ယခုလည်း သူ့အလိုကို ကိုယ်မလိုက်နိုင်စဖွယ် မဟုတ်။ သူကျင့်လျှင် ကိုယ်ကျင့်နိုင်မည်၊ သူသွားလျှင် ကိုယ်လိုက်နိုင်မည်။ ထို့ကြောင့် ရိုသေစွာ မေးလိုက်သည်။

"မောင်ပြောတဲ့ လောကုတ္တရာတရား ဆိုတာ ယောကျ်ားများသာ ကျင့်နိုင်ကြံနိုင် တဲ့တရားဖြစ်လေသလား မောင်တော် ကျွန်မတို့ မိန်းမသားအနေနဲ့ကော သိနိုင်ကြံနိုင် မှတ်နိုင် ဆောင်နိုင်ခွင့်မရပေဘူးလား"

"အို--ဓမ္မဒိန္နာ၊ မြတ်စွာဘုရား၏ တရားဟူသည်မှာ မိန်းမယောကျ်ားမရွေး သဒ္ဓါနှင့် ဝီရိယရှိသူမည်သူမဆို ကျင့်နိုင် ကြံနိုင်ကြပါ သည်။ "ထိုလောကုတ္တရာ အမွေကိုခံနိုင်ကြပါသည်၊ အကြင်အကြင်သူအား ဥပနိဿယ (အားကြီး သောအထောက်အပံ့) အကြောင်းရှိ၏၊ ထိုသူသည် ဤလောကုတ္တရာတရားကို ရနိုင်ပါသည်။

"ကျေးဇူးရှင် မောင်မောင်၊ အဘယ်ကဲ့သို့ စတင်ရပါမည်လဲ"

ဝိသာခသည် တစ်ခဏမျှစဉ်းစား လိုက်သည် အနာဂါမ်ဖြစ်သော မိမိနှင့်တစ်အိမ်တည်း အတူနေလျက် မိမိကတရား ပြနေသဖြင့် သူ့ အတွက် ဝိတက်၊ ဝိစာရ စိတ်ချဖွယ်ရှိမှ ရှိပါ မည်လား၊ ဝိသာခတွေးလိုက်သော တစ်ခဏမှာပင် အလွန်ပါးနပ်လိမ္မာသောမယားကစကား ဆက်၍ ဆိုလိုက်သည်။

"ကျေးဇူးရှင်သခင် အရှင့်သားရယ် အရှင်ကခွင့်ပြုမည်ဆိုရင် ဘိက္ခုနီပြု၍ ရဟန်းပြုလိုပါတယ်၊ ရဟန်းမိန်းမ တစ်ပါးပါးကို (ဓမ္မ ဆရာ) ထား၍ သင်ကြားရလျှင် မိန်းမသားအချင်း ချင်းမို့ အရာရာမှာ သဘာဝရှိပါလိမ့်မည်"

"အို . . . ဓမ္မဒိန္နာရယ်"ဟု ဝိသာခမှာ အံ့သြဝမ်းသာဖြစ်လိုက်ရသည်။

"အလွန်ချီးကျူးဖွယ်ကောင်းလေစွ၊ အလွန်နှစ်သက်ဖွယ်ကောင်းလေစွ၊ ဓမ္မဒိန္နာရယ်၊ သင့်သဘောကို မသိသာ၍သာ မတိုက်တွန်း ခဲ့ခြင်းဖြစ်ပါသည်၊ ဘိက္ခုနီတို့၏ကျောင်းမှာ ဘိက္ခုနီဆရာနှင့် အားထုတ်ခြင်းဟာ အလွန် သင့်မြတ်သော အကြောင်းပါပဲ သာဓုသာဓု"

"အဲသည်လိုဆိုလျှင် နက်ဖြန်နံနက်မှာ ဘိက္ခုနီကျောင်းကို ပို့ပေးပါမောင်တော်"

"အလွန်လိမ္မာသော အိမ်ရှင်မ၊ သဒ္ဓါတရားကို ချီးမြှောက်ပူဇော်ပါရစေ၊ တိတ်ဆိတ်ငြိမ်သက်စွာ သာမန်ရိုးရိုးသွားခြင်းထက် ငါကိုယ်တိုင်မှ အစပြုပြီး သူငယ်ချင်း ဗိမ္ဗိသာရ မင်းကြီးအပါအဝင်ရာဇဂြိုဟ်တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဂုဏ်ပြု ရအောင် စီစဉ်ခွင့်ပြုပါ၊ ယခုည တွင်းချင်းပင် မင်းကြီးအား အကြောင်းကြား ပါ့မယ်"။

တရားရှိသောပုဂ္ဂိုလ်တို့သည် တရားကို မြတ်နိုးသောသူတို့အား လင်နှင့်မယားသမီးသား ထက် ချစ်ခင်လေးစား တတ်ကြသည်။ နှစ်သက် တတ်ကြသည်။ ဂါရဝပြုတတ်ကြသည် ဂုဏ်ပြု တတ်ကြသည်။

ဝိသာခအနာဂါမ်သည် ဘိက္ခုနီပြုအံ့သော မယားကောင်းကို ကြီးကျယ်ခမ်းနားစွာ ရဟန်းမ အဖြစ် ဗုဒ္ဓသာသနာ တော်ကို သွတ်သွင်း ချီးမြှင့် လိုသဖြင့် အကာလညကပင်လျှင် ဗိမ္ဗိသာရ မင်းကြီးထံ ဝင်ရောက်ခစားလေသည်။

"ဘယ်လိုလဲသူငယ်ချင်း ဝိသာခ ဓမ္မ မိတ်ဆွေရယ်၊ နံနက်လင်းအောင်မှ မစောင့်နိုင်ဘဲ ညကြီးမင်းကြီး အရေးတကြီး လာရတဲ့ကိစ္စကို ပြောပါဦး"ဟု မေးယူရသည်။

ဝိသာခသူကြွယ်က သူ့မယားနှင့် စကားဆိုမြွက် အဖြစ်အပျက်အကြောင်းစုံကို အကုန် အစင်ဝမ်းသာအားရ လျှောက်တင်ပြသည်။

"သာဓု သာဓု ဝိသာခ၊ ဘုရားကိုယ်တော်သည် သတ္တဝါဝေနေယျတို့၏ ဆင်းရဲကို ကယ်တင်လို၍ ကမ္ဘာအသင်္ချေ ပါရမီဖြည့်ကာ တရားရှာ၍ ဓမ္မရသကို ဝေငှတော်မူခဲ့သည်၊ ယခုသင်ကိုယ်တိုင်လည်း ဗုဒ္ဓထံမှရခဲ့သော အမြိုက်ရသကို မိမိ၏မယားအား ဝေငှပေးနိုင်ခဲ့ပြီ၊ သင့်ကို ချီးမွမ်းပါရဲ့၊ဂုဏ်ပြုပါရဲ့၊သင့်ကို အားကျ၍ ငါ၏မိဖုရားများဖြစ်သော ဝေဒေဟီနှင့် ခေမာဒေဝီတို့ကို သိမ်းသွင်းရပါဦးမည်၊ ငါ့ သူငယ်ချင်း ဖြစ်သော တက္ကသိုလ်ပြည့်ရှင် ပက္ကုသာတိ ဘုရင်ကိုလည်း ရတနာသုံးပါးတို့၏ ဂုဏ်တော် ကျေးဇူးတော်များကို အဆောင်အယောင် အခမ်း အနား သဝဏ်ပါး၍ပို့ရန် သတိရပါပြီ၊ ကဲ သင်၏ မယား ဘိက္ခုနီပြုဖို့ကိစ္စမှာ ငါကဘယ်လို ကူညီ ဆောင်ရွက်ပေးရမှာလဲ၊ သင်ပြောသည့်အတိုင်း အရာရာကို ပြည့်စုံဖို့ တာဝန်ယူတယ်သူငယ်ချင်း" ဟု ဗိမ္ဗိသာရမင်းက ဝမ်းသာအားရ တာဝန်ယူ လိုက်သည်။



မြတ်သောမင်းကြီး၊ ကျွန်ုပ်၏မယားကို ထူးမြတ်စွာ ဂုဏ်ပြုလိုပါသည်၊ ဘိက္ခုနီကျောင်းသို့ သွားရာလမ်းကို အဆန်းတကြယ် တန်ဆာဆင်၍ ရွှေထမ်းစင်ငါးရာကို အမျိုးသမီးငါးရာက စီးနင်း လိုက်ပါ ခြံရံလျက် ပန်းနံ့သာပွဲကြီးသဘင် လိုက်ပါ စေချင်ပါသည်။ ဤအရာများသာ ဓမ္မဒိန္နာ အတွက် တရားပူဇော်ခြင်း ဖြစ်ပါလိမ့်မယ်၊

ဗိမ္ဗိသာရမင်းကြီးက ဝိသာခပြော သည့် အတိုင်း တာဝန်ယူလိုက်သည်။

"ကောင်းပြီဝိသာခါ၊အတိုင်းထက် အလွန် ဖြစ်စေရမည် သူငယ်ချင်း"

ဤသို့ဖြင့် နောက်တစ်နေ့နံနက်တွင် ရာဇဂြိုဟ်တစ်မြို့လုံး ဥက္ကောဋ္ဌေယျဖြစ်ကြရသည်၊ ဝိသာခသူကြွယ်သည် ဓမ္မဒိန္နာကို နံ့သာရေဖြင့် ချိုးစေ၍ အလုံးစုံသော တန်ဆာကိုဆင်မြန်း လျက် ရွှေထမ်းစင်ပေါ်၌ နေစေ၍ ဆွေမျိုး အပေါင်းနှင့်တကွ မင်း မှူးမတ် သူဌေး သူကြွယ် သမီး ငါးရာပါ ရွှေထမ်းစင်တို့ကို အသီးသီးစီး နင်းခြံရံလျက် ပန်းနံ့သာဖြင့် ပူဇော်၍ တစ်မြို့လုံးကို ထုံကြိုင် မွှေးနေအောင် ဆောင်ယူ၍ ဘိက္ခုနီ ကျောင်းသို့ ပို့လေသည်။ မြို့သူမြို့သား အားလုံး သည် ဓမ္မဒိန္နာ (ရှင်ပြုပွဲကြီး)ကို တအံ့တသြ ငေးမောကြည့်ရှု ချီးကျူးကြကုန်သည်။

ဝိသာခက ဘိက္ခုနီထေရီတို့အား ဓမ္မဒိန္နာ ကို ရဟန်းမပြုပေးရန် တောင်းပန်သည့်အခါ သဒ္ဓါပဗ္ဗဇ္ဇိတ စစ်ဆေးမေးမြန်းပြီးမှ ခွင့်ပြုတော် မူကြသည်။

အနာဂါမ်ဝိသာခသည် ထိုနေ့ဖြစ်စ ဓမ္မဒိန္နာသာမဏေရီကို ရိုသေစွာရှိခိုး၏။

"သာသနာမှာ ပျော်မွေ့စွာ နေ၍ လောကုတ္တရာ တရားတော်ကို မျက်မှောက် ပြုနိုင်ရန်ကြိုးစားပါ"ဟု ကြည်နူးစွာ လျှောက် ထားလေသည်။

"ကောင်းပါပြီ ငါ့ရှင်၊ မဆုတ်မနစ် ကြိုးစား၍ တရားရပါစေမည်"ဟု ဝန်ခံသည်။

ရာဇဂြိုဟ်တစ်ပြည်လုံးက မြို့သူမြို့သား များက အကြီးအကျယ် အကျော်အစော ဘိက္ခုနီ အဖြစ်ကို သူကြွယ်၏ မယား အချောအလှ အမျိုးသမီး ထံ လှူဖွယ်ပစ္စည်းများဖြင့် သွားရောက် ကြည်ညို ကြသည်၊ အဘယ်သို့သော သံဝေဂဖြင့် သုံးတောင် သော ဆံကေသာအလှကို ပယ်ချပြီး "ရဟန်းမ" လုပ်ခဲ့ပါသလဲဟု မေးမြန်းကြ သည်။ ထိုအခါ ကျော်စောခြင်း ကိတ္တိ၊ လာဘ်ပေါ များခြင်း လာဘ၊ ကြည်ညိုပူဇော်ကြခြင်း သက္ကာရ တို့ကြောင့် ကမ္မဋ္ဌာန်းအလုပ်တွင် အနှောင့် အယှက် ဖြစ်ရသည် ဓမ္မဒိန္နာသည် ကမ္မဋ္ဌာနာ စရိယ (ကမ္မဋ္ဌာန်း နည်းပြဆရာ) ထေရီနှင့် တိုင်ပင် ကာ လူအတွေ့ နည်းရာဖြစ်သော ဇနပုဒ်သို့ ကြွရောက် အားထုတ် တော်မူရသည်။

ထိုသို့ ဓမ္မဒိန္နာထေရီ တောရဆောက် တည်သွားပြီဟု ကြားသိရသောအခါ ဝိသာခသည် ဓမ္မစ္ဆန္ဒ(တရားကို အလိုရှိခြင်း)၊ ဓမ္မမာမက (တရားကိုမြတ်နိုးခြင်း)ရှိပါပေသည်ဟု ဝမ်း မြောက်ဝမ်းသာဖြစ်သည်နှင့် အမျှ အိမ်ဖော် အတူနေမိတ်ဆွေခင်ပွန်း အမှုလုပ် အခြွေအရံ များမှာ ဝမ်းနည်းပက်လက်ဖြစ်ရှာကြသည်။

"ငါတို့၏ သခင်မ၊ ငါတို့၏ အဆွေပွန်းမ သည် ငါတို့နှင့်အတူနှစ်ရှည်လများ ဆပွားကြည် သာ ခင်မင်သော မေတ္တာဖြင့် ပျော် ရွှင်စွာနေကြ ရာမှ ငါတို့နှင့် ခွဲ၍ ဘိက္ခုနီ လုပ်သွား ရှာသည်၊ နေ့စဉ်ညစဉ်မကွဲမကွာ နေကြရာမှ ခွဲခွာခဲ့ကြရ၏၊ ထိုသို့နေသဖြင့် ဘိက္ခုနီကျောင်းသို့ မကြာမကြာ သွားလာတွေ့ဆုံ အလွမ်းပြေ ကြည့်ရ ရှုရပြောဆို ရလှူဒါန်းခွင့်ရသောကြောင့် ဖြေနိုင် ပါသေးသည်၊ ယခုကား အမှတ်မရှိသော တောအရပ်သို့ ခြေရာ ပျောက် ထွက်ခွာသွားပြီး ဖြစ်၍ အသက် အတိုင်း နေ၍မှ ပြန်လည် တွေ့ဆုံ ခွင့်ရပါဦး မည်လား"ဟု ကျိတ်၍ ငိုကြွေးမြည် တမ်းနေကြ သည်။



အချိန်ကာလအားဖြင့် လခွဲမျှသာ ကြာလိုက်သည်၊ ဓမ္မဒိန္နာထေရီ တောကျောင်းမှ ရာဇဂြိုဟ်သို့ ပြန်ကြွလာကြောင်းကြားရသည်။ "ဘယ့်နှယ်လဲ၊ သာသနာတော်၌ ပျော်မွေ့၍ ပြန်လာသလော၊ သို့မဟုတ် တရားရှာရာက လက်လျှော့စိတ်ကုန်၍ ပြန်လာခြင်းဖြစ် လေသလား"။

ဝိသာခသူကြွယ်သည် အခြေအနေကို အကဲခတ်ရလေအောင် ဘိက္ခုနီ ကျောင်းသို့ သွားက ဓမ္မဒိန္နာကို ဖူးမြော်စူးစမ်းရသည်။ တည်ကြည်ခံ့ညားသော ဓမ္မဒိန္နာထေရီ၏ ဣန္ဒြေမှာ အထင်နှင့် အမြင် သေးငယ်စရာမရှိ၊ ပကတိရင့် ကျက်နေသည်။

ထိုကြောင့် "သာသနာတော်မှာ ပျော်ရဲ့ လား" ဟူသည့် စကားမျိုးဖြင့်မေးဖို့ရာမှာ သိမ်နုပ် နေသည်။ ထိုသို့မဟုတ်မူ၍ "အရှင်မ၊ တရားထူးရ ခဲ့ပါပြီလော" ဟု မေးရမည်ကလည်း ပညာရှိတို့၏ မေခွန်းမဟုတ်၊ မိမိကိုယ်တိုင် အနာဂါမ်အဆင့်သို့ ရောက်ရှိ သိမြင်နေသော တရားသဘော ဓမ္မဝိနိစ္ဆယ မှန်မမှန်ကို ဆုံးဖြတ်ခြင်းဖြင့် အမေး အဖြေပြုတော့မည်ဟု တွေးမိသည်။

"အရှင်မ၊ ကျန်းခံ့သာယာရှိပါရဲ့လား" ဟု စလိုက်သည်၊ "ကျန်းခံ့သာယာရှိပါရဲ့ (ဓမ္မပဋိသန္ထာရ) တရားစကားဖြင့် စေ့စပ်ခြင်းကို ခွင့်ပြု တော်မူပါ"

ခွင့်ပြုပါရဲ့ ငါ့ရှင်

ဝိသာခသည် ပုထုဇဉ်တို့ ပိုင်ပိုင် မသိနိုင်သော တရားအနက်ဖြင့်စ၍ မေးလိုက်သည်။

"အရှင်မ၊ သက္ကာယ. . . သက္ကာယ-ဟု ဆိုရာဝယ် ဘယ်အရာကို သက္ကာယခေါ်ပါသလဲ"

"ငါ့ရှင် ဝိသာခ ဥပါဒါနက္ခန္ဓာကိုပင် သက္ကာယ-ဟု ဘုရားဟောပါသည်"

"ကောင်းပါပြီ အရှင်မဘုရား၊ အဘယ် အရာကို သက္ကာယ သမုဒယ၊ ဟု ဆိုပါသနည်း"

"နောင်ဘဝကို ဖြစ်စေတတ်သော ထိုထိုဘုံဘဝကို တပ်မက် နှစ်သက်ခြင်းတဏှာကို သက္ကာယ သမုဒယ ဟု ဟူ၍ မြတ်စွာဘုရား ဟောကြားပါသည် ငါ့ရှင် ဝိသာခ"

"သာဓု သာဓု အရှင်မ၊ သက္ကာယ နိရောဓ ဟူသည် အဘယ်တရားပါလဲ"

" ငါ့ရှင်ဝိသာခ တဏှာမှလွတ်ကင်း၍ အကြွင်းမဲ့မဖြစ်မပေါ်ဘဲ တဏှာအာလယ ကင်းငြိမ်းသော နိဗ္ဗာန်ကို သက္ကာယ နိရောဓဟူ၍ မြတ်ဗုဒ္ဓ ဟောတော်မူပါသည်"

ကိုယ်တွေ့ဉာဏ်မြင် မဟုတ်လျှင် ဖြေဆိုနိုင်စွမ်းမရှိသည့် ခဲရာခဲဆက် အဘိဓမ္မာ အယူအဆများစွာကို ဝိသာခ သူကြွယ် အနာဂါမ်က မေးရာ ဓမ္မဒိန္နာထေရီက ပြတ်သားရှင်းလင်းစွာ ရဲဝံ့စွာ ဖြေဆိုတော်မူသဖြင့် အလွန်ကျေနပ်မိ သည်။

(ဝိသာခသူကြွယ်က နောက်ထပ်မေးခွန်း မေးလိုက်သည်။)

"အရှင်ဓမ္မဒိန္နာ၊ နိဗ္ဗာန်၌ အဘယ်သည် ပဋိဘာဂ (တူညီသောအခြင်းအရာ) ရှိပါ သနည်း-။"

ဓမ္မဒိန္နာ ထေရီက ပြုံးသည် ဆိုရုံ မျှပြုံး၍ ဝိသာခကို ကြည့်လိုက်သည်။

သဘောမှာ အနာဂါမ် ပုဂ္ဂိုလ်တို့မျက် မှောက်မပြုသေးသည့် (မပိုင်သေးသည့်) တရား ကို မေးခြင်းကြောင့်ဖြစ်သည်။ စင်စစ်မှာ သောတာပန်၊ သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်များက အရဟတ္တမဂ်ဆိုက်သူကို မသိနိုင် အရဟတ္တမဂ် ရောက်ပြီးပုဂ္ဂိုလ်များကမူ အောက်ပုဂ္ဂိုလ်တို့ကို သိနိုင်ခြင်းဖြစ်သည်။

အရဟတ္တမဂ်ဖိုလ် ဆိုက်ပြီးနေသော ဓမ္မဒိန္နာက "ငါ့ရှင် ဝိသာခ၊ သင်၏အမေးပုစ္ဆာကား လွန်သွားလေပြီ (သင်မသိသေးသော အရာကို သင်မေးနေပြီ)၊ ငါ့ရှင်ဝိသာခ၊ မြတ်စွာဘုရား၏ သာသနာတော်၌ ဗြဟ္မစရိယအကျင့်သည် နိဗ္ဗာန် တွင်အဆုံးရှိ၏၊ ငါ့ရှင်ဝိသာခ၊ သင်အလိုရှိ သေးလျှင် မြတ်စွာဘုရားကို မေးလျှောက်လေ တော့၊



ထို အကြောင်းကို မြတ်စွာဘုရားဖြေတော်မူသည့်အတိုင်း မှတ်လေ-ဆောင်လေလော” ဟု ဖြေတော်မူလိုက်သည်။

ဤတွင်မှ ဝိသာခအနာဂါမ်ပုဂ္ဂိုလ်ကြီးသည် ဓမ္မဒိန္နာထေရီမ၏ အရည်အချင်းအကဲခတ်နိုင်သောကြောင့် အတိုင်းထက်အလွန် ကြည်ညိုလိုက်ရသည်၊ ဝမ်းသာအားရရှိရသည်၊ မိမိ၏ ဥပနိဿယ အကြောင်းအရာဖြင့် ရဟန္တာမကြီး ဖြစ်သွားသည်ကို သာဓုခေါ်ရသည်။

ဝိသာခသူကြွယ်သည် ဓမ္မဒိန္နာထေရီကို ရှိခိုး၍ လက်ယာရစ်လည်ကာပူဇော်သည်။ ထိုနောက် မြတ်စွာဘုရားထံ သွား၍ရှိခိုးလျက် သင့်တင့်သောနေရာ၌ ထိုင်ကာ ဓမ္မဒိန္နာ ဘိက္ခုနီနှင့်အတူတကွမေးခြင်း၊ ဖြေခြင်း ပြောဆိုသော စကား အလုံးစုံကို လျှောက်ကြားလေသည်။

“ဝိသာခဥပါသကာ၊ ဓမ္မဒိန္နာ ဘိက္ခုနီသည် ကြီးသောပညာရှိ၏၊ သင်ကငါဘုရားအားထိုပုစ္ဆာတို့ကိုမေးငြားအံ့၊ ငါဘုရား သည်လည်း ထိုကဲ့သို့ပင်(သူဖြေသလိုပင်) ဖြေဆိုအံ့၊ ဓမ္မဒိန္နာ ဘိက္ခုနီဖြေသည့်အလိုက်သာလျှင် မှတ်ဆောင်လေလော့။ မြတ်စွာ ဘုရားကိုယ်တော်တိုင်က ထိုသို့ အမိန့်တော်ရှိတော်မူသော ဝိသာခ အနာဂါမ်သည် နှစ်ထောင်းအားရ ကြက်သီးမွေးညင်း တမျှ ပီတိဖြစ်ရပါသည်။



“ငါဘုရား၏ သာသနာဝယ် တရားအဟောကောင်းသော(သူတစ်ပါးအား မှန်ကန်စွာနားလည်အောင် ပြောတတ်သော) ဓမ္မကထိက ဘိက္ခုနီထေရီတို့ များစွာရှိကြသည့်အနက် ဓမ္မဒိန္နာသည် အထူးချွန် အမွန်မြတ်ဆုံးဖြစ်သည်။

သုံးလောကသေဋ္ဌနင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ဓမ္မဒိန္နာထေရီအား ဤသို့ဧတဒဂ်ဘွဲ့ (ထူးချွန်ဆု)ဖြင့် ချီးမြှောက်တော်မူခဲ့သည်။

ထိုအတုမရှိ ဘွဲ့ကြီးကို ဓမ္မဒိန္နာ ထေရီအရှင်မကို (ဓမ္မကထိကဧတဒဂ်)ဟူသော ဘွဲ့ထူးဂုဏ်ထူးကြီးမှာ နှယ်နှယ်ရရ မဟုတ်ကြောင်း သိသာနိုင်ပါသည်။

(မိုးငြမ်း-ဦးသုခ၏ ဓမ္မကထာစာပဒေသာ)

မောင်ကြည်သာ(မုံရွာ)



မြတ်စွာဘုရားထံ မာလုကျပုတ္တရဟန်း
လျှောက်ထားမေးမြန်းခဲ့သော
**စံတင်လောက်အောင်ထင်ရှားသည့် တတ္တိကပုစ္ဆာ (၁၀)ခု**

ဗုဒ္ဓဘုရားရှင်သည် ကောသမ္ဗီပြည်ရှိ (ယခုအလာဟဘာဒ်)ရင်းတိုက်တောအုပ်တွင် သီတင်းသုံးနေတော်မူသည့် အချိန်တပည့်ရဟန်းတို့အား ဗုဒ္ဓကမေးတော်မူခဲ့၏။ "အိုရဟန်းတို့- အသင်တို့ မည်သို့ထင်မြင်သနည်း။ ငါ၏လက်တွင် ဆုပ်ကိုင်ထားသော သစ်ရွက်အကျိုးနှင့် အပေါ်ကသစ်တောမှာရှိတဲ့ သစ်ရွက်တွေ ဘယ်ဟာက ပိုများပေသနည်း။" ထိုအခါ ရဟန်းများက "အရှင်ဘုရား လက်တော်တွင် ဆုပ်ကိုင်ထားသော သစ်ရွက်များမှာ အနည်းငယ်မျှသာ ဖြစ်ပါသည်၊ ရင်းတိုက်တောအုပ်မှာရှိတဲ့ သစ်ရွက်များက အဆများစွာ ပိုမိုများပြားပါသည်ဘုရား"ဟု ပြန်လည်လျှောက်ထားရာတွင် ဗုဒ္ဓက "ဤကဲ့သို့ပဲ ရဟန်းတို့၊ ငါဘုရား သိရှိသည့် အကြောင်းအရာများ အနက်ဟောပြောပြသည်မှာ အနည်းငယ်မျှသာ ဖြစ်ပေသည်။ မဟောမပြောဘဲ ချန်ထားသည်မှာ အများအပြား ရှိသော်လည်း အဘယ့်ကြောင့် မဟောမပြောထားပါသနည်း ဆိုသော် အကျိုးကျေးဇူးမရှိ၍၊ နိဗ္ဗာန်သို့ မရောက် နိုင်စေ၍ ထိုအကြောင်းများကို မဟောမပြောဘဲထားသည်" ဟူ၍ဘုရားရှင်က မြေကြားတော်မူခဲ့သည်။

ဗုဒ္ဓသည် သိရှိနားလည်သော်လည်း မဟောပြောဘဲထားခဲ့သည့် အကြောင်းအရာများကို အချို့သောပညာရှင်များက ပင်ပင်ပန်းပန်း ကြိုးစား၍ ဆင်ခြင်ကြံဆနေသည်မှာ အချည်းနှီးအားထုတ် မှုပင်ဖြစ်ပေသည်၊ စိတ်ကူးယဉ် ပြဿနာများ ဖြစ်ပေါ်စေရန် မျှော်မြင်ကြံဆမှု သက်သက်မျှသာ ဖြစ်သော အကျိုးမများသည့်တတ္တိက (စိတ်ပိုင်းဆိုင်ရာ) ပုစ္ဆာများ (METAPH- YSICAL QUESTIONS) ကိုဆွေးနွေးရန် ဗုဒ္ဓသည် စိတ်မဝင်စားပေ။ ၎င်းတို့ကို "ဝါဒကန္တာရ "(WILDERNESS OF OPININS) ဟူ၍

သာ မှတ်ယူတော်မူသည်ကို ၎င်း၏တပည့် ရဟန်းများတွင် မကျေနပ်သဘောမပေါက်သော ရဟန်းအချို့ရှိခဲ့ဟန်တူပေသည်။ အကြောင်းမှာ မာလုကျပုတ္တ အမည်ရှိ ရဟန်းတစ်ပါးသည် သူ၏ မကျေနပ်မှုကို ဖေါ်ထုတ်ပြီးလျှင် စံတင်လောက် အောင်ထင်ရှားသော တက္ကိကပုစ္ဆာ (၁၀)ခုကို ဗုဒ္ဓဘုရားရှင်အား လျှောက်ထားပြီး အဖြေကို တောင်းခံခဲ့ပါသည်။

၁။ စကြဝဠာသည် အစဉ်အမြဲ တည်သလော။

၂။ မတည် သလော။

၃။ စကြဝဠာသည် အကန့်အသတ်ရှိသလော။

၄။ မရှိသလော။

၅။ ဝိညာဉ်သည် ကာယနှင့်အတူတူ ပင်လော။

၆။ ဝိညာဉ်က တစ်သီးတခြား ကာယက တစ်သီးတခြား ပင်လော။

၇။ တထာဂတသည် သေသည်၏ အခြားမဲ့၌ တည်ရှိသလော။

၈။ သေသည်၏အခြားမဲ့၌ မတည်ရှိသ လော

၉။ သေသည်၏အခြားမဲ့၌ (တစ်ပြိုင်နက်) တည်ရှိသလော။

၁၀။ သေသည်၏အခြားမဲ့၌ (တစ်ပြိုင်နက်) တည်ရှိ - မတည်ရှိမဟုတ်သလော စသည့် အမေးပုစ္ဆာ (၁၀)ခုကို မေးမြန်း ခဲ့ရာတွင်-

"မာလုကျပုတ္တ"၊တစ်စုံတစ်ယောက်သော သူသည် မြတ်စွာဘုရားထံ၌ ဤပုစ္ဆာများကို မဖြေမချင်း ရဟန်းမဝတ်ဟု ပြောငြားအံ့။ ၎င်းသူသည် တထာဂတထံမှ ပုစ္ဆာတို့၏အဖြေကို မရရှိဘဲ အသက်သာလျှင် ဆုံးရှုံးကောင်းဆုံးရှုံး သွားပေမည်။

မာလုကျပုတ္တ အကယ်၍ လူတစ်ယောက်ကို အဆိပ်လူးသောမြှားထိအံ့ ၎င်း၏မိတ်သင်္ဂဟ ဆွေမျိုးသားချင်းတို့က သမားတော် တစ်ယောက် ထံဆောင်ကြဉ်းသွားအံ့။ ထိုအခါ လူနာက "ကျွန်ုပ်အား မြှားနှင့်ပစ်သူကို မသိရသမျှ မြှားကို မဖြုတ်ရပြီ။ မြှားပစ်သမားသည် ခတ္တိယ(စစ်သည်တော်တန်းစား) မျိုးနွယ်လော, ဗြာဟ္မဏ (ရဟန်း ပုဏ္ဏား) အမျိုးအနွယ်လော, သို့မဟုတ် ဝေဿ (ကုန်သည်၊ လယ် လုပ်) အတန်းအစားလော, သုဒ္ဒ (ဇာတ်နိမ့်)ထဲကပင်လောသူ့အမည် သူ့ဆွေမျိုးအမည်က အဘယ်ဖြစ်သနည်း အရပ်မြင့်သလား။ ပုသလား။ အလယ်အလတ်ပဲလား။ အသားအရေ က မည်းသလား။ညိုသလား။ ဘယ်ရွာဘယ်မြို့၊ ဘယ် နိဂုံးကလာခဲ့သနည်း။

"အဘယ်လေးမျိုးဖြင့် ပစ်ခွင်းလိုက်သည် ကို မသိရသမျှ မြှားကိုမဖြုတ်ရပြီ မည်ကဲ့သို့ လေးကြိုးကိုအသုံးပြုလိုက်သနည်း။ မြှားတံက မည်သည့် အမျိုးစားဖြစ်သနည်း။ မြှားတံပေါ်တွင် မည်သည့် အမွေးဖွားများ ကပ်ထားသနည်း" စသည်ဖြင့် မေးမြန်းစုံစမ်းသည် ဆိုပါတော့။ ထိုသူသည် ၎င်းသိလိုသော အကြောင်းအရာများ တစ်ခုမျှ မသိရှိနိုင်မီ အသက်သေဆုံးရ ပေမည်။

"မာလုကျပုတ္တ"၊ဤနည်းတူစွာပင် တစ်စုံတစ်ယောက်သောသူသည် စကြဝဠာသည် အစဉ်အမြဲတည်သလော မတည်သလော။ အစရှိသော ပုစ္ဆာတို့ကို မဖြေမချင်း မြတ်စွာဘုရားထံ၌ ရဟန်းမဝတ်ဟုပြောငြားအံ့ ထိုသူသည် အသက်သေဆုံးသည့်တိုင်အောင် တထာဂတထံမှ ဤပုစ္ဆာများ၏ အဖြေတို့ကို ရရှိမည်မဟုတ်ပေ။ ထိုကဲ့သို့ ဟောကြားပြီးနောက် ဗုဒ္ဓသည် မာလုကျပုတ္တအား ရဟန်းဝတ်၍ သူတော်ကောင်း တရားကျင့်နိုင်ရန် ဤအယူအဆသဘောတရားများအပေါ် မတည်ကြောင်းနှင့် ဤပြဿနာရပ်များ နှင့်ပတ်သက်၍ မည်ကဲ့သို့ထင်မြင်ယူဆစေကာမူ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ တို့ ရှိမြဲရှိနေမည်။ ဤဘဝ၌ပင် ၎င်းတို့ချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကိစ္စကိုသာ ငါဘုရားဟောကြားတော် မူပေသည် "ဟု မိန့်မြွက်တော်မူလေသည်။

မာလုကျပုတ္တအား ဆက်လက်၍ ဗုဒ္ဓဘုရားရှင်မှ ဟောကြားခဲ့ရာတွင်---

"မာလုကျပုတ္တ၊ မည်သည့် အကြောင်း

အရာများကို ငါဘုရားဟောကြားသနည်း မည်သည့် အကြောင်းအရာများကို ငါဘုရား မဟောကြား ရှင်းလင်းမပြသနည်း ဆိုသည်တို့ကို ကောင်းစွာနှလုံးသွင်းထားလော့။ မည်သည့် အကြောင်းအရာများကို ငါဘုရား မဟောကြား သနည်း။ စကြဝဠာသည် အမြဲတည်သလော, မတည်သလောစသည်တို့ကို ငါဘုရား ရှင်းလင်း ဖော်ပြဟောကြားတော်မမူ။ မာလုကျပုတ္တ၊ ဤ အကြောင်းအရာများ ငါဘုရားအဘယ်ကြောင့်မဟောကြားပေသနည်း။ ဤအယူအဆ သဘော တရားများသည် အသုံးမဝင် အရာမရောက်။ သူတော်မြတ်တို့၏ လုပ်ငန်းကျင့်စဉ်နှင့် အခြေခံဆက်စပ်ခြင်းမရှိ။ ငြီးငွေ့ ရွံရှာခြင်း၊ တွယ်တာမှု ကင်းခြင်း၊ ချုပ်ငြိမ်းခြင်း၊ ချမ်းမြေ့ခြင်း၊ ထိုးထွင်း သိမြင်ခြင်း၊ နိဗ္ဗာန်ရောက်ခြင်းအလို့ငှါ ထောက်ပံ့ ကူညီမှုမပြု။ ထို့ကြောင့် ဤအကြောင်း အရာများကို သင့်အား မဟောကြားခြင်းဖြစ်သည်။

"ဒါဖြင့် လျှင် မာလုကျပုတ္တ၊ သင့်အား အဘယ်တရားများကို ငါဘုရား ဟောကြားပေသနည်း။ သင့်အား ဒုက္ခအကြောင်းကို ရှင်းလင်းဟောကြားသည်။ ဒုက္ခဖြစ်ပေါ်ခြင်း (သမုဒယ) အကြောင်း၊ ဒုက္ခချုပ်ငြိမ်းခြင်း (နိရောဓ) အကြောင်း၊ ဒုက္ခချုပ်ငြိမ်းရာ ရောက်ရန် လမ်းစဉ် (ဒုက္ခနိရောဓဂါမိ နိပဋိပဒါ) အကြောင်းကို ဟောကြားသည်။ အဘယ့်ကြောင့် ဤအကြောင်းအရာများကို ဟောကြားပေသနည်း။

"မာလုကျပုတ္တ၊ ဤအကြောင်းအရာများ သည် အသုံးဝင်အရာရောက်သည်။ သူတော်မြတ်တို့၏ လုပ်ငန်းကျင့်စဉ်နှင့် အခြေခံဆက်စပ်လျက် ရှိသည်။ ငြီးငွေ့ရွံရှာခြင်းဖြစ်စေသည်။ တွယ်တာမှု ကင်းစေသည်။ ချုပ်ငြိမ်းစေသည်။ ချမ်းမြေ့စေသည်။ ထိုးထွင်းသိမြင်ခြင်း၊ နိဗ္ဗာန်သို့ရောက်ခြင်း အလို့ငှါသာ ထောက်ပံ့ကူညီမှု ပြုသည်။ထို့ကြောင့် ဤအကြောင်း အရာများကို ငါဘုရားရှင်းလင်းဟောပြခြင်း ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင်၏ ဆိုဆုံးမစကားသည် မာလုကျပုတ္တအား လိုအပ်သော အကျိုးကို ပြီးစေဟန် ရှိပေသည်။ မာလုကျပုတ္တသည် ဗုဒ္ဓထံ တဖန် ဆည်းကပ်၍ တရားတော်များကို နာခံမှတ်သားပြီး ကျင့်ကြံကျိုးကုတ်ပွားများ အားထုတ်ခဲ့ပြီးနောက် အာသဝေါကုန်ခန်းသည့် ရဟန္တာဖြစ်သွားလေသည်။

ယခုအခါ ရဟန်းသံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများ ဗုဒ္ဓတရားတော်များကို လေ့လာဖတ်ရှု၍ ကျင့်ကြံကျိုးကုတ်အားထုတ်လျက်ရှိရာတွင် အသက်အရွယ်ကြီးရင့်သောပုဂ္ဂိုလ်များသာမက လူငယ် လူလတ် အမျိုးကောင်းသား အမျိုးကောင်းသမီးများပါ ဘာသာရေး၊ သာသနာရေး လုပ်ငန်းများကို ဆောင်ရွက် လုပ်ကိုင်လျက်ရှိရာမှ ဗုဒ္ဓ ဟောကြားတော်မူသည့် တရားဒေသနာတော်များကို ဆတက်ထမ်းပိုးတိုး၍ လေ့လာမှတ်သား ကျင့်ကြံကျိုးကုတ် အားထုတ်ပြီး၊ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်မြတ်တို့ကို အစဉ်အဆက်မပြတ် ထိမ်းသိမ်းစောင့်ရှောက်ပြီး သာသနာတော်မြတ်ကြီး၏အကျိုးကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးရွက်ဆောင်နိုင်ကြပါစေ သတည်း။

**နိဝါတမင်္ဂလာဖြင့်**
**ချင်းတွင်းစံ**






# ဓမ္မသက နှစ်(၁၀၀)ပြည့်

(ရှစ်ဆယ်ပေါ်တေးထပ်)

မုံရွာလယ်တီ ဓမ္မသက
မြေပထဗျ ကနက်ဖွေမဟာ
အခြေပဝရ ကျက်သရေဖြာသည်
တက်နေပမာ ဂုဏ်ရောင်လင်း။

ပရိယတ္တိ လွှမ်းပတ်စေသည်
ကျမ်းမြတ်အထွေထွေ ပို့ချခြင်း။
စာပေကြွယ်နှုန်း ဥယျာဉ်သာမှာ
အထူးစဉ်လာ အရှိသား
မြူးရွှင်သဒ္ဓါ အသိတရားနဲ့
တပည့်အများ ပေါ်ထွန်းလာ။

စည်းကမ်းပုံသေ အခိုင်အမြဲ
မယိုင်မလဲ ကျင့်သုံးစေရာ။
ဆရာတပည့်တို့ လက်တွဲညီသည်
ခက်ခဲလီလီ ရွက်ဆောင်လှမ်းလို့
မပျက်အောင်ပန်း ဖူးပွင့်ဝေစီ
ထူးတင့်လေပြီ။

ဂန္ထဝင်မြောက် ညီမျှစဉ်မသွေပြီ
သီလရှင်တွေ စံထားစရာပဲ့လေး။
ဓမ္မသက ကမ္ဘည်းစာသည်
ခရီးတာရှည် နှစ်ပေါင်း ရာပြည့်လေး။
သမိုင်းပုံရိပ် မော်ကွန်းတင်သည်
ဖော်ညွှန်းအစဉ် ဥဒါန်းတွင်လို့လေး။

လယ်တီအရှင်သီရိန္ဒ(မုံရွာ)



# ထိရောက်သော သာသနာပြုနည်း

မြင့်ဇော် ( B.A. Buddhism)



**တစ်**နေ့အိမ်ရှေ့တွင် အလှူခံပုဂ္ဂိုလ် လူတစ်စုရောက်လာ၏။ ဘုရားတည် ကျောင်းဆောက်ရန်အတွက် သာသနာပြုနေသည်ဟု ဆို၏။ အလှူခံရင်ထိုးတံဆိပ်၊အလှူခံဖြတ်ပိုင်းများ နှင့်တကွ ပါ၏။ ကျွန်တော့်ဇနီးက အလှူငွေ (၅၀၀/) လှူလိုက်၏။ နောက်တစ်ခါ မကြာမီ ငယ်ငယ်ရွယ်ရွယ် သီလရှင်ဆရာလေးနှစ်ပါး ရောက်လာ၏။ ဒါနဆန်များ မေတ္တာရပ်ခံအပ် ပါတယ်ဆို၏။ ကျွန်တော့်ဇနီးက ကန်တော့ပါသေးရဲ့လို့ ပြောလိုက်၏။ ကျွန်တော့်ရင်ထဲမှာ စိတ်မကောင်းလိုက်သည့်ဖြစ်ခြင်း။ နောက်ရက် သတ္တပတ် အဖိတ်နေ့တွင် သီလရှင်ဆရာလေး နှစ်ပါး ရောက်လာပြန်၏။ ဒီတစ်ခါတော့ ကျွန်တော်က ဆွမ်းဆန်တော် နို့ဆီဘူးတစ်ဘူး လောင်းလှူလိုက်ပြီး ဆရာလေးတို့ ဘယ်ကျောင်းကပါလဲဘုရားလို့ မေးလိုက်၏။ ချောင်းဦးမြို့ သီလရှင် စာသင်တိုက်ကပါဆိုပြီး ပညာအရည်ချင်းနှင့်တကွ နေရပ်လိပ်စာပါ ပြောပြသွား၏။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ သာသနာပြု နိုင်ကြပါစေဟုလည်း ဆုပေးသွား၏။

ကျွန်တော်ရင်ထဲ စိတ်မကောင်းစွာခံစားရသည်မှာ ဘုရားတည် ကျောင်းဆောက် အလှူခံ၍သာသနာပြုနေကြသည်ဆိုသော အလှူခံပုဂ္ဂိုလ်များအား အလှူငွေထည့်လှူပြီး သီလရှင်စာသင်တိုက် ဆင်းရဲချို့တဲ့စွာစာသင်နေကြသော ဆရာလေးနှစ်ပါးအား ကျွန်တော့်ဇနီးက ကန်တော့ဆွမ်း ပြောဆိုလိုက်သောဖြစ်ရပ်ဖြစ်ပါသည်။ ထိုသီလရှင် ဆရာလေးနှစ်ပါးမှာ ပထမငယ်တန်း၊ ပထမလတ်တန်း ရောက်ရှိ၍

ပရိယတ္တိစာပေများ သင်ကြားနေသော ဆရာလေးများဖြစ်ပါသည်။ နောင်တစ်ချိန် ပရိယတ္တိသာသနာ စည်ပင်ပြန့် ပွားရေးအတွက် သာသနာပြုကြမည့် ဘိက္ခုနီ နွယ်ဝင် သီလရှင် အာဇာနည်လောင်းလျာများ ဖြစ်ကြပါသည်။

ဤနေရာ၌ သာသနာပြုဟူသော စကားနှင့် ပတ်သက်၍ လေ့လာကြည့်မိသည်။ သာသနာဆိုသည်ဘာလဲ။ သာသနာပြုသည်ဆိုသည်မှာဘာလဲ စသည်ဖြင့် စဉ်းစားမိပါသည်။ သာသနာဆိုသည်မှာ အဆုံးအမဖြစ်သည်။ ဗုဒ္ဓသာသနာဆိုလျှင် ဗုဒ္ဓ၏အဆုံးမဖြစ်သည်။ ခရစ်ယာန် သာသနာဆိုလျှင် ယေရှုခရစ်တော်၏ အဆုံးအမ ဖြစ်သည်။ ဗုဒ္ဓသာသနာပြု နေသည်ဆိုလျှင် ဗုဒ္ဓ၏အဆုံးအမကို ပြန့်ပွားအောင် ပြုလုပ်နေသည်ဟုဆိုပါသည်။

ယနေ့ခေတ်တွင် သာသနာ ပြုဟူသောစကားကို တွင်ကျယ်စွာပြော ဆိုနေကြသည်ကို တွေ့မြင်နေရသည်။ဘိုးတော် ယောင်ယောင် နတ်ယောင်ယောင်ဗေဒင်ဆရာလိုလို အကြားအမြင် ရနေသလိုလို ပုဂ္ဂိုလ်များ အထူးသဖြင့် သာသနာပြုနေသည် ဟူသောစကားကို တွင်ကျယ်စွာ ပြောနေကြပါသည်။ တကယ်အစစ် အမှန် ဘုရားတည်၊ ကျောင်းဆောက်၊ တံတားခင်း၊ ရေတွင်းရေကန် တူးဖော်ပြီး သာသနာပြုနေကြသော ပုဂ္ဂိုလ်များလည်းရှိပါသည်။

သာသနာပြုနည်းနှင့် ပတ်သက်၍ သာသနာပြုနည်း နှစ်မျိုးရှိပါသည်။ နည်းတစ်မျိုးမှာ ကျောင်းကန်ဘုရားကို အလေးအနက်ထား၍ ဆောင်ရွက်သောနည်းဖြစ်၏။ အခြားနည်းတစ်မျိုးမှာ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်၌ ကျွမ်းကျင်၍ ကိုယ်ကျင့်သိက္ခာ မြင့်မားသော အာဇာနည်ပုဂ္ဂိုလ်များ ပေါ်ထွန်းအောင် ဆောင်ရွက်သောနည်းဖြစ်၏။ ထိုသို့ ဆောင်ရွက်ရာတွင် သူ့နည်းနှင့်သူ လိုအပ်သည် မှန်သော်လည်း ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်၌ ကျွမ်းကျင်၍ ကိုယ်ကျင့်သိက္ခာ မြင့်မားသော အာဇာနည် ပုဂ္ဂိုလ်များ ပေါ်ထွန်းဆောင်ရွက်သောနည်းက ပို၍အကျိုး



သက်ရောက်၏။ သာသနာပြုနည်းနှင့် ပတ်သက်၍ ဆရာတော်ကြီး တစ်ပါးက ဤသို့ မိန့်ဆိုဖူးပါသည်-

“မဟာဝိဟာရ သဒိသံ ဝိဟာရ သဟဿံဝါ မဟာစေတိယ သဒိသံ စေတိယ သဟဿံဝါ တေယာဂုပိဝနမတ္တမ္ပိ သာသနံသန္ဓာရေတုံ န သက္ကောတိ။”

“သီရိလင်္ကာကျွန်းရှိ မဟာဝိဟာရ ကျောင်းတိုက်လို ကျောင်းတိုက်ပေါင်း တစ်ထောင်သည် လည်းကောင်း၊ မဟာစေတီလို စေတီပေါင်း တစ်ထောင်သည်လည်းကောင်း၊ သာသနာတော်ကို ယာဂုတစ်ကြိမ်သောက်ကာလမျှပင် တည်တံ့အောင် မစွမ်းနိုင်။ ထို့ကြောင့် စာပေပရိယတ္တိ ကိုတကယ်ကျွမ်းကျင်ပြီး ကိုယ်ကျင့်သိက္ခာ မြင့်မားသော အာဇာနည်ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်အောင် ဆောင်ရွက်ပေးခြင်းသည်သာ တကယ်တမ်းထိရောက်သော သာသနာပြုနည်းမည်၏” ဟုမိန့်ကြားခဲ့ပါသည်။ သို့ဆိုလျှင်သီလရှင် စာသင်တိုက်မှ ဆရာလေးနှစ်ပါးအား ကျွန်တော် လောင်းလှူလိုက်သော ဆွမ်းဆန်နို့ဆီဘူး တစ်လုံးသည် သာသနာတော်အတွက် ယာဂုတစ်ကြိမ်သောက်မျှ အထောက်အကူပြုနိုင်လျှင် ကျေနပ်ဝမ်းသာမိပါသည်။

သီလရှင်စာသင်တိုက်မှ ဆရာလေးများသည် ရဟန်းသာမဏေများလို စားဝတ်နေရေး အဆင်ပြေလှသည် မဟုတ်ပါ၊ မိမိဆွမ်းဆန် ကိုယ်တိုင်အလှူခံ၍ မိမိကိုယ်တိုင် ချက်ပြုတ်စားသုံး နေရသူများ ဖြစ်

ပါသည်။ အခြားတစ်ဖက် မှလည်း ပရိယတ္တိစာပေများကို သင်ကြား ပို့ချနေသူများဖြစ်သည်။ ရဟန်းသာမဏေများလို လာဘ်လာဘပေါများလှသည် မဟုတ်ပါ။ ဗုဒ္ဓသာသနာ အရှည်တည်တံ့နိုင်ရေးအတွက် ရဟန်း သာမဏေများနည်းတူ သာသနာပြုနေကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် များဖြစ်ပါသည်။

ဘုရားရှင် ရှေ့လက်ထက်တော်အခါက အမျိုးသမီး သာသနာနှင့်ပတ်သက်၍ ကြည့်လျှင် မိထွေးတော်ဂေါတမီက စရမည်ဖြစ်သည်။ ဘုရားရှင်သည် ဦးစွာပထမအမျိုးသမီးများကို သာသနာတွင်းသို့ ဝင်ရောက်ရန် ခွင့်မပြုခဲ့ပေ။ နောင်သောအခါမှ မိထွေးတော်ဂေါတမီကို ဘုရားရှင်အတွက်ကျေးဇူးများသောကြောင့် ဘိက္ခုနီမအဖြစ်ဝင်ခွင့်ပြုခဲ့သည်။ ထိုမှစ၍ အမျိုးသမီးများ သာသနာတွင်းသို့ တစ်စတစ်စ ဝင်ရောက်လာကာ ဘိက္ခုနီသာသနာ ထွန်းကားခဲ့သည်။ ဘိက္ခုနီသာသနာတွင် အထွတ်အထိပ်သို့ရောက်ကာ တရားထူးရသွားကြသောထေရီများ များစွာပေါ်ပေါက်ခဲ့သည်။

ထိုအထဲထင်ရှားသော ထေရီများများ၊ ဥပ္ပလဝဏ်ထေရီ၊ ခေမာထေရီ၊ သုမေဓာထေရီ စသည်တို့ဖြစ်သည်။ သီရိဓမ္မာသောက မင်းကြီးလက်ထက်တွင်လည်း သမီးတော် သဃမိတ္တာသည် သာသနာတော်တွင်းသို့ဝင်ရောက်၍ရဟန္တာထေရီမကြီးအဖြစ်သို့ ရောက်ခဲ့သည် သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်း၏ မရီးတော်စပ်သူ အနုဠာဒေဝီသည်လည်း သာသနာ့နွယ်ဝင် ရဟန္တာထေရီမကြီးအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း တွေ့ရသည်။

ဘုရားရှင်လက်ထက်က ဘိက္ခုနီအမျိုးသမီးသာသနာသည် နောက်လူများ သဒ္ဓါပညာနည်းပါးမှုကြောင့် ကွယ်ပျောက်ခဲ့ရသည်။ ယခုအခါ ဘိက္ခုနီသာသနာ ကွယ်ပျောက်သော်လည်း ဘိက္ခုနီနွယ်ဝင် သီလရှင်အမျိုးသမီး သာသနာ ပေါ်ထွန်းလာခဲ့သည်။ သီလရှင် အမျိုးသမီး သာသနာစတင် ပေါ်ပေါက် လာခဲ့ပုံကို စာရေး ဆရာ ရဝေထွန်းက ရေးသားခဲ့ကြောင်းသိရသည်။ ဘုရားရှေ့ လက်ထက်တော်က မိထွေးတော် ဂေါတမီကို ဦးစွာအစပြု၍ ဘိက္ခုနီသာသနာ ထွန်းကားခဲ့သည်။

ယခုမုံရွာမြို့မှာဖြင့် အမျိုးသမီး သာသနာ အာဒိကမ္မိက အစဦးဆုံး သီလရှင် စာသင်တိုက်ကြီးကို မဟာလယ်တီ ဓမ္မသကသီလရှင် စာသင်တိုက်က စတင် တည်ထောင်ခဲ့သည်။ ယခုလက်ရှိ ဓမ္မသက တိုက်အုပ်ဆရာကြီး ဒေါ်ဓမ္မထေရီ၊ ဒေါ်တိက္ခဝတီတို့အထိ (၉၉)နှစ်တာအတွင်း ဓမ္မာစရိယဘွဲ့ရ၊ ဂန္ထဝါစက၊ မဟာဂန္ထဝါစက အဂ္ဂမဟာဂန္ထဝါစက စာချအဆင့်မြင့်ဘွဲ့ရ ဆရာကြီးများ ပေါ်ထွန်းခဲ့သည်။ မဟာလယ်တီဓမ္မသက တိုက်ထွက်တပည့်ကြီးများ များစွာပေါ်ထွက် ခဲ့သည်။

စာရေးသူတင်ပြလိုသည်မှာ ထိရောက်သော သာသနာပြုနည်းနှင့် ပတ်သက်၍ ဖြစ်ပါသည်။ ဦးစွာပထမ အထက်က တင်ပြခဲ့သည့်အတိုင်း ကျောင်းကန်ဘုရားများကို အလေးအနက်ထား၍ ဆောင်ရွက်သော သာသနာပြုနည်းထက် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်၌ ကျွမ်းကျင်၍ ကိုယ်ကျင့်သိက္ခာ မြင့်မားသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးများ ပေါ်ထွက်လာအောင် ရဟန်းသာမဏေ၊ သာသနာ့နွယ်ဝင် သီလရှင်များကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကူညီ လှူဒါန်းသွားကြပါစို့လို့ ဆန္ဒပြုလိုက်ရပါတော့သည်။

မြင့်ဇော်
(B.A.Buddhism)



# မြိုမ့်သဲ

## လက်နှီးစုတ် မင်ရည်စွန်းတော့



မြေးလေးပြန်လာ တော့မည့် သတင်းကို သားဦးပဥ္စင်းကပြောတော့ ပျော်လိုက်တာ။ ဘာလိုလို နှင့် မြေးကလေးကို မတွေ့ရတာ ဆယ်နှစ်ဆယ်မိုးကြီးများ တောင်ကြာမြင့်ခဲ့ပါပကောလား။ ဘွားသီလရှင် ဒေါ်သုဇာတ၏ နွယ်တစ်မျှင်မြက်တစ်ပင်လို သံယောဇဉ်တွယ်တာရမည့်သူဆို၍ ဒီမြေးကလေး တစ်ယောက်ပဲ ကျန်ရှိတော့သည်။ ခွဲခွါစဉ်က မြေးလေးသည် ဆယ်နှစ် မပြည့်တပြည့်လေး ရှိသေးသည်။ သားချောသားလှနှင့် ကွမ်းတောင်ကိုင်မတို့၏ သမီးမို့ လှရာရာအမွေဆက်ခံ ထားသောကြောင့် အသားကရွှေလိုဝင်း၊ အဆင်းကရွှေလိုလှ၍ ကြည့်မဝ ရှုမဆုံးအလှတုန်း မြေးမလေး။ ခုချိန်ဆို ပညာတွေလည်း ပြည့်စုံတန် သလောက်ပြည့်စုံ နေလောက်ပါပြီ။ အသက်နှစ်ဆယ်ဆိုတာ အလှကျက်သရေတိုးလို့ အလှမိုးတွေ ဖြိုးစွေရွာ မည့် အရွယ်ပေပဲ။ ဆယ်နှစ်အရွယ် ဖူးစငုံစပန်းကလေး ဘဝမှာပင် ရှုမဆုံးအောင်လှသောမြေးမလေးသည် အသက်နှစ်ဆယ်ဆိုတော့ ပွင့်စပန်းလိုအစွမ်းကုန် လှနေမှာ သေချာသည်။

"မယ်တော်ကြီးက မြေးလေးမြို့ပြန်ရင်လိုက်ဖို့သာပြင်"

"ဘယ်လိုမိန့်လိုက်တာလဲ သားပဥ္စင်းရယ်၊ မြေးကလေးက အပြီးပြန်လာတာ မဟုတ်လား"

"အပြီးပြန်လာတာတော့၊ ဟုတ်ပုံမရဘူး၊ မယ်တော်ကြီးကို ခေါ်ဖို့လိုက်လာတာနေမှာ၊ ကျောင်းအမလည်းပါလာလိမ့်မယ်"

"ကျောင်းအမကြီး လိုက်လာမှာလား။ သူတော်ကောင်းမကြီး ကျန်းမာချမ်းသာပါစေ။ ကျောင်းအမကြီးရဲ့ မေတ္တာကရုဏာကြောင့် မြေးမလေး လူရာဝင်အောင် ပညာသင်ခွင့် ရသွားတာ"



အသက်ထက်အရွယ်ကနုပျိုသော သားပဥ္စင်း၏ ပစ္စည်းလေးပါး ဒါယိကာမကြီး ဒေါ်ရွှေမှုန်သည် လင်တော်မောင် ကွယ်လွန်သွားသော်လည်း စီးပွားမပျက်ကြီးပွားလျက်ရှိသည် ဟုဆိုသည်။ ယခုဒေါ်သုဇာတ တစ်ဖြစ်လဲ၊ ဒေါ်သူဇာ ဘဝတုန်းက သွားလေသူကြီး၏ စေ့စပ်သေချာသော လုပ်မှုဆောင်တာကြောင့် လယ်ယာချောင်းမြောင်းလေးက ကောင်းတော့ရွာထဲရပ်ထဲမှာ အိမ်ကြီးရခိုင်နှင့် တင့်တောင့်တင့်တယ် နေထိုင်နိုင်ခဲ့တာပေါ့။

တစ်ဦးတည်းသော သားကလေးကလည်း အားကိုးရသည်။ ရွာကျောင်းက လေးတန်း အောင်တော့မြို့ကို ကျောင်းဆက်မတက်တော့ဘဲ ဖအေကို ကူညီဖေါ်ရသည်။ သားရဲ့ သူငယ်ချင်းဦးပဥ္စင်း ဖြစ်လာမယ့် သူလေးကို မိဘမဲ့လေးမို့ သားလိုပဲချစ်ခဲ့သည်။ သူလေးတန်း အောင်ချိန် သူ့ဘကြီး ဘုန်းကြီး ပျံလွန်တော်မူသွားသောကြောင့်သားနှင့်အတူ လယ်ထဲချောင်းထဲလိုက်ဖို့ပြောသော်လည်း ကိုရင်ဝတ်ချင်သည်ဆို၍ ကိုရင်ဝတ်ပေးခဲ့သည်။ မြို့သို့စာသင် သွားလိုသည်ဆို၍ ဝတ္ထုငွေကြေးထိုက်သလောက် ထုတ်ပေးခဲ့သည်။

သားကတော့ မိဘလက်ငုတ်ကို တိုးပွားအောင်လုပ်နေရင်း အချိန်တန်အရွယ် ရောက်တော့လူငယ်ချင်းလည်းရည်ငံနေသော ရွာကွမ်းတောင်ကိုင် အချောအလှ မမယ်မသမီးနှင့် နေရာချထားပေးလိုက်သည်။ သားကို လုပ်ငန်းဆောင်တာတွေလွှဲအပ်ပြီးသွားလေသူကြီးသည် တရားအလုပ်ကို စွဲစွဲမြဲမြဲ အားထုတ် သွားရှာသည်။

အသက်ရှည်ရှည် မနေရပေမယ့် ဇနီးသား သမီးတို့ကိုမငြိုမငြင် လုပ်ကိုင်ကျွေးမွေးခဲ့သောကျေးဇူးရှင် အစစ်ဖြစ်ပေတော့သည်။ မြေးမလေး မွေးစမှာပင် ကျေးဇူးရှင် ကွယ်လွန်သွားရှာသည်။ ကျေးဇူးရှင် ကွယ်လွန်သွားတော့ သားတို့မိသားစု လယ်ယာချောင်းမြောင်းကို ရောင်းချ၍ မြို့သို့ပြောင်းရွှေ့သွားကြသည်။ သားတို့သွားရာ ခေတ္တခဏ လိုက်ပါသွားသော်လည်း မြို့မှာမပျော်ပိုက်၍ သွားလေသူကြီး ခေါင်းချရာ ရွာမှာပဲပြန်နေသည်။ မိခင်ကြီး၏စားဝတ်နေရေးကို သားလေးက ဂရုစိုက်ပါသည်။ တစ်လ

တစ်ကြိမ်ရွာပြန်လာ၍ မိခင်ကြီးအတွက် ဆန်,ဆီ, ဆား,ငွေ,ကြေး လိုသမျှဖြည့်ဆည်းပေး သွားသည်။

ထိုစဉ်သားကိုရင်သည် ဦးပဉ္စင်းဘဝဖြင့် စာဝါပြီး၍ ပြန်လာသည်။ ရွာဦးကျောင်းတွင် ဘုန်းကြီးအိုက လက်တိုလက်တောင်းအဖြစ် သားဦးပဉ္စင်းကို အားကိုးသည်။ သားဦးပဉ္စင်း ရောက်ကတည်းက ဥပုသ်သီတင်း သီလဆောက်တည်သူတွေ၊ တရားရိပ်သာဝင်သူတွေ ပို၍စည်ကား သိုက်မြိုက်လာသည်။ သားဦးပဉ္စင်း တရားပြကောင်းသဖြင့် တရားရိပ်သာ မပြတ်ဖွင့်လှစ်ပေး နေရသည်။ သားဦးပဉ္စင်း၏ တရားရိပ်သာဝင်ရင်း တရား၏အေးမြသော အရိပ်အာဝါသတွင် မွေ့လျော်ပျော်ပိုက်နေမိသည်။ ထိုသို့ရှိနေစဉ်တည်ငြိမ်သော ကန်ရေပြင်တွင် ဖုံးတစ်လုံးပေါက် ကွဲ၍ လှိုင်းဂယက်တို့ ပွက်လောရိုက်ခတ် သကဲ့သို့ ဒေါ်သူဇာ၏ ဘဝရေပြင်သည် လှိုင်းဘောင်ဘင် ဝေခဲ့သည်။

မြို့တွင်မီးအကြီးကျယ်လောင်မြိုက်ရာ၌ သားနှင့်ချွေးမတို့ ပိုင်ဆိုင်သမျှပစ္စည်းရော လူပါ မီးထဲပါသွားသည်။ မြေးလေးက ဆရာမအိမ် ညစာကျက်ဝိုင်းတွင် သင်ကြားခိုက်မို့ မီးဘေးအန္တရာယ်မှ လွတ်ကင်းချမ်းသာခွင့် ရခဲ့သည်။ မြေးအဘွားနှစ်ယောက်၏ ဘဝတစ်ဆစ်ချိုး လောကဓံ လှိုင်းတံပိုးသည် ရိုက်ခတ်ချက် ပြင်းလှသည်။ ထိုစဉ် ဘုန်းကြီးအို ပျံလွန်သွား၍ သားဦးပဉ္စင်း ကျောင်းဘုန်းကြီးဖြစ်လာသည်။ စားရမဲ့ သောက်ရမဲ့အတိ ဒုက္ခရောက်နေသော မြေးအဘွားကို သားဦးပဉ္စင်းက ကျောင်းမှာ လာရောက် မှီခိုရန် ပြောလာသည်။ လူမြင်ကောင်းအောင် ရွာလယ်ကအိမ်ကိုရောင်း၍ သားဦးပဉ္စင်း ကျောင်းဝင်းအတွင်း ရိပ်သာကျောင်းကလေး ဆောက်လုပ်ပြီး မြေးအဘွားနှစ်ယောက် ခိုလှုံလာရတော့သည်။ ထိုစဉ်ကအစပြု၍ ဒေါ်သူဇာဘဝမှ ဒေါ်သုဇာတအဖြစ် သီလရှင်ဘဝ ပြောင်းလဲခဲ့ရသည်။ ပြောရလျှင်တရားကျ၍၊ အကျွတ်တရားရ၍ သီလရှင်ဖြစ်လာ သည်တော့မဟုတ်။ သားဦးပဉ္စင်း ကျောင်းတွင် အခန့်သား ထိုင်စားရာလည်း မရောက်အောင်၊ ဆွမ်းဆန်စိမ်း ရပ်ထဲရွာထဲ လှည့်လည်ခံယူ၍ သားဦးပဉ္စင်းကို တတ်အားသမျှ ကပ်လှူ၊ မြေးအဘွား နှစ်ယောက် သင့်တင့်မျှတအောင် စားသောက်ရင်း နေထိုင်လာရသည်။

သားဦးပဉ္စင်းကျောင်းထိုင်သည် ကြာသိရသောကြောင့် မုံရွာမြို့က သားဦးပဉ္စင်း၏ ပစ္စည်းလေးပါးဒါယကာ ရွာသို့ရောက်လာသည်။ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အုတ်မြစ်ချအပြီး အတိဒုက္ခရောက်နေသော ဒေါ်သုဇာတ၏ မြေးလေးကို ပညာသင်ကြားရန်မြို့သို့ ခေါ်သွားသည်။ ထိုစဉ်ကတည်းက စာသာရောက်၍ မြေးမလေးကို မမြင်မတွေ့ရတော့၊ မြေးလေးရဲ့စာအရ အဆင်ပြေကြောင်း၊စာတွေလိုက်နိုင်ကြောင်း စာမေးပွဲတွေ ထူးထူးချွန်ချွန် အောင်မြင်ကြောင်း ကျောင်းအမကြီးက သမီးအရင်းလို ချစ်ခင်ပြုစုကြောင်းတွေ ဖတ်ရသည်။



နှစ်ထပ်ကျောင်းဆောင် ရေစက်ချလှူဒါန်းတုန်း ကလည်း ကျောင်းအမကြီးသာ လာရောက်၍ မြေးမလေး စာမေးပွဲနှင့် တိုက်ဆိုင်နေ၍ ပါမလာခဲ့၊ လိမ္မာရေးခြားရှိကြောင်း၊ စာတော်ကြောင်းတို့ကိုသာ ကျောင်းအမကြီးက တစ်ဆင့် သိခဲ့ရသည်။

ကျောင်းဝင်းထဲ ကားအကောင်းစား တစ်စီး ဝင်လာသည်ကို တွေ့ရသည်။ ဒီလိုကားမျိုးက တော်တော့်လူ စီးနိုင်တာမှမဟုတ်တာ။ ဒါဆို ကျောင်းအမကြီးကားဖြစ်နိုင်သည်။ ဒါဆိုမြေးမလေး စီးလာတဲ့ကား

ပေါ့။ ကျောင်းဝင်းထဲ ပြုမြဲဝတ်တရားဖြစ်သော တံမြက်လှဲနေစဉ် မြင်တွေ့ရခြင်းဖြစ်၍ တံမြက်စည်းကိုပစ်ချပြီး ကားရှိရာ ခပ်သုတ်သုတ်လျှောက်လာသည်။ ကားနားရောက်တော့ ကားနောက်ခန်းမှ ပျိုလွင်နုမျစ် ချစ်စဖွယ် အရည်အရောင်ဖြင့် ကောင်မလေးတစ်ယောက် ထွက်လာသည်။ ဝတ်အဆင်ကို ကြည့်၍ မြေးမလေး မဟုတ်ဟု ထင်သည်။ ကားရှေ့ခန်းက ဆင်းလာသော ကျောင်းအမကြီးဘက်လှည့်ကြည့်မည်ပြင်တော့ သူ၏နောက်ကျောကို သိမ်းဖက်ရင်း "ဘွားဘွား"ဟူ၍ ခေါ်သံကြားမှ လှည့်ကြည့် မိသည်။

ဒါမြေးမလေးတဲ့လား။ ငယ်ရုပ်မပျောက်သေးသော၊ ပို၍တင့်တယ် ပျိုမျစ်နုနယ်ချစ်စဖွယ် ကောင်းသော မျက်နှာလေးကို မြင်တွေ့လိုက် ရ၍သာ မြေးမလေးအစစ်ဖြစ်နေမှန်း သိလိုက်ရသည်။ မြေးလေးရယ် ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ မဖြစ်ချင်နေပါ၊ ကျောင်းစိမ်းလုံချည်လေးနှင့် ဆရာမလေးအဖြစ် တွေ့ရရင်ပဲ ကျေနပ်နေမှာပါ။ အခုလိုပုံစံ၊ ခုလို



အချိုး၊ ခုလိုဝတ်စား ဆင်ယင်ပုံမျိုးကတော့ ကျောင်းအမခေါ်သွားစရာတောင် မလိုပါဘူး။ ဒါမျိုးတော့ ဒီကဘွားဇာကြီးလည်း တတ်နိုင်ပါတယ်။ မြေးလေးကိုမြင်တွေ့ရ၍ ဝမ်းသာခြင်းတစ်ဝက် ၊ ကြေကွဲခြင်းတစ်ဝက်နှင့် ပြုံးရမလို၊ ငိုရမလို ဖြစ်နေမိသည်။

"သမီးကိုကြိုက်ရာကျောင်းကိုရွေးပြီး တင့်တောင့်တင့်တယ် ထားပေးဖို့ပြောပါတယ်။ ဒါပေမဲ့ သမီးလေးက သီလရှင်ဘဝနှင့် ဓမ္မသာက သီလရှင်ကျောင်းမှာပဲနေမယ်၊ ဘွားဘွားကို လောလောဆယ် အသိမပေးပါနဲ့ဦး၊ ဘွဲ့ထူးဂုဏ်ထူး လေးတွေရမှ ဘွားဘွားကို အသိပေးပါရစေလို့ အတန်တန်ပြောနေတာနဲ့ ခုမှပဲဆရာလေး ဓမ္မာစရိယ စာချတန်းကို ဂုဏ်ထူးနဲ့အောင်လို့ ဘွားဇာဆီပြန်ပြီး လာကန်တော့တာ"

ကျောင်းအမကြီးကျေနပ်အောင် ပြောပေမယ့် သဘောမပေါက်နိုင်ပါ။ သီလရှင်ဖြစ်မှတော့ ဘာစာတွေ သင်ဖို့လိုတော့မှာတုံး။ ဒီရွာမှာတော့ သူတစ်ပါးတည်း ရှိပေမယ့် ရွာနီးချုပ်စပ်က သီလရှင်တွေလည်း ဘာစာမှ သင်တယ်မကြားဖူးပါဘူး။ သားသေလင်ဆုံး ကုန်ရှုံး ကြွေးတင်လိုအင်မရလို့သာ မယ်သီလဖြစ်လာတာကို စာသင်ရတယ်လို့ ကြားဖူးပေါင်။ နားထောင်ကောင်းအောင် လာမပြောနဲ့။

"မယ်တော်ကြီးမြေးလေး စာဝါလိုက်ရတဲ့ သီလရှင်ကျောင်းက ဦးပဋ္ဌင်းစာဝါလိုက်ခဲ့တဲ့ မဟာလယ်တီစာသင်တိုက်ပါပဲ။ အဲဒီမှာ ဓမ္မသာကသီလရှင်စာသင်တိုက် တွဲပြီးရှိနေတယ်။ ဦးပဋ္ဌင်းအောင်ခဲ့တဲ့ ဓမ္မာစရိယစာချတန်းကို မယ်တော်ကြီးမြေးလေးလည်း အောင်လာတာ။ ဦးပဋ္ဌင်းလို ရိုးရိုးအောင်လာတာမဟုတ်ဘူး။ မယ်တော်ကြီးမြေးက ဂုဏ်ထူးတွေနဲ့ ထူးထူး ချွန်ချွန် အောင်လာတာ။ စာအောင်တဲ့ သီလရှင်ဆရာလေးတွေကို သက်ဆိုင်ရာ လူကြီးများက အောင်လက်မှတ်ဆက်ကပ်တဲ့ပုံတွေ၊ ဂုဏ်ပြုတဲ့ ပုံတွေ မယ်တော်ကြီးမြေးလေးက ပြပါလိမ့်မယ်"

သားဦးပဋ္ဌင်း ပြောတဲ့စကားမို့သာ ယုံလိုက်ရသည်။ သားဦးပဋ္ဌင်း အောင်တဲ့ဘွဲ့မျိုး ရလာတာဆိုတော့ ဘုန်းကြီးတွေလို စာပြစာချ လုပ်ရတဲ့ဘွဲ့လို့

ကြားဖူးတာပဲ။ မြေးလေးက အဲဒီလို စာတွေပြန်နိုင်သတဲ့လား။ စာတွေချနိုင် သတဲ့လား။ အဘွားကြီးဘာမှ နားမလည်ဘူးဆိုပြီး ကျေနပ်အောင်ချဲ့ကားပြီး ပြောတာပဲ ဖြစ်နေမလား။

"ဟုတ်ပါတယ် ဘွားဘွားရယ်။ ဆရာလေးက သီလရှင်လေးတွေကို တစ်ဆင့်ပြန်သင်ကြားရင်း ကိုယ်တိုင်ကလည်း စာပေကျမ်းဂန်တွေ ဆက်လက်သင်ယူလေ့လာရဦးမှာပါ။ အခုလာတာက ဘွားဘွားလည်း ဘုရားဖူးရအောင်။ ဆရာလေးတို့ရဲ့ ဓမ္မသက သီလရှင် စာသင်တိုက် နှစ်တစ်ရာပြည့်ပွဲ ကျင်းပတာကိုလည်း ကြုံတွေ့ရအောင် လာခေါ်တာပါ"

"တကယ်ပြောတာလား မြေးလေးရယ်။ သီလရှင်တွေဘုန်းကြီးလို စာသင်ရသတဲ့လား။ စာသင်တိုက် သက်တမ်းတောင် နှစ်တစ်ရာပြည့် ပြီတဲ့လား။ စာတတ်ပေတတ် သီလရှင်တွေကော ရှိရဲ့လား"

"အများကြီးရှိပါတယ်။ ဆရာလေး စာသင်ရတဲ့ စာသင်တိုက်မှာ တိုက်အုပ်ဆရာကြီး ဒေါ်ဓမ္မထေရီ,တို့ ဒေါ်တိက္ခဝတီတို့ဆို မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ထူးတွေ ရပြီးကြပြီ။ စာတတ်ပေတတ် သီလရှင်ဆရာကြီး၊ ဆရာလေးတွေ ဘွားဘွား ဟိုရောက်ရင် မြင်တွေ့ရမှာပါ။ ဆရာလေး လောကီစာတွေမသင်ဘဲ သီလရှင်ဝတ်ရတာကတော့ ဘွားဘွားရဲ့ဘဝခံစားချက်နဲ့ မကွာခြားလှပါဘူး"

"ဘာ မကွာခြားရမှာလဲ။ ဘွားဘွားက သားသေ လင်ဆုံးလို့ ဝတ်ရတာ"

"ဆရာလေးကမယ်တော် ခမည်းတော်တို့ အသေဆိုးနဲ့သေလို့ ဝတ်ရတာ။ လောကခံမုန်တိုင်း ရိုင်းပျတာကို ဘွားဘွားက ကြီးမှခံရတာ။ ဆရာလေးက ငယ်ငယ်လေးကတည်းက ခံရတာ"

မြေးလေးပြောတော့လဲ ဟုတ်နေတာပဲ။ မြေးလေးမှာ သေခါနီး ဘွားအေကြီးပဲ ရှိတော့တာလေ။ အင်း အားကိုးစရာရယ်လို့ ဘယ်မှာရှိလို့လဲ။ ဒါပေမဲ့ ဘွားဘွားကိုယ်တိုင် အေးရိပ်ခိုနေတဲ့ ဘုရားရိပ်, တရားရိပ်, ဘာဝနာရိပ်က ချမ်းမြေ့လုံခြုံတာကို သိနေတာပဲ။ အဲဒီအရိပ်ထက် အေးမြတာ လုံခြုံတာ ဘာရှိသေးလို့လဲ။ ကိုယ့်မြေးလေးကို လောကီ လောကလူ့ဘဝမှာ ပျော်ပျော်ကြီးနေပြီး ပွဲလယ်တင့်တယ်စေချင်တာ မှားနေပါပကောလား။ လူ့လောကီလူမှုဘဝထဲ တိုးဝင်မယ်ဆိုရင် ပူပန်စရာတွေချည်းပါလား။ စောင့်ရှောက်မယ့်သူ မရှိတဲ့ မြေးလေးအဖို့ တစ်ကိုယ်ရေ တစ်ကာယမှာကော ဘယ်သူ့ကိုယုံလို့ ပုံရမှာတဲ့လဲ။ လင်ကောင်းသားကောင်း ရဖို့ကော၊ သားကောင်း သမီးကောင်းမွေးဖို့ကော သပွတ်အူလို ရှုပ်ထွေးနေတဲ့ လောကကြီးထဲ မြေးလေးအတွက် ရောက်မယ့်သောက ကြောင့်ကြရမယ့် ပူပန်မှုတွေ ခုတော့ မရှိနိုင်တော့ပါဘူး။ ဘုရားသာသနာရဲ့ အရိပ်ကို ခိုမှတော့ သောကရောက်စရာ ကြောင့်ကြစရာ ဘာမှမရှိတော့ပါဘူးလေ။



"ဒီမှာ တစ်ပတ်လောက်ပဲနေနိုင်မှာ။ ဟိုမှာ စာသင်လက်စတွေ ပစ်ပြီးလာခဲ့ရတာ၊ ဘွားဘွား လိုက်ဖို့ ပြင်တော့"

"မြေးလေးနဲ့တော့ နေချင်ပါတယ်။ သီလရှင်ချင်းတူပေမယ့် ဘွားဘွားက စာမတတ် ပေမတတ် မျက်စိလည်းမှုန် လက်ကလည်းတုန်၊ ခါးလည်းကိုင်း နားလည်းထိုင်း၊ သေမကြာ နေမကြာ၊ ဇရာအို ဖွား သီလအတွက် မြေးလေးဝန်တာ မလေးစေချင်ပါဘူး။ မြေးလေးက ဖြူစင်ရှင်းသန့်တဲ့ ပဝါဖြူလေး, ဘွားဘွားက လောကီ လူ့ဘောင်မှာအနေကြာခဲ့တော့ ချေးညှော်အထပ်ထပ်နဲ့ ညစ်ပတ်နေတဲ့ လက်နှီးစုတ်ပါ။ သီလရှင်ဘဝချင်းတူပေမယ့် လောကီဘောင်မှာ အနေကြာခဲ့တော့ ခံစားချက်ချင်းမတူ ခံစားချက် ချင်းကွဲလွဲ

နေတာပါ၊ သားဦးပဥ္စင်းရဲ့ ကျောင်း ပတ်ဝန်းကျင်မှာ နေတာလည်းကြာတော့ ဘယ်မှခွဲ မသွားချင်တော့ဘူး"

"မဟုတ်ဘူး ဘွားဘွား၊ အမြဲနေရမယ်လို့ မဆိုပါဘူး၊ ဟိုမှာ ပျော်သလောက်နေဖို့ပါ"

"မြေးလေးကို စိတ်ချသွားပါပြီ၊ မြေးလေး စာသင်စာချ ပရိယတ္တိအလုပ်၊ ဘာဝနာတရား အားထုတ်ရတဲ့ ပဋိပတ္တိအလုပ်ကို စိတ်ဖြောင့် လက်ဖြောင့်လုပ်နိုင်အောင် ဖွားဖွား မလိုက်ပါရစေနဲ့တော့၊ မြေးလေးရဲ့ ဖိုးဖိုးခေါင်းချတဲ့ ရွာမှာပဲနေပါရစေ၊ သေပါရစေတော့"



မြေးလေးနှင့်ခွဲရရင်တော့ လွမ်းနေရမှာပါ။ ကိုယ့်မြေးလေးနှင့် အတူနေချင်ပါတယ်။ ဒါပေမဲ့ ကိုယ်က သေမထူးနေမထူးပါ။ ကိုယ်ကြောင့် ဝန်လေးရမှာမျိုးတော့ မဖြစ်စေချင်ပါဘူး။ ဒါကြောင့် ခပ်လှမ်းလှမ်းကဆွေးပြီး ခပ်ဝေးဝေးက လွမ်းနေပါရစေ။ လက်နှီးစုတ် မင်ရည်စွန်းတာ လောက်တော့ ထူးပြီးတော့ မညစ်နွမ်းနိုင် သလို၊ ထူးပြီးတော့လည်း လွမ်းနိုင်မယ် မထင်တော့ပါဘူး။ အလွမ်းဆင့် ကဲလွမ်းတဲ့ပွဲ တွေနဲ့တစ်ဘဝလုံးလိုလို လွမ်းခဲ့ရပြီးပြီပဲကွယ်။

ဖြိမ့်သဲ

* * * * * *

**လယ်တီအရှင်ကေလာသ–၏**
**နီတိမှတ်တမ်းလွှာ–မှ**

**နှိုင်းချိန်ကြည့်ရန် ဤလေးတန်**

ဇလပ္ပမာဏံ ကုမုဒနာဠံ၊
ကုလပ္ပမာဏံ ဝိနယောပခာနံ။
ဗျတ္တိပ္ပမာဏံ ကထိတဝါကျံ၊
ပထဝိပ္ပမာဏံ တိဏာမိလာတံ။

**အဓိပ္ပာယ် အနှစ်ချုပ်**

*  ရေတိမ်နက်ကို၊
   သိကြလို၊
   ရှည်တို ကြာရိုးကြည့်။

*  အမျိုးယုတ်မြတ်၊
   သိလိုလတ်၊
   နှစ်ရပ် ကိုယ်နှုတ် မူရာကြည့်။

*  ပညာရှိ မရှိ၊
   သိလိုဘိ၊
   ဆိုသည့် စကားကြည့်။

*  မြေ၏ကောင်းဆိုး၊
   မြင်သိရိုး၊
   မြက်ညှိုး မညှိုးကြည့်။

------------

၁၃၇၂-ခု-တပို့တွဲလ၊ ယနေ့သည်ကား- စာရေးသူတို့ရဲ့ ဓမ္မသကစာသင်တိုက်ကြီး ရာပြည့်ပွဲသို့ တိုင်ခဲ့ပြီ--- ရာပြည့်မှသည် နှစ်ပေါင်း ကြာအောင် သာသနာတော်ရဲ့ ဝန်ဆောင်များ၊ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများ သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့အောင် ဆောင်ရွက်နိုင်ကြပါစေ ရည်သန်၍ ဆရာတော်ကြီးများ၏ ဩဝါဒကထာ များမှ ထုတ်နုတ်၍ မွေ့လျော်ဖွယ်ရာ ဓမ္မသက တိုက်မဟာ ခေါင်းစဉ်ဖြင့် အသိဉာဏ် ဖြန့်ဝေပါရစေ။

စာရေးသူတို့ ဓမ္မသကတိုက်မှာ စာချ ဆရာကြီး ဆရာလေးများရှိနေပြီး စာဝါများပို့ချ သင်ကြားပေး၍လည်းကောင်း၊ နေထိုင်စရာ ကျောင်းတိုက်များနှင့် နှစ်စဉ်သီလရှင် ဝတ်စုံစသော လိုအပ်ရာများကို ကြည့်ရှုပြီး လှူဒါန်းကြ၍ လည်းကောင်း အားလုံးအစစအရာရာ ပြည့်စုံနေတဲ့ စာရေးသူတို့ ကျောင်းတိုက်ကြီးသည် စာချ၊ စာသင်၊ သာသနာ့နွယ်ဝင် ဆရာကြီး၊ဆရာလေး များအတွက် ရမဏီယ = အလွန်မွေ့လျော်ဖွယ် ကောင်းလှ၍ အေးချမ်းဆိတ်ငြိမ် ပျော်မွေ့ဖွယ်ရာ ဓမ္မသက တိုက်မဟာဟူ၍ ဆိုချင်ပါသည်။

စာရေးသူသည် ဆရာကြီး၊ ဆရာလေး များထံမှ ဘာမှမမျှော်လင့်ပါဘူး။

သို့ပေမယ့် အခါတစ်ပါး ဘုရားရှင်ကိုယ် တော်မြတ်ကြီး ဂေါသိင် အင်ကြင်းတော၌ တပည့် သာဝကများဖြစ်ကြသော အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ၊

# မွေ့လျော်ဖွယ်ရာ ဓမ္မသကတိုက်မဟာ



ဒေါ်သုမာလာ
(စာချဆရာ)

အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင်အာနန္ဒာ တို့နှင့်လည်းကောင်း တခြားတခြား အလွန်ထင်ရှား ကျော်ကြားသော တပည့်များတို့နှင့် လည်းကောင်း သီတင်းသုံး နေထိုင်တော်မူ၏။

ထိုအခါ၌ အရှင်သာရိပုတ္တရာသည် ရှေးဦးစွာ အရှင်အာနန္ဒာ မထေရ်မြတ်ကို မေးတော်မူ၏။ "ငါ့ရှင် အာနန္ဒာ"၊ ဂေါသိင် အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏။ ဆီးနှင်းမြူတိမ် သူရိန် မီးခိုး ညစ်မျိုးငါးအင် ကင်းစင်သော ညဥ့်သည် သန့်ရှင်းကြည်လင်၏။ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏။ နတ်တို့၏ ပန်းရနံ့နှင့်တူသော ပန်းနံ့သာတို့ဖြင့် သင်းပျံ့မွှေးကြိုင်ကုန်၏။ အဘယ် ရဟန်းမျိုးတို့ဖြင့် ဂေါသိင် အင်ကြင်းတောကို တင့်တယ်စေနိုင်ပါမည်နည်း" ဟု မေးတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာက နိကာယ်ငါးရပ် ပိဋကတ် ဗဟုသုတနှင့် ပြည့်စုံသော ရဟန်းတို့ဖြင့် ဂေါသိင်အင်ကြင်းတောကို တင့်တယ်စေနိုင်ပါ၏ဟု ဖြေဆိုတော်မူ၏။

ထို့နောက်တစ်ဖန် အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် (နှစ်ကြိမ်မြောက်) အရှင် ရေဝတကို အရှင်အာနန္ဒာအား မေးမြန်းသကဲ့သို့ မေးမြန်း တော်မူပြန်၏။ ထိုအခါ အရှင်ရေဝတက ဈာန်နှင့် ပြည့်စုံပြီး ဝိပဿနာအလုပ်ကို အားထုတ်သောပုဂ္ဂိုလ် တို့ဖြင့်ဂေါသိင် အင်ကြင်းတောကို တင့်တယ်စေနိုင် ပါ၏ဟုဖြေဆိုတော်မူ၏။

နောက်ထပ်တစ်ဖန် အရှင်သာရိ ပုတ္တရာ မထေရ်မြတ်ကြီးသည် (တတိယမြောက်) အရှင်အနုရုဒ္ဓါကို အရှင်အာနန္ဒာအား မေးမြန်း သကဲ့သို့ မေးမြန်းတော်မူ ပြန်၏။ ထိုအခါ အရှင်အနုရုဒ္ဓါက ဒိဗ္ဗစက္ခု အဘိညာဉ်နှင့် ပြည့်စုံသော ရဟန်းတို့ဖြင့် ဂေါသိင် အင်ကြင်းတောကို တင့်တယ် စေနိုင်ပါ၏ဟု ဖြေဆိုတော်မူ၏။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် (လေးကြိမ်မြောက်) အရှင်မဟာကဿပကို အရှင်အာနန္ဒာအား မေးမြန်းသကဲ့သို့ မေးမြန်း တော်မူပြန်၏။ ထိုအခါ အရှင်မဟာကဿပသည် ဓုတင်အကျင့်နှင့် ပြည့်စုံသော ရဟန်းတို့ဖြင့် ဂေါသိင် အင်ကြင်းတောကို တင့်တယ်စေနိုင်ပါ၏ဟုဖြေဆိုတော် မူ၏။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် (ငါးကြိမ်မြောက်) အရှင်မောဂ္ဂလာန် မထေရ်မြတ် ကြီးကို မေးမြန်းတော်မူပြန်၏။ ထိုအခါ အရှင် မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည် အဘိ ဓမ္မာကို သင်အံပို့ချသော အာဘိဓမ္မိက ရဟန်းတို့ဖြင့် ဂေါသိင် အင်ကြင်းတောကို တင့်တယ်စေနိုင်ပါ၏ဟု ဖြေဆိုတော်မူ၏။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ် ကြီးသည် မိမိ၏ဉာဏ်အမြင်ကို ဖြေဆိုပြီးနောက် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ပြန်၍ မေးမြန်းတော်မူပြန်၏။ "ငါ့ရှင် သာရိပုတ္တရာ ဂေါသိင် အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏။ ဆီးနှင်း မြူတိမ် သူရိန် မီးခိုး ညစ်မျိုးငါးအင် ကင်းစင် သောညဥ့်သည် သန့်ရှင်းကြည်လင်၏။ အင်ကြင်းပင် တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏။ နတ်တို့၏ ပန်းရနံ့ နှင့်တူသော ပန်းနံ့သာတို့ဖြင့် သင်းပျံ့မွှေးကြိုင်ကုန်၏။ အဘယ်ရဟန်းမျိုး တို့ဖြင့် ဂေါသိင် အင်ကြင်းတောကို တင့်တယ် စေနိုင်ပါမည်နည်း" ဟု မေးတော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ် ကြီးသည် ရဟန်းဟူသည် စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေရမည်။ စိတ်အလိုအတိုင်း မဖြစ် စေရ၊ ထိုသို့ စိတ်အလိုမလိုက်သော ရဟန်းတို့ဖြင့် ဂေါသိင်အင်ကြင်း တောကို တင့်တယ်စေနိုင် ပါ၏ဟု ဖြေဆိုတော်မူ၏။

ရှင်သာရိပုတ္တရာ စသော ရဟန်းတော်ခြောက်ပါးတို့သည် မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးထံ ကြွရောက်ကြပြီး မိမိတို့ ဉာဏ်အမြင်များကို လျှောက်ထားကြပြီးနောက် အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား အဘယ်ပုဂ္ဂိုလ်၏





အဖြေသည် သုဘာသိတ ဖြစ်ပါသနည်းဟု လျှောက်ထားရာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "သာရိပုတ္တရာ-သင်တို့၏ အဖြေအားလုံးသည် သုဘာသိတ ဖြစ်ကြသည်" ဟု မိန့်ကြားတော်မူ၏။

ထို့နောက် ဘုရားရှင် ကိုယ်တော်မြတ်ကြီး က သာရိပုတ္တရာစသော ရဟန်းတော်တို့အား "ချစ်သားတို့၊ ငါ၏စကားကိုလဲ နားထောင်ကြပါဦး 'ပလ္လင်္ကံ အာဘုဇိတွာ-တင်ပျဉ်ခွေ၊ ဥဇုံ ကာယံ ပဏိဓာယ-အထက်ကိုယ်ကို ဖြောင့်မတ်စွာထား၊ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ-သတိကို ရှေးရှု ဖြစ်စေပြီး ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါ တရားတို့မှ မလွတ်မြောက်သေးသမျှ ကာလပတ်လုံး ငါသည် တင်ပျဉ်ခွေခြင်းကိုမဖျက်အံ့၊ (တစ်နည်း) အရဟတ္တဖိုလ်သို့ မရောက်သေးသမျှ ကာလပတ်လုံး နေရာမှ မထပါအံ့ဟု သမ္မပ္ပဓာန် ဝီရိယ ပြဋ္ဌာန်းကာ အားထုတ်သော ရဟန်းတို့ဖြင့် ဂေါသိင်္ဂ အင်ကြင်းတောကို တင့်တယ်စေနိုင်၏"ဟု မိန့်မြွက်တော်မူ၏။ ဂေါသိင်္ဂ အင်ကြင်းတောက ရမဏီယ မွှေ့လျော်ဖွယ်ကောင်းပါသည်။ ထိုဂေါသိင်္ဂ အင်ကြင်းတောကိုမှီ၍ နေထိုင်ကြကုန်သော အရှင်သာရိပုတ္တရာ စသည့် နောင်တော် ကြီးများ (အစ်ကိုကြီးများ) ဖြစ်ကြသော ရဟန်းတော်တို့သည် အဘယ်ရဟန်းမျိုးဖြင့် ဂေါသိင်္ဂ အင်ကြင်းတောကို တင့်တယ်စေနိုင်ပါမည်နည်းဟု ရှုဆင်ခြင်ကာ ဆောင်ရွက်တော်မူကြသကဲ့သို့-

စာရေးသူတို့ မဟာလယ်တီ ဓမ္မသက စာသင်တိုက်ကြီးကိုမှီ၍ နေထိုင်ကြကုန်သော ဆရာကြီး၊ ဆရာလေးတို့ကလည်း - "ငါတို့သည် အဘယ်သို့သော ကျင့်ကြံအားထုတ်မှုမျိုးဖြင့် ဓမ္မသကတိုက်ကြီးကို တင့်တယ်စေနိုင်ပါမည်နည်း" ဟုရှုဆင်ခြင်ကြလျက်-

တစ်နည်းအားဖြင့် သာသနာနွယ်ဝင် သီလရှင်မှန်လျှင် "မူရနှစ်ပြင်- အလုပ်ခွင်၊ နေ့စဉ် မှန်မှ သီလရှင်ပ" ဆိုသည့် စကားအတိုင်း ဂန္ထဓုရ ပရိယတ်စာပေတို့ကို ကြိုးစားအားထုတ်ခြင်း-ဝိပဿ နာဓုရ-သမထဘာဝနာ ဝိပဿနာ ဘာဝနာတို့ကို ကြိုးစားအားထုတ်ခြင်းဆိုတဲ့ ကျင့်ကြံမှုတို့ဖြင့် ဓမ္မသကတိုက်ကြီးကို တင့်တယ်စေပါမည်ဟု ရှုဆင်ခြင်ကြလျက် ကျောင်းတိုက်ကြီး၏ စည်းကမ်းများနှင့်အညီ နေထိုင်ကြပြီး ဓမ္မသကတိုက်ကြီးကို တင့်တယ်စည်ကား ကြီးပွားတိုးတက်အောင် ဆောင်ရွက်ကြပါရန်-

"တစ်နည်းအားဖြင့်-
အို မျိုးဆက်သစ်အပေါင်း ဆရာကောင်း တို့-
ဗုဒ္ဓမြတ်စွာလောင်းလျာတုန်းက
နောက် ဆုံး အထိပါရမီ
လူနတ်များစွာ ချမ်းသာရေးမို့
အသက် ပေးလို့ ဖြည့်ခဲ့သည်
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့
ငါပါ အသက်ဆုံးစေမည်။
(အမျိုးဘာသာသနာ အတွက်တော့
ငါပါ အသက်ဆုံးစေမည်)။
နောက်မဆုတ်ပေါင် ခုလိုတွေးလို့
ကုသိုလ် ရေးမို့ ကြိုးစားမည်" ဟူသော

မဟာဂန္ဓာရုံဆရာတော်ကြီး၏ ဘာသာရေး၊ သာသနာရေး အမိဋ္ဌာန်ချက်ကို ကိုယ်စီ-ကိုယ်ငှ နှလုံးသား၌ ကိန်းကြပါစေ။ စိတ်၌ဆောင်ထားနိုင်ကြပါစေဆိုတဲ့ ဆန္ဒကို "မျှော်လင့်ခြင်းဖြင့်" တိုက်တွန်းလျက် နိဂုံးချုပ်အဆုံးသတ်ပါတယ်။

**ဒေါ်သုမာလာ (စာချဆရာ)**



# ညွန့်လှိုင်ချစ် (ဘုတလင်)

## ရွှေကြာမလှုပ်
## ငှက်အုပ်မပျံတော့ပါ

(၁)

အေးချမ်းလှသည့် နံနက်ခင်းကလေးတစ်ခု။

မြကန်သာသည် ကြာဖြူ၊ ကြာနီ၊ ကြာပြာ တို့နှင့် လှပတင့်တယ်လျက်ရှိ၏။ ရေပြင်မှာ အေးမြကြည်လင်၍ လေပြည်နုတွင် ငြိမ်ချက်သား ကောင်းနေသည်။ လန်းဆတ် နုပျိုသန့်ရှင်းသော လေညင်းသည် ညင်သာစွာ တိုက်ခတ်လျက် ရှိသည်၊ ကောင်းကင်ဝယ် မြူတိမ်သလာတို့ ကင်းစင်ကာ လင်းလက်တောက်ပနေသည်။ အတော်အတန် ကျယ်ဝန်းသော မြကန်၏ တစ်ဖက်ကမ်းတွင် သစ်ပင်စိမ်းစိမ်းပေါ်ရှိ ဗျိုင်း တစ်အုပ်က ငြိမ်သက်စွာ နားခိုနေကြသည်။ အဝေးတစ်နေရာမှ ချိုးငှက်ကူသံက ဆိတ်ငြိမ်သော ပတ်ဝန်းကျင်ဝယ် သာယာမှုကို ဖြည့်စွက် ပေးနေသည်။

ထိုသို့ရှိစဉ် ရုတ်တရက် ဆိုသလိုပင် ကန်ရေပြင်ဝယ် လှိုင်းဂယက်ကလေးများ ပြက်ခနဲ ထသွားသည်။ ဖြူ,နီ,ပြာကြာပန်းပွင့်ကလေးများ ရမ်းခါသွားသည် ထနောင်းပင်ထက်မှ ငှက်တစ်အုပ် က လန့်ဖျပ်ပျံထွက်ပြေးကြသည်။ ထနောင်းပင်ရိပ်ဝယ် စာအုပ်တစ်အုပ်နှင့် စိတ်ဘလောင်ဆူနေသော ဆရာလေး ဒေါ်ခေမာသီရိက ကန်ရေပြင်သို့ ခဲတစ်လုံး ပစ်ချလိုက် သည်ကိုး။

"ဒီတစ်ခါ ပထမကြီးတန်းစာမေးပွဲတော့ ငါဘယ်လိုမှအောင်မှာ မဟုတ်တော့ဘူး။ စာတွေ ကို ရအောင်ကျက်လို့ မရတော့ဘူး။ စာမေးပွဲက (၂)လလောက်ပဲ လိုတော့တယ်။ ဘာဖြစ်လို့ ဒီ သမုဒယတွေ ငါ့စိတ်မှာ ဝင်နေရသလဲ။ ဟာ ဒုက္ခပါပဲ"

ဆရာလေး ဒေါ်ခေမာသီရိ စာအုပ်ကို ပိုက်လျက် စိတ်ပျက်လေးတွဲ့စွာ ကျောင်းဆီသို့ လျှောက်သွားသည်။ လှပလွန်းသော သဘာဝ ပတ်ဝန်းကျင်သည်၊ ဆရာလေး ဒေါ်ခေမာသီရိ အတွက် အကျည်းတန်နေသည်ထင့်။

(၂)

ကျောင်းသို့ မိခင်ကြီးရောက်လာကထဲက ဆရာလေး၏ တည်ငြိမ်အေးချမ်းနေသော ရင်သည် ဘလောင်ဆူခဲ့ရသည်၊ သောကဗျာပါရ တို့နှင့် ဂယက်ထခဲ့ရသည်။ လောကခံ၏ ရိုက်ချက်ကို ဆရာလေးဒေါ်ခေမာသီရိ ခံနိုင်စွမ်း မရှိသေး။ လောကုတ္တရာ စာများနှင့် နပန်းလုံးခဲ့ ရသဖြင့် ပဋိပတ္တိဘက်တွင် အားနည်းခဲ့ရသည်။ ထိုက်သင့်သည် သမာဓိကိုပင် မရနိုင်ခဲ့။ မိမိ၏ အဖြစ်အတွက် လယ်တီဆရာတော်ကြီးနှင့် တိုက်အုပ်တိုက်ကြပ် ဆရာကြီး၏ မေတ္တာတော် တို့ကို တိုးလျှိုးတောင်းပန် ဝန်ခံဦးချရုံမှတစ်ပါး အခြားမရှိတော့ပါပြီ။

"ဒကာမကြီး ဘာကိစ္စရှိလို့ လာတာလဲ"

ဆရာလေးဒေါ်ခေမာသီရိ၏ မေးခွန်းသည် ဒေါ်ခင်၏ရင်ကိုများစွာ တုန်လှုပ် သွားစေခဲ့သည်။

"မေးရက်လိုက်တာ သမီးရယ်။ ခုလာ တဲ့သူက သမီးကိုမွေးထုတ်လိုက်တဲ့ အမေအရင်း ခေါက်ခေါက်ပါ။ အမေ့ဒုက္ခတွေကို သမီး ဥပေက္ခာ ပြုခဲ့လို့ အမေဟာ လင်ဆိုးမယား တဖါးဖါး ဖြစ်ခဲ့ရတာ ပါ။ သမီးရဲ့ မောင်လေးနဲ့ ညီမလေးတွေလဲ မဝတ်ရ မစားရ၊ ဖခင်အမူးသမားရဲ့ အနှိပ်စက်ကို ခံနေရ ရှာတယ်သမီး"

စိတ်မကောင်းစွာ ခံစားလိုက်ရသော် လည်း၊ ဆရာလေးက စိတ်ကိုထိန်းကာ ဣန္ဒြေမပျက် ပြန်ပြော လိုက်သည်။

"ဒကာမကြီး ဒကာမကြီးရဲ့ ဒုက္ခတွေကို လာပြီးမျှဝေမပေးပါနဲ့။ ဒကာမကြီးပြုတဲ့အမှုကို ဒကာမကြီးပဲ ခံယူပါ။ 'ဘယ်သူ မပြု မိမိမှု' ဆိုတဲ့ စကား ရှိသားပဲ။ မိမိပြုတဲ့ကံကို မိမိပဲ ခံယူပါ။ တရားရိပ်မှာ ငြိမ်းအေးမှုရှာနေတဲ့သူကို အပူမျှ မပေးလာပါနဲ့။

ပြောပြောဆိုဆို ဒေါ်ခေမာသီရိ ကျောင်း ပေါ်သို့ တက်သွားသည်။ ကျောပေးသွား သည်ဖြစ်၍ ဆရာလေး၏ သမုဒယမျက်ရည်ကို မိခင်ကြီး မြင်ခွင့် မရရှာပါ။ အနီးရှိ ဆရာလေးများက ချော့မော့ နှစ်သိမ့်ကာ ဒေါ်ခင်ကိုပြန်၍ လွှတ်လိုက်ကြသည်။

ဆရာလေးဒေါ်ခေမာသီရိ စိတ်ကို တည်ငြိမ်စေခြင်းငှာ တရားမှတ်သည်။ မရ။ မိခင်ကြီးအား ဖထွေးက နေ့စဉ်မူးရူးနှိပ်စက်နေပုံ များကိုသာ မြင်နေရသည်။ စားရမဲ့သောက်ရမဲ့နှင့် ရရှိထားသောကလေးများကို မြင်ယောင်၍ သနားကရုဏာ ပွားရသည်၊ ပူလောင်သောရင်ကို ဆရာလေး၏ တရားရေအေးသည် မငြိမ်းသတ်နိုင်သေး။

ဆရာလေးဒေါ်ခေမာသီရိ တစ်ညလုံး စာကျက်မရခဲ့။ မနက်စောစော ဘုရားဝတ်ပြု အပြီး မြကန်သာဘက်သို့ စာကျက်ရန် ထွက်လာခဲ့ခြင်းဖြစ်သည်။ ပူလောင်သောရင်သည် စာကျက်၍ လုံးဝမရနိုင်ခဲ့၊ ဖြေရမည်က ပထမကြီးတန်း။

ဒေါ်ခေမာသီရိ သက်ပြင်းချရုံမှတစ်ပါး ဘာမျှမတတ်သာတော့ပါ။

(၃)

“အမေ အမေ့ကို သမီးလုပ်ကျွေးပါ့မယ်။ သမီးစျေးရောင်းတတ်ပါတယ်။ ဒီလူကြီးဟာ အရက်သမားကြီးမှန်းသိရက်နဲ့ အမေယူမယ် ပြောတာ သမီးအံ့သြလို့ မဆုံးဘူး”

ဦးဘရီဆုံးပြီး တစ်နှစ်ပင် မပြည့်သေး။ ဒေါ်ခင်က အိမ်ထောင်ပြုစကားပြောလာသည်။ အမေတစ်ခု သမီးတစ်ခု အေးချမ်းစွာ လုပ်ကိုင်စားရသည်မှာ အဆင်ပြေနေသည်။ ခုတော့ ဒေါ်ခင် တစ်ယောက် ဗွေဖောက်ပြီထင်ပါ၏။ ပြော၍ဆို၍မှု မကြာသေး အရက်သမားကြီးဦးထွန်း အိမ်ပေါ် သို့ရောက်လာသည်။

မပန်းနု လူလားမြောက်၍ အပျိုဖော်ဝင်လာတော့ ဒေါ်ခင် ကလေးနှစ်ယောက်မွေးသည်။ စျေးရောင်းရသမျှကို ဦးထွန်းအတွက် အရက်ဖိုးနှင့်ခဲ့ဖိုး ဒေါ်ခင်ကပေးရသည်။ ကလေးတွေကို ဝအောင်မကျွေးနိုင်တော့၊ ဒေါ်ခင်ခမျာ မကြာခဏ ငိုပွဲဆင်ရသည်။ မပန်းနုစျေးရောင်း ရသမျှ ကို မိခင်ကြီးအားအပ်သည်၊ ဘာမျှ အဖတ်မတင်။ မပန်းနုထင်းခွေဖက်၊ ရေခပ်ဖက် သူငယ်ချင်း ခင်သန်းနွယ်ကပင် သူတို့ မိသားစုအတွက် စိတ်မကောင်းဖြစ်ရသည်။ ဦးထွန်းက မူး၍ ဆူပူနှိပ်စက်တိုင်း မပန်းနုက ခင်သန်းနွယ်တို့ အိမ်ဘက်သို့ ပြေးရစမြဲပင်။

“နင် ဒီလိုနေနေမယ့်အစား အိမ်ထောင်ပြုလိုက်ဟာ။ ဒါမှအေးမှာ”

“ဟာ မဖြစ်ပါဘူးကွာ။ တစ်နေ့နေ့မှာ ငါ့အဒေါ် ဒေါ်ဓမ္မစာရီကျောင်းမှာ သီလရှင်ဝတ်မယ်လို့ ငါစိတ်ကူးထားပါတယ်”

လူ့လောက၏ ဒုက္ခသောကတို့ကို မပန်းနု ခံနိုင်စွမ်းမရှိတော့။ ရတနာမြတ်သုံးပါးမှတစ်ပါး ကိုးကွယ်ရာမရှိ။ ထိုကြောင့် အေးငြိမ်းချမ်းသာရာ ဘုရားရိပ်ကျောင်းရိပ်သို့ မပန်းနုပြေးခဲ့သည်၊ အဒေါ်ဖြစ်သူ ဒေါ်ဓမ္မစာရီ၏ ခြေတော်ရင်းဝယ် လောကုတ္တရာ စာပေများကို လေ့လာကျက်မှတ်ရင်း ချမ်းမြေ့စွာနေထိုင်လျက်ရှိသည်။ ဆရာလေး ဒေါ်ခေမာသီရိဘဝနှင့် အနယ်ထိုင်ကာ ပထမကြီးတန်းဖြေရန် အဆင့်သို့ပင် ရောက်ရှိနေပြီ ဖြစ်ပါသည်။

တစ်ခါတစ်ရံ မိခင်ကြီး၏အကြောင်းကို တွေးမိတိုင်း စိတ်မကောင်းဖြစ်ရပြန်သည်။ ဝဋ်ဘဝ တိုတိုတွင် လူတိုင်းလူတိုင်းသည် မိမိတို့ ဖောက်သည့် လမ်းကိုသာ လျှောက်လှမ်းရမည်ဖြစ်၍ မိမိပြုသမျှကံ မိမိကိုယ်တိုင်ခံရုံမှ တစ်ပါး အခြားမရှိဟု ဖြေကာ မေ့ဖျောက်ပြစ်ရသည်။



သူငယ်ချင်းခင်သန်းနွယ် အိမ်ထောင်ကျသွားသည်။ သူလည်း အစစအဆင်မပြေ လှကြောင်း ခင်သန်းနွယ်ကိုယ်တိုင် ပြောပြ၍ ဆရာလေး ဒေါ်ခေမာသီရိ သိရသည်။

"ခင်သန်းနွယ်ရယ် မင်းသဘောမင်း ဆောင်ခဲ့ပြီပဲ၊ ဖြစ်သမျှအကြောင်း အကောင်းချည်း မှတ်ပါကွယ်။ မင်းတို့ ဒုက္ခတွေကို ဆရာလေးဆီ သယ်မလာကြပါနဲ့တော့။ ပြန်ပြန် ဆရာလေး ဘုရားဝတ်ပြုချိန်ရောက်နေပြီ"

ရှိသမျှသမုဒယကို ဆရာလေး ဒေါ်ခေမာသီရိသည် အပြီးတိုင် ဖြတ်တောက်နေပြီ ထင်ပါ၏။

(၄)

အားလုံးကိုမေ့ဖျောက်၍ ပရိယတ်၊ ပဋိပတ်တို့ကို တိုက်အုပ်တိုက်ကြပ် ဆရာကြီးများ၏ ဩဝါဒကိုခံယူကာ အခြားသီလရှင် ဆရာလေးများနှင့်အတူ စိတ်ဓာတ်ထက်သန်၍ သွက်လက်ဖြတ်လတ်စွာ ကြိုးစားအားထုတ်ခဲ့သည်။

ဆရာလေးဒေါ်ခေမာသီရိ စိတ်အနည်ထိုင်ချိန်တွင် မိခင်ကြီး လာရောက်မွေ့နှောက်တတ်သဖြင့် မကြာခဏ သောကဘလောင်ဆူခဲ့ရရှာသည်။ သို့သော်---လယ်တီဆရာတော်ဘုရားကြီး၏ တရားတော်များ ဆရာကြီးများ၏ ဩဝါဒများကို အလေးအမြတ်ခံယူကာ ငြိမ်းအေးမှုကို ရှာကြံနိုင်ခဲ့ပြီဖြစ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီး ဗုဒ္ဓဂါယာမှ ပြန်လည်ကြွရောက်တော်မူပြီး တွံတေး ဒလ တောကြီးတန်း ဆပဂံတောရတွင် တရားများ အပြင်းအထန် အားထုတ်တော်မူသည်။ သက္ကရာဇ် ၁၂၅၈-ခုနှစ်တွင် တရားထူးကိုရရှိကာ--

"သာသနာနောက်ဖျား၊
ပေါက်ဖွားကြဆူဆူ၊
ယောက်ျားပဲ့ ငါလိုလူ၊
ဇမ္ဗူမှာ ရှာစမ်း--"

ဟုကြွေးကြော်တော်မူခဲ့ကြောင်း ဆရာလေးဖတ်ဖူးမှတ်ဖူးသည်၊ ဆရာတော်ဘုရားကြီးကဲ့သို့ အထွတ်အထိပ်သို့ ရောက်ရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆရာလေး ဒေါ်ခေမာသီရိ သဒ္ဒါထက်စွာ ကြိုးစားအားထုတ်တော့သည်။

"သတိမြဲရာ၊ ပထမာ၊ ဒုမှာ ရှည်တိုသိ၊
လုံးစုံလင်းရာ၊ တ,၌သာ၊ စမှာ ငြိမ်းစေဘိ "

"ဝင်လေထိ၊ ထွက်လေထိ၊ ထိတိုင်း ထိတိုင်းသိ"စသည့် ဆရာတော်ဘုရားကြီး၏ ကျင့်စဉ်တော်များအတိုင်း ကျင့်ကြံအားထုတ်ခဲ့ရာ ငြိမ်းအေးမှုကို အတော်အတန်ရရှိနေပြီ ဖြစ်ပါသည်။

ထို့ပြင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်တွင် ဗုဒ္ဓရှင်တော် သီတင်းသုံးနေတော်မူစဉ် ရဟန်းငယ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သော--

"အဝေးသို့သွားတတ်သော၊ တစ်ခုတည်း ကျက်စားတတ်သော၊ အကောင်အထည် မရှိသော၊ ဟဒယဝတ္ထုတည်းဟူသည့် လိုဏ်ဂူ၌ နေသောစိတ်ကို အကြင်သူသည် စောင့်စည်း ကြကုန်၏။ ထိုသူတို့သည် မာရ်မင်း၏အနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်၏" ဟူသော သံဃရက္ခိတတူ၏ဝတ္ထု (ဓမ္မပဒ၊ စိတ္တဝဂ်)လာ တရားတော်ကို ဆရာလေးစွဲမြဲစွာ မှတ်ယူထားသည်။ တည်ငြိမ်သော သမာဓိက ဆရာလေး၏စူးစိုက်မှုအာရုံကိုဖြစ်စေကာ ဖြေဆိုရတော့မည် ပထမကြီးတန်းကို ဆရာလေး ဒေါ်ခေမာသီရိသည် ဇေကန်ဖြေဆိုနိုင်ပေတော့မည်။

(၅)

ဆရာလေးဒေါ်ခေမာသီရိ တရားရှုမှတ်ရာ မှဖြည်းညင်းစွာထသည်၊ မျက်လွှာကို ချလျက် မြကန်သာဘက်ဆီသို့ သတိကပ်စွာ လျှောက်လှမ်းလာသည်။ ညင်သာပျော့ပျောင်းသော ခြေလှမ်းများ၊ တည်ကြည်သည့်လှုပ်ရှားမှု၊ ငြိမ်းချမ်းသာသော သမာဓိတို့နှင့် ကန်ပေါင်ပေါ်ရှိ ထနောင်းပင်ရိပ်တွင် ရပ်လိုက်သည်။

ဆရာလေးဒေါ်ခေမာသီရိ၏ ဆွတ်ပျံ့ဖွယ်သီလ၊ သမာဓိတို့ကြောင့်ထင် ပါသည်။ မြကန်သာသည် ပကတိ ငြိမ်သက်လျက်သာ ရှိပါ၏။

ထိုအခါ ---။

ညွန့်လှိုင်ချစ်(ဘုတလင်)

# ကိုလွင်(ယောဂီ)

အရှင်မ ထုလ္လနန္ဒာ



ဘုရားရှင်လက်ထက်တော်က ဖြစ်ပါသည်။ ဘိက္ခုနီသာသနာတွင် ကျော်ကြားသော ဘိက္ခုနီမြောက်များစွာတို့ ပေါ်ထွန်းခဲ့ပါသည်။ ထိုသို့ပေါ်ထွန်းခဲ့ရသော အကြောင်းအရင်းမှာလည်း မိထွေးတော် ဂေါတမီ၏ ကျေးဇူးကြောင့် ဘုရားရှင်က ဘိက္ခုနီသာသနာအား ခွင့်ပြုလိုက်၍ ဘယာမဖက် သဒ္ဓါသက်သက်ဖြင့် သာသနာသို့ ဝင်ရောက်လာသော အမျိုးသမီးများကို တွေ့ကြရ၏။ သာမန်အမျိုးသမီးများသာမက ဥပ္ပလဝဏ်၊ ခေမာစသော စည်းစိမ်ရှင်ထိပ်တန်း အမျိုးသမီးများစွာကို တွေ့လာရသည့်အပြင် ပဋာစာရီကဲ့သို့ သားသေလင်ဆုံး၊ ကုန်ရှုံးကွေးတင်စသော အပူအပင် အရပ်ရပ်ကြောင့် ဘိက္ခုနီသာသနာသို့ ရောက်ရှိလာကြသူများလည်း ရှိတတ်ကြပါ၏။ စင်စစ်သော်ကား သဒ္ဓါတရားတွင် အမျိုးသမီး များက ယောကျ်ားများထက် ချို့ယွင်းချို့တဲ့ သောကြောင့်မဟုတ်၊ အမျိုးသမီးများ၏ အားနည်းသောဘဝတွင် ယောကျ်ားများကဲ့သို့ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်လုပ်ကိုင်ရန် ခက်ခဲသောကြောင့်သာဖြစ်ပါ၏။ ယင်းသို့အခက်အခဲ တွင် ဘိက္ခုနီသာသနာတော်အား ဘုရားရှင်က လိုအပ်သမျှ စည်းကမ်း၊ သိက္ခာပုဒ်များဖြင့် ဘောင်ခတ်စီစဉ်ပေးလိုက်သောအခါ ဘိက္ခုနီတို့၏ တရားရိပ်သာ အဝန်းအဝိုင်းသည် ကျယ်ပြန့်လာခဲ့ပါသည်။

ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဝေသာလီစသော ဘုရားရှင် သာသနာထွန်းကားရာ ဒေသများတွင် အမျိုးသမီးသာသနာ ဘိက္ခုနီရိပ်သာများ တစ်ခုပြီးတစ်ခုပေါ်ပေါက်လာ၏။ တရားရှင် အမျိုးသမီးများသည် တစ်ဦးချင်း တစ်ယောက်ချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက် သော်လည်းကောင်း သာသနာတော်သို့ ဝင်ရောက်လာကြသည်။ ဘိက္ခုနီသာသနာ၌ မြောက် မြားစွာသော ဘိက္ခုနီမယ်များ များပြားလာသည်နှင့် အမှုပြဿနာများမှာလည်း များပြားလာခဲ့၍ ဘုရားရှင်က ပေါ်ပေါက်လာသော ဖြစ်ရပ် အထွေထွေတို့အား ပြဿနာနှင့်လျော်ညီစွာသော ဝိနည်းသိက္ခာပုဒ်ပေါင်းများစွာကို ပညတ် တော်မူ ခဲ့ရပါ၏။

ယင်းအနက်တို့မှ ငယ်ရွယ်ချော မောလှပပြီး ထက်ထက်မြက်မြက်၊ တက်တက်ကြွကြွ ရှိလှသော ဘိက္ခုနီထုလ္လနန္ဒာကို အကြောင်းပြု၍ ပညတ်ခဲ့သော သိက္ခာပုဒ်ပေါင်း မြောက်မြားစွာလည်းပါဝင်ခဲ့ပါသည်။

ဘိက္ခုနီသာသနာတော်တွင် ကျော်ကြားသော ဘိက္ခုနီမြောက်မြားစွာတို့အနက် ထုလ္လနန္ဒာလည်း တစ်ပါးအပါအဝင်ဖြစ်ခဲ့ပါ၏။ သို့ရာတွင် မိထွေးတော်ဂေါတမီ၊ ယသောဓရာ၊ ခေမာ၊ ဥပ္ပလဝဏ်စသော ဘိက္ခုနီမယ်ကြီးများကဲ့သို့ သာသနာအတွင်းအပြင် နှစ်ရပ်လုံးတွင် ကျော်ကြားသူကား မဟုတ်။ သာသနာ့အတွင်းပိုင်းတွင် သူနည်းသူ့ဟန်နှင့် ကျော်ကြားသူသာဖြစ်ပါ၏။

သာသနာတော်သမိုင်း၌ အမျိုးသမီးများနှင့်စပ်သော အပိုင်းကိုလေ့လာသောအခါ သာသနာတော်အတွင်းရောက်လာကြသော အမျိုးသမီးတစ်ယောက်သည် ထိပ်တန်းမှ ထင်ရှားသော ဘိက္ခုမယ်ကြီး အချို့မှတစ်ပါး ရဟန်းဘဝ ရောက်ပြီးနောက် မှတ်တမ်းတင်ရလောက်အောင် ဆောင်ရွက်



မှု၊ လှုပ်ရှားမှုရှိသူမှာ ရှားပါးလှ၏။ သုတ္တန်ပိဋကတ်၊ ဝိနည်းပိဋကတ် သို့မဟုတ် ရဟန္တာအရှင်မကြီးများ၏ အကြောင်းကို စုပေါင်းထားသည့် ထေရီအပဒါန်လို အပိုင်းအခန်းတွင် ဘိက္ခုနီအမျိုးသမီးကြီးများ၏ ဇာတ်လမ်းပေါင်း များစွာကိုတွေ့ရှိ ကြရမည် မှန်ပါ၏။ သို့ရာတွင် ယင်းဇာတ်လမ်းဖြစ်ရပ်များသည် ရဟန်းမဖြစ်မီ ဘဝမျိုးစုံတို့မှ ဇာတ်လမ်းများကိုသာ တွေ့ကြရ မည်ဖြစ်၏။ ယင်းသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် ရဟန်းဘဝရောက်ပြီး သို့မဟုတ် ရဟန္တာ ဖြစ်ပြီးနောက်တွင် အမျိုးသားရဟန်းတော်များကဲ့သို့ မဟုတ်ဘဲ လှုပ်ရှားဆောင်ရွက်မှု နည်းပါးသောကြောင့်လည်း ဖြစ်တန်ရာ၏။ ဘိက္ခုနီသာသနာတော်မှ ဘိက္ခုနီ၏ အနွယ်အဆက်ဖြစ်သော ယနေ့သီလရှင်အကြောင်း တွေ့ရသည်။

သို့ရာတွင် ထုလ္လနန္ဒာကဲ့သို့ ကောင်းဆိုးနှစ်တန်တွဲပါလျက်ရှိသော ဖြစ်ရပ်မျိုးစုံသည် ယနေ့ခေတ်သာသနာတိုင်အောင် သာသနာအတွင်းပိုင်းတွင် ထင်ရှားလျက်ရှိပေသည်။ သာဝတ္ထိပြည်တွင် နန္ဒာ၊ နန္ဒာဝတီ၊ သုန္ဒရီနန္ဒာ၊ ထုလ္လနန္ဒာ ဟူသော ညီအစ်မ (၄)ယောက်တို့သည် ဘိက္ခုနီ သာသနာ၌ ဝင်ရောက်ခဲ့ကြပြီး ၎င်းတို့၏ အလှဂုဏ်သတင်းသည် မွှေးပျံ့လျက်ရှိ၏။ ၎င်းတို့ ညီအမ (၄)ယောက်အနက် ထုလ္လနန္ဒာ၏အလှမှာ ပိုမို ကျော်ကြားလျက်ရှိ၏။ လှပရုံမျှမဟုတ် အခြားအရည်အသွေးများမှာ သွက်လက်ချက်ချာ၏။ ဝီရိယရှိ၏။ ဉာဏ်ကောင်း၏။ ဉာဏ်ကောင်းသလောက် ပိဋကတ်တို့ကို လွယ်လွယ်နှင့် သင်ကြား တတ်မြောက်ပြီး ပင်ကိုအလှကို ပညာမာန်လေး လွှမ်းခြုံလိုက်သောအခါ ကျက်သရေရှိလှပေ၏။ အကြီးမားဆုံးသော အရည်အချင်းမှာ စာတတ်သလောက် အဟောအပြော ကောင်းသူလေးပင်။ တစ်ဘက်တွင် ယင်းကဲ့သို့ အရည်အသွေး များရှိသလောက် တစ်ဘက်တွင်လည်း ချွတ်ချော်ယိုယွင်းမှုများ ရှိပေသေး၏။ ယင်းသည် နှုတ်သွက် လျှာသွက် ရှိ၏။ ခုတစ်မျိုး တော်ကြာတစ်မျိုး လုပ်တတ်သည်။ ပါလေရာ ငပိချက်ဆိုသလို ဟိုစပ်စပ်သည်စပ်စပ် ပါဝင်တတ်၏။

ထုလ္လနန္ဒာ၏ အလှအပနှင့် အဟောအပြောကောင်းမွန်လှသည်ဟူသော ဂုဏ်သတင်းသည် သာဝတ္ထိပြည်တစ်ပြည်လုံး ပျံ့နှံ့ သွားခဲ့ပြီး တိုင်းပြည်မင်းလုပ်အုပ်ချုပ်သော ကောသလဘုရင်ကြီး၏ ရွှေနားတော်သို့ တိုင်အောင် ရောက်ရှိသွားပြီး တစ်နေ့တွင် ထုလ္လနန္ဒာတို့ ဘိက္ခုနီ ရိပ်သာသို့ ဘုရင်ကြီးကိုယ်တိုင် ကြွရောက်ပြီး ထုလ္လနန္ဒာ၏ တရားကို နာယူမည် ဖြစ်ကြောင်း သတင်းစကားကြောင့် ဘိက္ခုနီ ရိပ်သာ တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ကောသလဘုရင်ကြီးမှာ တရားနာမှုတွင် သူမတူအောင် အလေ့အထရှိသူဖြစ်၍ အချိန်ရတိုင်း ဘုရားရှင်ထံတွင် ဆည်းကပ် နာယူနေကျဖြစ်သည့် အပြင် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်၊ အရှင်အာနန္ဒာ စသော မထေရ်ကြီးများထံ တွင်လည်း ချဉ်းကပ်ဝင်ရောက် လေ့ရှိ၏။ သို့ရာတွင် ဘုရင်ကြီးသည် အခြားရဟန်းကျောင်းများသို့မှု ဝင်ရောက်ခဲလှ၍ ယခုကဲ့သို့ ဘိက္ခုနီ ရိပ်သာများသို့ဆိုလျှင် အိပ်မက်ပင်မက်မည် မဟုတ်ပါ။

ယခုတော့မူ ထုလ္လနန္ဒာ၏ဂုဏ်သတင်းကြောင့် ဘုရင်ကြီးကိုယ်တိုင် ကြွရောက်လာခဲ့ပါပြီ။ ထိုတစ်နေ့ဆောင်းရာသီ၏ ညနေစောင်းတွင် ဘုရင်ကြီးသည် ဘုရားရှင်ထံမှအပြန် အစီအစဉ်အရ ဘိက္ခုနီရိပ်သာသို့ရောက်ရှိခဲ့ပြီး ထုလ္လနန္ဒာ၏ တရားကိုနာယူခဲ့၍ သဘောကျ နှစ်ခြိုက်သည့်အလျောက် ကျော်ကြားသလောက် တရားဟောကောင်းလှသော တရားရှင်ထုလ္လနန္ဒာအား ဘုရင်ကြီးက အရှင်မ၏ တရားကို နာကြားရသည်မှာ နှစ်ထောင်းအားရရှိလှပါသည်။ သို့ဖြစ်၍ အရှင်မအားပေးလှူလို၍ အလိုရှိရာ အလှူခံပါရန် မိန့်ကြားတော်မူပါရန် ဖိတ်ကြားလိုက်၏။

ဘုရင်ကြီး အလှူခံဖိတ်ကြားသော အလိုရှိရာဆိုသည်မှာ လွန်စွာကျယ်ဝန်းလှပါ၏။ ကျောင်းအလှူခံလျှင်ကျောင်း၊ သင်္ကန်းအလှူခံလျှင် သင်္ကန်း၊ တစ်ကျောင်းလုံးအတွက် နိစ္စဘတ်ဆွမ်း

အလှူခံလျှင်လည်း ပြီးမြောက်ရာ၏။ အချိန်မဆိုင်း၊ နာရီမဆိုင်းဘဲ ပြီးမြောက်မည်သာ။ သို့ရာတွင် ထုလ္လနန္ဒာက ဤသို့မဟုတ်။ ဆောင်းရာသီဖြစ်၍ ဘုရင်ကြီးခြုံထားသော အဖိုးတစ်သိန်း ထိုက်တန်သည့် ကမ္ဗလာခြုံထည်ကြီးအား အလှူခံလိုက်ပါ၏။ ထိုအခါ တရားနာ ပရိသတ်များနှင့်တကွ ဘိက္ခုနီများပါ မျက်လုံးပြူးသွားကြသည့်အပြင် ဘုရင်ကြီးကိုယ်တိုင်လည်း ရာဇက္ကန္ဓြေ ပျက်လောက်အောင် အနေအထိုင်ခက် သွားရပေသည်။

ထုလ္လနန္ဒာ အလိုက်ကန်းဆိုး မသိမှုကြောင့် ဘုရင်ကြီး ဟန်ပျက်သွားသည်ကို တွေ့ကြရသော ဘုရင့်အခြွေအရံများက မရဲတရဲပြုံးကြ၏။ ဘိက္ခုနီများကလည်း အားနာပြုံးလေး ပြုံးကြရ တော့သည်။ အချိန်အခါ ရာသီအလိုက် ဆင်မြန်းလာသော မင်းဝတ်တန်ဆာ တစ်ပါး အပါအဝင်ဖြစ်သည့် ခြုံထည်ကိုမှ ကတ်ကတ်သတ်သတ် အလှူခံသောကြောင့် ဘုရင်ကြီးအဖို့ စိတ်ကသိကအောင့် ဖြစ်ရသော်လည်း အလိုရှိရာဟု ဖိတ်လိုက်မိသော နှုတ်လွန်စကားကြောင့် ကမ္ဗလာခြုံထည်အား ကိုယ်မှခွာ၍ လှူဒါန်းလိုက်ရပါသည်။

ဤအကြောင်းကိစ္စပေါ်ပြီးနောက် အလိုက်မသိအလှူခံတတ်သော အလှူခံရဲသော ထုလ္လနန္ဒာ၏သတင်းသည် ဘုရားရှင်၏ နားတော်သို့ ရောက်ရှိသွားခဲ့ပြီး ဘုရားရှင်မှ ထုလ္လနန္ဒာအား ခေါ်ယူစစ်ဆေး၍ ဘိက္ခုနီမများသည် ဤကဲ့သို့သော အမူအကျင့်ကို မပြုလုပ်ရ။ ခြုံထည် အလိုရှိခဲ့လျှင် ၄-ကံသ (၁၆°/)တန်ထက် ပိုလွန်သော ခြုံထည်ကို အလှူမခံရဟူသော သိက္ခာပုဒ် တစ်ရပ်ကို ပညတ်တော်မူခဲ့ရပါသည်။

ဘိက္ခုနီသာသနာတော်အတွင်း၌ ထုလ္လ-နန္ဒာတို့အဘယ်မျှ အရေးပါ အရာရောက်သည် ဖြစ်စေ ထိပ်တန်းဘိက္ခုနီမယ်ကြီးများဖြစ်ကြသော ဂေါတမီ၊ ယသောဓရာ၊ ခေမာ၊ ဘဒ္ဒကာပိလာနီ စသည့် ထေရီမယ်ကြီးများကိုတော့ ကျော်လွှားနိုင်ခြင်း မရှိပါ။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ အဘယ်မျှကြီးမြင့်သောသူ ဖြစ်စေကာမူ သတိ, ပညာမရှိသမျှ အပျက်လောကဓံကိုသာ ခံနိုင်စွမ်းရှိကြ၍ အတက်လောကဓံကိုမူ ခံနိုင်စွမ်းရှိသူ အလွန်းနည်းပါးလှ၏။

ပညာဉာဏ်ကြီးသော်လည်း တပည့်တပန်း အသိုင်းအဝိုင်းတို့၏ ပင့်မြှောက်မှုကြောင့် အောက်ခြေလွတ်ခဲ့သော ပေါဋ္ဌိလကိုယ်တော်ကြီးကို ဘုရားရှင်ကိုယ်တော်တိုင် သတိပေးကယ်ချွတ်ခဲ့၏။ ပညာဉာဏ်ကြီးးသော်လည်း အဇာတသတ်ဘုရင်၏ ချီးမြှောက်မှုကိုရသော ယောက်ဖတော် ဒေဝဒတ်ကိုမူ



ဘုရားရှင်ကိုယ်တော် တိုင်ပင်လျှင် မကယ်ချွတ်နိုင်ခဲ့ပေ။ ထုလ္လနန္ဒာကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် ကောသလဘုရင်၏ ချဉ်းကပ်အရေးပေးမှုတို့ ခံလာရသူအဖို့မှာမူကား ပြောဖွယ်ရာမရှိပါ။

ထို့ကြောင့် ထုလ္လနန္ဒာသည် ကောသလဘုရင်ကိုယ်တိုင် ချီးမြှောက်အရေးယူမှုကို ခံထားရသောအခါ ရှေးအခါကရဲရဲမျှပင် မော်မကြည့်ဝံ့သော ထိပ်တန်းထေရီမယ်ကြီးများအား ချီးပပြောဆိုလာခဲ့ရာမှ သူတို့ကကော ဘာမို့လို့လဲ ဘုရားရှင်သာသနာတော်က ရဟန်းချင်းအတူတူ ဘယ်သူကိုဦးစားပေးနေရဦးမှာလည်း စသည်ဖြင့် မာန်တက်လာ၏။ အောက်ခြေလွတ်လာ၏။

ထိုမျှမက ငယ်စဉ်ကပင် အလွန်သိမ်မွေ့၍တရားစိတ်ဖြင့်နေလေ့ရှိသူ ဘဝစင်ကြယ်လှသူ ကြွယ်ဝချမ်းသာလှသော စည်းစိမ်ဥစ္စာများကို စွန့်ပစ်၍ ရဟန်းဘဝသို့ ရောက်ရှိလာသူ ထိပ်တန်း ဘိက္ခုမယ်ထေရီမယ်ကြီးဖြစ်သော ဘဒ္ဒကာပိလာနီ ကိုပင်လေးစားမှုမရှိတော့ဘဲ ဘဒ္ဒကာပိလာနီ၏ ရှေ့တွင်ကောသလဘုရင်ထံမှ ရရှိထားသော ခြုံထည်ကြီးကိုထည်ထည်ဝါဝါခြုံ၍ လမ်းသလားပြခြင်း၊ ဆောင့်ကြွားကြွားနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျှက် မထေမဲ့မြင်ပြုမူ နေသည်ကို မြင်ရသမျှ ကြားရသမျှ ဘိက္ခုနီမယ်များကပင် မခံချင် ဖြစ်လာကြတော့၏။

ထုလ္လနန္ဒာလုပ်ပုံမှာ ဘဒ္ဒကာပိလာနီအဖို့မခံမရပ်ဖြစ်ပြီး ပေါက်ကွဲထွက်လာအောင် တမင်ရန်စသည့် ပုံစံမျိုးဖြစ်သည်။ သို့ရာတွင် ထေရီမယ်ကြီးမှာ အာသဝေါကင်းပြီးသော အရှင်မကြီး ဖြစ်၍ဘုရားအလောင်းတော် ခန္တီဝါဒီ ရသေ့ကြီး၏ထုံးကိုနှလုံးမူ၍ တစ်စိုးတစ်စိမှ မတုန့်ပြန်ဘဲ သည်းခံ၍သာနေရှာ၏။ ဘဒ္ဒကာပိလာနီအား ထုလ္လနန္ဒာကကပ်ဖဲ့တိုက်နေခြင်းမှာ ဘဒ္ဒကာ-ပိလာနီသည်လည်းအဟော အပြောကောင်း၍ ကျော်ကြားသော တရားရှင် အရှင်မတစ်ဦး ဖြစ်သောကြောင့်တည်း။

ဤသည်ကို မခံမရပ်နိုင်ဖြစ်ကြသော ဘိက္ခုနီအများက ဘုရားရှင်ထံ သွားရောက် လျှောက်ထားကြ၍ ဘုရားရှင်က ထုလ္လနန္ဒာ ကိုခေါ်ယူပြီး အကြင်ဘိက္ခုနီမတစ်ယောက်သည် အခြားဘိက္ခုနီမယ်ကြီးများအား မလေးစား မရိုသေ မထီမဲ့မြင်မပြုလုပ်ရ။ မလေးစားသော ကိုယ်အမူအရာ မပြုလုပ်ရဟု သိက္ခာပုဒ်တစ်ရပ်ကို ပညတ်တော်မူ လိုက်ရ၏။

ထုလ္လနန္ဒာကား ရှောင်ကြဉ်မသွားဘဲ ဘုရင်ခြုံထည်ကြီးကို မအပ်မရာ အလှူခံလိုက်သောကြောင့် ဘုရားရှင်၏ အဆုံးအမကို ခံလိုက်ရသည့်တိုင် နောက်တွန့်သွားခြင်း၊ ရှက်ကြောက်ခြင်းမရှိဘဲ ဒုတိယအကြိမ် ကောသလဘုရင်ကြီး တရားနာလာရောက်ရာတွင်လည်း အထက်ပါနည်းအတိုင်း ဘုရင့်ခြုံထည် ကိုပင်ထပ်မံ အလှူခံခဲ့ပြန်ပါ၏။ ကောသလဘုရင်ကြီးမှာ သာသနာတော်၏ သဒ္ဒါအားကြီးသော ဘုရင်ဖြစ်သောကြောင့်လား ထုလ္လနန္ဒာ၏ အပြုအမူကို မေ့လျော့သွားခဲ့၍ ပေလား သို့မဟုတ် တရားဟောကောင်းသော ရုပ်ချောသော ထုလ္လနန္ဒာ၏ အဆွဲဓာတ်ကြောင့်ပေလားမသိ၊ အလားတူ ကသိကအောင့်မျိုး ထပ်မံကြုံတွေ့ခဲ့ ရပြန်ပါ၏။ ဘုရင်ကြီး ခြုံထည်ကို ဒုတိယအကြိမ် ပေးလှူခဲ့ရပြန်ပေသည်။



ထုလ္လနန္ဒာ၏ နောက်တစ်ကြိမ်အပြစ်ကြောင့်လည်း ဘုရားရှင်က အလားတူသိက္ခာပုဒ်တစ်ရပ်ကို ထပ်မံပညတ်လိုက်ရပြန်ပါသည်။

ဘုရင်ကိုယ်တိုင်က တစ်ကြိမ်မက နှစ်ကြိမ်တိုင်တိုင် ထုလ္လနန္ဒာထံ လာရောက်ခဲ့ခြင်းသည် ထုလ္လနန္ဒာအဖို့ ကြီးစွာသော အထောက်အကူဖြစ်သွားပြီး လာဘ်လာဘအသိုင်းအဝိုင်းများ တိုးပွားလာခဲ့ရသည်။

ပညာမဲ့သူအဖို့ ဂုဏ်၏သဘာဝမှာ ပစ္စည်း၏သဘာဝ ရလေလိုလေဖြစ်လာ၏။ ဘုရင်၏ အားပေးမှုကြောင့် ဂုဏ်ကြီးရှင်ဖြစ်လာသော ထုလ္လနန္ဒာသည် ဂုဏ်ကြီးသည်ထက်ကြီးအောင် ကျော်စောခြင်း ပြုလုပ်ပေးနိုင်စွမ်းသော ဇာတ်သမား၊ သဘင်သမားများနှင့် ပူးပေါင်း၍ လုပ်ဆောင်ခြင်းပင်ဖြစ်၏။ ပိုမိုထင်ရှားလို၍ ဇာတ်သမား၊ သဘင်သမားများနှင့် ဆက်ဆံ၍ မိမိ၌ ရှိသောဂုဏ် မရှိသောဂုဏ်တို့အား ပွဲလမ်းသဘင်များ၌ သွယ်ဝိုက်သောနည်း၊ တိုက်ရိုက်နည်း၊ နည်းမျိုးစုံနှင့် ဖြန့်ချိပေးကြရန် ပစ္စည်းများဖြင့် လည်းကောင်း၊ အခွင့်ရေးပြ၍လည်းကောင်း လာဘ်ထိုး၏။ ပူးပေါင်းမှုဟူသည်မှာ ရံဖန်ရံခါ ဆိုလျှင်အမြင်လှပါသေး၏။

မကြာခဏ ဆက်သွယ်ပူးပေါင်းခဲ့လျှင် မူကားသူတော်ကောင်းဝန်းကျင် နှင့် ဒါယကာတို့ အတွက် အမြင်တစ်မျိုးမြင်လာနိုင် သောကြောင့်တိုးတိုးကြိတ်ကြိတ် ပူးပေါင်းရ၏။ မမြင်ကွယ်ရာတွင် ကြိတ်ဝိုင်းဖွဲ့ရ၏။ ထိုစကား ဘုရားနားရောက်သောအခါ ယင်းသို့သော အပြုအမူများအတွက် ဘိက္ခုနီမများသည် လာဘ်မပေးရဟူ၍ လည်းကောင်း၊ ယောကျ်ားတစ်ဦးနှင့် ယုံမှားသံသယ ဖြစ်လောက်ဖွယ်၊ ကွယ်ထောင့်ကွယ်ရာစကားသံတို့ မကြားနိုင်သောနေရာတွင် မတွေ့ဆုံ မဆက်သွယ်ရဟူသော ဝိနည်းသိက္ခာပုဒ် တစ်ရပ်ကိုလည်း ပညတ်တော်မူလိုက်ရသည်။

ဘုရားရှင်၏ သာသနာတော်တွင် ထုလ္လနန္ဒာလို ငယ်ငယ်ရွယ်ရွယ် ရုပ်ချောချော မာနရှင်လေးမျိုးကိုပင် မဆိုထားဘိ၊ နာမည်ကျော် ဥပ္ပလဝဏ်ထေရီမယ်တော်ကြီးများပင်လျှင် ယောကျ်ားလူမိုက်တစ်ဦး၏ မတော်မတရား ပြုမူကိုခံခဲ့ရ၏။

ထို့ကြောင့်လည်း ဘုရားရှင်က ဘိက္ခုနီမယ်များအား ရဟန်းယောကျ်ားတို့၏ လက်လှမ်းမီလောက်သော မျက်မှောက်ဥပစာမှ ကင်းကွာ၍ မနေရဟု သိက္ခာပုဒ်တစ်ရပ်ကို ပညတ်တော်မူခဲ့ဟန်တူပေ၏။

ထုလ္လနန္ဒာထေရီမယ်ကလေးမှာ အရွယ်လေးရလာပြီး ခံယူမှု ရင့်ကျက်၍ တရားသားတက်လာသောအခါ အပြစ်ကင်းစင်သော၊ တည်ငြိမ်သော၊ ကြည်ညိုဖွယ် သီလ၊ သိက္ခာ၊ သမာဓိတို့နှင့် ပြီးပြည့်စုံသော ထေရီမယ်ကြီးတစ်ပါး ဖြစ်လာဟန်တူသော်လည်း ငယ်ရွယ်စဉ်ကမူ ဘိက္ခုနီသာသနာတော် အတွက် ဝိနည်း သိက္ခာပုဒ် ပညတ်ရန် အပြစ်မှန်သမျှကို တစ်ဦးတည်းက ဒိုင်ခံ၍ ကျူးလွန်တော့သည့်ပမာ ဖြစ်ချေ၏ တကား။

ကိုလွင်(ယောဂီ)





# မုံရွာမြို့၏ အာဒိကမ္မိက(အဦးဆုံး) သီလရှင်သာသနာ

# အမျိုးသမီးများ၏

# သာသနာ့ ကျက်သရေဆောင်ဌာနကြီး

ဒေါ်ပုဏ္ဏမိ

မုံရွာမြို့ မဟာလယ်တီဓမ္မေသက သီလရှင် စာသင်တိုက်ကြီးကို မြန်မာသက္ကရာဇ် (၁၂၇၂)ခု၊ ခရစ် (၁၉၁၁)ခုနှစ်က စတင်တည်ထောင်၍ (၁၃၇၂)ခုနှစ် ဆိုလျှင် နှစ်(၁၀၀)တင်းတင်း ပြည့်ပေတော့မည်။ လာမည့် (၁၃၇၂)ခုနှစ် တပို့တွဲလပိုင်း ရောက်လျှင် "တိုက်တည်ရာပြည့်ပွဲတော်ကြီး" ကို မုံရွာမြို့၌ စည်ကား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြပေတော့မည်။ အထူး ဂုဏ်ယူစရာအချက်ကား . . . "သလ္လာဝတီ"ခေါ် မုံရွာ မြို့တော်၏ အဓိကကျက်သရေဆောင် ပုဂ္ဂိုလ်ကြီးမှာ- **အဂ္ဂမဟာပဏ္ဍိတ၊ ဒီ၊ လစ် (D.Litt) ဘွဲ့ တံဆိပ်တော်ရ** ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီးပင် ဖြစ်ပါသည်။ ထိုပထမလယ်တီ ဆရာတော် ဘုရားကြီးသည် (၁၂၄၈)ခု နှစ်၌ မုံရွာမြို့၏ မြောက်ဘက် လယ်တီတောရ ကျောင်းတိုက်ကြီးကို စတင်တည်ထောင် ဖန်ဆင်း၍ မြတ်စွာဘုရားရှင်၏ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသာသနာတော်(၃)ရပ်ကို တိုးတက်စည်ကားအောင် ထိန်းသိမ်း၊ စောင့် ရှောက်၊ ပြုစုတော်မူသွားခဲ့ပါသည်။

မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး သာသနာပြု၍ နှစ်ဆယ့်လေးနှစ် (၂၄)နှစ်ရောက် ရှိသောအခါ (၁၂၇၂)ခုနှစ်တွင် လယ်တီဒုတိယ တိုက်အုပ် ဆရာတော်ကြီး ဦးဉာဏောဘာသ အရှင် သူမြတ်က အမျိုးသမီးသာသနာ ထွန်းကားတိုးတက် စေဖို့ရာ လယ်တီတိုက်ကြီး၏ အနောက်မြောက်ဘက် တွင်ကပ်လျက် မြေနေရာသီးသန့် ပိုင်းခြား သတ်မှတ်၍ (တိပိဋကဓရ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ ရဟန်းအမ၊ မယ်တော်ကြီး ဒေါ်ဓမ္မစာရီနှင့် စာသင်ဖက်ဖြစ်သူ) ဇရာဝတီတိုင်း၊ မြောင်းမြမြို့နယ် ၊ ကုန်းသာရွာဇာတိ ဒေါ်နန္ဒစာရီ (ခေါ်) ဒေါ်မမကြီးအား ပေးစွန့်လှူဒါန်းခြင်းကြောင့် **ဆရာကြီး ဒေါ်နန္ဒစာရီ** က"**ဓမ္မေသက သီလရှင် စာသင်တိုက်"** အမည်ဖြင့် စတင်တည်ထောင်ဖွင့် လှစ်ခဲ့ပါသည်။ထိုအချိန်က မုံရွာမြို့၌ မည်သည့် အမျိုးသမီး သီလရှင်စာသင်တိုက်မျှ မပေါ်ပေါက် သေးပါ။ မုံရွာမြို့၌ ပထမဦးစွာ ထွက်ပေါ်လာသော သီလရှင်သာသနာပြု စာသင်တိုက်ဖြစ်ပါသည်။ **"မုံရွာ**

**အမျိုးသမီး သာသနာ၏အစ ဓမ္မသက သီလရှင် စာသင်တိုက်က**"ဟူ၍ပင် မော်ကွန်းထိုးထိုက်ပါသည်။

မဟာလယ်တီဓမ္မသက သီလရှင် စာသင်တိုက်၏ အဓိကကံကောင်းချက်မှာ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို အမှီရခြင်း "**သပ္ပုရိသူပနိဿယ - ပဏ္ဍိတသေဝန**" မင်္ဂလာတရားနှင့်အညီ ကမ္ဘာကျော် ပထမ လယ်တီဆရာတော်ကြီးကို အမှီရခြင်း၊ သဒ္ဓါ တရား ထက်သန် ကြသော မုံရွာမြို့သူ ၊ မြို့သားများကို အမှီရခြင်းတို့ ဖြစ်ပါသည်။





(အထူးသဖြင့် တိုက်တာတည်ချိန်၌ လယ်တီဆရာတော်ဘုရားကြီးကို အမှီပြု၍ ဆရာတော်ဘုရားကြီး၏ အနီးကပ် သွန်သင်ဆုံးမ ဩဝါဒများကို (၁၃)နှစ် တိုင်တိုင် နာယူခွင့်ရရှိခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒများကိုလည်း ရိုသေစွာနာယူ၍ လိုက်နာကျင့်သုံး ခဲ့ကြပါသည်။)

ကမ္ဘာကျော်လယ်တီ ဆရာတော်ဘုရားကြီးကဲ့သို့သော သပ္ပုရိသူပနိဿယ-ပညာရှိ သူတော်ကောင်းကြီးများကို အမှီရသဖြင့် သဒ္ဓါ၊ သီလ သုတ, စာဂ,ပညာ,ဟိရီ,ဩတ္တပ္ပဟူသော သူတော်ကောင်းတရားများသည် **"ဓမ္မသက" စာသင်တိုက် ဂုဏ်ဖြပ်နှင့်အညီ** အစဉ်အမြဲ ကြီးပွားတိုးတက် ခဲ့ပါသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက သာသနာ့စံပြ မိခင်များ ဖြစ်ကြသော တိပိဋကဓရ "**ခုဇ္ဇုတ္တရာ ဥပါသိကာ**"၊ "**နန္ဒမာတာ ဥပါသိကာ**" မကြီးများကဲ့သို့ ဓမ္မသကစာသင်တိုက်တာ တည်ထောင်ချိန် မှစ၍ ဆရာတပည့်တို့ တက်ညီ လက်ညီဖြင့် စာပေပို့ချသင်အံ့ခြင်း၊ တရားဘာဝနာ ပွား များအားထုတ်ခြင်း၊ တရားနာယူခြင်းစတဲ့ သာသနာ့တာဝန်များကို ယုံကြည်ချက် (သဒ္ဓါ တရား)၊ ကျင့်သုံးလိုက်နာခြင်း ကိုယ်ကျင့် (သီလ တရား)၊ အသိဉာဏ် (ပညာတရား)၊ ဇွဲလုံ့လ (ဝီရိယတရား) တို့ဖြင့် ကြိုးကြိုးပမ်းပမ်း ယနေ့တိုင်အောင် ထမ်းဆောင်ခဲ့ကြခြင်းကြောင့် သာသနာ့အာဇာနည် သာသနာဝံသ၊ သာသနာနွယ်၊ သာသနာ့မျိုးဆက်သစ် သီလရှင်အမျိုးသမီး ပညာရှင် သူတော်ကောင်းများ ပေါ်ထွက်လျက် ဓမ္မသကစာသင်တိုက်ကြီးဟာ တိုးတက်ခဲ့ပါပြီ။

တပည့်တော် တွေ့ကြုံသမျှပြောရလျှင် တပည့်တော်(ပုဏ္ဏမီ) (၉)နှစ်သမီးအရွယ်မှာ မျက်စိမှုန်နေတဲ့ မိခင်ကြီးက မိုးညှင်းဆရာတော်ဘုရားကြီးထံ တရားအားထုတ်ချင်ပါတယ် ဆိုလို့ မိခင်ကြီးရဲ့ တုတ်ဆွဲပြီး လိုက်ပါပြုစုရပါတယ်။ မိုးညှင်းဆရာတော်ဘုရားကြီးရဲ့ တရားနာရတော့ အသိဉာဏ်ပွင့်လင်းပြီး သီလရှင်ဝတ်လိုက်ပါတယ် ဘုရား။ မိုးညှင်းဆရာတော်ဘုရားကြီးက သီလရှင်မဝတ်ခင် မေးတိုင်းဖြေနိုင်တော့ သဘောကျပြီး တပည့်တော်ကို 'ပုဏ္ဏမီ'လို့ ဘွဲ့ပေးခဲ့ပါတယ်။ "ပုဏ္ဏမီ"ဆိုတဲ့ဘွဲ့ဟာ မိုးညှင်းဆရာတော်ဘုရားကြီး ပေးခဲ့တဲ့ဘွဲ့ပါ။ အဲဒီအချိန်က မုံရွာမြို့မှာ မဟာလယ်တီဓမ္မသက စာသင်တိုက် ကြီးက လျှမ်းလျှမ်းတောက် နာမည်ကြီးချိန်ပါ။ တိုက်တည်ပြီး အနှစ်(၂၀) အတွင်းလောက်ဖြစ်မှာပါ။ စည်းကမ်းကလည်း ကောင်း၊ စာပေပရိယတ်ဘက်မှာလည်း တက်ညီ လက်ညီ ကြိုးစားသင်အံ့ပို့ချပြီး ပဋိပတ်ဘက်မှာလည်း မလစ်ဟင်းရအောင် တရား ဘာဝနာများကို

ပွားများ၍ သာသနာပြု အလုပ်ကို ကြိုးစားအားထုတ်နေကြချိန်ဖြစ်ပါသည်။ သီလရှင် စာသင်တိုက်ကလည်း မုံရွာတစ်မြို့လုံးမှ တစ်တိုက် တည်းသာရှိတဲ့ ကျောင်းဆိုတော့ အားလုံးရဲ့ မျက်စိကျစရာ ဂုဏ်ယူစရာ ဖြစ်နေတာပေါ့။

ထိုအချိန်မှာ လယ်တီဆရာတော်ဘုရားကြီး၏တပည့် မိုးညှင်းဆရာတော် ဘုရားကြီးက သူကိုယ်တိုင် သီလရှင်ဝတ်ပေးထားတဲ့ တပည့်တော်ကို "ပုဏ္ဏမိရေ. . . ငါ့မြေးက ငယ်သေး တယ်၊ မုံရွာဓမ္မသကသီလရှင်တိုက်ကို လိုက်ပို့ပေးမည်၊ သွားနေပြီး စာကြိုးစားနော်". . . လို့ အမိန့်ရှိ စေခိုင်းချက်အရ၊ သမ္ဗုဒ္ဓေသီလရှင် တိုက်အုပ်ဆရာကြီး ဒေါ်ကုမ္မာရီ၊ ဒေါ်ပညာရီ (၂)ပါးတို့က မဟာလယ်တီဓမ္မသက သီလရှင် စာသင်တိုက်ကို လိုက်ပို့ပါသည်။ တပည့်တော် (ပုဏ္ဏမိ) ဓမ္မသကစာသင်တိုက်ရောက်ချိန်မှာ လယ်တီ ဆရာတော်ဘုရားကြီး မရှိတော့ပါ။

မဟာလယ်တီဓမ္မသက စာသင်တိုက်ရောက်တော့ တိုက်အုပ်ဆရာကြီး ဒေါ်နန္ဒစာရီ၊ ဒေါ်တင် (ခေါ်) ဆရာကြီးဒေါ်သီလစာရီ၊ ဒေါ်နှင်း (ခေါ်)ဆရာကြီးဒေါ်ဓမ္မစာရီတို့က တပည့်တော် (ပုဏ္ဏမိ) ကိုကြည့်ပြီး မိုးညှင်းဆရာတော်ကြီး ပို့လိုက်တယ်ဆိုတော့ မစစ်ဆေးကြဘဲ ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံလိုက်ကြပြီး၊ တိုက်အုပ်ဆရာကြီး ဒေါ်နန္ဒစာရီက-"ပုဏ္ဏမိ ညည်းကို ငါကျွေးထားမည်၊ငါ့အိုးထဲ စားပါ"ဟုဆိုပြီး တပည့်ချစ်အဖြစ် မွေးစားလျက် ဆရာ့ဝတ္တရားနှင့်အညီ မေတ္တာစေတနာ များစွာဖြင့် ထိန်းသိမ်း စောင့်ရှောက်၍ စာပေပို့ချ, သင်ယူစေကာ, အလိမ္မာများစွာကို ပေးခဲ့ပါသည်ဘုရား။

**(မှတ်ချက်)**။ ။ဓမ္မသက တိုက်အုပ်ဆရာကြီး ဒေါ်နန္ဒစာရီသည် သီလရှင် မယ်ကင်း၏ တပည့်ဖြစ်သော စစ်ကိုင်းတောင် သစ်ဆိမ့်ချောင်ဆရာကြီး ဒေါ်ဝဏ္ဏ၏ တပည့်ရင်း ဖြစ်ပါသည်။

တပည့်တော် (ပုဏ္ဏမိ)သည် ဆရာကြီးများ၏ မေတ္တာ,စေတနာကို ခံယူနားလည်သောကြောင့် တပည့်ဝတ္တရားနှင့်အညီ ရေပူ,ရေချမ်းကမ်းလှမ်း၍ တာဝန်ဝတ္တရားများကို ကျေပွန်အောင် လုပ်ကိုင်ဆောင်ရွက် ပြုစုခဲ့ပါသည်ဘုရား။ ထိုသို့ ဆရာ+တပည့်တွေ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်ဖြင့် သာသနာ့အကျိုးကို စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် သယ်ပိုးထမ်းရွက် နိုင်ခဲ့ကြပါသည်ဘုရား။



တပည့်တော်(ပုဏ္ဏမိ)သည် လယ်တီ ဓမ္မသကစာသင်တိုက်ကြီး၌ ပညာရှိ သူတော်ကောင်းကြီးများနှင့်အတူ နေထိုင်ခဲ့ရ၍ အလွန်ပျော်ခဲ့ပါသည်။ လယ်တီဓမ္မသက စာသင်တိုက်ကြီး၌ ပျော်ရွှင်စွာဖြင့် နေထိုင်၍ (၂)နှစ် လွန်မြောက်သောအခါ (၁၁)နှစ်သမီးအရွယ်တွင် မိဘများက (အထူးသဖြင့်) မိခင်ကြီးက. . .ငါ့သမီးရယ်၊ အမေ့မှာ မျက်စိကလည်းမှုန်၊ ခရီးကလည်းဝေးတော့ ခဏခဏ မလာနိုင်ဘူး၊ နီးတဲ့စစ်ကိုင်းတောင်ရိုးကို ရွှေ့နေပါလို့ အတန်တန် ပြောဆို ပူဆာကြတဲ့အတွက် စစ်ကိုင်းတောင် သမိဒ္ဓေါဒယချောင်သို့ မမျှော်လင့်ဘဲ ရောက်ခဲ့ရပါသည်။ (၁၁)နှစ်သမီး အရွယ်တွင် မုံရွာ ဓမ္မသက စာသင်တိုက်ကြီးနှင့် ခွဲခွါခဲ့ရပါသည်ဘုရား။

ဤလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်ကြီးသည် မဟာလယ်တီဘုန်းကြီးကျောင်းတိုက်နှင့် အလွန်နီးကပ်ပါသည်။ ဝိသဘာဂအာရုံတို့ မည်သည် တွေ့ဆုံလျှင် အလွန်ပြဿနာ တက်ပါသည်။ သို့သော် ရှေးရှေး ဆရာတော်ကြီးများနှင့် ရှေးရှေး သီလရှင်ဆရာကြီးများ၏ အုပ်ချုပ်ရေး စည်းကမ်းကောင်းမှု သတိ,မေတ္တာ,သီလ, ပညာ တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက် ဆက်ဆံမှု တို့ကြောင့်

ဟော့ဟော့ရမ်းရမ်း၊ မကောင်းသတင်း မကြားခဲ့ရဘူးပါ။ ကောင်းသတင်း ဂုဏ်ရနံ့တို့သာ မြို့ရွာအနှံ့ သင်းပျံ့ခဲ့ပါသည်။ဤအချက်မှာ နောင်လာ နောက်သား တို့ အတုယူဖွယ်ဖြစ်ပါသည်။ ယနေ့တိုင်အောင် လယ်တီဓမ္မသက သီလရှင် စာသင်တိုက်ကြီး၏ မကောင်းသတင်း မကြားရဘဲ၊ ကောင်းမြတ်တဲ့ ဂုဏ်သတင်းတွေသာ ကြားသိနေရခြင်းကြောင့် ဓမ္မသကစာသင်တိုက်သားဟောင်း တစ်ဦးအနေဖြင့် ဝမ်းသာမဆုံး ဂုဏ်ယူမဆုံး ဖြစ်ရပါသည်ဘုရား။



တပည့်တော်(ပုဏ္ဏမိ)သည် ပျော်ရွှင်မြတ်နိုးသော မုံရွာ လယ်တီဓမ္မသက စာသင်တိုက် ကြီးမှ မမျှော်လင့်ဘဲ ခွဲခွါ၍ စစ်ကိုင်းတောင်ရိုး၊ သမိ ဒွေါဒယချောင်သို့ ရောက်ခဲ့ရပြန်သော်လည်း ကံကောင်းသဖြင့် သမိဒွေါဒယချောင် တိုက်အုပ်ဆရာကြီးဘုရားနှင့်အတူ တစ်အိုးတည်းစားပြီး တပည့်ချစ်အဖြစ် ခံယူရပြန်ပါသည်ဘုရား။ တပည့်တော် (ပုဏ္ဏမိ)သည် ရှေးနည်းအတူ ဆရာသမားများကို တပည့်ဝတ္တရားမပျက် ဆက်လက်ပြုစု စောင့်ရှောက် နေထိုင်ခဲ့ပါသည်ဘုရား။

တပည့်တော်တို့တတွေ ကံကောင်း ထောက်မသဖြင့် သာသနာတော်ကြီးနဲ့ ကြုံရပြီး မုံရွာမြို့၊ လယ်တီဓမ္မသက သီလရှင်စာသင်တိုက်ကြီးမှာ **“သပ္ပုရိသူပနိဿယ+ ပဏ္ဍိတ သေဝနာ”**ဆိုတဲ့ မင်္ဂလာတရားတော်နှင့်အညီ တိုက်အုပ်ဒေါ်နန္ဒစာရီစတဲ့ ဆရာကြီးများကလည်း **“ထကြွ, နိုးကြား, သနား, သည်းခံ, ဝေဖန်, ထောက်ရှု”**ဟူသော ဘုရားရှင်၏ သိဂါလောဝါဒသုတ်လာ **နာယကဂုဏ် (၆)ပါးနှင့် အပြည့်အဝ ကျင့်သုံး** ထိန်းသိမ်း စောင့်ရှောက်ကြပြီးလျှင် တပည့်များကလည်း တပည့်ဝတ္တရားနှင့်အညီ ကျင့်သုံး လိုက်နာကြလျှင် သာသနာတော် အကျိုးများကို တက်ညီလက်ညီ ဆရာတပည့်တွေ လက်တွဲဆောင်ရွက် ကြခြင်းကြောင့် တပည့်တော်တို့ အားလုံး အဖိုးတန် ပညာရှိသူတော်ကောင်း များဘဝ ရောက်ကြရပါသည်ဘုရား။

**ဓမ္မကိုရှာဖွေကြသူများ “ဓမ္မသက” ဂုဏ်ပုဒ်နှင့်အညီ** မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက်ကြီး၏ အာဒိကမ္မိက တိုက်အုပ်ဆရာကြီး ဒေါ်နန္ဒစာရီမှစ၍ ယနေ့ တိုက်အုပ် ဒေါ်ဓမ္မထေရီတိုင်အောင် ဆရာတပည့် စဉ်ဆက်မပြတ် ပညာရှိ, သူတော်ကောင်းဂုဏ်ကို ဆောင်ကြလျက် ဇွဲ, လုံ့လ, ဝီရိယ, သတ္တိ, ဗျတ္တိတို့ဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြခြင်းကြောင့် ဓမ္မသက စာသင်တိုက်ကြီးသည် နိုင်ငံတော်၌ ဂုဏ်ယူဝင့်ကြွားစရာ ယနေ့တိုင် တိုးတက် စည်ကားနေခြင်း ဖြစ်ပါသည်။

ယနေ့ (၁၃၇၁)ခုနှစ်ဆိုလျှင် သာသနာ့နွယ်ဝင် အမျိုးသမီးသီလရှင် ဆရာလေးပေါင်း (၁၂၀)ကျော်ရှိသည်ဟု သိရပါသည်။ ဓမ္မာစရိယ၊ ပထမကျော် တစ်နိုင်ငံလုံး ပထမငယ် ပထမစ သော ပညာရှင်အကျော် အမော်များလည်း ထွက်ပေါ်ခဲ့ပါသည်။ဓမ္မသကတိုက်ထွက် ထင်ရှားသော တပည့်အကျော်အမော်များလည်း ပေါ်ထွန်းခဲ့ပါသည်။ ယနေ့ ဓမ္မသကတိုက်အုပ် ပဓာနနာယက ဆရာကြီးများမှာ ဒေါ်ဓမ္မထေရီ၊ ဒေါ်တိက္ခဝတီ တို့ဖြစ်၍ စာချဆရာများမှာ ဒေါ်သုမာလာ စသော ဆရာလေးများ ဖြစ်ကြပါသည်။

လွန်ခဲ့သော (၁၂၇၂)ခုနှစ်မှ ယခု (၁၃၇၂) ခုနှစ်အထိ အနှစ်(၁၀၀)တိုင်တိုင် သာသနာ့အာဇာနည်၊ အမျိုးသမီးသီလရှင် သူတော်စင် ဆရာတပည့်စဉ်ဆက် လက်တွဲညီညီဖြင့် သာသနာ့အကျိုး၊ လောကအကျိုးကို သယ်ပိုးရွက်ဆောင်၍ ဓမ္မသက စာသင်တိုက်ကြီး၏ဂုဏ်ကို ထွန်းပြောင် စေပြီးလျှင် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ကာ သမထ, ဝိပဿနာ, ဘာဝနာတို့ကို ပွားများ၍ မြတ်စွာဘုရားရှင်၏ အဆုံးအမတော်များကို လိုက်နာကျင့်သုံး သာသနာပြုကြတဲ့အတွက် တပည့်တော်အနေဖြင့် ကျေးဇူးတင် ဝမ်းသာဂုဏ်ယူ မဆုံးဖြစ်ရပါသည်ဘုရား။

နောက်ပြီး ဆရာတပည့်စဉ်ဆက် လက်တွဲညီညီ လုပ်ကိုင်ဆောင်ရွက်ခဲ့လို့ ဂုဏ်ရောက်တာ၊ ဂုဏ်ရှိတာဖြစ်တယ်၊ တခြားသူက ဂုဏ်ရောက်အောင်လုပ်လို့ ဂုဏ်တောက်တာ မဟုတ်ပါဘူး။ လောကမှာ ဂုဏ်ရှိအောင် ဂုဏ်မဲ့အောင် ကိုယ်ပဲလုပ်တာ ဖြစ်ပါတယ်။ တခြားသူ လုပ်တာမဟုတ်ပါ။ အကြောင်းတရားတွေကို ထူထောင်ခဲ့လို့ အကျိုးတရားတွေ ခံစားရတာပဲ ဒါကြောင့် အမျိုးကောင်းသားအမျိုးကောင်းသမီးတွေဟာ မိမိမှာရှိနေတဲ့ဂုဏ်ကို ဖျက်ဆီးကဲ့ရဲ့ခံရသော်လည်း တုန်လှုပ်ဖွယ်မရှိဘူး၊ ဂုဏ်ယုတ်နိမ့်အောင် ပြောသော်လည်း စိတ်ဆိုးဝမ်းနည်းဖွယ် မရှိသင့်ဘူး၊ ဂုဏ်ရှိသူကို ကဲ့ရဲ့ရှုတ်ချရုံနဲ့ ဂုဏ် မပျက်နိုင်၊ ဂုဏ်မရှိသူကို ချီးမွမ်းမြှောက်ပင့်ပေးနေရုံနဲ့လည်း တကယ်ဂုဏ် အစစ်ကမရဘူး။

ဂုဏ်ဆိုတာ ကဲ့ရဲ့ချီးမွမ်းရုံနဲ့ ဂုဏ်ရောက်လာတာ၊ဂုဏ်မြှောက်လာတာ ဂုဏ်တောက်လာတာ မဟုတ်ဘူး၊ မိမိကိုယ်တိုင် ဂုဏ်ရှိအောင်လုပ်မှ ဂုဏ်မြှောက်တာ၊ ချီးမွမ်းကဲ့ရဲ့မှုကို သိပ်ဂရုမစိုက်ကြနဲ့၊ ချီးမွမ်းကဲ့ရဲ့မှုဆိုတာ လူတိုင်း တွေကြုံရတဲ့ "ဘုရားသော်လည်း မရှောင်လွှဲ" နိုင်တဲ့ ဘဝလောကခံပဲ၊ "ဂုဏောတိ သီလာ ဒယော ဓမ္မာ" (သဒ္ဒနီတိဓာတုမာလာ-၃၀၄ ) ဆိုတဲ့ အဖွင့်စကားအရ "ဂုဏ်"ဆိုတာ ငွေကို ပြောတာမဟုတ်ပါ၊ "သီလ, သမာဓိ, ပညာ" သုံးမျိုးကို ပြောတာပါ၊ သီလ,သမာဓိ ပညာရှိမှ တကယ့်အစစ်ဂုဏ်ဖြစ်တာ တကယ့် အနှစ်ဂုဏ်ဖြစ်တာ ဒီဂုဏ်တွေက ချီးမွမ်းလို့လဲမရဘူး၊ ကဲ့ရဲ့လို့လဲ မပျောက်ပျက်ဘူး၊ ခန္ဓာကိုယ်နှင့်ရင်းပြီး အလုပ်လုပ်ယူမှရတယ်။

လိုရင်းကတော့ သီလဂုဏ် , သမာဓိဂုဏ်, ပညာဂုဏ် ဆိုတာအကျဉ်းချုံးလျှင် ကောင်းမှုကုသိုလ်တွေပဲ၊ ကောင်းမှုကုသိုလ်တွေကိုများများရအောင်ကြိုးစားကြ၊ ကောင်းမှုကုသိုလ်တွေကို များများလုပ်ကိုင်ဆောင်ရွက်မှ ခန္ဓာကိုယ်မှာ ကပ်ထားမှနှလုံးသားမှာတည်ထားမှ တကယ့်အဖိုးတန်တဲ့ အနှစ်ဂုဏ်တွေရှိကြမှာ၊ အနှစ်ဂုဏ်တွေရှိမှ နိဗ္ဗာန်နှင့် မြန်မြန်နီးမယ်၊ မြန်မြန်ရောက်မယ်။ ဒါကြောင့် တိုက်တွန်း အာသီသပြုလိုတာက ကျန်းမာချမ်းသာ၍ သာသနာတော်ကြီးကိုလည်း ဆက်လက်၍ ပြုစုစောင့်ရှောက်နိုင် ကြပါစေကြောင်း၊ ဓမ္မသကစာသင်တိုက်ကြီးလည်း ကြီးပွားတိုးတက်ပါစေကြောင်း မေတ္တာများဖြင့် ထပ်လောင်းပို့သပါသည်ဘုရား။

နောက်ဆုံးကောက်ချက်ချ၍ အထူးအားဖြင့် ရေးသားရပါလျှင် တပည့်တော်တို့ ဓမ္မသကစာသင်တိုက်ကြီး၏ ကြီးပွားတိုးတက်ရေး၊ ဆုတ်ယုတ်ရေးဂုဏ်ရှိရေး၊ ဂုဏ်မဲ့ရေးကိစ္စတို့၌ တပည့်တော်တို့ ဆရာတပည့် အစဉ်အဆက် ပုဂ္ဂိုလ်အားလုံးတို့အပေါ်၌ မူတည်ပါသည်ဘုရား၊ ဓမ္မသကစာသင်တိုက်ကြီး ဂုဏ်ရှိအောင်လည်း တပည့်တော်တို့ ဆရာတပည့် စဉ်ဆက် ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်၊ တိုးတက် စည်ကားအောင်လည်း ဆရာတပည့် စဉ်ဆက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါသည်။ ဆုတ်ယုတ်ပျက်ပြားအောင်လည်း ဆရာတပည့် စဉ်ဆက်လုပ်ကိုင် ဆောင်ရွက်ခဲ့ကြပါသည်။ မိမိတို့ပြုခဲ့ကြတဲ့ အကြောင်းတရားတွေသာ ဖြစ်ပါသည်။ "**ဘယ်သူမပြု မိမိမှုပင်**" ဖြစ်ပါသည်ဘုရား။ ထိုသဘောတရား ဓမ္မသံဝေဂဖြင့် ဓမ္မသကစာသင်တိုက် ဆရာကြီးများ၏ ကျေးဇူးဂုဏ်ကို အာရုံပြုပူဇော်လျက် အောက်ပါ ဗုဒ္ဓရှင်တော်မြတ်၏ အဖိုးတန် ဂါထာစကားရပ်ဖြင့် ဤစာတမ်းကို နိဂုံးအုပ်ပါသည်ဘုရား။

**အတ္တနာ ကုရုတေ လက္ခိံ၊**
**အလက္ခိံ ကုရုတ'တ္တနာ။**
**နဟိ လက္ခိံ အလက္ခိံ ဝါ၊**
**အညော အညဿ ကာရကော။**

(သီရိကာဠကဏ္ဏိပါဠိတော်၊ ဆက္ကနိပါတ်
ဇာတကပါဠိတော်၊ ပ၊ ၁၄၃။)

**(အနက်)** လက္ခီ=ကိုယ်ကျင့်တရားသီလ နှင့် အသိဉာဏ်ပညာကို၊ (ဝါ) ဂုဏ်ကျက် သရေရှိအောင်၊ အတ္တနာ=မိမိကိုယ်တိုင်၊ ကုရုတေ= ပြုလုပ်ဆောင်ရွက်ကြ၏၊ အလက္ခီ= သီလ, ပညာ, ဂုဏ်ကျက်သရေမရှိသည်ကို၊ (ဝါ) ဂုဏ်ကျက် သရေယုတ်အောင်။ အတ္တနာ= မိမိကိုယ်တိုင်၊ ကုရုတေ=ပြု၏၊ ဟိ သစ္စံ=မုချ မသွေ မှန်ပေ၏၊ အညော= တစ်စုံတစ်ယောက်သောသူက။ အညဿ=တစ်စုံတစ်ယောက်၏၊လက္ခီ ဝါ=သီလ,ပညာကျက်သရေ ကိုလည်းကောင်း၊ (ဝါ) ဂုဏ်ရှိအောင် လည်းကောင်း၊ အလက္ခီ ဝါ= သီလ ပညာကျက်သရေမရှိမှုကို လည်းကောင်း၊ (ဝါ) ဂုဏ်ကျက် သရေယုတ်အောင် လည်းကောင်း၊ န ကာရကော=မပြုလုပ်တတ်၊ မပြုလုပ်နိုင်။



**၁။ ဘယ်သူမပြု၊ မိမိမှု၊**
**"ကံ"ဟု ရှေးကဆိုကြပေ။**
**၂။ အကြောင်းကောင်းမှ၊**
**ကံကောင်းရ၊**
**ဂုဏ်က တိုးတက်ဝေ။**
**၃။ ကောင်းဆိုးသတ်မှတ်၊**
**ဂုဏ်နှစ်ရပ်၊**
**ပေါ်တက်လူ့ရွာမြေ။**
**၄။ သီလ, သမာ၊**
**ဓိ,ပညာ၊**
**သုံးဖြာ "ဂုဏ်"မှတ်လေ။**
**၅။ သုံးဖြာဂုဏ်မြတ်၊**
**ကိုယ်မှာကပ်၊**
**ထပ်ထပ်ကြိုးစားလေ။**
**၆။ ဂုဏ်ရှိအောင်လဲ၊**
**မိမိပဲ၊ အမြဲပြုလုပ်နေ။**
**၇။ ဂုဏ်မဲ့အောင်လဲ၊**
**မိမိပဲ၊ အမြဲပြုလုပ်နေ။**
**၈။ ဂုဏ်ရှိလိုငြား၊**
**ပုဂ္ဂိုလ်များ၊**
**ကြိုးစားသိက္ခာဖွေ။**
**၉။ ဤစာတမ်းဖြင့်၊**
**ဂုဏ်ရှိန်မြင့်၊**
**ဆရာသခင့် ပူဇော်ပေ။**

ဤစာတမ်းဖြင့် ဓမ္မသက စာသင်တိုက်ကြီးအားလည်းကောင်း၊ ဆရာသခင်, ကျေးဇူးရှင်တို့အားလည်းကောင်း ကျေးဇူးတုံ့ဆပ် ပူဇော်ပါသည်။

ဆရာများ၏ ကျေးဇူးဂုဏ်ကို
အမြဲပူဇော်လျက်
တပည့်ဖြစ်သူ

**ဒေါ်ပုဏ္ဏာမိ**

**စစ်ကိုင်းတိုင်း သီလရှင်အဖွဲ့ ဥက္ကဋ္ဌ**

-------------



# ထပ်သာထပ်စေ မလပ်စေနှင့်

ဒေါ်သေ့ဝတီ

၁၃၇၁-ခု ဝါခေါင်လပြည့်ကျော် (၁၁) ရက် တနင်္ဂနွေနေ့က ခမ္မေသက သီလရှင်စာသင် တိုက်မှ ဆရာကြီးများဖြစ်ကြသော ဒေါ်စောရီနှင့် ဒေါ်တိက္ခဝတီ, ဒေါ်သုမာလာတို့ သေ့ဝတီသီလရှင်စာသင်တိုက်သို့ မမျှော်လင့်ဘဲရောက်လာ ကြလို့- ဆရာတို့ ဘာကိစ္စရှိလို့ လာကြသလဲလို့-မေးတော့ တပည့်တော်တို့ ခမ္မေသက သီလရှင် စာသင်တိုက် နှစ်တစ်ရာပြည့် အထိမ်းအမှတ် မင်္ဂလာ (ရာပြည့်ပွဲ) ပြုလုပ်မည်ဖြစ်ပါ၍ ဆရာကြီး ဒေါ်သေ့ဝတီ၏ အမှတ်တရစာစောင် ရချင်လို့ပါ-ဟုပြောရှာကြသည်။ ဆရာတို့ရယ်-လယ်တီဆိုတဲ့ ကမ္ဘာကျော်အသံကို ကြားသူတိုင်း စာစောင်ရေးမည် သူတွေ ဒုနဲ့ဒေးပေါမျာမှာပါ။ တပည့်တော်တို့ ရေးစရာ နေရာတောင်ရှိမှာ မဟုတ်ပါဘူး ဟု ပြောတော့ ဒေါ်စောရီနှင့် ဒေါ်တိက္ခဝတီတို့က ဒီလိုလဲ မဟုတ်ပါဘုရား၊ ဆရာကြီး၏ ဩဝါဒ ကထာလောက်မျှ ရေးပေးလျှင်ပင် ကျေနပ်လှပါပြီဘုရားဟု ပြောကြ၍ နေ့စဉ်လိုလိုပင်ဘာများ ရေးရလျှင် ကောင်းမည်လဲဟု စဉ်းစားမိပါသည်၊ ရက်,လတွေသာ ကုန်လာသည်။ စဉ်းစားလိုက်တိုင်း "ထပ်သာ ထပ်စေ မလပ်စေနှင့်" ဆိုတဲ့ ရှေးပညာရှိသူတော် ကောင်းကြီးများ သတိပေး ဆုံးမတာကိုပဲ သတိရနေပါတယ်။

ဒါ့ကြောင့် ကျေးဇူးတော် ဂုဏ်တော်အနန္တ တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ နေ့စဉ် ဩဝါဒပေးတော် မူတဲ့ မနုဿတ္တဘာဝေါ ဒုလ္လဘော- လူ့ဘဝဟာ အလွန်ရခဲတယ်ဆိုတာကိုပဲ လေးလေးနက်နက် သတိပေးချင်ပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ် ကြီးက လက်မရှဲ လက်သည်းဖျားပေါ်မှာ ဖုန်မှုန့်

လေးတင်ပြီး "ချစ်သား ရဟန်းတို့- ငါဘုရားရဲ့ လက်သည်းပေါ်မှာ တင်ထားတဲ့ ဖုန်မှုန့်နှင့်ပထဝီ မြေကြီးမှာရှိတဲ့ ဖုန်မှုန့် ဘယ်ဟာကများသလဲ" လို့ မေးတော်မူတော့- ရဟန်းတော်များက "လက်သည်း ဖျားပေါ်မှာ တင်ထားတဲ့ ဖုန်မှုန့်က ဘာမျှ မပြောပလောက်ပါဘုရား၊ ပထဝီမြေကြီးမှာရှိတဲ့ ဖုန်မှုန့်က အတိုင်းမသိ များပါတယ်ဘုရား"လို့ ဖြေကြားလျှောက်ထားကြတယ်။

ဒီတော့ ဘုရားရှင်က- "အဲဒီအတိုင်းပဲ အပါယ်လေးပါးရောက်နေတဲ့ သတ္တဝါတွေက ပထဝီမြေကြီးမှာရှိတဲ့ ဖုန်မှုန့်လိုပဲ အတိုင်းမသိ များပါတယ်၊ လူ့ပြည်,နတ်ပြည်ဆိုတဲ့ သုဂတိဘုံမှာ ရောက်နေကြတဲ့ သတ္တဝါတွေက အလွန့်အလွန် နည်းတယ်"လို့ မိန့်တော်မူတယ်။

အဲဒါ အသိဉာဏ်နုနေတဲ့ သူတွေကတော့ ဟုတ်နိုင်ပါ့မလားလို့ တွေးစရာပဲ၊ ဒါနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်က လက်ပန်တောင်း ဆရာတော်က စပ်မိစပ်ရာ အမိန့်ရှိဖူးတယ်၊ မဇသု-- ဒီစာသင်တိုက်မှာ သီလရှင်ဦးရေ ဘယ် လောက်ရှိသလဲလို့ မေးတယ်၊ (၅၀)ကျော်ရှိပါ တယ်ဘုရား၊ ကျောင်းဝင်းက ဘယ်လောက် ကျယ် သလဲ၊ ပေ (၂၀၀) ပတ်လည်ရှိပါတယ် ဘုရားလို့ ပြန်လျှောက်တယ်၊ အဲဒီ ကျောင်းဝင်းထဲမှာ ပုရွက်ဆိတ်တွင်း,ခြပုန်းတွင်းတွေရှိသလား။ ရှိပါ တယ်ဘုရား၊ အဲဒီ ပုရွက်ဆိတ်တွင်း, ခြပုန်း တွင်း တွေထဲမှာ ပုရွက်ဆိတ်ဘယ်နှကောင်၊ ခြကောင် တွေဘယ်လောက်ရှိမလဲလို့မေးတော့ မရေမ တွက်နိုင်ပါဘုရားလို့ ပြန်လျှောက်ပါတယ်။

အဲဒါကိုသာ ကြည့်စဉ်းစားပေတော့၊ မြေပေ (၂၀၀)ပတ်လည်ကျယ်တဲ့ ကျောင်းဝင်းကြီးမှာ သုဂတိဘုံရောက်တဲ့သူက (၅၀)ကျော်သာ ရှိတယ်၊ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ ပုရွက်ဆိတ်, ခြကောင်, ကြမ်းပိုးကောင်တွေက ရေတွက်နိုင်ရဲ့လား၊ အဲဒါ မျက်မြင်ပဲ၊ ဒါကြောင့် လူ့ဘဝရောက်သူ ရသူဟာ အလွန်နည်းတယ်ဆိုတာယုံပါ။

ဒီလို အလွန်ရခဲတဲ့ လူ့ဘဝရောက်ပြီး စားမှု, ဝတ်မှု, ကာမဂုဏ်ခံစားမှုတွေနဲ့ အချိန်ကုန် သွားရတာ အလွန်နစ်နာတယ်။

နောက်ပြီး ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော-အရ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးနှင့် ကမ္ဘာ အသင်္ချေကြာသော်လဲ တွေ့ကြုံဖို့ခဲယဉ်းတယ်၊ယခုလို ရခဲတဲ့ လူ့ဘဝလည်းရနေပြီ၊ အလွန်ကြုံခဲတဲ့ ဘုရားသာသနာတော်နှင့်လည်းကြုံကြိုက်ပါလျက် စားဝတ်နေရေး, ကာမဂုဏ်ခံစားရေးဖြင့် အချိန် မကုန်စေကြပဲ (ခွဲတမ်းထား၍) တစ်နေ့မှာ (၂၄) နာရီ ရှိတယ်၊ (၆)နာရီ အိပ်လိုက်စမ်းပါ၊ (၆)နာရီ စားဝတ်နေရေး အချိန်ဖြုန်းလိုက်စမ်းပါ၊ (၈)နာရီ တစ်ဘဝစာ စီးပွားတွေ ရှာလိုက်စမ်းပါ၊ (၄) နာရီ ကျန်သေးတယ်။

အဲဒီ ကျန်တဲ့အချိန်လေးကို သာသနာ တွင်းမှာမှ ရနိုင်တဲ့ သာသနာရဲ့ အနှစ်တွေကို ရအောင် ကြိုးစားကြပါ၊ တပည့်တော်တို့ သီလရှင် များအနေနဲ့ လူလဲဖြစ်ရ၊ ဘုရားသာသနာနှင့်လဲ တွေ့ရ၊ သာသနာ့နွယ်ဝင် သီလရှင် ဘုရားသမီး တော်လည်းဖြစ်ခွင့်ရခြင်းစသည့်စသည့်-- အခွင့် ကောင်းများ ကြုံနေခိုက်မှာ မိမိတို့ စောင့်ထိန်း အပ်သည့် အကျင့်သီလများကို အမွန်ဆုံး အမြတ် ဆုံးဖြစ်အောင် စောင့်ထိန်းကြ၍ ပရိယတ်, ပဋိပတ် သာသနာတော်နှစ်ရပ်ကို စွမ်းအားရှိ သလောက် ကြိုးစားအားထုတ်ကြပါလို့-- အတို ချုပ်အားဖြင့် "ထပ်သာထပ်စေ မလပ်စေနှင့်" စကားအတိုင်း သတိပေးတိုက်တွန်းရင်း နိဂုံးချုပ် ပါသည်။

ဆရာ့ဆရာများ တည်ထောင်ထားခဲ့သော မေမွေသက သီလရှင်စာသင်တိုက်ကြီးကိုလဲ တိုး တက်စည်ပင် ကြီးပွားသည်ထက် ကြီးပွားအောင် ထိန်းသိမ်းစောင့်ရှောက် ဝန်ဆောင်မှုအပြည့် ပေးနိုင်သော မျိုးဆက်သစ်ဆရာကောင်း တပည့် ကောင်းများဖြစ်ကြပါစေရန် ဆုမွန်ကောင်း တောင်းရင်း မေတ္တာပို့သလျက်-

ဒေါ်သေဝတီ



# သီလရှင်အစ ဓမ္မသက

သမီးကျော်ရင်
(ပုပ္ပါး)

ဓမ္မသကသီလရှင် စာသင်တိုက်ကြီးကို ကျေးဇူးရှင်ပထမ လယ်တီဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် ၁၂၇၂-ခုနှစ်-ဒုတိယဆရာတော်ဖြစ်မည့် တိုက်အုပ်နာယက ဆရာတော် ဦးဉာဏောဘာသက မြေနေရာသတ်မှတ် ခွင့်ပြုပေးပြီး စတင်တည်ထောင် ခဲ့ပါသည်။

(ဒုတိယလယ်တီ ဆရာတော် ဦးဉာဏော-ဘာသသည် စာရေးသူ၏ အဘိုးအရင်း ဖြစ်ပါသည်)

"ဓမ္မ သေန္တိ တေသံ့တိ-ဓမ္မသကော ဝိဟာရော-ဟု အဓိကရဏသာဓနဝိဂ္ဂဟပြု၍ သီလရှင်ဆရာကြီး၊ ဆရာလေးများ ပရိတ်စသော သဒ္ဓမ္မသုံးဖြာတို့ကို သင်ယူပို့ချ ကျင့်ကြံအားထုတ်ရာမှီးရာ ကျောင်းတိုက်ကြီးဟု အဓိပ္ပာယ် ရနိုင်ပါသည်။

(ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ် ဝစနတ္ထလည်း ပြုနိုင်၏။)

ယင်းကျောင်းတိုက်ကြီးသည် မုံရွာမြို့ အမျိုးသမီးသာသနာ ထွန်းလင်းဖြစ်ပေါ်လာရာ ပထမဆုံး သီလရှင် စာသင်တိုက်ကြီးဖြစ်ပေသည်။ ထိုစာသင်တိုက်ကြီးကို စစ်ကိုင်းတောင်ရိုး သစ်ဆိမ့်ချောင် ဆရာကြီးဒေါ်ဝဏ္ဏာ၏တပည့် ဧရာဝတီတိုင်း မြောင်းမြမြို့ ကုန်းသာရွာဇာတိဖြစ်သော ဆရာကြီးဒေါ်နန္ဒစာရီ (ခ) ဒေါ်မမကြီး(ခ)ကြီးကြီးက ကြိုးကြာကန်ဇာတိဖြစ်သော ညီမဒေါ်သာရီနှင့် နောက်ပါတပည့် အနည်းငယ် တို့ဖြင့်စတင် တည်ထောင်ခဲ့ပါသည်။

သစ်ဆိမ့်ချောင်ဆရာကြီးဒေါ်ဝဏ္ဏာသည် ပဥ္စမသင်္ဂါယနာတင် ဒါယကာမင်းတုန်းမင်းကြီး ကိုးကွယ်၍ နာမည်ကျော်ကြား ထင်ရှားခဲ့သော ဆရာကင်း၏ တပည့် ဖြစ်ပါသည်။ ဒေါ်နန္ဒစာရီ (ခ)ကြီးကြီးသည် ဒေါ်ဝဏ္ဏာ၏တပည့်ဖြစ်၍ "သီလရှင်အစ မယ်ကင်းက" ဟု ဆိုထိုက်သော ဆရာကင်း၏ မြေးတပည့် တစ်ဦးဖြစ်ပါသည်။ထို့အပြင် ကျေးဇူးရှင်ပထမ လယ်တီဆရာတော်ဘုရားကြီး ဩဝါဒတရားစကားများကို နာယူမှတ်သား ကျင့်သုံးခွင့်ရရှိခဲ့သော ဆရာကြီး ဖြစ်ပါသည်။

## လယ်တီရှင့်ဇာတ်ဝတ်

စာရေးသူသည် ၁၂-နှစ်အရွယ်၌ သီလရှင်ဖြစ်ခဲ့သည်။ လယ်တီကောဝိဒ (ခ)ပုပ္ပါးဦးကျော်ရင်

၏ သမီးရင်းဖြစ်၍ လယ်တီဓမ္မသက စာသင်တိုက်သို့ရှေးဦးစွာ ရောက်ထိုက်၏။ ထိုစဉ်က အဖေ့ညီ ဒဂုန်ဦးစန်းငွေနှင့် အဖေ့တပည့်ရင်း လယ်တီဦးလှပိုင် စသော ပုဂ္ဂိုလ်များက လယ်တီ၌မရှိကြပါ။ အဖေ အသက်ရှိစဉ်က ခေတ်ပျက်ကြီး၌ လူ့ဘောင်ကူးခဲ့ကြပြီ။ သို့ဖြစ်၍ ညောင်ဦးမဟာဝိသုတာရာမတိုက်အုပ် အဘိုးရင်း ဆရာတော်ကြီး၏ အထောက်အပံ့ဖြင့် ဝမ်းကွဲ အဒေါ်ရှိရာ ငှက်ပစ်တောင် သီလရှင်ကျောင်းသို့သာ ရှေးဦးစွာ ရောက်ခဲ့ရ၏။ နောက် နိုင်ငံကျော် ဓမ္မကထိက အဖေကြီးဦးလှသိန်းက ကြိုးကြိုးစားစား အကြိမ်ကြိမ် ခေါ်ယူပို့ဆောင်ပေးခဲ့၍ အသက် ၁၆-နှစ်အရွယ်ရောက်မှ ဖခင်နေထိုင်ခဲ့သော မဟာလယ်တီတိုက်ကြီး အနီးရှိ မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်နန္ဒစာရီ (ခ) ကြိုးကြိုးထံသို့ ရောက်ရှိခဲ့ပါ သည်။

ရှစ်နှစ်တိုင်တိုင် လယ်တီဓမ္မသက သီလရှင်တိုက်၌ နေ၍စာပေများ သင်ယူခဲ့ရပါသည်။ သို့ဖြစ်၍သာ ပထမကျော်ဘွဲ့ လက်မှတ်ယူရန် ရန်ကုန်ရောက်ခိုက် ကမ္ဘာအေးလိုဏ်ဂူတွင်း၌ ဦးလေးဒဂုန်ဦးစန်းငွေ၊ လယ်တီဦးလှပိုင် စသော လယ်တီနွယ်အသိုင်းအဝန်းတို့က အဖေ့သမီး အဖေ့အမွေကိုယူ၍ လယ်တီကေတုဝတီ-ဟု နာမည်တပ်ပေးခဲ့ကြပါသည်။ ဤစာရေးသူ ကလည်း ခုချိန်တိုင် လယ်တီ ကေတုဝတီ နာမည် ကို နှစ်သက်ဝမ်းမြောက်စွာ ခံယူထားပါသည်။

## ကြိုးကြိုးအကြောင်းသိကောင်းစရာ

ဒေါ်နန္ဒစာရီ (ခ) ကြိုးကြိုးသည် တပည့်များအပေါ် အမြဲတမ်း အပြုံးစကားများဖြင့်သာ ဆိုဆုံးမဩဝါဒ ပေးလေ့ရှိပါသည်။ ဘယ်သောအခါမှ ဒေါသအမျက်မထွက်ပါ။ အလွန်နူးညံ့ သိမ်မွေ့သော စိတ်နှလုံးရှိပါသည်။ ထို့ကြောင့်လဲ ညီမဒေါ်သာရီကို ခေါင်းဆောင်ထားကာ စီမံခန့်ခွဲမှုစသည့် ကျောင်းတိုက်တာဝန်များကို ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်သာရီ ကွယ်လွန် ပြီးနောက်မှ ကိုယ်တိုင် အုပ်ချုပ်စီမံဆောင်ရွက်ခဲ့သည်။ စာရေးသူသည် ဒေါ်သာရီကို မမီလိုက်ပါ။ ကြိုးကြိုးကိုသာ တွေ့မီလိုက်ခြင်း ဖြစ်ပါသည်။ ဒါကြောင့်ဩဝါဒ ဆုံးမစကားများကို အမြဲနာကြား ခွင့်ရရှိခဲ့ပါသည်။ ထိုစဉ်က ဒုတိယ တိုက်အုပ်ဖြစ်မည့် ဆရာကြီး ဒေါ်နန္ဒမာလာ (ခ)ဒေါ်နု၊ စာချဆရာကြီး ဒေါ်နန္ဒာရီ၊ ဒေါ်ဧသီရိ (ခ)ဒေါ်ကြည်၊ ဒေါ်ဣန္ဒစာရီ (ခ) ဒေါ်သန်း ပထမကျော်တို့က စာဝါများပို့ချ သင်ကြားပေးကြပါသည်။

(ဒေါ်နန္ဒာရီသည် တည်ပင်တဲရွာဇာတိ၊ ပဥ္စမလယ်တီဆရာတော် ဦးဇဝန၏ အစ်မအရင်းဖြစ်ပါသည်။)

ကြိုးကြိုးသည် စိတ်ကောင်းရှိဖို့ ပထမဆိုသည့် စည်းကမ်းအတိုင်း အမြဲတမ်းဖြောင့်မတ်ကောင်းမြတ်သော စိတ်ဖြင့် တပည့်များအပေါ်မှာ မေတ္တာဓာတ်ကြီးမားခြင်းစသော ဗြဟ္မစိုရ်တရားဖြင့် အုပ်ချုပ်စီမံဆုံးမလေ့ရှိပါသည်။ ဥပုသ်နေ့ညတိုင်း ဘုရားဝတ်တက်ပြီးချိန် "မေတ္တာတရား ဘယ်လက်ရုံးမှာ အမြဲထား၊ ခန္တီတရား ညာလက်ရုံးမှာ အမြဲထား" ၊"သီလံ ယာဝ ဇရာ သာဓု"ဆိုသည့်တိုင်အောင် ကောင်းမြတ်သည့် ကိုယ်ကျင့်သီလကို လုံခြုံအောင် ထိန်းသိမ်းကြပါ" စသည့် ဩဝါဒဆုံးမ စကားများ ပေးလေ့ရှိပါ သည်။ တပည့်ဒကာ-ဒကာမတို့အပေါ် ဆိုဆုံးမ ဩဝါဒ ပေးတိုင်း အကြမ်းမဖက် မေတ္တာဓာတ်သက်သက်ဖြင့်သာ ဆိုဆုံးမလေ့ရှိပါသည်။ ပုတီး အမြဲမပြတ်စိပ်၍ ဘာဝနာတရားပွါးများလေ့ ရှိပါသည်။ ကြိုးကြိုး၏ အဇ္ဈတ္တသန္တာန်၌ သာမန်အားဖြင့် မမြင်တွေ့နိုင်သော သီလသမာဓိ စသော အရည်အသွေးများ အမြဲကိန်းဝပ်လျက် ရှိပါသည်။ ကြိုးကြိုးသည် ၁၃၃၉-ခုနှစ် သက်တော် ၉၀-တွင် တစ်ဘဝခန္ဓာချုပ်ငြိမ်း သွားခဲ့သော်လည်း သူတော်ကောင်း ဓာတ်ဂုဏ်သတင်းမြတ်က ဘယ်တော့မှ ငြိမ်းပျောက် သွားမည် မဟုတ်ပါ။

## ဆရာစဉ်ဆက်များ

ကြိုးကြိုးကွယ်လွန်ပြီးနောက် ဒုတိယ တိုက်အုပ်ဆရာကြီး ဒေါ်နန္ဒမာလာ (ခ)ဒေါ်နု သည် ၁၃၃၉-ခုနှစ်မှစ၍ ၁၃၅၆-ခုနှစ်ထိ လည်းကောင်း၊ တတိယတိုက်အုပ် ဆရာကြီး ဒေါ်ဧသီရိ (ခ) ဒေါ်ကြည်သည် ၁၃၅၆-ခုနှစ်မှစ၍ ၁၃၆၁-ခုနှစ်လည်းကောင်း အုပ်ချုပ်သွားခဲ့ကြပါသည်။ ယခုလက်ရှိ ဒေါ်ဓမ္မထေရီနှင့်ဒေါ်တိက္ခဝတီတို့က စီမံအုပ်ချုပ်နေကြပါသည်။ ဤဆရာနှစ်ပါးတို့ လက်ထက်၌ ခေတ်နှင့်အညီ ဗဟိဒ္ဓဖြစ်သော အဆောက်အအုံများ၊ အဇ္ဈတ္တသန္တာန်ဖြစ်သော ကိုယ်ကျင့်သီလ တရားများ၊ ပညာအရည်အသွေးများ စသည်တိုးတက် အောင်မြင်

မှုများမှာ အံ့သြမဆုံးဖြစ်ပါသည်။ တပည့်လေးတွေကိုလည်း စိတ်ဓာတ်မြင့်မားစေခြင်း၊ ကိုယ်ကျင့်သီလတရားများ ပြည့်စုံစေခြင်း၊ ပညာအဆင့်တိုးတက် စေခြင်းစသည့် သူတော်ကောင်း တရားများရရှိစေရန် ဆိုဆုံးမ ပြုပြင်သင် ကြားပေးနေသည်ကို တွေ့မြင်ရ၍ ဝမ်းသာပီတိ ဖြစ်ရပါသည်။

## စည်းလုံးညီညွတ် အောင်မြင်ကြောင်းပြ

ယခုကဲ့သို့ တိုးတက်အောင်မြင်ခြင်းသည် "သမဂ္ဂါနံ တပေါ သုခေါ"ဟူသော ဒေသနာတော်နှင့် အညီ အားလုံးစည်းလုံး ညီညွတ်မှုကြောင့် ဖြစ်ပါသည်။ ဆရာစဉ်ဆက် ယခုဆရာ နှစ်ပါးလက်ထက်ထိ ကျောင်းတိုက်တိုးတက် စည်ပင်အောင်မြင်မှုများစွာ ရရှိရန် အစစအရာရာ ဝိုင်းဝန်းကူညီစောင့်ရှောက် ဆောင်ရွက် ပေးကြသော ဒေါ်ဇောရီ (မောင်းခမ်း)၊ ဒေါ်စန္ဒစာရီ၊ဒေါ်ကုန္ဒစာရီ၊ဒေါ်စိတ္တဝတီ(ခ)ဒွေး ကြည်၊ ဒေါ်ဇောရီ(ကြောင်ပန်း)စသော ဆရာကြီးများကိုလည်း ခမွေသကတိုက်ကြီး၏ ကျေးဇူးရှင်များ ဟုခေါ်ဆိုထိုက်ပေသည်။

နောက်ထပ် အသစ်ဆရာလေးများ ကိုလည်း ခမွေသကသီလရှင်တိုက်ကြီးအရှည်ခံ၍ တည်တံ့စေရန် စောင့်ရှောက်မှုအတွက် စုစည်းဖွဲ့ထားသည်ဟုသိရပါသည်။ ၎င်းဆရာလေးများကလည်း "သမဂ္ဂါနံ တပေါ သုခေါ" ဟူသော ဒေသနာတော်အတိုင်း ညီညွတ်ချမ်းသာ အောင်ဆောင်ရွက်နိုင်ကြပါစေ။

## သီလရှင်တို့၏ အမှိုင်းအကြောင်း သိကောင်းစရာ

သီလရှင်များကို တချို့ကသာမန် လူတို့နှင့်မထူးဘဲ၊ ရှစ်ပါးသီလဆောက်တည်မှုတစ်ခု သာကွဲပြားသည်ဟု ယူဆပါသည်။ စင်စစ်မှာ သာသနာနွယ်ဝင်သီလရှင်များသည် ဒုလ္လဘတရား ငါးပါးလုံး ရရှိခံစားနိုင်သူများပင် ဖြစ်ပါသည်။ "ပဗ္ဗဇိတ ဘာဝဒုလ္လဘ"ရရှိနိုင်ပုံကို တင်ပြပါဦးမည်။ ပဗ္ဗဇိတဟူသည် မြတ်သောအဖြစ်သို့ ကပ်ရောက်ခြင်း၊ အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်ခွါ၍ အိမ်၏အစီးအပွား လုပ်ငန်းဆောင်တာများကို ပယ်စွန့်ပစ်ကာ မြတ်သော ရသေ့ရဟန်း ပရိဗိုဇ် အဖြစ်သို့ ကပ်ရောက်ခြင်းကို ခေါ်ဆိုရခြင်းဖြစ်၍ ယောကျ်ား မိန်းမ မဟူမည်သူ မဆိုရနိုင်လေသည်။ထို့ကြောင့် ယခုခေတ် အမျိုးသမီးတို့၏ သီလရှင် အဖြစ်သည် "ပဗ္ဗဇိ-တဘာဝဒုလ္လဘ" ကို ရယူခြင်းပင်ဖြစ်၍ စင်စစ်ရနိုင်ခဲ့၊ ဖြစ်နိုင်ခဲ့သော ဘဝကြီးပင်ဖြစ်ပါသည်။

(ပဗ္ဗဇိတဘာဝဒုလ္လဘအဓိပ္ပာယ်ကို ရဝေထွန်း၏ ဘိက္ခုနီသာသနာနှင့် သီလရှင်သမိုင်းမှ ကူးယူတင်ပြပါသည်။)

သီလရှင်များသည် ၈-ပါး, ၉-ပါး, ၁၀-ပါးသီလများကို စောင့်ထိန်းကြရပါသည်။ များသောအားဖြင့် ၈-ပါးသီလကို အမြဲစောင့် ကြရပါသည်။ လူဝတ်ကြောင်များလဲ ရက်ထူးရက်မြတ် နေ့များ၌ ၈-ပါးသီလ စောင့်ထိန်းကြပါသည်။ သို့သော် အသွင်မတူသဖြင့် သီလရှင်တို့၏ ၈-ပါးသီလက အရည်အသွေးမြင့်သည်ဟု ဆိုလိုပါသည်။ သီလရှင်များသည် ဆံပင်မှသော်လည်းကောင်း၊ ဖြူ-နီ-ကြောင်ကျားအဝတ်များ မှလည်းကောင်း ဖြစ်ပေါ်စေတတ်သော သာယာမှုတဏှာ စသည်များ ဘယ်တော့မှမဖြစ်တော့ပါ။အထူးသဖြင့် အဗြဟ္မစရိယ သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းဖြင့် ငါးပါးသီလ ထိန်းသူ လူဝတ်ကြောင် တို့၏ အဆင့်ထက် အများကြီးမြင့် ပါသည်။

သို့ဖြစ်၍ ယရာဝါသအိမ်ကိစ္စနှင့် ကြောင့်ကြပြောထူ လူဖြစ်သောသူနှင့်ယရာရှောင်သန့် ဖန်ရည်စွန်းသော အဝတ်ကိုရုံ၍ ၈-ပါးသီလ အမြဲထိန်းပြီး ဓူရနှစ်ဖြာကျင့်နေကြသော သာသနာ့နွယ်ဝင် သီလရှင် ဖြစ်သော သူတို့သည် လုံးဝမတူနိုင်ပါ။

ခမွေသကသီလရှင် စာသင်တိုက်ကြီးသည် ယခု ၁၃၇၂-ခုနှစ်၌ နှစ်တစ်ရာပြည့်ခဲ့ပေပြီ။ ထိုတိုက်ကြီးမှ ဒေါ်မမကြီး(ခ)ကြီးကြီး၊ဒေါ်သာရီ ဆရာကောင်း၊ သူတော်ကောင်းများ၏ တပည့်ကောင်းများ များပြားစွာဖြစ် ပေါ်စေခဲ့ပါသည်။ နှစ်တစ်ရာမှ နှစ်ရာပေါင်းများစွာ ဆရာတပည့်စဉ်ဆက် အနှစ်မပျက် အရည်အသွေးဖက်ကာ ဆက်လက် ရှင်သန်နိုင်ပါစေ။

ဤစာများကို ဖတ်ရှုကြရသော ဒကာ-ဒကာမအပေါင်းတို့သည် သီလတန်ဆာများ ဆင်မြန်းပြီး မြတ်စွာဘုရား သာသနာ၌ ပရိယတ်, ပဋိပတ် ဓူရနှစ်ဖြာ ကျင့်ကြံ ဆောင်ရွက်နေကြသော တစ်နည်းအားဖြင့် လောဘ,ဒေါသ, မောဟ ကင်းကြောင်းတရားအပေါင်းကို အားထုတ်နေကြသော သီလရှင် ဆရာကြီး ဆရာလေးတို့အား ကြည်ညိုသဒ္ဒါ တိုးပွားကာ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်း ထောက်ပံ့၍ ကုသိုလ်ဒါနများ ရယူနိုင်ကြပါစေ။

အထူးအားဖြင့် မိထွေးတော်ဂေါတမီသည် ဘိက္ခုနီအဖြစ်ကို မြတ်စွာဘုရားထံ သုံးကြိမ်တိုင်

အောင် တောင်းခံသော်လည်း လွယ်ကူစွာ ခွင့်မပြုပါ။ နောက်ဆုံး ရှင်အာနန္ဒာမှ မာတုဂါမ များရဟန်းပြု၍ အားထုတ်လျှင် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပါသလားဘုရားဟု မြတ်စွာဘုရားအား လျှောက်ထားရာ ရနိုင်ပါသည် အာနန္ဒာဟု မိန့်ကြား၍ သို့ဖြစ်လျှင် မြတ်စွာဘုရား အပေါ် ကျေးဇူးများသော မိထွေးတော် ဂေါတမီ အားဘိက္ခုနီ ပြုခွင့်ပေးစေ လိုပါသည်ဟု ပြန်လျှောက် ရာ ဂရုဓမ်ဓ-ပါးလိုက်နာ ကျင့်သုံးနိုင်ပါက ခွင့်ပြု မည်ဟု မိန့်ကြားလိုက် သောအခါ မိထွေးတော် ဂေါတမီမှ ဝမ်းသာအားရ ကျေနပ်စွာဖြင့် လိုက်နာ ကျင့်သုံးပါမည်ဘုရားဟု သားတော်ဘုရားအား ဝန်ခံပြီး ဘိက္ခုနီ ခွင့်ပြုခြင်း အဖြစ်ကို ရယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဒါကြောင့် အမျိုးသမီးလေးများပင် ဖြစ်ကြ သော်လည်း မဂ်ဖိုလ်ရရန် ကြိုးစားရာ၌ ကျား-မ-ဟူ၍ ခွဲခြားခြင်းမရှိခဲ့ပါ။ ကျင့်ကြံအား ထုတ်နိုင်သော ပုဂ္ဂိုလ် သည် အားထုတ်နိုင်သလောက် ရရှိနိုင်ပါသည်။ သီလရှင်များသည် "သံသာရဝဋ္ဋ ဒုက္ခတော မောစ နတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ" ဟုဆို၍ ဝတ်ရုံလာကြသည့် အတိုင်းသံသရာမှ ထွက်မြောက် ရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ကြိုးစားရမည် ဖြစ်ပါသည်။ ကြိုးစားနိုင်ပါစေ။

အဋ္ဌာရသအားလုံးတို့၌ ယောကျ်ားများသာ ပညာရှိသည်မဟုတ်။ မိန်းမများသည်လည်း ထိုထို အရာ၌ မြော်မြင်ပြည့်စုံ၍ ပညာရှိပေ တကားဟု သူခိုးပစ်ချရာချောက်ထိပ်၌ စောင့်ရှောက်နေသော နတ်က ကုဏ္ဍလကေသီအား ကောင်းချီး ပေးခြင်းဖြစ် သော- "န ခေါ သဗ္ဗသု ဌာနေသု၊
ပဏ္ဍိတော ဟောတိ ပုရိသော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊
တတ္ထ တတ္ထ ဝိစက္ခဏော။

ဟူသောဂါထာလာအတိုင်း မိန်းမတို့ စွမ်းရည် များကို နောက်မဆုတ်တမ်း ပြစွမ်းနိုင် ကြရမည် ဖြစ်ပါသည်။ ပြစွမ်းနိုင်ကြပါစေ။

ဤစာများဖြင့် သရီရခန္ဓာချုပ်ငြိမ်း ရုပ် သိမ်းသွားသော်လည်း ချုပ်ပျောက်ခြင်း မရှိနိုင် သောကြီးကြီး၏ သီလ-သမာဓိ သိက္ခာဂုဏ်များအား တတ်စွမ်းသမျှ ကျေးဇူးဆပ် ကန်တော့ လိုက်ရပါ သည်ဘုရား။

**သပိးကျော်ရှင် (ပုပ္ပါး)**



**လယ်တီအရှင်ကေလာသ-၏**
**နိတိစကားပုံများ-မှ**

– မသိတရား
ဘုရားမမြင်၊
နီးပင်နီးငြား
ယူဇနာခြားသို့၊
သိမြင်တရား
ဘုရားတွေ့မြင်၊
ဝေးပင်ဝေးငြား
ဒူးတော်နားသို့။

– သတိမမူက မြူမစင်
ဂူမမြင်နိုင်။
သတိမူမှ မြူစင်
ဂူမြင်နိုင်၏။

# ဘိက္ခုနီ သာသနာ

**ကိုသန်းဇော်**



မြတ်ဗုဒ္ဓသည်ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မိထွေးတော်မဟာပဇာပတိ ဂေါတမီမိဖုရားသည် အိမ်ရာတည်ထောင်သော လူ့ဘောင်ဘဝကို စွန့်ခွါ၍ ရဟန်းပြုခွင့်ပေးရန် သားတော် ဘုရားအား လျှောက်ထား၏။ မြတ်ဗုဒ္ဓက သာသနာ၌ မာတုဂါမတို့ကို ရဟန်းပြုပေးရန် မသင့်လျော် ပြုပေးပါကလည်း ရှည်မြင့်စွာ မစင်ကြယ်နိုင် သဖြင့် ရဟန်းပြုခွင့် မပေးခဲ့။ ကပိလဝတ်ပြည်၌ ရဟန်းပြုခွင့်မရခဲ့သော်လည်း စိတ်ဓာတ်မကျ၊ ရဟန်းပြုခွင့်ရရန် ထပ်မံကြိုးစားပြန်သည်။

မြတ်ဗုဒ္ဓသည် ကပိလဝတ်ပြည်မှ ဝေသာလီပြည် မဟာဝုန်တောအရပ် ကုဋာဂါရအရပ်၌ သီတင်းသုံးတော်မူသည်ကို မိထွေးတော် မဟာ

ပဇာပတိ ဂေါတမီကြားသိလျှင် (ဆေတ္တာသည်) ဆံသသမား တစ်ဦးကိုခေါ်၍ ဆံပင်ကို ရိတ်စေပြီး ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်လျက် ဘုရားသခင်ရှိရာ အရပ်သို့ နောက်လိုက်နောက်ပါ သာကီဝင်မင်းသမီး ငါးရာနှင့်အတူ ခြေလျင် ခရီးဖြင့် သွားခဲ့ရာ ကျောင်းပေါက်ဝတွင် အရှင်အာနန္ဒာ မထေရ်နှင့် တွေ့ပြီး ၎င်းမှတစ်ဆင့် အကြောင်းအကျိုး အလုံးစုံကို လျှောက်ထားရာ ဂရုဓံရှစ်ပါးကို ခံယူခြင်းဖြင့် မိထွေးတော် မဟာပဇာပတိ ဂေါတမီနှင့် သာကီဝင်မင်းသမီးအားလုံးတို့ ဗုဒ္ဓသာသနာတော်၌ အဦးအစ ဘိက္ခုနီရဟန်းမအဖြစ် ဖြစ်ခွင့်ရခဲ့သည်။

ဘိက္ခုနီရဟန်းမဖြစ်ပြီးသော မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် သားတော် ဘုရားသခင်ထံ ချဉ်းကပ် ရှိခိုးပြီး သင့်အပ် လျောက်ပတ်သောနေရာ၌နေ၍ တရားတော်ကို နာယူလျက် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရာ ဦးစွာ အရဟတ္တဖိုလ်သို့ရောက်၏။ ကျန်ဘိက္ခုနီ ရဟန်းမတို့သည် နန္ဒကောဝါဒသုတ်အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်၏။

ထိုအချိန်မှစ၍ မြတ်ဗုဒ္ဓသာသနာကို ကြည်ညိုကြကုန်သော အမျိုးသမီး တို့သည် သာသနာ့ဝန်ထမ်း ဘိက္ခုနီရဟန်းမ အဖြစ်တို့ ခံယူခွင့်ရကြကုန်သည်ဖြစ်၍၊ သာသနာတော်နှင့် ထင်ရှားကျော်ကြားသော အာဇာနည် အမျိုးသမီး အမြောက်အများပေါ်ပေါက်ခဲ့ပြီး ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ၊ ဓမ္မဒိန္နာထေရီ၊ အဂ္ဂသာဝိကာထေရီ၊ မဟာပဇာပတိ ဂေါတမီထေရီ စသော မဟာသာဝိကာ ထေရီမကြီးများနှင့် တိဿာ ထေရီ၊ ဝီရာထေရီ၊ မိရာထေရီ စသော ပကတိသာဝိကာထေရီမများ ထောင်သောင်းမကသော ဘိက္ခုနီသာသနာ၌ စည်ပင်ပြန့်ပွား ထွန်းကား ခဲ့ကြောင်း (ထေရီအပဒါန်က သက်သေပြနေ ပေသည်)။ ထေရီထေရာ အပဒါန်ကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ကဆုန်လ ပြည့် အင်္ဂါနေ့ ညဥ့်ဦးယံ၌ မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်အတွင်း၌ တည်ထောင်ခဲ့ သောဘိက္ခုနီ သာသနာတော်အား ထားခဲ့ပြီး ပရိနိဗ္ဗာန် စံတော်မူခဲ့သည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် တောထွက်သုဘဒ်ရဟန်းကြီးကို အကြောင်းပြု၍ အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ ဦးဆောင်သောမထေရ်မြတ်တို့က သာသနာတော် ပြိုကွဲပျက်စီးမည့် အရေးကို မြင်တော်မူသဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မဝိနယတို့ကို ဖြည့်စွက်ခြင်း နှုတ်ပယ်ခြင်း အလျှင်းပြုတော် မမူဘဲ ရာဇဂြိုဟ်ပြည် ဝေဘာရ တောင်စောင်း၌ အဇာတသတ်မင်း၏ အကူအညီဖြင့် ခုနစ်လတိုင်တိုင် ပထမသင်္ဂါယနာ တင်ခဲ့သည်။ ၎င်းနောက် သာသနာတော် နှစ် (၁၀၀) ဘီစီ (၃၈၃) ခုနှစ်တွင် ဝေသာလီပြည် ဝါဠုကာရုံ ကျောင်း၌ ကာလာသောကမင်း၏ အကူအညီဖြင့် (၈)လတိုင်တိုင် ဒုတိယသင်္ဂါယနာ တင်ခြင်းကို လည်းကောင်း၊ သာသနာတော်နှစ် (၂၃၅)ခု ဘီစီ (၂၄၇)ခုနှစ် တွင် ပါဋလိပုတ်ပြည် အသောကာရာမကျောင်း တိုက်၌ အသောကမင်း၏ အကူအညီဖြင့် ကိုးလတိုင်တိုင် တတိယ သင်္ဂါယနာတင်ခြင်းကို လည်းကောင်း၊ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၌ သုံးကြိမ်တိုင်အောင် သင်္ဂါယနာတင်ပြီး သည်အထိ ဘိက္ခုနီသာသနာ မညိုးမနွမ်း စည်ပင်ပွင့်လန်း ခဲ့ပေသည်။

တတိယသင်္ဂါယနာ တင်ပြီးနောက် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်အမှူးပြုသော တတိယသင်္ဂီတိကာရက မထေရ်မြတ်တို့က သာသနာတော် နောင်ရေးမျှော်တွေးလျက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်ခဲ့ရာ သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒမထေရ် သာသနာပြု ရောက်ခဲ့ပြီး သီဟိုဠ်မင်းသမီးအနုဠာဒေဝီသည် သာသနာကို ကြည်ညိုသဖြင့် နောက်လိုက် သတို့ သမီးတစ်ထောင်နှင့် တကွ

ရဟန်းပြုခဲ့သဖြင့် သီဟိုဠ်ကျွန်း၌ ဘိက္ခုနီသာသနာ နေအရောင် လအရာင်ကဲ့သို့ ထွန်းပြောင် စည်ကား ပွင့်လင်း ခဲ့သည်။

အပရန္တတိုင်းသို့ အရှင်ယောနက ဓမ္မ-ရက္ခိတမထေရ်သာသနာပြုကြွတော်မူခဲ့ရာ ထို ဒေသ၌လည်း အမျိုးသမီး တစ်ထောင်ခန့် ဘိက္ခုနီ ရဟန်းမအသွင်သို့ ကူးပြောင်းခဲ့ကြပြီး သာသနာ ပြုတော်မူကြသည်။ သုဝဏ္ဏဘူမိတိုင်း (သထုံပြည် သို့ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရ မထေရ် တို့ဝင်ရောက်ခဲ့ကြသည်။ သို့သော် သုဝဏ္ဏ ဘူမိတိုင်း (မြန်မာနိုင်ငံ သထုံပြည်) နှင့် အပရန္တတိုင်း (အိန္ဒိယနိုင်ငံမြောက်ဘက် ကမ်းရိုးတမ်း ဒေသ) တို့တွင် ဘိက္ခုနီ သာသနာသည်၊ နှစ်ကာလ ရှည်လျား စွာ တည်တံ့ထွန်းကားသည့် အထောက်အထား မတွေ့ ရ၊ ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ခဲ့သည် ဆိုသော် လည်း သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) နှင့် သုဝဏ္ဏ ဘူမိတိုင်း အပရန္တတိုင်းတို့၌သာ ဘိက္ခုနီ သာသနာ ထင်ရှားရှိခဲ့ သည်ကိုတွေ့ရပြီး ကျန်ခြောက်တိုင်း ခြောက်ဌာနတို့၌ ဘိက္ခုနီသာသနာနှင့် ပတ်သက် သည့် အထောက်အထား စာပေသမိုင်း အမှတ် အသားများ မတွေ့ရသဖြင့် ဘိက္ခုနီ သာသနာရဟန်း မိန်းမများ ထိုစဉ်ကပင် တိမ်မြုပ် ပျောက်ကွယ် နေဟန် တူပါသည်။

ဘိက္ခုနီသာသနာတော် စတင်ဖြစ်ပေါ် လာပြီးသည်မှ စည်ပင်ပြန့်ပွားထွန်းကား နေချိန် တို့ကို သမိုင်းမှတ်တမ်းများအရ သိရှိရသော် လည်း ဘိက္ခုနီ သာသနာ ကွယ်ပျောက် ချိန်တို့ကို အတိအကျ ဖော်ပြထားသော ပိဋကစာပေ ကျမ်းဂန်နှင့် သမိုင်း မှတ်တမ်းများကို မတွေ့ရပေ။သို့သော် သာသနာ တော်နှစ်(၄၀၀)ကျော်ခန့်တွင် သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ကျရောက်ချိန်မှစ၍ ဘိက္ခုနီသာသနာပြု ရဟန်းမိန်း မများအတည်မကျ ရွှေ့ပြောင်းသွားလာ နေထိုင်ကြရာမှ ဘိက္ခုနီ သာသ နာ တစ်စထက် တစ်စ လျော့နည်း မှေးမှိန်လာခဲ့ပြီး

သာသနာနှစ်(၄၅၀) ခု(ဘီစီ-၉၄)ခန့် ဝဋ္ဋဂါမဏိ မင်းကြီးလက်ထက် တိုင်းရေးပြည်ရာ ပြန်လည် ငြိမ်သက်လာချိန်၊ ယင်းမင်း၏ အကူအညီဖြင့် အရှင်ဓမ္မရက္ခိတမထေရ် အမှူးပြုသော ရဟန္တာ ငါးရာ တို့သည် မလယဇနပုဒ်၌ စတုတ္ထသင်္ဂါယနာ တင်ခဲ့ကြ သည်။

ထိုအချိန်က ဘိက္ခုနီသာသနာရှိနေ သေးပြီး ၎င်းနောက်မကြာမြင့်မီကာလတွင် ဘိက္ခုနီ သာသနာ အဆုံးသတ် တိမ်မြုပ် ပျောက်ကွယ်ခဲ့ တော့သည်ဟု ခန့်မှန်း ယူဆမိပါကြောင်း။

ကိုသိန်းဇော်

---



# ရှင်ဘုရင်ပုဆိုး ပိုးလား ချည်လား မေးစရာမလိုသကဲ့သို့ပင်

ဒေါ်မီရဉာဏီ (ရေစကြို)



ရှင်ဘုရင်ဝတ်လာသောပုဆိုး ပိုးလား ချည်လား မေးစရာမလိုပါဟူသော စကားလေးဟာ မှတ်သားစရာ ကောင်းသော စကားလေးမို့ စာရေးသူငယ်စဉ်က မုံရွာမြို့ ဂုဏ်ပြုပွဲအခမ်း အနားတစ်ခုမှာ မြို့မရွှေဂူတိုက် ဆရာတော်ဘုရားကြွလာတော့ မုံရွာမြို့မှာ တာဝန်ကျ တိုင်းပြည်တာဝန်ကို ကျေပွန်အောင် ထမ်း ဆောင်သွားသော ခရိုင်ဝန်မင်း ဦးအုန်းသွင်က မြို့မရွှေဂူတိုက် ဆရာတော်ကြီးရှေ့မှ လက်အုပ် ကလေးချီလျက် ခါးလေးညွတ်ကိုင်းကာ "ဆရာ တော်ဘုရား တပည့်တော်များ ဆောင်ရွက်ထား တဲ့ကိစ္စများကို လိုတာရှိက ဖြည့်စွက်တော်မူပါ ဘုရား၊ ပိုတာရှိရင်လဲ ပယ်ဖျက်တော်မူပါဘုရား" လို့ ရိုသေလေးစားစွာ လျှောက်ထားသောအခါမှာ ဝန်မင်းကြီး ဦးအုန်းသွင်ဟာ မိမိကိုယ်ပိုင် အလှူ မှာဖြစ်စေ၊ ဘာသာရေး ကိစ္စအဝဝ ဆောင်ရွက် ရာမှာပဲဖြစ်စေ ဖိဖိစီးစီး ဆောင်ရွက် တတ်ပြီး စကားပြောရာမှာအစ သိမ်သိမ်မွေ့မွေ့ ရှိတာကြောင့် ဆရာတော်ကြီးက "ဝန်မင်းတို့ ဆောင်ရွက် ထားတဲ့ကိစ္စဟာ ရှင်ဘုရင်ဝတ်လာ တဲ့ ပုဆိုးဟာ ပိုးလား၊ ချည်လား မေးစရာမလိုသလိုပါဘဲ ဝန်မင်း ရယ်"ဟု မိန့်တော်မူသော အသံနှင့် ဝန်မင်းကြီး ဦးအုန်းသွင် လျှောက်ထားနေသော ပုံရိပ်တွေက စာရေးသူကို လယ်တီဆရာလေးများက ရာပြည့် ပွဲအတွက် ဆောင်းပါး ရေးဖို့ရာ တိုက်တွန်းနေ ကြတော့ ဆောင်းပါးဆိုတာ ဘာမှန်းမသိတဲ့သူကို အရေးခိုင်းတော့ တော်တော်အခက်ကြုံနေတဲ့ အချိန်မှာ ဆရာတော်နှင့် ဝန်မင်းလျှောက်ထား မိန့်ကြားတာလေးတွေ အမှတ်ရပြီး မတောက် တခေါက် ဉာဏ်လေးနှင့် လေးကွက်ကြားလေး နင်းပြရဦး မှာပေါ့လေ။

မုံရွာမြို့၊ မဟာလယ်တီ ဓမ္မသကသီလ ရှင် စာသင်တိုက်ကြီးကို တည်ထောင်သွားသူမှာ မုံရွာမြို့နယ် ကြို့ကြာကန်ရွာဇာတိ ဆရာလေး ပြည့်(ခေါ်) ဆရာလေးဒေါ်သာရီ (တပို့တွဲလ ပြည့်နေ့ မွေးဖွားလို့ မပြည့်ဟု အမည်တွင် ပါသည်) အစ်မဝမ်းကွဲတော်သူ ဒေါ်မမကြီး(ခေါ်) ဒေါ်နန္ဒစာရီ

တို့ဖြစ်ကြပါသည်။ ဆရာလေး ဒေါ်သာရီက မမကြီး ခေါ်သောကြောင့် ဒေါ်မမကြီးဟု အမည်တွင်နေပါသည်။ နောက်လူငယ်များက ကြီးကြီး ဟုခေါ်ကြပါသည်။ စစ်ကိုင်းတောင်ရိုး၊ သစ်ဆိမ့်ချောင် ဆရာကြီး ဒေါ်ဝဏ္ဏထံ ပညာသင်ယူပြီး မုံရွာမြို့၊ မဟာလယ်တီတိုက်ကြီး၏ အနောက်မြောက်ဖက် တွင် တိုက်အုပ်ဆရာ တော်ကမြေနေရာ သတ်မှတ် ပေးခဲ့ပြီး မုံရွာမြို့၏ ဦးစွာပထမ ပေါ်ပေါက်လာ ခဲ့သော အမျိုးသမီး သာသနာ၏ အာဒိကမ္မိက သီလရှင် စာသင်တိုက်ကြီး ဖြစ်လာပါသည်။

ဆရာလေးဒေါ်သာရီသည် သီလရှင် စာသင် တိုက်တည်ထောင်စတွင် အသက် ၂၁-နှစ်သာ ရှိပါသေးသည်။ တပည့်များအပေါ် ကြီးမားသော မေတ္တာတရားထားပြီး အစ်မဖြစ်သူ ဒေါ်နန္ဒစာရီနှင့် တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် စည်းကမ်းတကျ အုပ်ချုပ်ခဲ့၏။ အုပ်ချုပ်မှုစည်း ကမ်း ကောင်းပုံကတော့ အနယ်နယ်အရပ်ရပ်မှာ မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက် ဆရာလေးများ၏ သွားပုံလာပုံ မြို့တွင်းမှာ ဆွမ်းဆန်အလှူခံကြွပုံမှအစ သာရေး နာရေး ကိစ္စအဝဝများကို မြင်တွေ့ကြရသော မြင်ကွင်းမှာ ရှင်ဘုရင်ဝတ်လာတဲ့ပုဆိုး ပိုးလား ချည်လား မေးစရာ မလိုသကဲ့သို့ပင် ဖြစ်ပါသည်။ ဆရာလေး ဒေါ်သာရီ၏ တပည့်များအပေါ် အုပ်ချုပ်ပုံ စည်းကမ်းများဟာ ဖြည့်စွက်ပြင်ဆင်စရာ မလို လောက်အောင်ပင် ဖြစ်ပါသည်။ မုံရွာမြို့မှ ဦးကြီးနီ၊ ဇောတိက ဆေးလိပ်ခုံပိုင်ရှင်များ ဖြစ်ကြသော ဒေါ်ကြွေ၊ ဒေါ်မေ၊ ဒေါ်တင်တင် အစရှိတဲ့ ဒါယကာ၊ ဒါယိကာမများကိုလဲ မိမိတပည့်များဟာ မလိမ္မာတဲ့ ကိစ္စများ ရှိခဲ့ရင် မိမိထံသို့ အကြောင်းကြား သတိပေးကြပါဟု တွေ့ကြုံတိုင်း မှာကြား လေ့ရှိ၏။ ရှေးခေတ်က ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာသူတို့၏ သမီးများဖြစ်ကြသော မုံရွာမြို့သူ ဒေါ်ဓမ္မစာရ (ခေါ်)ဆရာနှင်း ဒေါ်သီလာစာရီ (ခေါ်)ဆရာတင်၊ မဟာလယ်တီ ဓမ္မသက သီလရှင်တိုက်ခွဲ၊ အရှေ့လယ်တီ ဓမ္မမေဒနီ စာသင်တိုက်၏ ပဓာန နာယက လောင်းလျာတို့က ဆရာလေးဒေါ်သာရီ၏ သီလ-သမာဓိ-ပညာ ဂုဏ်တို့ကို အလွန်ကြည်ညိုလေးစား၍ ယခု လက်ရှိဘုရားကျောင်း၏ အနောက်တောင်ဘက်မှာ တစ်ထပ်တိုက်လေးဆောက်ပြီး လေးစားစွာ ကိုးကွယ်ထားကြ၏။

ဆရာလေးဒေါ်သာရီသည် တပည့်များ အပေါ်ဆင်းရဲချမ်းသာမရွေး တစ်သားတည်းထား ကာ ပုဂ္ဂိုလ်မျက်နှာ မကြည့်ဘဲ သာသနာ့ မျက်နှာ ကြည့်ပြီး ပြတ်ပြတ်သားသား အုပ်ချုပ်လေ့ရှိ၏။ ရှေးခေတ်က သီလရှင်များသည် ဝတ်စားဆင်ယင်ရာ ဝယ်ဆင်နီပိတ်၊ ဘူးသီးပိတ်စများကို အကောင်းထားပြီး ဝတ်ဆင်ကြ၏။ ပစ္စည်းဥစ္စာ ကြွယ်ဝသူတို့၏ သားသမီးများမှာ ပိုးဖဲကတ္တီပါများကို ဝတ်ဆင်ကြပါသည်။ မုံရွာမြို့သူများ ဖြစ် ကြသော ဒေါ်ဓမ္မစာရီ (ခေါ်) ဆရာနှင်း နှင့် ဒေါ်သီလစာရီ(ခေါ်) ဆရာတင်တို့သည် ပိုးဖဲအကျီ ကိုယ်ရုံတို့ကို ဝတ်စားဆင်ယင်ကြသောအခါ ဆရာလေး ဒေါ်သာရီက လုံးဝခွင့် မပြုခဲ့ပါ၊ ထိုသို့ခွင့်မပြုခြင်းမှာ ပစ္စည်းဥစ္စာ ကြွယ်ဝသော တပည့်များက ပိုက်ဆံတတ်နိုင်၍ ဝယ်ဝတ်လျှင် မရှိနွမ်းပါးသော တပည့်များအတွက် စိတ်ဆင်းရဲမှာစိုးတာက တစ်ကြောင်း၊ အဝတ်အပေါ် သာယာနှစ်သက်မှု တဏှာ လောဘ ဖြစ်မှာစိုးတာက တစ်ကြောင်းကြောင့် အမျှော်အမြင် ကြီးစွာဖြင့် ခွင့်မပြုခဲ့ခြင်း ဖြစ်ပါသည်။ မြို့တွင်းမှာ သာမူနာမူရှိ၍ သွားရလျှင် ဘုရားကျောင်းရှေ့မှာ ငါးပါး တစ်စုရပ်ရပါသည်။ အဲဒီအထဲမှာ အဝတ် နွမ်းပါးသောသူအား သူပိုင်အဝတ်ကို ထုတ်ပေး လေ့ရှိ၏။ ငါးပါးတစ်စုတစ်စု ရပ်ရသော အကြောင်းအရင်းမှာ သီလရှင် ဘယ်၍ဘယ်မျှ လိုက်ပါသည်ဆိုတာကို ရေတွက်ရာ၌ လွယ်ကူ ရန်ဖြစ်ပါသည်။ ဆရာလေး ဒေါ်သာရီသည် တပည့်များနှင့်အတူ ညစဉ် ဘုရားကျောင်းပေါ်သို့ ဘုရားဝတ်တက်လေ့ ရှိရာဝယ် အတိတ်ကံကြမ္မာ ဖန်လာသော ညတစ်ညမှာ ဘုရားကျောင်း လှေကားအဆင်းမှာ ပိုးထိ၍ မွှေဆိပ်များ တက်နေသည်ကို ဘွဲ့အမည်မမှတ်မိ ယခုလူ အမည် အောင်ချမ်းသာရပ်ကွက်နေ ဒေါ်စိန်ရှိမှ ဆရာလေး ဒေါ်သာရီ၏ ခြေထောက်မှ မွှေဆိပ် များကို ပါးစပ်ဖြင့် စုပ်ယူခဲ့ပါသည်။ ဒါပေမဲ့ အတိတ် ဝဋ်ကြွေးပြေး

မလွတ်သော ဆရာလေး ဒေါ်သာရီသည် အသက် ၄၂-နှစ်မှာ ဆုံးပါးခဲ့ရ၏။

ထို့နောက် အမဖြစ်သူ ဒေါ်မမကြီးမှ ဆက်လက်အုပ်ချုပ်ပါသည်။ ဆရာလေး ဒေါ်သာရီက မမကြီးဟု ခေါ်သောကြောင့် တောရောမြို့ပါ ဒေါ်မမကြီးတိုက်ဟု လူသိများကြ၏။ စာရေးသူတို့ကတော့ ကြီးကြီးဟုခေါ်ကြသည်။ ဘွဲ့အမည်မှာ ဒေါ်နန္ဒစာရီဖြစ်ပါသည်။ စနေသမီးပီပီ အုပ်ချုပ်တဲ့နေရာမှာ အလွန်ပြတ်သားပါသည်။ တပည့်များအား ညစဉ် ဘုရားဝတ်တက်ကျောင်းကို လေးစားစွာ မပျက်မကွက်တက်စေပါသည်။ သူကိုယ်တိုင်လည်း အသက်ရှစ်ဆယ်ကျော်အထိ လှေကား (၁၇) ထစ်ရှိသော ဘုရားကျောင်း လှေကားကြီးကို တစ်ထစ်ချင်း ကုန်းတက်ကာ တစ်နေ့နှစ်ကြိမ် အချိန်မှန်မှန် ဘုရားဝတ်တက်လေ့ ရှိပါသည်။ တပည့်များက လိမ့်ကျမည်စိုးရိမ်၍ မတက်ရန် တားမြစ်ကြပေမယ့် မရခဲ့ပါ၊ ဘုရား တန်ခိုးနှင့် ဘာမျှမဖြစ်နိုင်ပါဘူးကွယ်-ဟု ဆို၏၊ မှန်ပါ၏၊ ကြီးကြီး၏ သီလ, သမာဓိ-တန်ခိုး ကြောင့်ပင်ဖြစ်မည်၊ အသက် (၉၀) နှစ်ရောက် သည်အထိ ကြီးကြီး တစ်ယောက် ရောဂါဝေဒနာ ဖြစ်၍ ဆေးရုံ ဆေးခန်းမှာ ကုသရတယ်ဆိုတာမျိုး မဖြစ်ခဲ့ပါ။ ကြီးကြီး၏ ဥပဓိရုပ်ရည်မှာလည်း အမြဲတစေကြည်လင်ရွှင်ပျလျက်နေ၏။ အချိန်ရှိသရွေ့ ဘုရားကျောင်း အောက်ထပ်မှ ခုံတန်းလျားလေး ပေါ်မှာ ထိုင်လျက် ပုတီးစိပ်၊ မေတ္တာပို့နေသော ကြီးကြီး၏ ပုံရိပ်တွေကို စာရေးသူမြင်ယောင်နေမိ၏။

ကြီးကြီးသည် အသက် (၉၁) နှစ်တွင် ဝေဒနာပြင်းပြင်းထန်ထန် မခံစားရဘဲ ကြည်လင်သော မျက်နှာဖြင့် ကွယ်လွန်သွားခဲ့၏။ ထို့နောက် ဒေါ်နန္ဒာမာလာ (ခေါ်) အမေနု၊ ဒေါ်ဇေသီရိ (ခေါ်) ဒေါ်ဒေါ်ကြည်တို့ ညီအစ်မနှစ်ပါး ဆက်လက်၍ အုပ်ချုပ်ခဲ့၏၊ ဆရာကြီး ဒေါ်ဇေသီရိ မရှိသည့်နောက် ဆရာတော်ကြီးနှင့် သီလရှင်များက ညှိနှိုင်း တိုင်ပင်ကြပြီး ယော်ရွယ်သူများဖြစ်ကြသော မဓမ္မထေရီနှင့် မတိက္ခဝတီတို့အား လွှဲအပ် လိုက်ကြ၏၊ မဓမ္မထေရီနှင့်မတိက္ခဝတီတို့ လက်ထက်တွင်လည်း တိုက်တာ အဆောက်အအုံများ၊ စာအောင်သီလရှင်များဖြင့် များစွာ တိုးတက်လျက်ရှိသည်ဟူသော သတင်းကို ကြားသိရသောအခါ စာရေးသူမှာ အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ခဲ့ရ၏၊

မှန်ပါသည်၊ စာရေးသူသည် မိခင် စာသင်တိုက်ကြီးများဖြစ်ကြသော မဟာလယ်တီသို့ မရောက်တာကြာပြီဖြစ်သဖြင့် ရောက်ရှိသွားသောအခါ ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ သာသနာ့အဆောက်အအုံများ၊ ကွန်ကရစ်လမ်းများ ရေတွင်း,ရေကန်များ၊ ဆရာလေးများ၏ စာအံသံများနှင့် ဝေဝေဆာဆာ တိုးတက်နေသည်ကို အံ့ဩဖွယ်ရာ မြင်တွေ့ရပါသည်။

ထို့ထက်အံ့ဩစရာကောင်းသည်မှာ အရင်က တိုက်အုပ်ဆရာတွေ အဆက်ဆက်က ဖြစ်စေချင်တဲ့ ဘုရားကျောင်းကြီး တိုးချဲ့ပြင်ဆင်ရန်ဆန္ဒသည် ယခု ပြည့်ဝနေသောကြောင့် ဖြစ်၏။ ထိုဘုရား ကျောင်းမှာ အလှူအတန်းပြုလုပ်သောအခါ ဧည့်ခံ ကျွေးမွေးရာ အခါများတွင် နေရာထိုင်ခင်း ကျဉ်းနေသည်မှာ မှန်သော်လည်း ဒါယကာ- ဒါယိကာမများအား ဖွင့်ဟ၍ အလှူမခံရဲကြပါ။ ကံနှင့်လူ မပူနှင့် ဆိုတဲ့စကားအတိုင်းပင် မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ ဦးမောင်မောင်ဦး+ဒေါက်တာ ဒေါ်ကြည်ကြည်မာ တို့မှ ဘုရားကျောင်းကြီးကို တိုးချဲ့ပြင်ဆင် ပေးခဲ့ကြသည်။

ဦးမောင်မောင်ဦး + ဒေါက်တာ ဒေါ်ကြည်ကြည်မာတို့ မိသားစုသည် မဟာလယ်တီ ဓမ္မသကသီလရှင် စာသင်တိုက်သို့ သွားလာဝင်ထွက်နေသော ဒါယကာ+ဒါယိကာမများ ဖြစ်ကြ၍ မိတ်ဆွေအပေါင်းအသင်းများအားလည်း အလှူအတန်း ပြုလုပ်တဲ့အခါမှာ ဖိတ်ကြား၍ ဘုရားကျောင်းကြီးပေါ်သို့ ရောက်ဖူးအောင် ပို့ဆောင်ပြီး "ပတ္တိဒါန" (မိမိကုသိုလ်အဖို့ကို သူတစ်ပါးတို့အား အမျှပေးဝေခြင်း) "ပတ္တာနု မောဒနာ" (သူတစ်ပါးတို့၏ ကုသိုလ်မှုကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြု၍ သာဓု ခေါ်ခြင်း) အစရှိတဲ့ ပုညကြိယာ ဝတ္ထုတို့ဖြစ်စေပါသည်။ သဒ္ဓါတရားနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်များဟာ လိုအပ်တဲ့နေရာများကို ဖြည့်စွက်လှူဒါန်း လိုသော ဆန္ဒကပြင်းပြထက်သန်ကြပါသည်။ ကုသိုလ်

ပြုတဲ့အခါမှာ သိန္နောမြင်းကဲ့သို့ လျင်မြန်ရမည်ဟု ဘုရားဟောနှင့်အညီ ဒေါ်စောရီနှင့် အင်ဂျင်နီယာများကို ခေါ်ဆောင်တိုင်ပင်ပြီး မူလ ဆောက်လုပ်ထားသော ဇေတဝန်အမည်နှင့် တစ်ထပ်ကျောင်းဆောင်ပေါ်မှာ မဟာဇေတဝန် အမည်ဖြင့် ဒုတိယ အပေါ်ထပ် လှူဒါန်းထားသည်မှာ ဘုရားကျောင်းတော်ကြီးကို မြင်ရသူတိုင်း ပီတိသောမနဿဖြစ်ကြရ၏။ အလှူရှင်များ သည် မလှူမီပုဗ္ဗစေတနာမှာလဲ ရွှင်လန်းဝမ်းသာ လျက်လှူဆဲမုဉ္စစေတနာမှာလဲ ရွှင်လန်း ဝမ်းသာစွာ လှူဒါန်းခဲ့ကြသည်။ အဆောက်အအုံကြီး ပြီးသွားပြန်တော့လဲ မိမိတို့လှူဒါန်းထားသော ဘုရားကျောင်းပေါ်ရှိ ဘုရားဆင်းတုတော်ရှေ့မှာ ပန်း,ရေချမ်း,ဆီမီးများ ကပ်လှူ ပူဇော်နေတာကို မြင်တွေ့ရသောအခါ စေတနာသုံးတန် ပြတ်သားစွာ လှူဒါန်းခဲ့ကြသော အလှူရှင်များဟု စာရေးသူ ချီးမွမ်းလို့ သာဓုခေါ်မိပါသည်။

ထိုဘုရားကျောင်းကြီးပေါ်မှာပင် ပဓာနနာယကဆရာကြီးများဖြစ်ကြသော ဒေါ်ဓမ္မထေရီနှင့်ဒေါ်တိက္ခဝတီတို့ ချမှတ်ထားသော စည်းကမ်းချက်အတိုင်း နံနက် (၆) နာရီ (၃၀) မှ (၁၀)နာရီအထိ၊ နေ့(၁)နာရီမှ ညနေ (၄)နာရီ အထိ စာအံကျောင်းတက်ကြရပါသည်။ ဆရာကြီး နှစ်ပါးမှ ကြပ်မတ်ပေးပြီး စာချဆရာလေးများအား အလှည့်ကျ စောင့်ရှောက်စေပါသည်။ ထိုဘုရားကျောင်းကြီး ပေါ်မှာပင် ည (၇)နာရီမှ (၈) နာရီအထိ ဆရာကြီး၊ ဆရာလေးများအားလုံး ဘုရားဝတ်ပြုကြပါသည်၊ နွေရာသီစာဝါပိတ်ချိန် (၇)ရက်တရားစခန်းများ၌ တရားအားထုတ်ကြရပါသည်၊ ထို့ကြောင့် ဘုရားကျောင်း အလှူရှင်များသည် အကျိုးကြီးမားသော သာသနာ့အ ဆောက်အအုံကို လှူဒါန်းသူများဟု စာရေးသူ ဆိုချင်ပါသည်၊

ဒါယကာ,ဒါယိကာမများဘက်က တာဝန်ကျေကြသလို ဆရာကြီး၊ ဆရာလေးများဘက်မှာလည်း ဂန္ထဓူရ, ဝိပဿနာဓူရနှစ်ဖြာကို ကြိုးစားအားထုတ်လာခဲ့ကြရာ တစ်နှစ်ထက် တစ်နှစ်တိုးတက်လျက် အစစအရာရာ လိုလေသေးမရှိအောင် ပြည့်စုံနေပုံမှာ ဒေါ်ဓမ္မထေရီ နှင့် ဒေါ်တိက္ခဝတီတို့၏ အတိတ်က သူတို့မြုပ်နှံခဲ့ကြသောရတနာအိုးများ အလွယ်တကူသုံးစွဲ နေပုံနှင့် တူလှပါသည်။

ကဿပဘုရားရှင် လက်ထက်တော်အခါတုန်းက အမျိုးအမည်အားဖြင့် မထင်ရှားသော ဓမ္မဒိန္နာလောင်းလျာ အမျိုးသမီးလေးနှင့် ဥပမာပေးရလိမ့်မည်။ အဆိုပါ အမျိုးသမီးလေးသည် သူ့အတွက် ဝေစုရသော မုန့်ကြွမ်းလေး တစ်ခုကို ဆာလောင်မွတ်သိပ်သောအခါ စားသောက်ရန်အတွက် ယူဆောင်ပြီး ရေအိုးလေး ခေါင်းပေါ်တင်လျက် ရေခပ်ထွက် လာတဲ့ အချိန်မှာ မမျှော်လင့်ဘဲ ကဿပဘုရားရှင်၏ လက်ယာတော်ရံ အရှင်သုဇာတမထေရ်မြတ်ကြီး ဆွမ်းခံ ကြွလာတော်မူသော အချိန်နှင့်တွေ့ကြုံနေပါသည်၊ အမျိုးသမီးလေး သတိပြုလိုက်မိသည်မှာ ဪ- ငါ့မှာ အတိတ်ဘဝက အလှူဒါနနည်းခဲ့လို့ ယခုဘဝ ဆင်းရဲနွမ်းပါးတဲ့ဘဝကို ရောက်နေရတယ်။ ဒီလို မထေရ်ကြီးနဲ့ တွေ့ကြုံဖို့ဆိုတာ အလွန်ခဲယဉ်းလှပါတယ်၊ ငါ့ဘဝမှာ တတ်နိုင်တဲ့ ကုသိုလ်ဒါနကို ငါရအောင် ယူမယ်။ဒီမုန့်လေး ကို မလှူဘဲ ငါစားလိုက်ရင် ဒီနံနက်ခင်း အချိန်လေးမှာ ငါဗိုက်ဝမယ်၊ ဆာလောင်မွတ်သိပ်မှုကို သည်းခံပြီး လှူလိုက်ရင် ဘဝသံသရာမှာ ဆင်းရဲနွမ်းပါးသောဘဝမှ လွှတ်မြောက်နိုင်မယ်၊ ငါမစားဘဲ မထေရ်မြတ်ကြီး အား လှူဒါန်းလိုက်တာက မွန်မြတ်တဲ့ ကုသိုလ်ပဲဟု ဆုံးဖြတ်ပြီးလျှင် စေတနာထက်သန်စွာဖြင့် ရိုရိုသေသေ လှူဒါန်းလိုက်ပါသည်၊

အရှင်သုဇာတ မထေရ်မြတ်ကြီးကလည်း ဆင်းရဲသူမလေးရဲ့ အလှူကို ကြည်ဖြူစွာ အလှူခံတော်မူပြီး အားရပါးရဘုဉ်းပေးတော်မူပါသည်၊ သူ့ရှေ့တွင် မထေရ်မြတ်ကြီးက မွန်မွန်မြတ်မြတ် ဘုဉ်းပေးနေတာကို မြင်လိုက်ရတော့ ဆင်းရဲသူမလေးရဲ့ စိတ်မှာ သဒ္ဓါတရားတွေတိုးပွားလျက် ဪ. . . ငါလှူဒါန်းလိုက်တဲ့ မုန့်လေးတစ်ခုနဲ့ မထေရ်မြတ်ကြီး အားရ တင်းတိမ်မှာ မဟုတ်ဘူး၊ ငါ ဆွမ်းကပ်ချင်လိုက်တာဆိုပြီး ဆင်းရဲသူမလေးရဲ့ သဏ္ဌာန်မှာ

သတိသံဝရ၊ ဝီရိယသံဝရ၊ ခန္တီသံဝရ၊ ဉာဏသံဝရ-ဟူသော သံဝရ ၄-ပါးနှင့် ပြည့်စုံလျက် မိမိတဲအိမ်လေး အတွင်းမှာ မထေရ်မြတ်ကြီးအား ပင့်ဆောင်လျက် ဆွမ်းတစ်ထပ် လှူဒါန်းဆက်ကပ်လိုက်ပါသည်။

သူ့ရဲ့အရှင်သခင် သူဌေးကြီးက မြင်လိုက်ရတော့ ဝမ်းမြောက် ဝမ်းသာဖြစ်လျက် သူ့ရဲ့ ဇနီးသူဌေးကတော်ကို ခေါ်ပြပြီးလျှင် ရှင်မရေ ဟိုမှာကြည့်စမ်း ရွှေထုပ်တဲ့ မြပဝါလိုပဲ လူကသာဆင်းရဲသူ အောက်တန်းစားဘဝ ဖြစ်ပေမယ့် သူ့ရဲ့ သဒ္ဓါတရားက အထက်တန်းကျတယ်နော်။ သဒ္ဓါသူဌေးမလေးကို သူ့ရဲ့ မွန်မြတ်လှတဲ့ စေတနာကို တန်ဖိုးထားပြီး ငါတို့ရဲ့ သားရတနာနဲ့ ထိမ်းမြားပေး ရအောင်လို့ တိုင်ပင်ပြီး လက်ထပ်ပေး လိုက်ကြတယ်။ သူဌေး၏ ချွေးမဖြစ်လာသောအခါမှာ ဘုရားကျောင်းတော်မှာ ကိုယ်တိုင် သွားရောက်၍ စိတ်တိုင်းကျ လှူဒါန်းနိုင်ခွင့် ရလာပါတော့တယ်။

တရားနာ သွားရောက်သော နေ့တစ်နေ့မှာ တရားဟောကောင်းသော ဘိက္ခုနီမ တစ်ပါးကို ကဿပဘုရားရှင်က ဧတဒဂ်ဘွဲ့ ပေးတော်မူတာနှင့်ကြုံတွေ့လိုက် ရသောအခါ သူ့ရဲ့စိတ်ထဲမှာ ထိုဘိက္ခုနီမကဲ့သို့ တရားဟောဘွဲ့ထူးရ ဘိက္ခုနီမ ဖြစ်လိုသောဆန္ဒ ပြင်းပြလာသဖြင့် အရှင်သုဇာတ မထေရ်ထံ လျှောက်ထားတိုင်ပင်ပြီး ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းသင်္ကန်းစသည်တို့ကို ဆက်ကပ်လှူဒါန်းပြီး ဆုတောင်းခဲ့၏၊ ကဿပ ဘုရားရှင်က နောင်ပွင့်လတ္တံ့သော ဂေါတမဘုရားရှင် လက်ထက်တော်မှာ ဓမ္မဒိန္နာ အမည်ရှိသော ဘိက္ခုနီမဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလိုက်၏။

အမျိုးသမီးလေး သည်ယနေ့နက်ဖြန်ဖြစ်တော့မလို ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် နေ့စဉ်နှင့်အမျှ ကုသိုလ်တရားနှင့်သာ အချိန်ကုန်စေ၍ သက်တမ်းစေ့နေပြီးလျှင် လူပြည် နတ်ပြည် တို့၌ ကျင်လည်ကာ နောက်ဆုံးဘဝတွင် ရာဇ ဂြိုဟ်ပြည်၌ ဓမ္မဒိန္နာအမည်ဖြင့် သူဌေးသမီးဖြစ်လာ ခဲ့၏။ အရွယ်ရောက်သောအခါ ဝိသာခသူဌေးနှင့် လက်ထပ်ပြီး လောကီစည်းစိမ်ကို လိုလေသေး မရှိအောင် ခံစားပြီးလျှင် တရားထူး တရားမြတ်ရရှိ၍ ပြန်လာသော အရှင်သခင် ယောက်ျားကို အတုယူကာ ဝိသာခအထံ၌ ခွင့်တောင်းပြီးလျှင် ဘိက္ခုနီမဝတ်တဲ့အချိန်မှစ၍ သာသနာ့ဘောင်မှာ ပစ္စည်း (၄)ပါး နှင့် ပတ်သက်၍ မပင်ပန်းခဲ့ပါ။

ကဿပဘုရားရှင်လက်ထက် အရှင်သုဇာတ မထေရ်မြတ်ကြီးအား လှူဒါန်းခဲ့သော မုန့်လေး တစ်ခုကောင်းမှုကြောင့် ဒါယကာ၊ ဒါယိ ကာမများ လှူဒါန်းကြသော ပစ္စည်းဥစ္စာများသည် သိမ်းလို့ မကုန်နိုင်အောင် ပေါများလှ၏။ သူဖြစ်လိုသော တရားဟောဘွဲ့ထူးကို လည်း ရရှိခဲ့၏၊ တရားဟော၍ ရရှိလာသော ပစ္စည်းဥစ္စာများကိုလည်း ကိုယ်ပိုင် ပစ္စည်းအနေနှင့် သိမ်းဆည်းစု ဆောင်းမထားဘဲ သီတင်းသုံးဖော် ဘိက္ခုနီမများအား ပစ္စည်းလေးပါး အတွက် မပင်ပန်းရလေအောင် စောင့်ရှောက် လှူဒါန်းပြီး ဘိက္ခုနီသာသနာကို တိုးတက်ပြန့်ပွားအောင် သာသနာပြုသွားခဲ့၏။

ရှေးသူတော်ကောင်းများ၏လမ်းစဉ်ကို အတုယူလျက် ဒေါ်မမ္မထေရီနှင့်ဒေါ်တိက္ခဝတီ တို့သည် မိမိတို့၏ အတိတ်ဘဝက ပြုခဲ့ကြသော ကုသိုလ်ကောင်းမှုများ အကျိုးပေးချိန်တန်သဖြင့် တိုက်တာအတွက် အဘက်ဘက်မှ ပြည့်စုံလာ ချိန်ဝယ် မိမိတို့၏ တပည့်များကိုလည်း ပစ္စည်းလေးပါး မပင်ပန်းစေရန် အဖက်ဖက်မှ စောင့်ရှောက်ခဲ့ကြ၏။ နှစ်စဉ်စာအောင် တပည့်များကို ဆုပေးခြင်း၊ ဝတ်စုံလှူဒါန်းခြင်း၊ ဓမ္မာစရိယတန်း ဆရာလေးများအား မန္တလေးမြို့သို့ စာသင်သွားရန် အတွက် နေရာဌာန လိုအပ်သောပစ္စည်းများ အစားအသောက်မှအစ စိတ်ချမ်းသာစွာ ပညာ သင်ကြားနိုင်ရန်အတွက် လှူဒါန်း ထောက်ပံ့ပေးခြင်း များကို ပြုလုပ်ခဲ့ကြ၏။



ဤကဲ့သို့ ရှေးသူတော်ကောင်းများ၏ လမ်းစဉ်ကို အတုယူလျက် သာသနာပြုခဲ့ကြသော ဒေါ်မမ္မထေရီနှင့် ဒေါ်တိက္ခဝတီတို့သည်လည်း နောင်ပွင့်တော်မူမည့် တစ်ဆူသောဘုရားရှင်၏ သာသနာမှာ ဧတဒဂ်ဘွဲ့ထူးဆွတ်ခူးနိုင်ကြ ပါစေ ဟု စာရေးသူမှ ဆုတောင်းလျက် ရာပြည့်ပွဲတော် အထိမ်းအမှတ်ဖြင့် မဟာလယ်တီ ဓမ္မသက စာသင်တိုက်ကြီး၏ ဆရာအဆက်ဆက်တို့အား စာရေးသူဉာဏ်ရှိသလောက် ဤဆောင်းပါး လေးဖြင့် ကျေးဇူးဆပ်လိုက်ရပါတော့သည်။

ဒေါ်မိရဉာဏီ(ရေစကြို)

## ၁၃၆၉-ခု၊ (၂၀၀၇)ခုနှစ် မုံရွာမြို့နယ်၊ သီလရှင်ပေါင်း

| ရပ်/ကျေး | ကျောင်း | အပါးရေ | မှတ်ချက် |
|---|---|---|---|
| လယ်တီရပ် | ၇ | ၃၀၁ | |
| ချမ်းမြသာစည် | ၁ | ၉၂ | |
| ရန်ကင်းရပ် | ၁ | ၇၉ | |
| မြဝတီရပ် | ၁ | ၂၁ | |
| နန်းဝန်ရပ် | ၄ | ၁၀၄ | |
| ရတနာပုံရပ် | ၁ | ၂၉ | |
| စက်မှုဇုန်ရပ် | ၂ | ၃၇ | |
| အောင်ချမ်းသာ | ၃ | ၅၆ | |
| သလ္လာရပ် | ၅ | ၂၇ | |
| အလုံရပ် | ၂ | ၇ | |
| အင်တိုင်းရွာ | ၁ | ၆ | |
| ရွာတုံရွာ | ၁ | ၂ | |
| ကျောက ၇(မ) | ၁ | ၇ | |
| ကြီးအုပ်ရွာ | ၁ | ၃ | ရွှေမြင်တင်တောင် |
| မြေနဲရွာ | ၁ | ၁၂၁ | မိုးညှင်းသမ္ဗုဒ္ဓေ |
| စုစုပေါင်း | ၃၂ | ၉၀၉ | မြို့မ+ကျေးရွာ |

# လယ်တီ အရှင်ကေလာသ-၏ နိတိမှတ်တမ်းလွှာ-မှ

## ပညာရှင်တို့ သွန်သင်ခဲ့သော်

အသ္မာပိ ယာတိ ဒေဝတံ၊
မဟတ္တိ သုပ္ပတိဋ္ဌိတော။

### အဓိပ္ပာယ် အနှစ်ချုပ်

* ကျောက်တုံး ကျောက်ခဲ၊
တောမြိုင်ထဲ၊
တည်ဆဲ ရှိနေစဉ်။

* မည်သူတစ်စု၊
လေးဂရု၊
မပြုနေကြအင်။

* ပန်းပုတတ်ရှင်၊
နတ်ရုပ်သွင်၊
တီထွင်ထုလုပ်လျှင်။

* မြင်သူအများ၊
ရိုညွတ်တွား၊
လေးစား ထွတ်မြတ်တင်။

* ပညာမဲ့ပြား၊
တောတွင်းဖွား၊
တောသားသူငယ်ရှင်။

* ဆုံးမပဲ့ပြင်၊
ပညာရှင်၊
သွန်သင်ပေးခဲ့လျှင်။

* ပညာမြင်တတ်၊
ဂုဏ်သကတ်၊
ပြည့်လတ် ခေါင်ထွတ်တင်။



# သင်္ခါရည်မျှော် ပါရမီတော်ဖြည့် ဝတ်စုံဒါနကုသလ

ဒေါ်မြင့်မြင့်သိ

စာရေးသူသည် မုံရွာမြို့၊ မဟာလယ်တီ ဓမ္မသက သီလရှင် ပရိယတ္တိစာသင်တိုက် အတွင်းရှိ စိန်မြန်မာကျောင်းသို့ ၁၉၈၅-ခုနှစ်တွင် စတင်ရောက်ရှိခဲ့သည်။ ထိုအချိန်မှစ၍ ပရိယတ္တိ စာသင်တိုက်အတွင်းရှိ စိန်မြန်မာကျောင်းနှင့် အခြားသောကျောင်း (၃၂)ကျောင်း၏ လိုအပ်သော ပစ္စည်းလေးပါးတို့ကို ထိုက်သင့်သလို လှူဒါန်းခဲ့ပါသည်။

လှူဒါန်းနေရင်းဖြင့်ပင် အချိန်မှာ၂၀၀၂-ခုနှစ်၊ နှစ်ဦးပိုင်းသို့ရောက်ရှိလာခဲ့ပြီးဖြစ်ပါသည်။ ကာလအားဖြင့် ရေတွက်သော် ၁၇-နှစ်ထဲသို့ ဝင်ရောက်ခဲ့လေပြီ။ ၎င်းကုန်လွန်ခဲ့သော အချိန် များ၌ သီလရှင်ဆရာလေးများ ကျင်လည်ရသော ဓမ္မခရီးအပေါ် စာရေးသူ အနေဖြင့် ထဲထဲဝင်ဝင် မလေ့လာမိခဲ့ကြောင်း ရိုးသားစွာ ဝန်ခံမိပါသည်။ အကြောင်းအားလျော်စွာ ၂၀၀၂-ခုနှစ်၊ နှစ်ဦးပိုင်းသို့ ရောက်မှပင် စိန်မြန်မာကျောင်း၏ နောက်ကျောဘက်ရှိ ကျောင်းမှ ၁၃-နှစ်ခန့်အရွယ်ရှိ သီလရှင် ဆရာလေးတစ်ပါးနှင့် စာရေးသူ ဆုံတွေ့ခဲ့မိပါသည်။ သီလရှင်ငယ်လေးမှာ စာရေးသူ မြင်တွေ့စဉ်အချိန်၌ အလှူခံ၍ ရရှိလာသောဆန်ကို သန့်စင်ခွဲခြမ်းနေပါသည်။

အမှတ်မထင်မြင်တွေ့ရသည့် ဤမြင်ကွင်းအပေါ် ဂရုပြုစူးစမ်းမှုနှင့်အတူစာရေးသူမှ သီလရှင်ငယ်လေးအား ပဋိသန္ထာရစကားဖြင့် မေးမြန်းလိုက်ပါသည်။

စာရေးသူ- ဆရာလေး ဘာဖြစ်လို့ဆန်ကိုလေးပုံခွဲကြည့်နေတာလဲ။

ဆရာလေး- စာရေးသူအား မော့ကြည့် ရင်း "တစ်ပုံကစားဖို့၊ တစ်ပုံကစာအုပ်ဝယ်ဖို့၊ တစ်ပုံကဝတ်စုံဝယ်ဖို့၊ တစ်ပုံကတော့ အလှူ အတန်းပြုတဲ့အခါထည့်ဝင်ဖို့"ပါ-ဟု ဖြေဆိုခဲ့လေသည်။

ဆရာလေး၏ဖြေဆိုစကားကို ကြားရတော့စာရေးသူအလွန်တွေဝေသွားခဲ့ပါသည်။ ဆန်ကိုလေးပုံ၍ ခွဲခြမ်းစိတ်ဖြာနေသော ဆရာလေး၏မြင်ကွင်းအား စာရေးသူ၏ အတွေးပုံရိပ်ဝယ် ယနေ့တိုင် မြင်ယောင်နေဆဲ။

စာရေးသူမှာ ဆက်လက် မေးမြန်းခဲ့ ပြန်ရာ-

စာရေးသူ-ဆရာလေးတစ်ပတ်နဲ့ တစ်ပတ်လှူခံရတာလောက်မှုရှိရဲ့လား၊ စာသင်ကြားမှုနဲ့ နေရထိုင်ရတာ အဆင်ပြေမှုရှိရဲ့လား။

ဆရာလေး- မလောက်ပေါ်ဘူး ဒကာမကြီး။

စာရေးသူ- ဒါဖြင့် လောက်အောင် ဆရာလေး ဘယ်လိုဖြေရှင်းခဲ့ပါသလဲ။

ဆရာလေး- အတူနေဆရာလေးများနဲ့ တိုက်အတွင်းရှိဆရာကြီးများက ဖြည့်ဆည်းပေးပါတယ်။

မိဘ၊ မောင်များမှ ထောက်ပံ့နိုင်ခြင်း မရှိကြောင်းကိုလည်း ဆက်လက်ပြောပြလာပါသည်။

ဒီလိုကြားလိုက်ရတဲ့ အချိန်တို ကာလအတွင်းမှာပင် သီလရှင်များ၏ ပရိယတ္တိစာပေ သင်ကြားရေး ဓမ္မခရီးကို လေးနက်စွာတွေးရင်း စာရေးသူ စိန်မြန်မာ ကျောင်းအတွင်း ဝင်ခဲ့မိပါသည်။ ကျောင်းတိုက်အတွင်းရှိ ဆရာလေး ဒေါ်ဧစာရီအား တွေ့သောအခါ မကြာမီအချိန်က တွေ့ရှိသိကြုံခဲ့ရသည့် သီလရှင်ငယ်လေးအကြောင်းအား ပြောပြရင်း စာရေးသူငယ်စဉ်က မလောက်မငနဲ့ ကျောင်းနေခဲ့ရပုံကိုပါ ဆက်စပ် ပြောခဲ့မိပါသည်။

ဆရာလေးဒေါ်ဧစာရီနှင့် စကားပြော ဆိုစဉ်အချိန်အတွင်း စာရေးသူခိုင်မာသော သန္နိဋ္ဌာန်ကိုလည်း ချခဲ့မိပါတယ်။ စာရေးသူမှ ဆရာလေးဒေါ်ဧစာရီအား ဆရာလေး တပည့်တော် ဗုဒ္ဓသာသနာတော်ရဲ့ အရေး ပရိယတ္တိစာဝါ လိုက်နေတဲ့ ဓမ္မသက သီလရှင်ဆရာလေးများအတွက် ကူညီထောက်ပံ့ပါမယ်။ တပည့်တော် တစ်အားနဲ့မရရင် အများနဲ့ စွမ်းဆောင်နိုင်အောင် ကြိုးစားပါမယ်။ တပည့်တော်ကိုအကြံပေးပါ။

ဆရာလေးဒေါ်ဧစာရီက ဒါဖြင့် ဒကာမကြီး သီလရှင်ဆရာလေးများတစ်ကိုယ်ဝတ်စုံ တစ်စုံစီပုံမှန်ရနေမယ်ဆိုရင် ဝတ်စုံအတွက် ကြောင့်ကြစိုက်မှု လျော့ပါးမှာဖြစ်လို့ ပရိယတ္တိစာပေ သင်ကြားရေးနဲ့ အခြားပြုဖွယ် ကိစ္စတွေကိုပါ ဖြေရှင်းပြီးသား ဖြစ်တာပေါ့-ဟု အကြံပြုလာပါတယ်။

စာရေးသူမှ ဒါဖြင့် သီလရှင်ဝတ်စုံ အကောင်းစားချည်းမဟုတ်တောင် အလတ်စားတစ်စုံကို ဘယ်လောက်နဲ့ အလှူခံရင် ကောင်းမလဲ-ဟု မေးမြန်းရာ ဆရာလေးဒေါ်ဧစာရီက အဲဒီအချိန်က ၂၂၀၀ိ/ဆိုလျှင် လုံလောက်ပြီ-ဟု ပြောခဲ့ပါသည်။ ဓမ္မသက ပရိယတ္တိသီလရှင် စာသင်တိုက်မှာ ဝါဆိုသီလရှင်ပေါင်း ၁၂၀-၍ ဝတ်စုံပေါင်း ၁၂၀-ကို စာရေးသူအနေ ဖြင့် အလှူခံရမည်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် သီလရှင်စာသင်တိုက်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ အစနေ့မှာပင် သီလရှင် ဝတ်စုံလှူပွဲကို ကျင်းပချင်ပါသည်ဟု ဆရာလေးဒေါ်ဧစာရီက ပြောကြားလာပါသည်။

ဒီလိုဆိုရင် ဝတ်စုံတစ်စုံကို ၂၀၀၀ိ/ဖြင့် အလှူခံမည်ဖြစ်ကြောင်း ဆရာလေး ဒေါ်ဧစာရီအား လျှောက်ထားခဲ့ပြီး ၂၀၀၂-ခုနှစ်၊ နှစ်ဦးမှာပင် စာရေးသူ စတင်အလှူခံခဲ့ပါသည်။

စာရေးသူသည် နေ့စဉ်ဆိုင်ကယ်တစ်စီး ဖြင့် လှည့်လည်အလှူခံခဲ့ရာ ခါတ်ဆီထည့် နေကျဆိုင်ကပင် ဘာဖြစ်လို့ ခါတ်ဆီကို တစ်ရက်ခြားလာထည့်နေတာလဲ-ဟု မေးလာပါသည်။ သီလရှင်ဆရာလေးများ အတွက် ဝတ်စုံအလှူခံ ထွက်နေကြောင်း ပြောပြရာ ဒါဆို ကျွန်တော်တို့လည်း လှူရတာပေါ့-ဟု ပြောပြီး ဝတ်စုံ ၅-စုံစာ လှူဒါန်းခဲ့ပါသေးသည်။ အလှူခံစဉ် ကာလအခက်အခဲများ ကြားမှပင် စာရေးသူ၏သူငယ်ချင်း ဆရာမများအား လှူဒါန်းရန် တိုက်တွန်းခဲ့ပုံကို စာရှုသူဓမ္မ မိတ်ဆွေများအား တင်ပြလိုပါသည်။

သူငယ်ချင်းတို့တစ်နှစ်စာဝတ်စုံကို ဘယ်နှစုံဝယ်ဝတ်သလဲ၊ ၅-စုံဝယ်ဝတ်ရင် ဒီနှစ်တော့ ၄-စုံပဲဝယ်ဝတ်ပါ၊ တစ်စုံစာကိုတော့ သီလရှင်ဆရာလေးများအတွက် လှူပါလို့ပြောပြီး အလှူခံခဲ့ပါသည်။ သူငယ်ချင်းများ ကလည်းတွေးပြီးရင်း ပြုံးပျော်စွာဖြင့်ပင် လှူဒါန်းခဲ့ကြရာ ပါသည်။ အချို့သော သူငယ်ချင်းများနှင့် တပည့်များကလည်း သီလရှင်ဝတ်စုံ လာရောက် အလှူခံခြင်းအတွက် ဝမ်းမြောက်ကြောင်းနှင့် နောင်နှစ်များတွင် လည်း ဆက်လက်လှူပါမည်-ဟု ကတိပြုခဲ့ကြပါသည်။ သို့အတွက်ကြောင့်ပင် စာရေးသူအနေဖြင့် များစွာအားတက် ကြည်နူးခဲ့ရပါသည်။ စေတနာကောင်း၏ အကျိုးပေးမှုနှင့်အတူ ထိုနှစ် ဝါဆိုလဆန်း (၈)ရက်နေ့မတိုင်မီမှာပင် သီလရှင် ဝတ်စုံ ၁၂၀-ကျော်စာ ရရှိခဲ့ပါသည်။

၂၀၀၂-ခုနှစ်၊ ဇူလိုင်လ ၁၇-ရက်နေ့ ၁၃၆၄-ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်နေ့မှာပင် စာရေးသူကြိုးပမ်း ဆောင်ရွက်ခဲ့သည့် ပထမပန်းတိုင်ခရီး အောင်မြင်ခဲ့လေပြီ။ ထိုနှစ်မှ အစပြု၍ သီလရှင်ဝတ်စုံလှူပွဲကို နှစ်စဉ်မပြတ် ကျင်းပလာခဲ့သည်မှာ ယခုနှစ် ၁၃၇၂-ခုနှစ် ဝါဆိုလ ဆန်း(၈)ရက်နေ့ ၂၀၁၀-ခုနှစ် ဇူလိုင်နေ့တွင် ပဋ္ဌာန်းရွတ်ဖတ်ပွဲ (၂၁)ကြိမ်နှင့်အတူ သီလရှင်ဝတ်စုံလှူပွဲ နဝမအကြိမ် အောင်မြင်ခဲ့ပြီးဖြစ်ပါသည်။

တစ်နှစ်စီမှ ပိုလျှံသောငွေများဖြင့် ပိုမို ကောင်းမွန်သောဝတ်စုံ ဖိနပ်တစ်ရံစီ ခေါင်းတင် တစ်ထည်စီနှင့် ကိုယ်ရုံတစ်ထည် စီစသည်ဖြင့် လိုအပ်သလို ဖြည့်ဆည်းလှူဒါန်း နိုင်ခဲ့ပါသည်။ ထို့အပြင် စာသင်တိုက် အတွင်းလမ်းခင်းခြင်း ကုဋီ ဟောင်းများ ပြုပြင်ခြင်းနှင့် ဆရာလေးများ စာမေး ပွဲသွားရောက် ဖြေဆိုရာတွင် သွားလာမှုအဆင် ပြေစေရန် ယာဉ်ငှားရမ်းပေးခြင်း လုပ်ငန်းများကို လည်း လှူဒါန်းဒါန ပြုနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဓမ္မသက သီလရှင် ပရိယတ္တိစာသင်တိုက်၏ ဝတ်စုံလှူပွဲနေ့ကို နှစ်စဉ် ဝါဆိုလဆန်း (၈)ရက်နေ့အဖြစ် သတ်မှတ်ထား ပြီးဖြစ်ပါသည်။ ပဋ္ဌာန်းသိမ်းပွဲနေ့ဖြစ်သည့် ဝါဆို လဆန်း (၁၂) ရက်နေ့တွင် သီလရှင်ဆရာလေးများ တန်းစီအလှူခံ ကြွလာသောမြင်ကွင်းမှာ အလှူရှင် များ၏ ရင်တွင်းသို့ သဒ္ဓါတရား တိုးတက်ပွားစေ ခဲ့ ပါသည်။

ဓမ္မသကသီလရှင် ပရိယတ္တိစာသင်တိုက် ၏ ဝတ်စုံလှူပွဲကို နှစ်စဉ်ကျင်းပနေစဉ် အတွင်းစာရေး သူသည် ၂၀၀၅-ခုနှစ်၊ မတ်လ၌ (ယခုဗန်းမော် တက္ကသိုလ်)ဗန်းမော်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်း ဆောင်ရန် အမိန့်စာရောက်ရှိ လာပါသည်။ ဗန်းမော် မြို့သို့ တစ်ခေါက်တစ်ခါမျှ မရောက်ခဲ့ဖူး သေးသော် လည်း မိမိရောက်ရှိရာဒေသရှိ သီလရှင်ပရိယတ္တိ စာသင်တိုက်တစ်တိုက်တွင် သီလရှင်ဝတ်စုံလှူပွဲကို ကျင်းပမည်ဟု ဆန္ဒပြုမိပါသည်။

ဗန်းမော်တက္ကသိုလ်သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့သည့် ၂၀၀၅-ခုနှစ်တွင် စာရေးသူ၏ ဆန္ဒကို ချက်ချင်းအကောင် အထည်ဖော်နိုင်ခြင်း မရှိ ခဲ့ပါ အဓိကပြဿနာနှစ်ရပ်ဖြင့် ကြုံတွေ့ရင်ဆိုင် ခဲ့ရပါသည်။ ရောက်ရှိခါစနှစ် ဖြစ်နေခြင်းနှင့် လုပ်ငန်း နေရာ မကျသေးခြင်းတို့ကြောင့် စာရေးသူအနေဖြင့် စီမံချက်ကို ထိုနှစ်အဖို့ ရပ်ဆိုင်းခဲ့ရပါသည်။

၂၀၀၆-ခုနှစ် မေလ ၁-ရက်နေ့မှာတော့ ဗန်းမော်မြို့ သိမ်မဟာပရိယတ္တိ သီလရှင်စာ သင်တိုက် ၏ တိုက်အုပ်ဆရာကြီး ဒေါ်ကဥ္စနာနှင့်တိုက်တိုက် ဆိုင်ဆိုင်ပင် ဗန်းမော်တက္ကသိုလ် ဘုရားအနေ ကဇာတင်ပွဲ၌ တွေ့ဆုံခဲ့ရပါသည်။ ထိုတိုက်အုပ် ဆရာကြီး ဒေါ်ကဥ္စနာနှင့် သီလရှင် ဆရာလေးများ အား ပင့်ဖိတ်ခဲ့သော မာတုဌာန ပါမောက္ခ(ဌာနမှူး)



ဒေါ်စိန်စိန်ရီမှ စာရေးသူနှင့် မိတ်ဆက် ပေးခဲ့ခြင်း ဖြစ်ပြီး စာရေးသူမှ သီလရှင် ဝတ်စုံလှူပွဲကို ဦးဆောင် ပြုလုပ်ပေးမည် ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။

စာရေးသူအနေဖြင့် တစ်လကြာမှ သွား ရောက်နိုင်ခဲ့ရာ တိုက်အုပ်ဆရာကြီးမှ ဆရာမ အပြော နှင့်ပင် ပြီးသွားပြီ ထင်ခဲ့သည်ဟု ပြောလာခဲ့ပါသည်။ စာရေးသူကလည်း ကတိပြုပြီး ဖြစ်၍ ယခုနှစ်မှာပင် ဝတ်စုံလှူပွဲကို စတင်ကျင်းပ လိုကြောင်းနှင့် တိုက်အုပ် ဆရာကြီး၏ အလှူ ဒကာ ဒကာမများနှင့် အလှူဒါန ကို စိတ်ဝင်စားသူ ကုသိုလ်ရှင်များအား ဖိတ်ခေါ် အစည်းအဝေး ပြုလုပ်ကာ ဝတ်စုံအလှူခံခြင်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။

သီလရှင်ဝတ်စုံ တစ်စုံအတွက် အလှူငွေ ၅၀၀၀-ကျပ် သတ်မှတ်ခဲ့ပြီး ဗန်းမော်မြို့ ဒေသခံ များ၏ အားတက်သရော ပါဝင်ကူညီမှုနှင့်အတူ နှစ်စဉ် ကျင်းပမြဲဖြစ်သော အသံမစဲပဋ္ဌာန်းရွတ် ဖတ်ပူဇော်သည်။ ၂၀၀၆-ခုမှ ဩဂုတ်လ ၁၀-ရက်နေ့ ၁၃၆၈-ခု ဝါခေါင်လပြည့်ကျော် (၁)ရက် နေ့တွင် သိမ်မဟာပရိယတ္တိ သီလရှင်စာသင်တိုက်၌ ပထမ အကြိမ် သီလရှင်ဝတ်စုံ စုပေါင်းလှူပွဲကို အောင်မြင် စွာကျင်းပနိုင်ခဲ့ပါသည်။ ဝတ်စုံလှူပွဲကို နှစ်စဉ် ဆက်လက် ကျင်းပလာခဲ့ရာ ၁၃၇၂-ခုနှစ် ဝါခေါင် လပြည့်ကျော်(၁)ရက် ၂၀၁၀-ခု ဩဂုတ်လ (၂၆)ရက် နေ့တွင် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ (၁၂)ကြိမ်မြောက် ပူဇော်ပွဲနှင့်အတူ ပဥ္စမအကြိမ် စုပေါင်းဝတ်စုံ လှူဒါန်း ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ပါသည်။

စာရေးသူကိုယ်တိုင်လည်း သဒ္ဓါတရားအရင်းခံ၍ ပဋ္ဌာန်းကျမ်းမြတ်အား အဓိဋ္ဌာန်ဖြင့် ရက်မပြတ်ရွတ်ဖတ်ပူဇော် လာခဲ့သည်မှာ စတင်ရွတ်ဖတ်ပူဇော်ခဲ့သည့် ၂၀၀၃-ခုနှစ် ဇွန်လ ၁၇-ရက်နေ့မှ ၂၀၁၀-ခု ဖေဖော်ဝါရီလ ၁၂-ရက်နေ့ ထိ ၈-နှစ်တာကာလအတွင်း ၅၂-ကြိမ်မြောက်ပြီးစီး အောင်မြင်ခဲ့ပြီ ဖြစ်ပါသည်။

သီလရှင်ဝတ်စုံလှူပွဲကို နှစ်စဉ်မပြတ် ဆက်လက်ကျင်းပ နေပြီဖြစ်ပါ၍ မုံရွာမြို့ မဟာလယ်တီ ဓမ္မသကသီလရှင် ပရိယတ္တိစာသင်တိုက်၏ ဝတ်စုံလှူပွဲနေ့နှင့် ပဋ္ဌာန်းစတင်ရွတ်ဆိုသည့် ဝါဆိုလဆန်း ၈-ရက်နေ့မှ ပဋ္ဌာန်းရွတ်ဆိုပြီးဆုံးမည့် ဝါဆိုလဆန်း ၁၂-ရက်ကာလအတွင်း၊ ဗန်းမော်မြို့ သိမ်မဟာ ပရိယတ္တိသီလရှင် စာသင်တိုက်၏ ဝတ်စုံလှူပွဲနေ့နှင့် ပဋ္ဌာန်းစတင်ရွတ်ဆိုသည့် ဝါခေါင် လပြည့်ကျော် (၁)ရက်နေ့မှ ပဋ္ဌာန်းရွတ်ဆို ပြီးဆုံးမည့် ဝါခေါင် လပြည့်ကျော် (၆)ရက်နေ့ အတွင်း တိုက်ဆိုင်ပါက ဓမ္မမိတ်ဆွေများအနေဖြင့် လာရောက်ကြည်ညို ပူဇော်နိုင်ပါရန် သဒ္ဓါရည်မျှော် ပါရမီတော်ဖြည့် ဝတ်စုံဒါနကုသလအား ရေးသားပြုစု ကောင်းမှုပြုအပ်ပါသည်။

သစ္စာသိသောဉာဏ်ဖြင့် မွန်မြတ်သောဒါန ပြုနိုင်ကြပါစေ။

**မြင့်မြင့်သီ**
**(ပထဝီဝင်)**

-----------------

လယ်တီအရှင်ကေလာသ-၏
နီတိစကားပုံများ-မှ

* အမျိုးမြတ်သော်လည်း၊
မိမိက ရိုးမတတ်မူ၊
သူမြတ်ဖြစ်မည်။

* အမျိုးမမြတ်သော်လည်း၊
မိမိက ရိုးမတတ်လျှင်
သူမြတ်ဖြစ်၏။

လယ်တီအရှင်ကေလာသ-၏
နီတိမှတ်တမ်းလွှာ-မှ

## အားထုတ်လုံ့လ ရှိကြသောသူ

နိပါနမိဝ မဏ္ဍုကာ၊
သရံ ပုဏ္ဏမိဝအဏ္ဍဇာ။
သိပ္ပါ ဓနာနိ လက္ခိစ၊
အာယန္တု ရဒ္ဓဝီရိယံ။

အဓိပ္ပာယ် အနှစ်ချုပ်

* ရေလျှံပြည့်ဖုံး၊
ကန်အိုင်ထုံးသို့၊
နှလုံးကြည်သာ၊
ဖားသတ္တဝါနှင့်၊
ဟင်္သာဝမ်းဘဲ၊
ရောက်လာမြဲသည့်။

* ထို့တူမခြား၊
ကျားမှကျားဟု၊
ယောကျ်ားဇွဲမာန်၊
လုံ့လသန်က-
သင်အံ မပြတ်၊
ကျက်မှတ်အပ်သား၊
အတတ်ပညာ၊
စုရောက်လာ၏။

* ရွှေငွေစိန်ကျောက်၊
ထိန်ထိန်တောက်သို့၊
ဖြိုးမောက်ဝေဆာ၊
ရောက်ရှိလာ၏။

* ဘုန်းနှင့် တန်ခိုး၊
ကျက်သရေတိုး၍၊
ပွံ့ဖြိုးသမ္ပာ၊ ရောက်ရှိလာ၏။

# ကံ

## အလွန်ကောင်းကြသူများ

**တပည့်အင်းသူ**



ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

**ဤ**လူ့ပြည်၌လည်းကောင်း၊ နဂါး၊ ဂဠုန် အသုရာပြည်တို့၌လည်းကောင်း၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည်တို့၌လည်းကောင်း အလုံးစုံအတွင်း အပသုံးဆောင်အပ်သော မြတ်သောအကြင် ရွှေ၊ ငွေ ပုလဲ ပတ္တမြားအစရှိသော ရတနာ(၇)ပါး၊ ရတနာ (၁၀)ပါး အစရှိသော လောကီရတနာတို့သည် ရှိပါ၏။ မြတ်စွာဘုရား တည်းဟူသော ရတနာနှင့်တူသော လောကီရတနာသည် မရှိသည်သာတည်း။ မြတ်စွာဘုရား၏ ရတနာ၏အဖြစ်သည် မြတ်လှစွာ၏။ တစ်နည်းအားဖြင့် မြတ်စွာဘုရားနှင့်တူသော လောကီရတနာမရှိခြင်းကြောင့် မြတ်စွာဘုရားသည်သာလျှင် မြတ်လှစွာသော ရတနာမည်ပါ၏။ထိုစကားသည်မှန်၏။ ထိုမှန်သောစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း ဟု အနက်အဓိပ္ပာယ် ရရှိသော---

ဟု (၇)နှစ်အရွယ် သီလရှင်ဆရာလေးက ပရိတ်ကြီး (၁၁)သုတ်ရှိရာ ရတနသုတ်ပရိတ်တော်ကြီးထဲမှ မြတ်ဘုရားသည်သာလျှင် (ရတနာသုံးပါးသည်သာလျှင်) အမြတ်ဆုံးဟု ဆိုအပ်သော စာပိုဒ်များကျက်နေပါသည်။ အချိန်အားဖြင့် ကား ၁၃၇၁-ခု၊ တပို့တွဲလဆန်း(၃)ရက်နေ့၊ နံနက်ခင်း အချိန် (၉)နာရီလောက်ဖြစ်ပါသည်။ ဆရာလေး မဉ္စတ္တရ ကံကောင်းပါသည်။ ယခုခေတ်ကာလ အချိန်အခါက လောကီ အတန်းကျောင်းတွေမှာထားပြီး (၅)နှစ်မှာ ကျောင်းအပ်ရ၍ (၇)နှစ်ဆိုတော့ ပထမတန်းတော့ရောက်ပြီပေါ့။ လောကီကျောင်းတွေမှာ (၁)တန်းကနေ (၁၀)တန်းအထိ ရတနာသုံးပါး နှင့်စပ်သော စာကျက်ရသည် သင်ရသည်မှာ အနည်းငယ်

မှုသာရှိ၍ ကလေးတော်တော်များများ ယဉ်ကျေးမှု နည်းပါးကြပါသည်။ ဘာသာရေး အခြေခံရှိကြသော မိဘများသာ ကိုယ့်သားသမီးလေးတွေ လိမ္မာစေဖို့ ကျောင်းပိတ်ရက်မှာ အလှူတွေလှူကြပြီး ကိုရင်လေးတွေဝတ်၊ သီလရှင်လေးတွေဝတ်၍ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ အပ်နှံကြပြီး ဘုရားစာ တရားစာများ (ပရိတ်၊ ပဋ္ဌာန်း ဓမ္မစကြာ)များ သင်ယူစေကြသည်။

ဒီလိုမိဘနှင့်သားသမီးများကလည်း(၁၀)ဦး (၁)ဦးမရှိပါ၊ အလွန်ရှားပါးပါသည်။ (၇)နှစ်သမီး သီလရှင်လေးကတော့ နေ့လယ်ပိုင်းကျတော့လည်း မဂ္ဂပစ္စယောတိ- မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော၊ သမ္ပယုတ္တပစ္စယောတိ-စတ္တာရောခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော-အစရှိတဲ့ ပဋ္ဌာန်း(၂၄)ပစ္စည်း ပစ္စယနိဒ္ဒေသကို ကျက်နေပြန်ပါသည်။ ဒီနေရာမှာ ပဋ္ဌာန်းရဲ့ အကျိုးကျေးဇူးများကို သိစေလိုပါ၍ အနည်းငယ်တင်ပြပါရစေ-

(၁) ရင်ဆိုင်နေရသော အန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်နိုင်ခြင်း။

(၂) ကျရောက်လတ္တံ့သော အန္တရာယ်မှ ကာကွယ်နိုင်ခြင်း၊

(၃) ကောင်းကျိုးအမျိုးမျိုး ပြီးစီးအောင်မြင်နိုင်ခြင်း၊

(၄) မကောင်းမှု အကုသိုလ်တို့ကို ကျူးလွန်ခြင်းမှ ရှောင်နိုင်လွှဲနိုင်ခြင်း၊

(၅) နောက်ဆုံး မဂ် ဖိုလ် နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ခြင်းတို့ဖြစ်ပါတယ်။ ပဋ္ဌာန်းတရားတော်ကြီးရဲ့ ပစ္စုပ္ပန်လက်တွေ့အကျိုးဖြစ်တဲ့ "တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ" ၏ပဋ္ဌာန်းဒေသနာတော်နှင့် လမ်းပြတောင်စောင့်နတ်၏ အကြောင်း စာရေးသူ တင်ပြပါဦးမည်။

အခါတစ်ပါးတွင် ကျွန်ုပ်သည် နောက်ပါ တပည့်လေးတစ်ဦးနှင့်အတူ ချင်းတောင် လူသူနှင့် ရွာဆက်ပြတ်သော ခရီးတစ်ခုကို မိုးတွင်းကာလတွင် ကြွသွားမိပါသည်။ ကြွသွားစဉ်ကတော့ ရာသီဥတု သာယာသလိုလိုရှိသည်။ နှစ်နာရီလောက် လျှောက်လျှင် မိုးမချုပ်မီကြွလိုသော ချင်းရွာကလေးသို့ ရောက်မည်ဟု ခန့်မှန်း၍ ကြွခဲ့ခြင်းဖြစ်သည်။ တစ်တောင်ဆင်း တစ်တောင်တက်ကြွခဲ့ရာ တစ်နာရီ ကျော်မျှကြွပြီးသော် မမျှော်လင့်သော မုန်တိုင်းမိုးကြီးသည် သဲသဲမည်းမည်းကျရောက်လာပါသည်။ လမ်းဟူ၍ သဲကွဲစွာ မမြင်ရတော့ပါ။ပါလာသော တပည့်လေးမှာ ကြောက်ရွံ့လွန်း၍ ကျွန်ုပ်ကို တအားဖက်ကာ တုန်လှုပ်နေပါသည်။ ရှေ့သို့ဆက်လက်၍ သွားမရတော့။ တောင်စောင်းဘေးရှိ သစ်ပင်ကြီးတစ်ပင် အောက်သို့ ခဏဝင်ကာ မိုးခိုရသည်။ မိုးခိုရင်း တောင်စောင့်နတ် သစ်ပင်စောင့်နတ်-စသည်တို့ကို မေတ္တာပို့သရပါသည်။




ရှေ့ခရီးမဆက်နိုင်သည့်အတူတူ ပဋ္ဌာန်းဒေသနာတော်ပစ္စယနိဒ္ဒေသကို ရွတ်ဖတ်ပွားများနေရပါသည်။ မိုးကသဲသည်ထက် သဲလာပါသည် လေကလည်း ပြင်းသည်ထက်ပြင်းလာပါသည်။ ကျွန်ုပ်သည်

ပဋ္ဌာန်းဒေသနာတော်ကိုသာ အာရုံစိုက်၍ ရွတ်ဖတ်ပူဇော် နေရပါသည်။ပဋ္ဌာန်းဒေသနာတော်ပစ္စယနိဒ္ဒေသရွတ်ဖတ် ပူဇော်၍(၃)ခေါက်အဆုံးတွင် ပတ်ဝန်းကျင်၌ အလင်းရောင်တစ်ခု ပေါ်လာပါသည်။ ဤနေရာ၌ မည်းမှောင်နေပါသည်။ မျက်စိဖွင့်၍ အာရုံပြုကြည့် လိုက်သောအခါ ချင်းလိုလို တောခေါင်းလိုလို ဒကာတစ်ဦး မီးအိမ်နှင့် ပေါ်လာပါသည်။

"ဟော့ မြန်မာဘုန်းကြီး-နင်ဒီမှာ ကြာကြာနေ သေလိမ့်မယ်၊ နင်တို့ဘယ်ကိုသွားမှာလဲ"ဟုမေးပါသည်။ မြန်မာစကားသံဝဲဝဲနှင့် မေး၍ မြန်မာစကားတတ်သော ဒကာတစ်ဦးဟု ထင်မှတ်မိသည်။

" ဟိုဘက်တောင်ထိပ်က ဇုန်းခမ္ဘီးရွာ သွားမလို့ မိုးလေကျပြီးမှောင်နေလို့ သွားလို့မရလို့ ဒီမှာခဏစောင့်နေတာ"

"ဒါဖြင့် ငါလိုက်ပို့မယ်" "မိုးတွေသဲနေတယ်လေ၊ သွားလို့ရမှာမဟုတ်ဘူး" "ရပါတယ်၊ မိုးနည်း



သွားပါပြီ" ထိုခဏမှာပင် ထိုပတ်ဝန်းကျင်၌ မိုးစဲသွားပါသည်၊ လေလည်း ငြိမ်သွားပါသည်၊ တစ်ဖာလုံလောက် ပတ်ဝန်းကျင်တွင်မူ မိုးရောလေပါ သဲလျက်ပင် ရှိနေပါသေးသည်။ ထိုဒါယကာ မီးပြရာနောက်သို့ဆက်လိုက် သွားပါသည်၊မိုးကလည်း သွားရာလမ်းတစ်လျှောက် မိုးကင်း၍နေပါသည်။ ဖန်မီးအိမ်ရောင်ကလည်း အမှောင်ထဲ မှိုလားမသိ၊ အတော်ပင်လင်းထိန် နေပါသည်။ ထိုဒကာ မီးအိမ်လမ်းပြမှု ဖြင့်ပင် ရည်ရွယ်ထားသောရွာသို့ ရောက်ခဲ့ပါသည်။ ရွာရောက်၍ မိမိနေရာ တဲကျောင်းသို့ ရောက်သောအခါ လိုက်ပို့သော ဒကာသည် ပြန်တော့မည်ဟု ဆိုကာ ပြန်ထွက်သွားပါသည်။ မကြာခင် ထိုဒကာသည် မြင်ကွင်းမှ ချက်ချင်းပျောက်သွားပါသည်။

ကျောင်းထဲသို့ရောက်သောအခါ တပည့်က "ဘုန်းကြီး၊ ဒီချင်းကြီးက ဘယ်က ရောက်လာ၍ ဘယ်လိုလုပ်ပြီး တပည့်တော်တို့ကို လိုက်ပို့တာလဲမသိဘူး၊ အခုလဲဘယ်သွားလဲမသိဘူး၊အမှောင်ထဲဝင်သွားပြီး မီးရောင်လဲ ပျောက်သွားတာပဲဘုရား" "တောကွယ်သွားတာဖြစ်မှာပေါ့ကွ" "မဟုတ်ဘူး ဘုရား ဘုန်းကြီးက ကြည့်မနေလို့ တပည့်တော်က သူ့ကိုထူးဆန်းလို့ လိုက်ကြည့်နေတာ။ သူ့ကိုတွေ့ကတည်းက တပည့်တော်လည်း ကြောက်စိတ်တွေ ပြေသွားတာပြီးတော့ သူလာတာကလည်း အနားရောက်မှမြင်ရတာ။ မီးရောင်ကို အဝေးကြီးထဲက မြင်ရတာ မဟုတ်ဘူး အနားရောက်မှ ဖြုန်းခနဲ မြင်ရတာဘုရား" "ဟေ-ဟုတ်လား။ ငါကတော့ မျက်စိမှိတ်ဘုရား အာရုံပြုပြီးပဋ္ဌာန်းရွတ်နေတော့ မသိလိုက်ဘူးကွဲ့" "အခုလဲ အမှောင်ထဲရုတ်ခြည်းပျောက်သွားတာဘုရား၊ သရဲထင်တယ်" "ဟဲ့-သရဲဆိုရင် တို့ကို ဘယ်လိုက်ပို့ပါ့မလဲကွယ် တို့သာသနာပြုသူတော်ကောင်း တွေမို့ နတ်ကောင်းနတ်မြတ်တွေက လူယောင်ဆောင်ပြီး လိုက်ပို့တာနေမှာပေါ့ကွ"ကျွန်ုပ်က ဤသို့မိန့်ကြားသည်။

လုပ်စရာရှိသော ဝတ်များကိုပြုလုပ် ပြီးအနားယူခါ ကျွန်ုပ်သည် ကျွန်ုပ်၏ ဘုရားဝေယျာဝစ္စ တရားအားထုတ် မေတ္တာပို့မှုပြီးသောအခါ ကျွန်ုပ်တို့ကိုလိုက်ပို့သော ဒကာအကြောင်းကို စဉ်းစားမိပါသည်။ မှန်ပါသည်၊ ဤလမ်း ဤခရီးတွင် ဤမျှမည်းမှောင်၍ ကြမ်းတမ်းသော ခရီးတွင် မည်သူမျှ ကျွန်ုပ်တို့ ဒုက္ခရောက်နေသည်ကို သိမည်မဟုတ်ပါ။ ဤကဲ့သို့သော ဒကာပေါ်စရာလည်းမရှိပါ။ မေတ္တာတန်ခိုးတော်၊ ပဋ္ဌာန်းဒေသနာတော် တန်းခိုးတော်ကြောင့် တောတောင်စောင့်နတ်များ၊ ဘုမ္မစိုး၊ ရုက္ခစိုး နတ်များ တစ်ပါးပါးက လူယောင်ဆောင်ပြီး လိုက်ပြခြင်းသာ ဖြစ်မည်ဟု ယုံကြည်မိပါသည်။

ဤကဲ့သို့ ပဋ္ဌာန်းဒေသနာတော်ကြီးရဲ့အကျိုးပေးမှု ကိုယ်တွေ့ဖြစ်ရပ်တွေ အများအပြား ရှိပါသည်။ ခက်ခဲနက်နဲလှတဲ့ အဘိဓမ္မာ (၇)ကျမ်း တွင် ပဋ္ဌာန်းမှ ပစ္စယနိဒ္ဒေသပါဠိကို သီလရှင်ဝတ်လာသူ အားလုံး "ဓမ္မသက"စာသင်တိုက်၌ သင်ယူကြရသည်။ (၇) နှစ်ရွယ်ဆိုတော့ ဆော့ကစား တဲ့အရွယ်ပါ။ ဒီအရွယ်လေးတွေ အရွယ်နဲ့မလိုက်အောင် နံနက် ၄-နာရီ

ဘုရားကျောင်းမှ ကြေးစည်တီးတာနဲ့ အိပ်ရာမှ ထပြီး ဘုရားဝတ်တက်ရတယ်။ ပရိတ်၊ပဋ္ဌာန်းရွတ် ရတယ်၊ မေတ္တာ ပို့ရတယ်။ ဒီဝတ်တွေဟာ တစ်ရက် မဟုတ်ပါဘူး သီလရှင်ဘဝနဲ့ နေသမျှကာလ ပတ်လုံး လိုက်နာကျင့်သုံးရတဲ့ ကျင့်ဝတ်တွေပါ။ သီလရှင်လေး တွေ ကြည်ညိုစရာ ကောင်းပါတယ်။

နံနက်အရုဏ်လာသည့်အချိန်ရောက်ရင် အရုဏ်ဆွမ်းစား မိုးလင်းတာနဲ့တစ်ပြိုင်နက် စာအံကျောင်းအသီးသီးတက် သီလရှင်ဆရာကြီး တွေရဲ့ ရှေ့မှောက်မှာ စာကျက်ကြရတယ်။ ညနေပိုင်းရောက်တော့ ဖတ်စာသဘောမျိုး သီလရှင်ကျင့်ဝတ် ဥပဒေများကို လက်ရေးလှအောင် ရေးရတယ်၊ လိုက်နာရအောင် ကျက်ရတယ်။

ရှေ့နောက်စဉ်စား၊ သတိထား၊ ဉာဏ်အားအမှန်ကြည့်။ ကြည့်လို့မြင်သော်၊ တော်မတော်၊ အဖော်ညှိနိုင်းဘိ။

အဖော်နှင့်ပြော၊ ဉာဏ်နှီးနှော၊ သဘောကျလေ့ရှိ။ ထို့ကြောင့် ကဝိ၊ ပညာရှိ၊ မျက်စိ ဆုံးအောင်ကြည့်။

ဘယ်ဒင်းဘယ်ဟာ၊ အရာရာ၊ ငါသာ တတ်ချင်ဘိ-အစရှိသည်ပေါ့။

လောကီကျောင်းမနေရသော်လည်း တွက်တက်ပါစေဂဏန်းတွေရည်ရွယ်၍ နှစ်-၁-လီနှစ် ၊ နှစ်-၂-လီ ၄၊ နှစ် ၃-လီ-၆၊ နှစ်-၄-လီ-၈၊ နှစ်-၅-လီ-၁၀၊ နှစ်-၆-လီ-၁၂၊ နှစ်-၇-လီ-၁၄၊ နှစ်-၈-လီ-၁၆၊ နှစ်-၉-လီ-၁၈၊ နှစ်-၁၀-လီ-၂၀၊ နှစ်-၁၁-လီ-၂၂၊ နှစ် ၁၂-လီ-၂၄၊ အလီတွေ သင်ရတယ်၊ သင်သင့်တာတွေ သင်ပေးပါတယ်။ ဒါကြောင့်လဲ ကံကောင်းကြသူများလို့ ဆိုချင်ပါတယ်။ ဤကဲ့သို့ စာရေးနေစဉ်မှာပဲ စစ်ကိုင်းတောင် ဇေယျသိဒ္ဓိချောင်က ညီမအရင်းပမာ ခင်မင်တဲ့ဆရာလေး အလယ်ရောက်လာပါတယ်။ ဘာတွေများ ရေးနေတာလဲဘုရား"တဲ့၊ ရာပြည့်မဂ္ဂဇင်းမှာ သီလရှင်အငယ်ဆုံးကနေ အကြီးဆုံးထိ နေ့စဉ်နေထိုင်ကျင့်သုံးကြတာလေးတွေ ရေးပါဦးဆိုလို့ တပည့်တော် ရေးတတ်သလောက် မှတ်တမ်းတင်ပေးမယ်အောက်မေ့၍ စာရေး နေခြင်းဖြစ်ပါတယ်။

"ဒါဆိုရင် တပည့်တော် ၆-နှစ်သမီးကတည်းက သီလရှင်ဝတ်တဲ့အကြောင်းထည့်ရေးလိုက်ပါ၊ ဒကာ, ဒကာမတွေ ကြည်ညိုရတာပေါ့ဘုရား၊ တပည့်တော် ပါရမီရှိတဲ့သူလို့ဆိုရမှာပါ။ အိမ်မှာ အငယ်ဆုံးဖြစ်ပါတယ်။ မိဘတွေကို ပြစ်ပြီး အလွန်ဆိတ်ငြိမ်တဲ့ တစ်နည်းအားဖြင့် သူတော်သူမြတ်တို့ နေထိုင်ရာဖြစ်တဲ့ စစ်ကိုင်းတောင်ကြီးပေါ်မှာ နေထိုင်ခွင့် ရခဲ့ပါတယ်။တပည့်တော် ၁၃၃၅-ခုနှစ်က စစ်ကိုင်းတောင် ဇေယျသိဒ္ဓိချောင် ဆရာကြီးဘုရား ဒေါ်ပုဏ္ဏမိထံမှာ အပ်နှံ၍ ပညာရည်နို့သောက်စို့ခဲ့ပါတယ်။ တပည့်တော် ကံအလွန်ကောင်းပါတယ်။ ၆-နှစ်သမီးဆိုတော့ သီလရှင်တိုင်းက ဝိုင်းချစ်ကြပါသည်။ တပည့်တော် ကလဲ စွာတယ်။ ကလေးဆိုတော့ သူများမုန်းမှာ မကြောက်ဘူး။ ဆရာလေးတွေ ဆရာကြီး မကြိုက်တာ လုပ်နေကြတာမြင်ရင် အတိုင်အတော ထူတယ်ပဲ ပြောရမှာပေါ့။ ဆရာကြီးကို သွားသွားတိုင်တာ တပည့်တော်က က-ခ-မှ အစ အားလုံးသင် ပေးရတာပါ။ တခါတလေကလေးဆို တော့ ညဘုရားဝတ်တက် ကျရင် (၁) နာရီကျော် ကြာတယ် ဝတ်တက်ရင်း အိပ်ပျော်သွားတယ် ဆရာကြီးတွေက အလိုလိုက်ကြတယ်၊ ဘုရားဝတ်ပြုပြီးမှ ပွေ့ချီပြီး တပည့်တော်နေတဲ့ ကျောင်းဆောင်ကို ရောက်အောင် ပို့ပေးကြတယ်။ သင်ပုန်းကြီးသင်ပေးတယ်၊ လက်ရေးလှအောင် ရေးရတာ မှတ်မိသေးတယ်။ တပည့်တော်က ဘယ်သန်ဆိုတော့ ဘယ်ဘက်နဲ့ရေးချင်တာ ဆရာကြီးဘုရားက ငါ့တပည့်လေး ညာဘက်နဲ့ ရေးနော် ဆိုပြီး လက်ကလေးကို ကိုင်ပြီးရေးပေးရှာတယ်။





သဒ္ဒါကိုလက်ကိုင်ပြု၊
ခက်နိုင်ဘုစာမှာ၊
ဘက်ပြိုင်တု လာပါလျှင်၊
အရာရာခေါင်ဆုံး။
ပိဋကကျမ်းစာတွေကို၊
လမ်းမှန်လေ သိလိမ့် အားလုံး။
ဗျာကယာ တက်မဆုံးချင်နှင့်၊
တစ်သက်လုံး ကောင်းဖို့သာပြင်၊
မနားဘဲ သင်အံပါလျှင်၊

လျှင်မြန်စွာအခြေရပါလိမ့်လေး-အစရှိသောဒီလို စာလေးတွေကို လက်ရေးလှအောင် သင်ယူ ရေးသား ခဲ့ရတယ်။

ဆရာကြီးဘုရား ကျေးဇူးတွေ တပည့်တော် အတွက် ဆပ်လို့ မကုန်ပါဘူး။ သင်ပုန်းကြီး ကုန်တော့ မင်္ဂလာတံခွန် စာမေးပွဲဆိုတာ ဖြေရတယ်။ မင်္ဂလာ တံခွန် (၇)နှစ်သမီးမှာ အောင်ပါတယ်။ ဆရာကြီး ဆရာလေးတွေက ဝိုင်းပြီးဆု ချီးမြှင့်ကြတာ ပျော်စရာ ကောင်းပါတယ်။ နောက်တဖြည်းဖြည်း ကြီးလာတော့ သာသနာတံခွန် စာမေးပွဲ အငယ်, အလတ်, အကြီးလို့ အတန်းခွဲ ထားတာဖြစ်ပါတယ်။ အစိုးရစာမေးပွဲကိုလဲ အထောက်အကူပြုပါတယ်။ သဒ္ဒါနှင့် သင်္ဂြိုဟ်နှစ် ဘာသာဆိုတော့ စာလည်း ကျေပါတယ်။ တပည့်တော် ဉာဏ်အတော် အသင့်ကောင်းပါတယ်။ အဲ့ဒီ မင်္ဂလာ တံခွန် စာမေးပွဲ သုံးတန်းလုံးအောင်ပါတယ်။ နောက် အစိုးရစာမေးပွဲ ဝင်ဘို့ရာ ကြိုးစားရပါတယ်။

တတ်ပညာသင်ပါကြ၊
ငယ်ပါလှအရွယ်။
ပညာရှိမှ သိဉာဏ်ကြွယ်သည်၊
လူဘုံလယ် ထင်ရှား။
ပညာမျိုးမှ ရွှေအိုးမှန်သည်၊
လူခိုးရန် ခက်ဘိအလား။
သို့ကြောင့်မို့ ခင်လေးပျိုရေ၊
စာဆိုလျှင် ပျင်းပါနဲ့လေး-

ဟူ၍ လည်းကောင်း၊ ဆရာလေးဘုရား၊ ကိုယ့်ဘဝ ရှေ့ပြေး၊ ပညာရေးကို၊ အားပေးမာန်စိုက်၊ ဝီရိယ သိုက်၌၊ တိုက်ရိုက်ပျော်မြူး ပညာထူးကို၊ ဆွတ်ခူး နိုင်ပါစေ ဟူ၍ လည်းကောင်း အားပေးသံလေး တွေ နားစိုက်ပြီး အထူးကြိုးစားခဲ့ပါတယ်။

တပည့်တော် အစိုးရမူလတန်းအောင်လို့ အငယ်တန်းရောက်တဲ့အချိန် သီလရှင်ဆိုပေမယ့် မိန်းကလေးတို့ရဲ့သဘာဝ အရွယ်လေးကလဲ ရောက် လှချင်ပချင်တဲ့အရွယ်ပေါ့၊ လူဝတ်ကြောင် ဘဝမှာ ၅- နှစ်ကျော် ၆-နှစ်ဘဲနေခဲ့ရတော့၊ လူဝတ်ကြောင် ဘဝ လှတာ ပ,တာမြင်ရတော့ ကောင်းမယ်ထင်ပြီး လူထွက် ချင်စိတ်ပေါက် မိသေးတယ်။ ကံကောင်းထောက်မလို့ နောက်ပြီး ကျေးဇူးရှင် ဆရာကြီးဘုရားက သာသနာ ဘောင်မှာ ဘုန်းကံ ကြီးမားတဲ့သူမှသာ နေနိုင်တာ။ ဘုန်းကံမရှိလျှင် သာသနာမပြုနိုင်ဘူး။ လူဘဝမှာ ဒုက္ခများတယ် အစရှိတဲ့ဩဝါဒတွေက နားထဲမှာ ပဲ့တင်ထပ်နေပြီး ဩဝါဒကိုလိုက်နာခဲ့လို့ လူဝတ် ကြောင်ဘဝ မရောက်ခဲ့ပါ။ (အတုယူစေချင်ပါသည်)

နောက်အလတ်တန်း,အကြီးတန်းရောက်၊ ဓမ္မပဒတွေ,ဇာတ်တော်တွေကျက်ရတယ်၊ မြန်မာ စာတွေ ဖြေရတယ်၊ မဃဒေဝလင်္ကာတွေလဲ ကျက်ရ တယ်။ ဆရာလေးအသက် နှစ်ဆယ်သို့ ရောက်ခဲ့ပါပြီ။ ၁၃၅၃-ခုနှစ် ဆရာလေးပထမကြီးတန်း အောင်မြင် ခဲ့ပါသည်။ အသက်နှစ်ဆယ် အတွင်းမှာဆိုတော့ လှပတဲ့အရွယ်၊ တည်ငြိမ်တဲ့ အရွယ်၊ ရုပ်ကလဲဖြောင့်၊ မြင်ရသူတွေငေးပေါ့၊ တချို့ပုရိသဘာဝ ယောကျ်ား တွေက သီလရှင်ရယ်လို့ မရှောင်ဘူး၊ "ကာမရောဂါ၊ ဝမ်းတွင်း နာကား၊ ကုရာနတ္ထိ၊ ဆေးမရှိဘူး"။ ဟုတ်ပါ သည်။ ဆရာလေး လူမထွက်ချင်ဘူးလား။ လူထွက် ချင်ရင် ပြောပါဦးဆိုတာ မကြားနိုးနားပြောကြတယ်။ နောက်ပြီး သီလရှင်တောင် ဒါလောက်လှနေတာ လူဆိုရင် ဘယ်လောက်များ လှမှာလဲဆိုတဲ့ ကြုံးဝါး သံတွေက ကြောက်စရာပါ။ ဒါကြောင့် အဲဒီတုန်းက ဆရာလေး လယ်တီဆရာတော်ဘုရား၏ နိဗ္ဗိန္ဒ တေးထပ်လေးကို သတိရ၍-

အဝိဇ္ဇာပိတ်ကာဆို၊ မိစ္ဆာမြို့ပြင်ပြင်၊
ဣဋ္ဌာလို့ခင်မင်လျှင်၊ လွင့်စင်မည်မလွဲ။
အရွတ်စု အပုပ်ကောင်ကို၊
အဟုတ်ယောင်မှားဖို့ဖန်နဲ့။
အသုဘရုပ်တစ္ဆေငယ်၊
မဟုတ်လေကိုယ်ထဲ။
အပုပ်ရေစိုတရွဲဟာမို့၊ ယိုမစဲသူ့မှာ။
သွေးသည်းခြေပြည်သလိပ်တွေက၊
တည်မဆိတ်လျှမ်းပြည့်သည်သာ။
သို့ကလောက်ရွံစရာပါကို၊
လွန်တဏှာမက်စွဲလို့၊
စက်ဝဲမှာတပေပေ၊ မွန်းနစ်ကြပလေ။
တဏှာဖမ်းတဲ့အကန်းတွေမှာ၊
အပန်းမပြေ ဟိုက်မောရှာကြလေး။
တဏှာပူးတဲ့အရူးတွေမှာ၊
အမူးမပြေမိုက်မောရှာကြလေး။
တဏှာလိုက်တဲ့အမိုက်တွေမှာ၊
အဟိုက်မပြေပင်ပန်းရှာကြလေး။

ဤကဲ့သို့ ရွတ်ဆိုပြီး တရားနှလုံးသွင်းပါတယ်။ ဆရာလေးစာချတန်းစာ တက်ရင်း သင်ရင်း ကျင့်ရင်းနဲ့ နိကာယ်စာမေးပွဲတွေလည်းဝင်ဖြေပါတယ်။ ပါဠိတော်တွေကျက်ရတော့ ပိုပြီး စိတ်ဓာတ်တွေ ခိုင်မာရင့်သန်၊ ဘုရားကိုလည်းပိုပြီး ကြည်ညိုလေးစား၊ မိမိရဲ့သီလရှင်ဘဝကိုလည်းပိုပြီး အရေးထားလေးစားမိတယ်။ ကြိုးစားပါမည်ဟု သာသနာအတွက် ဆုံးဖြတ်ချက်ချပြီး ဆရာလေး အသက်သုံးဆယ်သို့တိုင်ခဲ့ပြီ။



ဆက်လက်၍ စာရေးသူရဲ့ရာဝသို့ အသက် ၃၆-နှစ် စာချတန်းအောင်ပြီး စာချတန်းအောင် ဖို့ခဲယဉ်းပါတယ်၊ "ငယ်ငယ်တုန်းက မလျှော့တန်းသာ ရည်မှန်းရာသို့ လှမ်းကာတက်လေ ဖွဲ့ရှိချေက မသေကာလ အောင်ပွဲရလိမ့်" ဒီကဗျာကို ရင်ထဲမှာ သိမ်းဆည်းပြီး ကြိုးစားခဲ့ပါတယ်။ စာရေးသူ ဉာဏ်အလွန်မကောင်းပါဘူး။ သင့်တော်ရုံပါပဲ၊ ဖြစ်ချင်တာ၊ ဖြစ်သင့်တာကို ဖြစ်အောင်လုပ်တဲ့ အကျင့်ရှိပါသည်။ နိကာယ်စာမေးပွဲလဝိနယနှင့် ဒီဃနိကာယတို့ကို အောင်မြင်ခဲ့ပါသည်၊ စာမေးပွဲ အောင်တယ်ဆိုတာ ကတော့ ဒီဘဝမှာ တင့်တယ်တယ် ဆိုတဲ့ ဂုဏ်ပါပဲ။ လောကကြီးက ဂုဏ်ရှိမှ တင့်တယ်တယ်လို့ ထင်နေကြတာလေ။ ဂုဏ်နှင့်ဒြပ် ညီမျှအောင် သင်ယူခဲ့တဲ့ ပရိယတ္တိတွေ အကျိုးရှိအောင်လို့ မျိုးဆက်သစ်ညီမငယ်များကို နေ့စဉ် အတန်းစုံ ပို့ချလျက် ဖြင့်လည်းကောင်း၊ တစ်လနှစ်ကြိမ် စာမေးပွဲဖြေဆိုရန်နှင့် တိုက်တွင်း စာမေးပွဲ အစစ်ကြီးတို့အတွက် ပုစ္ဆကဆရာတစ်ပါး အပါအဝင်ဖြင့် လည်းကောင်း သာသနာ့တာဝန် တိုက်တာတာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

ဆရာကောင်းများထံ နိသရည်းခံ၍ စည်းကမ်းစနစ်လိုက်နာကျင့်သုံးကြသော သီလရှင်ဆရာ တပည့်အားလုံးတို့သည် မုံရွာ၊စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်၊ ရေစကြို၊ ပခုက္ကူ၊ မော်လမြိုင်၊ သထုံ-စသည် ကွဲပြားခြင်းမရှိပါ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဓမ္မက္ခန္ဓာတွေကို သောက်သုံးနေကြသူများ ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ သာသနာ့အစ်မ, ညီမများ သာသနာတော်အတွက် ညီညီညွတ်ညွတ်နဲ့ သာသနာစည်ပင်တည်တံ့ ပြန့်ပွားအောင် ကိုယ်စီကိုယ်ငအသီးသီး ဆောင်ရွက်တော်မူ နိုင်ကြပါစေဘုရား၊ စာရေးသူ ၁၃၅၁-ခုနှစ်က စစ်ကိုင်း ဇေယျာသိင်္ဂီချောင် ဆရာကြီးထံတွင် စာချတန်း စာဝါအတွက် ဆရာကြီးရဲ့ အေးရိပ်မှာ သုံးနှစ်တိုင် မှေးမိတ်ခဲ့ပါသည်။ ၁၃၇၁ခု တပေါင်း လပြည့်နေ့ ဇေယျာသိင်္ဂီချောင် ဆရာကြီး အသက် (၉၂)နှစ် မွေးနေ့ဝိဇာတမင်္ဂလာ တပည့်အားလုံး ဖိတ်ပါသည်။ စာရေးသူတို့ တပည့် ၅-ပါး

သွားကြပါသည်။ ဆရာကြီးသည် သီလရှင်တပည့် တစ်ရာကျော်တို့ကို အသက် (၄၀)မှသည် ယခု အသက် (၉၂)နှစ် တိုင်အောင် စနစ်တကျ အုပ်ချုပ်ပြီး နေ့စဉ် ပရိယတ္တိ စာပေတွေကို ပို့ချ လျက် ရှိပါသည်။

"ဆရာကြီးဘုရား၊ မုံရွာလယ်တီ ဓမ္မသကမှ တပည့်များမွေးနေ့ပွဲသို့ ရောက်ပါပြီ ဘုရား"

"အေးအေး ငါ့တပည့်တို့ရေ၊ ဆရာကြီးလဲ အသက်ကြီးခဲ့ပြီ။ နှစ်စဉ်မွေးနေ့ပွဲရောက်လျှင် သံဃာတော်များ၊ သီလရှင်များကို သက်စေ့ ပင့်ဖိတ်ပြီး တတ်စွမ်းသမျှ ဒါနဝတ္ထုတို့ကို လှူဒါန်းခြင်း၊ ဆွမ်းဆက် ကပ်ခြင်း၊ ချောင်ထဲမှာ စာအောင် ဆရာလေးများအား ဆုတော်ငွေနှင့် အောင်လက် မှတ်များ ဆက်ကပ်ခြင်း၊ ပြုသမျှကုသိုလ်အား လုံးတို့ကို တပည့်တွေနဲ့ စုပေါင်းပြီး ရေစက်ချပွဲမှာ သာဓုသံမြိုင်မြိုင် ခေါ်ရအောင်"လို့ ဖိတ်လိုက်ခြင်း ဖြစ်ပါသည်။

"တပည့်တို့ရေ၊ သီလရှင်ဆိုတာ စနစ်တကျ စည်းကမ်းရှိစွာနဲ့နေထိုင်သွားကြမယ်ဆိုရင် "ကံအလွန် ကောင်းကြသူများ" ဖြစ်ကြပါတယ်။ တပည့်တို့ကို မွေးနေ့လက်ဆောင်ပြန်ရမယ်၊ လယ်တီဆရာတော် ဘုရားကြီးရဲ့ ပဋိစ္စသမုပ္ပာဒ် လင်္ကာမှ ဇာတိကြောင့် ဇရာ မရဏဖြစ်ပုံ အကျဉ်းလေးပါ၊ "သန္ဓေ ဇာတိ၊ တစ်ဖန်ငြီ၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူနတ်နတ်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ အလယ်အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေချီက၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲတည့်၊ မစဲနေ့ည၊ တရွရွလျှင်၊ ခဏသန္တတိ၊ အဂ္ဂိဇရာ၊ နှစ်ဖြာ လောင်မီး၊ ရှိန်ရှိန်ညီး၍၊ အကြီးအငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနိုင်၏၊ လေးအင်သေမှု တစ်ခုခုလည်း ဗဟု အန္တရာယ်၊ အသွယ်သွယ်နှင့်၊ နီးနွယ်ရုံးစည်း၊ တစ်လုံးတည်းလျှင်၊ ကြီးကြီးငယ်ငယ်၊ အရွယ် မထောက်၊ အချိန်ရောက်က၊ ချုပ်ပျောက် ခန္ဓာ၊ မငြင်းသာသည်၊ ဇရာမရဏစွမ်းရည်တည်း"။

လယ်တီသူတွေဆိုတော့ ဒီစာပိုဒ်လေး ကျေညက်ရောပေါ့။ တပည့်တို့အတွက် နာဖူး ထပ်မံ ပေါ့ကွယ်။ ဒီစာကို ဖတ်ရှုသူအပေါင်း အတွက် ဇာတိ



ဆိုတဲ့ဘဝတစ်ခု ရလာရင် ဇရာ မရဏသို့ အဆုံးသတ် ရမယ်။ ဘဝအဆုံးမသတ်သေး၍ ရသလောက် အချိန်လေးမှာ အကျိုးများကြရအောင် အသိဉာဏ် တွေ ပွင့်လင်းကြပါစေ။ဆက်လက်၍ နိဂုံးချုပ် အားဖြင့်-

* ရွှေပြည်ချမ်းသာ၊ ခံချင်ရှာ၊
ဆိတ်ငြိမ်ရာသို့ချဉ်း။
* အနိစ္စကောင်၊ ဒုက္ခကောင်
အနတ္တကောင် အသုဘကောင်၊
ထင်အောင်နှလုံးသွင်း။
* အနိစ္စတုံး၊ ဒုက္ခတုံး အနတ္တတုံး
အသုဘတုံး တုံးလုံးမှတ်ကြမင်း။
* ဤသို့ထင်မှ၊ မဂ်လမ်းစ၊
ရမည် မှန်စင်းစင်း။
* မဂ္ဂင် ဖောင်ကြီး၊ တက်၍စီးမှ
ပြည်ကြီးအမတ၊ နိရောဓ
ရမည်မှတ်ကြမင်း၊
* ယခုဘဝ၊ မသိကြ၊ အမတမည်ခေါ်
ရွှေပြည်တော်၊ အစော်မနံ့လျှင်း၊" တဲ့။

ထွန်းခေါင်ဆရာတော်ဘုရားကြီး ဩဝါဒကို နှလုံးသွင်းရင်မှာပိုက်၍ "ကံအလွန် ကောင်းကြသူများ"ဖြစ်ကြပါစေ။

**တပည့်အင်းသု**

--------- * ---------

# ပန်ကြားလွှာ

မောဟာမကင်းသေးသူတိုင်း အမှားရှိနိုင်စမြဲမို့
ဤစာစောင်ပါ အကြောင်းအရာ အချက်အလက်များ လိုအပ်နေခဲ့သော်ငြား၊
သမိုင်းကြောင်းနှင့် အတ္ထုပ္ပတ္တိများ မပြည့်စုံ အားနည်းနေခဲ့သော်ငြား၊
မိမိအာဘော် သဘောတရားနှင့် မကိုက်ညီသော ဝါဒ
သဘောတရားများ တွေ့မြင်ခဲ့သော်ငြား၊ အလှူရှင်များ စာရင်းကြွင်းကျန်နေခဲ့သော်ငြား၊
သက်ဆိုင်ရာ သူတော်ကောင်းအပေါင်းတို့က “ယောနိသော မနသိကာရ”ဖြင့်
“ပိုလျှင်ဖျက် လိုလျှင်စွက်” ၍ ရှုစားတော်မူကြပါရန် ဂရုဂါရဝဖြင့်
တလေးတစား ပန်ကြားအပ်ပါသည်။

## မေတ္တာရပ်ခံချက်

အဆင့်အတန်းမီ၊ အရည်အသွေး တောက်ပြောင်သော စာမူကောင်းများ မျှော်လင့်ထင်မှတ်ထားသည်ထက် ပိုမိုများစွာရရှိခဲ့သည့်အတွက် အထူးဝမ်းမြောက် ကျေးဇူးတင်ရှိလှပါသည်။ သို့သော်လည်း စာစောင်၏ နေရာပေးနိုင်မှုအနေအထား၊ ကုန်ကျစရိတ် သုံးစွဲနိုင်သည့်အင်အားနှင့် လုပ်ငန်းပိုင်း အတွေ့အကြုံ အားနည်းမှု တို့ကြောင့် စာမူသန့်အချို့အား ဤစာစောင်၌ ဝမ်းနည်းစွာ ချန်လုပ် ထားခဲ့လိုက်ရသည်ကို စာမူရှင်များက သည်းခံ ကျေနပ်ခွင့်လွှတ်ကြပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

စာစောင်ဖြစ်မြောက်ရေးအဖွဲ့



# အမေနု၏မှာခွေစကား

ဆရာနု



၁၃၅၅-ခုနှစ်၊ တန်ခူးလ၊ မဟာသင်္ကြန် မတိုင်မီ ရက်အနည်းငယ်က မုံရွာမြို့၊ မဟာလယ်တီ ဓမ္မသက သီလရှင်စာသင်တိုက်သို့ (၁၀)နှစ် အရွယ် သမီးငယ် နှင့်အတူ စာရေးသူ ရောက်ရှိခဲ့ပါသည်။ အကြောင်းမှာ သာသနာ့ဘောင် ပျော်မွေ့ပါမည်ဟု ခွင့်တောင်း၍ သမီးငယ်ကို သီလရှင်ဝတ်ပေးရန် တိုက်အုပ် ဆရာကြီးထံသို့ စာရေးသူလာရောက် အပ်နှံခြင်း ဖြစ်ပါ၏။ သမီးငယ်အား သီလရှင်ဝတ်ပေးပြီး စာရေးသူက တိုက်အုပ်ဆရာကြီးအား ဝိပဿနာတရား အားထုတ်လို၍ လမ်းညွှန်မြွက်ကြား ပေးပါရန် တောင်းခံမိပါသည်။

"ဒကာနုက ကျောင်းဆရာပဲ၊ ပြီးတော့ စာလေးဘာလေးလည်း ရေးနေတဲ့သူဖြစ်တော့ ဝိပဿနာကျမ်းတွေထဲက ဘယ်ကျမ်းတွေများ လေ့လာဖတ်ရှုထားသလဲ "ဟုတိုက်အုပ်ဆရာကြီးက စာရေးသူအား မေးလေ၏။

"တပည့်တော် ကျမ်းအတော်များများ လေ့လာ ဖတ်ရှုခဲ့ပါတယ်ဘုရား၊ ဒီအထဲမှာ အားထုတ်ဖို့အတွက် တပည့်တော်က လယ်တီဆရာတော်ဘုရားကြီးရဲ့ အာနာပါနဒီပနီကို လောလောဆယ် လေ့လာဖတ်ရှု နေပါတယ်ဘုရား။"

"အေး၊ တို့လည်း လယ်တီနိကာယ စာသင်တိုက်ဆိုတော့ "လယ်တီသာသနာ၊ ကမ္ဘာတည်သည့်တိုင်၊ ခိုင်ခိုင်မတ်မတ်နှင့် လှိုင်လှိုင်မပြတ် ထွန်းတောက်စေရမည်"ဆိုတဲ့ ရည်မှန်းချက်နဲ့ပဲ ဝိပဿနာလမ်းမှာတော့ အဲဒီအာနာပါနနဲ့ပဲ ကိုယ်တိုင် အားထုတ်ပြီး လမ်းညွှန်နေလာခဲ့တာပေါ့၊ ဒီတော့ ဒကာနု အာနာပါနနည်းအတိုင်းပဲ ကျင့်ကြံအားထုတ်ရင်း

**ရုပ်နဲ့နာမ်သာ အသေရှု**ပေတော့ ”ဟူ၍ လမ်းညွှန် မြွက်ကြားလိုက်ပါသည်။ ထိုစဉ်က တိုက်အုပ်ဆရာကြီးမှာ ဓမ္မသက သီလရှင်စာသင်တိုက်ကြီး၏ ဒုတိယမြောက် ပဓာနနာယက ဒေါ်နန္ဒမာလာ(ခေါ်) အမေနု ဖြစ်ပါ၏။

အမေနု၏ မှာခွဲစကားကို ရင်ဝယ်ထားလျက် တရားအားထုတ်ခဲ့ပါသည်။ ယခုတိုင်ပင် စာရေးသူမှာ ဉာဏ်နု၍ တရားမပေါက်သေးသော်လည်း အမေနု၏ မှာခွဲစကားကား နှလုံးသားမှ ပျောက်၍ မသွားပါ။ ဓမ္မသကသီလရှင်စာသင်တိုက်ကြီး၏ တိုက်တည်နှစ်၊ ရာပြည့် စာစောင်ထုတ်ဝေရန် စာမူဖိတ်ခေါ်သော လက်ကမ်းစာကို စာရေးသူရရှိမှ ကျေးဇူးရှင်တိုက်အုပ်ဆရာကြီးကို မေးမိသည်။ ညအခင်းဝယ် လမလင်းလေမှ လမင်းကိုတသူ အဖြစ်ကြုံရတော့၏။ စာရေးသူအား မှာခွဲစကားပါးခဲ့ ရှာသော အမေနုကား ဘဝနတ်ထံ စံခဲ့၍ ဓမ္မသကတွင် တိုက်အုပ်ဆရာကြီး တစ်ဆက်ပင် ကျော်ခဲ့ပြီး။ တပည့်မပီ၊ ဥပါသကာမမည်သောလူ့အန္ဓပါပေတည်း။ မိမိအား တရားပြခဲ့သော ကျေးဇူးရှင်အမေနုအား လုံးဝတစ်စုံတစ်ခုဖြင့် ကျေးဇူး မဆပ်မိခဲ့။ ဘဝနတ်ထံစံသည်ကို မရောက်မိလေသော စာရေးသူထက် မိုက်မဲသူလုံးဝ မရှိနိုင်တော့ချေ။

ထို့ကြောင့် ကျေးဇူးရှင် အမေနုအား စံမြန်းရာဘုံရိပ်နန်းမှ စာရေးသူအား မိုက်မဲသမျှ ခွင့်လွှတ်ပေးပါရန် အကြိမ်ကြိမ် တောင်းပန်လျှောက်ထားအပ်ပါ၏။ အမေနု၏ ရည်မှန်းချက် ဖြစ်သော “လယ်တီသာသနာ ကမ္ဘာတည်သည့်တိုင် ခိုင်ခိုင်မတ်မတ်၊ လှိုင်လှိုင်မပြတ် ထွန်းတောက် စေရန်”ကို၊ အမေနု၏ မှာခွဲစကားဖြင့် ရာပြည့်စာစောင်တွင် ကျေးဇူးဆပ်ကဗျာ ရေးသားပြီး စာရေးသူက ဂုဏ်ပြုမိ ပါလေတော့သတည်း။

ရုပ်နှင့်နာမ် အသေရှုလေမှ၊
နေမှုရယ်တဲ့ မြတ်မည်။
ဆွေအစုတွေအတွက်
ထပ်အလီလီကို၊
မပြတ်စီရီ မှာသွား။
အမေနု၏ စကားအလာကို
များတကာတွေ မှတ်ကြစေသား။
မြတ်ဗုဒ္ဓ၏ ဝိပဿနာကို
တိပြတ်စွာ ဟောကြား။
ကဝိမြတ်ဆရာ သဘောတရားပေမို့
စောငြားဖို့ မလို။
သီလရှင်တို့ ဒုနာယက မို့လည်း
လူ့ရွာဘဝ ကောင်းဖို့ညွှန်းဆို။
ဓမ္မသကတိုက် ထေရီထိုထိုပင်၊
ဝေစည်စိုအောင် ပျိုးထောင်ရင်းရယ်နှင့်၊
ကြိုးဆောင်နှင်းလို့ နုမောဒနာ၊
လု ဟောပြရှာ။
“အမေနုတဲ့ နန္ဒမာလာသည်”
စံပြဆရာ မည်ထိုက်ကျော်လို့မွှေး။
မုံရွာမြို့ရဲ့ လယ်တီသာသနာကို
ကြွယ်စည်စွာ အားထုတ်ခဲ့မနှေး။
တိုက်ရာပြည့် မော်ကွန်းစာတွင်
ဖော်ညွှန်းကာ ဂုဏ်ပြုဘုရာ့လေး။

**အမေနု၏ တပည့်**
**ဆရာနု**

-------------------

# သံဃိတ်သံ တညံညံ

## ဆရာလေးတွေရဲ့စာကျက်သံ

စာချဆရာ(မမွေ့သက)



စောထွင့်ဘုန်းလျှံ၊ တရားမွန်၊ သံယံနမာမိ။

ပရမတ်သင်္ဂြိုဟ်၊တတ်မြောက်လို၊ လူဗိုလ်တောင်းပန်ဘိ။

သင်္ဂြိုဟ်ဉာဏ်လောက်၊ အမြန်ရောက်၊ သံပေါက်ဆိုပိမ့်သိ။

စိတ်,စေတသိက်၊ ရုပ်,နိဗ်,လေးရပ်၊ ပရမတ်။

သိ ပယ် ဆိုက် ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ

မုချ ပရမတ်။

ကာမ ရူပ၊ အရူပ၊ လောက ဥတ္တရာ။

တဏှာ တြိ၊ ပိုင်းခြားဘိ၊ ဘူမိ စတုဖြာ။

အကုဆယ့်နှစ်၊ ဆယ့်ရှစ် အ-ဟိတ်၊

သုံးဆယ်စိတ်၊ ယုတ်နိမ့် အသောဘဏတည်း။

မမွေ့သက စာသင်တိုက်၊ သီလရှင်ငယ်ငယ်လေးတွေ စာကျက်နေကြသည်။

အဘွားရေ . . . အန်တီရေ . . . သမီးမွေးနေ့ရောက်တော့မယ်။ ဝါခေါင်လ ကုန်တော့မယ်။ တော်သလင်းလပြည့်ကျော် (၁၀)ရက် ရောက်လျှင် သမီးမွေးနေ့လေ။ အဲဒီကျရင် လယ်တီတိုက်ကြီး၏အနီး မမွေ့သကသီလရှင် စာသင်တိုက်သို့သွားပြီး မွေးနေ့ ကုသိုလ်ပြုရအောင်နော်။ အဲဒီသီလရှင် ကျောင်းထဲရောက်သွားရင် သမီးသိပ်ပျော်တယ်။ ဆရာလေးတွေက မြတ်စွာဘုရားဟောတော်မူခဲ့တဲ့ ပရိယတ္တိ စာပေတွေကို မဟာဇောတိက ဘုရားကျောင်းကြီး ပေါ်မှာ နံနက် (၆)နာရီ (၃၀)မှ (၁၀)နာရီအထိ၊ နေ့လယ် (၁)နာရီမှ ညနေ (၄)နာရီအထိ စာကျက်တဲ့ ဆရာလေးတွေက ကျက်စာတက်တဲ့ ဆရာလေးတွေကလဲ သူ့အချိန်နဲ့ သူစာချဆရာ တွေထံသွားပြီး စာတက်ကြ၊ ကြိုးစားလိုက်ကြ

တာ အဘွားရယ် ဝမ်းသာစရာပဲ။

တော်သလင်းလပြည့်ကျော် (၁၀)ရက်၊ သမီးလေး "သုန်သုန်" ရဲ့မွေးနေ့ရောက်ခဲ့လေပြီ " ဆရာကြီး ဆရာလေးတို့ဘုရား၊ သမီးမွေးနေ့ လာလှူတာပါဘုရား။ ကံစမ်းမဲပါတယ်ဘုရား။ ကံကောင်းရင် နှစ်ထောင်၊ သုံးထောင်၊ ငါးထောင်၊ တစ်သောင်း အထိရမှာဘုရား။ အားလုံးဆရာကြီး၊ ဆရာလေးတွေ အတွက်တော့ တစ်ထောင်ကျပ်တန်ပေါ့ဘုရား။ အားလုံးဆရာကြီး၊ ဆရာလေး တွေက (၁၂၀)ပါးရှိတယ် ပြောလို့ပါဘုရား။



" အေး-အေး ဟုတ်တယ် ကွဲ့. . . ကလေးရဲ့ ဆရာတွေ အားလုံးကို လှူချင်လှူ အလှူခံ၊ သံချောင်း(၃)ချက်ခေါက်ရမှာ။ "

"တင်ပါဘုရား. ခဏလေးနေပါဦးဘုရား။ ဆရာငယ်ငယ်လေးတွေ စာကျက်နေကြတာ သိပ်နားထောင်လို့ ကောင်းလို့ နာလိုက်ပါဦးမယ်ဘုရား။

## အပတ်စိတ် (၁၈)ပါး

- စက်, သော, ဃာ, ဇိ၊ ကာကိုမှီ၊ ငါးလီ ဝိညာဏ်မှတ်။
- သံ, သန်, နှစ်ခု၊ လောင်းပြန်မှု၊ အကု ဝိပါက်သတ်။
- သံ, သန်, သန်ဟု၊ လောင်းပြန်မှု၊ ကုသလ ဝိပါက် အင်္ဂ။
- အာဝဇ္ဇန်း ဒွိ၊ ဟသိတုပ္ပါဒ်၊ ဤသုံးရပ်၊ မှတ်လေကြိယာ။
- ကာယ နှစ်လီ၊ ဒု သု မှီ၊ ကုတီ ဟသိသော။

အကြွင်းစုဒ္ဒသ်၊ ဥနှင့်ကပ်၊ ဌာရည် စိတ်မနော။

ဒေါင် . . . ဒေါင် . . . ဒေါင် အလှူခံသံချောင်းခေါက်ပြီ။ သုန်သုန် မွေးနေ့ အလှူခံ သွားလိုက်ပါဦးမယ်။ ဆရာကြီး၊ ဆရာလေးများ တန်းစီ၍ ဤကောင်းမှုတို့နှင့်စပ်သမျှ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ ဤကောင်းမှုတို့နှင့် စပ်သမျှ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ ။ ဤကောင်းမှုတို့နှင့်စပ်သမျှ ကျန်းမာကြပါစေ ၊ ချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်းကင်းငြိမ်း ကြပါစေ။ နိဗ္ဗာန်ရောက်ကြောင်း ပဋိပတ်တရားတို့ကို ကျင့်ကြံကြိုးစားပွားများ အားထုတ်နိုင်ကြပါစေ။

ဤကောင်းမှု အဖို့ဘာဂတို့ကို အမျှ. . . အမျှ. . . အမျှ. . . ယူတော်မူကြပါကုန်လော့၊ သာဓု. . . သာဓု. . . သာဓု။ ဤကဲ့သို့ မေတ္တာဘာဝနာများပွားများပြီး အလှူခံကြသည်။ သမီးရဲ့ ဆရာငယ်ငယ်တွေ အလှည့်ရောက်လာပြီ။ ဒီဆရာလေးတွေကို သမီးက သိပ်ကြည်ညိုတာ။သူတို့လေးတွေ ကျက်တဲ့ သံခိပ်က နားထောင်ကောင်းတယ်။

"ဩော် . . . အေး . . . အေး ဟုတ်တယ်။ ဒီဆရာလေးတွေက ပထမဆင့် သံခိပ်ကိုဖြေမှာ။ ဒီဆရာလေးတွေက ဒုတိယဆင့် သံခိပ်ကိုဖြေမှာ။ ဒီဆရာလေးတွေက တတိယဆင့် သံခိပ်ကိုဖြေမှာ ကလေးရဲ့. . "။

" တင်ပါ့ပါ ဘုရား။ တတိယဆင့် ဖြေမဲ့ ဆရာလေး မသေဌညာဏ် ငါးထောင် ကံစမ်းမဲ ပေါက်တယ်။ ဩော် . . . ဒီဆရာလေးက တတိယဆင့်တောင် ရောက်နေပြီ။ ဒါကြောင့် ကံကောင်းတာနေမှာ။ အသက်ဘယ်လောက်ရှိပြီ လဲဘုရား။ "

" (၁၀)နှစ်ပါ ဒကာမကြီး၊ သာဓု. . . သာဓု. . . သာဓုပါ ဘုရား။ ဆရာလေးတွေ အားလုံး အောင်မြင်ကြပါစေဘုရား။ ဆရာကြီးတို့ ဘုရား တပည့်တော်တို့ မိသားစု သမီးလေး သုန်သုန်ရဲ့ မွေးနေ့ပွဲကို ဒီသံခိပ်အကြောင်းလေး ရှင်းပြပေးပါ ဘုရား။" အေး. . . . အေး. . . . ဒီလိုကွဲ့ ကလေး ရဲ့. . သံခိပ်ဆိုတာ ကျေးဇူးတော်ရှင် ပထမလယ်တီ ဆရာတော် ဘုရားကြီးက အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်းကြီးကို အကျဉ်းချုံး၍ပြရာဖြစ်လို့ ဒီကျမ်း ကို "ပရမတ် သံခိပ်၊ ဘွဲ့တံဆိပ်၊ ခတ်နှိပ်မည် သညာ"ဟု စပ်ဆိုပြီး ပရမတ္ထသံခိပ်ကျမ်းလို့ ခေါ်တယ်။ ထိုကျမ်း ကြီး၌ ကဗျာစာပိုဒ်ပေါင်း (၆၆၀) ရှိတယ်။ ဒါကြောင့်မို့ "ခြောက်ရာ့ခြောက်ဆယ်၊ လင်္ကာခြယ်၊ ဤဝယ်ပြီး ကဗျာ" လို့စပ် ဆိုတော်မူပြန်တယ်။

" ဆရာကြီးတို့ဘုရား ဒီကျမ်းသင်ယူလို့ ရတဲ့အကျိုးလေးလဲ ပြောပါဦးဘုရား။ "

" အေး. . . . အေး. . . ကလေးတို့ အချိန်ရရင် နည်းနည်း ကျယ်ကျယ်လေးပြောပြ မယ် နော်။ ပထမအဆင့်လို့ သတ်မှတ်တဲ့ အစ သုံးပိုင်းမှာ စိတ်၊ စေတသိက်၊ ပကိဏ်းလို့ခွဲထားတယ်။ စိတ်ဆို တာ အကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါးရှိတယ်။ ဒါကို "ကိ ရှစ်ဆယ့်တစ်၊ ကုတ်မူရှစ်ပေါင်းလစ် ရှစ်ဆယ့် ကိုး၊ ရှစ်ဆယ့်တစ်ကို ကုတ္တာလီ ဇော်ဝီသတာဖြစ်" လို့ စပ်ပြထားတယ်။

ဒီစိတ်တွေကိုယှဉ်တဲ့ စေတသိက်ကလည်း ၅၂ ပါးရှိတယ်။ ဒါကို ဆရာတော်က စိတ်၌မှီတွယ်၊ စိတ်ကို ချယ်၊ ငါးဆယ်နှင့်ဒွိက်၊ စေတသိက်တဲ့-။ ထိုစိတ်၊ စေတသိက်တွေကို ပကိဏ်းပိုင်းက ဟိတ် ကိစ္စ၊ ဒွါရ၊ အာရုံ ဝတ္ထုတို့ဖြင့် ဝေဖန်၍ပြပြန်တယ်။

နောက်- ဒုတိယဆင့်လို့ခေါ်တဲ့ အလယ် သုံးပိုင်းကတော့ ပုဂ္ဂိုလ်တွေ၊ ဘုံတွေ၊ ရုပ်တွေ ဘယ် လောက် ဘယ်ရွေ့ ရှိတယ်ဆိုတာတွေကို ကဗျာလေး တွေက- ဒု-သု-ဒွိ-တိ၊ အရိယာရှစ်၊ တစ်ကျိပ်နှစ်၊ ပြားလုစ်ဝါကရာ။

ငရဲ တိရိစ်၊ ပြိတ် အသုရာ၊ ဤလေးဖြာ၊ အောက်ရွာ ပါယ်ဘုမိ။

လူ စ တာ ယာ၊ တုသ် နိမ္မာ၊ ဝသာပြည်ဝတ္တိ။

ပ အာ ဝါ တော၊ မြေ ရေ လေ မီး၊ လွန်ပွား စီး၊ ဘုတ်ကြီးစတုက္က - စသည် ဒီလိုစပ်ခဲ့ တယ် လေ. . ။

နောက်တတိယဆင့်လို့ သတ်မှတ်တဲ့ နောက် သုံးပိုင်းကတော့-ဗောဓိပက္ခိယတရားနှင့် တရား ကိုယ်တွေ၊ ခန္ဓာ, အာယတန, ဓာတ်တွေ၊ ပဋိစ္စ သမုပ္ပါဒ်တရားတွေ၊ ပဋ္ဌာန်းတရားတွေလဲ ပါတယ်။ ကဗျာလေးတွေကတော့-

သ-ဝီ-ဆန်-စိ၊ ပဉ်-သဒ်ဓိ၊ ပီ-ပဿ-တတ်-သင်-တီ။

ရုပ်ဝေသဉ်သင်၊ စိတ်ဝိညာဉ်၊ ငါးအင် ခန္ဓာမှာ။

စက်-သော-ဃာ-ဇိ၊ ကာမနိ၊ အကြည် ခြောက်ဒွါရ။

ရူသဒ်ဂန်ရံ၊ ဖောဋ္ဌဗ္ဗ၊ ခြောက်တန် ဗာဟိရ။

စိတ်မနော ၈၊ ဓာတ်ခွန်ဝေ၊ တွက်ရေ ဓာတ်ဆယ့်ရှစ်။

အင်္ဂါဆယ့်နှစ်၊ သုံးဆစ်ကာလ၊ သုံးဝအစပ်၊ လေးရပ်အလွှာ၊ ဝဋ်သုံးဖြာ၊ မှတ်ပါမူလဒွေ။

ဟေအာဓိ-နန်၊ သမနန်၊ သ-အံ-နိ-ဥ-ပု။

ပစ်-သေ-ကံ-ပံ၊ ဟာဈုံ -ဈာန်၊ မဂ်-သံ-ဝိပ္ပ-ဟု ။

အတ်-နတ်-ဝိတ၊ အဝိတ၊ ဒွိစ-ပစ္စည်းယူ။ ဒီလိုစပ်ဆိုခဲ့တယ် ကလေးရဲ့. . . ။

နောက်ပြီးတော့ ယနေ့ဒီခေတ်ကြီးက ဝိပဿနာတရားတွေ ထွန်းကားနေတယ်လေ။ ရိပ်သာ တွေမှာသွားပြီးခန္ဓာဉာဏ်ရောက် အားထုတ်နိုင်ခဲ့ ရင်တော့လဲ ဝိပဿနာဉာဏ်တွေ တွေ့ကြမှာပေါ့။ အဲဒီလို ရိပ်သာတွေမှာ မသွားနိုင်ခဲ့ သေးရင် အရင် သိနှင့်အောင် ကဗျာလေးတွေက-

၁။ ခန္ဓာဒိနည်း၊ ဖွဲ့စည်းပြီးခါ၊ သုံးဖြာလက္ခဏာ သုံးသပ်ရ၊ သမ္မသနဉာဏ်။
၂။ ဖြစ်ပွားပျက်မူ၊ အစုံရှု၊ ဥဒယဗ္ဗ- ယဉာဏ်။
၃။ အပျက်ကိုသာ၊ ရှုတုံပါ၊ သညာဘင် ဉာဏ်။
၄။ အပျက်မြင်က၊ ဘယမစ္ဆု၊ ပျက်မှု ခပင်း၊ ဘေးသေမင်းဟု၊ ကြောက်ခြင်း ထွေ ထွေ၊ ရှုတုံပေ၊ မှတ်လေဘယဉာဏ်။
၅။ ကြောက်ဖွယ်ခပင်း၊ မြင်တုံလျှင်က၊ ဘေးဘယမျိုး၊ ရုပ်နာမ်ဆိုး၌၊ ကိုးရာ မရှိ

ခက်မှန်းသိ၊ အာဒိနဝဉာဏ်။

၆။ ကိုးရာမထင်၊ခက်ပုံပြင်က၊ မရှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေနိဗ္ဗိဒ်။

၇။ ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ ထွက်လိုဘိ၊ မုစ္စိတုကမျတာဉာဏ်။

၈။ လွတ်လိုလှ၍၊ လွတ်ရတဲ့ငှာ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက် ဘိ၊ ပဋိသင်္ခါဉာဏ်။

၉။ အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရ သယ်၊ မဖွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်။

၁၀။ မဂ်ရောက်လိုသော်၊ အဆော်အနှုး၊ မဂ်လေးဦးအား အထူးလျော်မှု၊ ကျေးဇူး ပြု၊ အနုလောမဉာဏ်။

ဒီလိုစပ်ခဲ့တယ်။ ဒါကို ဆရာလေးတွေက သင်ကြရတယ်။ ကောင်းလိုက်တာဘုရား။ ဒီသံခိပ်ကိုရလျှင် ဆရာတော်ဘုရားကြီးက "ပိဋကတ်နှစ်ပုံ အကျဉ်းခြုံ၊ နှုတ်ငုံသူတို့မှာ"တဲ့-စိတ်၊ စေတသိက်၊ ပကိဏ်း၊ ဝီထိ၊ ရုပ်၊ ပစ္စည်း၊ ဤ ၆-ပိုင်းက အဘိဓမ္မာပါဠိတော်ကြီး (၇)ကျမ်းကို အကျဉ်းချုံးသော အပိုင်းတဲ့။ ဘုံ၊ ရုပ်၊ သမုစ္စည်း ကမ္မဋ္ဌာန်း အပိုင်းတို့က သုတ္တန်ပိဋကတ်တို့ကို အကျဉ်းချုံးသော အပိုင်းတဲ့။ ဒါကြောင့် သံခိပ်ရလျှင် ပိဋကတ်နှစ်ပုံ သိမ်းပိုက်မိတယ်တဲ့။

နောက်ပြီး ယနေ့ခေတ် စာမေးပွဲမှာ သံဃာတော်များ၊ သီလရှင်များဖြေဆိုကြတာ သိတယ်မဟုတ်လား။ ငယ်, လတ်, ကြီး ပထမပြန် စာမေးပွဲမှာ အဘိဓမ္မာဘာသာ (၃)ရက်မြောက်မှာ ဖြေဆိုရတာ။ ဒီကဗျာလေးတွေရထားတဲ့ သံဃာတော်များနှင့် သီလရှင်များဟာ အဲဒီဘာသာအတွက် အမှတ်ပြည့်ရနိုင်တယ်။ နောက် စာချတန်းခေါ်တဲ့ ဓမ္မာစရိယတန်းမှာ ဓမ္မသင်္ဂဏီ (အဋ္ဌသာလိနီ) ကျမ်းမှာ ဖြေဆိုကြလျှင် ပစ္စည်းပိုင်းခေါ် (၈)နံပါတ် အပိုင်းမှာ-

ဟိတ်ခြောက်ခြောက်အာ၊ ဓိနှစ်ဖြာ၊ အာဓိသမိခွဲ။
ဣန္ဒြေရုပ်နာမ်၊ အာဓိမှန်၊ လေးတန်သမိခွဲ။
သနိအတ္ထိ၊ အဝိဂတာ၊ ဤလေးဖြာ၊ မဟာသဟဇ။
အညဝိသံ၊ ဝိပ်လေးတန်၊ မဈွသဟဇ။
ဟေဓိဟာကံ၊ ဣံမဂ်ဈာန်၊ မှတ်ရန်ငယ်သဟ- အစရှိတဲ့ ဒီကဗျာတွေရနေပြီဆိုလျှင် စာချတန်း နောက်ဆုံးကျမ်းနံပါတ်တစ်ဆယ် အတွက် အမှတ်ပြည့် ရနိုင်တယ်။

ဒီလိုအကျိုးတွေရတယ်ကွဲ့။ နောက်ပြီး အသိအလိမ္မာဉာဏ်ပညာတွေနှင့် ပြည့်စုံပြီး ပညာဓိကဆု၊ ပညာဇောတဒဂ်ဆု၊ အဘိညာဇောတဒဂ် ဆုတို့နှင့်လည်း ပြည့်စုံနိုင်တယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက-

"ပညာဓိက၊ ဆုကြီးရ၊ အမျှော့ကိုးကွယ်ရာ"လို့ စပ်ဆိုပြထားပြန်တယ်။ ပစ္စုပ္ပန်သံသရာ ကောင်းကျိုးတွေဝေဖြာအောင်မို့တို့ ဓမ္မသက စာသင်တိုက်ကို ရောက်လာလျှင် နေ့စဉ် တစ်နာရီကျော် ဝတ်ရွတ်စဉ် အတွက်သင်ပေးပြီးလျှင် ဒီပရမတ္ထသံခိပ် ကဗျာလေးတွေကို သင်ပေးတာကွဲ့။ ကလေးတို့လဲ ဝါသနာပါရင် သင်လို့ရပါတယ်။ သင်ပေးမယ်လေ။ အဲဒီကျတော့ အကျယ်တဝင့် သိရတာပေါ့။ နှစ်စဉ်နှစ်တိုင်းပဲ သီတင်းကျွတ်လပြည့်ကျော် (၂) ရက် (၃)ရက် (၄)ရက်ဆိုရင် ပရမတ္ထသံခိပ်စာမေးပွဲ ဖြေရတာ. . ဆရာတော်ဘုရားကြီး မွေးနေ့ နတ်တော်လ ရောက်ရင် ဆုနှင်းသဘင်ပွဲ ကျင်းပတယ်။ ဆရာငယ်ငယ်လေးတွေက ဆုရကြပြီဆိုရင် သိပ်ပျော်ကြတာ။ ဒီဆရာငယ်ငယ်လေးတွေ သာသနာတော်မှာ သက်ဆုံးတိုင် ပျော်ကြပါစေ။ အဆင့်တက်ပြီး အောင်ပန်းတွေ အလီလီလည်း ဆွတ်ခူးနိုင်ကြပါစေလို့ ဆရာကြီး



တို့က ရည်ရွယ်၍လည်းကောင်း၊ အလွန်သေးတဲ့ ယုန်သူငယ်လေးတွေဟာ နက်လွန်းတဲ့ သမုဒ္ဒရာကြီးကို မကူးနိုင်သလို ဉာဏ်ငယ်သေးတဲ့ ဒီဆရာလေးတွေဟာ ကျမ်းကြီးကျမ်းလတ် ကျမ်းငယ် ပါဠိ အဋ္ဌကထာ ဋီကာများကို မသိနိုင်၊ မမြင်နိုင်သေး ဘူးလို့ ရည်ရွယ်၍လည်းကောင်း ဒီကဗျာလေးတွေကို အရင်ဆုံးသင်ပေးရတာကွဲ့။

ဪ. . ဒါကြောင့်မို့ ဓမ္မသကတိုက် ဒီဆရာငယ်ငယ်လေးတွေက “သံခိပ်သံ တည်ည်” နဲ့စာကျက်သံတွေကြားနေရတာကိုး။ ကဲ. . ကဲ သိလောက်ပါပြီနော်။ ဆရာလေးတွေလည်း သံခိပ်မှသည်. . “ဒုက္ခခပ်သိမ်း ၊ ချုပ်ငြိမ်းဗြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန်”လို့ စပ်ဆိုတဲ့ အတိုင်း နိဗ္ဗာန်တိုင်ရောက် ကျင့်ကြံကြိုးစား ပွားများအားထုတ်နိုင်ကြပါစေ။

သမီးလေး သုန်သုန်ရဲ့ မွေးနေ့ကုသိုလ်အတွက်လည်း တောင်းဆုဆိုတိုင်း လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးတွေ ပြည့်ဝပါစေ။ အဆုံးစွန်သော ဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို လွယ်သောအကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်ပါစေ။

ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား. . . ။

**စာချဆရာ**
**ဓမ္မသက**





**လယ်တီအရှင်ကေလာသ-၏**
**နီတိမှတ်တမ်းလွှာ-မှ**

**၁။ နီတိမတတ်က လူ့အန္ဓ**

အနေက သံသယောစ္ဆေဒိ၊
ပရောက္ခတ္ထဿ ဒဿကံ။
သဗ္ဗဿ လောစနံ သတ္ထံ၊
ယဿ နတ္ထန္ဓဧဝ သော။

**အဓိပ္ပာယ်-အနှစ်ချုပ်**

* မိုက်,အ,ပေါ့တန်၊
အပျင်းသန်၊
ကျမ်းဂန် မသင်မိ။

* ကောင်းဆိုးနှစ်တန်၊
ကြောင်းကျိုးမှန်၊
ဝေဖန် သူမသိ။

* ဉာဏ်မြင်ကန်းစွ၊
လူ့အန္ဓ၊
လောကခေါ်ရိုးရှိ။

---

တွေ့ဆုံခြင်းသည် ခွဲခွာရန်အတွက် လမ်းစဖြစ်သည်ဟူသော ဒဿနစကားသည် ကျွန်မနှလုံးသားမှာ အစဉ်သဖြင့် ပဲ့တင်သံကြား နေရ၏။ ကျွန်မပထမဦးဆုံး ကျွန်မကိုယ်ကျွန်မ မေးနေသည့်မေးခွန်းမှာ ဘယ်လိုမျိုးခွဲခွာရမှာလဲ။ အမုန်းတရားလား။နာကြည်းခြင်းလား။ အပြုံးနှင့်လား။ ဒေါသနှင့်လား။ နောက်ဆုံးတော့ အဖြေတစ်ခု တိတိကျကျ ထွက်ကြလာပါသည်။ ထိုအဖြေမှာ နွေးနွေးထွေးထွေး ခွဲခွာခြင်းပင်။ ထိုခွဲခွာမှုအတွက် ကျွန်မကိုယ်တိုင်ကျွန်မ ပြင်ဆင်ရဦးမည်။ ထိုပြင်ဆင် မှုအတွက် ပေးဆပ်မှု များနိုင်သမျှများများ ပေးဆပ် ရမည် ဖြစ်ကြောင်း ကျွန်မကိုယ်ကျွန်မ သိနေ၏။ ရဝေနွယ် (အင်းမ)ရေးသားသောစာတွင် ကမ္ဘာကြီး ဟာ အမှန်တကယ်လုံးပြီး ၂၃½ဒီဂရီ တိမ်းစောင်းပြီး ၂၄-နာရီတစ်ပတ်လည်နေခဲ့ရိုးမှန်ခဲ့ရင် ကျောခိုင်းပြီး ခွဲခွာသွားတဲ့ ချစ်သူနှစ်ဦးဟာ တစ်ချိန်ချိန်မှာ မျက်နှာချင်းဆိုင်ပြီး ပြန်တွေ့ကြလိမ့်မယ်တဲ့။ကျွန်မ ကတော့ ခွဲခွာသွားပြီးနောက် ပြန်တွေ့ဖို့ဘယ်တော့ မှ မဖြစ်နိုင်တော့ဘူးဆိုတာ ကျွန်မသိနေ၏ ။ ကျွန်မ ဟာ မှတ်ဉာဏ်နည်းပါးသူ၊ ထုံထုံအအ မိန်းကလေး၊ အရိုပ်ပြလို့ အကောင်မထင်သော မိန်းကလေး၊ အသုံးမကျသော မိန်းကလေးတစ်ဦးလည်း ဖြစ်နေ ပြန်ရော။

ကျွန်မလူတစ်ယောက်ကို ပြောခဲ့ဖူးပါသည်။ ထိုစကားကတော့ "မေ့နိုင်အောင် ကြိုးစား မယ်ဗျာ"ဟူသော စကားလုံးလေးများဖြင့် လမ်းခွဲ ခဲ့ပါသည်။ ထိုလမ်းခွဲမှုမှာ ဘယ်သူမှ မသိနိုင်၊ မမြင်နိုင်သော ခံစားချက်အချို့နှင့်အတူ ကျွန်မတို့

# မေ့နိုင်အောင် ကြိုးစားမယ်

မြဝေရက်မေ



အေးဆေးစွာ (သို့) နွေးနွေးထွေးထွေး ခွဲခွာခြင်းပင်။ ထိုလမ်းခွဲအစမှာ ပြင်းထန်လွန်သော စိတ်ဓာတ်ကျ ရောဂါနှင့်အတူ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်သံများ၊ လူတချို့ရဲ့ ခပ်လောင်လောင် စကားလုံးများ၊ သနား ကရုဏာသံများ၊ အသက်ထက် အရှက်က ပိုအရေး ကြီးသော ကျွန်မတစ်ယောက် ညစဉ်လိုလို အရှိုက်သံမဲ့ စီးကျသည့် မျက်ရည်များ အတောမသတ်နိုင်ခဲ့ပါ။ နောက်ဆုံး ကျွန်မကိုယ်ကျွန်မ ဘယ်လိုအဆုံး စီရင် ကောင်းမလဲဆိုသည့် အတွေးတွေကလည်း မကြာ ခဏဆိုသလို တွေးတွေး နေတတ်ပါသည်။ ခွဲခွာခြင်း အတွက် ပထမဦးဆုံးခံစားချက်သည် ကြောက်စရာ ကောင်းလောက်အောင် ပြင်းထန်သွား၏။ ထိုခံစား ချက် များသည် ကျွန်မအတွက် လောကခံ၏ လှိုင်းပုတ် ရိုက်ချက်များ ဖြစ်ပေတော့သည်။

ထိုအချိန်၌ ကျွန်မအတွက် အမှတ်မထင် ရှားပါးလှသော မိတ်ဆွေကောင်းတစ်ယောက် အနားမှာရှိနေ၏။ ကျွန်မ၏ စကားလုံးများကို သူမ နားထောင်ပေးသည်။ ကျွန်မ၏ မျက်ရည်များကို သနားကရုဏာဖြင့် သုတ်ပေးသည်။ ကျွန်မအတွက် ဖြေသိမ့်စရာ စကားလုံးများကို ရွေး၍ပြောတတ် သည်။ ကောင်းသန့်ရဲ့ သမီးလေးဖတ်ဖို့ စာအုပ်လေးကို ကျွန်မဖတ်ဖို့ ယူလာတတ်သည်။ သူမယူလာသော ကောင်းသန့်ရဲ့ စာအုပ်ကိုဖတ်လိုက်စဉ်မှာ ကျွန်မ အတွက် ဘဝတစ်ခု အသစ်ပြန်ဖြစ်ဖို့ ရေသောက် မြစ်ကလေး စတင်ပေါ်လာသည်။

မင်္ဂလာရွှေစကား စာအုပ်မှ ရဝေနွယ် (အင်းမ) ရေးသောစာသားထဲမှာ ဆရာတော် ဘုရားကြီးက "သူမသိရှာလို့ ကဲ့ရဲ့လေ သည်။ ထင်တိုင်းပြောဆိုတတ်ခြင်းမှာ မစောင့် စည်းသူတို့၏ ဓမ္မတာပင်တည်း။ အကယ်၍သာ အမှန်အတိုင်းသိပါက ကဲ့ရဲ့မိတဲ့အတွက် သူ့မှာ အများကြီး စိတ်မကောင်းဖြစ်ရှာလိမ့်မည်။ ငါယခု အကဲ့ရဲ့ခံရသည်မှာ အပြစ်မရှိသူကို ကဲ့ရဲ့ခဲ့ဖူးလို့ ဖြစ်ပေလိမ့်မည်။ ဝဋ်ကြွေးရှိတဲ့အတွက် ခံရသည်မှာ စိတ်နာဖွယ်မရှိပေ"လို့သည်းခံရင်း နှလုံးသွင်းတတ်ဖို့ လမ်းညွှန်ဩဝါဒကို အထပ်ထပ်ဖတ်ရင်း ဆင်ခြင်နှလုံးသွင်းကာ ဘဝ တစ်ခု အသစ်ဖြစ်ဖို့ သစ်ပင်ကြီးတစ်ပင် ဖြစ်လာခဲ့ ပါတော့သည်။ အရှင်ဆန္ဒာဓိကရဲ့ မသေခင်ဘာ လုပ် ကြမလဲ ဆိုသည့်မေးခွန်းကို အထပ်ထပ်နှလုံး သွင်း ဆင်ခြင်ကာနေတော့ ကျွန်မဘဝကို ဘယ် လိုပြင်ဆင် ရမယ်၊ ဘယ်လိုဆုံးဖြတ်ချက်တွေ ချရမယ်၊ ဘယ်လိုဦးတည်ချက်တွေ ချရမယ်ဆို သည့် အသိသည် ဘဝတစ်ခု အသစ်ဖြစ်ဖို့ သစ်ပင်ကြီး ကိုမိုးဖွဲဖွဲလေး ရွာချလိုက်သလို ခံစားပီတိ ဖြစ်ရ ပါတော့၏။

သံသရာနဲ့ချီပြီးတော့ တွေ့ကြုံခဲ့လှတဲ့ ဘုရားသာသနာတော်ကြီးမှာ မသိမှုတွေကြောင့် အစွဲအလမ်းတွေဖြစ်ပြီး ဘုရားအဆူဆူပွင့် ခဲ့ပြီး လွဲလွဲသွားသည်။ ထိုအစွဲအလမ်းတွေကို ဓမ္မတရား နှင့်ဖြတ်ရပေတော့မည်။ တရားထိုင်ချင် တဲ့စိတ်တွေ၊ တရားစခန်း ဝင်ချင်တဲ့စိတ်တွေ၊ ဓမ္မတရားတွေ ကို သိချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာသည်။ ကံကောင်းလွန်းသဖြင့် သားဖွားဆရာမတစ်ဦး၏ အကူအညီကြောင့် ဆားလင်းကြီးမြို့နယ် ဖောင်းကား ကျေးရွာ သင်္ကြန် (၅)ရက်မှာ မိုးကုတ်ဝိသနာ တရားစခန်း အကြိမ် (၃၀)မြောက်မှာ ကျွန်မရယ်၊ ဒေါ်မာလာဝင်း၊ ဒေါ်မော်မော်ဆွေနှင့် သားဖွား ဆရာမတို့ ဆွေမျိုးတစ်စုနှင့် ဘိန်းနွယ်ချောင်မှ ထော်လာဂျီဖြင့် သွားရောက်၍ တရားစခန်း ဝင်ကြသည်။

ဖောင်းကားကျေးရွာရှိ ရွာသူ၊ ရွာသား များသည် သဘောဖြူစင်ကြသည်။ ယောဂီများကို လိုလေ သေးမရှိအောင် ကုသိုလ်ပြုကြသည်။ ကျွန်မတို့ သည် တရားစခန်း၏ အရှေ့ဘက်စွန်းစွန်းအိမ် မှာ နေကြသည်။ တရားစခန်းသို့ ဝင်ကြသော ယောဂီများသည် ပြည့်နှက်နေ၏။ လူကြီး၊ လူငယ် အရွယ်စုံလင်သော ယောဂီများသည် မိုးကုတ် ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း ကြီးကို ဓမ္မကထိက တရားပြဆရာတော် အရှင်သဇ္ဇနသာရ က သင်တန်းတစ်ချိန်ပို့ချ၍ နားလည်သဘောပေါက် ခဲ့သည်။ ပဋိစ္စသမုပ္ပါဒ်- ခန္ဓာ ဖြစ်စဉ်

(အကြောင်းအကျိုး)ကို သိရှိလာသည်။ တရား စောင့်သောသူကို တရားက ပြန်စောင့် ရှောက်မှာ သေချာ၏။ ဗုဒ္ဓဘာသာ၏ အခြေခံဖြစ်သော သဒ္ဓါနှင့်သီလကို အမြဲစောင့်ထိန်းခြင်း သည် စိတ်၏ ချမ်းသာခြင်းကို ရရှိနိုင်ကြောင်းလည်း သိရှိလာ၏။ ဝိပဿနာ အားထုတ်ရာတွင် အသိရှေ့ထား၊ အကျင့်နောက် ထား၍ အာနာ ပါန သမထကမ္မဋ္ဌာန်းလုပ်ခြင်းဖြင့် စိတ်အညစ် အကြေးများကို ပယ်သတ်နိုင်ကြောင်း သိရှိလာ၏။ ထိုတရားစခန်း၏ အပြန်လမ်းတွင် ကျွန်မအ တွက် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ ပေးဆပ်ခြင်းစသည့် စိတ်ဓာတ်ခွန်အား ဓမ္မတရား အသိသည်ရင်ဝယ်သို့ ရောက်လာပါတော့၏။

အနိုင်ပိုင်းသူရဲကောင်းဟူ၍မရှိ၊ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း သူရဲကောင်းသာ ရှိသည်ဟူသော ဒဿနစကားကိုလည်း ကျွန်မနှစ်သက်သည်။ ဘာတွေစွန့်လွှတ်မှာလဲ။ ကျွန်မ ပိုင်ဆိုင်သော ပစ္စည်းအနည်းငယ်ကို စွန့်လွှတ်မည်။ ပစ္စည်းဥစ္စာရဲ့ အနှစ်သာရက လှူခြင်းပဲ။ နာဂစ် ဒေသ(ရေဘေး)နှင့် ကျောက်အိုးဒေသ (မီးဘေး) တို့အတွက် ကျွန်မ ပိုင်ဆိုင်သော အဝတ်အထည် တော်တော်များများ လှူခဲ့ပြီးပြီ။ ခန္ဓာကိုယ်ကြီးသည် တစ်ချိန်ကျရင် မြေဇာပင်တည်း။ မြေဇာပင် မဖြစ်ခင် ခန္ဓာကိုယ်ကို သင်ထောက်ကူပစ္စည်းအဖြစ် အရင်းတည်၍ သီလဆောက်တည်ရမည်။ ဥပုသ်တွေစောင့်မည်။ တရားထိုင်မည်။ ဝိပဿနာပွားမည်ဟု သိပြီးနောက် အကျင့်သည် တဖြည်းဖြည်းလိုက်လာ၏။

အမျိုးသမီးကောင်းတစ်ယောက်ဖြစ်စေရန်ကျင့်ဝတ်(၆)ချက်ကို ကျွန်မလိုက်နာပါသည်။

၁။ အကျင့်သိက္ခာ ဣန္ဒြေရှိရမည်။

၂။ အမြော်အမြင် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံရမည်။

၃။ ငြင်းခုံတတ်သော အလေ့မရှိရ။

၄။ ပြစ်စောင်းမြောင်း ပြောဆိုသော စကား မရှိရ။

၅။ မြင်တိုင်းသောအရာကို မနှစ်သက်၊ မတပ်မက်ရ။

၆။ သူတစ်ပါးအိမ်သို့ သွားရောက်လည်ပတ်ပြီး အတင်း ဖျင်း ပြောစကားမရှိရ။

ထိုအတူ အမျိုးသမီးတိုင်း လိုက်နာသင့်သည် မဟုတ်လား။

ကျွန်မသည် သီချင်းအလွန်ကြိုက်သည်။ နောက်ဆုံး တစ်ဦးတည်းနေစဉ်တွင် တိုးတိုးလေး တောင် ဆိုနေတတ်သည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက "ကိလေသာတွေက နူနာရောဂါနဲ့ တူတယ်၊ ကာမဂုဏ် ချမ်းသာတွေဟာ မီးပုံကြီးနဲ့ တူတယ်၊ ကာမဂုဏ် ချမ်းသာခံစားနေတာဟာ နူနာရောဂါထလာလို့ ယားလွန်းသည့်အတွက် မီးကင်ပြီး အယားဖျောက်နေတာနဲ့ တူတယ်"တဲ့။ ယခုတော့ အမှတ်တမဲ့ ဆိုလိုက်ရင်တောင် အသိကဖျတ်ခနဲဝင်လာပြီး အကျင့်က ငါမီးကင်နေတာ၊ အဲသလို မှတ်ပေးလိုက်တယ်။ ဗွီဒီယိုကြည့်၊ သီချင်းနားထောင်တဲ့သူတွေကို ကြည့်ပြီး ကိလေသာတွေ သူတို့မီးကင်နေတာ၊ ငါကတော့ ဒီလိုကိလေသာတွေနဲ့ ဘယ်တော့မှ မီးမကင်ဘူးဟု ဆင်ခြင်လိုက်၏။

အစားအသောက် မက်မောသူ တစ်ယောက်ဖြစ်ခဲ့ဖူးပါသည်။ ကျွန်မငယ်ငယ်က ရိုက်ခံရလျှင် အစားအသောက်ကြောင့်သာ ဖြစ် သည်။ ယခုတော့ ဒီခန္ဓာကိုယ်ကြီးထဲက ရသတဏှာက ခိုင်းသောကြောင့်အရသာတွေ စားနေပေမယ့် ဘယ်လောက် စားစားဝတယ် မရှိခဲ့ပါ။ ဘယ်လောက် သောက်သောက် ပြည့်တယ် မရှိခဲ့ပါ။ ဒီတစ်ခါတော့ ခန္ဓာကိုယ်ကြီးကို ပြန်ခိုင်းရမယ်လေ။ သီလတွေ စောင့်မယ်။ ဥပုသ်တွေ စောင့်မယ်။ ယခုတော့ ဝါတွင်းဝါပ မဟုတ်ပါ၊ အားသည့်နေ့မှာ ဥပုသ်ယူပါသည်။

ကျွန်မသည် အပျင်းထူ၊ အပျင်းကြီး၊ အသုံးမကျသူတစ်ဦးဖြစ်ခဲ့ပါသည်။ နေ့ဘက်တွင် အိပ်သည့် အကျင့်ရှိပါသည်။ သူတော်ကောင်း

တွေဟာ သူတော်ကောင်းတရားတွေကျင့်တာ အိပ်တယ်မရှိဘူးတဲ့။ အအိပ်ကြီးသူဟာ မောဟ (မသိမှု) ကြီးသူတဲ့။ ဒါကြောင့် ကျွန်မသည် ညဘက်မှာသာ အိပ်ပါတော့သည်။

နောက်ဆုံးတော့ အပြောင်းလဲကြီး ပြောင်းသွားသော ကျွန်မကို အားလုံးက အံ့သြနေကြသည်။ ချစ်နိုင် (စိတ်ပညာ) ရဲ့ "စာပေသည် လူကိုပြောင်းလဲစေသည်"၊ မှန်ပါသည်။ ဆရာ၏စကားနှင့် ဆရာ၏စာအုပ် ဆရာအရှင်များ ရေးသော ဓမ္မစာအုပ်တွေကို ဖတ်ပြီး စာပေဖြင့် ကျွန်မဘဝကို ပြောင်းပစ်ခဲ့ပါသည်။

လမ်းခွဲတာ ဝမ်းနည်းစရာလားဆိုသည့် အရှင်ဆန္ဒာဓိကရဲ့ စာသားအပိုင်းကို ဖော်ပြလိုက်ပါသည်။

* နှုတ်ဆက်ထွက်ခွာသွားသူနဲ့
လက်ပြကျန်ရစ်ခဲ့သူ
ဘယ်သူပိုဝမ်းနည်းရပါသလဲ။
* ထွက်ခွာသွားသူက ပိုသံယောဇဉ်ကြီးရင်
သူ ပိုဝမ်းနည်းရမှာပါ။
ကျန်ရစ်ခဲ့သူက ပိုသံယောဇဉ်ကြီးရင်
သူ ပိုဝမ်းနည်းရမှာပါ။
* နှစ်ယောက်လုံးညီတူ
သံယောဇဉ်ကြီးရင်တော့
နှစ်ယောက်လုံး ညီတူ ဝမ်းနည်းရမှာပေါ့၊
လမ်းခွဲမှာ ဝမ်းနည်းစရာ မလိုအောင်
သံယောဇဉ် နှောင်ကြိုးတွေကို
အတတ်နိုင်ဆုံး ဖြေလျှော့
လိုက်ကြစို့လားကွယ်– တဲ့။

ကျွန်မရင်ထဲမှာ အမြစ်တွယ်ခဲ့သော သံယောဇဉ် နှောင်ကြိုး စတာတွေကို တစ်စချင်း တစ်စချင်း ဖြေလျှော့ပါမည်။ ဘဝကိုအေးချမ်း စိတ်ချမ်းသာစွာဖြင့် တရားဓမ္မ လမ်းကြောင်းပေါ်မှာ ရပ်တည်မည်။

မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်း၊ မိတ်ဆွေအားလုံးဟာ အတူတူ လှေကြုံစီးနေကြသူများဟု နှလုံးသွင်း ထားပါသည်။ အချိန်တန်ရင် သူကလည်း သူ့လမ်းခရီးရောက်လျှင် ဆင်းမှာပဲ။ ကိုယ်ကလည်း ကိုယ့်လမ်းခရီး ရောက်လျှင် ဆင်းသွားမည်။ ဝမ်းနည်းစရာ၊ ဝမ်းသာစရာ၊ ငိုစရာ မဟုတ်ပါလား။ ခွဲခွာခြင်း သဘောရှိတဲ့ တရားနဲ့ ခွဲခွာသွားတာ သဘာဝတစ်ခုပဲလေ။ သဘာဝတရားကို လက်ခံရမှာပါ။ လမ်းအခွဲမှာ ငိုစရာမှ မဟုတ်တာ။

ကျွန်မကတော့ လမ်းခွဲခါစက အလွန်ပြင်းထန်လွန်းသော ရိုက်ချက်၏အရှိန်ကြောင့် ဒဏ်ရာရခဲ့ဖူးသော စာကလေးတစ်ကောင် ဖြစ်ခဲ့ ပါသည်။ ယခုတော့ ဆန္ဒတွေပြည့်တဲ့နေ့၊ တည်ငြိမ်အေးချမ်းပြီး ရပ်တည်နိုင်သော နေ့ တစ်နေ့ တွင် တောပျော်နေ သီလရှင်ဘဝဖြင့် အားလုံးကို လက်မပြ၊ နှုတ်မဆက်၊ အပြုံးမပျက် ခံစားချက်ကင်းမဲ့ပြီး တရားဓမ္မနှင့်အတူ မပြီးဆုံးသေးသော ခရီးကိုဆက်ပါဦးမည်။



(စာပေပညာရှင်၊ ဆရာအရှင်များနှင့် မိုးကုတ်ဝိပဿနာ တရားပြဆရာအရှင်နှင့် မိဘနှစ်ပါး၊ ဓမ္မမိတ်ဆွေ အပေါင်းအသင်းများ အတွက် အမှတ်တရ။)

မြဝေရက်မေ

----- * -----

# ဓမ္မသက ၏
# တစ်နေ့တာလမ်းစဉ်

**မသီရိမာလာ**
(မွှာစရိယ၊ဝိနယဝိဒူ)



"**နေ့**ကိုရက်စား၊ ရက်အားလမျို လကို နှစ်ဖြုန်း၊ လွှဖြင့်ဆုံးသို့ ပြုန်းတဲ့ခန္ဓာ၊ မခိုင်မာ ဘူး"ဟူသော မန်လည် ဆရာတော်ဘုရားကြီး၏ သံဝေဂဖြစ်စရာ မဃဒေဝလင်္ကာကို ရွတ်ဆိုရင်း တစ်နေ့တာ အချိန်ကာလကို ရက်ကစား သွားလိုက်တော့ နောက်တစ်ရက်သို့ ရောက်လာခဲ့ပြီ၊ တစ်ရက်တာ အချိန် ကာလများကို လ , က ဝါးမျို လိုက်ပြန်တော့ နောက်တစ်လသို့ ကူးပြောင်းခဲ့ရပြီ၊ တစ်လတာ အချိန် ကာလများကို နှစ်ကဖြုန်း လိုက်ပြန်တော့လည်း နောက်တစ်နှစ်သို့တောင် ပြောင်းရွှေ့လာခဲ့ပြီ။

အချိန်ကာလတွေ တရွေ့ရွေ့ကုန်ဆုံးလာလိုက်တာ ၁၃၇၂-ခုနှစ် ဆိုလျှင် အမိဓမ္မသက စာသင်တိုက်ကြီး အနှစ်(၁၀၀) ပြည့်မြောက်လာခဲ့ပါပြီ။

စာရေးသူအနေနဲ့ မဟာလယ်တီ ဓမ္မသကစာသင်တိုက်ကြီးရဲ့ တစ်နေ့တာ လုပ်ငန်း များကို ဒါယကာ, ဒါယိကာမများ သဒ္ဓါတရား တိုးပွားစေရန် ရည်ရွယ်၍ ရေးသားလိုက်ရပါသည်။ စာရေးသူတို့ နေထိုင်ရာ ဓမ္မသက စာသင်တိုက်သို့ ပညာရည်နို့ သောက်စို့ရန် ရောက်ရှိလာကြသော ဆရာလေးများသည် ရှေးဦးစွာ ဓမ္မသက ဝတ်ရွတ်စဉ်၊ ပရိတ်၊



ပဌာန်း၊ ဓမ္မစကြာတို့ကို သင်ယူကျက်မှတ်ကြရပါသည်။ ထို့နောက် ပထမလယ်တီဆရာတော် ဘုရားကြီး ၏ ပရမတ္ထသံခိပ်၊ လယ်တီမဟာ သရဏ ဂုံတော်ကြီး စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးမှ တိုက်တွင်းအခြေပြု စာစုတန်း သင်ယူရပါသည်။ တိုက်တွင်အခြေပြု စာစုတန်း အောင်မြင်ပြီးမှ အစိုးရတန်းဆိုင်ရာ ပထမငယ်, ပထမလတ်, ပထမကြီး , ဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကို တစ်ဆင့်ထက်တစ်ဆင့် သင်ယူကြရပါသည်။

မဟာလယ်တီ ဓမ္မသက စာသင်တိုက် တွင်သီတင်းသုံးနေထိုင်ကြသော ဆရာကြီး, ဆရာလေးများသည် နံနက်(၄)နာရီ ကြေးစည်ခေါက်ချိန်တွင် အိပ်ရာမှ ညီညာစွာ ထကြ၍ ဘုရားဝတ် ပြုကြပါသည်၊ ဘုရားဝတ် ပြုပြီးခါမှ ကျောင်းသန့်ရှင်းရေးလုပ်ကြပါသည်။ အရုဏ်တက်သောအခါ ခန္ဓာကိုယ်အာဟာရ မျှစေရန် ဆွမ်းဘုဉ်းပေးကြပါသည်။ဆွမ်းဘုဉ်းပေးပြီး နောက် (၆)နာရီ အချိန် တွင် စာကျက်ခေါင်းလောင်းထိုး၍ "မဟာဇောတိက" ဘုရားကျောင်းကြီးပေါ်သို့ ဆရာလေးများ ပေါင်းစု၍ မိမိတို့အတန်းဆိုင်ရာ ပရိယတ္တိစာပေများကို ကျက်မှတ်ကြပါသည်။

စာချဆရာကြီးများကလည်း "စာချ, စာသင်၊ စာမြင်,စာပြု၊ စာရှု,စာမှတ်၊ စာဆုံးဖြတ်၊ သတ္တအင်္ဂါ၊ မှတ်သားရာသည်၊ စာချဂုဏ်ရည် ဖြစ်သတည်း။" - ဟူသည်နှင့်အညီ မိမိတို့ အတန်းဆိုင်ရာ ဆရာလေးများ တို့အပေါ်ဝယ် မေတ္တာ, စေတနာရှေးရှု၍ စာဝါများကို အားသွန် ခွန်စိုက် ပို့ချပေးကြပါသည်။ စာလိုက် ဆရာလေးတို့က လည်း

"မှန်မှန်စာတက်၊ စာကျက်,စာပြန်၊ စာကြံ, စာကြည့်၊ စာရေးဘိ၊ မှတ်ဘိစာသင်သား၊ ဝတ် ၆-ပါးတည်း"ဟူသည်နှင့်အညီသဒ္ဓါတရား ထက်သန်စွာဖြင့် စာဝါလိုက်ကြပါသည်။ (၁၀)နာရီ ချိန်တွင် စာအံကျောင်းဆင်း၍ ဆရာလေးအားလုံး ရေချိုးပြီး (၁၁)နာရီတွင် ဆွမ်းဘုဉ်းပေးကြပါသည်။ ထို့နောက် ခန္ဓာကိုယ် ကျန်းမာရေးအတွက် (၁၂)နာရီမှ (၁)နာရီ အထိ အနား ယူကြပါသည်။ (၁)နာရီ ထိုး သောအခါ စာကျက် ခေါင်းလောင်းထိုး၍ စာအံကျောင်း တက်ရပါသည်။ ညနေ(၄)နာရီအချိန် စာအံကျောင်းဆင်းပါသည်။ ကျောင်းသို့ပြန်ရောက်သောအခါ ဘုရားဝေယျာဝစ္စ, ရေတော်ခွက်ဆေးခြင်း, ပန်းအိုးလဲခြင်းများ ပြုလုပ်၍ နံနက်စာအတွက် ပြင်ဆင်ကြပါသည်။ (၆)နာရီ ထိုးလျှင် ကြေးစည်ခေါက်သောအခါ ဆရာလေးများ ဘုရားဝတ်ပြုကြရပါသည်။ စာရေးသူတို့ နေထိုင်ရာ ဓမ္မသက စာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာကြီးသည် စည်းကမ်းကို အလွန်တန်ဖိုး ထားသည်။ ဘုရားဝတ်တက် မလိုက်နိုင်ပါက ဆရာကြီးကို လာရောက် လျှောက်ထားရပါသည်။စည်းကမ်းမဲ့၍ ဘုရားဝတ်တက် ပျက်ကွက်သူများကို ဒဏ်ထမ်းစေ၍ အပြစ် ပေးပါသည်။ ဆရာကြီးသည် အဖိတ်ကြိုနေ့ ညတိုင်း ဘုရားဝတ်ပြုအပြီးတွင် ဩဝါဒ စကားများ ပြောကြား ပေးပါသည်။ ဘုရားကျောင်းဆင်း သောအခါ ညဝါများကို ပြန်ဆိုသူကပြန်ဆို စာပြန်သူက ပြန်၍ တစ်နေ့တာ ခရီးကို ကုန်လွန်စေပါသည်။

ဤသို့ဖြင့် ဓမ္မသက စာသင်တိုက်ကြီးတွင် သီတင်းသုံး နေထိုင်ကြသော ဆရာကြီး,ဆရာလေးများသည် "မောဃကာလံ န ခီပယေ" ဟူသည်နှင့်အညီ အချိန်ကိုအချည်းနှီး သုံးဖြုန်းခြင်း မဟုတ်ဘဲ၊ ကုသိုလ် စိတ္တုပ္ပာဒ်များဖြင့်သာ ကုန်လွန်နေခြင်းဖြင့် ဓမ္မသက၏ သာသနာတော်ကြီးကို နေလိုလလို ထွန်းလင်း တောက်ပလာအောင် ကြိုးစားလျက် သာသနာ့တာဝန်ကို ထမ်းဆောင် နေခြင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မသီရိမာလာ**
**(ဓမ္မာစရိယ၊ ဝိနယဝိဒူ)**

* * * * * *




# အနန္တကျေးဇူးရှင်ကြီးများအား ကျေးဇူးဆပ်ပါသည်

**လယ်တီနွယ်**
မအူပင်ရွာ၊ ရွှေဘိုမြို့နယ်

ယနေ့သည်ကား ပရိယတ္တိ သာသနာ အခြေခံ ထားပြီး ပဋိပတ္တိသာသနာ နိုင်သလောက် ထမ်း၍ မြတ်ဗုဒ္ဓရဲ့သမီးများ တစ်နည်းဆိုသော် လယ်တီရဲ့ သမီးများ နေထိုင်ရာ "ဓမ္မသက စာသင်တိုက်"ရဲ့ ရာပြည့်ပွဲကြီးဖြစ်ပါ၏။ စာရေးသူသည် ၁၃၃၈-ခု၊ နတ်တော်လဆန်း(၃)ရက် (အင်္ဂါနေ့) မှာ ဓမ္မသက ရဲ့အေးရိပ်မှာ နေခွင့်ရခဲ့ပါတယ်။ ဓမ္မသကရဲ့ ပထမ ဆရာကြီး၊ ဒုတိယ ဆရာကြီး၊ တတိယ ဆရာကြီးများရဲ့ သွန်သင် ဆုံးမ ဩဝါဒ ကိုလည်း နာယူခွင့် ရခဲ့ပါတယ်။ ဓမ္မ သကရဲ့ရင်ခွင်မှာ နှစ်အားဖြင့် (၃၄)နှစ်သို့ တိုင်ခဲ့ပြီ၊ နှစ်ကိုလစား လကိုရက်စားလို့ ရာသီတွေ အလီလီ ပြောင်းပေမယ့် ဆရာကြီးများရဲ့ ဩဝါဒ တွေ ကိုတော့ မပြောင်းလွဲဘဲ ထာဝစဉ် နှလုံးသွင်းလျက်ပါ။ သို့ဖြစ်ပါ၍ ကျေးဇူးရှင်ကြီးများ အား-

အာစရိယဂုဏော အနန္တော၊
ဣတိ သန္တေဟိ ဝဏ္ဏိတံ။
အာစေရံ အဘိဝန္ဒာမိ၊
သုနိ့ဝါတေန စေတသာ။ ။

အဟံ-ဘုရားတပည့်တော်သည်၊ အာစရိယဂုဏော အနန္တော ဣတိ- ဆရာ့ဂုဏ်များ ပိုင်းခြား မရှိများလှ၏ဟူ၍၊ သန္တေဟိ- သူတော်ကောင်းတို့သည်၊ ဝဏ္ဏိတံ-မြွက်ကြား ထုတ်ခြွေချီးမွမ်း အပ်ပါသော၊ အာစေရံ-တ နပ့်ပြင် သွန်သင်ပေတတ် ဆရာမြတ်ကို၊ (ဝါ) အာစေရာနိ- တနပ့်ပြင် သွန်သင် ပေတတ်ဆရာမြတ်တို့ကို၊ သုနိ ဝါတေန - လွန်စွာ နှိမ်ချရိုတုပ်ကွသော၊ စေတသာ - သဒ္ဓါ ယိုဖိတ် ကုသိုလ်စိတ်

ဖြင့်၊ အဘိ- ဝန္ဒာမိ=အထူးအားဖြင့် ရိုသေစွာ ရှိခိုးပါ၏။

ဩော်-ဒါနဲ့ကလေးဘဝ ဟိုငယ်ငယ်တုန်း က ကျေးဇူးရှင်ဆရာ ဘုန်းတော်ကြီး ဦးသူရိယ သင်ကြားခဲ့သော မိလိန္ဒပဉှာပါဠိတော်လာ ဆရာဂုဏ်အပြား (၂၅)ပါးကိုလဲ သတိရနေမိ၍ သတိရခြင်း နှင့်အတူ သာသနာ့ တာဝန်ကို ထမ်းရွက်ကြမည့် သီလရှင်သာသနာ လက်ဆင့်ကမ်းကြမည့် ကိုယ်စီ ကိုယ်ငှ အသီးသီး ဆရာဖြစ် ကြမည့် အမ,ညီမများ သတိရစေင့် ရှောက်နိုင်ပါ ရန် ရည်ရွယ်၍---

၁။ တပည့်ကို အမြဲထာဝရ စောင့်ရှောက် ရ၏။
၂။ မှီဝဲသင့်၊ မမှီဝဲသင့်သည်ကို သိရ၏။
၃။ မေ့လျော့သည်၊ မမေ့လျော့သည်ကို သိအောင်ပြုရ၏။
၄။ တပည့် မည်သည့်နေရာ၌နေသည် အိပ်သည်ကို သိရ၏။
၅။ တပည့် ကျန်မာရေးကိုလဲ ဂရုစိုက်ရ၏။
၆။ စားဖွယ်သောက်ဖွယ် ပြည့်စုံသည်၊ မပြည့်စုံသည် ကိုသိရ၏။
၇။ တပည့် ထူးခြားသည်၊ မထူးခြားသည် တိုးတက်သည်၊ ဆုပ်ယုတ်သည်ကို သိရ၏။
၈။ မိမိ၌ရှိသော ပစ္စည်းဝတ္ထု ရဟန်းဆရာ ဖြစ်လျှင် သင်္ကန်း ထီး ဖိနပ်စသည့် လူဆရာဖြစ် လျှင် ပုဆိုး အင်္ကျီ ဦးထုပ်၊ ခေါင်းပေါင်း စသည့် အသုံးအဆောင်များ ပေးကမ်း ချီးမြှင့်ရ၏။
၉။ ပညာတတ်ရေးအတွက် အားပေးအားမြှောက်ပြုရ၏။
၁၀။ မြို့တွင်းရွာတွင်း၌ လှည့်လည်သွားလာလျှင် လှည့်လည်သွားလာကြောင်း သိအောင် ပြုရာ၏။
၁၁။ ကျောင်းတိုက်အတွင်းမှာ လည်ပတ်သွားလာလျှင် လှည့်လည် သွားလာကြောင်း သိအောင်ပြုရာ၏။
၁၂။ တပည့်နှင့် အတူတကွ ရယ်မောစရာ စကားဖျင်းများ မပြောရ။
၁၃။ တပည့်နှင့် တိုင်ပင်သင့်က တိုင်ပင်စကား ပြောကြားရာ၏။
၁၄။ တော်တော်တန်တန်အပြစ်ကို သည်းခံရာ၏။
၁၅။ တပည့်ကို အပေါ်စီးက မနှိပ်မိအောင် သတိပြုရာ၏။
၁၆။ တပည့်၏ အကြားအပေါက် အပြစ် ကို မရှုရ-မရှာရ။
၁၇။ တပည့် မသိအောင် လျှို့ဝှက်အမှုကိစ္စ များ မပြုရ။
၁၈။ ဆရာစား ချန်မထားဘဲ အတတ်ပညာ သင်ပေးရ၏။
၁၉။ မိခင်(ဖခင်)စိတ်ဓာတ်မွေးလျက် ပြုစုစောင့်ရှောက်ရ၏။
၂၀။ ဘယ်လိုလုပ်ပြီး မိမိတပည့်ကြီးပွား တိုးတက်ပါအံ့နည်းဟု စိတ်ဓာတ်မွေး ၍ ပြုစုရာ၏။
၂၁။ တပည့်အား သီလသိက္ခာ-သမာဓိ သိက္ခာ ပညာသိက္ခာ-အားကောင်းအောင် ပြုပြင်ရ၏။
၂၂။ တပည့်အပေါ် ထာဝစဉ်မေတ္တာနှင့် ယှဉ်သော စိတ်ကိုဖြစ်စေရ၏။
၂၃။ ဘေးရန်ကြုံလာလျှင် တပည့်ကို စွန့်ခွာ၍ ကိုယ်လွတ်မသွားရ။
၂၄။ တပည့်အပေါ်၌ ပြုကျင့်ဖွယ် ဝတ္တရားများကို မေ့မေ့လျော့လျော့မပြုရ။
၂၅။ တပည့် မှားယွင်းချွတ်ချော်ခဲ့လျှင် တရားနှင့်အညီ ဆုံးမရာ၏။

စာရေးသူ၏ ဆရာကြီးများကတော့ ဤဂုဏ်တို့ထက်ပင် ပြည့်စုံပါပေ၏။

တစ်နေ့သောအခါ-- ငါ့တပည့်မတွေ သာသနာတော်စည်ပင် တည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို အသီးသီး ဆောင်ရွက်ကြမယ်ဆိုရင်-

သုခံယာဝ ဇရာ သီလံ၊
သုခံသဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊
ပါပါနံ အကရဏံ သုခံ။

ဟူသော ဓမ္မပဒပါဠိတော်လာ ဂါထာနှင့်အညီ-

၁။ သီလ ၂။ သဒ္ဓါ ၃။ ပညာ ၄။ ပါပအကရဏ - ဤလေးဝသော ချမ်းသာကြောင်း တရားများ လက်ကိုင်ထား၍ ဆောင်ရွက်ကြ တော့လို့ တိုက်တွန်း နှိုးဆော်ခဲ့တယ်။ လေးစားလျက်ပါဘုရား။ သီလကို ဦးထိပ်မှာ ပန်ဆင်၍ သဒ္ဓါတရားကို လက်ကိုင်ထားပြီး ပရိယတ္တိစာပေတွေကို ကြိုးစား အားထုတ်

ကြကာ ပညာခေါ်တဲ့ ဝိပဿနာတရားကို စာဝါတွေ ပိတ်လို့ နွေရာသီရောက်တိုင်း စခန်းဖွင့် ရိပ်သာမှာ ဝင်ပြီး ကြိုးစားပွားများကြပါ၏။ ပါပအကရဏ-မကောင်းမှု ဟူသမျှကိုတော့ အတတ်နိုင်ဆုံး အထူးသဖြင့် ရှောင်ကြဉ်ပါ၏။

နောက်ထပ်တစ်ဖန် -ဒုတိယ နာယက ဆရာကြီး "အမေနု" ရဲ့ ဩဝါဒကတော့ ငါတပည့်မတွေ မြတ်စွာဘုရားက "သမဂ္ဂါနံ တပေါ သုခေါ" တဲ့၊ ညည်းတို့အားလုံး ညီညီညွတ်ညွတ် နေကြတော့ စာကြိုးစားကြတော့ အခါခါပြောလေ့ရှိပါတယ်။ ထိုဩဝါဒကိုလည်း နာခံလျက်ပါဘုရား - ထိုဩဝါဒကို နှလုံးသွင်း၍ ယခုလက်ရှိ စတုတ္ထပဓာန နာယက ဆရာကြီး ဒေါ်ဓမ္မထေရီ ခေါ် (ကြီးထေ)၊ တိုက်အုပ်ဆရာကြီး ဒေါ်တိက္ခဝတီ ခေါ် (ကြီးတိက်) တို့နှင့် အတူလက်တွဲ၍ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး၏ တစ်ဘဝသံသရာမှာ ပါရှိသည့်-

## ဤကျောင်းတိုက်မှာ နေလိုပါလျှင်

၁။ စိတ်ကောင်းရှိဖို့က ပထမဖြစ်သည်၊
၂။ အကြီးကအငယ်ကို နှိမ့်၊ အငယ်က အကြီးကို မရိုသေတဲ့စိတ်မျိုး၊
၃။ ကိုယ်အထက်သာသူကို မနာလိုတဲ့ ဣဿာစိတ်၊
၄။ ဉာဏ် ဝီရိယ ကောင်းတဲ့သူကို တိုးတက်မှာစိုးတဲ့ မစ္ဆရိယစိတ်၊
၅။ အလွန်သိသာထင်ရှားတဲ့ တဏှာ ရာဂစိတ်၊
၆။ ဂုဏ်နှင့်လာဘ်ကို အလွန်လိုလားတဲ့ လောဘစိတ်၊
၇။ ပြင်းထန်သောဒေါသစိတ်၊
၈။ ပြင်းထန်တဲ့ မာန်မာနစိတ်စတဲ့ စိတ်မျိုးတွေ မဖြစ်စေဘဲ၊

## ဆရာပီပီ တပည့်ပီပီ

၁။ ရိုသေလေးစားတဲ့ မေတ္တာစိတ်၊
၂။ မကျန်းမာသူကို သနားတဲ့ ကရုဏာ စိတ်၊
၃။ သူတစ်ပါးပညာတတ်သည် လာဘ်ပေါသည်ကို ဝမ်းမြောက်တဲ့ မုဒိတာစိတ်၊
၄။ ဘုရားဝေယျာဝစ္စကို စိတ်ပါလက်ပါ ပြုလိုတဲ့စိတ်၊
၅။ သဒ္ဓါတရားကောင်းတဲ့စိတ်၊
၆။ ပျော့ပျောင်းနူးညံ့တဲ့စိတ်၊
၇။ အပါယ်လေးပါး ကြောက်တဲ့စိတ်၊
၈။ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားတဲ့စိတ်၊

စတဲ့စိတ်မျိုးတွေရှိရမည် ဆိုတဲ့ဩဝါဒကို ရင်မှာပိုက်၍ လောကဓံတရားတွေ ဘယ်သို့ပင် ကြုံကြုံ တစ်နည်းအားဖြင့် သာသနာတော်ကြီး ကြီးပွားမည်ဆိုပါလျှင် အများချမ်းသာမည်ဆိုပါ လျှင် မိမိ တစ်ယောက် ဆင်းရဲမည်ကို မကြောက် ဘဲ-

ကိုယ်တည်းတစ်ယောက်
ဆင်းရဲ ရောက်လို့
ကိုယ့်နောက်အများ၊ ချမ်းသာပွားမူ
တစ်ပါးဖြစ်ထွေ၊ ဆင်းရဲစေတော့
စိတ်နေခုလို၊ ဝမ်းဝယ်သို၍
ထိုထိုအလုပ်၊ လွန်ကြိုးကုတ်သော်
မဟုတ်သတင်း၊ လုပ်ဇာတ်ခင်းလျက်
ချင်းချင်းရွဲ့သံ၊ ကဲ့ရဲ့သံကို
နာခံမငြီး၊ ပြည့်လုံးဟည်းမျှ
ဝေးနီးအနှံ့၊ ပျံ့အောင်ဖြန့်လည်း
မခံ့တခံ့၊ ခံ့တခံ့နှင့်၊ ကြံ့ကြံ့ပုံသေခံခဲ့ပေ၏။

"လူဟုဆိုလျှင်၊ လူလိုပင်သာ
လူတွင်တွေ့ရိုး
ကြောင်းအကျိုးနှင့်
ကောင်းဆိုးနှစ်တန်
လောကဓံကို
အမှန်တွေ့မြဲ
စိတ်ဝယ်စွဲ၍
ဝမ်းနည်းဝမ်းသာ မများပါမှ"

"လူ့ဘုံထုံးစံ၊ ကဲ့ရဲ့ဒဏ်ဖြင့်
ရန်မာရ်ပိတ်သဲ၊ ခရီးခဲ၌
စိတ်ဇွဲသန်သန်၊ နောက်မပြန်ဘဲ
ရဲမာန်ရဲဆေး၊ ရဲစိတ်မွေးလျှင်
ရဲသွေးနိမ့်နိ စီရရီ"

ဆရာတော်ကြီး၏ လောကဓံတရား ကြွေးကြော်သံကို နာခံ၍ ဓမ္မသာကရဲ့ ပညာရေး စနစ်ကို ထိမ်းသိမ်းစောင့် ရှောက်ခဲ့ပါတယ်။ ဤကဲ့သို့ စောင့်ရှောက်ခြင်းသည် ဆရာကြီးများရဲ့ ဩဝါဒကို နာခံ၍လည်းကောင်း၊ သီလရှင် သာသနာအရှည်ခံ့၍ တည်တံ့ပါစေ၊ မြတ်ဗုဒ္ဓရဲ့ သမီးများ ဓမ္မသာက ရဲ့သမီးများ သာသနာတော်မှာ ပျော်မွေ့ပါစေ၊ သာသနာ့ တာ

ဝန်များ ထမ်းဆောင်နိုင်ကြပါစေလို့ စေပေါင်းများစွာနဲ့ ရည်ရွယ်၍လည်းကောင်း၊ စောင့်ရှောက် ခြင်းဖြင့် ကျေးဇူးဆပ်ပါသည်။ "သမဂ္ဂါနံ တပေါ သုခေါ" ညီညွတ်သော သူတို့၏ အကျင့်သည်ချမ်းသာ၏။ ဟိသစ္စံ - မှန်ပါပေ၏။

အခါတစ်ပါး ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည် ကပိလတိုင်းနှင့် ကောလိယတိုင်း တို့မှ လယ်သမားများသည် ရောဟိဏီမြစ်ရေကို သူရလိုမှု ငါရလူမှု ငြင်းခုံကြရာမှ မင်းအပေါင်းတို့သည် စစ်တပ်ကြီးများချီကာ တိုက်ခိုက်ရန် ရောဟိဏီမြစ်သို့ ဆိုက်ရောက်လာကြသည်။ထိုအခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဆွေတော်မျိုးတော် နှစ်ဖက်တို့ကို အိမ်င်းချင်းအပေါင်းတို့၊ ဆွေမျိုးအချင်းချင်း ခိုက်ရန်ဖြစ်ခြင်းသည် မသင့်လျော်ပါ။ တိရစ္ဆာန်တို့သည်ပင် ညီညွတ်သောအခါ၊ ရန်သူတို့ကို အောင်နိုင်၍ ရန်ဖြစ်သောအခါ ပျက်စီးခြင်းသို့ ရောက်ဖူးကြပြီဟု မိန့်တော်မူကာ-

ထိုသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်စိုးစံစဉ် ဘုရားလောင်းသည် ငုံးမင်းဖြစ်၍ ငုံးထောင်ပေါင်းများစွာ ခြံရံလျက် တောအရပ်၌ နေလေ၏။ ထိုအခါ မုဆိုးတစ်ယောက်သည် ထိုငုံးတို့ နေရာသို့လာပြီး ငုံးများစုဝေး လာချိန်တွင် ပိုက်ကွန်ဖြင့်ပစ်၍ ငုံးများကို ဖမ်းယူလေသည်။ ထိုအခါ ဘုရားလောင်း ငုံးမင်းသည် ငုံးများကို စုဝေး၍ ဤမုဆိုးကြောင့် ငါတို့၏ ငုံးဆွေတော်မျိုးတော်များ ပျက်စီးလာခဲ့ရသည်မှာ များလေပြီမုဆိုးလာ၍ ငုံးတို့ကို ပိုက်ကွန်ဖြင့် ပစ်သောအခါ သင်တို့အား လုံးသည် တစ်ပြိုင်နက် ညီညီညွတ်ညွတ် ပိုက်ကွန်ကို ချီ၍ ပျံတက်ကြပြီးလျှင် သင့်လျော်ရာ ဆူးချုံပေါ်တွင် သက်ဆင်းကြရမည်။ ပိုက်ကွန်ကို ဆူးချုံပေါ်တွင် တင်ထားခဲ့ပြီးလျှင် သင်တို့အားလုံးသည် ချုံအောက်ဘက်မှ ထွက်ပြေးလျှင် ဘေးဒုက္ခမှ ကင်းဝေးကြရမည်ဟု ပြောဆိုရာ ငုံးများစွာ တို့သည် ဘုရားလောင်း၏ စကားကို နားထောင်ပြီး ညီညီညွတ်ညွတ် ပိုက်ကွန်ကို ချီကြသောအခါ ဘေးဒုက္ခတို့မှ ကင်းဝေးကြပြီး အချင်းချင်းရန်ဖြစ်ကြ၍ ငုံးများစိတ်ဝမ်းကွဲပြီး ပိုက်ကွန်ကို မချီကြတော့သောအခါ ငုံးများစွာတို့သည် မုဆိုးလက်တွင်းသို့ ကြရောက်ကြ၍ ဘေးဒုက္ခများစွာ တွေ့ရသည်ဟု ဝဋ္ဋကငုံးမင်း၏ အတိတ်ဇာတ်ကြောင်းကိုဆောင်၍ ဟောတော်မူပါသည်၊

တစ်နည်းအားဖြင့် သဗ္ဗညုမြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည် လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အားထား ကိုးကွယ်ရာ ဓမ္မရတနာ အဆုံးအမ သာသနာတော်ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့သည် သာသနာ တော်အတွင်းနေ သီလရှင်ဆရာလေးများ ဖြစ်ကြပါ၍ တပည့်တော်တို့၏ သာသနာတော် အပေါ်၌ ညီညီညွတ်ညွတ် ဆောင်ရွက်ကြခြင်းသည် လူ,နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ "ကြီးပွား ချမ်းသာကြောင်း ဖြစ်နိုင်သည်ကို သဗ္ဗညုမြတ်စွာ ဘုရားက ချစ်သား,ချစ်သမီးတို့ တစ်ခုသော တရားသည် လောက၌ ဖြစ်ပေါ်လာ သည်ရှိသော် "လူအများအစီးအပွားရှိရန်"၊ "လူအများချမ်းသာရန်"၊ လူအများအကျိုးရှိရန်၊ နတ်လူတို့ကို အကျိုး စီးပွားရှိရန်"၊ ချမ်းသာရန် ဖြစ်၏-ဟု ဟောတော် မူ၏၊

တစ်ခုသောတရားသည် အဘယ်နည်း၊ "ညီညွတ်မှုတည်းလို့ ဣတိဝုတ်ပါဠိတော်၌ဟော တော်မူထားပါသည် ဘုရား" သို့ဖြစ်ပါ၍ လည်းကောင်း ဝဋ္ဋကဇာတ်တော်ကို ဖတ်ရှုအလေး ထား၍ လည်းကောင်း၊ ဆရာကြီးများ၏ ဩဝါဒကို လေးစား၍လည်းကောင်း၊ ဘုရားရှင်ကိုယ်မြတ်ကြီး၏ ညီညွတ်မှုဒေသနာတော် များအရ လည်းကောင်း၊ ညီညီညွတ်ညွတ် တိုင်ပင်ကြလျက် နာယကဆရာကြီးများ တိုက်အုပ်တိုက်ကြပ်ဆရာကြီးများ စာချဆရာများ နှင့် အတူလက်တွဲ၍ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်မြတ် ဓမ္မေသကရဲ့ သာသနာတော်မြတ်ကို ထိန်းသိမ်း စောင့်ရှောက်ရင်း ဤဆောင်းပါးဖြင့် အနန္တ ကျေးဇူးရှင်ကြီးများအား ကျေးဇူးဆပ်ပါသည်။

**လယ်တီနွယ်**
**မအုပင်ရွာ**
**ရွှေဘိုမြို့**

---------o--------

# ဓမ္မသက အမှတ်တရ

## မောင်ထွန်းထွေး(ချောင်းဦး)




“ဓမ္မသက”သည် မိမိနှင့်မစိမ်းပါ၊ လွန်ခဲ့သော(၂၅)နှစ်ကျော်ကတည်းက မဟာလယ်တီ ဓမ္မသက စာသင်တိုက်သို့ မကြာခဏ ဝင်ထွက်သွားလာ၍ ကျွမ်းဝင်ခင်မင်ခဲ့သည်။

စာရေးသူသည် လွန်ခဲ့သော (၂၅)နှစ်ကျော်က တက္ကသိုလ်စာပေးစာယူသင်တန်း (ယခု အဝေးသင်တက္ကသိုလ်) တက်ရောက်နေသော ပြင်ပ တက္ကသိုလ် ကျောင်းသား တစ်ဦးဖြစ်ခဲ့သည်။

မဟာလယ်တီ ဓမ္မသကစာ သင်တိုက် အတွင်းမှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီ၏ ကျောင်းမှာ စားသောက်ပြီး ထိုစဉ်က မုံရွာဒေသ ကောလိပ်သို့ တက်ရောက်ခဲ့ရပါသည်။ စာရေးသူ၏ အမေ နှင့် ဒေါ်ဓမ္မဝတီသည် ဆရာဒကာများဖြစ် ကြသည်။ ဆွေမျိုးရင်းခြာ ကျွမ်းဝင်ကြပါသည်။ ဒေါ်ဓမ္မကို အကြောင်းပြု၍ ဓမ္မသက၏ ရင်ခွင်သို့ ခိုဝင်လှမ်းကပ်ခွင့် ရခဲ့ခြင်းပါပေ။

ဓမ္မသကသို့ ဝင်ထွက်စဉ်များလာသော အခါ စာပေမြတ်နိုးကြကုန်သော သီလရှင်များနှင့် သိကျွမ်းလာရသည်။ စာသင်သားတို့သည် ပထမ လယ်တီဆရာတော် ဘုရားကြီး၏ သံခိပ်စာမေးပွဲ ကိုဖြေဆိုရန် သံခိပ်များ ကျက်မှတ်ကြ၊ မေးခွန်း ဟောင်းများကို လေ့ကျင့်ဖြေဆိုကြနှင့် အချိန်ကို အကျိုးရှိစွာ အသုံးချနေကြသည်။

ဓမ္မစာပေဓာတ်ခံရှိသော စာရေးသူသည် သံခိပ် စာမေးပွဲကို လွန်စွာ စိတ်ဝင်စားမိသည်။ သို့နှင့် ဓမ္မသကစာသင်တိုက်မှ ဒေါ်ဓမ္မထေရီ၊ ဒေါ်တိက္ခဝတီ နှင့်ဒေါ်မေဓာဝီ စသူတို့ကိုအကူအညီတောင်းရသည်။

သီလရှင်ဆရာများကလည်းဖြေဆိုရန် စာရင်း ပေးသွင်းခြင်း၊ လိုအပ်သောစာအုပ်နှင့် မေးခွန်းဟောင်း များ ရှာဖွေငှားရမ်းပေးခြင်းဖြင့် စွမ်းနိုင်သမျှ ကူညီ ပေးကြပါသည်။ ဝမ်းမြောက်အားတက်ဖွယ်၊ကျေးဇူး တင်ဖွယ်ဖြစ်ပါသည်။

တစ်သက်မေ့နိုင်မည် မဟုတ်ပါ။

သို့နှင့် သံခိပ်စာမေးပွဲဖြေဆိုမည့်ရက်သို့ ဆိုက်ရောက်လာတော့သည်။ စာရေးသူသည် မိမိဇာတိရပ်ရွာမှ မဟာလယ်တီဓမ္မသကသို့ သံခိပ်ဖြေရန် ရောက်လာခဲ့ရပါသည်။ သံခိပ်စာမေးပွဲသည် အဆင့်မြင့်၍ စနစ်ကျလှသော စာမေးပွဲတစ်ခုဟု စာရေးသူက မှတ်ယူထားပါ သည်။

စာရေးသူသည် သံခိပ်ရိုးရိုးတန်း အဆင့် (၃)ဆင့်စလုံးကို တစ်နှစ်တည်း ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ရိုးရိုးတန်း ဒုတိယဆင့်ဘာသာရပ်ကို "ပထမအဆင့်" ဖြင့် အောင်မြင်ခဲ့ပါသည်။

ရိုးရိုးတန်းများ အောင်မြင်ပြီးနောက် ဂုဏ်ထူးဆောင်တန်းစာမေးပွဲများကိုလည်း ဆက်တိုက်ဖြေဆိုအောင်မြင်ခဲ့ပါသည်။

ဆုချီးမြှင့်ပွဲတွင် နာယကဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကန္တက က ဩဝါဒကထာချီးမြှင့်သည်။ စာရေးသူ နာယူမှတ်သား ကုသိုလ်ပွားရသည်။ သာသနာအတွက်၊ လယ်တီစာပေအတွက် တစ်အားတက်ခဲ့ရပါသည်။

မိမိအပေါ် ဓမ္မသက၏ ကျေးဇူးတရားများမြောင်လှသဖြင့် မိမိစွမ်းနိုင်သမျှ ကျေးဇူးဆပ်မည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့နှင့် စာရေးသူ၏ မိသားစုနှင့်တိုင်ပင်ကာ ဓမ္မသကစာသင်တိုက်သို့ လာရောက်ပြီး သံဃာတော်ငါးပါးနှင့် သီလရှင် များကို ဆွမ်းကပ်ဆွမ်းလှူ၍ ကုသိုလ်ယူခဲ့ပါသည်။

ကျေးဇူးတော်ရှင် ပထမလယ်တီ ဆရာတော်ဘုရားကြီးသည် နတ်တော်လဆန်း (၁၃) ရက်နေ့တွင် ဖွားသန့်စင်ခဲ့သဖြင့် နှစ်စဉ်အဆိုပါရက်တွင် ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်း နှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဒါယကာ, ဒါယိကာမများက လောင်းလှူလေ့ရှိကြပါသည်။

စာရေးသူ၏အမေနှင့် ဆွေမျိုးသားချင်းများသည်လည်း အခြားအလှူရှင်များနည်းတူ ဓမ္မသကစာသင်တိုက်သို့ လာရောက်ပြီး စာရေးတံမဲဆွဲခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ပြုလုပ်ကြပါသည်။

ဤသို့သောပွဲမျိုးတွင် ဓမ္မသကသီလရှင်များသည် မိမိတို့၏ ဒါယကာ, ဒါယိကာမများကို ဖိတ်ကြားပြီး ကျွေးမွေးဧည့်ဝတ်ပြုကြသည်၊ "မြေပဲလှော်" နှင့် "ချင်းသုပ်"တို့ကား ဓမ္မသက ၏ အမှတ် လက္ခဏာများ ဖြစ်ကြပေ၏။

"ဓမ္မသက"၏ သာသနာ့နွယ်ဝင်သီလရှင်ဆရာများသည် ပရိယတ္တိစာပေများကို သင်ကြားလေ့ကျက်သည့်နည်းတူ မဟာပဋ္ဌာန်း တရားတော်ကြီးကိုလည်း ကြည်ညိုကြသည်။ သို့ နှင့် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲများကို အစဉ် မပျက် ကျင်းပပူဇော်ကြသည်။

သီလရှင်ဆရာများ၏ သဒ္ဓါတရားနှင့် မဟာပဋ္ဌာန်းတော်ကြီး၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်ဟု ထင်သည်၊ မဟာလယ်တီ ဓမ္မသက စာသင်တိုက်သည် တစ်ဆယ်စုနှစ် အတွင်း တစ်ဟုန်ထိုး တိုးတက်စည်ပင်လာခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်လာရသည်။

ကောဇာသက္ကရာဇ် ၁၂၇၂-ခုနှစ်က တည်ထောင်တော်မူခဲ့သော မဟာလယ်တီ ဓမ္မသက စာသင်တိုက်သည် ယခုဆိုလျှင် အနှစ်တစ်ရာ တင်းတင်းပင် ပြည့်ခဲ့ပေပြီ၊ "ဓမ္မသက" ၏ ရာပြည့်ပွဲကား ကြုံတောင့်ကြုံခဲ ဒုလ္လဘပွဲကြီးပါပေ။

မဟာလယ်တီ ဓမ္မသကစာသင်တိုက်ကြီး မြတ်ဗုဒ္ဓ၏ သာသနာနှစ်များနှင့် ထပ်တူ အစွန့်ရှည် စည်ပင်ဖွံ့ဖြိုးပါစေသတည်း။

(မဟာလယ်တီ ဓမ္မသက စာသင်တိုက်ကြီးအား ဤစာမူဖြင့် ကျေးဇူးဆပ်ပါသည်။)

**မောင်ထွန်းထွေး (ချောင်းဦး)**

---



# အတုယူစေချင် ဇာတ်လမ်းဆင်

သုဝတီ (မြိတ်ချိန်ခွင်)

**ခင်ကေသာ**-ဟော့ခင်မာလာ ဘာလုပ်နေတာလဲ သူငယ်ချင်း။

**ခင်မာလာ** - ဟယ် ခင်ကေသာပါလား၊ လာလေသူငယ်ချင်း။

**ခင်ကေသာ** - အေး ဟုတ်တယ် ငါလေ မင်းကို သတိရလွန်းလို့ လာခဲ့တာ။

**ခင်မာလာ** -ဟုတ်မှာပေါ့ သူငယ်ချင်းရယ် ငါလဲ မင်းကို သတိရနေတာ၊ မင်းနဲ့ ငါနဲ့ အတူတူတွဲနေရရင် သိပ်လှ- သိပ်ကျက်သရေရှိတာကွ။

**ခင်ကေသာ**-အေးလေ မင်းနဲ့ ငါနဲ့ သိပ်လိုက်ဖက်တာ၊ မင်းကမာလာ၊ ငါကကေသာလေ၊ ကေသာပေါ်မှာ မာလာပန်းလေး ပန်ထားရင် သိပ်ကြည့်လို့ လှတာပဲနော်၊ အခုလဲ မင်းနဲ့ ငါနဲ့ စိတ်သဘောထားချင်းတူလို့ ငါဖတ်ရတဲ့တရားစာမင်းကို လာပြောတာ၊ ဒီတရားစာလေးဟာ သိပ်ကိုကောင်းတာပဲကွာ တို့တစ်တွေ ဒီတရားစာလေးကို လိုက်နာရင် အခုရော နောင်သံသရာပါ သိပ်ကောင်းတာပဲ၊ ဒီတရားစာရဲ့ ခေါင်းစီးစာတန်းက တန်ဆာဆင်နည်း ငါးမျိုးတဲ့၊ တို့အဲဒီ တရားစာအတိုင်း တန်ဆာဆင်ရအောင်နော်။

**ခင်မာလာ**-အေး ဆင်ကြရမှာပေါ့၊ ဒါမှ ခန္ဓာကိုယ်လှပတင့်တယ် ရှုချင်စဖွယ်ကောင်းမှာ၊ ညည်း တန်ဆာငါးမျိုးက ဘာလဲအေ့ မြန်မြန်ပြောစမ်းပါ သူငယ်ချင်းရာ၊ သနပ်ခါး၊ ပေါင်ဒါ၊ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး လည်တုံ၊ ခြေချင်းတွေလားအေ ပြောစမ်းပါဦး။

**ခင်ကေသာ**-မဟုတ်ဘူး မာလာရယ်၊ အဲဒီတန်ဆာများကိုယ်မှာ ဆင်ရင်တော့ လှတာပေါ့၊ ရန်များတယ်၊ အဲဒီတန်ဆာဝတ်ပြီး ကိုယ့် စိတ်မှာလဲ လောဘ မာနတွေဖြစ်တယ်၊ ကိုယ့်ကိုကြည့်တဲ့ သူများမှာလဲ ရာဂ တဏှာတွေဖြစ် တတ်တယ်၊ အဲဒီလို ပစ္စည်းတန်ဆာ အဝတ် တန်ဆာတွေဟာ ကိုယ့်စိတ် ကိုယ့်ခန္ဓာရဲ့ တကယ့် အပြစ်ကင်းမဲ့တဲ့ တန်ဆာအစစ် မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ ငါပြောမယ့် တန်ဆာငါးမျိုးကို သူငယ်ချင်း နားထောင်နော်။

**ခင်မာလာ**-အေးပဲ့ါကွယ် သူငယ်ချင်းရယ် ပြောပြပါ သေချာနားထောင်ပါ့မယ်။

**ခင်ကေသာ**- ကဲပြောပြီ-

**(၁) ဒသာနံ စက္ခုံ အလက်တိ နာမ၊**

ရတနာသုံးပါးကို အမြဲတမ်း ဖူးမြင်နေရခြင်းဟာ မျက်စိကို အကောင်းဆုံး တန်ဆာဆင်ခြင်းတဲ့၊ ဒီနံပါတ်တစ်အချက်ဟာ တို့မြန်မာပြည်သူ ပြည်သားတွေနဲ့ သိပ်ကိုက်တာပဲ အိပ်ရာထတယ်ဆို မျက်နှာသစ်ပြီးရင် မြတ်စွာဘုရားကို ရှိခိုးကြတယ်။ တရားတိတ်ခွေတွေ ဖွင့်ပြီး တရားနာကြတယ်၊ နံနက်ခင်းဆို သံဃာတော်များ ဆွမ်းခံကြွလာရင် ဆွမ်းလောင်းလို့ ပီတိတွေဖြစ်လို့ ဒီဒဿနာနုဿရိယကို ရကြတယ်လေ။

**ခင်မာလာ**-အေးသူငယ်ချင်းက ကောင်းတဲ့ဘက်ကတွေးတော့ ဟုတ်တာပေါ့၊ ငါကတော့ မျက်စိတန်ဆာဆင်တာ တခြားတွေးနေတာ၊ မိန်းကလေးတွေလေ မျက်စိကို အရောင်အမျိုးမျိုး ဆိုးလို့နေတာ၊ ကိုယ်ကြိုက်တာတွေ ကြည့်နေတာ၊ ပျင်းတယ်ဆို တီဗွီတို့ ရုပ်ရှင်တို့ ကြည့်ကြတာ၊ ပြီးတော့ တို့တက္ကသိုလ်ကျောင်းသူ ကျောင်းသား တွေဆိုချစ်တဲ့ သူကြည့်နေရတာ ဟုတ်တယ်လို့ ထင်နေတာ။

**ခင်ကေသာ**-သူငယ်ချင်းရယ် အဲဒီလိုမျိုး တွေကလောကီထဲမှာ ပျော်နေတဲ့ လူတွေပါ၊ တရားစာဖတ်ပြီး ဘုရားသာသနာ ကြည်ညိုပြီးနေတဲ့ တို့များတော့ သံဝေဂတွေ ဖြစ်နေတော့ တာပဲ နောက်ပြီး ဒုတိယတန်ဆာက-

**(၂) သဝနံ သောတံ အလင်္ကာတိနာမ-။**

မြတ်စွာဘုရား ဟောထားတဲ့ တရားတော်များကို နာကြားနေရခြင်းဟာ နားကို အကောင်းဆုံး တန်ဆာဆင်တာ တဲ့။

ဟုတ်တယ် ခင်မာလာရဲ့၊ တရားနာရတာ သိပ်ကောင်းတယ်၊ ကဏ္ဏသုခဖြစ်လို့ စိတ်ကို ချမ်းသာနေတာပဲ။

**ခင်မာလာ**-ဟုတ်တယ် ညည်းက ညည်းအကြိုက်ပြောနေတာ၊ လှချင်တဲ့ အမျိုးသမီးလေးတွေကတော့ နားကို အမျိုးမျိုးပဲ တန်ဆာဆင်ကြတာ၊ စိန်နားကပ်၊ နားကွင်းတွေဆို အကြီးကြီးတွေ တူလူတွဲလဲနဲ့၊ လှတဲ့သူများဝတ်ရင် တော်ပါရဲ့၊ အချို့က အရွယ်နဲ့ရုပ်နဲ့ တခြားစီဝတ်ကြတာ မျက်စိထဲတော့ တစ်ပဲမျိုးကြီးဘဲနော်၊ တချို့ယောကျ်ားလေးတွေတောင် နှစ်နေရာ သုံးနေရာတောင် နားကပ်ဝတ်လို့ ယောကျ်ားမဆန်လိုက်တာနော်။

**ခင်ကေသာ** - သူတို့ကိုယ် သူတို့ လှတယ်ထင်လို့ပေါ့ သူငယ်ချင်းရဲ့၊ နောက်တစ်ခု ပြောမယ်။

**(၃) သရဏ္ဍာယံ မုခံ အလင်္ကာတိနာမ -။**

ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို နှုတ်မှရွတ်နေတာ၊ ဘုရားတရားတော်များကို နှုတ်မှ ပီပီသသ ရွတ်ဆိုနေခြင်းဟာ ခံတွင်းကို အကောင်းဆုံး တန်ဆာဆင်တာတဲ့။ ခင်မာလာရယ် တို့အမေ အဖေတို့တော့ သူတို့ရတဲ့ ပရိတ်တွေ၊ ပဋ္ဌာန်းတွေ၊ တရားစာတွေ ရွတ်နေကြတာ၊ တို့အဒေါ်တို့ တို့မမတို့ဆို ပရိတ်၊ ပဋ္ဌာန်း၊ မဟာသမယတို့ကို ရွတ်နေကြတာပဲ၊ တရားလဲ အားထုတ်လို့ သံဃာဆိုလဲအမြဲ ဆွမ်းလောင်းလို့ပေါ့အေ ငါလည်း ကျောင်းစာကျက်ရင်း၊ ကျောင်းသွားရင်းရတဲ့ အောင်ခြင်းရှစ်ပါးတို့၊ သမ္ဗုဒ္ဓေတို့ကို ရွတ်တာပါပဲအေ ၊ သူငယ်ချင်းကော ပရိတ်တွေဘာတွေ ရရဲ့လား။

**ခင်မာလာ**- ရွတ်တာပေါ့ သူငယ်ချင်းရဲ၊ ညည်းနဲ့ အတူတူသွားတာပါပဲ၊ ပါးစပ်က တတွတ်တွတ်နဲ့ မကြားဘူးလားအေ၊ ဒါမှ အန္တရာယ်ကင်းတယ်၊ အရာရာမှာ အောင်မြင်တယ်။

**ခင်ကေသာ**-နံပါတ်လေးကို ပြောမယ်-

**(၄) ဒါနံ ဟတ္ထံ အလင်္ကာ တိနာမ**

သူတစ်ပါးတို့အား ပေးကမ်းစွန့်ကြဲခြင်း သည်သာလျှင် လက်ကို တန်ဆာဆင်တာတဲ့။

**ခင်မာလာ**-အေ လောကလူတွေနဲ့တော့ တန်းဆာဆင်ခြင်းဟာ တခြားစီပါလား၊ လူတွေကတော့အေ လက်ကောက်တို့၊ လက်ပတ်နာရီတို့၊ ဟန်းချိန်းတို့ကို လက်မှာဝတ်ထားရင် အင်မတန်ဂုဏ်ရှိတယ်လို့ထင်တာ၊ ဟုတ်တာပေါ့၊ ဒါတွေဟာ တန်းဆာအစစ်မှ မဟုတ်တာ၊ ဟုတ်တယ်ထားဦး အပြစ်များတယ်၊ အန္တရာယ်များတယ်၊ ပူပန်မှု-ထိတ်လန့်မှုတွေများတယ်ကွာ။

**ခင်ကေသာ** - အေး ငါဆို ဟိုနေ့က အမေက ဝတ်ခိုင်းလို့ ကျောင်းပွဲရှိလို့ ဝတ်လာတာ လမ်းမှာလေ လူကြီးတစ်ယောက်က မျက်စိကို ပြူးလို့ လိုက်ကြည့်နေတာ၊ သူငယ်ချင်းတို့နဲ့တွေ့မှ စိတ်အေး သွားတော့တယ်။

**ခင်မာလာ**-အေး ငါလည်းဒီလိုပဲ မင်္ဂလာဆောင်တစ်ခုမှာ ရှယ်ဝတ်သွားတာ အဝတ်အစားကလည်းဟော့ရှော့ပေါ့၊ ရွှေတွေကလည်းခေါင်းရော၊ လည်ရော၊ လက်ရော၊ ခြေရောပေါ့အေ၊ အဲဒီဟိုကောင် တစ်သိုက်က လိုက်လာလို့ မနည်းက္ကန်ြွဆောင်ရတယ်၊ ငါကအဲဒီလို ယောကျ်ားလေးတွေလိုက်တာတွေ ဘာတွေမကြိုက်ဘူး၊ စာအုပ်တွေဖတ်ပြီး တရားကျတယ်၊ ဘယ်လောက် အတုယူစရာကောင်းလဲလေ၊ အရှင်ဆန္ဒာဓိကတို့လို အဲဒီတရားစာအုပ်တွေကို အမြဲဖတ်တယ်။

**ခင်ကေသာ**-ငါဆို တရားစာအုပ်တွေဆိုအကုန်လိုက်ဖတ်တာပဲ လယ်တီဆရာတော် ဘုရားကြီးရဲ့ လင်္ကာဆောင်ပုဒ်တွေ ဆိုတတ်နိုင် သမျှကျက်ထားတာပဲ ဟို-

ကိုယ်ခန္ဓာ ကောင်ရုပ်က၊
ဟောင်ပုပ်ပုပ်နံညှီ၊
ကိုးဒွါရပြွန်နဒီမှာ
ရွံစလီပါပဲ။
ဤကာယရုပ်အသွင်ကို၊
အဟုတ်ပင်မှတ်ကြမလွဲ။

စတဲ့ လင်္ကာဆိုကြည့်စမ်း ခန္ဓာကိုယ်ကို အပြစ်မြင်အောင် တကယ်ပြထားတာ ငါတော့ ငါ့ရုပ် ငါ့ခန္ဓာကိုတရားအမြဲရှုတယ်၊ တို့အမေကလဲ အမြဲရှုတ်တာကွ။

**ခင်မာလာ**-ဟော့ ခင်ကေသာတို့ကတော့လောကီ လူ့ဘောင်ထဲ နေရတာငြီးငွေ့တယ်၊ ကြောက်တယ်၊ အိမ်ထောင်တွေ ဘာတွေလဲမစဉ်းစားချင်ဘူး၊ ယောကျ်ားတွေများ အနားကဖြတ်သွားရင်အရက်နံ့နဲ့ ကွမ်းယာနံ့ကထောင်းနေတာပဲ အမေ့ကိုပြောထားတယ်၊ ကျောင်းပြီးလို့ဘွဲ့ရရင် သီလရှင်ဝတ်မယ်လို့။

**ခင်ကေသာ**-အေး ငါနဲ့တူလိုက်တာအေ၊ ငါလဲဘွဲ့ရပြီးရင် သီလရှင်ဝတ်မှာ၊ ဘွဲ့နှစ်ခုယူမှာ၊ လူဘွဲ့ရောသီလရှင်ဘွဲ့ရော ယူမှာအေ့၊ အေး အေး ဒါတွေထားလိုက်ဦး ဘွဲ့ရတော့မှာ မလို တော့ပါဘူး၊ တစ်ခုကျန်သေးတာ ဆက်ပြောဦးစို့-

**(၅) ဝေယျာဝစ္စ ကာယ အလင်္ကတိ နာမ-**

ဘုရား တရား သံဃာ မိဘ ဆရာသမားတွေရဲ့ ကိစ္စကြီးငယ် အသွယ်သွယ်ကို လုပ်ကိုင်ဆောင်ရွက်ပေးရမယ်တဲ့၊ ဒါမှ မိမိခန္ဓာကိုယ်ကိုအလှဆုံး အကောင်းဆုံး တန်ဆာဆင်တာတဲ့။

**ခင်မာလာ**-ခင်ကေသာရေ ဒါတို့ပိုပြီး သတိထားရမယ်။ ဘုရားဝေယျာဝစ္စ၊ တရား ဝေယျာဝစ္စသံဃဝေယျာဝစ္စတွေလုပ်ရမယ်၊ အဲဒီ ဝေယျာဝစ္စတွေကျတော့ ကုသိုလ်ရတယ်လို့ လူတိုင်း ထင်ထားကြတယ်။

မိဘတွေရဲ့ ဝေယျာဝစ္စကျတော့ ကုသိုလ်သဘောမျိုးနဲ့ မလုပ်ကြဘူး။ အတူနေမို့ လုပ်ကိုင်ကြရတာလို့ တွက်ကြတယ်၊ တကယ်ကျတော့မိဘတွေကို လုပ်ပေးရာမှာ ကုသိုလ်သဘောမျိုးနဲ့သေသေချာချာ လုပ်ပေးရမယ်၊ မိဘတွေ အိုလာ ပြီဆိုပိုပြီးအလိုက်တသိ ပြုစုစောင့်ရှောက်ရမယ်၊ တို့တော့အမေ အဖေတို့ကို လင်းလာရင် အကုန်ကြည့်ပြီးပြုစုပေးတာ အမေတို့အဖေတို့က ငါ့ကိုသဘောသိပ်ကျတာတို့။

**ခင်ကေသာ**-ငါလဲ ဒီလိုပါပဲ ခင်မာလာရယ်၊ တို့နှစ်ယောက်စိတ်တူလို့ ပေါင်းမိတာ၊ ဒီထက် တို့လေကျောင်းပြီးရင် ဘုရားဝေယျာဝစ္စ၊ တရားဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စ ၊ မိဘဝေယျာဝစ္စ၊ ဆရာသမားတွေရဲ့ဝေယျာဝစ္စ လုပ်နိုင်အောင် ဆံကေသာနှင့်အလှတွေဖယ်ပြီး ပိတ်ဖြူကိုဆိုးပြီး ဘိက္ခုနီမအမျိုးအနွယ်ဖြစ်အောင် ကြိုးစားကြ စို့ပါလားသူငယ်ချင်းရယ်။

**သုဝတီ (မြတ်ချိန်ခွင်)**

---



# တောဖိတ်နေ့

ဗိုလ်(မြန်မာစာ)

ဩော်--လူ့ဘုံခန်းဝါ လူ့ပြည်ရွာမှာ ယရာဝါသ အိမ်ထောင်သားမွေး လွန်ရှုပ်ထွေးတဲ့ ဘေးဒုက္ခတွေကို တွေးဆကာကြောက် နှလုံးနောက်လို့ ဖောက်ပြန်ခန္ဓာ ရွံမုန်းပါသဖြင့် နှစ်ဖြာမိဘ ခွင့်ပန်သ၍ ရွာမှမြို့ရောက် လေး မဂ်ရေကို ရှာဖွေလို့ သောက်မည်၊ မိုးလောက် ကြီးမားရည်ရွယ်ချက်ထားကာ ဘွားသီလတို့ ဌာနလယ်တီမြေမှ "ဓမ္မသက" အခြေချခဲ့ပါရောရှင်။

မကြာရက်တွင် ဆရာရှင်က မင်ပိတုန်းရောင် မည်းနက်မှောင်တဲ့ တစ်တောင်တစ်ထွာမယ့်ကေသာကို ပယ်ကာရိတ်ဖြတ် ကြက္ကတ္တိယဆံထုံးဖန်ခေါင်းတုံး အဆုံးသတ်လို့ မမြတ်သည့်ဝတ်ကြောင် ဒုက္ခရှောင်ရန် နံ့သာရောင်ဆင်မြန်းကိုယ်ရုံလွှမ်းလိုက်ပါပြီ၊ နိဗ္ဗာန်ရည်၊ နာမည်အလှ (မပုည)တဲ့။

(ပုည) ဘဝ မလွယ်လှဘူး၊ လင်းအရုဏ်တက် ဆွမ်းချက်ထလို့ ဗုဒ္ဓရှင်တော် ကိုးဂုဏ်ကျော်ကို သောက်တော်ရေချမ်း ဆီမီးပန်းတို့ မန္တမ်းစေရ ဝီရိယဖြင့် နိစ္စမပြတ် မှန်ဆက်ကပ်၍ ဝိပဿနာ ပွားများပါရ ဖြစ်လာပျက်မှု မြင်အောင်ရှုမှ လေးခုသောခါတ် လူဖြစ်ကျိုး နပ်ပေလိမ့် စာဖတ်စာရေး စာတွေးစာအံ ပြုရန်ကရှိသေး စာမေးပွဲအောင်ကျောင်းဂုဏ်ဆောင်ဖို့ ထွန်းပြောင်ပရိယတ် ပဋိပတ်ကို မပြတ်နေ့ည သင်အံရသည် အားလှတယ်ကို မရှိပါ။

အဲဒီလိုနဲ့ ရက်ကိုဖွဲ့တည် လနှင့်ချီပြီ ရာသီကရကင်္ မြတ်သောဝါဆို လပြည့်ရန် တစ်ရက်ခြာလိုတော့ ဒါဆိုယနေ့ ဆွမ်းဆန်တစ်စိတ် ရအောင်ကြိတ်ရမယ့် (အလို) တောဖိတ် နေ့ပါလား။

တောင်တွေးမြောက်ကြံ ဘာရံတောက်တီး ကိုယ့်အကြောင်းကို ဘယ်လိုပင် ညည်းသော်လည်း ဆန်နီးမယ်မဟုတ်၊ ခပ်စောစောမြန်နိုင်မှ



အကြမ်းဆန်ကိုကုပ်မိမယ်၊ ပဲပြုတ်ဆီဆမ်း ပူသော ဝမ်းကိုဖြည့်ပြီး ကျောင်းကထွက်၊ ဒါယကာ ဒါယိကာမတွေ မေတ္တာဖက်လို့ မပျက်ဩဒိဿနဲ့ (ကိုင်း) တောဖိတ်ကြွလိုက်ဦးမလေး။

ရတနာပုံ ဘုန်းစိုး အိုးတစ်လုံး ဇလုပ် ချောင် ရပ်ကွက်စုံအောင် အနံ့လျှောက် အိမ်ပေါက်မှာ ချထား ဆန်ဇလုံများ မြင်မှဖြင့် အားရဝမ်းသာ တစ်ဖွန်းစာသေချာပေ့ါ။

- မခေမာ, မသီလာ, မပညာတို့က အများသား၊
- ဆွမ်းဆန်လောင်းသည့်အိမ်က ခပ်ရှားရှား၊

ဒါယကာ, ဒါယိကာမများမှာလည်း သဟတ္တိကသော မထိကသော ဒါနသဘော မစောကြောနိုင်၊ အလုပ်တွေ မနိုင်ထင်ရဲ့ ထိုင်၍ မလောင်းအား ဆန်ဇလုံဇွန်းတပ်ကာထား ကိုယ့် ဘာသာမနှေး ဘူဖေးထည့်ရ ဟန်မကျ "ဒါနဆန် လေး မေတ္တာရပ်ပါရှင်" သံလွင်လွင် မဆိုရတော့ ပါဘူး။

တချို့ကျလည်း၊ အိမ်ဝမှာခုံတင်၊ ဇလုံမြင်လို့ အလျှင်ပြေးသွား၊ အနားရောက်တော့ အလိုဘုရား ဟိုရှေ့က အဖွဲ့ကျသွား တော်တော်များထင်ရဲ့ တစ်ပါးစာ ဆန်၊ လုံးဝမကျန်တော့လို့ ခပ်မြန်မြန် တပ်ပြန်ဆုတ်ခဲ့ရတာလည်း ရှိရဲ့။

သာစည်လမ်းက၊ ဆွမ်းဆန်လှလှ၊ စေတနာ ဗရပွနဲ့၊ လောင်းနေကျတိုက်ဆီ၊ ခပ်သုတ်သုတ် ချီပြန်တော့၊မပီမသ၊မိုးဖွဲဖွဲကျလာလို့ ရှေ့တိုးရ မလား နောက်ပြန်ရမလား၊ရပြီးသားဆန်၊မိုးရွှဲပြန်ရင်လည်း မဟန်ပေဘူး စိတ်ကူးလို့ သံလမ်း အကျော် "ပေါ် ပေါ် ပေါ်"မော်တော်ကား တဝီဝီ ကံသီလို့မတိုက်မိ ဩော် -- သတိသတိ။

အဲ -- တစ်ဇွန်းဆန်အတွက် ကျွမ်းပြန် အောင် ထွက်ခဲ့ရ အနိစ္စကိုသိ ဒုက္ခကိုမြင်အောင် ကြည့် အနတ္တအထိ သတိပွားရမှာပေါ့လေး။

ကိုင်းပြောနေကြာရော့ (၁၁)နာရီမထိုးခင် ကျောင်းကိုဝင်ရမည်၊ ဝမ်းတစ်ထွာအတွက် ဆွမ်း ဆန်ရှာထွက်လာခဲ့၊ ကျောက်မျက်စုံ မှန်ဝိုင်းလယ် က သီလမယ် နေမမြင့်ရအောင် ဇန်းပင့်တော် မူလိုက်ပါ ကိုရွှာစား။

**ဗိုလ် (မြန်မာစာ)**။

------------------



# အကျီချွတ်ပြီး တိုက်ပါဆိုလို့

ဒေါ်ဉာဏဝတီ

၁၃၅၃-ခုနှစ်ကပါ-

ဆရာကြီး ဒေါ်ဉာဏဝတီထံ ၇-နှစ်အရွယ် တူမလေးတစ်ယောက်ရောက်လာပြီး သီလရှင် ဝတ်ပါတယ်၊ သူ့ကို မကလျာလို့ဘွဲ့ပေးထားပါတယ်။

တူမလေးက အရွယ်ငယ်လွန်းနေတော့ တခြားလုပ်ငန်းတွေ လုပ်ခိုင်းဖို့မဖြစ်သေး၊ ဒါနဲ့- သူ့ကို ကြမ်းတိုက်ဖို့ တာဝန်ပေးထားပါတယ်။

တစ်နေ့တော့ သူက အကျီအကောင်းစား အသစ်လေးဝတ်ထားတာမို့- ကြမ်းတိုက်ရင် ပေကုန်မှာ စိုးတာလဲတစ်ကြောင်း-ရေကလည်းကြမ်းတိုက်ပြီးရင် ချိုးရတော့မှာမို့-

"မကလျာရေ- ကြမ်းတိုက်တော့မယ်ဆိုရင် - အကျီလေး ချွတ်ပြီးမှတိုက်နော်"လို့

ပြောထားခဲ့ပြီး လုပ်စရာရှိတာလေးတွေ လုပ်နေမိတယ်၊ ပြီးမှ အပေါ်ထပ်တက် ပြီးတော့ ကြည့်လဲကြည့်လိုက်ရော အကျီအသစ်လေး ဖုန်အလူးလူးနဲ့ လုံးထွေး နေတာတွေ့ရလို့ အံ့အားသင့်ပြီး "ဟော မကလျာ၊ ဘယ့်နှယ်လုပ်လိုက်တာတုံး- အကျီအသစ်လေး ဖုန်တွေလူးပြီး ညစ်ပတ်ကုန်ပြီ၊ လျှော်လို့ဖွပ်လို့ တောင် ပြောင်ပါ့မလားမသိဘူး"ဆိုတော့ -

မကလျာက "လေးဉာဏ်ပဲ ကြမ်းတိုက်ရင် အကျီချွတ်ပြီးတိုက်ဆိုလို့ အကျီချွတ် တိုက်ရတာ ဘုရား"တဲ့။ - ဖြစ်မှ ဖြစ်ရပလေ-အရပ်ကတို့ရေ။

ဒေါ်ဉာဏဝတီ

------------

# မှိုတွေ့ထားလို့ပါတဲ့

ဒေါ်ဉာဏဝတီ




လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀)ကျော်တုန်းက ဓမ္မသာက သီလရှင်တိုက်ကြီးဟာ ခုလောက် ကျောင်းဆောင်တွေ မများသေးပါဘူး၊ဆရာလေးတွေလည်း နည်းပါသေးတယ်၊ အဲဒီအချိန်က ဘုရားကျောင်းတော်ကြီးရဲ့ မြောက်ဘက်မှာ မီးဖိုဆောင်ကြီး ဆောက်ထားပြီး စုပေါင်းလို့ ဆွမ်းချက်ကြ ရပါတယ်။

တစ်နေ့မှာ ဒေါ်ကေသာဆိုတဲ့ဆရာကြီးက မနက်အိပ်ရာကထ မျက်နှာသစ်သွားရင်းနဲ့ မှိုအုန်းနက်တွေ တွေ့လာတော့ ဝမ်းလည်း ဝမ်းသာ သူများသိပြီး ဦးသွားမှာလည်းစိုးတော့ မီးဖိုဆောင်ဘက်ကို ပျာတိပျာယာနဲ့ ပြန်လာပြီး၊မီးဖိုပြတင်းပေါက် အပြင်ဘက်ကနေ---

"မညာဏရေ ခား - ခား ခား - ခား ခား - ခား နဲ့ အသံကိုအုပ်ပြီး လေသံနဲ့ အမောတကော ပြောတော့ မီးဖိုထဲရှိတဲ့သူတွေ အားလုံးပဲ ထိတ်လန့်ပြီး----

"ဒေါ်ကေသာ ဘာဖြစ်လို့တုံး ဒေါ်ကေသာ ဘာတွေ့လို့တုံး"နဲ့ ဖြစ်ကုန်ကြပါတယ်။

ဒီတော့မှ သူက ရယ်ကြကြနဲ့

"မှိုတွေ့ထားလို့ ခါးနဲ့ကော်မလို့ပါ"တဲ့-

ဩော် သူခိုးပဲတွေ့လို့လား၊ဘာများ ကြောက်စရာတွေ့ခဲ့တာပါလိမ့်လို့ လန့်လိုက်ရတာ လက်စသတ်တော့ မှိုတွေ့ထားတာ သူများသိမှာစိုးပြီး တုန်လှုပ်ချောက်ချားနေတာကိုး။

ဒေါ်ဉာဏဝတီ

------------




၁။ ငယ်ရွယ်ဘဝ၊ မိဘနှစ်ဖြာ၊
သိမ်မွေ့ စွာနှင့်၊ တင်းမာတစ်လှည့်၊
ကျိုးကြောင်းဖွဲ့၍၊ကြိမ်းမောင်းဆူငေါက်၊
ဟောက်သည့်တန်တန်၊ မေတ္တာမှန်ကို၊
နာခံရ၍၊ သားလှလိမ္မာ၊ ယဉ်ကျေးလာခဲ့။

၂။ ပညာသင်ရာ၊ ကျောင်းတော်သာတွင်၊
သို့လျှင် သို့ဖတ်၊ သို့မှတ် သို့ရေး၊
သို့တွေး သို့ခေါ်၊ သင့်လျော်မိတ်ဆွေ၊
ရကြောင်းဖွေဖို့၊ ထွေထွေ ညွှန်ပြ၊
သွန်သင်ကြသည့်၊ မြတ်သည့်ဆရာ၊
စေတနာနှင့်၊ အဝေရာဘေး၊
ကင်းလွတ်ရေးတွက်၊ ဆူပူဟောက်သံ၊
မေတ္တာမှန်ကို၊ နာခံရ၍၊
တပည့်လိမ္မာ၊ ယဉ်ကျေးလာခဲ့။

၃။ လုပ်ငန်းခွင်တွင်၊ ကျင်လည်ရခိုက်၊
စည်းကမ်းကိုက်ညီ၊ စံချိန်မီဖို့၊
တည်ကြည် ကြိုးစား၊ တန်ဖိုးထား၍၊
လုပ်ကိုင်ညားလည်း၊ ကိုယ့်ထက်ကြီးသူ၊
တာဝန်ယူဖို့၊ အကြောင်းမညီ၊
မကြည်စိတ်စော၊ ဆူပြောကျိန်းညည်၊
ဟိန်းဟောက် သံကို၊ ဖန်ဖန်ကြားဘိ၊
နားမချိလည်း၊ ဖြစ်ပျက် ရှုကာ၊
ဆိတ်စွာသည်းခံ၊ လုံ့လဉာဏ်ကြောင့်၊
တာဝန်ကျေပွန်၊ သက်လွန်ခြောက်ဆယ်၊
ကြီးအရွယ်တွင်၊ စိတ်ဝယ်ကြည်ဖြူ၊
ငြိမ်းစားယူခဲ့။

၄။ ငယ်ရွယ်မခြား၊ လူလားမြောက်တုံ၊
ကြုံရပုံကား၊ ဟိန်းသံ ဟောက်သံ၊
ဟိန်းဟောက် သံတို့၊ နာလိုခံခက်၊
ရှိခဲ့လျက်လည်း၊ စိတ်ရှည် သည်းခံ၊
ကာလံဒေသ၊ ပယောဂအလျောက်၊
ခြင့်ထောက်ဝေဖန်၊ ကံဉာဏ်ပေါင်းစု၊
ဆောင်ရွက်မှုကြောင့်၊ လူမှုလူနယ်၊
မကြွယ်သောက၊ ဆောက်တည်ရသည်၊
ဘဝဆည်းဆာတိုင်ခဲ့။

၅။ ဘဝဆည်းဆာ၊ ရောက်ခဲ့ရာ၌၊
ဇရာ ဖောက်ပြန်၊ ဗျာဓိညဲ့လျက်၊
မရဏစောင့် ကြည့်၊ နေမချိဘူး။
နေ့နေ့ညည၊ ထိုဒုက္ခကို၊
မရှောင်ပုန်း၊ လူတိုင်းမုန်း၏၊
အိုနာသေရေး၊ ဘေးကြီးသုံးတန်၊
ဟောက်ချက် ဒဏ်ကား၊ မချားသွေးရောင်၊
မရှောင်မျိုးနွယ်၊ အရွယ်မရွေး၊ ဒုက္ခပေး၏။

၆။ လက္ခဏာရေး၊ သုံးပါးတွေး၍၊
ဟောက်သံဟိန်းသံ၊ ဟိန်းဟောက်သံနှင့်၊
ငါမှန် မမြဲ၊ လူတိုင်းပဲဟု၊ ဆင်းရဲရှု၍
ငြိမ်းမှု ရှာသောအခါ၊ ရွှံ့ရှားကင်းခြင်း၊
ရဲရင့်ခြင်းနှင့်၊ ခြသေ့်မင်း၏၊
ဟောက် ချင်းတူစွာ၊ မြတ်ဗုဒ္ဓါ၏၊
မိန့်မှာဟောကြား၊ တရားဒေသနာ၊
လေးသစ္စာကို၊ ကောင်းစွာ ကုန်စင်၊
သိမြင်ပိုင်းခြား၊ မရှိငြားက၊
ထို၍ဘဝ၊ ငြီးငွေ့လှလည်း၊
ဟိန်းသံဟောက်သံ၊ ဟိန်းဟောက်သံကို၊
ထပ်ထပ်ဖန်ဖန်၊ ကြားရ ပြန်ရင်း၊
ကြားပြန်ရင်းဖြင့်၊ အတောမသတ်၊
ချားရဟတ် နှယ်၊
ဘဝသံသရာ၊ လည်ရဦးမှာ ပါတကား။

**သင်္ဃ သဒ်ါရာ အနိစ္စာ**
**ဘချစ်ညွှန့်ရှင်**

---

## လယ်တီအရှင်ကေလာသ–၏ နီတိမှတ်တမ်းလွှာ–မှ

**ပညာရှင်တို့ သွန်သင်ခဲ့သော်**

အသ္မာပိ ယာတိ ဒေဝတံ၊
မဟဗ္ဘိ သုပ္ပတိဋ္ဌိတော။

**အဓိပ္ပာယ် အနှစ်ချုပ်**

* ကျောက်တုံး ကျောက်ခဲ၊
တောမြိုင်ထဲ၊
တည်ဆဲ ရှိနေစဉ်။

* မည်သူတစ်စု၊
လေးဂရု၊
မပြုနေကြအင်။

* ပန်းပုတတ်ရှင်၊
နတ်ရုပ်သွင်၊
တီထွင်ထုလုပ်လျှင်။

* မြင်သူအများ၊
ရိုညွှတ်တွား၊
လေးစား ထွတ်မြတ်တင်။

* ပညာမဲ့ငြား၊
တောတွင်းဖွား၊
တောသားသူငယ်ရှင်။

* ဆုံးမပဲ့ပြင်၊
ပညာရှင်၊
သွန်သင်ပေးခဲ့လျှင်။

* ပညာမြင်တတ်၊
ဂုဏ်သကတ်၊
ပြည့်လတ် ခေါင်ထွတ်တင်။

---

## မဟာလယ်တီ-ဓမ္မသကသီလရှင်စာသင်တိုက်

## ရာပြည့်မင်္ဂလာ ဓမ္မရတုပိုဒ်စုံ




၁။ ရာပြည့်ပွဲတော် - တို့နွဲပျော်ကြ - ကျော်စွလယ်တီ - ကျောင်းတိုက်တည်ရာ - အမည်သာ၍ - ဂုဏ်မှာထူးလှ - ဓမ္မသက - သီလရှင်များ - လွန်ထင်ရှားစွာ - တရားကိုခင် - ထေရီမွန်တို့ - ရွှင်ပျော်နှလုံး - သီတင်းသုံးရာ - မြို့မုံရွာတွင် - ကြာရှည်တည်လတ် - ပရိယတ်ကို - သင်အံ့ပို့ချ - နာယကမော် - ဒေါ်ဓမ္မထေရီ - ဂုဏ်များရည်ညွှန်း - စာဆက်သွင်းသော် - ရွှန်းရွှန်းလှပ - ပဒုမဝတီ - ထေရီဥပ္ပလဝဏ္ဏာ - တန်ခိုးရသို့ တူစွဥပမာ - ပြဆိုပါ၏။ တစ်ဖြာမှတ်ကြ - ဓမ္မဒိန္နာ - မဟာထေရီ - ညီစွာတူပြား - ပမာထားသော် - တရားဟောပြ - လွန်ကောင်းလှ၍ - ဗုဒ္ဓပေးချက် - ဧတဒဂ္ဂ - ဓမ္မကထိက - ဘွဲ့မည်ရကြောင်း - ကောင်းကောင်းယှဉ်ပြ - ဓမ္မရတု - ခေါ်ရှုကဗျာ - ဂုဏ်ပြုလွှာဖြင့် - ထူးစွာတင်ပြ - ဗုဒ္ဓသာသနာ - ရှည်ကြာတိုးရန် - လုံ့လထန်သည် - လမ်းမှန်ကြိုးကြပါစေသော်. . .။ ။

၂။ လာ၍နွဲပျော် - မြတ်သူတော်တို့ - မဟော်ထေရီ - ဂုဏ်များရည်၍ - တည်ပုံ ထုတ်ပြ - ဓမ္မကထိက - ဓမ္မဒိန္နာထေရီသာဟော - သဘောမှတ်ရာ - ငါးခန္ဓာအား - သက္ကာယထဲ - နှစ်သက်မြဲစွာ - စွဲလမ်းရာစစ် - တဏှာညစ်ကို - ဖြစ်ကြောင်းဆို၏ - ထိုထိုချုပ်ရာ - စွန့်လွှတ်ရာနှင့် - လွတ်ရာဟုမှတ် - တွယ်တာကပ်ညိ - မရှိလမ်းမှန် - မြတ်နိဗ္ဗာန်သို့ ဧကန် ရောက်ကြောင်း - မဂ္ဂင်ပေါင်းမှာ - ကောင်းသောအသိ - ကောင်းဘိအကြံ - ကောင်းသံဆိုပြော - ကောင်းသောအပြု - ကောင်းမှုသက်မွေး - ကောင်းရေးလုံ့လ - ကောင်းထသတိ - ကောင်းဘိတည်ကြည် - ဤရှစ်မည်သာ - ကျင့်ကြံရာ၏ - ခန္ဓာငါးဝ - လိုချင်လှသည့် - ဆန္ဒရာဂ - စွဲလမ်းရမှု - အစုစုကို - ခေါ်ရှုဧကန် - ဥပါဒါန်နှင့် - ရှစ်တန်မဂ္ဂင် - အပြုပြင်ခံ - တရားမှန်၏ - မှတ်ရန်ပြညွှန် - ထိပ်တွင်ပန်းဟန် - ကိုးကွယ်ပန်သည် - ကြမ်းမာန် ချိုးကြ ပါစေသော်. . .။ ။

၃။ သာ၍မြဲကျော် - လယ်တီမော်တည့် - မည်တော်ထင်ရှား - မြတ်တရားများ- မှတ်သားလိုက်နာ - ကျင့်ကြံပါ၏ - အင်္ဂါရှစ်တန် - မင်္ဂလမ်းမှန်ကို - ခန္ဓာဖြင့်သာ - သိမ်းယူရာ၏ - သမ္မာဝါစာ - သမ္မာကမ္မန္တ - သမ္မာအာဇီဝ - သုံးဌာနမှာ - သီလက္ခန္ဓာ - သိမ်းယူရ၏ - သမ္မာဝါယာမ - သမ္မာသတိ - သမ္မာသမာဓိ - တည်ရှိမှန်စွာ - သမာဓိခန္ဓာ - သိမ်းယူရာ၏ - သမ္မာဒိဋ္ဌိ - သမ္မာသင်္ကပ္ပ - ထူးစွာသိလျက် - ပညာက္ခန္ဓာ - သိမ်းယူရာ၏ - တစ်ဖြာဟောကြား - ခံစားချမ်းသာ - ပြိုင်ဘက်မှာကား - မှတ်ပါဆင်းရဲ - ဒုက္ခမြဲ၏ - မှတ်စွဲဝိဇ္ဇာ - ပြိုင်ဘက်မှာကား - ဝိဇ္ဇာဟုသိ - ထို၏ပြိုင်ဘက် - လွတ်မြောက်ချက်ရှိ - ဝိမုတ္တိနှင့် - မှတ်သိမြဲလျက် လွတ်မြောက်ချက်၏ - ပြိုင်ဘက်ဆိုပြန် - မြတ်နိဗ္ဗာန်သည် - ဧကန်ငြိမ်းအေး - အမြိုက်ဆေးတည့် - တိုက်ကျွေးညွှန်ပြ - စူဠဝေဒလ္လ - သုတ္တဓမ္မ - မူလပဏ္ဏာသပါဠိ - မှတ်သိဧကန် - တရားမှန်သည် - ကျမ်းဂန်ကိုးကြပါစေသော်. . .။ ။

**မြန်မာကဗျာမျိုးစုံဇန်တီးရှင် အသျှင်ကုသလ**

# အများရေးနီတိ
# သံပေါက်ကြီး

* ရှေးပညာရှိ၊ မြတ်ကဝိတို့
သိမှတ်ဖို့ရာ၊ မိန့်မြွက်မှာ
ကျမ်းလာနီတိ အဆိုဖွင့်။
* ကိုယ့်အမျိုးသား၊ မြန်မာများတို့
မှတ်သား၍သာ၊ သိဖို့ရာ
ကဗျာသံပေါက် ဆိုပိမ့်လင့်။
မျိုးခြားစရိုက်၊ အတုလိုက်၍
နှစ်ခြိုက်၍ပင်၊ ဝတ်စားဆင်
ခုံမင်မြတ်နိုး မနေသင့်။
* တိုင်းတစ်ပါးသား၊ လူမျိုးခြား၏
ဝတ်စားဆင်ယင်၊ အဟုတ်ထင်
ခုံမင်ဝတ်စား မနေသင့်။
* မိမိမျိုးရိုး၊ တို့ဘေးဘိုး၏
အမျိုးဘာသာ၊ ဂုဏ်သိက္ခာ
မျက်နှာကြည့်၍ ထောက်ထားသင့်။
* ယဉ်ကျေးလှစွာ၊ တို့မြန်မာ၏
ရိုးရာကိုပင်၊ တွယ်တာခင်
ခုံမင်နှစ်သက်ကြစေလင့်။
* ဓလေ့ရိုးရာ၊ တို့မြန်မာ၏
စာပေကိုသာ၊ မလေ့လာ
မျက်နှာစိမ်း၍ မနေသင့်။
ဘာသာအယူ၊ မကွဲမူသည့်
ဇာတ်တူမျိုးရိုး၊ ချစ်မြတ်နိုး
တန်ဖိုးထား၍ လေးစားသင့်။
* ဘိုးဘေးလက်ထက်၊ အစဉ်ဆက်မှ
ဆင်းသက်ခဲ့ရာ၊ တို့မြန်မာ
တေဇာဖြိုးရန် ချီးမြှောက်သင့်။
* အမျိုးသားရေး၊ ဇာတိသွေးကို
ကူဖေးမ, ထောက်၊ ချီးပင့်မြှောက်
စောင့်ရှောက်မြတ်နိုးကြစေလင့်။
* ကိုယ့်အမျိုးသား၊ ကိုယ်သွေးများကို
ဘုရားသော်မှ၊ စောင့်ရှောက်ရ
ကယ်မသည့်ထုံး ရှုမျှော်သင့်။
* ဇာတ်တူမျိုးရင်း၊ အချင်းချင်းနှင့်
ပေါင်းသင်းဆက်ဆံ၊ နေရပြန်
အလွန်ကောင်းမြတ်လှသည်နှင့်။
* မိမိဘာသာ၊ သာသနာလည်း
လွန်စွာထိန်လင်း၊ ကိုးကွယ်ခြင်း
သန့်ရှင်းကောင်းမြတ် အလွန်သင့်။
* မျိုးခြားရောယှက်၊ ယှဉ်ပေါင်းဖက်မူ
ရောင်စက်ရှိန်ဝါ၊ သာသနာ
မှန်စွာမှေးမှိန် ညှိုးမည်လင့်။
* ရှေ့နောက်မြင်သိ၊ ပညာရှိတို့
သိမှတ်ဖို့ရာ၊ မိန့်ချက်မှာ
ကျမ်းလာနီတိ အဆိုရှင့်။ ။

**လယ်တီဝဏ္ဏကျော်သူ(မုံရွာ)**

# နွေရယ် မိုးဆောင်း ဘယ်လိုပင်ပြောင်းသော်လည်း



✱ နွေမှာပူပြင်း၊ ခံစားခြင်းကား
ရင်တွင်းကိုယ့်မှာ၊ မကြောက်ပါဟု
ကြုံလာအမှန်၊ လောကဓံကို
တွန်းလှန်ပယ်ရှင်း၊ အားမာန်တင်း၍
ထန်ပြင်းလုံ့လ၊ ဝီရိယဖြင့်
ဗုဒ္ဓစာပေ၊ မြတ်အမွေကို
မသွေနေ့ည၊ သင်ပို့ချသည့်
သာသနာ့နွယ်ဝင် သီလရှင်။

✱ မိုးမှာမုတ်သုန်၊ တိုက်ခိုက်တုံလည်း
ရင်ခုန်မပြု၊ ကိုယ်မမှုဟု
အန်တု၍သာ၊ ကြိုးစားကာဖြင့်
မြတ်စွာဗုဒ္ဓ၊ မိန့်မြွက်ဟသည့်
ဓမ္မစာပေ၊ မြတ်အမွေကို
မသွေနေ့ည၊ သင်ပို့ချသည့်
သာသနာ့နွယ်ဝင် သီလရှင်။

✱ ဆောင်းဆိုချမ်းမြ၊ ဆီးနှင်းကျလည်း
ကိုယ်ကမကြောက်၊ လက်မမြှောက်ဟု
ထွန်းတောက်ဝင့်ကြွား၊စိတ်ဓာတ်များဖြင့်
ဘုရားဗုဒ္ဓ၊ မိန့်မြွက်ဟသည့်
ဓမ္မစာပေ၊ မြတ်အမွေကို
မသွေနေ့ည၊ သင်ပို့ချသည့်
သာသနာ့နွယ်ဝင် သီလရှင်။

✱ မဟာလယ်တီ၊ အာဇာနည်တွေ
ပေါ်ထွန်းလေသည့်၊ ဓမ္မေသက
နာမသိုက်မြိုက်၊ စာသင်တိုက်မှာ
နှစ်ခြိုက်ပျော်ရွှင်၊ သီလရှင်ဟု
ခေါ်တွင်နာမ၊ ဒေါ်ဓမ္မထေရီ
ဘိက္ခုနီများ၊ ပမာလားသို့
ထင်ရှားခဲ့သည်၊ ကျော်ကြားပြီ။

✱ သြော်. . . . . .
ဒေါ်ဓမ္မထေရီ၊ စိတ်ဓာတ်သည်ကား
ယုံကြည်ချက်မျိုး၊ ရင်မှာတိုးလို့
နွေရယ် မိုးဆောင်း၊ ရာသီပြောင်းလည်း
မဟောင်းနွမ်းပေ၊ စိတ်သစ်တွေနှင့်
သုံးထွေပိဋက၊ မြတ်ဓမ္မကို
နေ့ညမပြတ်၊ ပို့ချလတ်၍
လွှမ်းပတ်ကမ္ဘာ၊ သာသနာသည်
ရှည်ကြာကာလ တည်စေသော်။

**ကြူရတနာ မောင်ယဉ်နွယ်**





# နှစ်တစ်ရာမှသည် ထောင်သောင်းချီ

- အင်းဝခေတ်တွင် ခေါ်ဝေါ်သုံးနှုန်း
"သီတင်းသုံး"
ကုန်းဘောင်ကာလ၊ ထိုရောခါမှ
ပြောင်းလဲခေါ်တွင် "သီလရှင်" ၏
ရှေ့ဦးမဆွ၊ အမွန်အစမှာ
သာသနာနှစ်ထောင်ကျော်က
"ပဏ္ဍာရဂ်ပရိဗိုဇ်မ" တူ
အဖြူရောင်တွင် ဝတ်ဆင်ယင်ကာ
အဋ္ဌ ဒသ ကျင့်သီလကို
ဆောက်တည်ပွားများ စောင့်ထိန်းသူ။

- အဖြူရောင်မှသည်၊ နီဝါဆီသို့
ရွေ့လာခဲ့ရာ၊ နှစ် ၉၀ မျှကြာခဲ့ပြီ။
ဓမ္မ+ဓသက ပုဒ်နှစ်ရပ်လျှင်
ပေါင်းစပ်စု၍ မြန်မာမှုပြုသော်
"သံသရာမှ ထွက်မြောက်ကြောင်း
တရားများကိုရှာသူ" ဆိုရ
ဓမ္မေသက" ဟု ဝိသေသည္ထွန်း
ထွန်းတောက်ခဲ့ကာ
နှစ်တစ်ရာလျှင် ပြည့်ခဲ့ပြီ။

- ပရိယတ္တိ သင်ကြားပြကာ
ဘာသာ သာသနာ ကျိုးများစွာဖြင့်
အာဇာနည်မ, တိုင်းကျော်ခဲ့ပြီ။

- နှစ်တစ်ရာမှသည်၊ ထောင်သောင်းချီဖို့
အောင်စည်မင်္ဂလာ၊ ဩဘာကျူးထိပ်
အောင်နိမိတ်ဆင်၊ သိဒ္ဓိတင်သော်
ကောင်းကင်ဘဝဂ် တိုင်စေသတည်း။

**ဆောင်းဦး ဥဩ(ကသာမြေ)**

# ဘိက္ခု တစ်ညီ ဘိက္ခုနီ



* မြတ်ဗုဒ္ဓါ၊ ရွှေနှုတ်က
ခြွေထုတ်ပြ၊ ဒေသနာ
အမွေဥစ္စာ၊ သာသနာကို
ရှည်အကြာ၊ တည်ရေး။
ဘိက္ခုတို့၊ စောင့်နည်းဝမာဝင်
တစ်ဖြောင့်တည်းပါဝင်၊ ဘိက္ခုနီလေး

* ဝဲသမုဒ်၊ မဟာပဇာပတိဂေါတမီ (မဟပ္ဇာဝါပမာ)
သံသရာ၊ သည်အရေး
အမှန်သာ၊ လွတ်စေရေးတွက်
တိုက်ကျွေးခဲ့၊ ဓမ္မာရေ။
ချာန်မင်ဖိုလ်၊ ထက်ရပ်နန်းဆီသို့
ထွက်ရပ်လမ်း၊ ညွှန်းတဲ့စာတွေ

* ပင်ပန်းမှု၊ တွေးမနေတယ်
သိရေးဖွေမယ်၊ မြတ်စိတ်ထားတွေနှင့်
သင်ကြားကြ၊ ပရိယတ်ဓမ္မဝနာ
အားထုတ်ကြတာ။
တစ်ဖြာမြင့်လို့၊ ပဋိပတ်ထူကာ
လူ့ရပ်ဇမ္ဗူမှာ၊ ရှေ့ဦးဆောင်လို့လေး

**လူမွန်(ပခုက္ကူ)**



# ဓမ္မသက ရာပြည့်သဘင်

* မဟာလယ်တီ စာသင်တိုက်
စာတင်ထိုက်သည့် ကျောင်းတော်မဟာ။
ရာဇဝင်သမိုင်းမနှောင်းဖော်ရာ
အကြောင်းလျော်စွာ ကျော်သဲ။
"ဓမ္မသက" တည်သဆင်တယ်
သီလရှင် ကျောင်းတိုက်တော်ပဲ။

* စည်လုအစဉ် အပေါင်းတိုက်တော်ထဲမတော့
အကောင်းအမြိုက် အမြဲတည်ကာ။
သောင်းတိုက်ထဲ ဤကမ္ဘာမှာ
တည်နေရာ သိုက်အဝန်း။
မုံရွာမြို့စုံခင်းသာတယ်
ထုံသင်းပြာ မြတ်ဝုဏ်နှင့်ထွန်း။

* သည်ကျောင်းမြတ် ရာပြည့်သဘင်ကို
ဒါညှိဆင်တစ်ပုံ ညွှန်းကာဖြင့်
ထုံမွှန်းလို့ ကျက်သရေပြော
တက်နေပမာ။
ပေါင်းစုလို့ကောင်းမှုပြောသည်
နှောင်းတုစရာ မော်ကွန်းတည့်လေး။
"ဓမ္မသက" ထေရသဘင်ရယ်
နေလအတွင် ထင်ရှားပါဘိလေး။ ။

မဟူရာစောလွင်(ပခုက္ကူ)



# ခန္ဓာလမ်း

* ခရီးနှင်ခဲ့-
ဖြစ်စဉ်မှန်းဆ
မသိရ
သံသရာဝဲမှာ---ငါ့ခန္ဓာ။

* ခရီးဆက်မည်-
ဖြစ်ပျက်မှန်းဆ
မသိရ
ဘဝထဲမှာ---ငါ့ခန္ဓာ။

* ဘယ်ကလာသည်
ဘယ်ဆီရောက်လို့
တစ်ထောက်နားကာ
ရောက်မည့်ရွာကို
နော ဇာနာမိ---ငါမသိ။

* ဩော်-
ဇာတိအစ၊ ဇရာမှလျှင်
မရဏအဆုံး၊ ဘဝထုံးကို
ရှုံး,မြတ်ဆင်ခြင်၊ ဉာဏ်သိယှဉ်၍
ဖြစ်စဉ်ရှုကာ၊ ဝိပဿနာဖြင့်
ခန္ဓာစိတ်ဖြာ---တရားရှာ
ငါစွဲဖယ်ခွါ---ဥပေက္ခာ
သံသရာထဲမှာ---လွတ်မြောက်ရာ။

မောင်ယဉ်ကျေး (ဗုံရွာ)

## ကိလေနယ် အလွန်

* တဝဲလည်လည်
ကိလေနယ်၌
ခင်တွယ်ပျော်မွေ့
စရိုက်လေ့ကြောင့်
အတွေ့မရှောင်၊ အသိမှောင်ခဲ့။

* တဝဲလည်လည်
ကိလေနယ်၌
ပြုံးရယ်ပျော်မြူး
အတွေ့ထူးကြောင့်
မေ့မူးစဉ်သာ၊ ချိန်ကုန်လာခဲ့။

* တဝဲလည်လည်
ကိလေနယ်၌
တွယ်တာမိန်းမော
ရမ္မက်ဇောနှင့်
လွင့်မျောချိန်ခါ၊ ခုတိုင်ကြာခဲ့။

* တဝဲလည်လည်၊ ကိလေနယ်၌
တင့်တယ်ရှုရာ၊ မမြင်သာတည့်
တဏှာအုပ်မိုး၊ စိတ်မိုက်ဆိုးကို
ရိုက်ချိုးဆုံးမ၊ မြတ်ဓမ္မနှင့်
ဘဝမလွန်၊ နစ်မကျွံခင်
ချိန်မှီပြင်ဖို့ အားထုတ်စို့။ ။

လင်းချစ်(တင်းတိမ်ရဲ)



# ကမ္ဘာ့ရန်တွေ ကျေကြစို့လား

■ လောကီဘုံသား၊
လူအများမှာ
ချစ်တာ မုန်းတာ
ထိုနှစ်ဖြာသည်
မကွာယှဉ်တွဲ၊ အတူမြဲ၏။

■ မုန်းသူကမုန်း
ဘယ်လောက်မုန်းမုန်း
အပြုံးမပျက်
ရှေ့ဆက်ခင်မင်
မမုန်းချင်နှင့်
သူကလည်းမုန်း
ကိုယ်လည်းမုန်း၍
အမုန်းချင်းပြိုင်
မဆုံးနိုင်ဘဲ
ကမ္ဘာ့အဆုံး
တို့အမုန်းသည်
ဘယ်သောခါမှ
ဆုံးမည်မဟုတ်နည်း။





■ မေတ္တာရန့်
သင်းပျံ့ပျံ့နဲ့
ရန့်လှိုင်ကြူ
မြမဥကို
ဆောင်ယူပိုက်ထွေး
ရင်မှာမွေးမှ
ကမ္ဘာ့ရန်မီး
ငြိမ်းမည်တည်း။ ။

[illegible]

## ဥမ္မတ္တကလူသားများ (လေးချိုး)



■ ထိန်းမနိုင် သိမ်းမရ
မငြိမ်းလှ စိတ်တွေ့။

■ မနိပ်ပေ လေပွေထသလိုပ
တွေဝေသပ စိတ်အခြေ။

■ နိုင်စဖွယ်
တိုင်လည်(လယ်)မှာ
နှောင်ကာတုပ်သော်လည်း
ရှောင်ခွာဆုတ်ဖို့ ကြိုးတွေဖြည် (ဖြေ)
အညှိုးမပြေတဲ့ စိတ်ဆင်ရိုင်း။

■ ချွန်း မအုပ်နိုင်ဘု
စက်ဆုပ်ရွံရှာဖွယ် အမြင်ပ
ထင်ကရ အကုသိုလ်တွေမို့
ရှုကာလေ တရားမှတ်သော်လည်း (လဲ)
အမှားဇာတ် အခါအခါဝင်ပေါ့
သံသရာမှာ ဖန်တစ်ရာထွေအထူးရယ်နှင့်
မှန်စွာမသွေ ခန္ဓာလှေအလူးမှာ
ရူးကြလူတိုင်း။



မောင်ပီတိ(မုံရွာ)



# မိခင်ရင်ခွင် ပုံရိပ်

ငယ်စဉ်က ကလေးဘဝပင်
တွေးဆလို့ပြန်မြင်။
မြတ်မိခင် မေတ္တာအား
လွှမ်းပတ်ခြုံထား။

စကားပြော ရှေ့ဆောင်သင်
ပြုံးစပျော်ရွှင် ။
တတ်ပညာ အမေပေး
ကောင်းမြတ်တယ်လေး။

မိခင်သို့ အလားပင်
ဓမ္မသကတိုက်ရင်ခွင်။
ခိုလှုံဝင် မေတ္တာနန်း
ပျော်ရွှင်အေးချမ်း။

ပရိယတ် မြတ်ပညာ
သင်ကြားလို့စုံခဲ့တာ
ကိုယ့်ကျောင်း ကိုယ့်ကန်နဲ့
ကိုယ်ပိုင်ဟန် မူစနစ်တွေနဲ့
တည်ထောင်လှစ် အောင်ပွဲခံ
အေးရိပ်ကိုဖန် ။
သို့ပေမယ့် ဟိုယခင်
မြတ်မိခင် ရင်ခွင်နန်း
တမ်းတမျှော်မှန်း။ ။

ဒေါ်ယုသိင်္ဂီ



## ဒါနဆန်များရှင်

ဒါနဆန်များရှင်
အသံကြည်လွင်လွင်ကလေး ကြား
အားပါး-
သီလရှင်ကလေးတွေပါကလား
ရင်ထဲလှိုင်းများ လှုပ်သွား။

အံ့မောင်

မုံရွာမြို့သာသနာ့သမိုင်းတွင် နှစ်တစ်ရာကြာအောင် တည်တံ့တိုးတက်နေသော ဓမ္မသကသီလရှင် စာသင်တိုက်သည် အဘယ်ကြောင့် ဤမျှခရီးကိုအောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပါသည်ဟု အကြောင်းရှာလျှင် တည်တံ့တိုးတက်ကြောင်း အကြောင်းများစွာတွေ့ရှိရမည်သာ။ ထိုများထဲတွင် အများစုပေါင်းမှရသောအလုပ် (သို့) အဖွဲ့အစည်း (သို့) စာသင်တိုက်တို့၌ မရှိမဖြစ်လိုအပ်သောအရာ အရေးကြီးသောအချက်ကို ပြပါဆိုလျှင် ညီညွတ်မှုကို ပြရပေမည်။

**ညီညွတ်မှု**

အားလုံးသော သတ္တဝါဝေနေယျတို့၏ တစ်ဦးပုဂ္ဂလ ခန္ဓာသည်ပင် ရုပ်နာမ်ဓမ္မတို့သည် တစ်ပါးနှင့်တစ်ပါး အသီးသီး အတူတကွ ယှဉ်တွဲဖြစ်တည်နေကြ၏။ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြရ၏။ ထိုသဘောကို သဟဇာတစသော ပဋ္ဌာန်းပစ္စည်းတို့၌ ဘုရားရှင်ထုတ်ဖော် ဟောကြားတော်မူခဲ့၏။ ဘုရားရှင်၏ဓမ္မကား ဖော်ထုတ်သုံးစွဲ တတ်သူတို့အတွက် ကောင်းကျိုးအမြတ်ကို ရရှိနိုင်စေသည်သာဖြစ်၏။ ကမ္ဘာပေါ် ရှိ လူ့အဖွဲ့အစည်, သံဃာအဖွဲ့အစည်း, သီလရှင် အဖွဲ့အစည်း, မည်သည့်အဖွဲ့အစည်းမဆိုယင်း သဟဇာတစသော သဘောတရားတို့ကို ရယူ၍ သဘောပေါက် နေထိုင်ကျင့်သုံးကြလျှင် လောကကမ္ဘာကြီးသည် သာယာငြိမ်းချမ်းပျော်ရွှင်ဖွယ် ဖြစ်လာပေမည်။

မြတ်ဗုဒ္ဓဓမ္မသည်ကား အပတမာန သဘောရှိပေသည်။ အပတမာနမှာ အပါယ်သို့မကျအောင်သာ ဆောင်ပေးတတ်သည်မဟုတ်။ဘဝတစ်လျှောက်လုံးတွင် အောင်မြင်မှု, ချမ်းသာ မှုများမကျရအောင် အထက်သို့ဆောင်ပင့် ပေးတတ်၏။ ယင်းအောင်မြင်မှု,ငြိမ်းချမ်းမှုစသော လောကကောင်းကျိုးများကို တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်၍ မရတတ်၊အများစုပေါင်းညီညွတ်စွာ ဆောင်ရွက်မှုရရှိ

# ညီညွတ်ဝေဖြာစွန့်ရှည်ကြာ (ဝါ) ရာပြည့်မှသည် ၁၀၀



ဒေါ်သီလစာရီ
သီလဝတီ စာသင်တိုက်
စက်မှုဇုံ ၊ မုံရွာ

တတ်ပေသည်။ မြတ်ဗုဒ္ဓသည် ညီညွတ်စည်းလုံးမှုတို့ကို အားထားပြုလျက် လောကငြိမ်းချမ်းရေးကို ဆောင်ရွက်တော်မူ၏။ ညီညွတ်သူတို့၏ အကျိုးတရားများစွာကို ဖော်ညွှန်းသည့် တရားဓမ္မ မြောက်မြားစွာကို ဟောကြားတော်မူခဲ့ပေသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အောင်မြင်မှု အတိုင်းအတာကို သုံးသပ်လျှင်. . . . .

(၁) သင့်တော်ကောင်းမြတ်သော အရပ်တွင်နေထိုင်ခြင်း၊

(၂) သူတော်ကောင်းပုဂ္ဂိုလ်တို့အား အမှီပြု၍နေထိုင်ခြင်း၊

(၃) မိမိကိုယ်တိုင် ကြိုးစား အားထုတ်မှုရှိခြင်း၊

(၄) မှန်မြတ်သော လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုသည့် အချက်များကိုတွေ့ရပေမည်။

အောင်မြင်တည်တံ့ တိုးတက်လိုသော ပုဂ္ဂိုလ် အဖွဲ့အစည်းတိုင်း ဤအချက်တို့နှင့် ပြည့်စုံရပေမည်။ ဤအချက်တို့ ပြည့်စုံစေရာ၌လည်း အချင်းချင်း စည်းလုံးညီညွတ်မှုကို အဦးဆုံး တည်ဆောက်ရမည် ဖြစ်ပေသည်။

## လှေနှင့်တူစွာ

လိုရာဆိပ်ကမ်း ပန်းတိုင်အရောက် လှမ်းလိုသော လှေတွင်. . .

(၁) တက်မကိုင်လှေသူကြီး၊

(၂) လှေထိုးသားများ၊

(၃) လှေသူကြီးနှင့် လှေထိုးသားတို့အား ချက်ပြုတ်ကျွေးမွေးသူတို့ မရှိမဖြစ် လိုအပ်ပေသည်။

ထိုသုံးဦးသားတို့သည် ညီညီညွတ်ညွတ် ဖြင့် မိမိတို့တာဝန် အသီးသီးကျေပွန်ကြလျှင် ရည်မှန်းထားသည့် ဆိပ်ကမ်းပန်းတိုင်နေရာသို့ မလွဲမသွေ ဧကန်ရောက်ရှိမည် အမှန်ဖြစ်၏။

လှေသူကြီးသည် တက်မကို မိမိရည်မှန်းရာ လမ်းကြောင်းမှ မသွေမဖယ် မတိမ်းမစောင်းရအောင် အမြဲတည့်မတ်ပေးနေရ၏။ တက်မကိုင်မှု အလေးမပြုလေးချင်ရာလေး, တွေးချင်ရာတွေး ဂရုမစိုက် ပေါ့ပေါ့ဆဆနေလျှင် လှေထိုးသားများ ကြိုးစားလှော်ခတ်စေကာမူ လမ်းလွဲလျက် ရည်မှန်းထားသည့် ဆိပ်ကမ်းသို့ မရောက် ရှိနိုင်တော့ပေ။

လှေသူကြီးက တက်မကို မှန်မှန်ကန်ကန် တည့်မတ်ပေးသော်လည်း လှေထိုးသားများက အားကြိုးမာန်တက် ကြိုးစားမလှော်ခတ်ကြ ပြန်လျှင် ရည်မှန်းသည့်ဆိပ်ကမ်းသို့ အချိန်မှန်မရောက်နိုင်တော့ပေ။

ဤနေရာတွင် လှေပြေးနှုန်းသည် လှေထိုးသားများအပေါ်မှုတည်သည်။ လှေထိုးသားများတွင် ခိုကပ်သူ, ပျင်းရိသူ, တွေဝေငေးငိုင်သူ များပြားလျှင် များပြားသလောက်ခရီးတွင်မည် မဟုတ်ပေ။ လှေထိုးသားများ ကြိုးစား လှော်ခတ်သလောက် ခရီးရောက်ပေမည်။

လူသည် အလုပ်လုပ်ရင်း အသက်ရှင်ရသော အမျိုးဖြစ်၏။ အလုပ်လုပ်နိုင်ရန် အင်အားလိုအပ်၏ ထိုအားအင်မှာ အစားအသောက်တမျှကောင်းမွန်စွာ သုံးဆောင်မှီဝဲမှ ဖြစ်နိုင်၏။ ယင်းကြောင့် အစာအာဟာရသည် သတ္တဝါတိုင်း အတွက်အရေးကြီးဆုံးဖြစ်၏။ လောကီလုပ်ငန်း ဖြစ်စေ, လောကုတ္တရာ လုပ်ငန်းဖြစ်စေ, ကိုယ်ကျိုးအတွက်ဆောင်ရွက်သည်ဖြစ်စေ, သူတစ်ပါး အကျိုးသယ်ပိုးသည်ဖြစ်စေ အစာအာဟာရ မသုံးဆောင်လျှင်မည်သို့မှ မဖြစ်နိုင်ချေ။ သို့ဖြစ်၍ လှေသူကြီးနှင့် လှေထိုးသားများ အားအင်ပြည့်ဝစွာ လိုရာပန်းတိုင်အရောက် လှော်ခတ်နိုင်ဖို့ ထမင်းစသော အာဟာရတို့ကို ချက်ပြုတ်ကျွေးမွေးသူ တို့ကလိုအပ်သလို စီမံချက်ပြုတ်ပေးရမည်ဖြစ်၏။ အစာအာဟာရမမှီဝဲရပါက လှေသူကြီးနှင့်လှေထိုးသားများ အားအင်ကုန်ခန်း လူပင်ပန်းလျက် လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်မည် မဟုတ်ပေ။ တုတ်သုံးချောင်းကို အချင်းချင်း မှီ၍ ထောင်ထားလျှင် မယိုင်မလဲ မြဲမြဲတည်တံ့ နိုင်သကဲ့သို့ လိုရာပန်းတိုင်အတွင်း လှေသူကြီး လှေထိုးသားများနှင့် ချက်ပြုတ် ကျွေးမွေးသူတို့ အချင်းချင်းအမှီပြုကြလျက် ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမည်ဖြစ်ပေ၏။

## ဓမ္မသကသီလရှင်စာသင်တိုက်

ဤသီလရှင်စာသင်တိုက်သည် နှစ်တစ်ရာပြည့်တိုင်အောင် ညီညွတ်စွာ, တည်ငြိမ်စွာ, ထည်ဝါစွာ, အရှိန်အဟုန်မပျက် တိုးတက်လျက် ရှိပေ၏။ ကျောင်းတိုက်အဖွဲ့အစည်း၏ လုပ်ငန်းများကို ကြည့်လျှင် ပဓာနနာယကဆရာကြီးများ, စာချဆရာကြီးများသည် လေ့သူကြီးနှင့်တူစွာ လိုရာပန်းတိုင် တည့်မတ်အောင် ညွှန်ကြားပြသ ဆိုဆုံးမလျက် စာပေပို့ချတော်မူကြ၏။ စာသင်ဆရာလေးများသည် လှေထိုးသားနှင့် တူစွာ မခိုမကပ် မပျင်းမရိ ကြိုးစားသင်ယူနေကြ၏။ သာသနာ စောင့်ရှောက်ကြသော ဒကာဒကာမ များကလည်း နှစ်ပေါင်းတစ်ရာတိုင်အောင် သဒ္ဓါ, စေတနာ ပြည့်စုံစွာဖြင့် အမြဲမပြတ် လှူဒါန်း ထောက်ပံ့ အားပေး ပူဇော်မူပြုကြ၏။ ဤသို့လျှင် မိမိတို့တာဝန်ကိုယ်စီကို ကျေပွန်ကြသည့် အပြင် အချင်းချင်းလည်း ညီညွတ်ကြ, အားထားကြ, ကူညီကြ, ရိုင်းပင်းကြ၏။ ယင်းသို့သုံးဖက်ညီညီ ဆက်လက်၍ ကြိုးစားထမ်းဆောင်ကြလျှင် နှစ်တစ်ရာမှသည် နောင်နှစ်ပေါင်းများစွာတိုင် အဓွန့်ရှည်ကြာ သာသနာလှေတော်ကြီးစီးလျက် မိမိတို့လိုရာပန်းတိုင် ရည်မှန်းရာအရပ်တို့ကို မိမိရရ လှမ်းကိုင်နိုင်ကြမည်ဟု ယုံကြည်မိပေသတည်း။

**ဒေါ်သီလစာရီ၊**
**သီလဝတီစာသင်တိုက်၊ စက်မှုဇုံ၊**
**မုံရွာ။**

* * * * * *

### လယ်တီအရှင်ကေလာသ–၏
### နီတိမှတ်တမ်းလွှာ–မှ

**ကောင်းဖို့ခက်လှ ဆိုးဖို့ကလွယ်**

အာရောဟျတေ သိလာ သေလေ၊
ယတေန မဟတာ ယထာ။
နိပါတျတေ ခဏေနာခေါ၊
တထာတ္တဂုဏာ ဒေါသတာ။

**အဓိပ္ပာယ် အနှစ်ချုပ်**

* ကျောက်တုံးကြီးလျှင်၊
တောင်ထိပ်တင်၊
အားအင် စိုက်ရ
လွန်ခက်စွ။

* တောင်အောက်တစ်ခွင်၊
ကျစေချင်၊
အားအင် မစိုက်ရ
လွယ်ကူစွ။

* ဂုဏ်သိရ်စွမ်းအင်၊
မြင့်လိုလျှင်၊
အားအင်စိုက်ရ
လွန်ခက်စွ။

* ဂုဏ်သိရ်စွမ်းအင်၊
ကျစေချင်၊
အားအင်မစိုက်ရ
လွယ်ကူစွ။

-------------



# လယ်တီဆရာတော်ဘုရားကြီး၏
# မွေးနေ့အထိမ်းအမှတ်ရာပြည့်ပွဲတော်နှင့်
# ဓမ္မသကသီလရှင်စာသင်တိုက်
# ရာပြည့်ပွဲတော်

ကိုဦး(မုံရွာ)

**လယ်**တီဆရာတော်ဘုရားကြီးသည် မုံရွာမြို့ ညောင်တပင်ရပ် (ယခုအေးသာယာ) ရှိသင်္ဂြိုဟ် ဦးဝိုင်းကျောင်းမှ လယ်တီတောသို့ ထွက်ကြွတော်မူခဲ့ပါသည်။ ခုနှစ် လ ရက်ကား ၁၂၄၈-ခု၊ တပို့တွဲလပြည့်ကျော် (၈)ရက် ဖြစ်သဖြင့် ထိုနေ့ရက်ကိုပင် လယ်တီတိုက်ကြီး စတင်တည်ထောင်သော နေ့အဖြစ် သတ်မှတ် ကြပါသည်။ ဆရာတော်ဘုရားကြီးသည် ၁၂၅၇-ခုနှစ် ခန့်မှစ၍ မြန်မာနံ့အပြား ခရီးထွက် တော်မူခဲ့ရာ ၁၂၅၇-ခုနှစ်တွင် မန္တလေးမြို့ ရန်ကုန်မြို့၊ ထိုမှဆက်၍ အိန္ဒိယနိုင်ငံရှိ မဟာဗောဓိသို့လည်း ကောင်း၊ ၁၂၅၈-ခုနှစ်တွင် ဒလတောတန်းကြီး ဆပဂံတောရ၌လည်းကောင်း၊ ၁၂၆၀-ခုနှစ်တွင် ကျိုက်ထိုဘီးလင်း၊ ထိုမှ မန္တလေးမြို့သို့လည်း ကောင်း၊ ၁၂၆၁-ခုနှစ်တွင် လယ်စင်ရွာ၌ လည်းကောင်း၊ ၁၂၆၃-ခုနှစ်တွင် ရွှေတောင်ဦး၌ လည်းကောင်း၊ ၁၂၆၅-ခုနှစ်တွင် လက်ပန်း တောင်တောရ၌ လည်းကောင်း၊ ၁၂၆၆-ခုနှစ်တွင် ပျဉ်းမနားမြို့ မြောက်ဘက် အင်ကြင်းမြိုင် ၌လည်းကောင်း၊ ၁၂၆၇-ခုနှစ်တွင် မြင်းခြံ အနီးရေကန်ကြီး၌ လည်းကောင်း၊ ၁၂၆၈-ခုနှစ်တွင် ပြည်မြို့ ဟင်္သာတမြို့တို့၌ လည်းကောင်း၊ ၁၂၆၉-ခုနှစ်တွင် မင်းလှမြို့၌ လည်းကောင်း၊ ၁၂၇၀-ခုနှစ်တွင် မော်လမြိုင်မြို့၌ လည်းကောင်း၊ ၁၂၇၁-ခုနှစ်တွင် သာပေါင်းမြို့၌ လည်းကောင်း အသီးသီး လှည့်လည်ကြွရောက်၍ အချို့အရပ်၌ ဝါကပ်တော်မူခဲ့ ပါသည်။ ၁၂၇၂-ခုနှစ်တွင်ကား မုံရွာမြို့ လယ်တီတိုက်၌ ဝါကပ်တော်မူပါသည်။

ဓမ္မသက သီလရှင်စာသင်တိုက်မှာလည်း ၁၂၇၂-ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ထို ၁၂၇၂-ခုနှစ်က ဓမ္မသကသီလရှင်တိုက်နှင့် လယ်တီတိုက်ရှိ ကျောင်းအားလုံး ဆရာတော်ဘုရားကြီး၏ မွေးနေ့ဖြစ်သော နတ်တော်လဆန်း ၁၃-နေ့တွင် မွေးနေ့အထိမ်းအမှတ် ဆီမီးထွန်း ပွဲတော်ကျင်းပပြုလုပ်ခဲ့ကြပါသည်။ (လယ်တီဆရာတော်ဘုရားကြီး၏ မွေးနေ့အထိမ်း အမှတ်ပွဲတော် စတင်ပြုလုပ်သည့် ခုနှစ်မှာ ၁၂၇၂-ခုနှစ် ဖြစ်၍ မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆီမီးထွန်း ပွဲတော် ကျင်းပခြင်းဖြစ်ပါသည်။) ထိုမှစ၍ လယ်တီကျောင်းတိုက်တွင် ဆရာတော် ဘုရားကြီး၏ မွေးနေ့ ကျရောက်သည့် နတ်တော် လဆန်း ၁၃-ရက်နေ့တိုင်း နှစ်စဉ် ဆီမီးပွဲတော် ကျင်းပခဲ့ ကြပါသည်။

၁၂၈၃-ခုနှစ်တွင် ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတောင်ရိုး မဟာဇေတဝန် လယ်တီကျောင်းတိုက်ကြီး၌ ဝါကပ်တော်မူပါ သည်။

ထိုနှစ် နတ်တော်လဆန်း ၁၃-ရက် ဆရာတော်ဘုရားကြီး၏ မွေးနေ့ အထိမ်းအမှတ် ဆီမီးပွဲတော်ကြီးကို စစ်ကိုင်းတောင်ရိုးတွင် ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတောင်ရိုး ဇမ္ဗုပတိချောင်မှ ဆရာတော် ဦးပဒုမက ဆရာတော်ကြီး၏ မွေးနေ့အထိမ်းအမှတ် ဆီမီးပွဲတော်ကြီး ဝှဲချီး ကျင်းပပုံကို (ဇေယျဇေယျာ၊ သေလသေလာ၊ ထေရထေရာ) အစချီသော ရတုပိုဒ်စုံ ရေးသား ပူဇော်ခဲ့ပါသည်။

ထိုပွဲတော်ကြီးသည်ကား ဆရာတော်ဘုရားကြီး၏ သက်တော် ၇၅-နှစ် မွေးနေ့အထိမ်းအမှတ် ဆီမီးပွဲတော်ကျင်းပသည့် အကြိမ် ၁၂-ကြိမ်မြောက်ဖြစ်ပါသည်။

"ဇေယျ ဇေယျာ၊ ကောင်းကြီးသာပိမ့်၊
မဟာဝိသိဋ္ဌ၊ ရှေးပုညိဒ်ကြောင့်၊
တိဟိတ်ဇာနည်၊ အာသဘီဟု၊
မဟိကျွန်းလုံး၊ ပွဲတင်ချွန်းသား၊
မြင့်ဆုံးဥက္ကဋ္ဌ၊ မထေရ်မြတ်သည်၊
တေ အဋ္ဌ ဒွိ ဇော်၊ သက္ကရာဇ်တွင်၊
ကသစ်ပန်းမြိုင်၊ ပွင့်ဖူး ပြိုင်လျက်၊
နှင်းဆိုင်အပျော်၊ လနတ်တော်ဝယ်၊
ငွေသော်စန္ဒ၊ လျှမ်းလျှမ်း ကြွသည့်၊
တေရသမိ၊ ရက်တိထိဝယ်၊
လယ်တီနေမျိုး၊ လူထိပ်မိုး၏၊
သက်ဗိုဝ်းရောက်လှဲ့၊ ချင့်ထောက်ခဲ့သော်၊
ခုနှစ် ဆယ့်ငါး၊ ဝါတော်အားဖြင့်၊
ကြီးမားသိက္ခာ၊ ဆပညာတည့်၊
ဖွားရာရက်နေ့၊ သာချမ်းမြေ့ဝယ်၊
ဘုန်းဟော့တေဇော်၊ မြတ်ဇိနော်အား၊
ဆွမ်းတော် ညောင်ရေ၊ အောင်သပြေနှင့်၊
ထိန်ဝေကွန့်မြူး၊ မြင်သူမူးမျှ၊
မီးရှူးသောင်းထောင်၊ လျှပ်စစ်ရောင် ကို၊
တစ်တောင်ရိုးလုံး၊ ငွေရည်ဖုံးသို့၊
အုံးအုံး ပွဲတင်၊ ပွဲကြီးယင်သည်၊
မြေပြင်ညီး ညံခြိမ့်ပွဲတည်း။"



၁၂၈၄-ခုနှစ်တွင် ဆရာတော်ဘုရားကြီးသည် ပျဉ်းမနားမြို့တွင် သီတင်းသုံးတော်မူပါ သည်။ ထိုနှစ် နတ်တော်လဆန်း ၁၃-ရက်နေ့တွင် ပျဉ်းမနားမြို့သူမြို့သားတို့သည် ဆီမီးပွဲတော် အပြင် ဇိဝိတဒါနအဘယဘေးမဲ့ အလှူပွဲတော် ကြီးပြုလုပ်ခဲ့ကြပါသည်။

၁၂၈၈-ခုနှစ်တွင်ကား ဆရာတော်ဘုရား ကြီး မရှိတော့ပါသော်လည်း၊ လယ်တီကျောင်းတိုက်ကြီးတွင် ဆီမီးပွဲတော်ကြီးကို ၁၆-ကြိမ် မြောက်အဖြစ် ကျင်းပမြဲဆက်လက်ကျင်းပပါ သည်။ ထိုနှစ်က ဆီမီးရေစက်ချ ပရိတ်တရားတော်နာ ဖိတ်ကြားစာကို ဖော်ပြ အပ်ပါသည်။

"မုံရွာမြို့ ဈေးတန်းရပ်နေ မစမြိုင်နှင့် မောင်ဘသာ မခင်လေးတို့က လေးမြတ်ရိုသေစွာ ဖိတ်ကြားစီရင်တော်ခံပါသည်။ ---- လယ်တီဆရာတော်ဘုရားကြီး ဖွားတော်မူသောနေ့တွင် လယ်တီတိုက်၌ နံနက်အခါ သံဃာတော်များကို ဆွမ်းကျွေး ခြင်း၊ ညဥ့်အခါ ဆီမီးပူဇော်ခြင်းများကို ပြုလုပ်ကျင်းပ ဆီမီးတစ်ထောင် ပဒေသာပင်ကို လယ်တီကျောင်းတိုက်သို့ ပို့၍ ရေစက်သွန်းချ ပရိတ်ရားတော်မြတ်ကို အတူတကွ နာလိုပါသောကြောင့် ၁၂၈၈-ခု နတ္တော်လဆန်း (၁၃) ရက်နေ့ နာရီပြန် ၂-ချက်အချိန်------- ကြွရောက်တော်မူပါမည့်အကြောင်း ဖိတ်ကြားအစီရင်တော် ခံပါသည်။"

ဆရာတော်ဘုရားကြီး၏ မွေးနေ့အထိမ်းအမှတ်ပွဲတော်ကြီးတွင် ညဥ့်အခါဆီမီး ပူဇော်ခြင်းသာမက ဆိုင်းအဖွဲ့၊ ဇာတ်အဖွဲ့တို့ဖြင့် •ညှိခံခြင်း



တရားပွဲ များကျင်းပခြင်းတို့ ရှိခဲ့ ပါသော်လည်း ထူးခြားစည်ကားမှု နည်းပါးသည် ဟုဆိုပါသည်။ သို့ရာတွင် လယ်တီဆဋ္ဌဆရာတော်ဦးတေဇိန္ဒ လက်ထက် ၁၃၂၁-ခုတွင် လယ်တီဆရာတော် ဘုရားကြီး၏ မွေးနေ့ အထိမ်းအမှတ် ပွဲတော်ကြီးကို ညဥ့်အချိန်အခါ ဆီမီးပွဲတော်သာမက နေ့ အခါတွင် ဆွမ်းဆန်တော် လောင်းလှူပွဲ စတင် ကျင်းပရာ၊ ဧည့်ပရိသတ် အလွန် စည်ကားခဲ့သည် ဟုဆိုပါသည်။ သို့ဖြင့် ဆီမီးပွဲတော်သာမက ဆွမ်းဆန်တော်လောင်း လှူပွဲပါ။ ဆက်လက် ကျင်းပခဲ့ရာ ယနေ့အချိန်ကာလ အထိ ဖြစ်ပါ သည်။

၁၃၂၈-ခုနှစ်တွင် ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်မှ ၄၃-နှစ်အကြာ ဆရာတော်ဘုရား ကြီး၏ မွေးနေ့အထိမ်းအမှတ် ၅၆-ကြိမ်မြောက် ဆီမီး ပူဇော်ပွဲတော်ကြီးတွင် လယ်တီ နဝမ ဆရာတော် ဘဒ္ဒန္တကေလာသက စကြာလည် ရတုပိုဒ်စုံ ၇-ပိုဒ် ရေးသား ပူဇော်ခဲ့ပါသည်။ ယင်း ရတုပိုဒ်စုံ အပိုဒ် (၇) တွင် ---

**"ရွှေနန်းနတ်ရွာ၊**
**ကြွမြန်းပါ၍၊**
**သုံးဖြာ စွန်းလစ်၊**
**လေးဆယ်ဖြစ်၏၊**
**လနှစ်ထွေထွေ၊**
**ကြာခဲ့ပေလည်း၊**
**မထေရ် ဥက္ကဋ်၊**
**စောနေနတ်ကို၊**
**မပြတ်တန်းနော်၊**
**မှန်းဆမျှော်လျက်၊**
**ပူဇော်ထိန်ညီး၊**
**ရောင်စုံမီးနှင့်၊**
**ဝှဲချီးသဘင်၊**
**ပွဲကြီးယင်သည်၊**
**ဂုဏ်အင်ရည်မှန်း လှူဒါန်းတည်း။"**
ဟု ရေးသား စပ်ဆိုထားပါသည်။

၁၃၅၅-ခုနှစ် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ (၆၃)ကြိမ်မြောက် မွေးနေ့ အထိမ်းအမှတ်ပွဲတော်ကြီးတွင်လည်း နဝမ ဆရာတော်ကြီးက လူးတားညှပ် ထပ်တွန့် ရှစ်ဆယ် ပေါ်တေးထပ် ရေးစပ် သီကုံး၍ ဆရာတော် ဘုရားကြီးအား ပူဇော်တော်မူခဲ့ပါသေးသည်။

သို့ဖြစ်ရာ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ မွေးနေ့အထိမ်းအမှတ် ဆီမီးပွဲတော် ကျင်းပခဲ့သည်မှာ ၁၂၇၂-ခုနှစ်မှ စတင်ခဲ့ခြင်း ဖြစ်ပြီး ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ ခဲ့သည်။ ၁၂၈၅-ခုနှစ်တွင် ရပ်နားခဲ့သည်မှအပ နှစ်စဉ်မပျက် ကျင်းပခဲ့ရာ ယခု ၁၃၇၂-ခုနှစ်တွင် ဆရာတော် ဘုရားကြီး၏ မွေးနေ့ပွဲတော် အထိမ်းအမှတ် ပူဇော်ပွဲသည် အကြိမ် (၁၀၀) မြောက်ပါပြီ။

ဓမ္မေသက သီလရှင် စာသင်တိုက်၏ သက်တမ်း သည်လည်း အနှစ်(၁၀၀)တိုင်ပါပြီ။

၁၃၇၂-ခုနှစ်သည်ကား လယ်တီကျောင်းတိုက်ကြီးနှင့် လယ်တီ ဓမ္မေသက သီလရှင် စာသင်တိုက်တို့၏ ထူးခြားလှသော ခုနှစ်ဖြစ်ပါ သတည်း။

ကိုဦး (မုံရွာ)

## မုံရွာမြို့ မဟာလယ်တီ ဓမ္မသက သီလရှင် စာသင်တိုက်
## ရာပြည့်ပွဲတော် အထိမ်းအမှတ် မော်ကွန်းကျောက်စာ

**သာသနာတော်နှစ် ၂၅၅၄**

**ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊**
**တပို့တွဲလဆန်း (၈) ရက်**

**ခရစ်နှစ် ၂၀၁၁ ခုနှစ်၊**
**ဖေဖော်ဝါရီလ ( ၁၂ ) ရက်**

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ဇေယျတုသဗ္ဗမင်္ဂလာ**။ သာသနာတော်နှစ် ၂၄၅၄ ခု၊ ကောဇာသက္ကရာဇ် ၁၂၇၂-ခုနှစ်တွင် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူ၍ မဟာလယ်တီ ဒုတိယဆရာတော် လောင်းလျာ ဦးဉာဏောဘာသ အရှင်မြတ်က မြောင်းမြဇာတိ ဒေါ်နန္ဒစာရီနှင့် မုံရွာမြို့နယ် နဘဲသာ ရွာဇာတိ ဒေါ်သာရီတို့အား ဓမ္မသကအမည်နာမဖြင့် သီလရှင်စာသင်တိုက်တည်ထောင်ရန် မဟာ လယ်တီတိုက်ကြီး၏ အနောက်မြောက်အရပ်၌ နေရာသတ်မှတ်၍ ခွင့်ပြုပေးတော်မူခဲ့သည်။ သို့ဖြစ်၍ မုံရွာမြို့တွင် ပထမဦးဆုံးဖြစ်သော သီလရှင်စာသင်တိုက် တစ်တိုက်ပေါ် ပေါက်လာခဲ့ပြီး ဆရာကြီးနှစ် ပါး လက်ထက်တွင် ပရိယတ္တိနယ်တွင် ဂုဏ်ထူးရသီလရှင်များနှင့် ဓမ္မာစရိယ စာချတန်းအောင် သီလရှင် များ ပေါ်ထွန်းခဲ့ပါသည်။

ယခုရာပြည့်ပွဲသဘင် ကျင်းပချိန်ကာလအထိ ဤသီလရှင်စာသင်တိုက်ကြီးကို စီမံအုပ်ချုပ် သွားခဲ့ကြသော တိုက်အုပ်ဆရာကြီးများမှာ -

(၁) ဒေါ်သာရီ

(၂) ဒေါ်နန္ဒစာရီ

(၃) ဒေါ်နန္ဒမာလာ

(၄) ဒေါ်ဇေသီရိ နှင့်

(၅) ယခုလက်ရှိ စီမံအုပ်ချုပ်လျက်ရှိကြသော ပဓာန နာယကဆရာကြီး ဒေါ်ဓမ္မထေရီ (ဂန္ထဝါစကပဏ္ဍိတ) နှင့်တိုက်အုပ်ဆရာကြီး ဒေါ်တိက္ခဝတီ (အဂ္ဂမဟာကျော်၊ မဟာဂန္ထဝါစက ပဏ္ဍိတ) တို့ ဖြစ်ကြပါသည်။

- ♦ ဗုဒ္ဓသာသနာနံ စိရံ တိဋ္ဌတု
- ♦ လယ်တီသာသနံ စိရံ ဒိပ္ပတု

ကမ္ပည်းကျောက်စာ ကုသိုလ်ရှင်
ဓမ္မသကတိုက် အိုးဘိုတောင်ရွာဇာတိ ဆရာကြီး ဒေါ်ဉာဏဝတီ နှင့် တပည့်များကောင်းမှု။
နတ်လူ သာဓုခေါ် စေသော်....။
သာဓု... သာဓု... သာဓု...။

# ကျေးဇူးတင်စကားဦး

မုံရွာမြို့ ဓမ္မသကသီလရှင် စာသင်တိုက်၏ တိုက်တည် ရာပြည့်ပွဲတော်ကြီး
ကျင်းပပြုလုပ်ရေးနှင့် စည်ကားသိုက်မြိုက်အောင် အဖက်ဖက်မှ အကြံပြုစီစဉ်ဆောင်ရွက်
ပူဇော်လှူဒါန်းကြသည့် ဒကာ-ဒကာမ အပေါင်းတို့အားရင်း၊
ရာပြည့်စာစောင်တွင် စာမူကောင်းများဖြင့် ချီးမြှင့်ပေးခဲ့ကြသော ဆရာတော်များ၊
ဝါသနာရှင်နှင့် စာပေပညာရှင်တို့အားရင်း၊ မေတ္တာဖြင့် ကူညီလက်စွမ်းပြကြသော
ပန်းချီဆရာ၊ ကာတွန်းဆရာတို့အားရင်း၊ စေတနာမေတ္တာကြီးမားစွာဖြင့် ကွန်ပျူတာစာစီ
စာရိုက်ပေးသော ဦးနန္ဒိသေန အမှူးပြုသည့် လယ်တီရောင်ခြည်ကွန်ပျူတာအဖွဲ့အားရင်း၊
အတွင်းဓါတ်ပုံများကို တာဝန်ယူရိုက်ကူးပေးသော
မြင့်မြင့်စန်း ဓါတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေး မိသားစုအားရင်း၊
ပန်းသင့်အောင် မျက်နှာဖုံးကိုဖန်တီးမွမ်းမံ ပြင်ဆင်ပေးကြသော
ဓါတ်ပုံမျိုးဝင်းထွန်း၊ ဒီဇိုင်းအောင်ကြီး နှင့် ပန်းချီဖေခင်ဦး တို့အားရင်း၊
စာအုပ်အပြင်အဆင်ကို ကောင်းမွန်အောင် ဖန်တီးပေးကြသော
ဂရပ်ဖစ် ကိုနေဝင်းအောင်၊ အေးအေးမြင့်၊ အောင်မျိုးထွန်း တို့အားရင်း၊
ခန့်ညားသပ်ရပ်သော စာစောင်ဖြစ်အောင် စိတ်ရှည်လက်ရှည် ချုပ်လုပ်
ဆောင်ရွက်ပေးကြသော စွယ်တော်စာအုပ်တိုက် ဝိုင်းတော်သားများအားရင်း၊
ဤရာပြည့်ပွဲနှင့် ပတ်သက်၍ ကတညုတပုဂ္ဂိုလ် အပေါင်းတို့အား
အထူးကျေးဇူးတင်လျက်ရှိပါကြောင်းကို ဤနေရာမှ ဝမ်းမြောက်ကြောင်း
ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

# သက်န်းကူသိုလ်ရှင်များ

| | | | |
|---|---|---|---|
| ၁။ | နဝမလယ်တီဆရာတော် | သင်္ကန်းဒွိစုံ | ၁၀-စုံ |
| ၂။ | ဦးသုမန | ။ | ၅-စုံ |
| ၃။ | ဦးဣန္ဒဝံသ | ။ | ၅-စုံ |
| ၄။ | ဦးကေသဝ | ။ | ၅-စုံ |
| ၅။ | ဦးနန္ဒဝံသ(ရတနာရွှေစည်) | ။ | ၅-စုံ |
| ၆။ | ဦးဥဇ္ဇောတ | ။ | ၅-စုံ |
| ၇။ | ဦးနန္ဒဝံသ(ဘောဂ) | ။ | ၅-စုံ |
| ၈။ | ဦးမာလာဝံသ | ။ | ၃-စုံ |
| ၉။ | ဦးခေမိန္ဒ | ။ | ၅-စုံ |
| ၁၀။ | ဦးညို+ဒေါ်တင်ထွေး (သမာဓိအုတ်စက်တာဝန်ခံ) | | ၁-စုံ |
| ၁၁။ | ဦးစီ+ဒေါ်သန်းမြင့် | ။ | ၁-စုံ |



------------

# ရာပြည့်ပွဲတော် အတွက် အလှူရှင်များစာရင်း

(၁) လယ်တီ အရှင်ဂမ္ဘီရဗုဒ္ဓိ (ကမ္မဋ္ဌာနာစရိယ) ---- ၈၀၀၀၀ဝိ

(၂) ကာကွယ်ရေးဝန်ကြီးဌာန
ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်+ဇနီးဒေါ်ဝေဝေခိုင် ''အေးရိပ်ငြိမ'' မိသားစု ---- ၃၀၀၀၀ဝိ

(၃) ဦးမောင်မောင်ဦး+ဒေါက်တာဒေါ်ကြည်ကြည်မာ
သမီး ဒေါက်တာစုလှိုင်ဝင်း၊ သဲစုဝင်း (အေးမြချမ်းသာဆေးကုခန်း) မိသားစု ---- ၅၀၀၀၀ဝိ

(၄) မုံရွာမြို့ ဘုရားကြီးရပ် ဦးသီလ+ဒေါ်ခင်သန်းနှင့်
သား လှိုင်ဖြိုးသား သမီး မေမြသာ မိသားစု ---- ၄၀၀၀၀ဝိ

(၅) ဒေါ်ချိုချိုဆင့် သား မောင်ကွန်းဇော်ထွန်း၊ မောင်ရဲမာန်ထွန်း၊ သမီး သန္တာနီထွန်း
ပျော်ဘွယ်လေးကြိုးစက်ဝင်း၊ (၈)မိုင်-မရမ်းကုန်း ရန်ကုန်မြို့ ---- ၇၀၀၀၀ဝိ

(၆) ပခာန နာယက ဆရာကြီး ဒေါ်ဓမ္မထေရီ နှင့် တူမများ ---- ၃၀၀၀၀ဝိ

(၇) ကွယ်လွန်သူ မိခင်ကြီး ဒေါ်ဇေယျအား ရည်စူး၍
နာယက ဆရာကြီးဒေါ်ဇောရီ၊ ကြောင်ပန်း ---- ၃၀၀၀၀ဝိ

(၈) ဒေါ်ပညာသိဂ်ီ၊ တူမ မသီရိမာလာ မကေသာရီ မစန္ဒာဉာဏီ --- ၃၁၀၀၀ဝိ

(၉) ဦးစန်ဝင်း+ဒေါ်ငွေငွေ (အောင်သူရိန်သင်္ကန်းတိုက်) သားသမီးမြေးများ --- ၂၅၀၀၀ဝိ

(၁၀) ဦးနေဝင်း+ဒေါ်ကြည်လေး (တိုးအောင်ပယောင်းပုဆိုးရောင်းဝယ်ရေး)
မိသားစု ဘုရားကြီးရပ်၊ မုံရွာမြို့ - ၂၀၀၀၀ဝိ

(၁၁) ဦးစိန်ငွေ+ဒေါ်တင်တင်သန်း မိသားစု အောင်ချမ်းသာရပ် မုံရွာမြို့ --- ၁၅၀၀၀ဝိ

(၁၂) ဦးတင်မောင်+ဒေါ်မျိုးကြည် (ဧမ္မုပ္ပဝမ်းမုန့်တီ) မိသားစု
အောင်ချမ်းသာရပ် မုံရွာမြို့ -- ၂၅၀၀၀ဝိ

(၁၃) ကျောင်းဒကာကြီး ဦးသာဝင်း+ကျောင်းအမကြီး ဒေါ်မြညွန့်

သမီး မခင်ဌေးရီ (လပြည့်ဝင်း သီးနှံရုံ) မိသားစု ---- ၂၀၀၀၀ဝိ

(၁၄) ဦးဝင်းမောင်+ဒေါ်ခင်မူ သား စိုးဝင်းမောင်-ဟန်ဝင်းမောင်
၃၇-၃၈-ကြားလမ်း၊ မန္တလေးမြို့ ---- ၂၀၀၀၀ဝိ

(၁၅) ဒေါ်မြင့်၊ အောင်ချမ်းသာရပ်၊ မုံရွာမြို့ ---- ၁၅၀၀၀ဝိ

(၁၆) မိခင်ကြီး ဒေါ်အီမေကို အမှူးထား၍
ကိုဇော်+မအေးအေးစန်း၊ ဟုမ္မလင်းမြို့ ---- ၁၀၀၀၀ဝိ

(၁၇) ဒေါ်ကုန္ဒဝတီ၊ အောင်ဆုပန်ကျောင်း ---- ၁၀၀၀၀ဝိ

(၁၈) ဒေါ်ဇသုဝတီ၊ ပုပ္ပါးကျောင်း ---- ၁၀၀၀၀ဝိ

(၁၉) မိခင်ကြီး ဒေါ်သန်းကြည်အား အမှူးထား၍ ဒေါ်ရူပသိဂီ ---- ၁၀၀၀၀ဝိ

(၂၀) ဒေါ်ယုသိဂီ (နိုင်းဓမ္မဂုဏ်ရည် အမျိုးသမီးသီလရှင်ရိပ်သာ)
အင်းရွာသစ်ရပ် မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၂၁) ဒေါ်သန်းသန်း၊ ဘုရားကြီးရပ်၊ မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၂၂) ဦးချွန်+ဒေါ်ဆန်းမြင့် ဒေါ်နခြံရပ် မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၂၃) ဦးစောဦးကြိုင် + ဒေါ်ခင်ဝင်းမာ (အောင်ကောင်း) မိသားစု-မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၂၄) ဦးသန်းထွန်း+ ဒေါ်သန်းနု (ရာဇာလက်ဖက်) မိသားစု မုံရွာမြို့ ---- ၁၀၀၀၀၀

(၂၅) ဒေါ်တိုးတိုးဝင်း (မုံရွေရည်စကိုး) မိသားစု မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၂၆) ဒေါ်ဓမ္မသီရိ၊ ဒေါ်ဝဏ္ဏသိဂီ ---- ၁၀၀၀၀ဝိ

(၂၇) ဦးနော်ဖေ+ဒေါ်မြမေ (စတုသစ္စဒီပနီကျောင်းဒကာ) မိသားစု ---- ၁၀၀၀၀ဝိ

(၂၈) ဦးလှထွန်း+ဒေါ်ရွှေမြ မိသားစု၊ ဘုန်းပွင့်ရွာ၊ ရွှေဘိုမြို့နယ် ---- ၁၀၀၀၀ဝိ

(၂၉) ဦးမောင်မောင်+ဒေါ်နုနုအေး မိသားစု၊ မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၃၀) ဦးအောင်နိုင်+ဒေါ်တင်တင်မြ မိသားစု၊ မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၃၁) ဦးတူးမောင် အားရည်စူး၍ ဒေါ်မြအေး မိသားစု၊ မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၃၂) ဒေါ်ကုန္ဒစာရီ တူမ မသုစန္ဒာ၊ ဓမ္မသက ---- ၁၀၀၀၀ဝိ

(၃၃) ဦးအောင်မင်း+ဒေါ်စက်မေ ကျွန်းဖိုပင်ရွာ၊ ဆားလင်းကြီးမြို့နယ် ---- ၁၀၀၀၀ဝိ

(၃၄) ဒေါ်ဇသုဝတီအား အမှူးထား၍ ဒေါ်သီလစာရီ၊ ဒေါ်ပညာဝတီ နှင့်
တပည့်များ၊ သီလဝတီ စာသင်တိုက်၊ မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၃၅) ဒေါ်အဂ္ဂစာရီ၊ တူမ မဝိမလ၊ အောင်ဆုပန်ချောင်၊ စစ်ကိုင်း ---- ၁၀၀၀၀ဝိ

(၃၆) ဒေါ်ဥပ္ပလ (ဓမ္မသက၊ မုံရွာ) ---- ၁၀၀၀၀ဝိ

(၃၇) ဒေါ်ဓမ္မစာရီ၊ ဒေါ်ရူပစန္ဒီ၊ (မုံရွာ)၊ ဒေါ်ကညဝတီ (ဟားခါး) အားရည်စူး၍
ညီမဒေါ်ထေရီမာ သာသနာ့ရောင်ခြည် မြတ်ပါရမီ စာသင်တိုက်၊ မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၃၈) မိခင်ကြီး ဒေါ်သန်းကြည်အား အမှူးထား၍ ဒေါ်အဂ္ဂဝတီ၊ မဝဏ္ဏမဉ္ဇူ
မဂုဏဝတီ၊ မဟာမဏိမဉ္ဇူ သီလရှင်စာသင်တိုက်၊ ရတနာပုံရပ်၊ မုံရွာမြို့ ---- ၁၀၀၀၀ဝိ

(၃၉) သီရိဇေယျာရွာ အမေကြီးဒေါ်လှတော်အမှူးထား၍ ဒေါ်ခေမာစာရီ ---- ၅၀၀၀ဝိ

(၄၀) မနိက္ခမစာရီ၊ သဒ္ဓမ္မဟိတကာရီကျောင်း၊ ရန်ကုန် ---- ၅၀၀၀ဝိ

(၄၁) ဒေါ်စန္ဒစာရီ (နာယက) ဓမ္မသက ---- ၅၀၀၀ဝိ

| | | | |
|---|---|---|---|
| (၄၂) | ဒေါ်ဝိမလ၊ ဒေါ်သေုစန္ဒာ နှင့် ညီမများ | ---- | ၅၀၀၀၀ိ |
| (၄၃) | ဒေါ်ပုဏ္ဏမိ၊ ဒေါ်ရူပစန္ဒီနှင့် တူမများ | ---- | ၅၀၀၀၀ိ |
| (၄၄) | ဒေါ်ကညဝတီ | ---- | ၅၀၀၀၀ိ |
| (၄၅) | ဒေါ်ဓမ္မသီ | ---- | ၅၀၀၀၀ိ |
| (၄၆) | ဒေါ်ကုန္ဒသိဂီနှင့် ညီမများ | ---- | ၅၀၀၀၀ိ |
| (၄၇) | မတုလသိဂီနှင့် တူမ မသုစိန္တာ | ---- | ၅၀၀၀၀ိ |
| (၄၈) | ဒေါ်ယုစာရီ အမှူးထား၍ ဒေါ်နုသိဂီ၊ တူမ မစန္ဒမာလာ | ---- | ၅၀၀၀၀ိ |
| (၄၉) | ဒေါ်ရူပမာလာနှင့် တူမများ | ---- | ၅၀၀၀၀ိ |
| (၅၀) | မနန္ဒာသီရိ ညီမများ | ---- | ၅၀၀၀၀ိ |
| (၅၁) | ဒေါ်ပုဏ္ဏမိနှင့် တူမများ | ---- | ၅၀၀၀၀ိ |
| (၅၂) | ဒေါ်ယုစန္ဒာ၊ တူမ မဉာဏစာရီ | ---- | ၅၀၀၀၀ိ |
| (၅၃) | ဒေါ်ရူပနန္ဒီ | ---- | ၅၀၀၀၀ိ |
| (၅၄) | ဒေါ်ဝိလာသီ၊ တူမ မသိဂီစန္ဒာ | ---- | ၅၀၀၀၀ိ |
| (၅၅) | ဒေါ်ရူပထေရီ နှင့် ညီမများ | ---- | ၅၀၀၀၀ိ |
| (၅၆) | ဒေါ်စန္ဒဝတီအားရည်စူး၍ ဒေါ်ယုဇနသိဂီ၊ မနန္ဒမဥ္ဇူ | ---- | ၅၀၀၀၀ိ |
| (၅၇) | ဒေါ်မေဓာဝီ | ---- | ၅၀၀၀၀ိ |
| (၅၈) | ဒေါ်ကေသာရီ၊ သရောင်း | ---- | ၅၀၀၀၀ိ |
| (၅၉) | ဒေါ်ဝိဇ္ဇေသီ ၊ ဇေယျသိဂီချောင်၊ စစ်ကိုင်း | ---- | ၅၀၀၀၀ိ |
| (၆၀) | ဒေါ်ဥမ္မာသီ | ---- | ၅၀၀၀၀ိ |
| (၆၁) | ဒေါ်ဇေယျဉာဏီ၊ ဇေယျသီရိချောင် | ---- | ၅၀၀၀၀ိ |
| (၆၂) | မကညဝတီ၊ မဥတ္တရာ | ---- | ၅၀၀၀၀ိ |
| (၆၃) | မကုဏ္ဍလ၊ မပညာသီရိ၊ မနိက္ခိမစာရီ | ---- | ၅၀၀၀၀ိ |
| (၆၄) | မကေသီစန္ဒာ၊ မထေရီစန္ဒာ၊ မဝိစန္ဒာ | ---- | ၅၀၀၀၀ိ |
| (၆၅) | မပညာထေရီ၊ မကုလမဏိ | ---- | ၅၀၀၀၀ိ |
| (၆၆) | ဒေါ်ယုစာရီ၊ တူမ မနုကေသီ၊ မနုဝါသီ ၊မဒေဝီ | ---- | ၅၀၀၀၀ိ |
| (၆၇) | ဒေါ်မာလာသိဂီ၊ မနန္ဒသီလာ၊ မဇေယျဝတီ၊ မခေမာနန္ဒီ | ---- | ၅၀၀၀၀ိ |
| (၆၈) | ဒေါ်ကေတုဝတီ (မဟာဂန္ဓဝါစက) ဂူနီချောင်၊ စစ်ကိုင်းမြို့ | ---- | ၅၀၀၀၀ိ |
| (၆၉) | ဒေါ်စန္ဒာထေရီ၊ မတေဇာဉာဏီ၊ တူမ မသဥ္ဇာရီ | ---- | ၆၀၀၀၀ိ |
| (၇၀) | ဒေါ်နန်းအေး သမီး မတင်ရှို | ---- | ၅၀၀၀၀ိ |
| (၇၁) | မကုန္ဒမာလာ၊ မအေးနန္ဒာ၊ သူရိယရံသီ<br>မဟာမာလာရုံ သီလရှင်စာသင်တိုက်၊ အင်းရွာသစ် | ---- | ၅၀၀၀၀ိ |
| (၇၂) | ဒေါ်စန္ဒသိဂီ ၊ ဇမ္ဗူသိဒ္ဓိချောင်၊ စစ်ကိုင်းမြို့ | ---- | ၅၀၀၀၀ိ |
| (၇၃) | ဒေါ်နန္ဒာရီ၊ ဒေါ်သုနန္ဒာနှင့် တပည့်များ | ---- | ၅၀၀၀၀ိ |
| (၇၄) | မကုမ္ဗာရီ၊ မခေမာသိဂီ၊ မအညေသီ | ---- | ၅၀၀၀၀ိ |
| (၇၅) | ဒေါ်ပညေသီ နှင့် ညီမများ | ---- | ၄၀၀၀၀ိ |

(၇၆) မိဘနှစ်ပါးအားအမျှထား၍ မစိတ္တက၊ မန္တလေး ---- ၃၀၀၀၀
(၇၇) မိဘနှစ်ပါးအား အမျှထား၍ မသမ္ပဝတီ(မြဝတီ) မန္တလေး ---- ၃၀၀၀၀
(၇၈) ဒေါ်ထေရီ၊ တူမ မစန္ဒာသီရိ ---- ၂၀၀၀၀
(၇၉) ဒေါ်သြဘာသီ၊ မဓမ္မစာရီ ---- ၂၀၀၀၀
(၈၀) ဒေါ်စိတ္တဝတီ၊ တူမ မဇဝနညာဏီ ---- ၅၀၀၀၀
(၈၁) ဦးမြဆောင်+ဒေါ်ခင်ဌေး သမီး မယုဝတီ ---- ၂၀၀၀၀
(၈၂) ဦးမောင်ဦး+ဒေါ်စာ သမီး မပညာစာရီ ---- ၅၀၀၀၀
(၈၃) ဦးသိန်းထွန်းဦး မမွန်မွန်ရည် (ဆုနှင့်စွမ်းပဲဆီသန့် နှင့် ကုန်စုံဆိုင်) ---- ၅၀၀၀၀
(၈၄) ဒေါ်ဓမ္မဝတီ ---- ၁၀၀၀၀
(၈၅) မဧသန္တာ၊ ရန်ကုန် ---- ၅၀၀၀၀
(၈၆) ဦးလေးမောင်+ဒေါ်ခင်ကြည်၊ သမီး ဒေါ်ဇဝနညာဏီ ---- ၅၀၀၀၀
(၈၇) ဒေါ်မြကြင် (ဆန်းသစ်စားသောက်ဆိုင်)မိသားစု အားကာတိုက်တန်း ---- ၅၀၀၀၀
(၈၈) ဆရာကြီးဒေါ်ပုဏ္ဏမိ (ဓေယျသီဂီချောင်) စစ်ကိုင်း ---- ၂၀၀၀၀
(၈၉) ဒေါ်ခေမာဝတီ (ဓမ္မသက) မုံရွာ ---- ၅၀၀၀၀
(၉၀) ဦးမြင့်ဆွေ+ဒေါ်ခင်နွဲ့ရီ (မုံရွာပညာရေးကောလိပ်)
သမီး နန်းမြစုဟန် သား မောင်ငြိမ်းချမ်းလှိုင် ဒေါနခြံရပ် မုံရွာမြို့ ---- ၅၀၀၀၀
(၉၁) ဒေါ်ပညာသီရိ (ကျွန်းဖိုပင်ရွာ) ---- ၅၀၀၀၀
(၉၂) မပိယဝတီ၊ မဥဂ္ဂဝတီ (ဓေယျသီဂီချောင် စစ်ကိုင်း) ---- ၃၀၀၀၀
(၉၃) ဒေါ်ဧသုစာရီ (ကင်းရွာ) ---- ၁၀၀၀၀
(၉၄) ဦးတင်လှိုင် (သမီး) ဒေါ်ဝင်း - ဘုရားကြီးရပ် - မုံရွာ --- ၁၀၀၀၀၀



## တရားပွဲ ဓမ္မဒါန ကုသိုလ်ရှင်



၁။ ၁၃၇၂ ခု တပို့တွဲလဆန်း (၇)ရက်၊ ဦးပေါဆယ်+ဒေါ်သန်းရွှေ လမင်းမုန့်တိုက် မိသားစု ဒေါနခြံရပ် မုံရွာမြို့

၂။ တပို့တွဲလဆန်း (၈)ရက် ဦးရင်မောင်+ဒေါ်ဒေါ်ပုံ သမီး ဒေါ်တိက္ခဝတီ၊ မခင်လှ-မနန်းထွေးစိုး (ရွှမ်းအိုးစည်တိုက်) မိသားစု ရုံးကြီးရပ် မုံရွာမြို့။

## ဆွမ်းကုသိုလ်ရှင်



တပို့တွဲလဆန်း (၉) ရက်
ဦးမောင်မောင်+ ဒေါ်နုနုအေး သမီးသရဖီမောင်၊ သိမ့်နဒီမောင်၊ နေခြည်ရွှန်းလဲ့မောင် မိသားစု မြဝတီရပ်၊ သစ္စာလမ်း မုံရွာမြို့။

## အချိုပွဲကုသိုလ်ရှင်

တပို့တွဲလဆန်း (၉)ရက်
မိခင်ကြီး ဒေါ်ကြည်အား အမှူးထား၍ ဒေါ်သုမာလာ၊ တူမများနှင့် ဦးစိန်ရ+ ဒေါ်ကြည်စိန် မိသားစု၊ ဘုန်းစိုးရပ်၊ မုံရွာမြို့။

## လှူဘက် အကြော်စုံ ကုသိုလ်ရှင်

ဦးသန်းထွန်း+ဒေါ်သန်းနု (ရာဇာလက်ဖက်) မိသားစု မုံရွာမြို့။

## ကျောက်စာ ကုသိုလ်ရှင်

ဒေါ်ဉာဏဝတီ၊ တူမ မယုမာလာ၊ မကလျာဏဉာဏီ၊ ဓမ္မသကစာသင်တိုက်၊ မုံရွာမြို့။

## ဓမ္မသက သီလရှင် စာသင်တိုက်

### ၁၃၆၁-ခုနှစ်မှ ၁၃၇၂-ခုနှစ်ထိ ပရိယတ္တိပူဇာ ငွေပဒေသာပင် အလှူရှင်များ

#### အလှူရှင်အမည်

| | | | |
|---|---|---|---|
| ၁။ | မြစကြာဆရာတော် ဘဒ္ဒန္တ လက္ခဏ၊ ခန့်ဝင်းတောရ၊ ရန်ကင်းတောင် | ---- | ၃၅,၀၀၀ |
| | မြစကြာဆရာတော် ဘဒ္ဒန္တ လက္ခဏ၊ ခန့်ဝင်းတောရ၊ ရန်ကင်းတောင် (ဒုတိယအကြိမ်) | ---- | ၁၀၀,၀၀၀ |
| ၂။ | ဦးကေသဝ၊ တက်နေရောင်ကျောင်း၊ မဟာလယ်တီ | ---- | ၅၀,၀၀၀ |
| ၃။ | ဦးလာဘ (ခ) ဦးဇင်ဝင်း၊ မဟာလယ်တီ | ---- | ၁၀,၀၀၀ |
| ၄။ | ဆရာကြီး ဒေါ်ဓမ္မထေရီနှင့် ဒေါ်တိက္ခဝတီ | ---- | ၁၀၀,၀၀၀ |

| | | | |
|---|---|---|---|
| ၅။ | ဒေါက်တာ အောင်မင်း+ ဒေါက်တာခင်စုမာ (မီးယပ်နှင့် သားဖွားအထူးကု) | | |
| | သား-ဒေါက်တာအောင်မျိုးဦး | ---- | ၅၀၀,၀၀၀ |
| ၆။ | ဦးမောင်မောင်ဦး+ဒေါက်တာကြည်ကြည်မာ (သမီး) ဒေါက်တာစုလှိုင်ဝင်း | | |
| | မသဲစုဝင်း (အေးမြချမ်းသာဆေးကုခန်း) | ---- | ၄၀၀,၀၀၀ |
| ၇။ | ဦးသီလ+ ဒေါ်ခင်သန်းနှင်း (သား)လှိုင်ဖြိုးသာ | | |
| | (သမီး) မေမြသာ၊ ရုံးကြီးရပ် | ---- | ၃၀၀,၀၀၀ |
| ၈။ | ဦးထွန်းမြင့်အောင်+ ဒေါ်ခင်အေး မိသားစု | | |
| | ''မေတ္တာမွန်'' အကူသူနာပြုနှင့် ဆေးဝါးကျွမ်းကျင်သင်တန်း | ---- | ၂၁၀,၀၀၀ |
| ၉။ | ဦးရင်မောင်+ ဒေါ်ဒေါ်ပုံ(သမီး) ဒေါ်ခင်လှနှင့် | | |
| | မောင် ညီမများ (ရွှမ်အိုးစည်တိုက်)ရုံးကြီးရပ် | ---- | ၁၁၅,၀၀၀ |
| ၁၀။ | ဦးစိုင်းသီဟ+ဒေါက်တာဖြူဖြူခိုင် (မေ့ဆေးဆရာဝန်ကြီး) သမီးနန်းယုဝတီ | ---- | ၁၀၀,၀၀၀ |
| ၁၁။ | ဦးသန်းဌေး+ဒေါ်ယဉ်နွဲ့ မိသားစု | ---- | ၅၅,၀၀၀ |
| ၁၂။ | (သမားတော်ကြီး)ဒေါက်တာ ဦးနုစော+ဒေါ်မြင့်မြင့်သိန်း | ---- | ၃၀,၀၀၀ |
| ၁၃။ | သားငယ် နိုင်မင်းထွန်း အားရည်စူး၍ | ---- | ၃၀၀၀၀ |
| | မိခင်ကြီး ဒေါ်မြကြင်နှင့်သာများ (ဆန်းသစ်စားသောက်ဆိုင်) | | |
| ၁၄။ | ဒေါ်ဉာဏဝတီ (နာယက) နှင့် တူမများ | ---- | ၃၀၀၀၀ |
| ၁၅။ | ဒေါ်ဧစာရီ (နာယက) | ---- | ၁၀၀,၀၀၀ |
| ၁၆။ | ဒေါ်ဓမ္မသီရိ (၅၀-နှစ်ပြည့်မွေးနေ့) | ---- | ၃၀၀၀၀ |
| ၁၇။ | ဒေါ်လာဘဝတီ (ဟုမ္မလင်း နားနုံး) | ---- | ၃၀၀၀၀ |
| ၁၈။ | ဒေါ်သုမာလာနှင့် တူမများ | ---- | ၂၅၀၀၀ |
| ၁၉။ | မလဲ့ရည်စိုးထွန်း (မွေးနေ့ကုသိုလ်) ဆူးလေကုန်းရပ် | ---- | ၂၀၀၀၀ |
| ၂၀။ | ဦးမျိုးဝင်း+ဒေါ်ခင်ဌေးလွင် (ချောက်မြို့) | ---- | ၃၀၀၀၀ |
| ၂၁။ | ဦးချစ်အေး+ဒေါ်ခင်မြင့် မိသားစု (မင်းကင်း) | ---- | ၁၅၀၀၀ |
| ၂၂။ | ဆရာမကြီးဒေါ်သိန်းသိန်း (ကျောက်ဆည်) | ---- | ၁၅၀၀၀ |
| ၂၃။ | ဒေါ်စန္ဒဝတီ နှင့် တူမများ | ---- | ၁၀၀၀၀ |
| ၂၄။ | ဒေါ်မီရဉာဏ (သဒ္ဓမ္မဇောတိကဓဇ)ရေစကြိုမြို့ | ---- | ၁၀၀၀၀ |
| ၂၅။ | ဒေါ်စိတ္တဝတီ၊ တူမ - မဇဝနဉာဏီ | ---- | ၁၀၀၀၀ |
| ၂၆။ | ဒေါ်ခေမာစာရီ | ---- | ၁၀၀၀၀ |
| ၂၇။ | ဒေါ်စန္ဒစာရီနှင့် တူမများ | ---- | ၁၀၀၀၀ |
| ၂၈။ | ဒေါ်ဣန္ဒဝတီ | ---- | ၁၀၀၀၀ |
| ၂၉။ | ဒေါ်ဝိလာသီ | ---- | ၁၀၀၀၀ |
| ၃၀။ | ဒေါ်ဉာဏသီရိ | ---- | ၁၀၀၀၀ |
| ၃၁။ | ဒေါ်ကေသာရီ | ---- | ၁၀၀၀၀ |
| ၃၂။ | ဒေါ်စန်းမြင့်၊ (နောင်ဆန်းကြင်) | ---- | ၁၀၀၀၀ |
| ၃၃။ | ဦးစန်းဦး+ဒေါ်သန်းညို | ---- | ၁၀၀၀၀ |

| | | | |
|---|---|---|---|
| ၃၄။ | မနန်းထွေးစိုး (ရွှမ်းအိုးစည်တိုက်) | ---- | ၁၀၀၀၀ |
| ၃၅။ | ဒေါ်ဖြူ အားအမှူးထား၍ မစိုးစိုး (ဒဂုံ/မ) ရန်ကုန်မြို့ | ---- | ၁၀၀၀၀ |
| ၃၆။ | ဒေါ်သန်းကြည်၊ ဓမ္မသက | ---- | ၁၀၀၀၀ |
| ၃၇။ | ဦးတိုးရှိန် (သမီး) ဒေါ်အေးပိုင်၊ သီရိဇေယျာရွာ | ---- | ၁၀၀၀၀ |
| ၃၈။ | ဦးဒေဝမ်းဖြိုး+ဒေါ်စန်းမြင့်၊ ချောက်မြို့ | ---- | ၁၀၀၀၀ |
| ၃၉။ | မောင်စိုင်းခန့်သော် (ဆေးသက္ကသိုလ် ဒုတိယနှစ်) | ---- | ၁၀၀၀၀ |
| ၄၀။ | ကိုကျော်ဇင်ဦး+မထွေးထိုက်ထိုက်အောင် (ဓာယကရုံး) | ---- | ၁၀၀၀၀ |
| ၄၁။ | ဦးကျော်နိုင်+ ဒေါ်တင်တင်မြ (ခ) မပေါက် | ---- | ၁၀၀၀၀ |
| ၄၂။ | ဒေါ်ပြုံးရီ (သမီး) မချယ်ရီဘို | ---- | ၅၀၀၀ |
| ၄၃။ | ကိုသူရ+ မဖြိုးဖြိုး (၁၀၃–သစ်စက်) | ---- | ၅၀၀၀ |
| ၄၄။ | ကိုမောင်ငယ်+မဝင်းမာထွန်း ရုံးကြီးရပ် | ---- | ၅၀၀၀ |
| ၄၅။ | ကိုရည်မွန်+မမြရီ | ---- | ၅၀၀၀ |
| ၄၆။ | ဒေါ်စောနု (စောသီရိကျောင်းအမကြီး) | ---- | ၅၀၀၀ |
| ၄၇။ | ဦးစိုးအောင်+ဒေါ်ခင်မြင့်ရီ | ---- | ၅၀၀၀ |
| ၄၈။ | ဦးကျော်ဝင်း+ဒေါ်ရင်မြ | ---- | ၅၀၀၀ |
| ၄၉။ | ကိုမောင်မောင်လွင်+မခင်ဝင်းသိန်း | ---- | ၃၀၀၀ |
| ၅၀။ | ဦးတာ+ဒေါ်မြင့်မြင့်သီ [ပါမောက္ခ-ဌာနမှူး (ပထဝီဝင်ဌာန)] | ---- | ၃၀၀၀၀ |
| ၅၁။ | ဒေါ်ရူပသိဂီ | --- | ၁၀၀၀၀ |
| ၅၂။ | ဦးတင်လေး+ဒေါ်ကြည် - ညီမဒေါ်အေး - ဆူးလေကုန်းရပ် | --- | ၁၀၀၀၀ |
| ၅၃။ | ဒေါ်တင်မြအမှူးထား၍ဒေါ်ငြိမ်းရင်မိသားစု - ဒေါနခြံရပ် | --- | ၁၀၀၀၀ |
| ၅၄။ | ဒေါ်ခင်ထွေးအားရည်စူး၍ မယဉ်သိန်း - ဟုမ္မလင်းမြို့ | --- | ၁၀၀၀၀ |

------------------

၁၃၇၂-ခုနှစ် ပထမဝါဆိုလကွယ်နေ့

၂၀၁၀-ခုနှစ် ဇူလိုင်လ ၁၁-ရက်အထိ ရရှိသော စာရင်းဖြစ်ပါသည်။






Design - Aung Gyi